

TIN MAUNG OO A FORGOTTEN HERO OF ASIA by AUNG HTOO
TIN MAUNG OO
A FORGOTTEN
HERO OF ASIA
by AUNG HTOO
CHINA
INDIA
BURMA
THAILAND

"As Burma's struggle for democracy continues, this book is a timely reminder of a forgotten hero in this struggle. Tin Maung Oo was a student who was executed simply for standing up and demanding freedom for his people. His courage is an inspiration."

*The Right Honorable Gordon Brown, MP*
*Former British Prime Minster of the United Kingdom*

"Prisoners of conscience should not be prisoners at all. In the name of justice, we demand their release."

*A dedication to the noble sacrifice of Salai Tin Maung Oo and political prisoners in Burma from Kraisak Choonhavan, Deputy chair of the ASEAN Inter-Parliamentary Caucus (AIPMC)*

"This is a new and different kind of book that Aung Htoo has written. Yes, it is a biography of a genuine hero of Burma who, I am sure, is all but unknown in his homeland today and positively unknown to serious readers around the world. Readers will learn what justice, freedom and love meant to Tin Maung Oo and may be, just may be will begin to question why he sacrificed his life to get them to think."

*Joseph Silverstein, Expert in History of Burma*
*Professor Emeritus, Political Science*
*Rutgers University, U.S.A.*

"Through the recounting of small, everyday moments of goodness, Aung Htoo poignantly captures the deep courage and dignity of his friend and fellow student activist, Tin Maung Oo, who was brutally executed for his activism thirty-five years ago. This young man's love for his family and country eloquently speaks to all the countless young Burmese men and women who sacrificed their lives for justice and freedom."

*David Kramer*
*Former Assistant Secretary of State, U.S.A.*
*Executive Director of Freedom House*

# ဆလိုင်းကိုတင်မောင်ဦး

# မေ့လျော့နေခဲ့သော အာရှတိုက်၏သူရဲကောင်း

အောင်ထူး
ရေးသားပြုစုသည်။

၂၀၁၁ ခုနှစ် ဇွန်လ (၂၀) ရက်

# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် ဆလိုင်း ကိုတင်မောင်ဦး၏ ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများနှင့် ရဲဘော်ရဲဘက်များက ၎င်းတို့ ကိုယ်တိုင် တွေ့ကြုံဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကိုသော် လည်းကောင်း၊ ဆလိုင်း ကိုတင်မောင်ဦးနှင့် ပတ်သက်သော ဖြစ်ရပ်များ ကိုသော် လည်းကောင်း ရှင်းလင်းပြတ်သားစွာ ပြန်ပြောင်းပြောပြ ခဲ့သည့်အပေါ် ကျေးဇူးဥပကာရ တင်ရှိပါသည်။ ၎င်းတို့ တစ်ဦးချင်းစီသည် ဆလိုင်း ကိုတင်မောင်ဦး၏ ဘဝဇာတ်ကြောင်း ရှုထောင့်အမျိုးမျိုးကို မီးမောင်းထိုးပြခဲ့ကြသည်။ ထို့အတူပင် ဦးအောင်စောဦး၊ ဆလိုင်း ကစ်ခိုလျှံ၊ ဦးထွန်းအောင်ကျော်၊ ဦးဇော်ဝင်း၊ ဒေါက်တာ ဇလေ့ထန်း၊ ဦးမောင်မောင်တိတ်၊ ဦးဆန်နီအောင်သန်းဦးနှင့် ဦးကျော်စွာ တို့ကို ကျွန်ုပ်တို့က လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်အတွက် လှပသေသပ်သော မျက်နှာဖုံးဒီဇိုင်း ရေးဆွဲပေးခဲ့သည့် ဦးမင်းကျော်ခိုင် ကိုလည်းကောင်း၊ စာမူ တည်းဖြတ်သူ Dr. Darlene D. Collins နှင့် Ray A. Collins တို့ကို လည်းကောင်း ကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် ဤစာအုပ် ဖြစ်မြောက်ရေးအတွက် နှလုံးသားဖြင့် နေ့ရောညပါ မနားမနေ ရေးသားပြုစုပေးခဲ့သော ဦးအောင်ထူး ကို ကျွန်ုပ်တို့က လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဆလိုင်း ကိုတင်မောင်ဦး မိသားစု (ကနေဒါ နိုင်ငံ)**

# မူပိုင်ခွင့်

ဤစာအုပ်၏ မူပိုင်ခွင့်ကို ဆလိုင်းကိုတင်မောင်ဦး၏ မိသားစုများအားလုံးကိုယ်စား ၄င်း၏ ညီမ ဖြစ်သူ မလှမြိုင် (ခ) မိုင်ပိုပိုက ရယူထားပါသည်။ မြန်မာနိုင်ငံအတွင်း၌ ယနေ့ တိုင်တည်ရှိ ကျင့်သုံး လျှက်ရှိသော စစ် အာဏာရှင်စနစ်အား တိုက်ဖျက်နိုင်ရေးအတွက် **"ဆလိုင်းကိုတင်မောင်ဦး၊ မေ့ လျော့နေခဲ့ သော အာရှတိုက်၏ သူရဲကောင်း"** စာအုပ်၏ ဤမြန်မာ ဘာသာ စာမူတခုလုံးကို အင်တာနက်မှနေ၍ လိုအပ်သလို ဖြန့် ဝေရန်ခွင့်ပြုပါသည်။ ပြည်သူတို့ အနေဖြင့် အထူးသဖြင့် ပြည်တွင်းရှိ လူငယ်များ အနေဖြင့် ကျယ်ကျယ်ပြန့် ပြန့် လေ့လာခွင့် ရလေလေ တရားမျှတမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု တိုက်ပွဲအတွက် အကျိုးရှိလေလေ ဟု ခံယူသောကြောင့် ဖြစ် ပါသည်။ သို့ ရာတွင် စာအုပ်တအုပ်လုံးအား ပုံနှိပ်လိုသည်ဖြစ်စေ၊ စာအုပ်ထဲမှ အစိပ်အပိုင်းတခုခုအား ထုတ်ယူပြီး အခြားတနေရာရာတွင် သုံးစွဲလိုသည်ဖြစ်စေ မိမိထံမှ ခွင့်ပြုချက်တောင်းယူရန် ပန်ကြားပါသည်။

**ဒေါ်လှမြိုင် (ခ) မိုင်ပိုပို**


၉၇၈–၀–၉၈၆၉၂၄၀–၁–၉

## မျက်နှာဖုံး နှင့် နောက်ကြောဖုံး

အင်တာနက်တွင် တင်သွင်းဖြန့် ချီသော ဤစာမူ၏ မျက်နှာဖုံးမှာ ဦးအောင်ထူး အင်္ဂလိပ်ဘာသာ ဖြင့် ပြုစုသော "Tin Maung Oo: A Forgotten Hero of Asia" ၏ မူရင်းမျက်နှာဖုံးဖြစ်ပါသည်။ ထိုနည်းတူ ဤစာအုပ်နှင့် စပ်လျှဉ်း၍ ဗြိတိသျှ ဝန်ကြီးချုပ်ဟောင်း ဂိုဒန် ဘရောင်း၊ ASEAN Inter-Parliamentary Caucas (AIPMC) ၏ ဒု ဥက္ကဋ္ဌ Kraisak Choonhaven၊ သမိုင်းပညာရှင် ပါမောက္ခ ဂျိုးဇက် ဆေးလ်ဗား စတိုင်း နှင့် အမေရိကန် ပြည်ထောင်စုမှ David Kramer (Former Assistant Secretary of State and Executive Director of Freedom House)တို့ ၏သဘောထားမှတ်ချက်များ ဖေါ်ပြထားခဲ့သည့် နောက်ကြောဖုံးမှာလည်း အဆိုပါ စာအုပ်မှပင် ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်မှ ဆရာကြီး ဦးဝင်းတင်၏ သဘောထားမှတ်ချက်ကိုမူ အထူးအသားပေး၍ ၄င်း၏ မူရင်းရေးသားထားချက် အတိုင်း အင်္ဂလိပ်ဘာသာဖြင့်ပင် စာအုပ်၏ ရှေ့ ဆုံးနေရာတွင် ဖေါ်ပြထားပါသည်။

**ထုတ်ဝေသူ**



Forgotten Political Prisoners of Burma's Gulag Archipelagos

About 35 years ago, a hero of Burma, a hero of Asia, Salai Tin Maung Oo, was murdered in Insein Jail, the most notorious prison in the whole world. Salai Tin Maung Oo was a university student of the Chin nationality, a great lover of humanity, freedom, justice and peace. As a student leader, he was at logger's head with the military rulers. He led many student demonstrations. At long last, he was arrested and sentenced to death. Then he was sent to the gallows. He is the very first student leader to be hanged during the time of Ne Win's military dictatorship.

He was dead. Unsung. Activists used to say Salai Tin Maung Oo had done a great service to the cause of liberty and democracy. He is a hero. But he is a forgotten hero of Burma. This was not true when I was put behind bars. When I was put behind bars, already two decades had gone since Salai Tin Maung Oo was hanged. Nevertheless, the legend of Salai Tin Maung Oo was the talk of the prison. He was still a legendary hero among us political prisoners. His name, his strifes, his struggles, his sacrifices are lavishly talked about among us.

Nowadays, thanks to the thorough and investigative research and lovingly care-intensive prose by the author, U Aung Htoo, Salai Tin Maung Oo is no more a forgotten hero. His life and struggles are unveiled to the people of Burma, Asia, and the world over. He now becomes an icon of all the political prisoners in Burma.

While one of the most submerged and unknown figures in Burmese history is unveiled for the first time, there still are more than two thousand political prisoners languishing in various dirty, unhealthy and narrow cells in the gulags, which are widely scattered over Burma. All those political prisoners are serving terms ranging over 100 years to over 30, 40, 50, 60 years, and so forth. Some of those political prisoners' names crop up sometimes in the overseas media. The media reports just mention their names, not their living conditions. Hence, they virtually are forgotten prisoners anyhow.

Over two thousand political prisoners are here in Burma now. There are many kinds of demands for their release; political resolutions, appeals, requests, prayers, etc. to no avail. Recently the so-called civilian government, headed by Thein Sein, formerly a general and prime minister of the military junta, decreed an amnesty order reducing one year for every prisoner. It is a big political joke. A great shame for the country. A huge insult on top of injury. The whole world has cursed the half-military government in diplomacy-coated language. The shameless government remains unperturbed, looking foolish to the whole wide world.

There are over two thousand forgotten political prisoners waiting in the gulags of Burma. Where are authors, writers, poets like Aung Htoo? Authors wanted; writers wanted; poets wanted for each and every forgotten political prisoner of Burma. You are highly welcomed. Come ye all.

For the moment, Aung Htoo is more than good enough. He has done his best.

~U Win Tin
National League for Democracy

## မြန်မာနိုင်ငံရှိ မေ့ပျောက်နေပြီးဖြစ်သော သူရဲကောင်းတစ်ဦးအကြောင်း စူးစမ်းလေ့လာခြင်း

## ဆလိုင်းကိုတင်မောင်ဦး အကြောင်း နိဒါန်း

၂၀၁၀ခုနှစ်နိုဝင်ဘာလ (၁၃)ရက်နေ့တွင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှလွတ်မြောက် လာသောအခါ မြန်မာနိုင်ငံ အတွင်းရှိ ပြည်သူလူထု၏ စိတ်အားထက်သန်မှုများ တိုးပွားလာရုံ သာမက နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံအပေါ် ဆထက်ထမ်းပိုးတိုး၍ အာရုံထားလာခဲ့ကြသည်။ ဘီဘီစီ၊ ဒီဗွီဘီ၊ ဗီအိုအေနှင့် အာအက်(ဖ်)အေ မြန်မာရေဒီယို အသံလွှင့်ဌာနများအားလုံးက ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာသည့် သတင်းကိုအဆက်မပြတ် ထုတ်လွှင့် ခဲ့ကြသည်။ လုပ တင့်တယ်သော ဒေါ်အောင်ဆန်းစုကြည် ၏ ဓါတ်ပုံများပါရှိသည့် သတင်းစာစောင်များ ၏ ရောင်းအား တဟုန်ထိုးတိုးတက်ခဲ့ပြီး ဒီဗွီဘီ ရုပ်မြင်သံကြားကို ဖမ်းယူကြည့်ရှုနိုင်သော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရင်သပ်ရှုမောဖွယ်ရာ သတင်းပုံရိပ်များကို ကြည့်ရှုခံစားနိုင်ခဲ့ကြသည်။ အလားတူပင် ကမ္ဘာအနှံ့အပြားရှိ သန်းပေါင်းများစွာသော လူထုကြီးသည်လည်း ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်မှု သတင်းများကို နိုင်ငံတကာ သတင်းဌာနများမှတဆင့်ကြည့်ရှုနိုင်ခဲ့ကြသည်။ အထူးသဖြင့် ဘီဘီစီ သတင်းဌာနက အဆိုပါသတင်းကို ရုပ်မြင်သံကြားမှနေ၍ (၃)ရက်ဆက်တိုက် ထုတ်လွှင့်ပြသပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အနစ်နာခံ ကိုယ်ကျိုးစွန့်မှုများနှင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သော လုပ်ရပ်များတို့ကို မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုသာမက နိုင်ငံတကာ အသိုင်းအဝိုင်းကပါ အသိအမှတ်ပြုခဲ့ကြသည်။ အမွှမ်းတင်ခဲ့ကြသည်။ ဤသည်တို့မှာ မင်္ဂလာကြက်သရေအပေါင်းနှင့် ပြည့်စုံလှပေသည်။

ကနေဒါနိုင်ငံရောက် မြန်မာနိုင်ငံသား မိသားစုတစ်စုသည် အဆိုပါ နေ့ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၏ သတင်းကို ဘီဘီစီ ရုပ်မြင်သံကြားမှတဆင့် တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်ရှုနားဆင် နေခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုကြောင့် ပျော်ရွှင်ဝမ်းမြောက်နေကြသူပေါင်း အသင်္ချေထဲတွင် အဆိုပါ မိသားစုဝင်များလဲ ပါဝင်ခဲ့သည်။ ကောင်းချီး ဩဘာပေးနေကြသည့် ထောင်ပေါင်းများစွာသော လူအုပ်ကြီး၏ အကြား၌ ပြုံးရွှင်နေသူ ဒေါ်အောင်ဆန်းစုကြည်၏ ပုံရိပ်များကို ကြည့်ရင်းက အဆိုပါမိသားစုဝင်များသည် ဆုံးပါးသွားပြီဖြစ်သော သားတော်မောင်ဖြစ်သူ၊ အစ်ကိုကြီးဖြစ်သူ ဆလိုင်းတင်မောင်ဦးကို အမှတ်ရလာခဲ့ကြသည်။ လွယ်လွယ်နှင့်အညံ့ခံအရှုံးမပေးတတ်သူ၊ တည်ကြည်ခန့်ညား၍ သိက္ခာရှိသူ တင်မောင်ဦး၏ ပုံရိပ်များကို ပြန်လည်မြင်ယောင်လာခဲ့ကြသည်။ တချိန်ကဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ပင် ကိုတင်မောင်ဦးသည် ထောင်ပေါင်းများစွာသော လူထုကြီး၏ရှေ့တွင် မိန့်ခွန်းများ မြွက်ကြားခဲ့သည်။ ပရိတ်သတ်ကြီး၏ သောင်းသောင်းဖျဖျ ဩဘာပေးခြင်းခံခဲ့ရသည်။ အဆိုပါ ဆလိုင်းတင်မောင်ဦး ဆိုသူမှာ မည်သူဖြစ်ပါသနည်း။

ဆလိုင်းတင်မောင်ဦးသည် ၄င်း၏ခေတ်ကာလတွင် အငြင်းပွားဖွယ်မရှိ အသိအမှတ်ပြုခံခဲ့ရသော ကျောင်းသား ခေါင်းဆောင် တစ်ဦး ဖြစ်ခဲ့သည်။ ချင်းမျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်သည်။ ၁၉၇၄ မှ ၁၉၇၆ ခုနှစ် ကာလများတွင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ကျောင်းသားများနှင့်လူထုများ၏ ငြိမ်းချမ်းသော လှုပ်ရှားမှုများကို ရဲစွမ်းသတ္တိအပြည့်ဖြင့် ထိထိရောက်ရောက် ဦး ဆောင်လှုပ်ရှားခဲ့သည်။ သို့ဖြစ်၍ ၁၉၇၆ခုနှစ် ဇွန်လ (၂၆)ရက်နေ့တွင် စစ်အာဏာရှင်တို့က ကိုတင်မောင်ဦး ကို ကြိုးပေး ကွပ်မျက်ခဲ့ကြသည်။ ကျောင်းသားခေါင်းဆောင်တစ်ဦးကို ဤကဲ့သို့ တရားဝင်ကွပ်မျက်ခြင်းမှာ မြန်မာနိုင်ငံသမိုင်းတွင် မကြုံစဖူး ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည်။ ၁၈၂၄ခုနှစ်မှ စတင်ရေတွက်မည်ဆိုလျှင် မြန်မာနိုင်ငံကိုနှစ်ပေါင်း (၁၀၀) ကျော်ကြာ ကိုလိုနီ

ပြုခဲ့သော ဗြိတိသျှခေတ်၌ပင် အဆိုပါကဲ့သို့သော ဖြစ်ရပ် လုံးဝမရှိခဲ့ဖူးချေ။ မြန်မာနိုင်ငံရှိ ကြိုးပေးခံခဲ့ရသူ နိုင်ငံရေးအကျဉ်းသားများထဲတွင် ကိုတင်မောင်ဦးသည် အသက် အငယ်ဆုံး ဖြစ်ခဲ့သည်။ အသက် (၂၅)နှစ်သာ ရှိသေးသည့် အချိန်တွင် ကြိုးပေးကွပ်မျက်ခံခဲ့ရခြင်းဖြစ်သည်။ ဆန္ဒပြပွဲများ၌ လုံထိန်းတပ်ဖွဲ့များက လူအုပ်ကြီးဘက်သို့ ရမ်းသမ်း ပစ်ခတ်ရာမှ သေနတ်ကျည်ဆံ ထိမှန်၍ ကျဆုံး သွားခဲ့ရခြင်း မဟုတ်ချေ။ စစ်အာဏာရှင်များက ၎င်းတို့လက်တွင်း၌ အကြွင်းမဲ့ကျရောက် အောင်စီမံထားသော တရားစီရင်ရေး စနစ်ကို ကိုင်စွဲကာ သေဒဏ်ပေးခဲ့ခြင်းကြောင့် ကျဆုံးသွားခဲ့ခြင်း ဖြစ်သည်။ ကွပ်မျက်ခံရတော့မည့်ဆဲဆဲ တွင် ကြိုးစင်ပေါ်၌ မားမားရပ်၍ “မင်းတို့ ငါ့ ခန္ဓာကိုယ် ကိုသာ သတ်လို့ရမယ်။ ငါ့ရဲ့ ယုံကြည်ချက်နဲ့ ရပ်တည်ချက်တွေကို တော့ ဘယ်တော့မှ သတ်လို့ရမှာ မဟုတ်ဘူး။ မင်းတို့ စစ်ဘိနပ်အောက်မှာ ငါ ဘယ်တော့မှ ဒူးထောက်မှာ မဟုတ်ဘူးကွ။”ဟူ၍ ကိုတင်မောင်ဦးက ဟစ်ကြွေးခဲ့သည်။

ဆလိုင်းတင်မောင်ဦး ကျဆုံးသွားသည်မှာ (၃၅)နှစ် ရှိသွားပြီ ဖြစ်သကဲ့သို့ လူထုအများစုမှာလည်း ဤသူရဲကောင်းကို မေ့ပျောက်လုနီး ဖြစ်နေကြပေသည်။ ယနေ့ခေတ်တွင် ကိုတင်မောင်ဦးအကြောင်းကို လူအနည်းငယ်မျှကသာ ပြောဆိုကြ တော့သည်။ ဤသည်မှာ မကောင်းလှပါ။ မြန်မာနိုင်ငံနှင့် သက်ဆိုင်သော အကြောင်းကိစ္စရပ်များအနက် ကိုတင်မောင်ဦးနှင့် မိသားစုဝင်များ တွေ့ကြုံခံစားခဲ့ရသည်များအပါအဝင် လူထုများထိခိုက်နစ်နာခဲ့ရသည့် အပျက်သဘောဆောင်ခဲ့သည့်အနေအထား တို့ကို အရေးယူဆောင်ရွက်ရန် လိုအပ်ပါသည်။ အကောင်းဘက်သို့ ဦးတည်ပြောင်းလဲရန် လူတိုင်းတွင်တာဝန်ရှိပါသည်။ ယင်းသို့ ကြိုးပမ်းခြင်းမပြုပါက တရားမျှတမှုကို မည်သို့မျှ မည်သည့်အခါတွင်မျှ မရနိုင်ပါ။ ဤသို့ဖြစ်လျှင် လူ့အဖွဲ့အစည်း၏ တန်ဖိုး မေးမှိန်သွားပါမည်။ အသက်ရှင်သန်ရခြင်း၏အနက်အဓိပ္ပါယ် ကင်းမဲ့သွားမည်မှာလည်း မသွေမုချပင်ဖြစ်သည်။ သို့ဖြစ်၍တရားမျှတမှုဆုံးရှုံးခဲ့ ကြရသော လူပုဂ္ဂိုလ်များ၊ မိသားစုများ အနေဖြင့် တစုံတရာသော တရားမျှတမှုရရှိနိုင်ရေးအတွက် အနည်းဆုံးအားဖြင့် ပြစ်မှု ကျူးလွန်ခံရသူများ နှင့်ပတ်သက်၍ မှတ်တမ်းများပြုစုကာ လူသိရှင်ကြား ဖေါ်ထုတ်ခြင်း မှာ နည်းလမ်းတစ်မျိုး ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး၏ စွန့်လွှတ်စွမ်း ဆောင်ခဲ့မှုများ၊ စွဲမြဲခိုင်မာသော သံန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းအားထုတ်တိုက်ပွဲဝင်ခဲ့မှုများ၊ ၎င်း၏ ရှင်းလင်းပြတ်သားသော စဉ်းစားတွေးခေါ်မှု နှင့် ရပ်တည်ချက်များ တို့ကို ဤစာအုပ်တွင် ရေးသားတင်ပြ မှတ်တမ်းတင်သွားမည် ဖြစ်ပါသည်။

၁၉၆၂ခုနှစ် မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက် စစ်အစိုးရသည် အလွန်ကြမ်းကြုတ်သော ပြစ်မှုကြီးတစ်ခုကို ၁၉၆၂ခုနှစ် ဇူလိုင်လတွင် ပထမဆုံးအကြိမ် ကျူးလွန်ခဲ့သည်။ ၎င်းမှာ တက္ကသိုလ်ကျောင်းသားပေါင်း (၂၀၀) ခန့်ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းပင်ဖြစ်သည်။ ကျောင်းသားသမဂ္ဂ အဆောက်အဦး တစ်ခုလုံးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဗုံးဖေါက်ခွဲခဲ့သည်။ ဗုံးကွဲသည့်အချိန်တွင် အဆောက်အဦးအတွင်း၌ တက္ကသိုလ်ကျောင်းသားများ ငြိမ်းချမ်းစွာ ဆန္ဒပြနေခဲ့ကြသည်။ ထိုအချိန်မှ စတင်ကာ လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်နှင့် အသင်းအဖွဲ့များ ဖွဲ့စည်းပိုင်ခွင့် အစရှိသည်တို့ကို တောင်းဆိုသော မြန်မာနိုင်ငံတဝှမ်းရှိ ကျောင်းသားများ နှင့် လူထုများ၏ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများကို ရာဇဝတ်သင့်အောင်ပြုပြီး ရက်စက်စွာ နှိမ်နင်းလာခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆိုပါပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းချမ်းသာခွင့် ရနေသည်မှာ ၁၉၆၂ခုနှစ် ဇူလိုင်လကတည်းကဖြစ်သည် ဟူ၍လည်း ဆိုနိုင်ပေသည်။ ကိုတင်မောင်ဦး အပါ အဝင် မျိုးဆက်သစ်ကျောင်းသားလူငယ်များနှင့် ပြည်သူတို့သည် ဇူလိုင်(၇)ရက်နေ့တွင်ဖြစ်ပွားခဲ့သော လူသတ် အရေးအခင်း ကို ဆက်လက်၍ အမှတ်ရနေကြဆဲဖြစ်သည်။

ကိုတင်မောင်ဦး၏ ခန္ဓာကိုယ်ကို ချုပ်ငြိမ်းအောင် ပြုလုပ်ခြင်းဖြင့် လွတ်လပ်မှု၊ တရားမျှတမှု တို့နှင့် စပ်လျှဉ်း၍ ၎င်း၏ ယုံကြည်ချက်များကို ဖယ်ရှားသုတ်သင်နိုင်လိမ့်မည်ဟု စစ်အာဏာရှင်များက ထင်မှတ်ထားခဲ့ကြသည်။ သို့သော်လည်း လွတ်လပ်၍တရားမျှတပြီး ငြိမ်းချမ်းသည့်လူ့အဖွဲ့အစည်းကိုတည်ဆောက်လိုသော ကိုတင်မောင်ဦး၏ သံန္နိဋ္ဌာန်များသည် ကျောင်းသူကျောင်းသားများနှင့် လူထုထံသို့ ပျံ့နှံ့သွားခဲ့သည်။ ထို့ကြောင့် စစ်အစိုးရက ၎င်း၏ ခန္ဓာကိုယ်ကို သတ်နိုင်ခဲ့သည်မှာ မှန်သော်

လည်း ၄င်း၏ စိတ်ဓာတ်အားမာန်မှာမူကား ဆက်လက်၍ရှင်သန်နေဆဲဖြစ်သည်။ ၁၉၈၈ခုနှစ်ဩဂုတ်လတွင် မြန်မာနိုင်ငံတဝှမ်း၌ ဖြစ်ပွားခဲ့သော ကျောင်းသားများဦးဆောင်သည့် ဆန္ဒပြပွဲများတွင် အဆိုပါ စိတ်ဓာတ်အားမာန်မျိုးကို အထင်အရှား တွေ့မြင်နိုင်သည်။ နောက်ပိုင်းတွင် ဤ ဆန္ဒပြပွဲများသည် '(၈)လေးလုံး လူထုအရေးတော်ပုံ' ဟူ၍ အမည်တွင်လာခဲ့သည်။ အဆိုပါ အရေးတော်ပုံတွင် ကျောင်းသားများနှင့် သာမန် ပြည်သူတို့က လူ့အခွင့်အရေးဆိုင်ရာ တောင်းဆိုချက် များကို တညီ တညွတ်ထဲ ဟစ်ကြွေးခဲ့ကြသည်မှာ မြန်မာ့သမိုင်းတွင်ပထမဦးဆုံးအကြိမ်ဖြစ်ခဲ့သည်။ ဆန္ဒပြသူများကို စစ်တပ်က အကြမ်း ဘက်နှိမ်နင်းခဲ့ခြင်းကြောင့် လူပေါင်း (၃၀၀၀)ကျော် သေကြေခဲ့ရသော်လည်း စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သော ကျောင်း သားလှုပ်ရှားမှုများ၊ လူထုတိုက်ပွဲများကို ဖွဲ့မလျှော့တမ်း ဆက်လက်ပြုလုပ်လာခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

အဆိုပါ ကာလများမှ စတင်ကာ စစ်အစိုးရသည် ပြည်သူလူထုတို့၏ ရသင့်ရထိုက်သော လူ့အခွင့်အရေးများကို ပြင်းထန်ဆိုးရွားစွာ ချိုးဖေါက်လာခဲ့သည်။ အထူးသဖြင့် မြန်မာလူမျိုးမဟုတ်သော တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသ များတွင် ပိုမို ဆိုးရွားခဲ့သည်။ ပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းခွင့်ရနေသည့်အခြေအနေတွင် နိုင်ငံတော် တရားစီရင်ရေးစနစ်သည် စစ်အစိုးရ၏ လက်အောက်၌ လုံးဝဥသုံ ခယဝပ်တွားနေရသည်။ ပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းခွင့်ရနေသည့်အချက်မှာ စစ်အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို သက်ဆိုးရှည်နေစေသော အရေးပါသည့် အကြောင်းရင်းတစ်ခုဖြစ်သည်။ စစ်အစိုးရက လူထု၏ ငြိမ်းချမ်းစွာ ဆန္ဒပြလှုပ်ရှားမှုများကို ရက်ရက်စက်စက် ပစ်ခတ်နှိမ်နင်းခြင်းများ အပါအဝင် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ပြစ်မှုများနှင့် အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုများကို ဆန့်ကျင်သော စစ်ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေလာခဲ့သော်လည်း တစုံတရာ အရေးယူခံရခြင်း မရှိသေးချေ။ ထို့ကြောင့် မြန်မာနိုင်ငံ ဥပဒေ နှင့် တရားစီရင်ရေးနယ်ပယ်တွင် သုံးနှုံးလေ့ရှိသော "တရားမျှတမှုကို ဖေါ်ဆောင်ရမည်"ဆိုသည့် ဝေါဟာရအတိုင်း လက်တွေ့ဖြစ်မလာသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ ပြည်သူပြည်သားအပေါင်းတို့၏ လွတ်လပ်ခွင့်များရရှိရေး ဆိုသည်မှာ အလှမ်းဝေးနေဆဲ ဖြစ်သည်။

အထက်၌ ဖေါ်ပြထားသော ဖြစ်ရပ်များ မြန်မာနိုင်ငံတွင် ရှိလာခဲ့သော်လည်း နိုင်ငံရေး ခေါင်းဆောင်များစွာ တို့သည် "လက်တုန့်ပြန်ခြင်း" ဆိုသည်ထက် "ခွင့်လွှတ်ခြင်း"ကို လည်းကောင်း၊ "အမုန်းတရား" ဆိုသည်ထက် "မေတ္တာ" ကို လည်းကောင်း၊ "အကြမ်းဖက် ပဋိပက္ခဖြစ်ခြင်း" ဆိုသည်ထက် "ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းခြင်း"ကို လည်းကောင်း ပိုမို၍လိုလားကြရမည်ဖြစ်ကြောင်း ကြွေးကြော်လာကြသည်။ ထို့အခြေခံဖြင့်လည်း "အမျိုးသားရင်ကြားစေ့ရေး"ဆိုသည့် နိုင်ငံရေးဝေါဟာရ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသော အခြေအနေများအပေါ် မူတည်ကာ "အမျိုးသား ရင် ကြားစေ့ရေး" သို့ မဟုတ် "အမျိုးသားပြန်လည်သင့်မြတ်ရေး" ဟူသည်ကို မည်ကဲ့သို့ အဓိပ္ပါယ်ကောက်ယူကာ လက်တွေ့ကျင့်သုံးမည်နည်း ဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်လာသည်။ ပြစ်မှုကျူးလွန်ကြသူတွေအပေါ် ဘာတခုမျှ အရေးယူ ခြင်းမရှိဘဲ ခွင့်လွှတ်ခြင်းမှာ ပြစ်မှု ကျူးလွန်ခံရသူများ၏ အခွင့်အရေးကို လုံးဝမျက်ကွယ်ပြုရာရောက်ကြောင်းကိုလည်းကောင်း၊ ပြစ်မှု ကျူးလွန်ကြသူတွေ အပေါ် မှာသာ မေတ္တာတရားထားခြင်းမှာ ဘက်လိုက်သော မေတ္တာသာ ဖြစ်လိမ့်မည် ဟူသည်ကို လည်းကောင်း၊ အကြမ်းဖက်ပဋိပက္ခဖြစ်မည်ကိုစိုးရိမ်၍ မတရားပြုမူမှုမှန်သမျှကို ငုံ့ခံနေကြသမျှကာလပတ်လုံး အာဏာရှင်များ သာ သက်ဆိုးရှည်နေမည်ဖြစ်ပြီး မည်သည့်အခါတွင်မျှ တရားမျှတမှုရရှိနိုင်မည်မဟုတ် ဟူသည်ကိုလည်းကောင်း၊ "အမျိုးသား ရင်ကြားစေ့ရေး"ကို ကျယ်လောင်စွာ ဟစ်ကြွေးနေကြသူများက မသိခြင်ယောင် ဆောင်လျှက်ရှိကြသည်။ ဤသည်မှာ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၏ ပုဒ်မ (၄၄၅)နှင့်အညီ စစ်အစိုးရအား အကြွင်းမဲ့ လွတ်ငြိမ်း ချမ်းသာခွင့် ပေးထားခြင်းကို ထောက်ခံသည့် သဘော ဆောင်ပြီး လူ့အခွင့်အရေး ချိုးဖေါက်မှုဆိုင်ရာ အတိတ်ကာလ ဖြစ်ရပ်များကို လုံးဝမေ့ထားလိုက်ခြင်းပင် ဖြစ်သည်။ ထိုလုပ်ရပ်များ၏ အကျိုးဆက်ကြောင့် လူ့အဖွဲ့အစည်းတွင် "အမှောင်ထုကြီး" ထာဝရဖုံးလွှမ်းနေမည် ဖြစ်ပြီး "အမုန်းတရား"ကို မည် သည့်အခါမျှ ချေဖျက်၍ရနိုင်မည် မဟုတ်သကဲ့သို့ "အကြမ်းဖက်ပဋိပက္ခများ"ဖြစ်ပွားခြင်းကိုလည်းရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ချေ။

လူထု၏လွတ်လပ်မှုကို ဖိနှိပ်၊ တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များကို လစ်လျူရှုထားပြီး စစ်အာဏာရှင် အုပ်ချုပ်ရေးကို ဥပဒေစနစ်တစုံဖြင့် ဖေါ်ဆောင်နေသမျှ ကာလပတ်လုံး စစ်မှန်သော "အမျိုးသား ရင်ကြားစေ့ရေး" သည် မည်သည့် အခါမျှ ပေါ်ပေါက်မည်မဟုတ်ချေ။ ကိုတင်မောင်ဦး အသက်ရှိစဥ်ကာလများတွင် "အမျိုးသားရင်ကြားစေ့ရေး"ဟူသော နိုင်ငံရေး ဝေါ ဟာရမှာ မြန်မာနိုင်ငံ၌ခေတ်စားခဲ့ခြင်း မရှိသေးချေ။ သို့သော် ၄င်းအနေဖြင့် "တရားမျှတမှု"နှင့် "လွတ်လပ်မှု"တို့၏ ဆက်စပ်မှုကို ရှင်းလင်းစွာ သဘောပေါက်နားလည်ထားခဲ့သည်။ လူလူချင်း စာနာထောက်ထားစိတ်ရှိသူ ဆလိုင်း တင်မောင်ဦးသည် လူ့အဖွဲ့အစည်းအတွင်း၌ ဖြစ်ပျက်နေသော မတရားမှုများကို တွေ့ကြုံ သိရှိ ပြီးသည့်နောက်တွင် ပြည်သူလူထု လွတ်မြောက်ရေး လှုပ်ရှားမှုများ ကို စတင်ဆောင်ရွက်ခဲ့သည်။ အာဏာရှင် အုပ်ချုပ်မှုအောက်တွင် လူ့အဖွဲ့အစည်း တည်ရှိနေသမျှ ကာလပတ်လုံး "တရားမျှတမှု"နှင့်"လွတ်လပ်မှု"တို့ကိုရရှိခံစားနိုင်မည်မဟုတ်ဟု ကိုတင်မောင်ဦးက လူ အများ တို့ကို သိမြင်လာစေခဲ့သည်။ ဤသည်မှာ တဖြည်းဖြည်းနှင့် ကိုတင်မောင်ဦး၏ "ယုံကြည်ချက်များ" ဖြစ်လာခဲ့ကြသည်။ အဆိုပါ "ယုံကြည်ချက်" အား ၄င်းထံ၌ ပင်ကိုယ်ရှိနေပြီးသားဖြစ်သော "ရဲစွမ်းသတ္တိ"နှင့် "ကြီးစွာသော ချစ်ခြင်းမေတ္တာ"တို့ကို ပေါင်း စပ်လိုက်ရာတွင် ဆလိုင်းတင်မောင်ဦးသည် အထူးစွမ်းအင်ရှိသူတစ်ဦး ဖြစ်လာခဲ့သည်။ ဤအချက်သည် ဦးနေဝင်း ခေါင်းဆောင်သော စစ်အာဏာရှင်အစိုးရအား "ထိတ်လန့်ခြောက်ခြား"စေခဲ့သည်။ ထို့ကြောင့်လည်း ကိုတင်မောင်ဦးကို နည်းစနစ်တကျဖြင့် အဆုံးစီရင်ခဲ့ပြီး ၄င်း၏ မိသားစုဝင်များ အားလုံးအပေါ် လူမဆန်စွာ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

မိသားစုဝင်တဦး၏ လုပ်ဆောင်ချက်ကြောင့် ကျန် မိသားစုဝင်များ အားလုံးကိုရိုက်ခတ်ခံစားခဲ့ရစေသည့် ဖြစ်ရပ်မှာ ထူးခြားလှပါသည်။ ယင်းမှာ ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးသည် အများနှင့်မတူ တမူထူးခြားခဲ့ခြင်းကြောင့် ဖြစ်သည်။ ကိုတင်မောင်ဦးသည် မိမိ၏ ရဲစွမ်းသတ္တိ၊ မေတ္တာနှင့် သံန္နိဌာန်တို့ဖြင့် လူ့အဖွဲ့အစည်းကို အကျိုးပြုရန်အတွက် သာလူ့ဘဝကို ရောက်ရှိလာခဲ့ခြင်းဖြစ်သည် ဟု ဆိုနိုင်သည်။ ၄င်း၏ သက်တမ်းကာလ တလျှောက်လုံးတွင် <u>လူ့ဘဝ၏သုခစည်းစိမ်</u>ကို စိုးစဥ်းမျှရယူခံစား သွားခဲ့ခြင်း မရှိချေ။ ရုပ်ရည် ချောမောပြေပြစ်သော လူငယ်တစ်ဦး ဖြစ်လင့်ကစား ကိုတင်မောင်ဦးသည် ချစ်သူ ရည်းစားပင် လုံးဝမထားခဲ့ချေ။ ၄င်းသည် အသက်(၁၃)နှစ်အရွယ်မှ စတင်ကာ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ ရုပ်ကိုယ်ပိုင်းဆိုင်ရာ အရသော်လည်းကောင်း မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ခဲ့ပြီး လူ့အဖွဲ့အစည်း ကောင်းကျိုးပြုရန် အတွက် အသုံးချခဲ့သည်။ ထို့နောက် မိမိကိုယ်ကျိုးအတွက် လူ့လောကကြီးမှ မည်သည့်အရာမျှ ယူဆောင်သွားခြင်းမရှိဘဲ ၄င်း၏ မိသားစုဝင်များ၊ မိတ်ဆွေရောင်းရင်းများနှင့် ၄င်းချစ်မြတ်နိုးသောပြည်သူလူထုများကို အပြီးအပိုင် စွန့်ခွာသွားခဲ့သည်။ ဤသည်ကား တိမ်မြုပ်နေသော အမှန်တရားဖြစ်သည်။ ယနေ့ခေတ် မြန်မာနိုင်ငံရှိ ပြည်သူများသည် ကိုတင်မောင်ဦးနှင့် ပတ်သက်လာ လျှင် လူသိရှင်ကြားထုတ်ဖေါ်ပြောဆိုရဲခြင်း မရှိကြချေ။ ဤကဲ့သို့သောရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးအကြောင်းကို တိုင်းပြည်အနေဖြင့် မော်ကွန်းကဗျည်းထိုးရေးမှာ အိပ်မက်တစ်ခုပင် ဖြစ်နေပေသေးသည်။

သို့ရာတွင် ၄င်း၏ ရိုးသားဖြောင့်မှန်မှုစိတ်ဓါတ်ကိုအရင်းခံ၍ဆိုရလျှင် ကိုတင်မောင်ဦးသည် မိမိပေးဆပ်အနစ်နာခံ ခဲ့ရသည် များအတွက် ဂုဏ်ပြုခံလိုသူတစ်ယောက် မဟုတ်ခဲ့ချေ။ ၄င်း၏ မိသားစုဝင်များ၊ မိတ်ဆွေရောင်းရင်းများ၊ ပြည်သူများနှင့် အတူတကွ ရယ်မောပျော်ရွှင်ကာ သာမန်ဘဝကိုသာ ကျင်လည်ဖြတ်သန်းလိုခဲ့သူ ဖြစ်သည်။ နိုင်ငံရေး ၌ ပါဝင်လှုပ်ရှားခဲ့ခြင်းကြောင့် ခက်ခဲကြမ်းတမ်းမှုနှင့် ရက်စက်မှုတို့ကို တွေ့ကြုံခံစားခဲ့ရသော်လည်း မိမိ၏လုပ်ရပ်များ အပေါ် မည်သည့်အခါကမျှ နောင်တရခဲ့ခြင်း မရှိခဲ့သူတစ်ယောက် ဖြစ်သည်။ ၄င်း တွေ့ကြုံနေရသည့် ဒုက္ခခံစားမှုများ၊ အခက် အခဲများနှင့်စပ်လျဉ်း၍ ညည်းညူပြောဆိုမှုကို မိတ်ဆွေရောင်းရင်းများက ကိုတင်မောင်ဦးထံမှ တကြိမ်တခါကမျှ ကြားသိခဲ့ရခြင်း မရှိချေ။ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် လှုပ်ရှားတိုက်ပွဲဝင်ရာ၌ ကိုတင်မောင်ဦးသည် ပျော်ရွှင်စွာဖြင့်လုပ်ကိုင်ဆောင်ရွက်တတ်သူ ဖြစ်သည်။ ထူးခြားသော မပွင့်တပွင့်အပြုံးပိုင်ရှင်ကိုတင်မောင်ဦးသည် မည်သို့သောအခြေအနေတွင်မျှ အမူအရာ ပျက်ယွင်းသွားခြင်း မရှိခဲ့ချေ။

အနစ်နာခံပေးဆပ်သည်ဟုဆိုရာတွင် တစ်ဦးနှင့်တစ်ဦး အခြေအနေမတူညီကြချေ။ ကိုတင်မောင်ဦး မိသားစုဝင်များ၏ အခြေအနေများသည်ပင်လျှင် တင်မောင်ဦးကဲ့သို့ မဟုတ်ခဲ့ချေ။ ညီမဖြစ်သူ မလှမြိုင်နှင့်ညီဖြစ်သူကိုလှရွှေ တို့ကို လေ့လာကြည့် မည်ဆိုလျှင် မိမိတို့ လိုအင်ဆန္ဒဖြင့် ပေးဆပ်ခဲ့သည်များရှိသကဲ့သို့ မိမိတို့ ဆန္ဒနှင့် ဆန့်ကျင်လျက် ပေးဆပ်ခဲ့ရသည် များလည်း ရှိခဲ့သည်။ ကိုတင်မောင်ဦး ထိန်းသိမ်းခံလိုက်ရချိန်တွင် ၄င်းတို့က သူ၏ လွတ်မြောက်ရေးအတွက် တစ်စုံတစ်ခု လုပ်ရန် ဆုံးဖြတ် ခဲ့ကြသည်။ သို့ဖြစ်၍ မိုင်းရာပြည့်တွင် ကျောင်းသားဆန္ဒပြပွဲများ ဖြစ်ပေါ်လာစေရန် အစပြုဆောင်ရွက်ခဲ့ကြ သည်။ ၄င်းတို့သာ အနစ်နာခံလိုခဲ့ခြင်းမရှိပါက ဘာတခုမျှ မလှုပ်ရှားဘဲ မိမိဘာသာနေလိုက်ရုံသာဖြစ်သည်။ ၄င်းတို့ အစ်ကိုကြီး၏ ခြေရာကို နင်း မည်ဆိုလျှင် မိမိတို့လည်း ဖမ်းဆီးနှိပ်စက်ခံရနိုင်သည်ဟူသည်ကို ရှင်းလင်းစွာ နားလည်ခဲ့ကြ သည်။ သို့သော်လည်း တရား မျှတမှုနှင့် လွတ်လပ်မှုတို့အတွက် ကိုတင်မောင်ဦးလှုပ်ရှားတိုက်ပွဲဝင်နေမှုများအပေါ် သက်ဝင် ယုံကြည်ကာ ၄င်းတို့သည် အစ်ကိုကြီး၏ ခြေရာနောက်သို့ လိုက်ခဲ့ကြသည်။ ယင်းမှာမိမိတို့၏ လိုအင်ဆန္ဒကို အခြေခံကာ ဤလမ်းကို ရွေးခဲ့ခြင်းဖြစ် သည် ဟူ၍လည်း ဆိုနိုင်ပေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် မိမိတို့၏ လုပ်ရပ်များအတွက် နှစ်ရှည်လ များ ထောင်ဒဏ် ချမှတ်ခြင်း ခံခဲ့ရသော်လည်း ၄င်းတို့အနေဖြင့် စိုးစဉ်းမျှ နောင်တရခဲ့ခြင်း မရှိခြေ။

မလှမြိုင်နှင့် ကိုလှရွှေတို့ အပါအဝင် မြန်မာနိုင်ငံရှိ လူ့ အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် လှုပ်ရှားသူများသည် "အမျိုးသား ရင်ကြားစေ့ရေး"ဆိုသော အယူအဆနှင့်အညီ မိမိတို့၏ "အာဃာတ"များကို မေ့ထားလိုက်နိုင်သော်လည်း ပြစ် မှု ကျူးလွန်ခဲ့သော ရာဇဝတ်ကောင်များကို "အကြွင်းမဲ့ ခွင့်လွှတ်နိုင်ရေး"ဆိုသည်မှာမူ ၄င်းတို့အတွက် လွယ်ကူမည် မဟုတ် ချေ။ "အမျိုးသား ရင်ကြားစေ့ရေး" ကို ဖေါ်ဆောင်ဘို့ကြိုးပမ်းရာတွင် တိုင်းပြည်အာဏာကို ရယူထားသော စစ်အာဏာရှင် များနှင့် ပြေလည်စေရေး တခုတည်းကိုသာ အဓိကထားဦးတည်ကြိုးပမ်းနေသမျှ ကာလပတ်လုံး လူ့အဖွဲ့အစည်းတွင် တရား မျှတမှု ဆုံးရှုံးနေမည်ဖြစ်သည်။ အင်အားချည့်နဲ့၍ ပြစ်မှုကျူးလွန်ခံနေရသော ပြည်သူများမှာ အားကိုးရာမဲ့နေမည် ဖြစ်သည်။ အလွန်ဆိုး ရွားသောပြစ်မှုကြီးများကိုစနစ်တကျ ကျူးလွန်ရန်စီစဉ်သူများ၊ ညွှန် ကြားသူများနှင့် ပြစ်မှုကျူးလွန်သူများ အနက် တစ်ဦးတစ်ယောက် ကိုမျှပင် အရေးယူခြင်းမပြုနိုင်လျှင် လူ့အဖွဲ့အစည်း ၌ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနိုင်ရန် ဆိုသည်မှာ လွန်မင်းစွာ အလှမ်းဝေး ကွာနေပေမည်။ ဥပဒေစိုးမိုးရေး ဆိတ်သုဉ်းနေလျှင် ပြည်သူလူထု စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး နှင့် စစ်မှန်သော "အမျိုးသား ပြန်လည်သင့် မြတ်ရေး" ရရှိရေး ဆိုသည်မှာ စိတ်ကူးယဉ် အိပ်မက်မျှသာ ဖြစ်နေပါမည်။ ပြစ်မှုကျူး လွန်သူများ အနေဖြင့် "လွတ်ငြိမ်းခွင့်" ကို အကြွင်းမဲ့ ရရှိခံစားနေသမျှကာလပတ်လုံး နောက်ထပ်ပြစ်မှုကြီးများ အဆက်မပြတ် ကျူးလွန်ခြင်းမှ လူထုများအား ကာကွယ်ရန် မည်သို့ ဆောင်ရွက်နိုင်ပါမည်နည်း။

နှစ်ရှည်လများကြာ ထောင်ချခံခဲ့ရပြီးနောက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်သည် ထောင်မှ လွတ်မြောက်လာခဲ့ သည်။ တဖန် ၂၀၀၇ခုနှစ် သံဃာအရေးအခင်း ဆန္ဒပြပွဲများတွင် ပါဝင်ရုံမျှဖြင့် ၄င်းနှင့်အတူ အခြား ကျောင်းသားခေါင်း ဆောင် များ အဖမ်းခံခဲ့ရပြီး ထောင်ဒဏ်နှစ်ပေါင်း (၆၀)ကျော် ချမှတ်ခံခဲ့ရပြန်သည်။ ဦးခွန်ထွန်းဦးနှင့် အခြားသော ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များသည်လည်း အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှုများလုပ်ဆောင်ရုံမျှဖြင့် ထောင်ဒဏ် (၇၅)နှစ်မှ (၁၀၆)နှစ်အထိ အသီးသီး ချမှတ်ခြင်းခံခဲ့ရသည်။ အလားတူမတရားပြစ်ဒဏ်ချမှတ်ခံရသူဦးရေမှာ တပြည်လုံး၌မြောက်များလှစွာ ရှိနေပေသည်။ စစ်အစိုးရက တိုင်းပြည်၏ တရားစီရင်ရေးစနစ်ကို ဖိနှိပ်ချုပ်ချယ်မှုဆိုင်ရာ လက်နက်တစ်ခု အဖြစ် အသုံးပြုလာနေခဲ့သည် ဆို သည်ကား သိသာထင်ရှားလှပေသည်။

ဆလိုင်းတင်မောင်ဦးကို သေဒဏ်ချမှတ် အပြစ်ပေးစီရင်ခဲ့သော တရားစီရင်ရေးစနစ်သည် မြန်မာနိုင်ငံတွင် ဆက်ရှိနေ ပေသေးသည်။ စစ်အစိုးရသည် လူမျိုးရေးဝါဒနှင့် မဟာလူမျိုးကြီးဝါဒတို့ကို ကျင့်သုံးလျှက် အထူးသဖြင့် တိုင်းရင်းလူမျိုးစုများ နေထိုင်ရာ ဒေသများတွင် မုဒိမ်းပြုကျင့်မှုကို စစ်လက်နက်တစ်ခုအဖြစ် အသုံးပြုနေသော်လည်း နိုင်ငံတော် တရားစီရင်ရေးစနစ် မှာ အချိန်ကာလ ရှည်ကြာစွာ နှုတ်ဆိတ်လျှက်ရှိသည်။ ထို့အပြင် ၂၀၀၈ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကိုအသုံးချကာ

အရပ်ဘက်ဆိုင်ရာတရားစီရင်ရေး အဖွဲ့အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှုအောက်မှ ခွဲထွက်၍ စစ်ဘက် ဆိုင်ရာတရားရုံးများကို သီးခြား ဖွဲ့စည်းတည်ထောင် လိုက်ပြန်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် တင်မောင်ဦး၊ မင်းကိုနိုင်၊ ဦးခွန်ထွန်းဦး တို့ အပါအဝင် အခြားသော အပြစ်မဲ့ အဖိုးတန်လူငယ်များနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများတို့ တွေ့ကြုံခံစားခဲ့ကြရသည့် အဖြစ်ဆိုးများကို ထပ်မံမကြုံကြိုက်စေနိုင်ရန် လူ့အဖွဲ့အစည်းက မည်ကဲ့သို့ကာကွယ်တားဆီးမည်နည်း။ လုံခြုံရေးတပ်ဖွဲ့များနှင့်လွတ်လပ်သော တရားစီရင်ရေးစနစ်တို့ ကို အဓိကထားလျှက် ဖိနှိပ်ချုပ်ချယ်တတ်သောသဘောရှိသည့် အစိုးရ ယန္တယားများ ကို ပြုပြင်တည်ဆောက်ခြင်း မပြုပါက "အမျိုးသား ရင်ကြားစေ့ရေး"ဟူသည်မှာ လူ့အဖွဲ့အစည်းအတွက် ရေရှည် အကျိုးဖြစ်ထွန်းနိုင်ပါမည်လော။ မြန်မာနိုင်ငံတွင် "တရားဥပဒေစိုးမိုးရေး"အပါအဝင် "အမျိုးသား ရင်ကြားစေ့ရေး"နှင့်သက်ဆိုင်သော အခြေခံကျသည့် ပြဿနာများကို ယခုအချိန်အထိ ဖြေရှင်းနိုင်ခြင်း မရှိသေးချေ။

အမျိုးသားရင်ကြားစေ့ ရေးနှင့် ဆက်စပ်ကာ ဆလိုင်းတင်မောင်ဦး၏ အနေအထားကိုလည်းကောင်း၊ ၎င်း၏ ညီမ ဖြစ်သူ မလှမြိုင် ခေါ် မိုင်ပိုပို နှင့် ညီဖြစ်သူ ကိုလှရွှေတို့ ၏ အနေအထားကိုလည်းကောင်း၊ ရှေ့တွင် နိုင်းယှဉ် တင်ပြခဲ့ပါပြီ။ တဖန် တင်မောင်ဦး၏ မိဘများနှင့် အခြားသော ညီအစ်ကို မောင်နှမများ၏ အနေအထားကို သုံးသပ်လျှင် တမူကွဲပြား နေကြောင်း တွေ့ရ ပြန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကိုယ်၌က စွန့်လွှတ်အနစ်နာခံမည်ဟူ၍ ဆုံးဖြတ်ခဲ့ကြခြင်း မဟုတ်သောကြောင့် ဖြစ်သည်။ ၎င်းတို့၏ လိုအင်ဆန္ဒနှင့်ဆန့်ကျင်ကာ အနစ်နာခံ ခဲ့ကြရခြင်းသာ ဖြစ်သည်။ အလားတူပင် မြန်မာနိုင်ငံ ရှိ သန်းပေါင်း များစွာသော ပြည်သူလူထု၊ အထူးသဖြင့် မြန်မာမဟုတ်သော တိုင်းရင်းသားလူမျိုးများတို့သည် ၎င်းတို့၏ လိုအင်ဆန္ဒနှင့် ဆန့်ကျင်ကာ စွန့်လွှတ်အနစ်နာခံကြရပြီး လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့် ရက်စက်ယုတ်မာသော ပြစ်မှုကျူး လွန်မှုများကို ခံစားနေလာခဲ့ကြရပေသည်။ အတိတ်တွင် ဖြစ်ပျက်ခဲ့သည်များနှင့်ပတ်သက်၍ ၎င်းတို့၏ နစ်နာချက်များကို ထုတ်ဖေါ်ကာ လူ့အဖွဲ့အစည်းက ၎င်းတို့ကို အသိအမှတ်ပြု လာနိုင်စေရေး၊ စိတ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်း၊ ရုပ်ပိုင်း ဆိုင်ရာအရ သော်လည်းကောင်း ပြုစုကုသမှုများ ရရှိနိုင်စေရေးနှင့် ဖြစ်နိုင်ပါက လျော်ကြေးငွေများ ရရှိနိုင်စေရေးတို့အတွက် အခွင့်အလမ်းများမရရှိကြသေးပေ။ ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အတိတ်က ဖြစ်ပျက်ခဲ့သည်များကို ကိုင်တွယ်ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ လုံးဝလျစ်လျူရှုထားခြင်းပင်ဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ၁၉၈၈ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ အုပ်ချုပ်မင်းလုပ်လာခဲ့သည့် စစ်အစိုးရ အဖွဲ့ဝင်များအားလုံးကို "အကြွင်းမဲ့ လွတ်ငြိမ်းခွင့်" ပေးထားပြန်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် "အမျိုးသားပြန်လည်သင့်မြတ်ရေး" ဆိုသည်မှာ ကိုတင်မောင်ဦး၏ မိသားစုဝင်များ အပါအဝင် ပြစ်မှုကျူးလွန်ခံခဲ့ရသူတိုင်းရင်းသားပေါင်းစုံ လူထုများအားလုံးအတွက် စိုးစဉ်းမျှ အဓိပ္ပါယ် မရှိတော့ချေ။

ကိုတင်မောင်ဦးသာ အသက်ထင်ရှားရှိနေဦးမည်ဆိုပါက စစ်အာဏာရှင်စနစ်သက်ဆိုးရှည်စေရေးအခြေခံတွင် တိုင်းပြည် အဆောက်အအုံများကို တရားဝင်တည်ထောင်မှုနှင့်အတူယှဉ်တွဲတည်ရှိနေမည့် အတုအယောင် "အမျိုးသားရင်ကြားစေ့ရေး" ဆိုသည်ကို လက်ခံနိုင်ဘွယ် မရှိချေ။ အဘယ်ကြောင့်ဆိုသော် အာဏာရှင် အုပ်ချုပ်မှုစနစ်ကို အကြွင်းမဲ့ ဖျက်သိမ်းခြင်းမပြုလျှင် လွတ်လပ်မှုနှင့်တရားမျှတမှုတို့မှာ ပြည်သူလူထုအတွက် အိပ်မက်တစ်ခုမျှသာ ဖြစ်နေမည်ဆိုသည့် အချက်ကိုရှင်းလင်းစွာ နားလည်ခဲ့ခြင်းကြောင့် ဖြစ်သည်။ "လွတ်လပ်မှုနှင့်တရားမျှတမှု" မရှိပါက "အမျိုးသား ရင်ကြားစေ့ရေး"ဆိုသည် မှာ အပေါ်ယံ ဟန်ပြမှုသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း သူ၏ဘဝတစ်လျှောက်လုံးတွင် အာဏာရှင်အုပ်ချုပ်မှု စနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်ကာ ဇွဲမလျှော့တမ်းတိုက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ အာဏာရှင်အုပ်ချုပ်မှုနှင့် စစ်အာဏာရှင်စနစ်ကို စစ်တပ်အတွင်း တွင်ပင် ဆန့်ကျင်တော်လှန်လိုစိတ်ရှိသော စစ်အရာရှိများနှင့်လည်း ကိုတင်မောင်ဦးကလက်တွဲရန်ကြိုးပမ်းခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ ကိုတင်မောင်ဦးသည် စစ်အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို အမြစ်ဖြုတ်လိုသောမည်သည့် စစ်တပ်နှင့်မဆို(သို့မဟုတ်) မည်သည့် အစိုးရ အာဏာပိုင်နှင့်မဆို ညှိနှိုင်းဆောင်ရွက်ရန်အတွက် နှောင့်နှေးခဲ့သူတစ်ယောက် မဟုတ်ချေ။

သို့သော်လည်း အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို ရေရှည်တည်တံ့စေလိုသော အာဏာပိုင်(သို့မဟုတ်)စစ်တပ် အရာရှိများကို ကိုတင်မောင်ဦးက ရှောင်ကျဉ်ခဲ့သည်။ မိမိ အထိန်းသိမ်းခံနေခဲ့ရချိန်များတွင်လည်း ၄င်းတို့နှင့်ပူးပေါင်းဆောင်ရွက်မှုလုံးဝ မပြုခဲ့ချေ။ စစ်ဖိနပ်အောက်တွင် ဒူးထောက်အညံ့ခံ မည့်အစား သေခြင်းတရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ခဲ့သည်။ ဆလိုင်း တင်မောင်ဦး ကျဆုံးသွားသည်မှာ (၃၅)နှစ်တိုင် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ၄င်း၏ ရည်တည်ချက်နှင့် မူဝါဒများမှာ ရှင်းလင်းပြတ်သားမှု ရှိနေဆဲ၊ မှန်ကန်နေဆဲပင် ဖြစ်သည်။ ဤသို့ဆိုလျှင် ကိုတင်မောင်ဦး အနေဖြင့် တိုင်းပြည်ကို အာဏာရှင် အုပ်ချုပ်မှုအောက် မှ လွတ်မြောက်ရေးအတွက် ပြီးဆုံးအောင်မြင်သည်အထိ အဘယ်ကြောင့်မဖေါ်ဆောင်နိုင်ခဲ့ပါ သနည်း။ အထက်၌ ဆိုထားသကဲ့သို့ပင် ၄င်း၏ရည်တည်ချက်နှင့်မူဝါဒများ မှန်ကန်နေခဲ့သော်လည်း သစ္စာဖေါက်တစ်ဦး၏သတင်းပေးမှုကြောင့် ကိုတင်မောင်ဦးကို စစ်အာဏာ ရှင်များကစောစီးစွာဖမ်းဆီးနိုင်ခဲ့၍ဖြစ်သည်။ မှိုင်းရာပြည့် လူထုဆန္ဒပြပွဲကြီးပေါ်ပေါက်လာစေရန် ကျောင်းသားများအတွင်း ဦးဆောင်စီစဉ်နေချိန်တွင် ကိုတင်မောင်ဦး အဖမ်းခံခဲ့ရခြင်း ဖြစ်သည်။ ထို့နောက် အာဏာပိုင်များသည် တရားမျှတသော စစ်ဆေးစီရင်မှုမပြုဘဲလျှက် ၄င်းကိုကွပ်မျက်ခဲ့ကြသည်။ ထိုစဉ်က ကိုတင်မောင်ဦးသာဖမ်းဆီးခံခဲ့ရခြင်းမရှိပါက ယနေ့ မြန်မာနိုင်ငံ၏ သမိုင်း မှာ တမျိုးတဖုံ ဖြစ်နေ နိုင်ပေသည်။

တိုင်းရင်းသားရေးရာ ပြဿနာမှာ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ဖြေရှင်းရအခက်ဆုံး ပြဿနာများထဲတွင်တစ်ခု အပါအဝင် ဖြစ်သည်။ ငြိမ်းချမ်းသောနည်းလမ်း၊ စနစ်ကျသော နည်းလမ်းဖြင့် ၄င်းတို့၏ နစ်နာချက်များကို သင့်လျော်မှန်ကန်စွာ ဖေါ်ထုတ်ဖြေရှင်းခြင်းမပြုနိုင်ပါက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲအောင် မည်သို့မျှ ဖန်တီး၍ ရနိုင်မည် မဟုတ်ချေ။ တိုင်းရင်းသားလူမျိုးများ၏ ရှုထောင့်မှကြည့်ပါက ဆလိုင်းတင်မောင်ဦးသည် ကိုလိုနီခေတ်မှ စတင်ကာ ယနေ့အချိန် အထိ မြန်မာနိုင်ငံတွင် အထင်ရှားဆုံး တိုင်းရင်းသား ချင်းအမျိုးသား ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်ပေသည်။ ၄င်းသည် ချင်းလူမျိုးကို ချစ်မြတ်နိုးသူ၊ ချင်းလူမျိုးဖြစ်ရသည်ကို ဂုဏ်ယူသူ ဖြစ်သည်။ ထို့ကြောင့် ၄င်းကို မျိုးချစ်စိတ်ဓါတ် ပြင်းထန်သူ ဟု ဆိုလျှင်လည်း မှားမည်မဟုတ်ချေ။ သို့သော်လည်း ၄င်းသည် ချင်းလူမျိုးများအတွက်သာ တိုက်ပွဲဝင်ခဲ့ခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ အားလုံးအတွက် တိုက်ပွဲဝင်လုပ်ရှားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်းရှိ လူများစု မြန်မာလူမျိုးများ အပေါ်၌သော်လည်းကောင်း၊ အခြားသော မြန်မာမဟုတ်သည့်တိုင်းရင်းသားလူမျိုးများ အပေါ်၌သော်လည်းကောင်း တစုံတရာသော အမုန်းတရား မရှိကြောင်းကို ၄င်းက သက်သေပြခဲ့သည်။ ၄င်းသည် တိုင်းရင်းသားလူမျိုးအားလုံးကို ချစ်မြတ်နိုးသူ ဖြစ်သည်။ ပြဿနာ၏ အခြေခံရင်းမြစ်မှာ တိုင်းရင်းသားလူမျိုးများအကြား၌ ထားရှိသော လူမျိုးရေးမုန်းတီးမှုကြောင့် မဟုတ်ဘဲ အာဏာရှင် အုပ်ချုပ်ရေး စနစ်ကြောင့်သာ ဖြစ်သည်ကို ၄င်းက နားလည်သဘောပေါက်ခဲ့သည်။ ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ ကိုတင်မောင်ဦးကျဆုံးသွားပြီးသည့်နောက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးစုများ၏ ပြဿနာမှာ ပိုမို၍ ရှုပ်ထွေးလာခဲ့ခြင်း ဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုများ၏ နစ်နာမှုများ အဆမတန်ပိုမို၍ဆိုးရွားလာခဲ့သည်။ စစ်အာဏာရှင်များက 'မဟာလူမျိုးကြီးဝါဒ'ကိုကျင့်သုံးသဖြင့် တိုင်းရင်းသားလူမျိုးတမျိုးနှင့် အခြားတမျိုးအကြား ယုံကြည်မှုများယိုယွင်းပျက်ပြားခဲ့ရသည်။ သို့သော်လည်း တိုင်းရင်းသား ပြဿနာနှင့် စပ်လျဉ်း၍ ကိုတင်မောင်ဦး၏ ရပ်တည်ချက်နှင့် အသိတရားတို့မှာ ယနေ့တိုင်မှန်ကန်နေဆဲ ဖြစ်သည်။ ဆလိုင်းတင်မောင်ဦးသည် 'လူမျိုးစုနွယ်ကလေးတခုချင်းစီအလိုက် သီးခြားစုဖွဲ့နေထိုင်မှု'ကိုအဓိကထားရေး အတွက် လှုပ်ရှား ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ လူမျိုးပေါင်းစုံပါဝင်သည့် 'ဖက်ဒရယ်ပြည်ထောင်စု'စနစ်ကို တည်ထောင်ကျင့်သုံးရန်ပိုမို ထက်သန်ခဲ့သည်။ ဆလိုင်းတင်မောင်ဦးသည်ယနေ့ အချိန်အထိ တိုင်းရင်းသားလူငယ်အားလုံးအတွက် ဂုဏ်ယူဘွယ် သင်္ကေတတစ်ခု ဖြစ် နေပေသေးသည်။

အာဏာရှင်စနစ်တိုက်ဖျက်ရေးကို ကိုတင်မောင်ဦးက ထိရောက်စွာလှုပ်ရှားဆောင်ရွက်ခဲ့သဖြင့် ၄င်း၏မိသားစုဝင်များ အားလုံးသည် ဆိုးရွားသော လက်တုံ့ပြန်မှုများကို ကိုယ်တွေ့ခံစားခဲ့ကြရသည်။ မိမိတို့၏ ဘဝအခြေအနေများ လုံးဝဥသုံ့ပျက် သုဉ်းတော့မည့် နီးနီး ဖြစ်ခဲ့သည်။ သို့သော်လည်း မိသားစုဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ ဤအဖြစ်ဆိုးများမှာ တင်မောင်

ဦးကြောင့် ဖြစ်ရသည်ဟူ၍ အပြစ်ဖို့ရန် နည်းနည်းမျှပင်စိတ်မကူးခဲ့ကြချေ။ ကိုတင်မောင်ဦးက လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးပြုခဲ့သည့်အပေါ် မိသားစုဝင်များက အလွန်လေးစားတန်ဘိုးထားကြသည်။ ၎င်းအတွက်ဂုဏ်ယူကြသည်။ သားတော်မောင် (သို့မဟုတ်) အစ်ကိုကြီးဖြစ်သူအပေါ် ချစ်ခြင်းမေတ္တာများ ဒီရေအလားတိုးပွားခဲ့ကြသည်။ ကိုတင်မောင်ဦးကို မိသားစုဝင်များက ချစ်ခင်လေးစားသကဲ့သို့ပင် မိသားစုဝင်များ အချင်းချင်းအကြားတွင်လည်း တစ်ဦးကိုတစ်ဦး ယခင်ကထက် ပို၍ အပြန်အလှန် ချစ်ခင်လေးစားလာကြသည်။ ပို၍ စည်းလုံးလာကြသည်။ ဤသည်မှာ ကိုတင်မောင်ဦး ကြောင့်ပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ ဤနေရာ၌ ထူးခြားချက်မှာ အဘယ်နည်း။ ကိုတင်မောင်ဦးအနစ်နာခံစွန့်လွှတ်ခဲ့ခြင်းများသည် အကြောင်းတိုက်ဆိုင် မှုကြောင့် မဟုတ်ဘဲ ၎င်း၏ပင်ကိုယ်စရိုက်နှင့် ဆက်နွယ်နေသည်ကိုမိသားစုဝင်များ၏ စိတ်ထဲ၌ သိရှိနေခဲ့ကြသည်။ ကလေးဘဝ ကတည်းကပင် တင်မောင်ဦး၏အကျင့်စရိုက်ကို မိဘများက သတိပြုမိခဲ့ကြသည်။ ကိုတင်မောင်ဦးနှင့်ပတ်သက်၍ ၎င်းတို့သိရှိထား သည်များကိုဖြစ်နိုင်ပါက တကမ္ဘာလုံးသို့မျှဝေအသိပေးခြင်းဖြင့် လက်ရှိမျိုးဆက်များသည်လည်းကောင်း၊ အနာဂတ်မျိုးဆက် သစ်များသည်လည်းကောင်း ကိုတင်မောင်ဦး၏ အတွေ့အကြုံများနှင့် စွမ်းဆောင်မှုများမှ သခ်ၤန်းစာ ယူနိုင်စေရန် ရည်ရွယ်ကာ ဤစာအုပ်ကို ရေးသားထုတ်ဝေရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင်ရင်နင့်ဖွယ်ရာဖြစ်ရပ်ပေါင်းများစွာရှိသည့်အနက် ကိုတင်မောင်ဦးနှင့်၎င်း၏မိသားစုဝင်များတွေ့ကြုံခံစားခဲ့ရသည့် ဖြစ်ရပ်များမှာ မြန်မာနိုင်ငံအတွက်သာမကကမ္ဘာ့နိုင်ငံအများစုအတွက်ပါ မကြုံစဖူးထူးခြားသောဖြစ်ရပ်များဖြစ်သည်။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောကိုတင်မောင်ဦးသည် ဖမ်းဆီးထိန်းသိမ်းခံရကာ သေဒဏ်ချမှတ်အပြစ်ပေးစီရင်ခြင်းခံခဲ့ရသည်။ အစ်ကိုကြီး အဖမ်းခံရပြီး ရက်အနည်းငယ် အကြာတွင် ၎င်း၏ ညီနှင့် ညီမများက ကျောင်းသားဆန္ဒပြပွဲများကို ဆက်လက် ဦးဆောင်လှုပ်ရှားခဲ့ကြသဖြင့် ထပ်မံဖမ်းဆီးခံခဲ့ရပြီး တစ်ဦးလျှင် ထောင်ဒဏ်(၉)နှစ် နှင့် (၇) နှစ်စီ ချမှတ်ခြင်းခံခဲ့ရသည်။အဆိုးဆုံးမှာကား နိုင်ငံရေး လှုပ်ရှားမှုများတွင် လုံးဝပါဝင်ခဲ့ခြင်း မရှိသော၊ ရိုးသားလှသော မိဘနှစ်ပါးကိုပါ ဖမ်းဆီးပြီး တစ်ဦးလျှင်ထောင်ဒဏ် (၅) နှစ်စီ ချမှတ်ခဲ့ခြင်းဖြစ်သည်။ ကိုတင်မောင်ဦး၏ ညီငယ်တဦးကိုလည်း ထောင်ထဲတွင် ရစ်လမျှ ချုပ်နှောင်ထား ခဲ့သည်။ စုစုပေါင်း မိသားစု ဆယ်ဦးရှိသည့်အနက် တဦးကို သေဒဏ်ချမှတ်၊ လေးဦးကို နှစ်ရှည်ထောင်ဒဏ်များစီရင်၊ တဦးကို ချုပ်နှောင်ထားသည့် အချိန်တွင် နေအိမ်၌ လူမမယ် ကလေးငယ် လေးဦးသာ ကျန်ခဲ့သည်။ စစ်အာဏာရှင်၏လက်ပါးစေများက ထို ကလေးငယ်များကိုပါ ခြိမ်းခြောက်နှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဆလိုင်းတင်မောင်ဦးမှလွဲ၍ ၎င်း၏ မိသားစုဝင်များအားလုံး ထောင်မှ အသက်ရှင်လွတ်မြောက်လာခဲ့ကြပြီ ဖြစ်သော်လည်း တွေ့ကြုံ ခံစားခဲ့ရသောအတိတ်ဆိုးများသည် ၎င်းတို့အပေါ် ယနေ့တိုင်လွှမ်းမိုးထားဆဲ ဖြစ်သည်။ အဆိုပါ ဖြစ်ရပ်များသည် ၎င်းတို့အတွက် အိပ်မက်ဆိုးများသာ ဖြစ်ပြီး အိပ်ရာမှ နိုးထလာချိန်တွင် အရာရာအားလုံး ပြန်ကောင်းသွားမည်ဟု မျှော်လင့်ထားကြသော်လည်း လက်တွေ့တွင်မူထိုကဲ့သို့ ဖြစ်မလာခဲ့ချေ။ အိပ်မက်ဆိုးများက ၎င်းတို့ကို အမြဲတစေ ခြောက်လှန့်နေသည်။ စင်စစ်အားဖြင့် ယင်းတို့မှာအိပ်မက်ဆိုးများဖြစ်ရုံသာမက ယနေ့တိုင်၎င်းတို့ တွေ့ကြုံခံစားနေရဆဲ ဖြစ်သော ဒုက္ခဝေဒနာများပင် ဖြစ်သည်။ ကိုတင်မောင်ဦးမှာ သူရဲကောင်းပီသစွာ ကျဆုံးသွားခဲ့ပါပြီ။ အိုးမင်းရင့်ရော်နေပြီ ဖြစ်သော မိဘနှစ်ပါးမှာ ၎င်းတို့၏ချစ်လှစွာသော သားတော်မောင်ကို ပွေ့ဖက်နိုင်ခွင့်မရတော့ပါ။ ထို့ပြင် ကိုတင်မောင်ဦး၏ညီ၊ ညီမများသည်အစ်ကိုကြီးဖြစ်သူ၏ တည်ကြည် ခန့်ညားသောမျက်နှာကို တွေ့မြင်နိုင်ခွင့် မရကြတော့။ ကိုတင်မောင်ဦးနှင့်အတူတကွ မိသားစုများအားလုံး ပြုံးရွှင်ရယ်မောခဲ့ကြသည့် အချိန်များကို မည်သည့်အခါတွင်မျှ ပြန်လည်ရရှိကြမည် မဟုတ်တော့။ ကိုတင်မောင်ဦး ဆုံးပါးသွားသည့် နောက်ပိုင်းမှစ၍ ၎င်းတို့အတွက် အရာရာဆုံးရှုံးသွားသကဲ့သို့ ခံစားကြရသည်။ ၎င်းတို့၏ နှလုံးသည်းပွတ်သည် ကိုတင်မောင်ဦးနှင့်အတူ ပါသွားခဲ့ပါပြီ။ အသက်နှင့် ခန္ဓာ တည်မြဲနေကြသေးသော်လည်း ၎င်းတို့၏ စိတ်ဝိညာဉ်များမှာမူကား ပျက်သုဉ်းသွားခဲ့ကြပြီ ဖြစ်သည်။

မိသားစုဝင် အားလုံးတို့အနက် မိခင်မှာ ဝေဒနာ အခံစားရဆုံးဖြစ်သည်။ ကိုတင်မောင်ဦးသည် သူမ၏ ကမ္ဘာ၊ သူမအတွက် အဖိုးမဖြတ်နိုင်သော သားကောင်းရတနာတစ်ပါးပင် ဖြစ်သည်။ တရားမျှတမှုကို ငယ်ရွယ်စဉ်ကတည်းက ရှာဖွေလိုခဲ့သော ကိုတင်မောင်ဦး၏စိတ်ဓါတ်ကို မိခင်ကသိရှိလေးစား၊ တန်ဖိုးထားခဲ့သည်။ မည်ကဲ့သို့သောအခြေအနေတွင်မဆို သူမကိုကူညီထောက်ပံ့ခဲ့သူ၊ ချစ်ခြင်းမေတ္တာပေးခဲ့သူမှာ ကိုတင်မောင်ဦးပင်ဖြစ်သည်။ မြေအောက် ကျောင်းသား လှုပ်ရှားမှု များ လုပ်ဆောင် နေသဖြင့် ကိုတင်မောင်ဦး အိမ်ပြန်နောက်ကျ၍ မိခင်ဖြစ်သူမျက်ရည်ကျရသည့်အခါတိုင်းတွင် " မငိုပါနဲ့ အမေ။ သူတို့ သားတွေအတွက် ပူဆွေးနေကြတဲ့အမေ့လိုမျိုး တခြားအမေတွေပါ အခုလို မျက်ရည်ကျစရာ မလိုတော့အောင် လူ့အဖွဲ့အစည်း အကောင်းဘက်ကို ပြုပြင်ပြောင်းလဲဖို့ သား ကြိုးစားနေပါတယ် အမေ" ဟုဆိုကာ နှစ်သိမ့်ပေးတတ် သော သားဖြစ်သည်။ ကြိုးပေးကွပ်မျက်ခြင်း မခံရမီ တစ်ရက်အလိုတွင် "အမေ၊ ကျနော် အဆင်ပြေနေပါတယ်။ ကျနော်တို့ မိသားစုဝင်တွေ အားလုံး ထောင်ထဲမှာ ရှိနေကြပြီးတော့ အားလုံး နေကောင်းကျန်းမာကြတယ် အမေ။" ဟု မိခင်ကို နှစ်သိမ့် ပေးခဲ့သော သားမြတ်ဖြစ်သည်။ စင်စစ်အားဖြင့် ထောင်ထဲတွင် ၎င်းတို့ ကြုံတွေ့နေရသည့် လက်ရှိအခြေအနေမှာ ထိုကဲ့သို့ မဟုတ်ခဲ့ပါ။ သို့ ရာတွင် သာမန်အချိန်များတွင်ပင် သားသမီးများ အိမ်ပြန်နောက်ကျသည့် အခါတိုင်း၌ စိတ်ပူလေ့ရှိတတ်သော အမေ့ကို ပြန် လည်မြင်ယောင်ကာ ကိုတင်မောင်ဦးက ယခုကဲ့သို့ နှစ်သိမ့်ပေးခဲ့ခြင်း ဖြစ်နိုင်ပေသည်။ ၎င်းကို နှိပ်စက်လိုက နှိပ်စက်စေ၊ သတ်လို ကသတ်စေ အာဏာပိုင်များ စိတ်ကြိုက်လုပ်နိုင်သည်၊ သို့သော် မိဘနှစ်ပါးအား ထောင်မှလွှတ်ပေးရန် တင်မောင်ဦး ကိုယ်တိုင်က ထောင်အာဏာပိုင်များထံ တောင်းခံခဲ့သည့် မြင်ကွင်းမှာ တသက် မေ့ ရက်နိုင်စရာ မရှိပါ။

ကြိုးတိုက်အနီးအကျဉ်းခန်းထဲ၌ သွားရောက်တွေ့ဆုံချိန်တွင် သားဖြစ်သူ၏ ကြက်သရေရှိသော မျက်နှာကိုတွေ့ရခြင်းမှာ နောက်ဆုံးအကြိမ်ဖြစ်ပြီး မကြာခင် သူမကို ထာဝရစွန့်ခွာသွားတော့မည် ဆိုသည်နှင့်စပ်လျဉ်း၍ မည်သူကမျှ ကြိုတင်အသိပေး ပြောကြားခဲ့ခြင်းမရှိချေ။ အသက်(၁၅)နှစ်အောက်အရွယ်ကလေးများမှလွဲ၍ ကိုတင်မောင်ဦး၊ ၎င်း၏ မိဘနှစ်ပါးနှင့် ညီ၊ ညီမ ခြောက်ဦးလုံးတို့ ထောင်ချခံထားရစဉ် ကာလများအတွင်းတွင် မည်သူကမျှ ၎င်းတို့အတွက် ထောင်ဝင်စာ အနေဖြင့် စားစရာလေးများ ယူဆောင်လာပေးခြင်း မရှိခဲ့ချေ။ ထောင်အတွင်း၌ရှိနေစဉ်တွင် ကိုတင်မောင်ဦးနှင့်မိသားစုဝင်များသည် ပြင်ပလောကနှင့် လုံးဝ အဆက်အသွယ် ဖြတ်တောက်ခံခဲ့ကြရသည်။ ကြိုးပေး မခံရမီ တစ်ရက်အလို၌ သားဖြစ်သူကို တွေ့ဆုံရာတွင် မိခင်ကိုယ်၌ကလည်း ထောင်ထဲမှနေ၍ သွားရောက်တွေ့ ဆုံရသောကြောင့် သားဖြစ်သူကိုကျွေးမွေးရန် ကိုတင်မောင်ဦး ကြိုက်နှစ်သက်သော အစားအစာများကို သူမအနေဖြင့် ယူဆောင်သွားခြင်း မပြုနိုင်ခဲ့ချေ။ ထိုနေ့သည် သူမ၏ သားဖြစ်သူကို နောက်ဆုံးအကြိမ် တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။ မိခင်ကိုတွေ့ မြင်လိုက်သောအခါ ကိုတင်မောင်ဦးမျက်ရည်ဖြိုင်ဖြိုင်ကျလာသည်။ ၎င်းလူလားမြောက်လာပြီးနောက် မျက်ရည်ကျသည်ကို မိခင်က ပထမဆုံးနှင့် နောက်ဆုံးအကြိမ် တွေ့ မြင်ခဲ့ရခြင်း ဖြစ်သည်။ မိဘနှစ်ပါးသည် ၎င်း၏လုပ်ရပ်များကြောင့် ဤကဲ့သို့သောညှဉ်းပန်းမှုဒဏ်ကို ခံစားနေရသည် ဟူ၍ တွေးမိသဖြင့် ကိုတင်မောင်ဦးမျက်ရည်ကျခဲ့ခြင်း ဖြစ်နိုင်သည်။ ဖြေမဆည်နိုင်ဖြစ်နေသော သား၏မျက်နှာကို မြင်တွေ့လိုက်ရသည်နှင့် တပြိုင် နက် မိခင်သည်လည်း တမုဟုတ်ခြင်း မှာ ပင် မူးမေ့လဲကျသွားခဲ့သည်။ ကမ္ဘာကြီးတခုလုံး လည်ပတ်မှုရပ်ဆိုင်းသွားခဲ့ပြီဟု ထင်မှတ်မှားလောက် သည် အထိပင် သား ရော မိခင်ပါ ခံစားခဲ့ကြရသည်။

တင်မောင်ဦးသည် သူ၏ ဘဝတလျှောက်လုံးတွင် အခြားသူများကို လူသားချင်း စာနာမှုစိတ်ဖြင့် ပြုမူဆက်ဆံခဲ့သည်။ ယင်းစိတ်ဓါတ်ကို အရင်းခံ၍လည်း အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုကို အစပြုဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ မကျဆုံးမီ နောက်ဆုံးနေ့ရက်အထိ လူသားချင်းစာနာစိတ်ထားရှိခဲ့သည်။ သို့သော်လည်း ကိုတင်မောင်ဦးကိုယ်တိုင်ရော၊ ၎င်း၏ မိသားစုဝင်များပါ လူသားချင်းစာနာစိတ်ဖြင့် ပြုမူဆက်ဆံခံရခြင်းမရှိခဲ့ချေ။ ဂေါတမဗုဒ္ဓ ဘုရားရှင်ဟောကြားခဲ့သော 'ကြောင်းကျိုးဆက်နွယ်မှု သဘောတရား'မှာ ဤမိသားစုအတွက် မှားယွင်းနေပြီ ဆိုသည်မှာ မဖြစ်နိုင်ချေ။ သို့ရာတွင် ဤကိစ္စရပ်၌ မည်ကဲ့သို့ ဖြစ်သွားခဲ့ရသနည်း။ ကမ္ဘာလောကကြီးက၎င်းတို့ကိုလစ်လျူရှုထားခဲ့ခြင်းကြောင့်လော။ ဤကမ္ဘာမြေကြီးပေါ်၌ 'မေတ္တာတရား'

ကင်းမဲ့နေခြင်းကြောင့်လော။ မိခင်တစ်ယောက်၏ 'ချစ်ခြင်းမေတ္တာ' ကို ကမ္ဘာကြီးကအသိအမှတ်မပြုတော့ပြီလော။ လွန်ခဲ့သော (၃၅)နှစ်အတွင်းတွင် ကိုတင်မောင်ဦး၏ မိခင် ခံစားခဲ့ရသော ဝေဒနာများနှင့် ပတ်သက်၍စုံစမ်းမေးမြန်းသူ မရှိသလောက်ရှားပါး ခဲ့ သည်။ မြန်မာနိုင်ငံ၌ ထိုကဲ့သို့ သော မိခင်မျိုးများ၏ ရင်တွင်းဝေဒနာကို ဖေါ်ထုတ်ခွင့်မျှပင် မရသော အခြေအနေအောက် တွင် 'အမျိုးသား ရင်ကြားစေ့ရေး' ဟူသည်ကို မည်သည့်အချိန်၌ အကောင်အထည်ဖေါ်နိုင်ပါမည်နည်း။ မြန်မာနိုင်ငံ အဖြစ် အပျက်များ၏ နောက်ကွယ်ရှိ အမှန်တရားကို ဖေါ်ထုတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ပြည်တွင်းမှာလည်း မည်သည့်လုပ်ငန်းစဉ်မျှ မရှိ၊ ကုလသမဂ္ဂအဖွဲ့အစည်းများကလည်း နှောင့်နှေးနေရသည်မှာ အဘယ်ကြောင့် ပါ နည်း။ ကိုတင်မောင်ဦး၏ မိခင် အပါအဝင် မိသားစု တစုလုံးသည် ဤ သည်တို့ နှင့် စပ်လျဉ်း၍ မည်သို့ မျှ နားလည်နိုင်ခြင်း မရှိပါ။ ကိုတင်မောင်ဦး၏ မိခင် ဒေါ်နင်းမြိုင်ကို တစုံတရာဂုဏ်ပြုသည့်အနေဖြင့် ဤနေရာမှစ၍ သူမကို 'အမေ' ဟု ခေါ်ဝေါ်သုံး နှုန်းပါမည်။

ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အချုပ်မှ လွတ်မြောက်လာပြီး ရက်သတ္တပတ်အနည်းအငယ်အတွင်းတွင် သူမ၏ သားဖြစ်သူကို တွေ့ဆုံခွင့် ရရှိခဲ့သည်။ ထိုအချိန်တွင် မိခင်နှင့် သားဖြစ်သူတို့၏ ပျော်ရွှင်ဝမ်းမြောက်မှုကို ကိုယ်ချင်းစာနာတွေး တော ကြည့်နိုင်ပါသည်။ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် အဆိုပါ ရင်သပ်ရှုမောဖွယ်ကောင်းသော ပုံရိပ်များကို ရှုမြင်ရသည် မှာ ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။ ဒီမိုကရေစီ ပြရုပ်တစ်ခု အဖြစ်မဟုတ်ဘဲ သာမန်မိခင် တစ်ယောက်အဖြစ် ဒေါ်အောင် ဆန်းစုကြည်ကို တွေ့မြင်လိုက်ရသူတိုင်းသည် ဝမ်းသာပီတိများဖြစ်ခဲ့ရသည်။ မိခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာသည် မိသားစု အတွင်း၊ ပြည်တွင်း၌သာမက ကမ္ဘာအရပ်ရပ်ရှိ ပြည်သူပြည်သားများထံသို့ ပျံ့နှံ့သွားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် သား ဖြစ်သူတို့ ပြန်လည်ဆုံစည်းနေကြသော မြင်ကွင်းကိုကြည့်ရင်းက ကိုတင်မောင်ဦး၏ အမေသည်လည်း သားဖြစ်သူကိုမျှော်လင့် တမ်း တနေခဲ့မည်မှာ အမှန်ပင်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် သားဖြစ်သူနှင့်လက်ချင်းဆက်ကာပြုံးရွှင်စွာဖြင့် ရွှေတိဂုံ ဘုရားကို ဖူးမျှော်ကြည်ညိုခဲ့သလိုပင် အမေသည်လည်း ကိုတင်မောင်ဦးနှင့်အတူ ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့သွား ရောက် လိုခဲ့မည် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ သားဖြစ်သူနှင့် ကွာခြားသည်မှာ ကိုတင်မောင်ဦးသည် အမေ၏ ရင်ခွင်သို့ မည် သည့်အခါမျှ ပြန်လည်ခိုလှုံနိုင်တော့မည် မဟုတ် ဟူသည့် အချက်ပင်ဖြစ်သည်။ ၄င်း၏ ရုပ်နှင့်ခန္ဓာသည် ဤကမ္ဘာလောက ကြီး ကို ထာဝရ စွန့်ခွာသွားခဲ့ပါပြီ။ မျက်ဝန်းထဲမှမျက်ရည်များကို အနိုင်နိုင်ဆည်ရင်းက အမေသည် 'ငါ့လဲ လူသားတစ်ယောက် ပါကွယ်။ ငါ့ကို ကျောက်သားနဲ့ထုထားတာမှ မဟုတ်တာဘဲ။' ဟူ၍သာ ပြောနိုင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ပီတိအပြုံး ကို ကမ္ဘာအရပ်ရပ်ရှိ ပြည်သူပြည်သား အပေါင်းတို့က တွေ့မြင်ခဲ့ရသော်လည်း အမေ့ရင်ထဲ၌ ဖြစ်ပေါ်နေခဲ့သော ငိုကြွေး မည် တမ်း ခြင်းများကို မည်သူကမျှ သတိပြုနိုင်မည် မဟုတ်ချေ။ ကိုတင်မောင်ဦးနှင့်ဘုရားသခင့်နိုင်ငံ၌သာ ပြန်လည်ဆုံတွေ့ကြရလိမ့်မည်ဟု အမေအပါအဝင် မိသားစုဝင်များအားလုံးက ယုံကြည်မျှော် လင့်နေ ကြရုံမှတပါး အခြား မတတ်နိုင်ကြတော့ပါ။

ကိုတင်မောင်ဦးအနေဖြင့် လူ့အဖွဲ့အစည်းကိုကောင်းကျိုးပြုရန်အတွက် လှုပ်ရှားလုပ်ဆောင်ခဲ့ခြင်းကြောင့်အသက်စတေး ခဲ့ရသည့်အပေါ် မိသားစုဝင်များက မည်သည့်အခါကမျှ နောင်တရခြင်း မရှိခဲ့ကြချေ။ သို့သော်လည်း နှစ်လများ ကြာမြင့်လာခဲ့ သည်နှင့်အမျှ လူ့အဖွဲ့အစည်းက ကိုတင်မောင်ဦး၏ အသံနှင့် ရပ်တည်ချက်တို့ကို လျစ်လျူရှုလာကြသည့်အပေါ်ဝမ်းနည်း မိကြ သည်။ သူ၏အသက်ကို စတေးကာ စစ်ဖိနပ်အောက်တွင် ဒူးမထောက်ကြောင်းကို ကိုတင်မောင်ဦးက သက်သေပြခဲ့ခြင်းမှာ နောင်လာ နောက်သားများကလည်း စစ်အာဏာရှင်စနစ်ကို အမြစ်ပြုတ်အောင် တွန်းလှန်နိုင်သည်အထိ စွမ်းဆောင်ကြစေ လို သည့် သူ၏ လိုအင်ဆန္ဒကို အထင်အရှား ပြသသွားခဲ့ခြင်းဖြစ်သည်။ သို့သော် စိတ်မချမ်းမြေ့ဖွယ်ကောင်းသည်မှာ 'ဒီမိုကရေစီ စနစ် သို့ တဖြည်းဖြည်း ပြောင်းလဲရန်'၊ 'ခွင့်လွှတ်စိတ်ထားရှိရန်' နှင့် 'စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်ဦးစားပေးရန်' စသည့် ဆောင်ပုဒ်များကို ကြွေးကြော်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေး ဟူသည်ကို ကိုယ့်အကျိုးစီးပွားနှင့် ယှဉ်တွဲအဓိပ္ပါယ်ဖွင့်ဆို

လျှက် စစ်အာဏာရှင်များနှင့်လည်းကောင်း၊ လက်ရှိအချိန်တွင်အရပ်သားအသွင်ဆောင်ထားသော စစ်အစိုးရနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နေကြသူများနှင့် စပ်လျှဉ်း၍ ဖြစ်သည်။ ၎င်းတို့၏ လုပ်ဆောင်မှုများသည် အာဏာရှင်စနစ် သက်ဆိုးရှည်ရေးအတွက် တိုင်းပြည်ယန္တယားများတည်ထောင်လည်ပတ်မှုကို တရားဝင်ကူညီပံ့ပိုးပေးရာရောက်နေစေပေသည်။အကျိုးဆက်အနေဖြင့် တိုင်းရင်းသားလူမျိုးများ စစ်ပုံသွင်းခြင်း ခံနေကြရကာ ပြည်သူပြည်သားတို့၏ လွတ်လပ်ခွင့်မှာလည်း ကင်းမဲ့လျှက်ရှိနေရခြင်းဖြစ်သည်။

သို့ဖြစ်၍ လူသားချင်းစာနာမှုအခြေခံတွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့ကို လိုလားသော မြန်မာနိုင်ငံအတွင်းရှိ လူထုများသာမက ကမ္ဘာအနှံ့အပြားရှိ ပြည်သူပြည်သားအပေါင်းတို့ကပါ ဆလိုင်းတင်မောင်ဦး၏ ရှင်းလင်းပြတ်သားသော ရပ်တည်ချက်များကို သိရှိနားလည်နိုးကြားလာနိုင်စေရန် နှင့် ၎င်း၏ စွမ်းဆောင်မှုများကို လေ့လာခွင့်ရကြစေရန်ရည်ရွယ်လျှက် ၎င်း၏ အတ္ထုပ္ပတ္တိကို ရေးသား တင်ပြလိုက်ရခြင်း ဖြစ်သည်။ ကမ္ဘာမြေပြင်တနေရာရာတွင် အာဏာရှင်စနစ် တနည်းတဖုံ သက်ဆိုးရှည်နေသမျှ ကာလပတ်လုံး "မင်းတို့စစ်ဘိနပ်အောက်မှာ ငါဘယ်တော့မှ ဒူးမထောက်ဘူးကွ" ဟု ကြုံးဝါးရင်း အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသား တိုက်ပွဲဝင်ခဲ့သော ဆလိုင်းတင်မောင်ဦး၏ သတ္တိ၊ ယုံကြည်ချက် နှင့် ရပ်တည်ချက်တို့သည် အစဉ်အမြဲရှင်သန်နေမည် မုချဖြစ်သည်။

၁

# ကြာပန်းတစ်ပွင့် ဖူးပွင့်လာခြင်း

အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ အကြားရှိ မြန်မာနိုင်ငံသည် အရှေ့တောင် အာရှတိုက်တွင် တည်ရှိသည်။ ၁၉၅၁ခုနှစ်သည် မြန်မာနိုင်ငံ ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေး ရရှိပြီးနောက် (၃)နှစ်မြောက်သော အချိန်ကာလဖြစ်သည်။ ထိုနှစ် နိုဝင်ဘာလ (၉)ရက်နေ့တွင် ချင်းအမျိုးသားဖြစ်သူ ဆလိုင်း တင်မောင်ဦးကို တောင်ငူမြို့၌ မွေးဖွားခဲ့သည်။ ဘုရင့်နောင် အုပ်ချုပ်ခဲ့ရာ ခေတ်ကာလတွင် တောင်ငူမြို့သည် တိုင်းပြည်၏မြို့တော် ဖြစ်ခဲ့သည်။ ဘုရင့်နောင်သည် မြို့ရွာငယ်များနှင့် နိုင်ငံငယ်များကို ပြန်လည်စုစည်းပြီး အရှေ့တောင်အာရှသမိုင်းတွင် အကြီးဆုံးသော အင်ပါယာကြီးကို တည်ထောင်ခဲ့သူ အထင်ကရ ဘုရင်တစ်ပါးဖြစ်သည်။ ထို့ပြင် မြန်မာ့သမိုင်းတွင် ရဲစွမ်းသတ္တိ အရှိဆုံးဖြစ်သူ စစ်သည်တော် တပင်ရွှေထီး နန်းတည်ခဲ့ရာ နေရာတစ်ခုလည်း ဖြစ်သည်။ မြန်မာနိုင်ငံ အောက်အလယ်ပိုင်းတွင် တည်ရှိသော တောင်ငူမြို့သည် အေးချမ်း ငြိမ်သက်ပြီး သမိုင်းဝင်မြို့တစ်မြို့ဖြစ်သည်။

တင်မောင်ဦး (၈)လသား အရွယ်ခန့်က ဖြစ်သည်။ အမေက သူ့ကို ချီထားသည့်အခါများတွင် အနီးအနားရှိ ဆွေမျိုးသားချင်းက မကြာခဏဆိုသလို သူ့ကို ဘီစကစ် ကမ်းပေးတတ်သည်။ တင်မောင်ဦးသည် ဘီစကစ်ကို လက်ထဲ ရသည်နှင့် တပြိုင်နက် အမေ့ကို ဦးစွာခွံ့ကျွေးလေ့ရှိသူပါ။ သူ့ကို အခြားဆွေမျိုးတစ်ယောက်ယောက်က ချီထားသည့် အခါများတွင်လည်း သူ့လက်ထဲတွင် ရှိသောမုန့်ကို ထိုဆွေမျိုးအား ဦးစွာကျွေးသည့် အကျင့်ရှိခဲ့သည်။ ထိုကဲ့သို့ ခွံ့ကျွေးပြီးမှသာလျှင် သူကိုယ်တိုင်က စားလေ့ရှိသည်။

အခြားသူများကို ဝေမျှပေးခြင်း ဆိုသောအသိစိတ်ကို တင်မောင်ဦး ငယ်ရွယ်စဉ်ကတည်းက ရရှိခဲ့ခြင်းဖြစ်ပြီး ဤအသိစိတ်ကို သူ၏ နောက်ဆုံးထွက်သက် အချိန်အထိ ကျင့်သုံးသွားခဲ့သည်။ မိမိ ရရှိခံစားနေသော ပျော်ရွှင်မှု၊ ကောင်းကျိုးချမ်းသာ၊ ပစ္စည်းဥစ္စာ စသည့် မည်သည့်အရာကိုမဆို မိသားစုဝင်များအား ဝေမျှပေးခဲ့သည်။ သို့သော်လည်း သူ တွေ့ကြုံခံစားနေရသော ဒုက္ခဝေဒနာနှင့် ဝန်ထုတ်ဝန်ပိုးများကိုမူ သူ၏ သူငယ်ချင်းအပေါင်းအဖေါ်များအား မျှဝေခြင်း မရှိခဲ့ချေ။ ဘဝတစ်လျှောက်လုံးတွင် တွေ့ကြုံခဲ့ရသော မိမိ၏ပြဿနာ အများစုကို မိမိကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်းကို ပြသခဲ့ခြင်းဖြစ်သည်။

တင်မောင်ဦးသည် ကလေးဘဝကတည်းကပင် ညှင်ညှင်သာသာ အပြောအဆို ခံလိုခဲ့သူဖြစ်သည်။ လူကြီးမိဘများက ၄င်းကို ဆိုဆုံးမရာ၌လည်း ညင်သာသိမ်မွေ့စွာဖြင့် ပြောဆိုဆက်ဆံခြင်းကို ခံယူလိုခဲ့သည်။ ကြမ်းတမ်းခက်ထံစွာ ပြောဆို ဆက်ဆံခြင်းကို အလွန်ရွံမုန်းခဲ့သူဖြစ်သည်။ တင်မောင်ဦး အသက်(၂)နှစ်အရွယ် ကလေးဘဝ အဖြစ်အပျက်တစ်ခုကို အဖေက ပြန်ပြောင်းအမှတ်ရသည်။ တနေ့တွင် တင်မောင်ဦး ငိုယိုနေသောကြောင့် အဖေက သူ့ကို အငိုတိတ်စေရန်အတွက် "မငိုနဲ့၊ တိတ်စမ်း"ဟူ၍ အသံခပ်မာမာဖြင့် ဟောက်လိုက်သည်။ သို့သော်လည်း သူက အငိုမတိတ်ခဲ့။ တစ်နေ့တွင် တင်မောင်ဦးသည် ကြမ်းပြင်ပေါ်ထိုင်ကာ အဆက်မပြတ်ငိုယိုနေခဲ့သည်။ အငိုတိတ်စေရန်အတွက် အဖေက အောက်ဝေါက်သော်လည်း မရ။ သည်းမခံနိုင်တော့သည့်အဆုံးတွင် အဖေက သူ၏ လက်နှစ်ဖက်ကို ခေါင်းနောက်စေ့တွင် ထားစေကာ ခေါင်းကို အောက်သို့

ဖိချ၍ အငိုတိတ်စေရန် ပြောသော်လည်း အချီးနှီးပင် ဖြစ်ခဲ့သည်။ နောက်ဆုံးတွင် သားဖြစ်သူ ထိခိုက်နာကျင်သွားမည်ကို စိုးရိမ်သော အဖေက သူ၏ခေါင်းကို ပြန်လွှတ်ပေးခဲ့ရသည်။

တင်မောင်ဦးအား တင်းမာခက်ထန်စွာ ပြုမူဆက်ဆံ၍ မရကြောင်းကို အဖေက ထိုအချိန်မှစတင် သိရှိသွားခဲ့သည်။ နွေးထွေးပျော့ပြောင်းသော လေသံဖြင့် "သားက လိမ္မာပါတယ်ကွာ။ မငိုနဲ့တော့။"ဟု ပြောမှသာလျှင် တင်မောင်ဦး အငိုတိတ်ကြောင်း သိရှိခဲ့ရသည်။ ဤနေရာတွင် တင်မောင်ဦးသည် သူ၏ ညီအစ်ကို မောင်နှမများနှင့် မတူကြောင်း၊ ညှင်သာကြင်နာမှု အပြည့်ဖြင့် ပြောဆိုဆက်ဆံ မှသာလျှင် လူကြီးစကား နားထောင်ကြောင်းတို့ကို အဖေနှင့်အမေတို့ ရိပ်စားမိခဲ့ကြသည်။ တင်မောင်ဦး၏ ညီငယ်၊ ညီမငယ်များ အလွန်အမင်း ငိုယိုနေလျှင်မူ အမေက ရိုက်မှလျှင် ၎င်းတို့ အငိုတိတ်ကြောင်း ၎င်းတို့ကို ချော့မော့ပြောဆို၍ မရကြောင်းတို့ကို အမေက ပြန်ပြောင်းပြောပြသည်။

လူမှုဆက်ဆံရေးတွင် 'ခြိမ်းခြောက်ခြင်း'၊ 'ကြောက်လန့်စေခြင်း'နှင့် 'ဆိုးရွားစွာ ပြုမူဆက်ဆံခြင်း'တို့မှာ အပျက်သဘော ဆောင်သော အရာများဖြစ်ပြီး 'ချစ်ခြင်းမေတ္တာ ပြသခြင်း'၊ 'လေးစားမှု ပေးခြင်း'နှင့် 'တစ်ဦး၏ ဂုဏ်သိက္ခာကို အခြားတစ်ဦးက အသိအမှတ်ပြုခြင်း'တို့မှာ အပြုသဘောဆောင်သော အရာများဖြစ်သည်။ တင်မောင်ဦး၏ထူးခြားသော ပင်ကိုစရိုက်နှင့် ပတ်သက်၍ ဆိုရလျှင် လူမှုဆက်ဆံရေးတွင် ၎င်းသည် 'အပျက် သဘောဆောင်သော အရာများ'ကို ဆန့်ကျင်ပြီး 'အပြုဖြစ်တည်မှု' အမြင်ကို အစဉ်ကျင့်သုံးနေခဲ့သူ တစ်ယောက် ဖြစ်သည်။ ဤသဘာဝလောကကြီးတွင် လေပြင်းမုန်တိုင်း၊ ရေကြီးမှုနှင့် မီးလောင်မှု စသည့် 'အပျက်သဘောဆောင်သော အရာများ'ကို ရှောင်ရှား၍ မရနိုင်ချေ။ သို့သော်လည်း အဆိုပါ 'အပျက် သဘောဆောင်သော အရာများ'တို့သည် လူသားတို့၏ ရန့်ရင်းကြမ်းတမ်းသော လုပ်ရပ်များကြောင့် ပိုမိုဆိုးရွား လာခြင်း ဖြစ်ကြောင်း၊ ၎င်းတို့အား ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်းတို့ကို တင်မောင်ဦးက နားလည်သဘောပေါက်ခဲ့သည်။

ငယ်ရွယ်စဉ် ကလေးဘဝကတည်းကပင် တင်မောင်ဦးသည် သစ်ပင်တို့က ပေးသော အကျိုးကျေးဇူးများကို မိမိဘာသာ သိရှိရိပ်စားခဲ့မိပြီး သစ်ပင်များကို အလွန်ချစ်မြတ်နိုး ခဲ့သည်။ တစ်စုံတစ်ဦးက သစ်ပင်ခုတ်သည့်အခါတိုင်းတွင် ၎င်း၏ မနှစ်မြို့မှုကို ထုတ်ဖော်ပြောကြားလေ့ရှိခဲ့သည်။ ဤသို့သော အခြေအနေများတွင် သူသည် စိတ်မကောင်းဖြစ်ရကြောင်း၊ ကောင်းကင်ပြာကြီးနှင့် ကောင်းကင်သို့ ထိုးထွက်နေသော သစ်ပင်ရှိ သစ်ရွက်များဆီကို ငေးကြည့်နေလေ့ ရှိကြောင်းတို့ကို သူ၏ ညီမအား တခါတရံ၌ ရင်ဖွင့်ပြောဆိုခဲ့သည်။ ထိုအချိန်က သဘာဝပတ်ဝန်းကျင် ပြဿနာသည် ယနေ့ခေတ် ကာလလောက် အခြေအနေ မဆိုးရွားသေးချေ။ ထိုစဉ်ကတည်းကပင် သစ်ပင်များကို ကာကွယ်ထိန်းသိမ်းပေးနိုင်ခဲ့မည်ဆိုလျှင် ယနေ့ခေတ်တွင် ကမ္ဘာကြီး ပူနွေးမှုပြဿနာကို ကြုံတွေ့ကြရမည် မဟုတ်ချေ။ အဖိုးတန် ကျောက်များ၊ မြေယာများ (သို့မဟုတ်) တိရစ္ဆာန်များကို မဟုတ်ဘဲ သစ်ပင်များကိုသာ တင်မောင်ဦးက ချစ်မြတ်နိုးခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် သဘာဝလောကကြီးတွင် သစ်ပင်များသည် 'သက်ရှိခြင်း'၊ 'သန့်စင်ခြင်း'နှင့် 'အသက်၏ လည်ပတ်မှု ဖြစ်စဉ်'တို့ သဘောဆောင်သော သင်္ကေတတစ်ခု ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း သစ်ပင်များကို အပြုဖြစ်တည်မှု အရာများ အဖြစ် သတ်မှတ်နိုင်ခြင်း ဖြစ်သည်။

လူ့ဘဝကို ကျင်လည် ဖြတ်သန်းရာတွင် အပျက်သဘောဆောင်သော အရာများအား ရှောင်လွှဲ၍ မရသည်နှင့်အညီ တင်မောင်ဦးသည် အပျက်သဘောဆောင်သော အရာများကို ရင်ဆိုင်တွေ့ကြုံရန်အတွက် နှောင့်နှေးနေခြင်း အလျှင်းမရှိခဲ့သူ ဖြစ်သည်။ သို့သော်လည်း လူ့ဘဝ၏ အပျက်သဘောဆောင်သော အရာများအပေါ် တင်မောင်ဦးက စိတ်အာရုံ စွဲမြဲနေသူ တစ်ဦး မဟုတ်ခဲ့ချေ။ 'စိတ်ပျက်ခြင်း'၊ 'စိတ်ဓါတ်ကျခြင်း'နှင့် 'စိတ်ဆင်းရဲခြင်း'များထဲမှ ရုန်းမထွက်နိုင်သူတစ်ဦး မဟုတ်ခဲ့ချေ။

သူတပါးတို့၏ 'စာနာမှု'နှင့် 'သနားကြင်နာမှု'တို့ကို မျှော်လင့်တောင့်တ၊ ရှာဖွေနေကာ 'ထင်ယောင်ထင်မှားဖြစ်ခြင်း'၊ 'တိကျပြတ်သားခြင်း မရှိခြင်း'၊ 'လောဘစိတ်'၊ 'မလိုတမာစိတ်'၊ 'ဒေါသစိတ်'နှင့် 'မနာလိုစိတ်'များထဲတွင် နှံ့နစ်နေသူ တစ်ဦး မဟုတ်ခဲ့ချေ။ တင်မောင်ဦးသည် သူ၏ ဘဝတစ်လျှောက်လုံးတွင် 'အပြည့်ဖြစ်တည်မှု အရာများ'ကို စူးစမ်းရှာဖွေနေခဲ့သူ ဖြစ်သည်။ ငယ်ရွယ်စဉ် ကလေးဘဝကတည်းက စတင်ကာ နောက်ဆုံးထွက်သက်အထိ သူသည် ကမ္ဘာလောကကြီးကို အကောင်းဘက်က ကြည့်မြင်ခဲ့သည်။ အကောင်းမြင်သော စိတ်ထားရှိသူတစ်ယောက် ဖြစ်ခဲ့သည်။ သူ၏ ပြုမူဆောင်ရွက်ချက်များမှာလည်း အကောင်းဘက်က ဖြစ်ခဲ့သည်။ ထို့ကြောင့် သူ၏ အတွေးများကဲ့သို့ပင် သူ၏ မျက်နှာထားမှာ ကျောက်ကျရေကဲ့သို့ပင် ကြည်လင်နေခဲ့သည်။ သူ၏ အပြုအမူများ လန်းဆန်းဖြတ်လတ်၊ ခန့်ညားနေခဲ့သည်။ သူ၏ မျက်နှာပေါ်တွင် အမြဲတစေတွေ့နိုင်သော မထိတထိ အပြုံးသည် စူးစမ်းလိုစိတ်၊ ချစ်ခင်မှုနှင့် ဆွဲဆောင်မှု တို့ကို ပြဆိုနေနိုင်ပေသည်။

## ဟာသဉာဏ် ရွှင်သူ

တင်မောင်ဦး ဟာသဉာဏ်ရွှင်သည်မှာ ငယ်ရွယ်စဉ်ကတည်းကပင် ဖြစ်သည်။ လှရွှေ သည် တင်မောင်ဦး၏ ညီငယ်များထဲတွင် တစ်ယောက်အပါအဝင်ဖြစ်သည်။ တင်မောင်ဦးက သူ့ကို 'နီတွတ်'ဟု ချစ်စနိုး ခေါ်ဝေါ်လေ့ရှိခဲ့သည်။ အစ်ကိုကြီးဖြစ်သူနှင့် အတူတကွ ရှိနေခဲ့စဉ် အချိန်များတွင် ကိုလှရွှေ အမှတ်ရသော ရယ်ရွှင်ဖွယ်ရာ အကောင်းဆုံး ဖြစ်ရပ်တစ်ခုမှာ ၁၉၇၀စုနှစ် ဝန်းကျင်ခန့်တွင် ဖြစ်ပွားခဲ့သည်။

တင်မောင်ဦး (၇)တန်း တက်ရောက်နေစဉ် တစ်နေ့တွင် သူသည် သူ၏ သူငယ်ချင်းများနှင့်အတူ မုန့်စားဆင်းချိန်တွင် အင်းယားကန်၌ ရေသွားကူးခဲ့ကြသည် (တင်မောင်ဦးသည် ငယ်ရွယ်စဉ်ကတည်းကပင် ရေကူးခြင်းကို အလွန်ဝါသနာထုံခဲ့သူ ဖြစ်သည်)။ ဤအကြောင်းကို အတန်းပိုင်ဆရာမနှင့် ကျောင်းအုပ်ဆရာမတို့က သိရှိသွားပြီး တင်မောင်ဦးနှင့် အပေါင်းအပါတို့အား ၎င်းတို့၏ မိဘများကို ကျောင်းသို့ခေါ်လာရမည် ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ၎င်းတို့ ကျောင်းထုတ်ခံရမည် ဖြစ်ကြောင်းတို့ကို ကျောင်းအုပ် ဆရာမက အမိန့်ပေးခဲ့သည်။ ဤတွင် ဖခင်လုပ်သူ၏ ဒေါသ အကြောင်း ကောင်းကောင်း သိထားသော တင်မောင်ဦးသည် ရင်းနှီးသော အသိမိတ်ဆွေတစ်ဦးထံ အကူအညီတောင်းခံလေတော့သည်။ ရခိုင်ကြီး ဟု နာမည်ရသူ အသိမိတ်ဆွေသည် တင်မောင်ဦးအဖေအရွယ်ခန့်ရှိပြီး ရခိုင်လူမျိုးတစ်ဦး ဖြစ်သည်။ ၎င်းတို့၏ အကြံအစည်မှာ တင်မောင်ဦးအဖေ အလုပ်ကိစ္စတစ်ခုဖြင့် ခရီးလွန်နေသည်ဟု အကြောင်းပြပြီး ရခိုင်ကြီးကို တင်မောင်ဦး၏ ဦးလေး အဖြစ် ဟန်ဆောင်စေကာ ဖအေလုပ်သူ၏ကိုယ်စား ရခိုင်ကြီးက ကျောင်းအုပ်ဆရာမနှင့် သွားတွေ့ရန် ဖြစ်သည်။

တင်မောင်ဦးနှင့် သူ၏ အတုအယောင်ဦးလေးတို့ ကျောင်းအုပ်ဆရာမကြီး ရုံးခန်းသို့ ရောက်သွားရာတွင် ဆရာမက တင်မောင်ဦး လုပ်ခဲ့သော အပြစ်များကို ပြောဆိုတိုင်တန်းသည်။ ကျောင်းအုပ်ဆရာမက ရခိုင်ကြီးနှင့် စကားမြည်စ ပြောဆိုရာတွင် ၎င်းသည် တင်မောင်ဦးလို မဟုတ်ဘဲ မြန်မာစကား ဝဲနေကြောင်းကို ရိပ်စားမိသည်။ ထို့ပြင် တင်မောင်ဦးနှင့် ရုပ်ရည်ခြင်းအားဖြင့်လည်း လားလားမျှ မတူကြကြောင်းကို သတိပြုမိခဲ့သည်။ သို့သော် ၎င်းတို့သည် သွေးသားနီးစပ် သော ဆွေမျိုးများဖြစ်ကြောင်း ကျောင်းအုပ်ဆရာမအား တဖြည်းဖြည်း နားဝင်အောင် ပြောဆိုနိုင်ခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဆရာမ၏ ရှေ့တွင် ရခိုင်ကြီးက တင်မောင်ဦးကို ပြောဆိုဆုံးမကာ "နောက်တစ်ခါ ဒီလိုဖြစ်ရင် ဆရာမကြီးနဲ့ကျနော်နဲ့ ပေါင်းပြီး ဆော်ကြမယ်"ဟု ကျောင်းအုပ်ဆရာမအား ပြောလေသည်။ မြန်မာစကားကို လည်လည်ဝယ်ဝယ် ပီပီသသ မပြောတတ်သည့် အပြင် ထိုကဲ့သို့သော အသုံးအနှုန်းများကို ထည့်ပြောသောကြောင့် ကျောင်းအုပ်ဆရာမကြီးမှာ အထာကောက်လွဲကာ အရှက်ရသွားခဲ့သည်။ စိတ်ဆိုးမန်ဆိုးဖြစ်သွားခဲ့သည်။ ထို့ကြောင့် ရခိုင်ကြီးမှာ ၎င်း၏ စကားအသုံးအနှုန်း မှားယွင်းမှုနှင့်

စပ်လျဉ်း၍ ရှင်းလင်းချက်များ ထုတ်ခဲ့ရသည်။ ဖြစ်ပျက်နေသော အခြေအနေ အရပ်ရပ်ကို ရိပ်စားမိသည့် တင်မောင်ဦးမှာ မအောင့်နိုင် မအီးနိုင် ရယ်ချလိုက်လေတော့သည်။

ထွက်ရပ်ပေါက် နေသူ ရသေ့တစ်ပါးအလား ဝတ်စားဆင်ယင်တတ်သည့် လူတစ်ဦး တခါက တင်မောင်ဦးမိသားစု၏ အိမ်ချင်းကပ်ရပ်တွင် နေထိုင်ခဲ့ဘူးသည်။ ပတ်ဝန်းကျင်ရှိ အိမ်နီးနားချင်းများက ၄င်းကို အကြားအမြင်ကောင်းသူ၊ ဗေဒင်ဟော တတ်သူတစ်ဦးအဖြစ် ယုံကြည်ခဲ့ကြသည်။ ညအချိန်ရောက်လျှင် သူသည် ဘုရားစာလည်းမဟုတ် ပါဠိစာလည်း မဟုတ်သည့် ဂါထာကဲ့သို့သော စာများကို ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ဆိုရွတ်ဖတ်လေ့ရှိသည်။ ထိုအချိန်တွင် (၁၀)တန်း စာမေးပွဲ ဖြေရန် ပြင်ဆင်နေသူ တင်မောင်ဦးက ညပိုင်းများတွင် စာကို အာရုံစိုက်ကြည့်ရသဖြင့် အယောင်ဆောင်ရသေ့၏ ရွတ်ဖတ်သံ များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။

ဤသို့ဖြင့် တစ်နေ့တွင် အဆိုပါ အယောင်ဆောင်ရသေ့ကို အနှောင့်အယှက်ပေးရန်အတွက် တင်မောင်ဦး အကြံ အစည်တစ်ခု ရလာခဲ့သည်။ လမိုက်ညတစ်ညတွင် တင်မောင်ဦးနှင့် လှရွှေတို့သည် အမှောင်ထုကို အားပြုကာ ၄င်း၏ခြံဝင်း အနားသို့ တိတ်တဆိတ် ကပ်သွားကြပြီး မြေခဲစာများဖြင့် အိမ်ခေါင်မိုးပေါ်သို့ ပစ်ပေါက်ကြလေတော့သည်။ ဝရံတာ၌ ဂါထာမန္တန်များကို ကျယ်လောင်စွာ ရွတ်ဖတ်နေသော အယောင်ဆောင်ရသေ့သည် သူ၏ အိမ်ခေါင်မိုးပေါ်မှ အသံများကြောင့် ရုတ်တရက် တိတ်ဆိတ်သွားပြီး ပတ်ဝန်းကျင်အနီးအနားသို့ ပြူးတူးပြဲတဲ ကြည့်လေသည်။ ၄င်း၏ ပတ်ဝန်းကျင်တွင် သက်ရှိတစ်ကောင်တစ်မြီးကိုမျှ မတွေ့ရသည့်အခါ ဂါထာများကိုသာ ပိုမိုကျယ်လောင်စွာ ကုန်းရွတ်တော့သည်။ ညီအစ်ကို နှစ်ဦးကလည်း မြေခဲစာများကို ထပ်မံပစ်တင်ပြီး အနီးအနားရှိ သစ်ပင်နှင့် ခြုံပုတ်များကို လှုပ်ခတ်ရာတွင် အယောင်ဆောင် ရသေ့က သရဲခြောက်ခံနေရသည်ဟု ထင်မှတ်ကာ ဂါထာရွတ်ဆိုခြင်းကို ချက်ခြင်းရပ်လိုက်ပြီး ကြောက်ကြောက်လန့်လန့်ဖြင့် ၄င်း၏အိပ်ခန်းထဲသို့ ဝင်ရောက်သွားခဲ့သည်။ ထိုအချိန်မှစ၍ ၄င်း၏ ဂါထာရွတ်ဖတ်သံများ လုံးဝမကြားရတော့ချေ။ တင်မောင်ဦးနှင့် လှရွှေတို့က ဤအဖြစ်အပျက်ကို ကြည့်ကာ တိုးတိုးကြိတ်ရယ်မောခဲ့ကြရသည်။

တင်မောင်ဦးနှင့် ပတ်သက်၍ ရယ်ရွှင်ဖွယ်ရာကောင်းသော ဖြစ်ရပ်နောက်တစ်ခုမှာ ဤသို့တည်း။ တစ်နေ့တွင် တက္ကသိုလ် ကျောင်းမှ မြေပြန့်ချင်းလူမျိုး အုပ်စုတစ်စုသည် ပျော်ပွဲစားခရီး ထွက်ခဲ့ကြသည်။ တင်မောင်ဦး တက်ရောက် နေသော အတန်းမှ တက္ကသိုလ်ကျောင်းသူကျောင်းသားများအပြင် သုနာပြုသင်တန်းမှ ကျောင်းသူကျောင်းသားများနှင့် အထက်တန်း ကျောင်းသူ ကျောင်းသားများလည်း ပါဝင်ခဲ့ကြသည်။ တင်မောင်ဦးက ညီမငယ် မလှမြိုင်ကို ၄င်းတို့နှင့်အတူ လိုက်ခဲ့ရန်ခေါ်ရာ မလှမြိုင်ကလည်း သဘောတူညီခဲ့သည်။ အပန်းဖြေစခန်း ရောက်သည့်အခါ သတင်းစကားလက်ဆင့်ကမ်း ကစားနည်းတစ်ခုကို ကစားကြသည်။ ထိုကစားနည်းအရ ကျောင်းသူကျောင်းသားများသည် မြေကွက်လပ်တစ်ခုတွင် ဝိုင်းထိုင်ကြရသည်။ အားလုံး အဆင်သင့်ဖြစ်သည့်အချိန်တွင် ဝိုင်းထဲမှ တစ်စုံတစ်ယောက်က စတင်၍ စကားတစ်ခွန်းကို ၄င်း၏ နဘေးကပ်လျက်တွင်ရှိနေသူအား နှစ်ဦးကြား တီးတိုးပြောလိုက်ရသည်။ ထိုသူကတဖန် မိမိနဘေးတွင် ရှိနေသူအား အဆိုပါ သတင်းစကားကို တီးတိုး လက်ဆင့်ကမ်းလိုက်ရသည်။ ဤသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် ပြောသွားကာ နောက်ဆုံး လူထံ၌ ရရှိသော သတင်းစကားသည် နဂိုမူလက ထွက်လာသော သတင်းစကားနှင့် ကွဲပြားနေကြောင်းကို ရိပ်စားမိကြကာ ရယ်မောပျော်ရွှင်ရသော ကစားနည်းတစ်ခုသည်။ သို့သော် တင်မောင်ဦးက သတင်းစကားကို ရရှိပြီး၍ အခြားသူတစ်ဦးအား လက်ဆင့်ကမ်း တီးတိုးပြောလိုက်သည့်အခါတိုင်းတွင် ထိုသူသည် မအောင့်နိုင်မအီးနိုင် ရယ်မောကာ အတောမတတ်နိုင်တော့ သောကြောင့် ကစားနည်းကို အစက ပြန်စခဲ့ရသည်ချည်းသာ ဖြစ်သည်။ တင်မောင်ဦးက ဘေးလူကို မည်ကဲ့သို့ ပြောလိုက် ကြောင်း မသိရသော်လည်း ၄င်းသည် အလွန်ဟာသမြောက်မည်မှာ သေချာသည်။ တင်မောင်ဦးသည် ဟာသဉာဏ်ရွှင်သူ တစ်ဦး ဖြစ်သည်ကို အဆိုပါ အချင်းအရာက သက်သေပြနေခဲ့သည်။

တင်မောင်ဦးသည် မိမိပိုင်ဆိုင်ထားသော ဟာသဉာဏ်စွမ်းဖြင့် မိသားစုဝင်များနှင့် သူငယ်ချင်း အပေါင်းအသင်းများ အား ရယ်ရွှင်ဖွယ်ရာမျိုးစုံတို့ကို ပေးစွမ်းခဲ့သည်။ တင်မောင်ဦးနှင့်အတူ နေရသူများသည် မိမိတို့၏ နေ့စဉ်ဘဝများ ပိုမို၍ လန်းဆန်းတက်ကြွမှုရှိသည်၊ အပြုသဘောဆောင်ပြီး တိုးတက်မှုများ ရရှိနေသည် ဟူ၍ ခံစားခဲ့ကြရသည်။ တင်မောင်ဦး၏ ပင်ကိုယ်စိတ်ရင်းကို အခြေခံ၍ ပြောရမည်ဆိုလျှင် ၎င်းသည် လူ့ဘဝ၏ ပျော်ရွှင်မှု သုခများကို အရိုးခံစိတ်ဖြင့် တစိုက်မတ်မတ် ရှာဖွေနေခဲ့ရုံသာမကဘဲ မိမိရရှိခံစားနေရသော ပျော်ရွှင်မှုများအား အခြားသူများနှင့်လည်း မျှဝေခံစားခဲ့သူတစ်ဦး ဖြစ်သည်။ တင်မောင်ဦးသည် မိတ်ဆွေရောင်းရင်းများကို ကောင်းမွန်စွာ ဆက်ဆံခဲ့ရုံသာမကဘဲ ရန်သူပြိုင်ဘက်များအပေါ်၌လည်း မလိုမုန်းထားစိတ် ရှိခဲ့သူတစ်ဦး မဟုတ်ချေ။ စိတ်နှလုံး ဖြူစင်သန့်ရှင်းသူ ဟုဆိုလျှင် မှားမည်မဟုတ်ပါ။ အဆိုပါ စင်ကြယ်မှု များကို တင်မောင်ဦးက မည်ကဲ့သို့ ရရှိပိုင်ဆိုင်လာခဲ့ကြောင်းကို မည်သူမျှ မသိရှိခဲ့ချေ။ သို့တည်းမဟုတ် ထိုအချင်းအရာသည် သူ၏ ပင်ကိုယ်စရိုက် ပင်လော။ သူ၏ ကြိုးစားကျင့်ကြံမှုကြောင့် ဖြစ်ရှိလာခဲ့သည့် ရလာဒ်တစ်ခုလော။

တင်မောင်ဦးသည် ‘ကြောက်ရွံ့စိတ်’ကို အရင်းခံ၍ ‘ခွင့်လွှတ်စိတ်’ရှိနိုင်ရန် ကျင့်ကြံခဲ့ခြင်း မဟုတ်သကဲ့သို့ ‘ကိုယ်ကျိုးအတွက် ကြည့်သောစိတ်’ကို အရင်းခံ၍ ‘ပဋိပက္ခများ’ကို ရှောင်ရှားခဲ့သူတစ်ဦး မဟုတ်ချေ။ ‘လူသားဖြစ်မှု’၊ ‘လူ့ဂုဏ်သိက္ခာ’နှင့် ‘လူ့တန်ဖိုး’တို့ကို အကာအကွယ်ပေးနိုင်ရန်အတွက် သူသည် ရန်သူများက စိန်ခေါ်လာသည့် အခါတိုင်းတွင် ရှောင်ပြေးခဲ့သူ မဟုတ်ဘဲ ရဲရဲဝံ့ဝံ့ တုန့်ပြန်တိုက်ခိုက်ခဲ့သူ ဖြစ်သည်။ သို့ဖြစ်သောကြောင့်လဲ သူ့ကို ရဲရင့်သော ကျောင်းသားခေါင်းဆောင် တစ်ဦးအဖြစ် ထိုခေတ်ရှိ လူအများတို့က အသိအမှတ်ပြု၊ လေးစားခဲ့ကြခြင်းဖြစ်သည်။ သို့သော်လည်း တင်မောင်ဦးသည် သူ၏ မီးလောင်မြိုက်နေသော စိတ်နှလုံးဖြင့် ရန်သူများကို တိုက်ခိုက်ခဲ့ခြင်း မရှိချေ။ အမုန်းတရား၊ မလိုမုန်းထားမှုနှင့် ဒေါသများဖြင့် ပြည့်နေသော စိတ်နှလုံးသည် မီးလောင်မြိုက်နေသော စိတ်နှလုံးပင် ဖြစ်သည်။ သန့်စင်အေးမြ ကြည်လင်နေသော ရေနှင့် အလားတူသည့် စင်ကြယ်သော စိတ်နှလုံးဖြင့် ရန်သူရန်ဘက်များကို ရင်ဆိုင်ခဲ့သည်။ လူတစ်ယောက်သည် မိမိ၏ အတွင်းစိတ်ကို သန့်စင်အောင် ကျင့်ကြံလုပ်ဆောင်နိုင်ပါက ထိုသူသည် စိတ်နှလုံးတွင် စင်ကြယ်မှုနှင့် တည်ငြိမ်မှုတို့ကို ရရှိနိုင်ပေသည်။ တင်မောင်ဦးသည်လည်း အဆိုပါ စိတ်အခြေအနေကို ရရှိခဲ့ခြင်းဖြစ်သည်။ အံ့သြဖွယ်ရာကောင်းသည်မှာ စိတ်နှလုံး စင်ကြယ်မှုသည် သူ၏ အသိစိတ် (သို့မဟုတ်) မသိစိတ်ထဲ၌ ဖြစ်နေခဲ့ခြင်းပင် ဖြစ်သည်။ တစ်ကိုယ်ကောင်းမဆန်ဘဲ မျှဝေလိုသော အသိစိတ် ရှိပုံ၊ သဘာဝပတ်ဝန်းကျင်အပေါ် လေးစားမှု ရှိပုံ၊ ပျော်ရွှင် နောက်ပြောင်တတ်သော အပြုအမူများနှင့် အမုန်တရားဘက်က ရပ်တည်ကာ ရဲစွမ်းသတ္တိအပြည့်ဖြင့် လုပ်ကိုင် ဆောင်ရွက် လိုစိတ် ရှိပုံ အစရှိသော သူ၏ စိတ်နှလုံး စင်ကြယ်မှု လက္ခဏာများကို မိသားစုဝင်များနှင့် မိတ်ဆွေရောင်းရင်းများက ပိုမို သတိပြုမိခဲ့သည်။ ဤသည်မှာ တင်မောင်ဦး၏ ပင်ကိုယ် ထူးခြားချက်တစ်ခုပင် ဖြစ်သည်။

## ၂

# လူသားခြင်းစာနာမှုစိတ်ဓါတ်ကို လက်တွေ့ ကျင့်သုံးခြင်း

### ဆန်စပါး ရှားပါးမှု ပြဿနာ

၁၉၆၇ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ၏ ငွေကြေးဖေါင်းပွမှုမှာ မိုးပျံနေခဲ့သည်။ တိုင်းပြည်၏ ဈေးကွက်ထဲတွင် ဆန်စပါး ပြတ်လတ်ခဲ့ပြီး ပြည်သူပြည်သားအပေါင်းတို့ မိမိတို့၏ မိသားစုဝင်များကို ဆက်လက်ကျွေးမွေးထားနိုင်ရန်အတွက် ဝေးလံသောနေရာများတွင် ဆန်အဝယ်ရှာထွက်ခဲ့ရသည်။ စက်နက်ပစ္စည်းများ ဝယ်ယူရန်အတွက် ဗိုလ်ချုပ်နေဝင်းသည် နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ဆန်စပါးကို အလွန်အကျွံ ရောင်းထုတ်ခဲ့သည်ဟု ပြည်သူလူထု အတွင်း ကောလဟာလ သတင်းများ ထွက်ခဲ့သည်။ စီးပွားရေး အကြပ်အတည်းမှာ အဆိုးဆုံးအခြေအနေသို့ ရောက်ရှိသွားပြီး နိုင်ငံအတွင်းတွင် စီးပွားပျက် ကပ်ဆိုက်ခဲ့သည်။ မြန်မာနိုင်ငံတွင် လူနည်းစုဖြစ်သော တရုတ်လူမျိုးများကို စီးပွားရှာရာ၌ ကျွမ်းကျင်သူများအဖြစ် လူအများတို့က ထင်မြင်ယုံကြည်ခဲ့ကြသည်။ ကောက်ကျစ်စဉ်းလဲသော ဗိုလ်ချုပ်နေဝင်းက ဆန်စပါး ရှားပါးမှုအတွက် တရုတ်လူမျိုးများကို အပြစ်ပုံချပြီး တရုတ်လူမျိုးများသည် စီးပွားရေး လုပ်ငန်းနှင့် ပတ်သက်လာလျှင် လောဘကြီးသော လုပ်ငန်းရှင်များ ဖြစ်ကြသည်ဟု နေဝင်းက ထုတ်ဖေါ်ပြောဆိုခဲ့သည်။

ရန်ကုန်မြို့ အထက်တန်းကျောင်းတစ်ကျောင်းတွင် တရုတ်လူမျိုး ကျောင်းသူကျောင်းသားအချို့သည် ကွန်မြူနစ် ခေါင်းဆောင်ကြီး မော်စီတုန်း၏ ရုပ်ပုံပါရှိသော ရင်ထိုးများကို ၄င်းတို့၏ ကျောင်းအင်္ကျီများတွင် တပ်ဆင်ခဲ့ကြသည်။ မော်စီတုန်းကို အားကျပြီး ကွန်မြူနစ်စနစ်အပေါ် သစ္စာရှိကြောင်း တစုံတရာပြသကြသည်မှာ ထိုအချိန်က တရုတ်လူမျိုး ကျောင်းသူကျောင်းသားများအတွက် အဆန်း မဟုတ်ခဲ့ချေ။ အဆိုပါ ရင်ထိုးကို ကျောင်းသူကျောင်းသားများ ဝတ်ဆင်ခွင့် မရှိကြောင်းနှင့်စပ်လျဥ်း၍ အစိုးရဝန်ထမ်း မြန်မာကျောင်းဆရာမက ပြောသောအခါ တရုတ်ကျောင်းသူကျောင်းသားများ စိတ်ညှိုညင်ခဲ့ရသည်။ နောက်ပိုင်းတွင် တရုတ်ကျောင်းသားများက မြန်မာကျောင်းဆရာမကို သတ်ပြီး ကျောင်းရှိ ဗီရိုထဲ ထည့်ထားခဲ့သည် ဆိုသော သတင်းများ ထွက်ပေါ်လာခဲ့သည်။ ထိုသတင်းအပါအဝင် အခြားသော ကောလဟာလများသည် ပြည်သူလူထုအတွင်း တမဟုတ် ပျံ့နှံ့သွားခဲ့သည်။

ဆန်စပါး ပြတ်လတ်မှုအပေါ် လူထုက မချင့်မရဲဖြစ်နေချိန်တွင် တိုင်းပြည်တခွင်၌ ဖြစ်ပွားနေခဲ့သော လုယက်မှုများနှင့် စပ်လျဥ်း၍ ဗိုလ်ချုပ်နေဝင်းက တရုတ်လူမျိုးများကို အပြစ်ဖို့ခဲ့ပြန်သည်။ ဤသို့ဖြင့် မြန်မာပြည်သူပြည်သားတို့၏ ဒေါသအိုး ပေါက်ကွဲခဲ့ရသည်။ လူအုပ်ကြီးများသည် တရုတ်လူမျိုးများ ပိုင်ဆိုင်သော အိမ်ယာများကို မီးရှို့ဖျက်ဆီးပြီး တရုတ်လူမျိုးများကို စတင် သတ်ဖြတ်ရာမှ လူမျိုးတုံး သတ်ဖြတ်မှု အခြေအနေအထိ ရောက်ရှိခဲ့သည်။ တရုတ်လူမျိုးများ အသက်လု၍ ရှောင်ပြေး ခဲ့ကြရသည်။ ၄င်းတို့၏ အကျိုးရလာဒ်ကြောင့် မြို့ပြဒေသများရှိ တရုတ် စီးပွားရေးလုပ်ငန်းများ အားလုံးနီးပါး ပြုတ်ပြုတ်ပြန်း ခဲ့ရပြီး လူ့အသိုင်းအဝိုင်းအတွင်းရှိ အပြစ်မဲ့သူများမှာလည်း မတရားသဖြင့် ဆက်ဆံခြင်းခံခဲ့ရသည်။

### တရုတ် မိသားစုကို ကယ်တယ်ခြင်း

ထိုအချိန်တွင် အသက်(၁၅)နှစ် ရှိပြီဖြစ်သော တင်မောင်ဦးသည် လူအုပ်ကြီး၏ လုပ်ရပ်ကို စောင့်ကြည့်နေခဲ့သည်။ လူအုပ်ကြီးသည် တစ်အိမ်တက် တစ်အိမ်ဆင်းကာဖြင့် တရုတ်လူမျိုးများ ပိုင်ဆိုင်သော အိမ်များကို မီးရှို့ကြသည်။ မီးလောင်နေသည့် အိမ်အတွင်းမှ လူများ ပြေးထွက်လာသောအခါ လူအုပ်ကြီးက အပြင်မှစောင့်၍ ဝိုင်းရိုက်ကြသည်။ ပြေးလွှားနေသော တရုတ်မိသားစုတစ်စု၏ တွန်းတိုက်မှုကြောင့် တင်မောင်ဦးသည် လမ်းဘေးသို့ ယိမ်းယိုင်လဲကျသွားမလို ဖြစ်ခဲ့ရသည်။ ကံကောင်းထောက်မသဖြင့် ထိုမိသားစုသည် လူအုပ်ကြီးက မီးရှို့ဖျက်ဆီး ရှာဖွေပြီးသွားသော အိမ်တစ်အိမ်၏ ထောင့်တစ်နေရာတွင် ပုန်းခိုနေနိုင်ခဲ့သည်။ ကြောက်ရွံ့မှုအတိဖြင့် ဖြူဖတ်ဖြူရော်ဖြစ်နေသော တရုတ်လူမျိုးတို့၏ မျက်နှာများကို တင်မောင်ဦးတသက် မမေ့နိုင်ခဲ့ချေ။ ရှဥ့်ကြွက်တိရစ္ဆာန် များကဲ့သို့ပင် ၎င်း၏ မိသားစုသည်လည်း နောက်မှ လိုက်လံသတ်ဖြတ် မီးရှို့ခြင်းခံခဲ့ရလျှင် မည်သို့ဖြစ်မည်နည်း ဟူသော အတွေးမှာ တင်မောင်ဦး ခေါင်းထဲ ဝင်လာသည်။

မိမိ ယခင်က သိကျွမ်းခဲ့ ဘူးခြင်း မရှိသော တရုတ်မိသားစုအပေါ် ဂရုဏာသက်သွားသည်။ ထိုမိသားစု ခိုအောင်းနေရာအိမ် ရှိရာဘက်သို့ လူအုပ်ကြီး နောက်တစ်အုပ် ရောက်လာချိန်တွင် တင်မောင်ဦးက ခြံတံခါးဝ၌ရပ်ကာ ဤအိမ်၌ မည်သူမှ မရှိတော့ သောကြောင့် အခြားအိမ်သို့ ဆက်သွားကြပါဟု ပြောသည်။ လူအုပ်ကြီးက ထိုအိမ်ကို ကျော်ဖြတ်သွားပြီးသောအခါတွင် တင်မောင်ဦးသည် အိမ်တွင်းသို့ ပြေးဝင်သွားပြီး ထိုမိသားစုအား အခြားတစ်နေရာသို့ သွားသင့်ကြောင်း စိုးရိမ်တကြီး ပြောလေသည်။ ဤနည်းဖြင့် သူက အဆိုပါ တရုတ်မိသားစုဝင်များအားလုံး၏ အသက်ကို ကယ်တင်ခဲ့သည်။ တဖန် တင်မောင်ဦးသည် ရပ်ကွက်ထဲတွင် နေထိုင်သော တရုတ်သူငယ်ချင်း မိသားစု အိမ်တစ်အိမ်ကို သတိရကာ အကူအညီပေးနိုင်ရန်အတွက် အပြေးအလွှားသွားရောက်သည်။ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် အဆိုပါ သူငယ်ချင်းမိသားစု သွားရောက်ပုန်းခိုနိုင် စေရေးအတွက် အကူအညီပေးခဲ့ပြီး ဘုန်းကြီးကျောင်းတွင် ၎င်းတို့ ရက်သတ္တ တစ်ပတ်ခန့် ခိုအောင်းနေထိုင်ခဲ့ကာ အသက်ရှင် လွတ်မြောက်ခဲ့ကြသည်။

တင်မောင်ဦးသည် လူမျိုးဝါဒ မခွဲခြားဘဲ အားလုံးသည် 'လူသား'များဖြစ်သည် ဆိုသည့်အပေါ် အခြေခံကာ စဥ်းစားခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ၎င်းကို 'အမျိုးသားစိတ်ဓါတ်' မရှိသူတစ်ဦးဟု ဆို၍ မရနိုင်ချေ။ မိမိ တိုင်းပြည်ကို ချစ်မြတ်နိုးရန် လိုကြောင်းနှင့် အမိမြေ ကောင်းရာကောင်းကျိုးအတွက် လုပ်ဆောင်ရန်မှာ အရေးပါကြောင်းတို့ကို တင်မောင်ဦးက သူ၏ ညီငယ်၊ ညီမငယ်များကို သွန်သင်ပြောကြားလေ့ရှိခဲ့သည်။

သူသည် အလျှိုချင်း လူမျိုးတစ်ဦး ဖြစ်သော်လည်း မိမိကိုယ်ကို လူသားတစ်ဦးဖြစ်သည် ဟူသော ရှုထောင့်က အဓိကထား ကြည့်မြင်သည်။ ပြီးတော့မှသာလျှင် မိမိကိုယ်ကို မြန်မာနိုင်ငံသားတစ်ဦး အဖြစ်၊ တိုင်းရင်းသား လူမျိုးတစ်ဦး အဖြစ် ကြည့်မြင်သည်။ ကိုတင်မောင်ဦးသည် အလျှိုချင်းများ၏ ကောင်းရာကောင်းကျိုးအတွက်ကိုသာ အဓိက အလေးပေး စဥ်းစားခဲ့ခြင်း မဟုတ်။ တစ်ဦးကို တစ်ဦး လေးစားသမှုဖြင့်၊ ကြင်နာသနားစိတ်ဖြင့်၊ လူလူချင်း ကိုယ်ခြင်း စာနာသော စိတ်ဖြင့် ဆက်ဆံဆောင်ရွက်ရာတွင် တိုင်းရင်းသား လူမျိုးများအားလုံးသည် တန်းတူညီမျှ ဖြစ်သည်ဟု သူက ထင်မြင်သည်။ အဆိုပါကဲ့သို့သော နည်းလမ်းဖြင့် တစ်ဦးကိုတစ်ဦး ဆက်ဆံရာတွင် နိုင်ငံ၊ လူမျိုး ဟူသည့် စည်းမျဥ်းဘောင် ပိုင်းခြား ကန့်သတ်ထားခြင်းမရှိ ဟူသောသဘောပင်။ ထို့အတူပင် သူသည် မြန်မာနိုင်ငံလူဦးရေ၏ အများစုဖြစ်သော မြန်မာ လူမျိုးများ အကြားတွင် ကြီးပြင်းလာခဲ့ သော်လည်း လက်ရှိစစ်အစိုးရက ကျင့်သုံးနေသည့် မဟာမြန်မာလူမျိုးကြီးဝါဒကို မည့်သည့်အခါကမျှ လက်ခံခဲ့သူတစ်ဦး မဟုတ်ချေ။

တရုတ်–ဗမာ အရေးအခင်းတွင် လည်းကောင်း အခြား အဖြစ်အပျက်များတွင်လည်းကောင်း ကြည့်မည်ဆိုလျှင် ကိုတင်မောင်ဦးသည် မိမိ၏ စိတ်နှလုံးကို ယုံကြည်ကိုးစားပြီး ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် နေတတ်သူဖြစ်သည်ကို တွေ့နိုင်ပေသည်။ အပြင်လူများ၏ ဖိအားကြောင့် သူ၏ စိတ်နေသဘောထားများ အလွယ်တကူ ကိုင်းညွတ်သွားခြင်း မရှိ။ တရုတ်–မြန်မာအရေးအခင်းတွင် သူ၏ အပေါင်းအသင်းအချို့သည် တရုတ်လူမျိုးတို့၏ အိုးအိမ်စည်းစိမ် များကို ဖျက်ဆီးခြင်း၊ နေအိမ်များကို မီးရှို့ခြင်း စသည့် လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခဲ့ကြသည်။ စစ်အစိုးရကလည်း အတုအယောင် မြန်မာ မျိုးချစ်စိတ်နှင့်အညီ မြန်မာလူမျိုးတို့ဘက်မှနေကာ အဆိုပါလုပ်ရပ်များ ဖြစ်ပေါ်လာစေရေးအတွက် စီးလားလိုက်နေခဲ့ချိန် ဖြစ်သည်။ တင်မောင်ဦးမှာမူကား ထိုကဲ့သို့ မဟုတ်ခဲ့။ အခြား လူငယ်များ လုပ်သလို လိုက်မလုပ်ခဲ့။ အခြားသူများ အကြားတွင် မိမိနာမည် ပျက်သွားနိုင်သည်ကို မငဲ့ကွက်ဘဲလျက် တရုတ်မိသားစုဝင်များကို အကူအညီပေးခဲ့သည်။ ဤကဲ့သို့ ကူညီခြင်းသည် လူသားတစ်ဦးအနေနှင့် လုပ်သင့်လုပ်ထိုက်သည်ဟု ဟူဆသောကြောင့်ပင်။

## အမိ၊ အဖ များကို လေးစားဂုဏ်ပြုတတ်သူ

ကိုတင်မောင်ဦးထံ၌ ကိုကြည်ဝင်း ဟုခေါ်သော ငယ်သူငယ်ချင်း တစ်ယောက် ရှိခဲ့ဘူးသည်။ မိဘမဲ့ဖြစ်နေသူ ကြည်ဝင်းကို ငယ်စဉ်ကတည်းကပင် ကိုတင်မောင်ဦး၏ အိမ်နီးချင်း အမျိုးသမီးတစ်ယောက် မွေးစားခဲ့ခြင်းဖြစ်သည်။ ထိုအမျိုးသမီးက ကြည်ဝင်းကို ငယ်ရွယ်စဉ်ကတည်းကပင် မိခင်ရင်းသဖွယ် ပြုစုစောင့်ရှောက်လာခဲ့ခြင်းဖြစ်ပြီး ၎င်း ဂီတအိုင် ကျောင်းပြီးသည်အထိ ရှာကျွေးခဲ့သည်။ တစ်နေ့တွင် ထိုအမျိုးသမီးသည် အသက်ရွယ်ကြီးရင့်လာပြီး အသန်းအသန် ဖျားနာကာ ဆေးရုံပို့ရမည့် အခြေအနေအထိ ဖြစ်လာခဲ့သည်။ မိခင်အရင်း မဟုတ်သော အဖွားအိုကို ဆေးရုံပို့ရန်အတွက် ကားမှတ်တိုင်သို့ ပွေ့ချီခေါ်ဆောင်သွားရမည်ကို ရှက်မိသဖြင့် ကိုကြည်ဝင်းက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေခဲ့သည်။ ဤတွင် အခြေအနေ အလုံးစုံကို သိရှိသွားသော ကိုတင်မောင်ဦးက သူ၏ သူငယ်ချင်းအိမ်သို့ လာရောက်ကာ "ဒါက မင်းအမေအရင်း မဟုတ်ပေမယ့်လဲ မင်းကို ငယ်ငယ်လေးထဲက ကျွေးမွေးပြုစုလာတဲ့သူလေကွာ။ သူ့ကြောင့်မလို့ဘဲ မင်းက အခုလို လူလား မြောက်ပြီးတော့ ပညာတတ်တစ်ယောက် ဖြစ်လာခဲ့တာဘဲ မဟုတ်လား။ တကယ်ဆိုရင် သူက မင်းအမေအရင်းလိုပါဘဲ။ မင်းက သူ့အတွက် ဘာဖြစ်လို့ ရှက်နေရမှာလဲ။ မင်းကို မွေးစားခဲ့တဲ့အမေတစ်ယောက်၊ မင်း ကျေးဇူးရှင်တစ်ယောက် သေရေးရှင်ရေး ဖြစ်နေတဲ့အချိန်မှာ မင်းက တခြားလူတွေကို ဘာဖြစ်လို့ ဂရုစိုက်ရမှာလဲ။ မင်းအမေက သူတို့တတွေထက် အများကြီးပိုပြီး အရေးပါတဲ့သူလေကွာ။ မင်း ဒီလိုလုပ်နေဖို့ မသင့်ဘူး။ မင်းအမေကို ဆေးရုံပို့ရမယ်။ "ဟူ၍ ပြောခဲ့သည်။ ထို့နေ့တွင် ကိုတင်မောင်ဦးသည် ၎င်းတို့နှင့်အတူ ဆေးသို့ပင် အတူတကွ လိုက်ပါသွားခဲ့သေးသည်။

## လမ်းပေါ်က အဖွားအိုတစ်ဦးကို ကူညီဆောင်ရွက်ပေးခြင်း

၁၉၇၁ခုနှစ် ရန်ကုန်မြို့၏ ကားအရှုပ်ဆုံး လမ်းမတစ်ခုပေါ်တွင် မှတ်သားဖွယ်ရာကောင်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့သည်။ ဘတ်စကားတစ်စီးပေါ်မှ ဆင်းလာသူ အဖွားအိုတစ်ဦးသည် ဘတ်စကား၏ ရှေ့ပိုင်းမှနေ၍ လမ်းဖြတ်ကူးမည် အပြုတွင် ဘတ်စကား၏ နောက်ဘက်မှနေ၍ ဆိုင်ကယ်တစ်စင်းသည် အရှိန်ပြင်းပြင်းဖြင့် မောင်းလာသည်။ ထိုဆိုင်ကယ်က အဖွားအိုကို ပြင်းထန်စွာ တိုက်မိပြီး သူမသည် အဝေးတစ်နေရာသို့ လွင့်ကျသွားခဲ့သည်။ အနီးဝန်းကျင်ရှိ လူများသည် သွေးအိုင်ထဲ လဲနေသူ အဖွားအိုကို မျက်လုံးပြူးမျက်ဆံပြူးဖြင့် မှင်သေသေကာ ဒီအတိုင်း ဝိုင်းကြည့်နေခဲ့ကြသည်။ ထိုအချိန်

တွင် ကိုတင်မောင်ဦးသည် လူအုပ်ကြားထဲသို့ တိုးဝင်လာပြီး မူးမေ့လဲကျနေသော အဖွားအိုကို ညင်သာစွာ ပွေ့လိုက်ကာ "ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ။ သူ့ကို ချက်ချင်းဆေးရုံပို့ရမယ်လေ။"ဟု အော်လေတော့သည်။ ဤသို့မှသာလျှင် လူအုပ်ကြီးက အသက်ဝင်လာပြီး အဖွားအိုကို ဆေးရုံပို့ရန် အမြန်ဆုံး စီစဉ်ခဲ့ကြသည်။ အဖွားအို၏ ဒဏ်ရာမှ သွေးများက သူ၏ အင်္ကျီတွင် စွန်းကျံနေသည်ကို အမှုမထားဘဲလျှက် ကိုတင်မောင်ဦးသည် အဖွားအိုကို ဆေးရုံရောက်သည်အထိ ကားပေါ်တွင် ပွေ့ချီထားပေးခဲ့သည်။ ဆေးရုံသို့ရောက်သည့် အခါတွင် အဖွားအိုအတွက် အရေးပေါ် အသုံးပြုနိုင်ရန်ဆိုကာ မိမိအိပ်ကပ်ထဲ၌ ပါလာသောငွေအချို့ကိုပင် ကိုတင်မောင်ဦးက ထားရစ်ခဲ့ပေးသေးသည်။ ကံကောင်းထောက်မသဖြင့် ထိုအဖွားအိုသည် ဆေးရုံ၌ ရက်အနည်းကြာ ဆေးကုသမှု ခံယူပြီးသည့်နောက်တွင် ပြန်လည်သက်သာ ကောင်းမွန်လာခဲ့သည်။

### အိမ်နီးနားချင်းများကို ကယ်တယ်ခြင်း

နောက် အဖြစ်အပျက်တစ်ခုမှာ တင်မောင်ဦး (၁၀)တန်းပြီးခါစ နွေရာသီကာလ၏ လမိုက်ညတစ်ညတွင် ဖြစ်ပွားခဲ့သည်။ ရပ်ကွက်ထဲတွင် တစုံတရာ ငွေကြေးကုံလုံမှုရှိသော မိသားစုတစ်စု ဓါးပြတိုက်ခံခဲ့ရသည့် ဖြစ်ရပ် ဖြစ်သည်။ ထိုမိသားစု တစ်စုသည် အခြားနေအိမ်များမှ ဝေးလံ၍ ချောင်ကျသောအိမ်တစ်လုံးတွင် နေထိုင်သည်။ ၎င်းအနီးအနား ပတ်ဝန်းကျင်တွင် စပါးခင်းများဖြင့်ပြည့်နေပြီး စပါးပင်များ ရင့်မှည့်နေကြချိန် ဖြစ်သည်။ တစ်ညတွင် "ကယ်ကြပါဦး။ ကယ်ကြပါဦး။"ဟူသော အော်သံတစ်ခု ထိုမိသားစုအိမ်မှာ ထွက်ပေါ်လာသည်။ ၎င်းတို့ ဓါးပြတိုက် ခံနေခဲ့ရခြင်းပါ။ ထိုမိသားစု၏ ပိုက်ဆံနှင့် လက်ဝတ်ရတနာများ သိုမှီးထားရာ နေရာကို သိရှိနိုင်ရေး အတွက် သူခိုးဓါးပြများက အိမ်ရှင်များကို ရိုက်နှက်စစ်ကြော နေခဲ့သည်။ ဖြစ်ပျက်နေသော အခြေအနေကို အိမ်နီးချင်းများက ရိပ်စားမိသော်လည်း ဘာလုပ်၍ ဘာကိုင်ရမှန်း မသိခဲ့ကြ။

ဤသို့ဖြင့် ရပ်ကွက်ထဲ၌ အားအင်သန်စွမ်းသတ္တိရှိသူဟု နာမည်ကျော်ကြားသော တင်မောင်ဦး၏ နေအိမ်သို့ လူအချို့က သွားရောက် အကူအညီတောင်းခံကြသည်။ ဓါးပြတိုက်ခံနေရသော အိမ်သည် ကိုတင်မောင်ဦးနေအိမ်မှဆိုလျှင် မိုင်တဝက်ခန့် ဝေးကွာသည်။ ကိုတင်မောင်ဦးက လက်နှိပ်ဓါတ်မီးနှင့် လှံတစ်ချောင်းကိုဆွဲကာ ၎င်းတို့နှင့်အတူ ချက်ချင်းလိုက်လာခဲ့သည်။ ဓါးပြတိုက်ခံနေရသော မိသားစုအတွက် မည်သို့ အကူအညီပေးရမည်ကို ၎င်းတို့က ဆွေးနွေးတိုင်ပင်နေကြချိန်တွင် အခြားသော အိမ်နီးချင်းများလည်း လာရောက်စုဝေးကြရာ၌ စုစုပေါင်း လူ အယောက်(၂၀)ခန့်ရှိသွားသည်။ ၎င်းတို့အထဲတွင် ကိုလှရွှေလည်း ပါဝင်သည်။ ကိုတင်မောင်ဦးက ၎င်းတို့ကို "အားလုံးနားထောင်ကြ။ ကျနော်တို့ အဲဒီအိမ်နားကို သွားကြမယ်။ ဒါပေမယ့် ကျနော်တို့ ဘာသံမှမထွက်ဘဲ တိတ်တိတ်လေး သွားဖို့ လိုတယ်နော။ အဲဒီအိမ်ရောက်တော့မှ မီးစင်ကြည့် ကကြတာ ပေါ့ဗျာ။"ဟုပြောသည်။ ဤသို့ဖြင့် လူအုပ်ကြီးသည် သစ်ပင်များဖြင့် ပိတ်ဖုံးနေသော ထိုအိမ်ရှိရာဆီသို့ တိတ်တဆိတ် ချဉ်းကပ်သွားကြသည်။ ရပ်ကွက်အတွင်း မီးအလင်းရောင် မရှိသောကြောင့် လမ်းများမှာ ပိန်းပိတ်အောင် မှောင်နေကြသည်။ အိမ်နားသို့ရောက်သည့်အခါတွင် ငိုယိုမြည်တမ်းကာ အသက်ချမ်းသာပေးရန် သူခိုးဓါးပြများထံမှ အသနားခံတောင်းဆို နေသော အိမ်ရှင်အမျိုးသမီး၏ အသံကို အတိုင်းသားကြားလိုက်ရသည်။ ထိုအချိန်တွင် ဓါးပြတစ်ဦးသည် အိမ်ပြင်ဘက်မှ လက်နှိပ်ဓါတ်မီးအလင်းရောင်တစ်ခုကို သတိပြုမိသွားသည်။ ဤတွင် ဓါးပြများက လေထဲသို့ သေနတ်နှစ်ချက် ပစ်ဖေါက်ကာ "ဒီအိမ်နား လာတဲ့လူတွေ အားလုံး မသာဖြစ်သွားမယ်"ဟု အော်ဟစ်ခြောက်လှန့်ခဲ့သည်။

လူအုပ်ကြီးက ရှေ့ဆက်မတိုးတော့ဘဲ ရပ်လိုက်သည်။ အခြေအနေမှာ ထင်ထားသည်ထက် ပိုဆိုးနေသည်ကို တင်မောင်ဦးက ရိပ်စားမိသောအခါ အားလုံး၏ လက်နှိပ်ဓါတ်မီးများ ပိတ်ကာ တိတ်တိတ်လေးနေရန် ပြောလိုက်သည်။

ထို့နောက် သူက ချက်ချင်း ''ကျနော် အကြံတစ်ခု ရပြီ''ဟုဆိုကာ ခွန်အားဗလကောင်းမွန်သော အိမ်နီးချင်း လူငယ်(၃) ယောက်ကို သွားခေါ်ပြီး ၎င်းတို့ကို ဝါးလုံးရှည်များ၊ အဝတ်စနှင့် ရေနံဆီတို့ကို အရှာထွက်စေသည်။ လူငယ်(၃)ယောက် ကလည်း အမှောင်ထုထဲသို့ ပြေးဝင်သွားကာ အနီးအပါးရှိ အိမ်ခြံများမှ မွှေနှောက်ရှာဖွေလေတော့သည်။ တခဏအကြာတွင် ၎င်းတို့သည် ဝါးလုံးရှည်(၃)ချောင်း၊ အဝတ်စအချို့နှင့် ရေနံဆီတို့ကို ကိုင်ကာ ပြန်လည်ရောက်ရှိလာသည်။ ဝါးလုံးများမှာ (၁၀)ပေခန့် အရှည်ရှိကြသည်။ တင်မောင်ဦးက ရေနံဆီစိမ်ထားသော အဝတ်စတစ်ခုကို ဝါးလုံးရှည်၏ တဘက်ထိပ်တွင် ပတ်လိုက်ကာ ဝါးလုံး၏ အခြားတဖက်ကို ခါးဖြင့် ချွန်နေအောင် လုပ်သည်။

ထို့နောက် တင်မောင်ဦးက အဆိုပါလူငယ်(၃)ယောက် ဝါးလုံးရှည် တစ်ယောက်တစ်ချောင်းစီပေးကာ ခါးပြတိုက်ခံ နေရသည့် အိမ်နောက်ဖေးမှ ၎င်တို့ကို တိတ်တဆိတ်ဝင်ရောက်သွားစေကာ ဝါးလုံးရှည်များကို အိမ်၏ နဘေး တဘက်တချက်ရှိ မြေကြီးထဲ၌ စိုက်ရန် ပြောသည်။ လူငယ်(၃)ဦးသည် အမှောင်ထု၏ အကာအကွယ်ဖြင့် စပါးခင်းများကို ဖြတ်ကာ အိမ်မှ ပေပေါင်း(၂၀)ခန့်ရောက်သည့်အခါကို အိမ်ကို ဝိုင်းရံလိုက်ကြသည်။ လက်ဝတ်ရတနာများ သိမ်းဆည်းထားသော နေရာကို သိရှိနိုင်ရန်အတွက် ရိုက်နှက်တောင်းခံနေသည့် အသံများ မစဲသေးချေ။ ''ဒီလို မလုပ်ကြပါနဲ့ရှင်။ မလုပ်ကြပါနဲ့။''ဟူ၍ ခါးပြများကို အသနားခံနေသည့် အိမ်ရှင်မိသားစု၏ အသံများကို ကြားနေရသည်မှာ လည်း စိတ်မချမ်းမြေ့စရာပင်ဖြစ်သည်။ လူငယ်(၃)ဦးက ဝါးလုံးရှည်များကို စိုက်ပြီးသည့်နောက်တွင် လူအုပ်ကြီးရှိရာသို့ ပြန်လည့်လာခဲ့သည်။ ဤတွင် တင်မောင်ဦးက လူငယ်(၃)ဦးအပါအဝင် လူအုပ်ကြီးကို တိတ်တဆိတ်နေရန် ပြောသည်။ ထို့နောက်သူသည် ဝါးတိုင်များရှိရာသို့ အလျှင်အမြန် သွားရောက်ပြီး ဝါးတိုင် တစ်တိုင်ပြီးတစ်တိုင် မီးညှိကာ လူအုပ်ကြီးရှိရာသို့ ပြန်ပြေးလာခဲ့သည်။

ဝါးတိုင် မီးစများမှလာသော အလင်းရောင်သည် အမှောင်ထုထဲတွင် အိမ်တစ်အိမ်လုံးကို ထွန်းလင်းသွားစေကာ ခါးပြများသည် မီးအလင်းရောင်အောက်၌ ဘွင်းဘွင်းကြီး ပေါ်လာလေသည်။ ရုတ်တရက်ဆိုသလို ခါးပြများသည် အံ့အားသင့် သွားခဲ့ကြပြီး ၎င်းတို့သည် ဇာတ်ခုံပေါ်၌ ရောက်ရှိနေသကဲ့သို့ဖြစ်သွားသည်။ အိုးနင်းခွက်နင်းဖြစ်နေသော ခါးပြများအားလုံးကို လူအုပ်ကြီးက မြင်နိုင်သော်လည်း ခါးပြများမှာမူ မှောင်မဲနေသော အိမ်အပြင်ဘက်သို့ လုံးဝမမြင်နိုင်ခဲ့ကြချေ။ တင်မောင်ဦးက လူအုပ်ကြီးကို အော်ဟစ်ကြရန်၊ ပုံးများ၊ ခွက်များကို တီးခေါက်ကြရန်နှင့် ရုန့်ကြမ်းကျယ်လောင်သော အသံဗလံများ လုပ်ကြရန်ပြောသောအခါ ပတ်ဝန်းကျင်မှာ ဆူညံသွားခဲ့သည်။ တဖန် ကိုတင်မောင်ဦးက လူအုပ်ကြီး မြေပြင်ပေါ်တွင် ဝပ်နေစေလျှက် ထပ်မံ၍ အော်ဟစ်မှုများကို ပြုလုပ်စေသည်။ ဤတွင် ခါးပြများသည် သေနတ်ကျည်ကုန်သွားသည်အထိ အမှောင်ထုထဲသို့ ရမ်းသမ်းပစ်ခတ်သော်လည်း အချည်းနှီးပင် ဖြစ်ခဲ့သည်။

ထို့နောက်တွင် ကြောက်စိတ်မွှန်လာသော ခါးပြများသည် အိမ်အနားသို့ မလာရန်၊ လာပါက ၎င်းတို့၏ လက်ပစ်ဗုံးများဖြင့် ပစ်ခွဲမည်ဟု ခြိမ်းခြောက်လေတော့သည်။ နောက်ဆုံးတွင်မူ ၎င်းတို့သည် အိမ်ရှင်မိဘနှစ်ပါးကို ခါးစာခံလုပ်ကာ ထိုအိမ်မှ စွန့်ခွာထွက်ပြေးကြသည်။ အိမ်မှ အတော်လှမ်းသည့်နေရာသို့အရောက်တွင် ၎င်းတို့က ခါးစာခံများ အနည်းငယ်ရိုက်နှက် ထားခဲ့ကာ ဆက်ပြေးလေတော့သည်။

ခါးပြတိုက်ခံရသော မိသားစုမှာ ၎င်းတို့ကို လာရောက်ကယ်တင်သော ကိုတင်မောင်ဦးနှင့် အိမ်နီးချင်းများကို ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရသည်။ ကိုတင်မောင်ဦး၏ ဖြတ်ထိုးဉာဏ်ကောင်းမှုကိုလဲ အမွှမ်းတင်ခဲ့ကြသည်။ အခင်းဖြစ်ပွားပြီး (၄)ရက်အကြာမှသာလျှင် ရဲများက လာရောက် မှတ်တမ်းယူကြသည်။ အမှုအခင်းများကိုင်တွယ်ရာ၌ အလွန်နှေးကွေးပြီး အသုံးမကျသော ရဲသားများကို တင်မောင်ဦးက ''ကိုယ်က အသတ်ခံရပြီးလို့ အလောင်းပုပ်လောက်တဲ့ အခါကျတော့မှသဲ သူတို့က လာမယ်လေ။'' ဟူ၍ မှတ်ချက်ချခဲ့သည်။

အဆိုပါ အဖြစ်အပျက်ကြောင့် အိမ်နီးချင်းများ အကြား၌ ခင်မင်ရင်းနှီးမှုများ ပိုမိုတိုးပွားလာခဲ့သည်။ ထို့ပြင် အရေးအကြောင်း ကြုံလာပါက ၄င်းတို့ အချင်းချင်း တစ်ဦးကိုတစ်ဦး ကူညီစောင်မ ကြရမည်ဖြစ်ပြီး စည်းလုံးခြင်းသည် အင်အား ဖြစ်ကြောင်းကို နားလည်သဘောပေါက်ခဲ့ကြသည်။ ထိုအချိန်က စတင်ကာ ရပ်ကွက်ထဲတွင်လည်း ပို၍ သတိဝိရိယ ရှိလာခဲ့ကြသည်။ အသက်ငယ်ရွယ် သော်ငြားလည်း လူသား တစ်ယောက်၏ ကျင့်ဝတ်များကို ရှာဖွေ ကျင့်သုံးခဲ့သော ကိုတင်မောင်ဦးသည် ထိုအချိန် ကတည်းကပင် အိမ်နီးချင်းများ၏ လေးစားမှုကို ရရှိခဲ့သူဖြစ်ပေသည်။

# ၄

## တက္ကသိုလ်ကျောင်းသားဘဝ အောက်မေ့ဘွယ်ရာများ

တင်မောင်ဦးသည် ၁၉၇၁ခုနှစ် စက်တင်ဘာလက စတင်ကာ တက္ကသိုလ်ကျောင်း ပထမနှစ်တွင် ပညာသင်ကြားခဲ့သည်။ ရန်ကုန် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် ကျောင်းသားဘဝမှာ စိတ်လှုပ်ရှားစရာများဖြင့် ပြည့်နေခဲ့သည်။ ရန်ကုန် တက္ကသိုလ်သည် မြန်မာနိုင်ငံတွင် ရှေးအကျဆုံးနှင့် အကျော်ကြားဆုံး တက္ကသိုလ်တစ်ခု ဖြစ်သည်။ ဤတက္ကသိုလ်ကို ဗြိတိသျှကိုလိုနီ အုပ်ချုပ်မှုသည့်ခေတ် ၁၈၇၈ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ကိုလိုနီလက်အောက်မှ တိုင်းပြည် လွတ်မြောက်ရေးအတွက် စတင်တော်လှန်ခဲ့သော ဒုတိယကမ္ဘာစစ်ပြီးခါစ အချိန်ကာလများမှစတင်ကာ ရန်ကုန်တက္ကသိုလ်တွင် ပုန်ကန်အုံကြွ ဆန္ဒပြမှု အမြောက်အမြားရှိလာခဲ့သည်။ ကိုအောင်ဆန်း၊ ဦးနုနှင့် ဦးသန့် အစရှိသည့် ကိုလိုနီဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှု ခေါင်းဆောင်များသည် ရန်ကုန်တက္ကသိုလ်၏ ကျောင်းသားဟောင်းများပင် ဖြစ်သည်။

### ရန်ကုန် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၏ လှပခန့်ညားသော ရှုခင်းများ

တက္ကသိုလ်ပရိဝုဏ်သည် အလွန်အမင်း လှပတင့်တယ်ပြီး လူတကာတို့၏ စိတ်နှလုံးကိုပင် ညှို့ယူဆွဲဆောင်နိုင်ပေသည်။ ဗြိတိသျှခေတ်တွင် ဆောက်လုပ်ခဲ့သော အဆောက်အအုံများ၊ အပူပိုင်းဒေသတွင် ပေါက်ရောက်လေ့ရှိသော စိမ်းလမ်းစိုပြည်နေသည့် သစ်ပင်အိုကြီးများတို့ကြောင့် ရန်ကုန်တက္ကသိုလ်သည် သမိုင်းဝင်ရသများနှင့် ပြည့်နေခဲ့သည်။ တဖန် တက္ကသိုလ်နယ်မြေတခွင်လုံးတွင် ရာသီအလိုက် ဖူးပွင့်သော ပန်းပေါင်းစုံတို့ဖြင့် ဝေဆာနေခဲ့သည်။ အလွန်မြင့်မားသော စိန်ပန်းပင်များပေါ်တွင် ကြက်သွေးရောင်ပန်းပွင့်များဖြင့် ဖုံးလွှမ်းထားသည့်မြင်ကွင်းမှာ အနီရောင်ထီးကြီးများ မြေပြင်ပေါ်၌ ပေါက်ရောက်နေကြသဖွယ်ပင် ဖြစ်သည်။ စိန်ပန်းပွင့်များသည် မိုးရာသီ ကနဦးပိုင်း ဇွန်လတွင် ပွင့်ဖူးလေ့ရှိကြသည်။ ငုဝါပင်များပေါ်ရှိ ငုဝါပန်းများကလည်း ဖူးပွင့်ဝေဆာနေကြသည်။ အဝါနုရောင်ရှိသော ငုဝါပန်းများသည် သစ်ပင်များကို စောင်ပါးနုလွှာများသဖွယ် ဖုံးလွှမ်းနေကြသည်။ ရန်ကုန် တက္ကသိုလ်ပရိဝုဏ်သည် အဆိုပါ ပန်းနှစ်မျိုးအပြင် အခြားသော ရောင်စုံသစ်ရွက်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်နေပေသည်။

တက္ကသိုလ်ဝင်း အတွင်းတွင် အနုပညာ အဆောက်အအုံ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အပန်းဖြေ ရိပ်မြုံ၊ သိပ္ပံပညာ အဆောက်အအုံ၊ တက္ကသိုလ် ဓမ္မဆောင်၊ တက္ကသိုလ် ဆေးကုဌာန၊ တက္ကသိုလ် စိန်ရတု နှစ်ပတ်လည် ခန်းမနှင့် ကျောင်းသူကျောင်းသားများ နေထိုင်ရာ အဆောင်များ တည်ရှိနေကြသည်။ ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်မြို့၏ အကြီးဆုံး ရေကန် ဖြစ်သော အင်းယားကန်၏ အနောက်တောင်ဘက် ကန်ဘောင်ရိုးတလျှောက်တွင် တည်ရှိသည်။ ရန်ကုန်မြို့တောင်ပိုင်း ကမာရွတ်မြို့နယ်ရှိ ပြည်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းတို့၏ လမ်းဆုံတွင် ဖြစ်သည်။

တက္ကသိုလ် နယ်မြေ၏ အလယ်ခေါင်တွင် အဓိပတိလမ်းဟု ခေါ်သော လမ်းမကြီးတစ်ခုရှိသည်။ တက္ကသိုလ် နယ်မြေ၏ တောင်ဘက် တက္ကသိုလ်ရိပ်သာလမ်းမှ စတင်လာသော အဓိပတိလမ်းသည် ဘွဲ့နှင်းသဘင်ခန်းမ တည်ရှိရာ တက္ကသိုလ် နယ်မြေ၏ မြောက်ဘက်ဆုံး အပိုင်းထိ သွယ်တန်းနေပေသည်။ အဓိပတိလမ်းသည် ဘွဲ့နှင်းသဘင် ခန်းမဆောင်၏ တောင်ဘက် ပေါက်အထိ ရောက်ပြီး ခန်းမဆောင်၏ မြောက်ဘက်ပိုင်းမှာမူ အင်းယားကန်ပြင်ကြီးရှိရာဘက်သို့ မျက်နှာမူနေသည်။ ဘွဲ့နှင်းသဘင် ခန်းမဆောင်တွင် ဘွဲ့ချီးမြှင့်ခြင်း အခမ်းအနားများနှင့် ကျောင်းသူကျောင်းသားတို့အတွက် အရေးပါသည့် အခြားသော ပွဲလမ်းသဘင်များကို ကျင်းပပြုလုပ်လေ့ရှိသည်။

ရန်ကုန်မြို့တွင် နေထိုင်သော ကျောင်းသူကျောင်းသားများသည် ရန်ကုန်တက္ကသိုလ်သို့ နေ့စဉ် လိုင်းကားစီး၍ လာရောက်ကြသည်။ နယ်မှ လာရောက်ပညာသင်ကြားသော ကျောင်းသူကျောင်းသားများကသာ တက္ကသိုလ်အဆောင်များတွင် နေထိုင်ကြသည်။ ကိုတင်မောင်ဦး၏ အိမ်မှာ တက္ကသိုလ်နှင့် သိပ်မလှမ်းချေ။ ဘတ်စကား စီးလာပါက (၁၅)မိနစ်ဖြင့် ရောက်နိုင်သည်။ အခါအခွင့်သင့်ပါက သူသည် စိတ်ပြေလက်ပျောက် အင်ယားကန်ဘောင်ပေါ်မှ လမ်းလျှောက်ကာ တက္ကသိုလ်သို့ လာရောက်လေ့ရှိသည်။ သူ့အိမ်မှ တက္ကသိုလ်သို့ လမ်းလျှောက်လာလျှင်မူ တစ်နာရီခွဲခန့် လျှောက်ရသည်။ ကိုတင်မောင်ဦးသည် ရန်ကုန်တက္ကသိုလ်ကို အလွန်ချစ်ခင် တွယ်တာခဲ့သူ ဖြစ်သည်။

ကိုတင်မောင်ဦးနှင့်အတူ တက္ကသိုလ်တွင် ဖြတ်သန်းခဲ့ရသည့် ကာလများမှာ အပျော်ဆုံး ဖြစ်ခဲ့ သည်။ တက္ကသိုလ် ရောက်လာပြီ ဆိုလျှင် အတွဲရှာတတ်ကြသည်မှာ လူငယ်တို့၏ သဘာဝဖြစ်သည်။ ကိုတင်မောင်ဦးမှာ ရုပ်ရည်အားဖြင့် ပြောရလျှင် ချောမော၍ ယောကျ်ားပီသသူ၊ မိန်းခလေးများက သူ့ကိုတွေ့လျှင် အနည်းဆုံးတော့ မျက်စောင်းကလေး ဝင့်ကာ အကြည့်ခံရတတ်သူဖြစ်သည်။ ဆံပင် အလွန်ကောင်းသည်။ သူတက္ကသိုလ်ရောက်သည့်နှစ်တွင် ဆံပင်ကိုနောက်ရှည် ဂုတ်ထောက်ထားသည်။ ရုပ်အင်္ကျီ လက်ရှည်ကို ပုံကျပန်းကျ ဝတ်တတ်သည်။ လွယ်အိတ်တလုံးကို အမြဲလိုလို လွယ်ထားလေ့ရှိသဖြင့် ကျောင်းသားမှန်းသိသာသည်။ လမ်းလျှောက်ပုံမှာလည်း ကြည့်ကောင်းလှသည်။ ကျွန်တော်တို့ လူငယ်ဘဝ ခေတ်က နံမည်ကြီးခဲ့သော အမေရိကန် ရုပ်ရှင်မင်းသား ရစ်ချတ် ဟာရီဆင်နဲ့ခပ်ဆင်ဆင်တူသည်ဟုထင်သည်။ သူသာ အတွဲလိုချင်လျှင် မိန်းခလေးပေါင်းများစွာနှင့် တဦးပြီးတဦး တွဲခွင့်ရနိုင်သည်။ သူကိုယ်တိုင် အတွဲမရှာ။ သူ့သူငယ်ချင်းတွေ အတွဲရှာသည်ကိုလည်း သူမကြိုက်။ သူငယ်ချင်းတဦးဦး အတွဲရှာနေကြောင်းသတင်းရလျှင် အဆိုပါသူငယ်ချင်းက ရည်မှန်းသော မိန်းခလေး စိတ်ပျက်သွားအောင် အထိပင် အနှောက်အယှက် ပေးတတ်သည်။ သူငယ်ချင်းတွေက သူ့ကို ချစ်ခင် ကြသဖြင့် စိတ်ဆိုးရလည်း အခက်။ အတွဲပျက်သွားသောကြောင့် အကြီးအကျယ် ဒေါ်ပွပြီး သူ့ကို ကြိမ်းမောင်းဆဲဆိုသော သူငယ်ချင်းတဦးရှိခဲ့သည်။ သူ အပြုံးတချက် မပျက်။ ထိုသူငယ်ချင်း ကြေနပ်သည်အထိ ပြန်လည်တောင်းပန်သည်။ ပျော်ရွှင် ရီမောလာအောင် ပြန်ချော့သည်။ သူ့ရည်မှန်းချက် ကတော့ အောင်မြင်ခဲ့ပြီ။

သူငယ်ချင်းတွေတနေရာတွင်စုကြပြီး တက္ကသိုလ်အတွင်းကျင်းပတတ်သည့် ဟောပြောပွဲ၊ ကပွဲ၊ အားကစားပွဲ၊ ယဉ်ကျေးမှုဆိုင်ရာပွဲများ၊ အစရှိသည်တို့ကို တခုပြီးတခု တက်ရောက်ကြခြင်း မှာလည်း နည်းတခုဖြစ် သည်။ ဘယ်ကိုမျှ သွားစရာမရှိလျှင် မြက်ခင်းပြင်တနေရာရာ သို့မဟုတ် သစ်ပင်ကြီး တပင်ပင် အောက်တွင် စုဆုံကြပြီး မိမိတို့တဦးချင်းစီ၏ အတွေ့အကြုံများကို ပြန်လည်ပြောပြ၊ အမြင် ဖလှယ်ကြသည်။ ကိုတင်မောင်ဦးမှာဟာသရှိသူဖြစ်သဖြင့် သူငယ်ချင်းတွေကို ရယ်မောအောင် လုပ်နိုင် စွမ်းရှိသည်။ ရံဖန်ရံခါတွင် သူက အားလုံးဝိုင်းထိုင်နေရာမှထကာ သူငယ်ချင်းတဦးစီတိုင်း၏ အမူအယာ ကို ဟာသမြောက်အောင် အတုခိုးလုပ်ပြတတ်သဖြင့် အူတက်မတတ် ရယ်မောကြရသည်။

ကျောင်းစေါစေါပြီးသည့် ညနေပိုင်းများတွင် များသောအားဖြင့် အင်းယားကန်သို့သွားကြလေ့ ရှိသည်။ သူ ဘယ်အချိန်က ဘယ်လိုသင်ကြားထားမှန်း မမှတ်မိတော့ပါ။ ရေကို ကျွမ်းကျင်စွာ ကူးတတ် သည်။ အထူးသဖြင့် ပက်လက်ကူးနည်းကို အထူးကျွမ်းကျင်သည်။ ပက်လက်ကူးနည်းဖြင့် ရေကူးပြိုင်ပွဲ ဝင်ခဲ့ရာ ကျွန်းဆွယ် ပဏာမ လက်ရွေးစင် အဆင့်အထိ အရွေးခံခဲ့ရသည်။ သူ ပက်လက်ကူးတာ ကို ကြည့်ရာ မော်တော်ကလေး ခုတ်မောင်းနေသကဲ့သို့ဖြစ်သည်။ မှတ်မှတ်ရရ တကြိမ်တွင် သူ့အစွမ်းကို ပြခဲ့ဘူးသည်။ ယင်းမှာ အင်းယားကန်ကိုပတ်၍ကူးပြခြင်းဖြစ်သည်။ သူကူးနေချိန်တွင်မိမိတို့သူငယ်ချင်း များက ကမ်းခြေအတိုင်း လမ်းလျှောက် လိုက်ကြရသည်။ သက်လုံ အင်မတန် ကောင်းမွန် သဖြင့်သာ ဤသို့ကူးနိုင်ခြင်း ဖြစ်သည်။ ပက်လက်ကူးနည်းကိုလည်း သူငယ်ချင်းများကို သူသင်ပေးသည်။ သူနှင့် သူငယ်ချင်းများ အင်ယားကန်တွင် အကြိမ်ပေါင်းများစွာစုဆုံပြီး ပျော်ရွှင်စွာရေကူးခဲ့ကြသည်။ မုံ့ဘိုးငွေ ကလေးများ အနည်းငယ်ရှိလျှင် ဘူးသီးကြော်

ဆိုင်မှာ ထိုင်၍ ရေးနွေးကြမ်းပူပူဖြင့်  စုပေါင်းစါးသောက် ကာ စကားတွေ တဝကြီး ပြောခဲ့ကြသည်ကို မည်သည့်အခါတွင်မျှ မေ့နိုင်ဘွယ်မရှိပါ။

ကိုတင်မောင်ဦးနှင့်သူငယ်ချင်းတစု တညနေခင်း အင်းယားကန်အရောက် ရေကူးဆင်းခါနီးတွင် ခပ်ဝေးဝေး ရေလယ် တနေရာ၌ လူလိုလို ငြိမ်သက်နေသော အရာတခုကို တွေ့ရသည်။ အင်းယားကန်သည် ရေသေဖြစ်သည်။ လူက ရေထဲတွင် ရှိနေလျှင် လက် သို့မဟုတ် ခြေတခုခု လှုပ်ရှားနေပါမှ ရေတွင် ပေါ်နိုင်သည်။ သို့မဟုတ်လျှင် ရေသေ၏ သဘောမှာ စုပ်ယူ တတ်သဖြင့် လူသည်ရေထဲသို့ မြုပ်သွားမည် ဖြစ်သည်။ ဤအရာမှာ လူပုံပေါ်သော်လည်း  လုံးဝ  ငြိမ်သက်လျှက် ရှိနေသည်။ ရေထဲသို့ မမြုပ်။ သူငယ်ချင်းတဦးက ဖူးသီးကြော်ဆိုင်တွင်ရှိနေသော မှန်ပြောင်းရှည်တခုကို ပြေးငှားသည်။ အားလုံး တလှည့်စီ ကြည့်ကြသည်။ လူ မှ လူ။ ရေလည်ခေါင်တွင် ပက်လက်လှန်ခါ လုံးဝငြိမ်သက်လျှက် ရှိသည်။ လက်ဖျားရော၊  ခြေဖျားပါ နည်းနည်းကလေးမျှမလှုပ်။ ထိုသူမှာ ဘယ်အချိန်ကထဲက ရေထဲတွင် ရောက်နေသည်မသိ။ မိမိတို့ သူငယ်ချင်းတွေ အားလုံး စိတ်ဝင်စါးသဖြင့် တယောက်တလဲ မှန်ပြောင်းဖြင့် စေါင့်ကြည့်ကြရာ နောက်ထပ် နာရီဝက်၊ မိနစ်လေးဆယ်ခန့် ကြာသည်အထိ ရေထဲတွင် ဆက်ပြီး ပက်လက်လှန်ကာ ငြိမ်သက်လျှက် ရှိသည်။ ပြီးမှ ၄င်း၏လေ့ကျင့်ခန်းကို အဆုံးသတ်ကာ ကမ်းနားကို တဖြေးဖြေး ပြန်ကူးလာတာကို တွေ့လိုက်ရသည်။ ကမ်းနားကိုအရောက်မှာ ကြည့်လိုက်တော့ အဆိုပါ လူသည် မုတ်ဆိပ်မွေး၊ ပုသိုင်းမွေးတွေ နှင့် အင်ဒီးယန်း အမျိုးသား တဦး ဖြစ်နေကြောင်းတွေ့ရသည်။

ဒါ အိန္ဒိယယောဂီနည်းနဲ့  ရေကသိုင်းဝင်နေတာ ဖြစ်နိုင်တယ်၊ ဒါကြောင့် မကူးဘဲနဲ့  ရေထဲမှာ ပေါ်နေတာဖြစ်မယ်ဟု သူငယ်ချင်းတဦးက ထင်ကြေးပေးသည်။ အေး ထူးတော့ ထူးတယ်ကွ ငါလဲ အဲဒါ ကိုဘဲ ပြောတော့မလို့ ဟု အခြားတဦးက ထောက်ခံသည်။ အခြားသူငယ်ချင်းတွေက ဘာမှမပြော ငြိမ် တွေးနေကြသည်။ ထိုအချိန်မှာ ကိုတင်မောင်ဦး အသံ ပေါ်လာ သည်။ ဘယ်ကဟုတ်ရမှာလဲကွ၊ ဒါ ရေက သိုင်းဝင်တာမဟုတ်ဘူး။ လူ့ ခန္ဓာကိုယ်ကို ရေထဲမှာ ဟန်ချက်ညီအောင် ထားတာ။ အဲသလိုထားနိုင်ရင် လူဟာ ရေထဲမှာပေါ်တယ်။ သူ့ အပြောကို သူငယ်ချင်းတွေအားလုံးက လက်မခံကြ။  တခုခု လှုပ်နေမှသာ ရေထဲမှာ ပေါ်မှာပေါ့ ၊ ဟန်ချက်ညီရုံနဲ့ ရေထဲမှာ ဘယ်လိုပေါ်မလဲကွ တင်မောင်ဦးရဟု စေါဒက တက်ကြသည်။ သည်တော့ ကိုတင်မောင်ဦးက  မင်းတို့  မယုံဘူးလား၊  သည်မှာကြည့်  ငါလုပ်ပြမယ်၊  ဟုပြောကာ  ဘောင်းဘီတိုကလေးနှင့်  ရေထဲ ဆင်းသွားပြီး  ပက်လက်လှန်လိုက်သည်။ သူ မအောင်မြင်ပါ။ ခန္ဓာကိုယ် တခုလုံးရေထဲကို  မြုပ်ဆင်းသွားသည်။ သုံးလေးကြိမ် ကြိုးစါးသည်။  သုံးလေးကြိမ်စလုံးမြုပ် ဆင်းသွားသည်။ ဟော့ကောင်တင်မောင်ဦး မင်းသေနေဦးမယ်သတိထားဟု သူငယ်ချင်း တွေက အော်ဟစ် သတိပေးသည်။ သူ ဆက်ကြိုးစါးသည်။ ကြည့်ရင်းကြည့်ရင်း သူ့ ခန္ဓာကိုယ် ရေထဲမှာ ပက်လက်နှင့် ဖြောင့်တန်းစွာပေါ်လာသည်။ လက်ရောခြေရောတချက်မျှမလှုပ်။ ရေမြုပ်တခုပင်မထတော့ဘဲငြိမ်လျှက် ရှိသည်။  အသက်ကို ဖြေးဖြေးနှင့်မှန်စွာ ရှူလျှက်ရှိသည်။ ကမ်းခြေတွင် မတ်တပ်ရပ်ကာ စေါင့်ကြည့် နေကြသော သူငယ်ချင်းတွေက လက်ခုပ် လက်ဝါးတီးကာ  သြဘာပေးလိုက်ကြသည်။ ကိုတင်မောင်ဦး ဆိုသည်မှာ  သည်လိုလူမျိုးဖြစ်သည်။ လောက၏ သဘောချက်ကို လျှပ်တပြက် အတွင်းမှာပင် နားလည်နိုင်စွမ်းရှိသူ ဖြစ်သည်။

### မျက်စိပွင့်၊ နားပွင့် ဖြစ်စေသော လုပ်အားပေး အတွေ့အကြုံ

တက္ကသိုလ်ကျောင်း ပထမနှစ်တွင် လုပ်အားပေး ကျောင်းသူကျောင်းသားများအား ကျေးလက်ဒေသများသို့ စေလွှတ်ကာ စာမတတ်သူများကို စာဖတ်တတ်လာစေရန် သင်ကြားပေးစေသော စီမံချက်များ ရှိခဲ့သည်။ ဤသည်မှာ စာမတတ်မှု ပပျောက်ရေးအတွက် အစိုးရက ချမှတ်သော စီမံချက်ဖြစ်သည်။ အဖတ်၊ အရေးနှင့် ဂဏန်းသချာ် အပိုင်းများကို

အဓိကထား သင်ကြားပေးသည်။ လူကြီးလူငယ်၊ ကျားမ မရွေး လာရောက်သင်ကြားခွင့်ရှိသည်။ ကိုတင်မောင်ဦးအပါအဝင် ၎င်း၏ သူငယ်ချင်းများနှင့် အတန်းဖော်အချို့တို့က ဤစီမံချက်တွင် လုပ်အားပေးများအဖြစ် လုပ်ကိုင်ခဲ့ကြသည်။ လုပ်အားပေး တက္ကသိုလ် ကျောင်းသားကျောင်းသူများကို အုပ်စုများခွဲကာ မြန်မာနိုင်ငံရှိ နေရာ အနှံ့အပြားသို့ စေလွှတ်ခဲ့သည်။ လုပ်အားပေးကာလသည် (၂)လတာခန့် ကြာမြင့်ပြီး ကိုတင်မောင်ဦးသည် အခြား ကျောင်းသားတစ်ယောက်နှင့်အတူ မဲစာတောင်ခြေရှိ ရွာတစ်ရွာ၌ နေရာချထားခြင်း ခံခဲ့ရသည်။ ရန်ကုန်မြို့မှ မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးမြို့နားတွင် တည်ရှိသော မဲဇာတောင်ခြေသို့ ရထားဖြင့်သွားမည်ဆိုလျှင် မိုင်ပေါင်း (၃၅၀)ခန့် ကွာဝေးသည်။

ကျောင်းသူကျောင်းသားများကို ရွာ၏ အိမ်အသီးသီးတွင် နေရာချထားပြီး ရွာသူရွာသားများက လုပ်အားပေးများကို လိုလိုလားလား လက်ခံ ကြိုဆိုကြသည်။ တင်မောင်ဦးနှင့် ၎င်း၏ အတန်းဖော်တို့ နေထိုင်သော အိမ်ရှိ မိသားစုထံတွင် ဆယ်ကျော်သက်အရွယ် သမီးနှစ်ယောက်ရှိသည်။ လုပ်အားပေးများသည် ၎င်းတို့၏ လုပ်အားခအတွက် အိမ်ရှင်ကပေးသော နေရာထိုင်ခင်းနှင့် အစားအသောက်များကိုသာ ရရှိသည်။ နေ့ပိုင်းတွင် ကိုတင်မောင်ဦးက အိမ်ရှင်မိသားစုကို လယ်ထဲတွင် ကူညီလုပ်ကိုင်ပေးပြီး ညပိုင်းတွင်မူ စာတတ်လိုသော ရွာသူရွာသားများသည် ရပ်ကွက်ရုံးတစ်ခုတွင် လာရောက်စုရုံးကြကာ ကိုတင်မောင်ဦးနှင့် အတန်းဖော်တို့က ၎င်းတို့ကို (၃)နာရီခန့် စာသင်ပြပေးသည်။

လုပ်အားပေး (၂)လအတွင်းတွင် တင်မောင်ဦးအတွက် မျက်စိပွင့် နားပွင့် ဖြစ်စေသော အတွေ့အကြုံများကို ရရှိခဲ့သည်။ ရွာသူရွာသားများကလည်း တင်မောင်ဦးနှင့် ၎င်း၏ အတန်းဖော်တို့ကို လေးစားချစ်ခင်လာခဲ့ကြသည်။ စားဝတ်နေရေး ကျပ်တည်းသော်ငြားလည်း ရွာသူရွာသားများသည် ပျော်ပျော်နေတတ်သူများဖြစ်ကြသည်ကို ကိုတင်မောင်ဦးက သိရှိခဲ့ရသည်။ သို့သော် ကိုတင်မောင်ဦးကို စိတ်ပြုပြင်စေသောအချက်တစ်ချက်မှာ ရွာတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုံးဝ မရှိခြင်းပင် ဖြစ်သည်။

သည်လိုနှင့် တစ်ညတွင် ရွာရှိ အသက်(၆၀)အရွယ် မုဆိုးမတစ်ယောက် အသည်းအသန်ဖျားနာလာခဲ့သည်။ သေလုမြောပါးဖြစ်ကာ ဆေးကုသမှုခံယူရန် ချက်ချင်းလိုအပ်လာခဲ့သည်။ ဤတွင် ရွာသားများက သူမကို မည်ကဲ့သို့ အကူအညီ ပေးနိုင်သနည်းဟု ကိုတင်မောင်ဦးက မေးမြန်းသည်။ ရွာသားများက ဤရွာမှ (၇)မိုင်ခန့်ဝေးသော နေရာတွင် အခြားရွာကြီးတစ်ရွာရှိကြောင်း၊ ထိုရွာတွင် ဆရာဝန်လက်မှတ်ရထားသူ မဟုတ်သော်လည်း ထိုးဆေးများပေးခြင်း၊ ဒဏ်ရာများ ချုပ်ပေးခြင်း စသည့် သာမန်နာမကျန်းဖြစ်မှုများအတွက် ကုစားပေးနိုင်သူတစ်ဦးရှိကြောင်း ပြောလေသည်။

စပါးကြီးမွေများနှင့် အဆိပ်ပြင်းသော အခြားမွေများရှိသဖြင့် ရွာသားများသည် အမှောင်ထဲတွင် ဆေးဆရာကို သွားပင့်ရန် တွန့်ဆုတ်နေကြသည်။ မိမိတို့ ဘာမှလုပ်ပေးနိုင်မရှိဟု ယူဆကာ လူနာအမျိုးသမီးကို ဒီအတိုင်း ပေးသေလိုက်မည့် ဟန်ရှိနေသည်။ သို့သော် တင်မောင်ဦးက ၎င်းတို့ကို အတင်းအကြပ်ပြောသည်။ ဤတွင် ရွာသားတစ်ယောက်၏ ထွန်စက်ဖြင့် သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ချိုင့်ခွက်များ ပြည့်နှက်နေသည့် ခရီးလမ်းမှာ ကြမ်းတမ်းသော်လည်း နောက်ဆုံးတွင် ၎င်းတို့သည် ထိုရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားသည်။ သို့သော်လည်း ဆေးဆရာက ညအမှောင်ထဲတွင် သူတို့နှင့် လိုက်ခဲ့လိုခြင်း မရှိကြောင်း၊ ဤအတွက် ဆေးဖိုးဝါးခ ရမည်မှာလည်း မဟုတ်ကြောင်း တို့ကို ပြောလေသည်။ မနက်ကျမှ လာမည်ဟု ဆေးဆရာက ဆိုသည်။

ဆေးဆရာ၏ စကားကြောင့် အလွန်စိတ်ပျက်သွားသော ကိုတင်မောင်ဦးက "ဒီအမျိုးသမီးသာ ခင်ဗျားအမေ ဖြစ်ခဲ့မယ် ဆိုရင် ဘယ်လိုလုပ်မလဲ"ဟု သူ့ကို မေးလေသည်။ ထို့ပြင် လူနာအမျိုးသမီး အနေဖြင့် ဆေးဝါးကုသမှု ချက်ချင်းလိုအပ်နေကြောင်းကို နားဝင်အောင်ပြောဆိုသောအခါ နောက်ဆုံးတွင် ဆေးဆရာက ၎င်းတို့နှင့် လိုက်ခဲ့ရန်

သဘောတူသွားသည်။ ၎င်းတို့ရွာကို ပြန်ရောက်လာသောအခါ ဆေးဆရာက လူနာကို ဆေးတစ်လုံးထိုးပေးပြီး စားဆေးအချို့ပေးကာ အကြောဆေး ပေးထား ခဲ့သည်။ သို့သော် နှစ်ရက်ကြာသောအခါတွင် လူနာအမျိုးသမီး သေဆုံးသွားခြင်းကြောင့် ကိုတင်မောင်ဦး အတော်ပင် စိတ်ထိခိုက်ခံစားခဲ့ရသည်။ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ပေးနိုင်ခြင်း မရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ ဆင်းရဲသားလူထုတို့ အသက်တိုနေရခြင်းကို ကိုတင်မောင်ဦးက ကိုယ်တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။ သေဆုံးသူအမျိုးသမီးတွင် ဆွေမျိုးမရှိခဲ့ချေ။ ကိုတင်မောင်ဦးနှင့် ရွာသားအချို့က အသုဘချရန် စီစဉ်ကြပြီး အလောင်းတွင်းတူးရန်အတွက် သင်္ချိုင်းကုန်းသို့ သွားရောက် ခဲ့ကြသည်။

သင်္ချိုင်းကုန်းနှင့်ပတ်သက်လာလျှင် ကိုတင်မောင်ဦး၏ အတန်းဖော်မှာ အယူသည်းပြီး အနည်းငယ်ကြောက်တတ်သူ ဖြစ်သည်။ ထို့ကြောင့် အလောင်းကို မြေမြှုပ်ရာတွင် ပါဝင်ကူညီခြင်း မရှိဘဲ အဝေးတနေရာက ရပ်ကာ မြေမြှုပ်ခြင်း မြန်မြန် ပြီးစေဖို့အတွက် တတွတ်တွတ်လုပ်နေခဲ့သည်။ ကိုတင်မောင်ဦး မြေတွင်းတူးနေရင်းက (၄)ပေအနက်လောက် ရောက်သည့် အခါတွင် သူ၏ဂေါ်ပြားနှင့်အတူ ဆံပင်များ၊ အရိုးများနှင့် အင်္ကျီစများ ပါလာခဲ့သည်။ ဤဒေသတွင် ဆင်းရဲသားများကို မြေမြှုပ် သင်္ဂြိုလ်ရာ၌ အုတ်ဂူတိုင်များ ထားရှိလေ့ မရှိကြချေ။ ထို့ကြောင့်လည်း ၎င်းတို့က နေရာဟောင်းတစ်ခုကို တူးဖော်မိခဲ့ခြင်း ဖြစ်သည်။ ဤတွင် ကိုတင်မောင်ဦး၏ သူငယ်ချင်းမှာ သွေးဆုတ်သွားကာ “ဝိဉာဉ်ဆိုးများ”သူ့ဆီသို့ မလာနိုင်စေရန်အတွက် ဘုရားစာများကို ရွတ်လေတော့သည်။ လွန်ခဲ့သည့် (၃)နှစ်က အဆုတ်နာရောဂါကြောင့် သေဆုံးသွားခဲ့သူ မိန်းကလေးတစ်ဦး၏ အလောင်းကို ဤနေရာ၌ မြှုပ်နှံထားခဲ့ခြင်းဖြစ်သည်။ ခရစ်ယာန်ဘာသာဝင် ဖြစ်သည်နှင့်အညီ ကြောက်ရွံ့ခြင်း (သို့မဟုတ်) အယူသည်းခြင်း တစုံတရာ မရှိသော တင်မောင်ဦးက အထူးအထွေ စဉ်းစားမနေဘဲ အလောင်းကောင်ကို လက်ရှိနေရာ၌ပင် မြှုပ်လိုက်သည်။ “လူသေကောင်များသည် မည်သည့်အရာကိုမျှ သိနိုင်စွမ်း မရှိတော့”ဟု ခရစ်ယာန် ကျမ်းစာ၌ ဆိုထားသည် မဟုတ်လော။ (ဒေသနာကျမ်း ၉း၅) ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် အခြားသော ကူညီထောက်ပံ့မှုများ ကင်းမဲ့နေရသည့် ရွာသူရွာသားများအပေါ် အလွန်ဂရုဏာသက်ခဲ့ရသော ကိုတင်မောင်ဦးသည် ၎င်းတွေ့ကြုံခဲ့ရသော အဆိုပါအဖြစ်အပျက်များကို သူ၏မိသားစုဝင် များအား မကြာခဏ ပြောပြလေ့ရှိခဲ့သည်။ လူအများတို့၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေတွင် လိုအပ်သော ပြုစုကုသမှုကို ပေးနိုင်ခြင်း မရှိသည်နှင့် ပတ်သက်၍ တွေးမိတိုင်း ကိုတင်မောင်ဦး စိတ်ဆင်းရဲခဲ့ရသည်။

ဤသို့ဖြင့် လုပ်အားပေး သက်တမ်းမှာ (၂)လပြည့်သွားခဲ့သည်။ တက္ကသိုလ်ကျောင်းသားများ နေရပ်ပြန်ရမည့်နေ့မှာ အားလုံးအတွက် ဝမ်းနည်းစရာ နေ့တစ်နေ့ ဖြစ်ခဲ့သည်။ ဝမ်းနည်းမျက်ရည် ကျခဲ့ရသူများလည်း မရှားပါ။ ရွာသူရွာသား များသည် ငွေကြေးအားဖြင့် ချို့ငဲ့ကြသောကြောင့် ၎င်းတို့တွင်ရှိသော ကောက်ညှင်းဆန်များ၊ ဈေးဆီခြောက်များနှင့် ပဲများကို ကျောင်းသူကျောင်းသားများနှင့်အတူ အတင်းထည့်ပေးကြသည်။ ရွာသားများ၏ ဆင်းရဲနွမ်းပါးမှု အခြေအနေ အလုံးစုံကို သိရှိထားသော ကိုတင်မောင်ဦးကမူ ၎င်းတို့ထံမှ ဘာတစ်ခုမျှ ယူမသွားလိုပေ။ သို့သော် ရွာသားများက အတင်းထည့်ပေးကြသည်။ ကိုတင်မောင်ဦးနှင့် သူ၏ အတန်းဖော်တို့သည် လုပ်အားပေးကာလများတွင် တသက်တာ အတွေ့အကြုံများ ရရှိခဲ့ကြသည်။ ၎င်းတို့က အားသွန်ခွန်စိုက် စာသင်ပြပေးခဲ့သည်များ၏ အကျိုးရလာဒ်ကို တွေ့ကြုံခံစား ရသည်မှာ ကြည်နူးစရာ အကောင်းဆုံးပင်ဖြစ်သည်။ ၎င်းတို့ကြောင့် ရွာသူရွာသားအတော်များများသည် စာ ရေးတတ်၊ ဖတ်တတ်၊ အခြေခံ ဂဏန်းသချ်ာများကို တတ်လာခဲ့ပြီဖြစ်သည်။

လုပ်အားပေး ကာလအတွင်းတွင် တင်မောင်ဦးနှင့် သူငယ်ချင်းများသည် ရွာသူရွာသားများ၏ နေ့စဉ်ဘဝ အခြေအနေများကို တွေ့ကြုံခဲ့ရပြီး ၎င်းတို့ အသိုင်းအဝိုင်းတွင် နေထိုင်ရခြင်း၏ လူ့သဘောသဘာဝကို သိရှိခဲ့ရသည်။ သမိုင်းမတိုင်မီ ခေတ်ကာလ လူနေမှုဘဝများနှင့် အတော်ပင် ဆင်တူသော ရွာသားများ၏ ရိုးရှင်းသည့် နေ့စဉ်ဘဝများကို လည်းကောင်း၊ ၎င်းတို့၏ နေ့စဉ်အတွေ့အကြုံများပေါ် အခြေခံကာ ဆင်းရဲနွမ်းပါးနေရခြင်း အခြေအနေများနှင့်စပ်လျဥ်း

ဆက်လက် စူးစမ်းရှာဖွေနေမှုများကို လည်းကောင်း ကျောင်းသူကျောင်းသားအားလုံးက ဂရုဏာသက်ခဲ့ကြသည်။ ၄င်းတို့၏ နေ့စဉ်ဘဝများနှင့်စပ်လျဉ်း၍ နောက်ပိုင်းတွင် တက္ကသိုလ်ဝင်းအတွင်း အတန်းပြီးချိန်များ၌ ကျောင်းသူကျောင်းသားများအကြား ပြောဆိုဆွေးနွေးမှုများ ရှိလာခဲ့သည်။

ထို့ပြင် ရွာသူရွာသားများ၏ ရိုးသားမှု၊ ဖော်ရွေမှု၊ ပွင့်လင်းမှု၊ ကြင်နာမှု၊ ပျော်ပျော် နေတတ်မှုနှင့် သစ္စာရှိမှု အစရှိသည့် လူ့တန်ဖိုးများကြောင့် ကိုတင်မောင်ဦးနှင့် သူငယ်ချင်းများက ၄င်တို့အပေါ် လေးစား အထင်ကြီးခဲ့ကြသည်။ စိတ်ပိုင်းဆိုင်ရာ အားဖြင့်သော်လည်းကောင်း၊ လက်တွေ့ဘဝတွင်သော်လည်း အပျက်သဘော ဆောင်သော အပြုအမူစရိုက်များကို ကျွန်ုပ်တို့ တွေ့မြင်နိုင်သော်လည်း ယေဘုယျအားဖြင့် လူသားတို့ထံတွင် အပြုသဘော ဆောင်သော စိတ်နေစိတ်ထားရှိကြောင်းကို သိရှိခဲ့ရသည်။ ဤသို့ဆိုလျှင် အပြုဖြစ်တည်မှု တန်ဖိုးများ ဆက်လက် ဖြစ်တည်နေစေရေးအတွက် ပံ့ပိုးမြှင့်တင် ပေးရင်းတဘက် အပျက်သဘောဆောင်သော အပြုအမူစရိုက်များ လျော့ပါးသွား စေအောင် မည်ကဲ့သို့ ပြုလုပ်ဆောင်ရွက် နိုင်မည်နည်း။ လူငယ်များသာသာပင် ရှိခဲ့သေးသော ကိုတင်မောင်ဦးနှင့် သူငယ်ချင်းများသည် ဤသည်တို့အတွက် အဖြေကောင်းတစ်ခုကို ရှာဖွေဖော်ထုတ်ခြင်း မရှိနိုင်ခဲ့သော်လည်း လူသားတို့၏ အပျက်သဘောဆောင် အပြုအမူစရိုက်များကို ကုစားနိုင်ရန်အတွက် နည်းလမ်းရှိရမည်ဟု ယုံကြည်ခဲ့သည်။

ထိုအချိန်က စတင်ကာ ကိုတင်မောင်ဦးသည် 'လူသားဖြစ်မှု'နှင့် စပ်လျဉ်း၍ လေ့လာသင်ကြား ခံယူကျင့်သုံး လိုစိတ်များ ပိုမို ထက်သန် လာခဲ့သည်။ လူ့လောကကြီးကို ပို၍ အကောင်းမြင် တတ်လာခဲ့သည်။ လူ့အဖွဲ့အစည်းကို အကျိုးပြုရန် ပိုမို စိတ်အားထက်သန်လာခဲ့ပေသည်။

၄

## မေတ္တာကို ရှာဖွေသူ ဆိုသည်ထက် မေတ္တာကို ပေးဝေလိုသူ

ကိုတင်မောင်ဦးသည် ၄င်း၏ ညီအစ်ကို မောင်နှမများအနက် အသက်အကြီးဆုံးဖြစ်သည်။ "အစ်မကြီး အမိအရာ၊ အစ်ကိုကြီး အဖအရာ"ဆိုသော မြန်မာစကားပုံ ကဲ့သို့ပင် အိမ်တွင် အမေ မရှိပါက ကိုတင်မောင်ဦးက မိသားစုဝင်များကို ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ အမေက သားဖွားဆရာမ တစ်ဦးဖြစ်သည်နှင့်အညီ သူမ၏ အလုပ်ချိန်မှာ ပုံမှန်မရှိချေ။ အချို့သော ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ ချက်ချင်း မီးမဖွားနိုင်ကြသောကြောင့် အမေက ၄င်းတို့ထံတွင် ညအိပ်ညတာ နေခဲ့ရသော အခြေအနေများလည်း ရှိခဲ့သည်။ အမေ မရှိသောအချိန်များတွင် ကိုတင်မောင်ဦးက သူ၏ ညီငယ်၊ ညီမငယ်များကို အမြဲတစေ ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ ညအိပ်ရာ မဝင်မီတွင် အိမ်ရှိ တံခါးနှင့် ပြတင်းပေါက်များအားလုံး ဂလန့်ချပြီးခြင်း ရှိမရှိ လိုက်လံစစ်ဆေးသည်။ ညီငယ်၊ ညီမငယ်များတို့ အတွက် ချက်ပြုတ်ပေးခြင်း၊ ၄င်းတို့ ကျောင်းမသွားခင် မုန့်ဖိုးပေးခြင်းများ၊ လိမ်လိမ်မာမာနေရန်၊ စာကြိုးစားကြရန် ဆိုဆုံးမခြင်းများကို ကိုတင်မောင်ဦးက ပြုလုပ်ခဲ့သည်။

ထိုခေတ်ကာလများတွင် ကိုတင်မောင်ဦး မိသားစု အပါအဝင် မြန်မာနိုင်ငံရှိ ပြည်သူလူထု အများစုသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အုပ်ချုပ်မှုအောက်တွင် စားဝတ်နေရေး ချွတ်ခြုံကျခဲ့ရသည်။ ကိုတင်မောင်ဦး ရပ်ကွက်ထဲတွင် နေထိုင်သူ အများစုမှာ လက်လုပ်လက်စားနှင့် လယ်သမား လူတန်းစားများ ဖြစ်ကြသည်။ ၄င်းတို့ တွေ့ကြုံနေရသော အခြေအနေများကို ကောင်းမွန်စွာ ရိပ်စားမိခဲ့သူ ကိုတင်မောင်ဦးက သူ၏မိသားစုနှင့် အိမ်နီးချင်းများ၏ နေ့စဉ်ဘဝကို စာနာခဲ့သည်။

### တည်ငြိမ်အေးချမ်းမှုရှိသော ရဲစွမ်းသတ္တိ အစစ်အမှန်

တနေ့တွင် ကိုတင်မောင်ဦး၏ညီဖြစ်သူ ကိုလှရွှေသည် အိမ်အပြန်လမ်းတွင် လူငယ်လမ်းသရဲ အုပ်စုတစ်စုနှင့် ထိပ်တိုက်တွေ့ခဲ့ရသည်။ လမ်းသရဲများသည် ဘာမှ မယ်မယ်ရရ အလုပ်မရှိကြသူများ၊ မိဘက ချို့ငဲ့သဖြင့် ကျောင်းမတက်နိုင်ကြသူများ ဖြစ်ကြသည်။ လူငယ် လမ်းသရဲများက ကိုလှရွှေကို စလားနောက်လားဖြင့် ရန်ရှာလေသည်။ မခံချင်စိတ်ရှိသူ ကိုလှရွှေကလည်း ပြန်ပက်ရာတွင် ၄င်းတို့အကြား၌ ခိုက်ရန်ဖြစ်ပွားတော့မည် အခြေအနေ ဖြစ်နေခဲ့သည်။ ဤတွင် ကိုတင်မောင်ဦးက ၄င်းတို့ထံ ရောက်လာသည်။

"မင်းတို့က တစ်ရပ်ကွက်သားတွေဘဲကွာ။ ဘာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ချင်ရတာလဲ။ မင်းတို့ အမေနဲ့လဲ ငါသိတာဘဲ။ ငါတို့အမေကိုလဲ မင်းတို့ သိတာဘဲ။ ဒါက ငါ့ညီလေးဆိုတာလဲ မင်းတို့ သိတာဘဲ။ ဘာဖြစ်လို့ မင်းတို့ အချင်းချင်း ရန်ဖြစ်ရမှာလဲ။ မင်းတို့ မိတ်ဆွေ အဖြစ်ဆက်ဆံပေါ့။ တစ်ယောက်နဲ့ တစ်ယောက် ကူညီကြပေါ့။" ဟူ၍ ပြောဆို ဖျောင်းဖျကာ ကိုတင်မောင်ဦးက ၄င်းတို့အကြား ဝင်ရောက်ဖျန်ဖြေပေးခဲ့သည်။

တစ်နေ့တွင် လှရွှေသည် ခွင့်မတိုင်ဘဲ ကျောင်းတစ်ရက် ပျက်လေသည်။ ဤအတွက် ဒဏ်ပေးသည့်အနေနှင့် နောက်တစ်နေ့တွင် ဆရာမက လှရွှေကို အတန်းထဲက ထွက်သွားခိုင်းသည်။ ဤတွင် ကိုတင်မောင်ဦးက သူ၏ ညီငယ်နှင့်အတူ အတန်းထဲသို့ လိုက်လာပြီး ဆရာမနှင့် စကားပြောသည်။ ရုပ်ရည်ခန့်ညားပြီး ဆက်ဆံရေးပြေပြစ်သည့်အပြင် ဖခင် တစ်ဦး

ကဲ့သို့ ပြုမူဆက်ဆံနိုင်သော ကိုတင်မောင်ဦး၏ အမူအရာနှင့် ပြောဆိုပုံများကြောင့် ဆရာမက သူ့ကို အထင်ကြီး လေးစားသွားခဲ့သည်။ ကိုတင်မောင်ဦး ပြန်သွားသောအခါတွင် ဆရာမက လှရွှေအား "နင့်အစ်ကိုကြီးက နင်နဲ့မတူဘူး။ နင်က အရမ်းညှက်တာဘဲ။ နင်က ဂျစ်တစ်တစ်နဲ့ဘဲ။ နင့်အစ်ကိုကြီးက ပြောလိုက်တာနဲ့ ငါ သဘောပေါက်သွားတယ်။ နောက်တစ်ခါ နင်ကျောင်းပြေးတယ်ဆိုရင်လဲ ငါ နင့်အစ်ကိုကြီးဘဲ ခေါ်ပြောတော့မယ်"ဟု ပြောလေသည်။

ကလေးဘဝတွင် လှရွှေသည် ကျောင်းပြေး၍ ငါးမျှားခြင်းနှင့် စွန်လွှတ်ခြင်းတို့တွင် ဝါသနာထုံခဲ့သည်။ ထိုအချိန်များတွင် ကိုတင်မောင်ဦး သူ၏ညီငယ်ကို ဆုံးမခဲ့ရစမြဲဖြစ်သည်။

"ဒီအချိန်မှာ ဒါမျိုးလုပ်နေလို့ မင်း တစ်နေ့ကျရင် ဒုက္ခရောက်မယ်။ ပညာမတတ်ရင် ဒုက္ခရောက်မယ်။ မင်း ဒီအချိန်မှာ ကျောင်းပြေးတာတွေ၊ ဘောလုံးသွားကန်တာတွေ၊ စွန်လွှတ်တာတွေ မလုပ်နဲ့။ အချိန်နဲ့ ဒီရေဟာ လူကို မစောင့်ဘူးကွ။ အချိန်ကို တန်ဘိုးရှိရှိ အသုံးချတတ်ဖို့လိုတယ်။"ဟုဆိုကာ စည်းကမ်းကြီးသော ကိုတင်မောင်ဦးက လှရွှေအတွက် အိပ်ချိန်၊ စားချိန်နှင့် စာဖတ်ချိန်များ ပါရှိသော အချိန်ဇယားတစ်ခုကို ရေးဆွဲပေးခဲ့သည်။

## အနာသက်သာစေသော အစ်ကိုကြီး၏ ရင်ခွင်

ကိုတင်မောင်ဦးသည် သူ၏ညီငယ်ဖြစ်သူ သန့်ဇင်ကိုလည်း ကောင်းမွန်စွာပြုစုစောင့်ရှောက်ခဲ့သည်။ သန့်ဇင် (၅)နှစ်၊ (၆)နှစ်သား အရွယ်တွင် မုန့်စားဆင်းချိန်များ၌ ကိုတင်မောင်ဦးက သူ့ဆီလာရောက်ကာ အစားကျွေးခြင်း၊ မုန့်ဖိုးပေးခြင်းများကို ပြုလုပ်လေ့ရှိခဲ့သည်။ လိမ်လိမ်မာမာနေရန်နှင့် စာကြိုးစားရန်တို့အတွက် သွန်သင်ပေးခဲ့သည်။ တစ်နေ့တွင် သန့်ဇင်နှင့် လှရွှေတို့ ဆော့ကစားနေစဉ်အတွင်း သန့်ဇင် မတော်တဆ လိမ့်ကျကာ လက်ကျိုးသွားသည်။ သန့်ဇင်၏ ငယ်သံပါအောင် အော်ဟစ်လိုက်သံကို ကြားသည့်အခါ ကိုတင်မောင်ဦးသည် အလွန်စိုးရိမ်နေသော မျက်နှာထားဖြင့် သူ၏ ညီငယ်ကို လာကြည့်သည်။ သူက သန့်ဇင်ကို ညင်သာစွာ ပွေ့ဖက်ကာ "ဘာဖြစ်သွားလဲ၊ ဘာဖြစ်သွားလဲ၊ ညီလေး"ဟုမေးသည်။ သန့်ဇင်၏ လက်မှာ မခံမရပ်နိုင်အောင် နာကျင်နေသော်လည်း စိုးရိမ်တကြီး ဖြစ်နေသော အစ်ကိုကြီး၏ မျက်နှာကို တွေ့လိုက်ရသည့်အခါ အနာတဝက် သက်သာသွားသလို ခံစားခဲ့ရသည်။ အစ်ကိုကြီး၏ ချစ်ခင်ကြင်နာ သနားဂရုဏာစိတ်ကြောင့် သူ၏ ခန္ဓာကိုယ် နွေးထွေးသွားသည်။ နှလုံးခုံသံများ မြန်လာသည်။

ထို့နောက် ဆေးရုံသို့သွားရန်အတွက် ကိုတင်မောင်ဦးက သူ့ကို ပွေ့ချီကာ အိမ်နားရှိ ကားမှတ်တိုင်သို့ ခေါ်သွားသည်။ ကားမှတ်တိုင်သည် ၎င်းတို့အိမ်မှ အနည်းငယ် လှမ်းသောကြောင့် သန့်ဇင်ကို လက်ချည်းသက်သက်ဖြင့်သာ ချီသွားရသဖြင့် ကိုတင်မောင်ဦးသည် လမ်းတွင် သုံးလေးကြိမ် သန့်ဇင်ကိုချကာ အနားယူရသည်။ ဘတ်စကားပေါ်တွင်လည်း သူက ဒဏ်ရာရနေသောညီငယ်ဖြစ်သူ ထိုင်နိုင်စေရန်အတွက် အခြားခရီးသည်များထံများ နေရာတောင်းခံခဲ့သည်။ အစ်ကြီးဖြစ်သူ၏ ကြင်နာယုယမှုကို သန့်ဇင်၏ တသက်တာတွင် မေ့မရနိုင်ခဲ့ချေ။

## ရယ်မောပျော်ရွှင် ချမ်းမြေ့ကြသော ညီအစ်ကိုမောင်နှမများ

ရုံဖံရုံခါ၌ တင်မောင်ဦးသည် အလွန်အမင်း အစသန်သူဖြစ်သည်။ သူသည် ညနေပိုင်းများတွင် အားကစားရုံ၌ ဝိတ်သွားမပြီး ချွေးသံရဲရဲဖြင့် အိမ်ပြန်လာလေ့ရှိသည်။ အိမ်ပေါ်အရောက်တွင် မည်သူက သူနှင့်အနီးကပ်ဆုံးရှိနေလဲဆိုသည်ကို ဦးစွာကြည့်လိုက်ပြီး ညီငယ်တစ်ယောက်ကို ဆွဲဖမ်းကာ ချွေးစည်းများဖြင့် နံစော်နေသော သူ၏ ဂျိုင်းကြားတွင် ညီငယ်ဖြစ်သူ၏ မျက်နှာကို ညှပ်ထားလေ့ရှိသည်။ ညီငယ် အသက်ရှူကြပ်ကာ အလွန်အမင်းစိတ်ဆိုးသွားမှသာလျှင် ကိုတင်မောင်ဦးက သူ့ကို ပြန်လွှတ်ပေးတတ်သည်။ ပြီးလျှင် မျက်နှာမှုန်သိုးသိုးဖြစ်နေသော ညီဖြစ်သူကို ကြည့်ကာ တင်မောင်ဦးက အူတက်မတတ် ရယ်မောလေသည်။

သန့်ဇင် အသက် (၁၃)နှစ်သား လောက်အရွယ်တွင် ကိုတင်မောင်ဦးအား "ကိုတင်မောင်ဦး။ ကျနော်လဲ အစ်ကိုကြီးလိုပဲ နိုင်ငံရေးတွေဘာတွေ သိချင်တယ်။ နိုင်ငံရေး လုပ်ချင်တယ်။ ဒါပေမယ့် ကျနော်က ဘာမှ မသိတော့ ကျနော့်ကို သင်ပေးပါ။"ဟု တောင်းဆိုလေသည်။

ဤတွင် ကိုတင်မောင်ဦးက နိုင်ငံရေးနှင့် ပတ်သက်သည့် အကြောင်းအရာတချို့ကို စာအုပ်တစ်အုပ်ထဲ၌ ချရေးပေးသည်။ (၃)မျက်နှာခန့် ရေးပြီးသောအခါတွင် သူက သန့်ဇင်ကို ထိုအကြောင်းအရာများအား နှုတ်လွှတ်အာဂုံဆောင်နိုင်သည်အထိ ကျက်မှတ်ပါဟု ပြောသည်။ လူ့သမိုင်း အစပြုလာပုံ၊ လူတို့၏ သဘောသဘာဝ အစရှိသည်တို့ကို တင်မောင်ဦးက ရေးပေးခဲ့ခြင်း ဖြစ်သည်။

သူက အဘယ်ကြောင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ရကြောင်း၊ နိုင်ငံရေးနှင့် ပတ်သက်၍ သူက မည်ကဲ့သို့ ထင်မြင်ယူဆကြောင်း စသည်တို့ကို ကိုတင်မောင်ဦးက သူ၏ ညီငယ်၊ ညီမငယ်များအား ပြောပြလေ့ရှိခဲ့သည်။ ၁၉၆၂ခုနှစ် စစ်တပ် အာဏာသိမ်းပြီးသည့် အချိန်မှ စတင်ကာ အစိုးရသည် ဆန္ဒပြ ကျောင်းသူကျောင်းသားများကို ဖိနှိပ်နှိမ်နင်း သည်။ ၄င်း၏အကျိုးဆက်မှာ အထူးသဖြင့် အလုပ်သမား လုပ်တန်းစားများသည် ကုန်ဈေးနှုန်းလျှော့ချရေးနှင့် လစာတိုးပေးရေးတို့အတွက် တောင်းဆိုလာခဲ့ခြင်းပင် ဖြစ်သည်။ သို့သော်လည်း ၄င်းတို့သည် စစ်တပ်၏ သေနတ်ကျည်ဆံများအောက်တွင် ပြားပြားဝပ်ခဲ့ကြရသည်။ စစ်အစိုးရ၏ မတရားမှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ခံစားနေလာခဲ့ရသည့် ကျောင်းသူကျောင်းသား၊ အလုပ်သမားနှင့် ရဟန်းသံဃာတော်များ အပါအဝင် ပြည်သူလူထု တစ်ရပ်လုံးတို့၏ လွတ်မြောက်ရေးအတွက် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ရခြင်း ဖြစ်သည်ဟု ကိုတင်မောင်ဦးက ဆိုခဲ့သည်။ သို့မှသာလျှင် တိုင်းသူပြည်သားအားလုံး လွတ်လပ်မှုနှင့် တရားမျှတမှုတို့ကို ရရှိခံစားနိုင်မည်ဖြစ်ပြီး လူသားများကဲ့သို့ နေထိုင်နိုင်မည်ဟု သူက ယုံကြည်ခဲ့သည်။

ညီငယ်၊ ညီမငယ်များ စာကြိုးစားရန်နှင့် အိမ်စာ မှန်မှန်လုပ်ကြစေရန်အတွက် တင်မောင်ဦးက အမြဲ သွန်သင်ခဲ့သည်။ အိမ်စာများကို ကူလုပ်ပေးခဲ့သည်။ ကျောင်းသင်ခန်းစာများကို နားမလည်သောအခါ၌လည်း အစ်ကိုကြီးတင်မောင်ဦးကပင် ကူပြပေးခဲ့သည်။ ညီငယ်၊ ညီမငယ်များ အချိန်မှန်မှန် စာကြည့်၊ ကစား၊ အိပ်၊ စား၊ ရေချိုးနိုင်ရန်အတွက် အစီအစဉ်ဇယား တစ်ခုကို ရေးဆွဲပေးခဲ့သည်။ လပတ်စာမေးပွဲများကို အမှတ်ကောင်းကောင်းဖြင့် အောင်မြင်သူများအား ချီးမွမ်းခဲ့သည်။ ဆုငွေများ ချီးမြှင့်ခဲ့သည်။ အထူးသဖြင့် အတန်းတင် စာမေးပွဲကြီးတွင် အဆင့်(၁)မှ (၃)အတွင်း ဝင်သူများ ဆုပေးပွဲတွင် ဝတ်ဆင်ရန် ၄င်းတို့ကြိုက်နှစ်သက်ရာ အင်္ကျီအဝတ်အစားများကို ဝယ်ပေးစေရန်အတွက် ကိုတင်မောင်ဦးက မိဘများထံမှ တောင်းခံပေးခဲ့သည်။

ကိုတင်မောင်ဦး၏ အငယ်ဆုံးညီမလေး ရင်ရင်လှသည် သူမ (၄)တန်းရောက်သည်အထိ ကျောင်းတွင် အင်္ဂလိပ်စာ သင်ကြားခဲ့ရခြင်း မရှိချေ။ အခြေခံ အင်္ဂလိပ်စာလုံးများနှင့် အသုံးအနှုန်းများကို ကိုတင်မောင်ဦးကသာလျှင် သူမကို သင်ကြား ပေးခဲ့ခြင်း ဖြစ်သည်။ သူ၏ သင်ပြမှုကြောင့် ညီငယ်၊ ညီမငယ်များ အင်္ဂလိပ်စာ အေဘီစီဒီကို အစမှအဆုံးထိ အလွတ်အာဂုံ ဆောင်နိုင်ခဲ့ကြသည်။ အခါအခွင့်သင့်သည့် အချိန်တိုင်းတွင် သွားပွတ်တံ၊ သွားတိုက်ဆေး၊ ခေါင်းဖြီး၊ ဆောင်းလိမ်းဆီ၊ ခဲတံ၊ စာအုပ်၊ ဘောပင်၊ အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်၊ ထီး၊ မိုးကာအင်္ကျီ၊ လွယ်အိတ်၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ထမင်း၊ အသား၊ ငါး၊ မြေပဲ အစရှိသည့် အင်္ဂလိပ်စကားလုံးများကို သင်ကြားပေးခဲ့သည်။

ကျန်းမာရေးနှင့် ပတ်သက်၍လည်း မနက်အိပ်ရာက ထထခြင်းတွင် ရေဖန်ခွက် အပြည့်တစ်ခွက်ကို သောက်ရန်၊ အိမ်သာသွားပြီးသည့်အခါတိုင်းနှင့် အစာမစားမီတိုင်းတွင် လက်ကို ဆပ်ပြာဖြင့် သေချာဆေးရန်၊ လက်သည်းများကို မကိုက်ရန်၊ လက်လည်း အရှည်မထားရန်၊ လက်သည်းများ ရှည်လာပါက လူကြီးတစ်ယောက်ကို ညှပ်ခိုင်းရန် အစရှိသည် များကို ကိုတင်မောင်ဦးက သွန်သင်ပြောကြားပေးခဲ့သည်။ ညီငယ်၊ ညီမငယ်များသည် အစားအသောက်နှင့်ပတ်သက်၍ ဂျီးများလျှင် ကိုတင်မောင်ဦးက ၎င်းတို့အား အာဟာရပြည့်ဝသော အစားအစာများကို စားသုံးခြင်း၏ အကျိုးကျေးဇူးကို ပြောပြသည်။ ညီငယ်တစ်ဦးက ငါးမစားချင်သည့်အခါ၌ ငါးတွင် အာဟာရဓါတ် အမျိုးအပြား ပါဝင်ကြောင်း၊ ငါးစားသူသည် အားအင်သန်စွမ်းပြီး ဉာဏ်ကောင်းနိုင်ကြောင်းတို့ကို ကိုတင်မောင်ဦးက သွန်သင်ပေးခဲ့သည်။ တက္ကသိုလ်ကျောင်းသား ဖြစ်သည်နှင့်အညီ အလုပ်များသည့်ကြားထဲကပင် ကိုတင်မောင်ဦးသည် ညီငယ်၊ ညီမငယ်များကို ကျောင်းသို့ မလွှတ်မီတွင် ထမင်းရည် တစ်ယောက်တစ်ဖွန်းစီ တိုက်လေ့ရှိသည်။ ထမင်းရည်တွင် အာဟာရဓါတ် များစွာပါဝင်သောကြောင့် ဉာဏ်ကောင်းနိုင်သည်ဟု သူကပြောသည်။

## မိသားစုနှင့်အတူ ချက်ပြုတ် စားသောက်ခြင်း

မိသားစုဝင်များ အားလုံးအတွက် ချက်ပြုတ်ပေးနေသော မိခင်ကို ကိုတင်မောင်ဦးက တခါတရံတွင် မီးဖိုချောင်၌ ဝင်ရောက်ကူညီပေးလေ့ရှိသည်။ သူသည် ထမင်းဟင်းချက်လဲ တော်သည်။ သူချက်သော ဟင်းအများစုမှာ အရသာ အထူးရှိလှသည်။ ကိုတင်မောင်ဦးသည် မီးဖိုချောင်ထဲတွင် စိတ်ရှည်သူဖြစ်သည်ဟု အမေနှင့် ညီမများက ဆိုကြသည်။ ဤတွင် သူ၏လက်ရာ အထူးဟင်းတစ်မျိုးကို ရေးသားဖေါ်ပြကောင်းပေသည်။ ပန်းဂေါ်ဖီ ကြက်ဥမွှေကြော် ဟင်းတစ်မျိုးပါ။ အမေနှင့် ညီမများက ဤဟင်းကို ချက်ရာတွင် တောက်တောက်စင်း ပန်းဂေါ်ဖီများကို ဒယ်အိုးထဲအရင်ထည့်ကာ မွှေထားသော ကြက်ဥများကို နောက်မှ ရောထည့်၍ ကြော်လေ့ရှိသည်။ သို့ရာတွင် ကိုတင်မောင်ဦးကမူ ပန်းဂေါ်ဖီထုတ်ကို ဓါးဖြင့်လှီးမည့် အစား ဂေါ်ဖီပွင့်များကို တစ်ပွင့်ခြင်း လက်ဖြင့်ဖဲ့သည်။ ထို့နောက် ဂေါ်ဖီပွင့်ကလေးများကို ကြက်ဥမွှေထဲသို့ တစ်ပွင့်ခြင်း ထည့်စိမ် ပြီးမှသာ ဒယ်အိုးထဲ ထည့်ကြော်သောကြောင့် သူ၏ဟင်းမှာ အလွန်ပင် အရသာရှိလှသည်။ အသားထက်စာလျှင် ငါးက ပို၍ဈေးချိုသောကြောင့် ကိုတင်မောင်ဦးက အမေ့ကို ဈေးထဲမှ ငါးဝယ်လာရန် မှာလိုက်လေ့ရှိသည်။ သူချက်သော ငါးကြော်နှင့် အချဉ်ဟင်းမှာ အရသာရှိလွန်းသဖြင့် မိသားစုဝင်များက ထမင်းဟင်းများကို တစ်စက်မကျန် စားပစ်ကြသည်။

ထမင်းလုံးစေ့တိုင်းသည် ၎င်းတို့ မိသားစုအတွက် တန်ဖိုးရှိသောကြောင့် ကိုတင်မောင်ဦးက ညီငယ်၊ ညီမငယ်များကို ထမင်းမဖိတ်စေရန် မကြာခဏသတိပေးလေ့ရှိသည်။ ၎င်းတို့ အသင့်စားသုံးနိုင်သော ဆန်ဖြစ်လာရေးအတွက် အဆင့်ဆင့် စိုက်ပျိုးထုတ်လုပ်ရပုံ၊ ဆန်စိုက်ပျိုးရန်အတွက် မည်ကဲ့သို့ အားအင်စိုက်ထုတ်ရပုံတို့ကို ပြောပြသည်။ လယ်သမားများက လယ်ယာများကို ထွန်ယက်ကာ စပါးစေ့များကို စိုက်ပျိုးရကြောင်း၊ ရင့်မှည့်လာသော စပါးပင်များကို ရိတ်သိမ်းပြီး စပါးကြိတ်

စက်ဖြင့် ကြိတ်ပြီးမှသာလျှင် အသင့်စားသုံးနိုင်သော ဆန်ကို ရရှိကြောင်း၊ မိဘများကလည်း ၄င်းတို့ ခက်ခဲပင်ပန်းစွာဖြင့် ရှာဖွေထားသော ဝင်ငွေဖြင့် ဆန်များကို ဝယ်ယူရကြောင်း စသည်တို့ကို ပြောပြသည်။

ရင်ရင်လှ အသက်(၅)နှစ်ခန့် အရွယ်တွင် အမှတ်ရစရာကောင်းသော အဖြစ်အပျက်တစ်ခုမှာ ဤသို့ဖြစ်သည်။ တင်မောင်ဦးသည် နွေရာသီ ပူပြင်းသော နေ့ရက်များတွင် တခါတရံ၌ စတော်ဘယ်ရီချင်းများကို အိမ်ဝယ်ပြန်လာလေ့ရှိသည်။ စတော်ဘယ်ရီများကို နို့ဆီ၊ ရေခဲတို့ဖြင့် ရောနယ်ကာ မိသားစုဝင်များအားလုံး မြိုင်ရည်ရှက်ရည် အတူတကွစားသောက်ကြသည့်မြင်ကွင်းကို ယနေ့တိုင် မမေ့နိုင်ချေ။ တခါတရံတွင် တင်မောင်ဦးက အဖေအလုပ်မသွားမီတွင် ကြက်ဥ ခရမ်းချဉ်သီး မွှေကြော် ကြော်ထည့်ပေးလိုက်သည်။

အခြားနေရာ၌ စားကောင်းသောက်ကောင်းများ စားလာခဲ့ရသည့်အခါတိုင်းတွင် ကိုတင်မောင်ဦးက အစားအစာများမှာ အရသာ အလွန်ရှိကြောင်း၊ စားသောက်နေစဉ်အတွင်းတွင် သူ၏ ညီငယ်၊ ညီမငယ်များကို သတိရမိသဖြင့် မြို၍ပင် မကျနိုင်ကြောင်း တို့ကို ပြောပြသည်။ ဤကဲ့သို့သော အစ်ကိုကြီးဖြစ်သူ၏ သတိရတတ်မှုနှင့် ချစ်ခြင်းမေတ္တာတို့ကို ကြားရသည်မှာ ညီငယ်၊ ညီမငယ်များအတွက် ကြည်နူးစရာပင်ဖြစ်ခဲ့သည်။

### အစ်ကိုကြီးအဖြစ် ပြုမူကျင့်ကြံခြင်း

ညီအစ်ကို မောင်နှမများ ဆော့ကစားကြရာတွင် တခါတရံ၌ စကားများ၊ ရန်ဖြစ်သည်များ ရှိတတ်သည်။ ဤတွင် ကိုတင်မောင်ဦးက ဝင်ရောက်ဖြန်ဖြေရပေးစမြဲဖြစ်သည်။ ညီအစ်ကို မောင်နှမ အချင်းချင်း တစ်ဦးနှင့်တစ်ဦး ချင်ခင်ရမည်၊ ဂရုစိုက်ရမည်၊ ရှိတာကို မျှဝေရမည် စသည်တို့ကို သူက သင်ပေးခဲ့သည်။ ကိုတင်မောင်ဦး၏ ချစ်ခြင်းမေတ္တာဖြင့် ထွေးခြုံခံရသော ၄င်း၏ မိသားစုဝင်များသည် ပိုမို၍ နွေးထွေးလုံခြုံမှုရှိသည်ဟု ခံစားလာကြရပြီး မိသားစုဝင်များ အကြားရှိ ချစ်ခင်လေးစားမှုမှာလည်း တိုးပွားလာခဲ့သည်။

ကိုတင်မောင်ဦးသည် ၄င်း၏ ညီငယ်၊ ညီမငယ်များကို မကြာခဏ ဆိုဆုံးမကာ သွန်သင် ညွှန်ပြသည်မှာ မှန်သော်လည်း မိမိကိုယ်တိုင်မှာကား မောင်နှမများ၏ ရှေ့တွင် ဟိတ်ကြီးဟန်ကြီးဖြင့် နေတတ်လေ့ရှိသူ မဟုတ်ချေ။ ညီငယ်၊ ညီမငယ်များကို စလား၊ နောက်လားဖြင့် နေတတ်သူတစ်ယောက်ဖြစ်သည်။ ကိုတင်မောင်ဦးကြိုက်သော သီးချင်းများကို ရေဒီယိုက လွှင့်နေပြီဆိုလျှင် မောင်နှမများနှင့် အတူ ကခုန်ကြသည်။ အငယ်ကောင်များကလည်း သီချင်းကို မပီကလာ ပီကလာဖြင့် လိုက်ဆိုကြသည်မှာ ပျော်ရွှင်ကြည်နူးဖွယ်ရာကောင်းသည်။ မိမိတို့၏ သားသမီးများ ပျော်ရွှင်မြူးထူးနေကြသည့် မြင်ကွင်းကိုကြည့်ကာ မိဘများမှာလည်း ကြည်နူးမဆုံးဖြစ်ခဲ့ရသည်။

မိသားစုဝင်များအပေါ် ထားရှိသော တင်မောင်ဦး၏ မေတ္တာမှာ အကန့်အသတ်မရှိချေ။ ထို့ပြင် ဤမေတ္တာသည် ၄င်း၏ သူငယ်ချင်း အပေါင်းအသင်းများနှင့် အနီးအနားပတ်ဝန်းကျင်ရှိ လူအများထံသို့လည်း တနည်းမဟုတ်တနည်း ပျံ့နှံ့သွားသည်။ တင်မောင်ဦးသည် သူငယ်ချင်း အပေါင်းအသင်းများနှင့် ဆက်ဆံရာတွင် မည်သောအခါကမျှ ၄င်းတို့ထံမှ တစုံတရာ အခွင့်အရေး ယူခဲ့ခြင်း မရှိချေ။ အခွင့်အရေး မယူသည့်အပြင် တင်မောင်ဦးက ၄င်းတို့ကိုပင် မိမိတတ်နိုင်သမျှ အကူအညီပေးခဲ့သည်။ ၄င်းတို့ အကျိုးစီးပွားအတွက် တစုံတရာ အထောက်အပံ့ပေးခဲ့သည်။ သူငယ်ချင်းများ စုံဆုံမိကြပြီ ဆိုလျှင် မိမိအကြောင်းပြောမည့်အစား အခြားသူအကြောင်းကိုသာ သူက စပြောလေ့ရှိသည်။ မိမိသူငယ်ချင်း တစ်ဦး

တစ်ယောက်စီ၏ အခြေအနေ၊ ၎င်းတို့ မိသားစုအခြေအနေများကို လေ့လာသုံးသပ်ပြီး ၎င်းတို့တွေ့ကြုံနေရသော စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဆင်းရဲဒုက္ခများကို တတ်နိုင်သမျှ ကုစားပေးသည်။ သို့သော်လည်း မိမိအကြောင်းကို ဆိုလျှင် မေးမှသာ ပြောလေ့ရှိပြီး သူငယ်ချင်းများထံမှလည်း မိမိ၏ ကိုယ်ရေးကိုယ်တာအတွက် အကူအညီတောင်းခံခြင်း မရှိသလောက်ပင် ဖြစ်သည်။

၎င်းတို့၏ ကိုယ်ပိုင်ဘဝများအား ကိုတင်မောင်ဦးက စိတ်ဝင်စားတတ်ကြောင်း သူ၏ သူငယ်ချင်းများက ခံစားမိခဲ့ကြသည်။ သူနှင့် အတူ ရှိနေရသော အချိန်ကာလများသည် ပျော်ရွှင်ကြည်နူးစရာကောင်းသော အချိန်ကာလများ ဖြစ်ခဲ့သည်။ အပြုဖြစ်တည်မှု အမြင်ရှိသူ၊ ကောင်းမွန်စွာ ပြုမူနေထိုင်တတ်သူ၊ တပါးသူအပေါ် ကောင်းမွန်စွာ ပြုမူဆက်ဆံတတ်သူ ကိုတင်မောင်ဦး၏ အကျင့်စရိုက်များကို သူငယ်ချင်းများက အတုယူခဲ့ကြသည်။ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်မှု၊ စည်းကမ်းသေဝပ်မှု၊ မူးယစ်ဆေးဝါး ကင်းရှင်းအောင် နေတတ်မှု၊ စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက် အောင် လုပ်ဆောင်မှု၊ မိန်းကလေး ပွေရှုပ်ခြင်း မရှိမှု၊ ကိုယ်ခံပညာ တတ်စွမ်းမှု၊ လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ကို လေ့လာတတ်မှု စသည့် ကိုတင်မောင်ဦး၏ ထူးခြားသော အပြုအမူများကို လေးစားခဲ့ကြသည်။ အထူးသဖြင့် ၎င်း၏ လူလူချင်း ကိုယ်ချင်းစာနာတတ်သော စိတ်ထားနှင့် ရဲစွမ်းသတ္တိတို့ကို အလွန်အမင်း လေးစားခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့ မျက်စိထဲတွင် ကိုတင်မောင်ဦးသည် အဘက်ဘက်က ပြောလောက်စရာ မရှိသော စံပြလူငယ်တစ်ဦး၊ ၎င်းတို့ အားကိုး အားထားရာ၊ အတုယူစရာ လူငယ်တစ်ဦး ဖြစ်လာခဲ့သည်။ ဤကဲ့သို့သော ကောင်းကျိုးရလာဒ်များ အားလုံးသည် ကိုတင်မောင်ဦး၏ အတွင်းစိတ်ထဲတွင် ကိန်းအောင်းနေသော 'အနိူင်းမဲ့ မေတ္တာ' ကြောင့်ပင် ဖြစ်သည်။

'မေတ္တာ' နှင့် ပတ်သက်သော အလုပ်တစ်ခုကို တသက်လုံး လုပ်သွားမည် ဟူ၍ပင် သူက ပြောဆိုခဲ့ဘူးသည်။ တစ်နေ့တွင် ကိုတင်မောင်ဦးက သူ၏ မိဘများထံသို့ ချဉ်းကပ်ကာ တက္ကသိုလ်ကျောင်း ဆက်တက်လိုစိတ် မရှိတော့ကြောင်း၊ ခရစ်ယာန်ဘုန်းကြီး လုပ်ချင်ကြောင်း တို့ကို ပြောလာသည်။ အထူးသဖြင့် ကက်သလစ်ဘုန်းကြီးအလုပ်ကို စိတ်ဝင်စားသည်ဟု သူက ဆိုသည်။ သို့မှသာလျှင် လူအများကို ထိထိရောက်ရောက် အကူအညီပေးနိုင်မည်ဟု သူက ထင်မှတ်ခဲ့သောကြောင့် ဖြစ်သည်။ ဘုန်းကြီးတစ်ပါးအနေဖြင့် ဆိုပါက လူအများတို့အတွက် စိတ်ပိုင်းဆိုင်ရာအရသော် လည်းကောင်း၊ ခန္ဓာကိုယ်ပိုင်း ဆိုင်ရာ အရသော်လည်းကောင်း လက်တွေ့ဘဝတွင် ကူညီထောက်ပံ့မှုများ ပေးနိုင်လိမ့်မည်ဟု သူက ယုံကြည်ခဲ့သည်။ ခရစ်ယာန်ဘုန်းကြီးများက ကျောင်းနှင့် မိဘမဲ့ ဂေဟာများကို လည်ပတ်နေပုံ၊ ဆေးရုံများတွင် ကူညီဆောင်ရွက်ပေးနေပုံတို့ကို တင်မောင်ဦးက နှစ်သက်ခဲ့သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် လူအများကို အကူအညီပေးလိုသော သူ၏စိတ်ဆန္ဒကို ဖြည့်ဆည်း ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ သို့ရာတွင် ကက်သလစ် ဘာသာတရား၏ အယူအဆများကို ကြိုက်နှစ်သက်၍ သူက ထိုကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း မဟုတ်ချေ။ ခရစ်ယာန် ဘုန်းကြီးများသည် မိဘမဲ့ ကလေးဂေဟာ၊ ဆေးရုံနှင့် ကျောင်း များတွင် လိုအပ်ချက်ရှိနေသူများအတွက် ကူညီဆောင်ရွက် နှစ်သိမ့်မှုများ ပေးနိုင်သည်ဟူသော အချက်ကသာလျှင် သူ့ကို ဆွဲဆောင်နေခဲ့ခြင်း ဖြစ်သည်။ အများတကာကဲ့သို့ အိမ်ထောင်ရက်သားကျကာ မိသားစု ပျိုးထောင်ရသော ဘဝမျိုးကို သူက မနှစ်သက်ခဲ့ချေ။ ဘဝကို တစ်ကိုယ်ရေ ဖြတ်သန်းခြင်းဖြင့်သာလျှင် မိမိ၏ ရည်မှန်းချက်များကို အကောင်အထည်ဖေါ်ရန်အတွက် ပိုမိုအာရုံထားနိုင်မည်ဟု ယုံကြည်ခဲ့သည်။ ဤသည်နှင့်စပ်လျဥ်း၍ တစ်နေ့တွင် အဖေက တင်မောင်ဦးနှင့် ပြောဆိုဆွေးနွေး သည်။

"ငါ့သား။ မင်းက ဘုန်းကြီးလုပ်ပြီးတော့ လူတွေကို အကူအညီပေးချင်တယ် ဆိုတာကို ကြားရတော့ ငါ ဝမ်းသာ မိတယ်။ ဒါပေမယ့် တက္ကသိုလ်ပညာကို ပြီးအောင် သင်ပြီးတော့ ဘွဲ့ရသွားတာမျိုးကို အရင်ဆုံး မြင်ချင်သေးတယ်။ ငါက မင်းကို ဘာဖြစ်လို့ ဒီလို ပြောရသလဲဆိုတော့ ငါတို့မိသားစုရဲ့ သမိုင်းကို ကြည့်မယ်ဆိုရင် ငါ့ဆွေမျိုးတွေ ဘက်မှာကော၊ မင်းအမေ

ဆွေမျိုးတွေ ဘက်မှာပါ တက္ကသိုလ်ဘွဲ့ရဘူးတဲ့သူ တစ်ယောက်မှ မရှိခဲ့ဖူးဘူးကွ။ အခု မင်းက ပထမဆုံး ဒါကို လုပ်နိုင်တော့မှာ မဟုတ်လား။ ငါတို့ မိသားစုတစ်စုလုံးအတွက် မင်းက စံပြတစ်ယောက် ဖြစ်လာမှာပေါ့ကွာ။'' ဟု အဖေက ပြောသည်။ တဖန် အဖေက ''တက္ကသိုလ် ဘွဲ့ရပြီးတဲ့အခါကျရင် မင်းကြိုက်တာ လုပ်တော့ပေါ့။''ဟု ဖျောင်းဖျပြန်သည်။ ဤသည်နှင့် ပတ်သက်၍ အစပိုင်းတွင် ကိုတင်မောင်ဦးက ချည်တုံချတုံဖြစ်နေသော်လည်း ဖခင်ဖြစ်ကို လေးစားသမှုဖြင့် ဖခင်၏ လိုအင်ဆန္ဒအတိုင်း လုပ်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ခရစ်ယာန် ဘုန်းကြီး ဖြစ်လာရန်အတွက် ဘွဲ့တစ်ခုရှိထားရမည် ဖြစ်ပြီး ကျမ်းစာသင် ကျောင်းတွင်လည်း (၂)နှစ် (၃)နှစ် ဦးစွာ သွားနေရသည်။ ထို့ကြောင့်လည်း သူက ကျောင်းဆက်တက် လမ်းကိုသာ ဆက်လက် ရွေးချယ်ခဲ့ခြင်းပင်။

ကိုတင်မောင်ဦးသည် မေတ္တာကို 'ရှာဖွေသူ'မဟုတ်။ မေတ္တာကို 'ပေးအပ်သူ'တစ်ဦး ဖြစ်ခဲ့သည်။ သူ လုပ်ဆောင် ခဲ့သော ပြုမူဆောင်ရွက်ချက်များသည် တစုံတဦးထံမှ မေတ္တာကို အလိုရှိသော စိတ်ဆန္ဒအပေါ်၌ အခြေမခံချေ။ မည်သူ တစ်ဦးတစ်ယောက်ထံက မည်သည့်အရာကိုမျှ မျှော်လင့်ထားခြင်း မရှိဘဲ သူ၏ 'စိတ်ကောင်း အရင်းခံ'သက်သက်ဖြင့်သာ အခြားသူများကို ကူညီပေးခဲ့ခြင်း ဖြစ်သည်။ မိသားစုဝင်များ၊ သူငယ်ချင်းများနှင့် အခြားသူများအပေါ်ထားရှိသော မေတ္တာ ကတဆင့် လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် ထားရှိသော မေတ္တာအဖြစ်သို့ ပျိုးထောင်နိုင်ခဲ့သည်။ သာမန် နေ့စဉ်ဘဝတွင် ကိုတင်မောင်ဦးအား တွေ့ကြုံဆက်ဆံခဲ့ရဘူးသူတိုင်းသည် သူ၏ မေတ္တာကို တနည်းမဟုတ် တနည်း ခံစားခဲ့ရသည်။ သူနှင့် စကားပြောဆိုရခြင်း၊ သူနှင့်အတူ ရှိနေရခြင်းကို နှစ်သက်ကြရသည်ချည်းသာဖြစ်ပြီး၊ မိမိတို့၏ ဘဝအတွေ့အကြုံများအား ကိုတင်မောင်ဦးကို ဖလှယ်လိုစိတ်များ ဖြစ်ခဲ့ကြရသည်။

ဗုဒ္ဓဘာသာတွင် ဂေါတမ မြတ်စွာဘုရားက 'အကျိုးနှင့် အကြောင်း ဆက်နွယ်မှု'သဘောတရားကို ဟောကြား ခဲ့သည်။ မိသားစုဝင်များ၊ သူငယ်ချင်းမိတ်ဆွေများနှင့် လူအများတို့အပေါ် ထားရှိခဲ့သော မြတ်စွာဘုရား၏ အနှိုင်းမဲ့ မေတ္တာ တရားကြောင့် လူအများတို့ကလည်း မြတ်စွာဘုရားအပေါ် မေတ္တာအပြည့်အဝရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဤနေရာ တွင် မြတ်စွာဘုရားသည် လူအများတို့ထံမှ တစုံတရာ ပြန်လည်မျှော်လင့်တောင့်တသောကြောင့် ထိုကဲ့သို့ မေတ္တာတရား ထားခဲ့ခြင်း မဟုတ်ချေ။ ဤကဲ့သို့သော 'မေတ္တာကမ္ဘာ' အခြေပြုခြင်းဖြင့် မြတ်စွာဘုရားသည် ခက်ခဲပင်ပန်းမှု၊ ရက်စက် ယုတ်မာမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရင်ဆိုင်ရန်အတွက် အံ့မခန်းသော ယုံကြည်ချက်များကို ရရှိပိုင်ဆိုင်လာကာ လူ့အဖွဲ့အစည်း ကို ပြောင်းလဲရန် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

၇

## ‘မတရားမှုများ’ ကို တိုက်ဖျက်ခြင်းနှင့် ‘ဂုဏ်သိက္ခာ’ ကို ကာကွယ်ထိန်းသိမ်းခြင်း

ကိုတင်မောင်ဦးထံ၌ ငယ်စဉ်ကတည်းကပင် ရှိခဲ့သည့် ထူးခြားသော ပင်ကိုစရိုက် နောက်တစ်မျိုးမှာ ၎င်းသည် မိမိ၏ ရည်မှန်းချက် ပြီးမြောက်အောင်မြင်သည်အထိ ဇွဲမလျှော့တမ်း လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းပင်ဖြစ်သည်။ အခြား ညီအစ်ကို မောင်နှမများနှင့်စာလျှင် မတူညီသော အချက်မှာ ကိုတင်မောင်ဦးသည် လွယ်လွယ်နှင့် စိတ်ဝေဝါး ထွေပြားခြင်း မရှိသူ ပင်ဖြစ်သည်။ တစ်စုံတစ်ခုကို လိုချင်ပြီဆိုလျှင် တုံးတိုက်တိုက် ကျားကိုက်ကိုက် ထိုအရာကို ရရှိသည်အထိ အရှုံးမပေးသော စိတ်ဖြင့် ဆောင်ရွက်တတ်သူ ဖြစ်သည်။

အရွယ်ရောက် လာသောအခါ ကိုတင်မောင်ဦးသည် အားကစားတွင် ဝါသနာထုံကြောင်းကို မိမိကိုယ်ကို သိရှိလာခဲ့သည်။ မည်သည့် အားကစားနည်းကို မည်ကဲ့သို့ ကစားရမည်ဟူသော နည်းဗျူဟာများအား နားလည်သိကျွမ်း ခဲ့သည်။ ထို့ကြောင့်လဲ များသောအားဖြင့် သူကသာလျှင် အနိုင်ရရှိခြင်းဖြစ်သည်။ ကလေးဘဝတွင် သရေကွင်းပစ် ကစားနည်း၊ ခေါင်းပန်းလှန် ကစားနည်း၊ ဂေါ်လီပစ် ကစားနည်း များ၌ သူကသာလျှင် အများအားဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော်လည်း နိုင်သူ အကုန်စားလိုသော စိတ်ဆန္ဒမျိုး သူထံ၌ မရှိခဲ့ချေ။ မိမိတွင်ရှိသော အရာအားလုံးကို ဆုံးရှုံးသွားသဖြင့် စိတ်ဆင်းရဲ နေရသည့် ကလေးတစ်ယောက်၏ မျက်နှာကို တင်မောင်ဦးက မကြည့်ရက်သောကြောင့် မိမိနိုင်ထားသည်များထဲမှ တဝက်ခွဲပေးလိုက်စမြဲဖြစ်သည်။ သို့သော်လည်း အရှုံးသမားသည် စိတ်ထားဆိုးသူတစ်ယောက်ဖြစ်ပါက ပြန်ပေးလိမ့်မည် မဟုတ်ချေ။

ငယ်ရွယ်စဉ် ကလေးဘဝကတည်းကပင် တင်မောင်ဦးကို လူချစ်လူခင် များခဲ့သောကြောင့် တင်မောင်ဦး၏ညီ လှရွှေသည် သူနှင့်အတူ တစ်ကျောင်းထဲ၌ နေရခြင်းကို နှစ်သက်ခဲ့သည်။ တင်မောင်ဦးက သူ့ကို အမြဲစောင့်ရှောက်သည့်အပြင် အခြား ညီငယ်၊ ညီမငယ်များ အနိုင်ကျင့်ခံရခြင်း မရှိစေရန်အတွက်လည်း ကာကွယ်ပေးခဲ့သည်။ ထမင်းစားဆင်းချိန်များတွင် တင်မောင်ဦးနှင့် လှရွှေတို့သည် သူငယ်ချင်းများနှင့်အတူ ရှိနေလေ့ ရှိသည်။ ငယ်ရွယ်စဉ်က တင်မောင်ဦးသည် ပိန်သွယ်ပြီး မျက်မှန်လည်း တပ်ခဲ့ရသည်။ ထို့ပြင် တင်မောင်ဦးသည် အခြားကလေးများကဲ့သို့ပင် သူ၏ ခဲတံနှင့် ဘောပင်များ မပျောက်မရှစေရန်အတွက် အင်္ကျီအိပ်ကပ်ထဲတွင် ထည့်ထားလေ့ရှိသည်။

### အနိုင်ကျင့် ဗိုလ်ကျမှုကို ဆတ်ဆတ် မခံသူ

ထိုအချိန်က ၎င်းတို့ကျောင်းတွင် အခြားကျောင်းသားများကို အနိုင်ကျင့် ဗိုလ်ကျတတ်သော ကျောင်းသားတစ်ဦး ရှိခဲ့ဘူးသည်။ ၎င်းသည် တင်မောင်ဦးထက် လူကောင် ပိုကြီးသည်။ တစ်နေ့တွင် တင်မောင်ဦးနှင့် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသော အဆိုပါ ကျောင်းသားက တင်မောင်ဦးကို ပုခုံးဖြင့် တမင်တကာ ဝင်တိုက်ကာ ရန်စလေသည်။ “ဒီ ငပိန်က လေးလုံးဘဲကွ။”ဟူ၍ တင်မောင်ဦးကို လှောင်ပြောင်ကာ “မင်းနဲ့ငါနဲ့ ချမလားကွ”ဟု အသားလွတ် စိန်ခေါ်လေသည်။ ထိုအခါ တင်မောင်ဦးက “ငါမင်းနဲ့ မချချင်ပါဘူး။ မင်းက ဘာဖြစ်လို့ တခြားလူတွေကို ပြဿနာရှာချင်ရတာလဲ။ မင်းက အားလုံးကို ရန်ရှာနေတာဘဲ။ ဘာဖြစ်လို့လဲကွ”ဟု ပြန်ပြောသည်။

၅၂)တွင် ရုတ်တရက်ဆိုသလို ထိုကျောင်းသားက တင်မောင်ဦးကို လက်သီးဖြင့် ထိုးလေသည်။ လျှပ်တပျက်အတွင်းမှာပင် တင်မောင်ဦးက သူ၏ လက်သီးကို ဘယ်ဘက်လက်ဖြင့် တားပြီးသည်နှင့် တပြိုင်နက် ညာဘက်လက်ဖြင့် သူ့မျက်နှာကို လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ အရာရာအားလုံး မျက်စိတမှိတ်အတွင်း ဖြစ်သွားသောကြောင့် ထိုကျောင်းသားမှာ အံ့အားသင့်၍ မဆုံးမီ တင်မောင်ဦး၏ လက်သီးချက်ကြောင့် ဖင်ထိုင်သွားသည်။ နှာခေါင်းမှလဲ သွေးများကျလာသည်။ သူက တင်မောင်ဦးကို ဆဲရေးကာ ပြန်ထလာပြီး ချမည်အလုပ်တွင် အနီးအနားရှိ ကျောင်းသားများက ၄င်းတို့နှစ်ယောက်ကို အတင်း ဝင်ဆွဲကြသည်။ ထို့နောက် ဆရာ၊ ဆရာမများလည်း အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိလာပြီး ၄င်းတို့နှစ်ယောက်အား ကျောင်းအုပ်ကြီးရုံးခန်းသို့ ပို့လိုက်သည်။

တင်မောင်ဦးက စထိုးကြောင်းကို ကျောင်းအုပ်ကြီးရုံးခန်းတွင် ထိုကျောင်းသားက ကျောင်းအုပ်ကြီးအား စတင်တိုင်တန်းလေသည်။ တင်မောင်ဦးကလည်း ထိုကျောင်းသား၏ လက်သီးချက်ကို ဦးစွာရှောင်ကာ မိမိကိုယ်ကို ခုခံကာကွယ်ရန်အတွက် လက်သီးတစ်ချက်ထိုးခဲ့ကြောင်း ပြန်လည်ချေပသည်။ ထိုကျောင်းသားသည် ပြဿနာကောင် ဖြစ်ကြောင်းကို သိရှိထားခဲ့ပြီးဖြစ်သောကြောင့် ကျောင်းအုပ်ကြီးက သူ့အား "ဒီအတွက် မင်းရဲ့မိဘတွေကို ခေါ်အသိပေးရလိမ့်မယ်" ဟု ပြောခဲ့သည်။ ထိုနေ့မှစ၍ အဆိုပါကျောင်းသားသည် တင်မောင်ဦးအနား မကပ်ရဲတော့။ တင်မောင်ဦးနှင့် မျက်လုံးချင်းပင် မဆိုင်ရဲတော့ပေ။ ထိုကျောင်းသား၏ အနိုင်ကျင့်ခြင်းကို ခံခဲ့ရသော အခြားကျောင်းသားများသည်လည်း တင်မောင်ဦးအပေါ် ကျေးဇူးတင်ကြသည်။ ထိုအချိန်မှစ၍ တင်မောင်ဦးတွင် သူငယ်ချင်း ပိုတိုးလာကြောင်း လူရွှေက ရိပ်စားမိခဲ့သည်။

တင်မောင်ဦးသည် အသက်(၁၃)နှစ်အရွယ်ကတည်းကပင် သူ၏ ခန္ဓာကိုယ်ကြံ့ခိုင်အောင် လုပ်ခဲ့သူဖြစ်သည်။ သူ၏ သူငယ်ချင်းများနှင့်အတူ ဝိတ်သွားမခဲ့သည်။ ကိုယ်ခံပညာ လိုက်စားခဲ့သည်။ ဘဲခြံကျောင်းဟု အမည်တွင်ခဲ့သော မရမ်းကုန်း အထက(၁) နှင့်ကပ်လျှက်ရှိသည့် ဘုန်းကြီးကျောင်းဝင်းအတွင်း ဦးဇင်းငယ်များနှင့်ပေါင်းကာ အလေးမ ရုံတခုကို တည်ထောင်ခဲ့ကြသည်။ အချိန်မှန်မှန် နှင့် ဇွဲရှိရှိ ကစားသူမှာ ကိုတင်မောင်ဦး ပင်ဖြစ်သည်။ သူငယ်ချင်းများ အားလုံးအနက် စိတ်ဓါတ်ရော၊ ခန္ဓာကိုယ်ပါ ကြံ့ခိုင်တောင့်တင်းမှု အရှိဆုံးမှာ ကိုတင်မောင်ဦး ဖြစ်သည်။

ထိုခေတ်က မြန်မာ့သိုင်းပညာကို သိုင်းဆရာကြီးဦးချစ်သန်းက ရန်ကုန် တက္ကသိုလ်ဝင်းအတွင်းတွင် အချိန်ပိုင်းနှင့် ပို့ချပေးခဲ့ရာ သူငယ်ချင်းတွေ တချို့ တက်ရောက် သင်ကြားကြသည်။ မြန်မာ့လက်ဝှေ့ကို သမိုင်းလမ်းဆုံ မှနေ၍ ကားမှတ်တိုင်တတိုင်စီးသွားလျှင် ရောက်သော ဘုန်းကြီးကျောင်းတခုတွင် သွားရောက် သင်ကြားသူလည်းရှိသည်။ ကိုတင်မောင်ဦးက သိုင်း၊ လက်ဝှေ့ များထက်ပို၍ ခါရာတေးကိုစိတ်ဝင်စားသည်။ လိုက်စားသည်။ တစုံတရာ ကျွမ်းကျင်စွာ တတ်မြောက် သည်။ ခါရာတေးပညာဖြင့် သူ့ကိုယ်သူခုခံကာကွယ်ကာ သတ္တိပြခွင့်ရခဲ့သော အကြိမ်အတော်များများ ရှိခဲ့သည်။

## လမ်းသရဲ ဂိုဏ်းသားများကို ရင်ဆိုင်ကြုံတွေ့ခြင်း

၁၉၆၀ စုနှစ်နှောင်းပိုင်းနှင့် ၁၉၇၀ စုနှစ်များ၌ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံရှိ နေရာအတော်များများတွင် လမ်းသရဲဂိုဏ်းများ ခေတ်စားနေခဲ့သည်။ ကိုတင်မောင်ဦး မိသားစုနေထိုင်ရာ သမိုင်းမြို့နယ်တွင်လည်း လမ်းသရဲဂိုဏ်းများ အထူးသောင်းကျန်းခဲ့သည်။ လမ်းသရဲများကို အခန့်မသင့်၍ မော်များကြည့်မိလျှင် နေရာ၌ပင် ရိုက်နှက်၊ လုယက် ခြင်းခံရနိုင်သည်။

လမ်းသရဲများက တစ်စုံတစ်ယောက်ကို ကြည့်မရ၍ ခြိမ်းခြောက်လျှင် ခြိမ်းခြောက်ခြင်းခံရသူသည် လမ်းသရဲများကို အနူးအညွတ်တောင်းပန်ရသည်။

ဤသို့ဖြင့် ရပ်ကွက်ထဲရှိ လမ်းသရဲများက ကိုတင်မောင်ဦးကို ကြည့်မရ ဖြစ်လာသည်။ တက္ကသိုလ်ကျောင်း အသွားအပြန် လုပ်နေသော ကိုတင်မောင်ဦးကို လမ်းသရဲများက နေ့စဉ်တွေ့မြင်နေသော်လည်း ကိုတင်မောင်ဦးက တက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်ကြောင်းကိုမူ ၄င်းတို့ မရိပ်မိခဲ့ချေ။ ကိုတင်မောင်ဦး၏ ကိုယ့်ကိုကိုယ်ယုံကြည်မှု စိတ်ဓါတ်နှင့် ခပ်မိုက်မိုက် ပုံစံတို့ကြောင့် လမ်းသရဲများက သူ့ကို တော်ရုံတန်ရုံ ရန်မစရဲခဲ့ကြချေ။ တစ်ဦးချင်း နှစ်ဦးချင်း ရင်ဆိုင် စိန်ခေါ် ထိုးသတ်ခဲ့ကြသူများသည်လည်း ကိုတင်မောင်ဦး၏ ကိုယ်ခံပညာ ကျွမ်းကျင်မှုကြောင့် မှောက်သွားခဲ့ကြသည်က များသည်။

၁၉၇၁ခုနှစ် အောက်တိုဘာလတွင် နေ့တစ်နေ့ တက္ကသိုလ်ကျောင်းက အပြန်တွင် တင်မောင်ဦးသည် သမိုင်း ဘူတာရုံ လမ်းအတိုင်း လျှောက်လာသည်။ ဤတွင် ''ကယ်ကြပါ၊ ကယ်ကြပါ''ဟု တစာစာအော်နေသံကို တင်မောင်ဦး ကြားလိုက် ရသည်။ သူက အသံလာရာဘက်ကို ချက်ချင်းပြေးသွားရာ အသက်(၁၅)အရွယ်ခန့်ရှိသော လူငယ်တစ်ဦး ရိုက်နှက်လုယက် ခံနေရသည့်မြင်ကွင်းကို တွေ့လိုက်ရသည်။ ''ဟေ့ကောင်တွေ။ ရပ်လိုက်စမ်း။''ဟု ကိုတင်မောင်ဦးက ဟိမ်းဟောက်လိုက်သည်။ ဤတွင် လမ်းသရဲ(၃)ယောက်သည် လူငယ်ကို ထားပြီး ချက်ချင်း ထွက်ပြေးသွားကြသည်။ ဖုတ်လှိုက်ဖုတ်လှိုက်ဖြင့် အသက်ရှူ နေသော လူငယ်က တင်မောင်ဦးရောက်လာသည့်အတွက် ကျေးဇူးတင်ကြောင်းပြောသည်။ တင်မောင်ဦးက ''ဒီဘူတာရုံက လမ်းသရဲ တွေ ကျက်စားတဲ့နေရာ။ မင်း ဒီကိုလာတဲ့ အခါကျရင် ကောင်းကောင်း သတိထားရမယ်။ ပြီးရင် ဒီကို ဘယ်တော့မှ တစ်ယောက်ထဲ မလာရဘူး။'' ဟု သတိပေးသည်။ ကိုတင်မောင်ဦးက လမ်းသရဲများ လုယက်နေသည်ကို ဝင်ရောက် နှောင့်ယှက်ခဲ့မှုအပေါ် အငြိုးအတေးထားကာ ရပ်ကွက်အတွင်းရှိ လမ်းသရဲများက သူ့ကို စောင့်ကြည့်နေခဲ့ကြသည်။

နောက်ရက်အနည်းငယ်အကြာတွင် ကိုတင်မောင်ဦးသည် ဘူတာရုံလမ်းမှပင် အိမ်ပြန်လာချိန်တွင် လမ်းသရဲဂိုဏ်းဝင် လူငယ် လေးငါးယောက်ခန့် လမ်းဘေးတစ်နေရာတွင် ထိုင်နေကြသည်ကို သတိပြုမိသည်။ ထိုလူငယ်များထဲမှ တစ်ဦးက ''ဟေ့ကောင်၊ ဝတုံး''ဟု အော်ပြောသံကိုကြားသောအခါ ကိုတင်မောင်ဦးက ချက်ချင်းရပ်ပြီး သူတို့ကို ကြည့်လိုက်သည်။ ''မင်းက ဘာဖြစ်ချင်လို့လဲကွ'' ဟု လမ်းသရဲများက ရန်စသည်။ ကိုတင်မောင်ဦးက သူတို့ဆီ လျှောက်သွားပြီး ''ငါ့ကို အဲဒီလိုခေါ်တာ ဘယ်သူလဲ။ မင်းတို့အထဲက ဘယ်ကောင်လဲကွ''ဟု ပြောရာ လမ်းသရဲလူငယ်များအားလုံး ထိုင်ရာက ထလာကြသည်။ သူတို့ထဲမှ တစ်ဦးက ''ငါဘဲကွ''ဟုဆိုကာ ကိုတင်မောင်ဦးထံ လက်သီးတစ်လုံး ပစ်သွင်းလေသည်။ ဤတွင် ကိုယ်ခံပညာကို ကောင်းမွန်စွာ တတ်ကျွမ်းထားသူ ကိုတင်မောင်ဦး၏ လှုပ်ရှားမှုများမှာ မြန်ဆန်လွန်းလှသည်။ ဝင်လာသော လက်သီးကို တားလိုက်ပြီး ချက်ချင်း တန်ပြန်တိုက်ခိုက်သည်။ လမ်းသရဲနောက်တစ်ဦး ပြေးဝင်လာရာတွင် သူက ကာရာတေး နည်းဖြင့် ဘေးစောင်းကန်လိုက်သည်။ လမ်းသရဲများက တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်ဝင်ရောက် တိုက်ခိုက်လာ သကဲ့သို့ပင် သူ၏ တန်ပြန်ပိတ်ဆို့ တိုက်ခိုက်မှုများမှာလည်း လေအဟုန်ကဲ့သို့ မြန်ဆန်လှသည်။ ကိုယ်ခံပညာကို ဤ၍ဤမျှ တတ်ကျွမ်းသူနှင့် ရင်ဆိုင်ရလိမ့်မည်ဟု မျှော်လင့်မထားမိခဲ့သော လမ်းသရဲများ အံ့အားသင့်သွားသည်။ ကိုတင်မောင်ဦးကို အနိုင်ယူ၍ မရနိုင်ကြောင်း အလျှင်အမြန်ရိပ်စားမိသွားပြီး ၄င်းတို့ ဆက်မတိုက်ခိုက်ကြတော့ချေ။ ဤတွင် ''မင်းတို့ ငါ့ကို နောက်တစ်ခါ လာမစမ်းနဲ့။ ငါကလဲ ဒီရပ်ကွက်ထဲမှာ ကြီးလာတဲ့ကောင်ဘဲကွ''ဟု သူက ပြောသည်။

နောက်တစ်ပတ်ခန့်ကြာသွားသည့်အခါတွင် ကိုတင်မောင်ဦး ထပ်မံတိုက်ခိုက်ခံရပြန်သည်။ သူငယ်ချင်းအိမ်မှ ပြန်လာသည့်အချိန်တွင် ဖြစ်သည်။ သူက ဂျာကင်အင်္ကျီကို ပုခုံးပေါ်တင်ပြီး လမ်းအတိုင်းလျှောက်လာသည်။ ထိုအချိန်က

သမိုင်းမြို့နယ်တွင် ခင်မောင်တင် (သို့မဟုတ်) ဓါးခင်မောင်တင် ဟုခေါ်ဆိုသော လမ်းသရဲတစ်ဦး ရှိခဲ့ဘူးသည်။ လူတစ်ဦးကို ဓါးဖြင့် ပစ်ပေါက်ကာ အကြီးအကျယ် ဒဏ်ရာရသွားစေနိုင်သော စွမ်းရည်ရှိသောကြောင့် သူ့ကို ဓါးခင်မောင်တင်ဟု ခေါ်ကြခြင်းဖြစ်သည်။ ကိုတင်မောင်ဦး လမ်းထောင့်တစ်နေရာက သစ်ပင်ကြီးတစ်ပင်ကို ဖြတ်လျှောက်လာချိန်တွင် ဓါးခင်မောင်တင်သည် သစ်ပင်နောက်တွင် ပုန်းကွယ်နေခဲ့သည်။

ကိုတင်မောင်ဦးက သစ်ပင်ကြီးနားသို့ အရောက်တွင် ဓါးခင်မောင်တင်သည် သစ်ပင်နောက်မှ ရုတ်တရက် ထွက်လာက လှံစွပ်တစ်ချောင်းဖြင့် ပစ်ပေါက်သည်။ ကိုတင်မောင်ဦးအတွက် ပြင်ဆင်ချိန် သိပ်မရခဲ့။ သူ၏ လျှင်မြန်သော အမှတ်တမဲ့ တုန့်ပြန်မှုကြောင့်သာလျှင် အသက်မသေခဲ့ရခြင်း ဖြစ်သည်။ သူက ချက်ချင်းပင် ပုခုံးပေါ်က ဂျာကင်ဖြင့် လှံလာရာလမ်းကြောင်းကို လွှဲကာပြီး နဘေးသို့ ရှောင်ထွက်လိုက်သည်။ လှံစွပ်က သူ၏ဂျာကင်ထဲ စိုက်ဝင်သွားသည်။ ကိုတင်မောင်ဦး သွေးထွက်သံယို ဖြစ်သွားလိမ့်မည်ဟု ထင်မှတ်ကာ ဓါးခင်မောင်တင်သည် လှံစွပ်ကို ပစ်ပြီးသည်နှင့်တပြိုင်နက် နေရာမှ လှည့်ပြေးသည်။ ကိုတင်မောင်ဦးက လမ်းဘေးရှိ လက်သီးဆုပ်အရွယ် ကျောက်ခဲတစ်လုံးကို ယူပြီး ဓါးခင်မောင်တင်ကို ပစ်ပေါက်လေသည်။ ကျောက်ခဲက ဓါးခင်မောင်တင်၏ ဦးခေါင်းကို သွားရောက်ထိမှန်သည်။ ဦးခေါင်းတွင် သွေးထွက်လာသော်လည်း ဓါးခင်မောင်တင်က နောက်လှည့်မကြည့်ဘဲ ဆက်ပြေးလေသည်။ ဖြစ်ပျက်မှု အလုံးစုံကို ၄င်းတို့ အနီးအနားတွင် ရှိနေသော လှရွှေ၏ သူငယ်ချင်းတစ်ယောက်က တွေ့မြင်ခဲ့ရသည်။ ထိုသူငယ်ချင်းက လှရွှေကို ပြန်ပြောင်းပြောပြ ခဲ့ခြင်း ဖြစ်သည်။

လှံစွပ်ကြောင့် ကိုတင်မောင်ဦး၏ ဂျာကင်အင်္ကျီစုတ်ပြဲသွားခဲ့သည်။ ဤအဖြစ်အပျက်ကို ကြားရသိလျှင် အမေဖြစ်သူ စိတ်ပူသွားမည်ကို သိရှိထားသဖြင့် ကိုတင်မောင်ဦးက အမေ့ကို မပြောပြခဲ့ချေ။ ရပ်ကွက်အတွင်းတွင် လူတစ်ယောက်ကို သတ်ပြီး ဓါးဖြင့် အစိတ်စိတ်အပိုင်းပိုင်းဖြတ်ကာ စွန့်ပစ်ထားခဲ့သည့်သတင်းကို လူပြောများနေချိန် ဖြစ်သည်။ အိမ်ပြန်ရောက်သည့်အခါတွင် ကိုတင်မောင်ဦးက ၄င်းတွေ့ကြုံရသည်များကို ညီမ လှမြိုင်အား ပြောပြခဲ့သည်။ "ညီမလေး၊ အစ်ကိုက ဒီလောကကြီးမှာ ဘယ်သူ့ကိုမှ ကြောက်တာမဟုတ်ဘူး။ သူများတွေက အစ်ကို့ကို စိန်ခေါ်လာရင် အစ်ကို သူတို့ကို ရင်ဆိုင်ရဲတယ်။"ဟု ပြောခဲ့သည်။

ဤသို့ဖြင့် လမ်းရဲဂိုဏ်းသားများသည် ကိုတင်မောင်ဦးအပေါ် ပို၍ အငြိုးကြီးလာခဲ့သည်။ ထိုအချိန်မှစတင်ကာ သူကလည်း ကျောပိုးအိပ်နှင့် ဓါးမြှောင်တစ်ချောင်းကို ကိုယ်နှင့်မကွာ ဆောင်လာခဲ့သည်။ တစ်နေ့တွင် သူသည် သူငယ်ချင်းများနှင့် အတူရှိနေခဲ့သောကြောင့် ကျောင်းမှ အိမ်ပြန်နောက်ကျသည်။ သူက မီးရထားလမ်းကြောင်းအတိုင်း လမ်းလျှောက်ကာ အိမ်ပြန်လာချိန်တွင် အတော်လေးမှောင်နေခဲ့ပြီ။ ကိုတင်မောင်ဦးသည် လမ်းလျှောက်ရာတွင် မိမိ၏ ပတ်ဝန်းကျင်ကို သတိပြုနေသူ၊ အမြဲ သတိရှိနေသူဖြစ်သည်။ ရုတ်တရက်အမှောင်ထဲတွင် ၄င်း၏ ရှေ့၌ လူလေးငါးယောက် ပေါ်လာသည်။ နောက်ကျောတွင်လည်း လူအချို့ရှိနေပြီကို သတိထားမိလိုက်သည်။ ဤတွင် လမ်းသရဲ (၁၀)ဦးခန့်က သူ့ကို ဝိုင်းရံလိုက်ပြီး ဖြစ်နေသည်။ ၄င်းတို့သည် ဓါး၊ တုတ်များ ကိုယ်စီနှင့် ဖြစ်ကြသည်။ ကိုတင်မောင်ဦးကလည်း သူ့ဓါးကို အလျှင်အမြန်ထုတ်လိုက်ပြီး တိုက်ခိုက်ရန် အသင့်အနေအထား ပြင်လိုက်သည်။

"ငါ့ဆီကို အရပ်ဆုံး ကပ်လာတဲ့ကောင် သေပြီဘဲမှတ်"ဟု ကိုတင်မောင်ဦးက ခပ်ကြမ်းကြမ်း ကြိမ်းဝါးလိုက်သည်။ လမ်းသရဲများသည် အုပ်စုနှင့် မိုက်နေကြခြင်းသာဖြစ်ပြီး တစ်ဦးချင်းဆိုလျှင် သတ္တိမရှိကြောင်းကို သူက ရိပ်မိထားခဲ့သည် ကြောင့်ပင်။ လမ်းသရဲများကလဲ ၄င်းတို့အထဲက မည်သူ စဝင်မည်လဲ ဆိုသည်ကို စောင့်နေကြသည်။ ဤတွင် တင်မောင်ဦးက သူတို့ကို စကားစပြောလေသည်။ "ငါက တက္ကသိုလ်ကျောင်းသား တစ်ယောက်ဘဲ။ လမ်းသရဲဂိုဏ်းဝင် မဟုတ်ဘူး။ ငါက

ကိုယ့်အလုပ်ကို လုပ်ပြီးလို့ အိမ်ပြန်နေတာ။ ငါက မင်းတို့နဲ့ ရန်ဖြစ်ဖို့ ဘာအကြောင်းမှ မရှိဘူး။ မင်းတို့ရဲ့ အခြေအနေတွေကိုလဲ ငါနားလည်တယ်။ မင်းတို့ဘဝက ဆင်းရဲတာကြောင့် အခုလိုမျိုး အခက်အခဲမျိုးစုံ တွေ့နေရတယ်ဆိုတာ ငါသိတယ်။ ဒါကြောင့်လဲ မင်းတို့က အခုလို ဒုစရိုက်မှုတွေ ကျူးလွန်နေကြတာ မဟုတ်လား။''

''ငါက ဒီရပ်ကွက်ထဲမှာ နေပြီး ဒီရပ်ကွက်ထဲမှာ ကြီးလာတဲ့သူ။ ငါ့အမေကလဲ ဒီနယ်မြေရဲ့ သွားဖွားဆရာမတစ်ယောက်လေကွာ။'' ဟု ကိုတင်မောင်ဦးက ဆက်ပြောသည်။ သမိုင်းမြို့နယ်တွင် ကိုတင်မောင်ဦး၏ အမေက သားဖွားဆရာမအဖြစ် အလုပ်လုပ်ကိုင်နေခဲ့သည်မှာ (၁၀)နှစ်ကျော် ရှိသွားပြီဖြစ်သည်။ နယ်ခံများကလည်း အမေ့ကို လေးစားကြသည်။ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ပေးသည့်အပြင် ဤမြို့နယ်ရှိ ကိုယ်ဝန်ဆောင်များ၊ ကလေးအမေများအတွက် လုပ်ကိုင်ဆောင်ရွက်ပေးနေသော အမျိုးသမီးကို လေးစားရသည့်အမေ့ကို လမ်းသရဲများ သိကျွမ်းကြမည်ပင်ဖြစ်သည်။ သို့သော် ကိုတင်မောင်ဦးက အမေ့သားဖြစ်ကြောင်းကိုမူ ၄င်းတို့ သိရှိထားခဲ့ဟန် မတူချေ။ ကိုတင်မောင်ဦးက ထိုကဲ့သို့ ပြောကြားရာတွင် လမ်းသရဲများ တဖြည်းဖြည်း နောက်ဆုတ်ပြီး အမှောင်ထဲဝင်ရောက် ပျောက်ကွယ်သွားကြသည်။ ထိုအဖြစ်အပျက်ကို ကြုံတွေ့ခဲ့ရပြီး နောက်ပိုင်းတွင် ကိုတင်မောင်ဦးသည် တတ်နိုင်သမျှ ညမမှောင်ခင် အချိန်မှီ အိမ်ပြန်လာသည်။ အမှောင်ထဲတွင် ၄င်းတို့နှင့် နောက်တစ်ကြိမ် မျက်နှာချင်းဆိုင် ကြုံတွေ့ရလျှင် မလိုလားအပ်သော ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်လာနိုင်သည်ကို ရိပ်စားမိသောကြောင့်ပင် ဖြစ်သည်။

ထိုညက လမ်းသရဲများ ပြဿနာကို ဖြေရှင်းနိုင်ခဲ့သော်လည်း ဓါးခင်မောင်တင်ကမူ ကိုတင်မောင်ဦးအပေါ် အခဲမကျေခဲ့သေးချေ။ ဓါးခင်မောင်တင်သည် လူသိများသော လမ်းသရဲဂိုဏ်းခေါင်းဆောင်တစ်ဦး ဖြစ်သည်။ မည်သူကမျှ သူ့ကို အာခံရဲခြင်း မရှိခဲ့။ ထို့ကြောင့်လည်း သူက ကိုတင်မောင်ဦးအပေါ် ဒေါသထွက်ကာ ''ဒီကောင်က ဘာကောင်မို့ ငါ့ကို အာခံရဲတာလဲ။ သူက ငါ့နဲ့ တကယ်တမ်း ထိပ်တိုက်တွေ့ရဲလို့လား''ဟုတွေးကာ တစ်စုံတစ်ခု လုပ်ရန် အကြံရလာခဲ့သည်။

## သင်္ချိုင်းကုန်း၌ ချိန်းပွဲ

ရက်အနည်းငယ်အကြာတွင် ကိုတင်မောင်ဦးသည် ဓါးခင်မောင်တင်ထံမှ စာတစ်စောင်ရလေသည်။ ဂူတစ်ဂူထဲတွင် ခြသေ့်နှစ်ကောင် မအောင်းနိုင်ကြောင်း စာထဲတွင် ရေးထားသည်။ ထို့နောက် ''ငါနဲ့မင်းနဲ့ တစ်ယောက်ချင်း ချဖို့ စိန်ခေါ်တယ်။ အခုကနေ နောက်(၁၀)ရက်အကြာ လပြည့်ညမှာ တွေ့ကြမယ်။ ကျိုက္ကလား သင်္ချိုင်းကုန်းမှာ ည(၉)နာရီကျရင် တွေ့မယ်။ မင်းကြိုက်တဲ့လက်နက်ကို ယူခဲ့။ အဲဒီအခါကျတော့ ဘယ်သူက သတ္တိရှိသလဲဆိုတာ တွေ့ကြတာပေါ့။''ဟု စိန်ခေါ်ထားသည်။ ကိုတင်မောင်ဦးကလည်း ''ငါမင်းကို အဲဒီမှာ လာတွေ့မယ်''ဟု စာပြန်လိုက်လေသည်။

ကိုတင်မောင်ဦးထံတွင် ဂျပန်ကင်ဒိုဓါးတစ်ချောင်း ရှိခဲ့ဘူးသည်။ ကာရာတေးနှင့် ဂျူဒို သင်တန်းများအပြင် ကင်ဒိုဓါးသင်တန်းကိုပါ သူက (၇)တန်းမှ (၉)အထိ အရွယ်များတွင် တက်ရောက်သင်ကြားခဲ့သည်။ တက္ကသိုလ်ကျောင်းက ပြန်လာပြီး ညနေတိုင်းတွင် ကိုတင်မောင်ဦးသည် ကင်ဒိုဓါး ကစားနည်းကို လေ့ကျင့်လာခဲ့သူဖြစ်သည်။ ယခု သူ့ကို ဓါးခင်မောင်တင်က စိန်ခေါ်လာလေပြီ။ သို့ရာတွင် ဤချိန်းပွဲနှင့်ပတ်သက်၍ မိသားစုဝင်များကို မပြောပြခဲ့ချေ။ မိမိဘာသာ လေ့ကျင့်ရာတွင် သူသည် ကင်ဒိုဓါးကို မသုံးဘဲ ကင်ဒိုဓါးအရှည်ခန့်ရှိပြီး ကင်ဒိုဓါးတစ်ချောင်းထက် လေးငါးဆ ပိုမိုလေးလံသော သံချောင်းတစ်ချောင်းကို သုံးပြီး ကစားလေ့ရှိသည်။

ချိန်းပွဲရက် နီးကပ်လာသောအခါ ကိုတင်မောင်ဦးက ဂျပန်ကင်ဒိုဓါးကို အသုံးပြု၍ လေ့ကျင့်သည်။ ဤကဲ့သို့ လေ့ကျင့်ရာတွင် သူ၏ လှုပ်ရှားမှုများမှာ မြန်ဆန်လွန်းသဖြင့် ဓါးသွား၏ လှုပ်ရှားနေသည်ကိုပင် မမြင်နိုင်ချေ။ ကင်ဒိုဓါးမှာ သူ၏လက်ထဲတွင် ကြက်မွေးလေး သကဲ့သို့ ပေါ့ပါးလှသည်။ ချိန်းပွဲတွင် တိုက်ခိုက်ရန်အတွက် အဆင်သင့်ဖြစ်နေခဲ့သည်။ အစ်ကိုကြီး ကိုတင်မောင်ဦးသည် ရုပ်ရှင်ကားထဲတွင် ပါသော ဆာမူရိုင်းဓါးသမားကဲ့သို့ပင် ဖြစ်သည်ဟု လှရွှေက ပြန်ပြောင်းပြောပြသည်။

လပြည့်ညရောက်သောအခါ ချိန်းပွဲနှင့် ပတ်သက်၍ ကိုတင်မောင်ဦးက လှရွှေကို အသိပေးကာ "ဒါ ဘယ်သူ့ကိုမှ မပြောပြနဲ့။ အထူးသဖြင့် အမေ လုံးဝမသိစေနဲ့။" ဟု ပြောလေသည်။ ထို့ပြင် သူ့အတွက် စိတ်မပူရန် ပြောပြီး "အဲဒီက ပြန်လာတဲ့အခါကျရင် ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ အစ်ကို မင်းကို ပြောပြမယ်"ဟု ဆိုခဲ့သည်။ ထိုညတွင် ကိုတင်မောင်ဦး ယုံကြည်အားကိုးရသော သူငယ်ချင်းနှစ်ယောက်ကိုပါ ခေါ်သွားသည်။ "ဒီည ငါတစ်ယောက်ဘဲ သူနဲ့ ချမှာ။ မင်းတို့ ဘာမှ လုပ်စရာ မလိုလား။ ဒါပေမယ့် တကယ်လို့ တခြားလမ်းသရဲတွေ ဝင်ပါလာတယ် ဆိုရင်တော့ မင်းတို့ ငါ့ဘက်က ကူပေး ပေါ့ကွာ။"ဟု ကိုတင်မောင်ဦးက သူတို့ကို ပြောသည်။

ဤသို့ဖြင့် ကိုတင်မောင်ဦးနှင့် သူ၏ သူငယ်ချင်း(၂)ယောက် သင်္ချိုင်းကုန်းအဝင်ဝသို့ သတိရှိရှိဖြင့် ချဉ်းကပ်လာကြသည်။ ပတ်ဝန်းကျင်မှာ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။ သစ်ကိုင်းများအကြားက ထိုးဖေါက်ဝင်ရောက်လာသော လရောင်မှာ ချောက်ချားစရာပင်။ လရောင်အောက်တွင် အုတ်ဂူတိုင်များကို အထင်အရှားတွေ့မြင်နေရသည်။ တခါတရံတွင် လင်းနို့များ ထပုံျသွားသည့်အသံကို ကြားရသည်။ ဒီလိုနှင့် သင်္ချိုင်းကုန်းထဲကို သူတို့ ချဉ်းနင်းဝင်ရောက်လာကြသည်။ သင်္ချိုင်းကုန်းထဲအရောက်တွင် သူငယ်ချင်းနှစ်ယောက်နှင့်အတူ တင်မောင်ဦးက လက်ပိုက်ပြီး ရပ်စောင့်နေသည်။ သူ၏ ခါးပတ် ထူထူ၌ ချိတ်ဆွဲထားသော ကင်ဒိုဓါးသည် ဓါးအိမ်ထဲကထွက်ရန် အသင့်ဖြစ်နေသည်။ ည (၉)နာရီ (၁၀)မိနစ်ခန့် ရှိပြီ ဖြစ်သော်လည်း သက်ရှိဆို၍ တစ်ကောင်တစ်မြီးမှ ၄င်းတို့ထံ ချဉ်းကပ်မလာချေ။ ခဏကြာသောအခါ အုတ်ဂူတိုင်များအကြားရှိ ချုံပုတ်တစ်ခုထဲကနေ၍ တစ်စုံတစ်ယောက်က ၄င်းတို့ကို ချောင်းမြောင်းကြည့်ရှုနေသကဲ့သို့ ထင်မှတ်လိုက်ရပြီး ထိုချုံပုတ်ထဲကို ကိုတင်မောင်ဦးတို့ အာရုံစိုက်ကြည့်နေစဉ် ထိုသူသည် အမှောင်ထုထဲသို့ ပြေးဝင်ပျောက်ကွယ်သွားသည်။ ချိန်းပွဲသို့ လာရောက်ရန် သတ္တိမရှိသော ဓါးခင်မောင်တင်က ၄င်း၏ တပည့်တစ်ယောက်ကို လွှတ်ကာ ကိုတင်မောင်ဦး လာမလာ ကြည့်ခိုင်းသည်ဖြစ်ကြောင်းကို ရိပ်မိလိုက်သည်။

လှရွှေကလည်း အစ်ကိုကြီး ပြန်အလာကို ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေခဲ့သည်။ သစ္စာရှိသော ညီငယ်သည် ချိန်းပွဲနှင့် ပတ်သက်၍ မည်သူ့ကိုမျှ အသိမပေးခဲ့ပါ။ ကိုတင်မောင်ဦး အိမ်ပြန်ရောက်လာသောအခါ လှရွှေက သူ့ကို ချဉ်းကပ် မေးမြန်းလေတော့သည်။

"ဘာဖြစ်သွားလဲ။ အစ်ကိုကြီး သူနဲ့ ချခဲ့လား။"

"ဒီကောင် ချိန်းပွဲကို မလာပါဘူးကွာ"ဟု ကိုတင်မောင်ဦးက ပြုံးပြီး လှရွှေကို ပြောသည်။

နောက်တစ်နေ့ ဓါးခင်မောင်တင်က ကိုတင်မောင်ဦးထံ စာတစ်စောင် ထပ်ပို့လာပြန်သည်။ စာထဲတွင် "တင်မောင်ဦး။ ငါ မင်းနဲ့ စကားပြောချင်တယ်။ ဘူတာရုံနားက လမ်းဘေးအရက်ဆိုင်ကို လာခဲ့။"ဟု ရေးထားသည်။ လှရွှေက အစ်ကိုကြီး အတွက် စိုးရိမ်ကာ "အစ်ကိုကြီး မသွားသင့်ဘူးထင်တယ်။ ဒီလိုကောင်မျိုးတွေက အင်မတန် ကောက်ကျစ်တာနော။"ဟု

သတိပေးသည်။ သို့သော်လည်း ကိုတင်မောင်ဦးက "ကြည့်ရတာ သူက အစ်ကိုကြီးကို တကယ် စကားပြောချင်လို့နဲ့ တူပါတယ်ကွာ။ ဘာမှ စိတ်မပူနဲ့။ အစ်ကိုကြီး သူနဲ့ စကားသွားပြောမယ်။"ဟုပြောသည်။

ထိုနေ့ ညနေတွင် ကိုတင်မောင်ဦးက လမ်းဘေး အရက်ဆိုင်သို့ သွားရောက်သည်။ ဓါးခင်မောင်တင်က ကိုတင်မောင်ဦးကို တွေ့သည်နှင့်တပြိုင်နက် ချက်ချင်းထကာ ပြာပြာသလဲ လက်ဆွဲနှုတ်ဆက်လေသည်။ ထို့နောက် သူက "ငါ မင်းနဲ့ ရန်မဖြစ်ချင်တော့ပါဘူးကွာ။ ငါ မင်းနဲ့ မိတ်ဆွေဘဲ ဖြစ်ချင်တယ်။ မင်းက တကယ်ကို ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ လူတစ်ယောက်ဘဲ။ ငါက လူတွေအတော်များများကို သချိုင်းကုန်းမှာ ချဖို့ စိန်ခေါ်ခဲ့ပေမယ့်လဲ ဘယ်သူကမှ အဲဒီလိုလာချဖို့ သတ္တိမရှိခဲ့ဘူး။ မင်းက အဲဒီကို လာရဲတာဆိုတော့ မင်းကတကယ် ဇာရှိတဲ့ လူတစ်ယောက်ဘဲကွ။ အခု ငါနဲ့မင်းနဲ့ မိတ်ဆွေတွေ အဖြစ် ဆက်ဆံကြပါစို့လားကွာ။ ရပ်ကွက်ထဲမှာ မင်း ပြဿနာရှိလာတယ်ဆိုရင်လဲ ငါ့ကို ပြော။ ငါ မင်းကို အကူအညီ ပေးမယ်။"ဟုဆိုလေသည်။ တင်မောင်ဦးက "ငါ မင်းရဲ့ အကူအညီ မလိုအပ်ပါဘူး။ ဒါပေမယ့် ငါတို့ မိတ်ဆွေတွေအဖြစ် ပေါင်းလို့ရတယ်။"ဟု ပြောသည်။

## မီးနှင့် ရေ တွေ့ခြင်း

တညနေတွင် ကိုတင်မောင်ဦးနှင့် သူငယ်ချင်းတစု အင်းယားကန်မှရေးကူးပြီး ပြန်လာကြသည်။ ရန်ကုန်တက္ကသိုလ် ဝင်းကို ကျော်ခိုင်းပြီး ဆင်ရေတွင်းလမ်းမှနေ၍ ရန်ကုန်အင်းစိန်လမ်းမကြီးကို ဦးတည် ဖေါက်ထွက်ရန်ရပ်ကွက်အတွင်း ဖြတ်သန်းလျှောက်သွားနေကြချိန်ဖြစ်သည်။ ညနေ ခြောက်နာရီခန့်ရှိ နေခဲ့ပြီ။ ဆင်ရေတွင်း လမ်းတလျှောက်တွင် ပုဂ္ဂလိက အမျိုးသမီးအဆောင်ငယ်ကလေးများ ရှိနေသည်။ ကျောင်းသူကလေးများမှာ ရေမိုးချိုးပြီး သနပ်ခါးပါးကွက်ကြားလိမ်း၊ ဘလောက်စ် အင်္ကျီလှလှ ကလေး များဝတ်ကာ အဆောင်ရှေ့ခြံဝင်းထဲထွက်ပြီး မတ်တပ်ရပ်စကားပြောသူ ပြောနေကြ၊ လမ်းလျှောက်သူ လျှောက်နေကြသည်။ ရေစို ဘောင်းဘီအင်္ကျီများကို လက်က ကိုင်သူကိုင်၊ ပခုံးပေါ်တင်သူတင်လာ နှင့် သူငယ်ချင်းတအုပ် စကားတပြောပြော ရှေ့ကနေလျှောက်သွားနေကြပြီး ကိုတင်မောင်ဦးကနောက်ဆုံး က လိုက်ပါလာလျှက် ရှိနေသည်။ ရှိုးမဆောင်ရှေ့ အရောက်တွင် ကားဟွန်းသံလိုလို ကြားမိသည်။

သို့ရာတွင် မည်သူမျှ သတိမထားမိကြ။ ဆင်ရေတွင်းလမ်းမှာ မြေလမ်းဖြစ်ပြီး ခြေလျင်လျှောက်သူများ အဓိက သုံးသဖြင့် ကားလာလိမ့်မည်ဟုလည်း မထင်ခဲ့ကြ။ နောက်ဆုံးတကြိမ် ကားဟွန်းတီးလိုက်သည့် အချိန်တွင်ဟွန်းသံမှာ အတော်ပင် ကျယ်လောင်ပြီး ရှည်လည်းရှည်လျားသဖြင့် သူငယ်ချင်း အားလုံး မတ်တပ်ရပ်လိုက်မိပြီး နောက်ကိုလှည့်ကြည့် မိကြသည်။ မိမိတို့အားလုံး၏နောက်တွင် စစ်ရောင် ဖြစ်သော အစိမ်းပုပ်ရောင်နှင့်ဂျစ်ကားတစီးက လမ်းတောင်းနေခြင်း ဖြစ်သည်။ ကိုတင်မောင်ဦးက နောက်ဆုံးကနေ လိုက်လာသောကြောင့် အဆိုပါဂျစ်ကားမှာ သူနှင့်အနီးဆုံးဖြစ်နေသည်။

ကျယ်လောင်သည့် ဟွန်းသံရှည်ကြီး ထွက်ပေါ်လာသောအခါ မိန်းခလေးဆောင်ခြံဝင်းများ အတွင်း ဟန်ရေးပြ လျှက်ရှိသော ကျောင်းသူကလေးများ သာမက၊ လမ်းသွားလမ်းလာများပါ ရပ်ပြီး အဆိုပါဂျစ်ကားကို ဝိုင်းကြည့်နေကြသည်။ ဂျစ်ကားထဲမှာ မိမိတို့နှင့်ရွယ်တူ လူငယ်တစုပါလာသည်။ ကားမောင်းသူလူငယ်က ကားစတီးရာရင် နောက်မှနေ၍ ကိုယ်ခန္ဓာကို ဘေးကိုကိုင်း ခေါင်းပြူထွက်ပြီး

"ဟေ့ကောင်တွေ ကား ဟွန်းတီးသံ မကြားဘူးလား၊ မင်းတို့နားပင်းနေကြသလား။" ဟု အော်ပြော လိုက်သည်။

ကိုတင်မောင်ဦးနှင့် သူငယ်ချင်း တစုလုံးမှာ ရုတ်တရက် မှင်သက်မိသလို ဖြစ်သွားကြသည်။ အမှတ်တမဲ့ ဘာပြန်ပြော ရမှန်း မသိခဲ့ကြ။ မိမိတို့ကို အသလွတ် ရန်စနေပြီ ဟု သိလိုက်သည်။ ခဏလေး ကြာပြီးနောက် ကိုတင်မောင်ဦးက

"ငါတို့နားမပင်းဘူး။ စကားပြောရင်း လမ်းလျှောက်လာကြလို့ မင်းတီးတဲ့ ဟွန်းကို မကြားတာ။မင်း စကားပြောရင် ကောင်းကောင်းပြောပါ" ဟု ပြန်ပြောသည်။

ဂျစ်ကားထဲမှ လူငယ်က "ကောင်းကောင်း မပြောတော့ ဘာဖြစ်လဲ။ --- ဖြစ်လား။ မင်းကဘာကောင်လဲ ချခြင်လို့လား။" ဟု ဆိုကာ အဆိုပါ လူငယ်က ဂျစ်ကားပေါ်ကနေ အောက်ကိုဆင်းကာ ကားဘေးတွင် ရပ်ပြီး ကိုတင်မောင်ဦး ကို စူးစူးဝါးဝါး ကြည့်လိုက်သည်။ လမ်းသွားလမ်းလာတွေ ရော ဆောင်ဝင်းထဲရှိ မိန်းခလေးတွေကပါ တခုခုဖြစ်တော့မည်ကို စိုးရိမ်ပြီး ဝိုင်းကြည့်နေကြသည်။ ကိုတင်မောင်ဦး အတွက်မူ သည်လို ပွဲမျိုးမှာ ရိုးနေပါပြီ။ ခပ်အေးအေးပင် မတ်တပ်ရပ်လိုက်ပြီး

"ငါကတော့ မချခြင်ပါဘူး။ မင်း ချခြင်ရင် လာလေကွာ။ လာစမ်းကြည့်ပေါ့" ဟု တုန့်ပြန် လိုက်သည်။

တယောက် တယောက်ခြင်း ဖြစ်နေသဖြင့် မိမိတို့သူငယ်ချင်းတွေကလည်း ကိုတင်မောင်ဦး ဘာလုပ်မလဲ သည်အတိုင်း ကြည့်နေလိုက်သည်။ ဝင်ရောက်ကူညီစရာမလို ဟုလည်း ယုံကြည်သည်။ ဂျစ်ကားထဲတွင် ထိုင်နေကြသော တဖက်က လူငယ်အုပ်သည်လည်း ထိုနည်းအတိုင်းပင် ဖြစ်ပုံရသည်။ ဘာမှ ဝင်မပြောဘဲ အသာပင် ကြည့်နေ ကြသည်။ ဂျစ်ကားပေါ်က ဆင်းလာပြီး ရန်စကားပြောသော လူငယ်မှာ ၄င်းကိုယ်တိုင်က ဒေါသထွက်နေသလောက်ကိုတင်မောင်ဦးက ခပ်အေးအေးပုံပေါ်နေသဖြင့် မိန်းခလေးများနှင့် လမ်းသွားလမ်းလာများ ရှေ့တွင် ရှက်သွားပုံ ရသည်။ ရှက်ရမ်းရမ်းသည့် အနေဖြင့် ဂျစ်ကားထဲကို လက်နှိုက်၍ ပစ္စည်းတခုကို ထုတ်ယူပြီး ကိုတင်မောင်ဦးကိုချိန်ရွယ်ကာ ပါးစပ်ကလည်း ကြိမ်းမောင်းရင်း ကိုတင်မောင်ဦး ရပ်နေရာသို့ တလှမ်းခြင်း လျှောက်လာသည်။

"ခွေးမသား မင်းက ငါ့ကို ဘာကောင်ထင်သလဲ။ သေသွားခြင်သလား။ အခုချက်ခြင်း အဝီစိ ရောက်သွား ချင်သလား။"

အဆိုပါ လူငယ်၏ လက်ထဲမှ ခြောက်လုံးပူး သေနတ်ကို တွေ့လိုက်ရသောအခါ ကိုတင်မောင်ဦးသည် တချက်တော့ အံ့ဩသွားပုံရသည်။ သို့ရာတွင် နည်းနည်းမှ စိုးရိမ်ထိတ်လန့်ပုံမပေါ်။ နောက်ကိုလည်း တလှမ်းမှမဆုတ်ဘဲ တောင့်တောင့်ကြီး ရပ်နေသည်။ ခြောက်လုံးပူး ချိန်ရွယ်လာသော လူငယ်က ကိုတင်မောင်ဦးနှင့် မလှမ်းမကမ်း အရောက်တွင် ရပ်လိုက်သည်။ ထိုအခါ ကိုတင်မောင်ဦးက ထိုလူငယ်၏ မျက်နှာကို တလှည့် ခြောက်လုံးပူးကို တလှည့်ကြည့်ရင်း သူပြုံးနေကျ အတိုင်း မထေ့တထေ့ ပြုံးလိုက်သည်။ ထို့နောက် သူ့အင်္ကျီ ရင်ပပ်ကျယ်သီးများကို တခုခြင်း ဖြုတ်၍ ရင်ကို ကော့ပေးလိုက်ပြီး

"ဟော့ကောင် မင်းသတ္တိရှိရင် ပစ်လေကွာ" ဟု ပြောလိုက်သည်။

ပတ်ဝန်းကျင်သည် အပ်ကျသံ ကြားရလောက်အောင်ပင် ငြိမ်သက်သွားခဲ့သည်။ အားလုံး၏ အာရုံသည် သူတို့ နှစ်ဦးနှင့် ခြောက်လုံးပူးထံသို့ရောက်နေကြသည်။ နောက်မှ သိရသည်မှာ ဂျစ်ကားပေါ်က ဆင်းလာသော လူငယ်သည် စစ်ဗိုလ်အသိုင်းအဝိုင်း အာဏာပိုင် လူကြီးမိသားစုထဲမှ ဖြစ်ပြီး ညနေပိုင်းများတွင် ရိုးမဆောင်ရှိ မိန်းခလေး တဦးကို ပုံမှန် လာရောက် ပိုးပမ်းနေသူဖြစ်သည်။ အချင်းဖြစ်ချိန်၌ ၄င်းပိုးပန်းနေသော မိန်းခလေး ကိုယ်တိုင်ထွက်ကြည့်နေ သောကြောင့် လူရေးပြလိုသည့် သဘောဖြင့် ၄င်း၏ဖခင် ကိုင်ဟန်တူသော ခြောက်လုံးပူးကို ထုတ်၍ ခြိမ်ရွယ်ကာ ခြိမ်းခြောက်လိုက်ခြင်း

ဖြစ်သည်။ ခြောက်လုံးပူးတွေ့ရလျှင် ကြောက်ရွံ့ပြီး ကိုတင်မောင်ဦး ရှောင်ထွက် သွားလိမ့်မည်ဟု တွက်လိုက်ပုံလည်းရသည်။ အတွက်မှား သွားပါပြီ။

ကိုတင်မောင်ဦးက ခြသေ့်ကြီး တကောင် ဟိန်းဟောက်လိုက်သော အသံမျိုးဖြင့် "ဟေ့ကောင် သေနတ်ကြီးကိုင်ပြီး ဘာလုပ်နေတာလဲ။ မင်း သတ္တိရှိရင်ပစ်လေကွာ" ဟု ပြောကာ သူ့အင်္ကျီကို လက်နှစ်ဘက်ဖြင့်ဖြဲ ရင်ပပ်ကြီးကော့ပြီး ခြောက်လုံးပူး တည့်တည့်ကို ဦးတည် လျှောက်လှမ်းလိုက်သည်။ ခြောက်လုံးပူးကိုင်ထားသော လူငယ်၏မျက်နှာမှာ သွေးမရှိတော့။ ကိုတင်မောင်ဦးက ရှေ့ကို တလှမ်းခြင်း တိုးလာသောအခါ သူက ခြောက်လုံးပူး ချိန်ရက်နှင့် နောက်ကို တလှမ်းခြင်း ပြန်ဆုတ်သွားသည်။ လက်တကမ်း အလိုသို့အရောက်တွင် ကိုတင်မောင်ဦးက ထိုလူငယ်၏ ခြောက်လုံးပူး ကိုင်ထားသော လက်ကို မိမိဘယ်လက်ဖြင့် ကျားပုတ် ပုတ်ထုတ်လိုက်ပြီး ညာလက်ဖြင့် ဖြတ်လက်သီး တလုံးသွင်းလိုက်ရာ ထိုလူငယ်မှာ တချက်တည်းနှင့် ပက်လက်လန် လဲကျသွားခဲ့သည်။ ပါးစပ်မှလည်း သွေးတွေ ဖြာကနဲထွက်သွားသည်။ မြေပေါ်အရောက် ခေါင်းကို ခြေထောက်နှင့် ဆက်ကန်ရန် ပြင်လိုက်သောအခါ မိမိတို့သူငယ်ချင်း တစုက ကိုတင်မောင်ဦးကို ပြေးကပ် ဝိုင်းချုပ် လိုက်ကြသည်။ ကိုတင်မောင်ဦး၏ ခြေထောက် ကန်ချက်ပြင်းသည်ကို သူငယ်ချင်းအားလုံး သိသည်။ လဲနေသူ ခေါင်းကို ဘောလုံးကန်သလိုကန်ရလျှင် ကြေထွက်သွားနိုင်သည်။ "တင်မောင်ဦး တော်တော့၊ လက်လွန်ကုန်မယ်၊ သူမင်းကို ဘာမှဆက်မလုပ်နိုင်တော့ဘူး" ဟု အော်ဟစ်ရင်း တားဆီး ခဲ့ကြရသည်။ တင်မောင်ဦး ဟူသည်မှာ သည်လိုလူမျိုးဖြစ်သည်။

ထိုလူငယ် မြေပြင်ပေါ် လဲကျနေချိန်တွင် ခြေထောက်ဖြင့် ကန်ဖို့ ရည်ရွယ်ချက် မရှိကြောင်း၊ သူ့ လက်ထဲက ခြောက်လုံးပြူးဖြင့် မပစ်နိုင်စေရန်အတွက်သာ လူငယ်ဆီသို့ အလျှင်အမြန် သွားရောက်ခဲ့ခြင်း ဖြစ်ကြောင်းတို့ကို နောက်ပိုင်းတွင် ကိုတင်မောင်ဦးက သူငယ်ချင်းများကို ရှင်းပြသည်။

အခင်းဖြစ်ပွားပြီးနောက် အိမ်အပြန်လမ်းတွင် သူငယ်ချင်းများက ကိုတင်မောင်ဦး၏ မျက်နှာကို အကဲခတ်ကြသည်။ သူ၏ အသွင်အပြင်မှာ အမျက်ဒေါသကြောင့် တုန်ယင်နေခြင်း မရှိဘဲ အေးဆေးတည်ငြိမ်နေသည်။ ကိုတင်မောင်ဦး ပြုံးနေကျ မထိတထိ အပြုံးမျိုးကို တွေ့လိုက်ရသည်။ ယခုတကြိမ်တွင်မူ သူ၏အပြုံးသည် ကြောက်စရာ မကောင်းဘဲ ချစ်ခင်ဖွယ်ရာ အပြုံးမျိုး ဖြစ်သည်။ လူသတ်လက်နက် ကိုင်ထားသူ ရန်ဘက်လူငယ်အား မိမိတတ်ကျွမ်းထားသော ခါရာတေးပညာဖြင့် အနိုင်ယူ ခဲ့သော်လည်း သူ၏ မျက်နှာထားမှာကား ဝင့်ဝါခြင်း အလျှဉ်းမရှိ။ အမှန်အားဖြင့် ဆိုရလျှင် ကိုယ်ခံပညာသည် သူ၏ စွမ်းအင် မဟုတ်။ စိတ်၏ သန့်ရှင်းစင်ကြယ်ခြင်းကသာလျှင် သူ၏ စွမ်းအင်ဖြစ်သည်။

တစ်စုံတစ်ဦး၏ ခိုင်းစေမှုကြောင့် မဟုတ်ဘဲ မိမိဘာသာ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ခဲ့ခြင်းကြောင့် ကြေနပ်ပီတိ ဖြစ်နေပုံတော့ ရသည်။

ထို့နောက် သူငယ်ချင်းတစ်ယောက်က သူ့ကို မေးသည်။

"တင်မောင်ဦး၊ မင်းက တသက်လုံး ကက်သလစ်ဘုန်းကြီး လုပ်ချင်တယ်လို့ အမြဲ ပြောနေခဲ့တယ် မဟုတ်လား။ ဒါပေမယ့် လက်တွေ့ဘဝ လူတွေနဲ့ ဆက်ဆံတဲ့အခါမှာ 'သည်းခံခြင်း တရား' မရှိဘူးဆိုရင် မင်းက ဘယ်လိုလုပ်ပြီး ဘုန်းကြီး ဖြစ်နိုင်မှာလဲ။"

ကိုတင်မောင်ဦးက–

“စိတ်ရှည်ဖို့ လိုတယ် ဆိုတာတော့ မှန်ပါတယ်။ ဒါပေမယ့် အဲဒီလို အခြေအနေမျိုးမှာဆိုရင် ဒါက အပြစ်လုပ်သူကို အားပေးရာရောက်တယ်လေ။ ခံရတဲ့သူဘက်ကနေလဲ ထည့်တွက်ရမယ်။ ကိုယ်က မတရားမှုကို ခံနေရတဲ့ အချိန်မျိုးမှာဆိုရင် ကိုယ့်ရဲ့ ‘လူ့ ဂုဏ်သိက္ခာ’ကိုလဲ ထည့်စဉ်းစားရမှာပေါ့။ ငါက သာမန်လူတစ်ယောက်ဘဲ ဖြစ်နေပါစေ၊ ဘုန်းကြီးတစ်ပါးဘဲ ဖြစ်နေပါစေ တစ်စုံတစ်ယောက်က ငါ့ရဲ့ ဂုဏ်သိက္ခာကို လာမထိပါး သေးသ၍အထိကတော့ ငါက ‘သည်းခံခြင်း တရား’ကို ကျင့်ကြံနေအုံးမှာဘဲ။ အခုချိန်မှာ ငါက သာမန်လူတစ်ယောက် ဖြစ်နေလို့သာ သူ့ကို အဲဒီလိုမျိုး ကိုယ်ထိလက်ရောက် တုန့်ပြန်ခဲ့တာ။ တကယ်လို့ ငါသာ ဘုန်းကြီးတစ်ပါး ဖြစ်နေမယ်ဆိုရင် တမျိုးစဉ်းစားရမှာပေါ့။ နောက်တစ်ခုက တကယ်လို့ ငါသာ သူ့ကို မဆုံးမခဲ့ဘူးဆိုရင် သူကလဲ တခြားလူတွေအပေါ် အဲဒီလိုမျိုး ဆက်ပြီး အနိုင်ကျင့်နေအုံးမှာဘဲ မဟုတ်လား။”ဟု ပြန်ဖြေသည်။

ကိုတင်မောင်ဦး၏ စကားကြောင့် သူငယ်ချင်းများအားလုံး နှုတ်ဆိတ်သွားကြသည်။

မီးကို ရေဖြင့် ငြိမ်းသတ်၍ ရနိုင်စမြဲဖြစ်သည်။ ကျောက်ကျရေအလား စင်ကြယ်နေသာ စိတ်နှလုံးမှာ ကိုတင်မောင်ဦး၏ စွမ်းအင်ဖြစ်သည်။ မတရားမှုများကို တိုက်ဖျက်ရန်၊ ဂုဏ်သိက္ခာ ထိန်းသိမ်းရန်နှင့် အနိုင်ကျင့်ဗိုလ်ကျမှုများ ထပ်မံဖြစ်ပွားခြင်းက ကာကွယ်နိုင်ရန်အတွက် ကိုတင်မောင်ဦးက သူ၏ စွမ်းအင်ကို အသုံးချခဲ့ခြင်းဖြစ်သည်။

၆

## ဆင်းရဲမှု သားကောင်များ၏ ဘဝအခြေအနေများကို ကြားသိလေ့လာခြင်း

ရပ်ကွက်ထဲရှိ လမ်းသရဲဂိုဏ်းသားများ အားလုံးသည် ကိုတင်မောင်ဦးကို လေးစားလာခဲ့ကြသည်။ တဖြည်းဖြည်း ၄င်းတို့နှင့် ရင်းနှီးမှု ရလာပြီး စကားမြည်စ ပြောဆိုခြင်းများ ရှိလာခဲ့သည်။ လမ်းသရဲများကလည်း သူတို့၏ ကိုယ်ရေးကိုယ်တာ ပြဿနာများကို ကိုတင်မောင်ဦးအား ရင်ဖွင့်ပြောပြလာခဲ့ကြသည်။ ၄င်းတို့သည် ခါးပိုက်နှိုက်ခြင်း အပါအဝင် အခြားသော မကောင်းမှုများကို ပြုလုပ်ကာ အသက်မွေးနေသူများဖြစ်ကြောင်း သူ့ကို ဝန်ခံပြောပြကြသည်။

"ကျနော်တို့က ဒါကို ကြိုက်လို့ လုပ်နေကြတာ မဟုတ်ပါဘူးဗျာ။ ကျနော်တို့ မိသားစုတွေက တကယ်ကို ငတ်ပြတ် နေကြတာကြောင့်ဗျ။ ကျနော်တို့အတွက် အလုပ်ကလဲ မရှိဘူးလေ။"

ဂိုဏ်းဝင်တစ်ယောက်သည် သူ့အမေ၏ ဆေးဖိုးဝါးအတွက် ပိုက်ဆံရှာနေရကြောင်း၊ ခါးပိုက်နှိုက်ခြင်းဖြင့်သာ ငွေရှာ တတ်ကြောင်း ပြောသည်။ ဤတွင် တင်မောင်ဦးက

"ငါ မင်းတို့ရဲ့ အကျပ်အတည်းကို သဘောပေါက်ပါတယ်ကွာ။ ဒါပေမယ့် လူတွေဆီကနေ ခါးပိုက်နှိုက်တာတို့၊ လုယက်ခါးပြတိုက်တာတို့ ဆိုတာက မဟုတ်သေးဘူးလေ။ အဲဒီလူတွေက မင်းတို့လိုမျိုးဘဲ မဟုတ်လား။ သူတို့လဲ ဆင်းရဲကြ တယ်လေ။ သူတို့က တစ်နေ့လုံး ပင်ပင်ပန်းပန်းလုပ်လို့ ရလာတဲ့ငွေကို မင်းတို့က လုယက်ယူလိုက်တဲ့အခါကျတော့ သူတို့ မိသားစုဝင်တွေ ဘာနဲ့သွားစားကြမှာလဲ။ ပြီးတော့ မင်းတို့လို ဘဝမျိုးမှာ ကျင်လည်ရတာကလဲ အန္တရာယ်သိပ်များတယ်။ လူတွေက မင်းတို့ကို ဖမ်းမိသွားပြီဆိုရင် မင်းတို့ကို အားလုံးက ဆွမ်းကြီးလောင်းကြတယ် ဆိုတာကိုလဲ မင်းတို့ အသိဘဲ မဟုတ်လား။"ဟု ပြောလေသည်။

လမ်းသရဲများနှင့် ရန်စောင်ကာ ခိုက်ရန်များ စတင်ဖြစ်ပွားခဲ့ရာမှ နောက်ပိုင်းတွင် ကိုတင်မောင်ဦးသည် ၄င်းတို့နှင့် မိတ်ဆွေဖြစ်လာသည်။ ၄င်းတို့၏ လက်တွေ့ဘဝအခြေအနေများ၊ ဒုက္ခပြဿနာမှုများကို ကြားသိရသောအခါ စာနာသနားစိတ် ဖြစ်လာသည်။ တိုင်းပြည်၏ လက်ရှိစည်းမျဉ်းဥပဒေများအရဆိုလျှင် ၄င်းတို့ကို 'ဒုစရိုက်ကောင်များ'အဖြစ် သတ်မှတ်ထား သော်ငြားလည်း ၄င်းတို့သည် လူ့အဖွဲ့အစည်း၏ 'သားကောင်များ'သာ ဖြစ်ကြောင်းကို ကိုတင်မောင်ဦးက ကျိုးကြောင်း ဆင်ခြင် သုံးသပ်လာခဲ့မိသည်။

လမ်းသရဲ ခါးပိုက်နှိုက်များကို ဖမ်းမိပါက ဒေသခံလူထုသည် ၄င်းတို့ကို သေလုမျောပါးဖြစ်အောင် ရိုက်နှက်ကြသည် နှင့်ပတ်သက်၍ ကိုတင်မောင်ဦးက ပြောနေခြင်းဖြစ်သည်။ ရဲများ၏ ကြမ်းကြုတ်ရက်စက်မှုနှင့် ပတ်သက်၍လည်း လမ်းသရဲ ဂိုဏ်းဝင်များက သူ့ကို ပြောပြကြသည်။ ရဲများကို သူတို့ကို ဖမ်းမိပြီဆိုလျှင် မည်ကဲ့သို့ ချုပ်နှောင်ကြောင်း၊ ထို့နောက် ကြမ်းပြင်ပေါ်ထိုင်စေကာ ၄င်းတို့၏ လိင်အင်္ဂါကို ဘွတ်ဖိနပ်ဖြင့် တက်နင်းခြင်းဖြင့် တသက်လုံး သုံးလို့မရတော့အောင် လုပ်တတ်ကြောင်း တို့ကို ကိုတင်မောင်ဦးအား ရင်ဖွင့်ကြသည်။ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ နာကျင်မှု အတိဒုက္ခများကိုသာမက စီးပွားရေးနှင့် လူမှုရေး ကဏ္ဍများတွင်လည်း ၄င်းတို့သည် လူ့အဖွဲ့အစည်း၏ သားကောင်များ ဖြစ်ခဲ့ရကြသည်။

## ပညာ သင်ကြားခွင့် မရှိကြခြင်း

မြန်မာနိုင်ငံတွင် လမ်းသရဲဂိုဏ်းများ ပေါ်ပေါက်လာရခြင်း၏ အခြေခံရင်းမြစ်မှာ စစ်အာဏာရှင် အုပ်ချုပ်မှုအောက်တွင် ကျင့်သုံးနေသော နိုင်ငံရေးစနစ်ကြောင့် ဖြစ်သည်။ ၄င်းတို့လက်အောက်ရှိ ပညာရေးစနစ်ကြောင့် ဟူ၍လည်း ဆိုနိုင်ပေသည်။ ဤကဲ့သို့ဖြစ်ရသည့် အကြောင်းရင်း(၂)ရပ် ရှိသည်။ ပထမတစ်ရပ်မှာ ကိုတင်မောင်ဦးတို့ ခေတ်ကာလတွင် တိုင်းပြည်၏ စီးပွားရေးစနစ်ကို စစ်အစိုးရက လုံးဝချုပ်ကိုင်ထားပြီး ပညာရေးစနစ်သည် စီးပွားရေး ရေစီးကြောင်းကို အမှီမလိုက်နိုင်သေးခြင်းပင် ဖြစ်သည်။ စစ်အစိုးရက ယနေ့ခေတ်တွင် ပွင့်လင်းသော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည်ဟု ထပ်ခါတလဲလဲ ပြောနေသော်လည်း လက်တွေ့တွင်မူ ပွင့်လင်းသော ဈေးကွက်စီးပွားရေးစနစ်၏ တရားဥပဒေစိုးမိုးရေး အခြေခံကျသော ဝိသေသ လက္ခဏာများ မရှိသေးချေ။ ထို့ကြောင့် တင်မောင်ဦး ငယ်စဉ်ကတည်းကပင် တိုင်းပြည်၏ စီးပွားရေးအခြေအနေများ ဆိုးသထက် ဆိုးရွားလာခဲ့ရခြင်းဖြစ်သည်။ ၁၉၆၂ခုနှစ် စစ်အာဏာသိမ်းပြီး နောက်ပိုင်းကာလများတွင် မြန်မာနိုင်ငံ ပညာရေးစနစ်၏ ရည်ရွယ်ချက် အစစ်အမှန်မှာ အာဏာရှင်စနစ် သက်ဆိုးရှည်စေရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးမည့် ဗျူရိုကရက် အရာရှိများကို မွေးထုတ်ပေးရန်သာဖြစ်သည်။ ထို့ကြောင့်လည်း ကမ္ဘာတဝှမ်းတွင် ဖြစ်ပေါ်နေသော ဈေးကွက် အပြောင်းအလဲများတွင် မြန်မာနိုင်ငံ ခေတ်နောက်ကျကျန်ခဲ့ရခြင်း ဖြစ်သည်။

ဒုတိယအကြောင်းရင်းမှာ ပညာရေး ဘဏ္ဍာငွေများကို စစ်အစိုးရသည် လျှော့ချနေခြင်းပင်ဖြစ်သည်။ ၄င်းတို့ အာဏာရပြီး ကာလများမှ စတင်ကာ ပညာရေးအတွက် လျာထားသော ဘဏ္ဍာငွေများကို လျှော့ချနေလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ထို့ကြောင့် စစ်အစိုးရက အများပြည်သူတို့ကို ပညာတတ်ကြီးများ ဖြစ်မလာစေချင်သည့် အချက်မှာ သိသာထင်ရှားလှသည်။ မြန်မာနိုင်ငံ ပြည်သူလူထုအတွင်းတွင် ပညာတတ်များကို တန်ဖိုးထားပြီး ပညာကို ဆုံးခန်းတိုင်အထိ သင်ယူကြရန် အားပေးအားမြှောက်ပြုတတ်သည့် အလေ့အထများရှိသော်လည်း စစ်အစိုးရကမူ ပညာတတ်လူတန်းစားအပေါ် မလိုမုန်းထား ဖြစ်နေခဲ့သည်။ သမိုင်းကို ပြန်ကြည့်မည်ဆိုပါက ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီး ခေတ်ကာလများတွင် ပညာရေးနှင့် ပတ်သက်လာလျှင် မြန်မာနိုင်ငံသည် အရှေ့အာရှတိုက်၏ ထိပ်သီးနိုင်ငံများအကြားတွင် ပါဝင်ခဲ့ပေသည်။ သို့သော် ယနေ့ခေတ်သည် အတိတ်က အခြေအနေများနှင့် လားလားကြီး ဆန့်ကျင်နေပြီဖြစ်သည်။ ယခုအချိန်တွင် ၄င်းသည် သမိုင်းအဖြစ်သာ ကျန်ရစ်ခဲ့ပေပြီ။ ထို့ပြင် ပြည်တွင်းထုတ် သဘာဝဓါတ်ငွေ့၊ ကျွန်းသစ်၊ ကျောက်မျက်ရတနာနှင့် အခြားသော သဘောဝသယံဇာတပစ္စည်းများမှ ရရှိသော နိုင်ငံတော်ဘဏ္ဍာငွေများသည်လည်း စစ်တပ်အတွက် အသုံးစရိတ်များသာ ဖြစ်လာခဲ့ရသည်။

၄င်းတို့၏ အကျိုးဆက်မှာ ပညာရေးကဏ္ဍတွင် ကျောင်းအသုံးအဆောင်ပစ္စည်းများ လိုသလို ဖြည့်ဆည်းပေးနိုင်မှု မရှိတော့ခြင်းပင် ဖြစ်သည်။ ထူးချွန်ထက်မြက်သော ကျောင်းသူကျောင်းသားများ ဖြစ်လာစေရေးအတွက်ကိုလည်း အားပေးအားမြှောက်ပြုခြင်း မရှိကြတော့ပေ။ ကျောင်းသားလူငယ်များ၏ တီထွင်ကြံဆဉာဏ်ကို ပြုစုပျိုးထောင်ပေးရမည့်အစား ကျောင်းစာများကို အလွတ်ကျက် အာဂုံဆောင်စေသော နည်းလမ်းကိုသာ ကျင့်သုံးလာခဲ့ကြသည်။ အဆိုးဆုံးမှာကား ကျောင်းဆရာ၊ ဆရာမများ တစ်ဦးချင်းက ကိုင်တွယ်သင်ပြပေးရသော ကျောင်းသူကျောင်းသားဦးရေ များပြားလွန်းလှသဖြင့် ၄င်းတို့က ကျောင်းသားတစ်ဦးချင်းစီအပေါ် အာရုံမထားနိုင်တော့သည့်အပြင် ကျောင်းသုံးပစ္စည်းကိရိယာများ ချို့ငဲ့မှု ပြဿနာကြောင့် ကျောင်းသူကျောင်းသားများကို ထိရောက်သော သင်ပြမှုများ မပေးနိုင်တော့ချေ။ ထို့ပြင် မြန်မာနိုင်ငံ ပညာရေးစနစ်တွင် သင်ရိုးပြင်ပ လုပ်ဆောင်ချက်များ ပါဝင်ခြင်း မရှိချေ။ ၄င်း၏ အကျိုးရလာဒ်မှာ မြောက်များစွာသော လူငယ်များသည် ဆင်းရဲတွင်းနက်နေသော မိသားစုဝင်များကို ရှာကျွေးနိုင်ရန်အတွက် ငယ်ငယ်ရွယ်ရွယ်နှင့် ကျောင်းထွက် အလုပ်လုပ်ကြခြင်း ဖြစ်သည်။ ကျောင်းထွက်ရသောကြောင့် ၄င်းတို့အတွက် လိုအပ်သော အသိပညာ၊ အတတ်ပညာများကို

မရရှိကြတော့ချေ၊ ၄င်းတို့ ပညာမတတ်သောကြောင့် အလုပ်ရဖို့ ဆိုသည်မှာလည်း မဖြစ်နိုင်တော့ချေ။ ပညာမတတ်၍ ပိုက်ဆံမရှာနိုင်သောကြောင့် ၄င်းတို့ မိသားစုဝင်များ ငတ်ပြတ်ကြရသည်။ ဤသို့ဖြင့် လူငယ်များသည် လုယက်ခါးပြတိုက်ခြင်း၊ ခြိမ်းခြောက်၍ ငွေညှစ်ခြင်း၊ ခါးပိုက်နှိုက်ခြင်း စသော ဒုစရိုက်မှုများတွင် ပါဝင်ပတ်သက်လာခဲ့ကြလေတော့သည်။ အချို့သော သူများ၏ မိသားစုဝင်များမှာ အသည်းအသန် ဖျားနာနေပြီး ဆေးကုသမှုပေးနိုင်ရန်အတွက် ငွေကြေးလိုအပ်နေသောကြောင့် သာလျှင် ၄င်းတို့က ခါးပိုက်နှိုက်စားနေရခြင်းဖြစ်သည်။

လမ်းသရဲဂိုဏ်းဝင်များ၏ နေ့စဉ်ဘဝအခြေအနေများကို ကြားသိလေ့လာခဲ့ရပြီးသည့်နောက်တွင် ကိုတင်မောင်ဦးက ဤ ပြဿနာများအားလုံးတို့၏ အခြေခံရင်းမြစ်နှင့် စပ်လျဉ်း၍ ၄င်းတို့ကို ရှင်းလင်းပြောပြပေးသည်။ တိုင်းပြည်၏ လက်ရှိ နိုင်ငံရေး အခြေအနေကို မီးမောင်းထိုးပြသည်။ ဗိုလ်နေဝင်းနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတို့က မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အပေါ် စီမံခန့်ခွဲမှု ညံ့ဖျင်းပုံကို ပြောပြသည်။ ပြည်သူလူထုတစ်ရပ်လုံး ငတ်ပြတ်နေအချိန်တွင် လက်တစ်ဆုပ်စာမျှ ရှိသော ဗိုလ်ချုပ်များနှင့် ၄င်းတို့ နောက်လိုက်နောက်ပါများက တိုင်းပြည်၏ သယံဇာတများအပေါ် ကိုယ်ကျိုးရှာအမြတ်ထုတ်နေပုံကို ရှင်းပြသည်။

ဤသို့ဖြင့် လမ်းသရဲဂိုဏ်းဝင်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို နားလည်သဘောပေါက် လာနိုင် ခဲ့ပြီး ကိုတင်မောင်ဦးကို ပို၍ လေးစားလာခဲ့ကြသည်။ “ကျနော်တို့ ဘာလုပ်သင့်သလဲ”ဟု မေးလာရာတွင် ကိုတင်မောင်ဦး က–

“တိုင်းပြည်မှာ အပြောင်းအလဲတွေ ဖြစ်ဖို့ အချိန်တန်လာပါလိမ့်မယ်။ အပြောင်းအလဲတွေ ဖြစ်လာပါလိမ့်မယ်။ အဲဒီအခါကျရင် ကျနော်တို့တတွေအားလုံး တရားမျှတမှုအတွက် တိုက်ပွဲဝင်နိုင်တယ်။”ဟု ခပ်ရှင်းရှင်းဘဲ ပြန်ဖြေလိုက်သည်။ သို့သော်လည်း လက်တွေ့တွင်မူ ၄င်းတို့အတွက် အခြားရွေးချယ်စရာလမ်း ဆို၍ မရှိသလောက်ပင် ရှားပါးနေခဲ့ကြောင့် အဆိုပါ လမ်းသရဲဂိုဏ်းဝင် အများစုသည် မကောင်းမှုဒုစရိုက်လုပ်ငန်းများတွင်သာ ဆက်လက်ကျင်လည်နေခဲ့ကြသည်။

တစ်နေ့ တက္ကသိုလ်ကျောင်းတွင် ကိုတင်မောင်ဦးကို သူငယ်ချင်းတစ်ယောက်က သူ၏ အဖိုးတန် ဘောပင်တစ်ချောင်း ခါးပိုက်နှိုက်ခံခဲ့ရကြောင်း ပြောလေသည်။ သမိုင်းမြို့နယ် ဘတ်စကားတစ်စီးပေါ်တွင် ခါးပိုက်နှိုက်ခံခဲ့ရခြင်း ဖြစ်သည်။ ဤတွင် ကိုတင်မောင်ဦးက “ငါ မင်းကို ကူညီနိုင်မယ်ထင်တယ်။ ငါကသမိုင်းမြို့နယ်မှာနေတာဆိုတော့ အဲဒီကို မင်း ငါနဲ့လိုက်ခဲ့ပေါ့။”ဟု ပြောသည်။

ဤသို့ဖြင့် ကိုတင်မောင်ဦးသည် သူ့သူငယ်ချင်းကို ရပ်ကွက်ထဲရှိ လမ်းသရဲဂိုဏ်းခေါင်းဆောင်ထံ ခေါ်သွားလေသည်။ စရိုက်ကြမ်းသော နယ်ထဲကို လိုက်လာရသောကြောင့် သူငယ်ချင်းဖြစ်သူမှာ အနည်းငယ် နောက်တွန့်နေခဲ့သည်။ လမ်းသရဲ ဂိုဏ်းခေါင်းဆောင်ကို တွေ့သည်နှင့် တပြိုင်နက် ကိုတင်မောင်ဦးက–

“ဒါက တက္ကသိုလ်ကျောင်းက ငါ့ သူငယ်ချင်းတစ်ယောက်ဘဲ။ ဒီနေ့ သူ ဘတ်စကားပေါ်မှာ ခါးပိုက်နှိုက် ခံလိုက်ရတဲ့ ဘောပင်ကို ပြန်လိုချင်တယ်။” ဟု ပြောသည်။

နောက်(၁)နာရီခန့် ကြာသွားသောအခါ ဂိုဏ်းခေါင်းဆောင် ဘောပင်ကို ပြန်လာပေးသည်။ ကိုတင်မောင်ဦးက လမ်းသရဲဂိုဏ်းခေါင်းဆောင်အပေါ် သြဇာရှိပုံ၊ ဂိုဏ်းခေါင်းဆောင်က ကိုတင်မောင်ဦး စကားကို နားထောင်ပြီး ကိုတင်မောင်ဦး အပေါ် လေးစားမှုရှိပုံ တို့ကြောင့် ၄င်း၏ သူငယ်ချင်းသည် ကိုတင်မောင်ဦးအပေါ် ပြောမပြနိုင်လောက်အောင် အထင်ကြီး

လေးစားသွားသည်။ မိမိဘောပင်ကို ပြန်ရသည့်အတွက် ကိုတင်မောင်ဦးအပေါ် ကျေးဇူးတင်မဆုံး ဖြစ်ကာ "ကိုတင်မောင်ဦးက ဘယ်လိုလုပ်ပြီးတော့ သူတို့ကို ဒီတိုင်းလေး ပြောလိုက်ရုံ ဘောပင်ကို ပြန်ရတာလဲ။ လုံးဝ မယုံနိုင်စရာဘဲ"ဟု တွေးနေလေသည်။

ရေရှည်ကို ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံတွင် အာဏာရှင်စနစ် သက်ဆိုးရှည်နေသမျှ ကာလပတ်လုံး လမ်းသရဲ ဂိုဏ်းများ ကဲ့သို့သော ဤလူ့အဖွဲ့အစည်းရှိ 'သားကောင်များ'၏ ပြဿနာကို ဖြေရှင်း၍ ရနိုင်မည် မဟုတ်ကြောင်းကို ကိုတင်မောင်ဦးက ရိပ်စားမိခဲ့သည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ်ကို စုပေါင်းတွန်းလှန်တိုက်ဖျက်နိုင်ရေးအတွက် တက္ကသိုလ်တခွင်တွင် သူ၏ လှုပ်ရှားမှုများကို ပိုမိုတိုးချဲ့လာခဲ့သည်။ ဤတိုက်ပွဲတွင် ပါဝင်မည့် မိတ်ဆွေရောင်းရင်းများ တိုးပွားလာစေရန် လုပ်ဆောင်ခဲ့သည်။

တက္ကသိုလ်ကျောင်း စောစောပြီး၍ အားလပ်ချိန်များတွင် ကိုတင်မောင်ဦးနှင့် သူ၏ သူငယ်ချင်းများသည် အင်းယားကန်ထဲ၌ ရေသွားကူးလေ့ရှိသည်။ ရန်ကုန်မြို့၏ ခြစ်ခြစ်တောက်ပူပြင်းနေသော ရာသီဥတုတွင် အင်းယားကန်ရှိ အေးမြနေသော ရေထဲ၌ ဝင်စိမ်လိုက်ရခြင်းသည် ၎င်းတို့ကို စိတ်ရောကိုယ်ပါ လန်းဆန်းလာစေသည်။

ထို့ပြင် အများအားဖြင့် ကိုတင်မောင်ဦးသည် တစ်ယောက်ထဲ ရေကူးလေ့ရှိသည်။ သူက ရေထဲ အကြာကြီး စိမ်နေရခြင်းကို နှစ်သက်သည်။ ဤအခြင်းအရာကြောင့်လည်း သူ၏ အာရုံစူးစိုက်နိုင်သော စိတ်စွမ်းအင်ကို ရရှိလာခဲ့ခြင်း ဖြစ်နိုင်သည်။ သူသည် ဂီတ ဝါသနာထုံသူ တစ်ဦး ဖြစ်ပြီး တယောကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးတတ်သည်။ အားလပ်ချိန်များတွင် မကြာခဏ ဆိုသလို သူက တယောသံများထဲတွင် စိတ်နှစ်ထားလိုက်ခြင်းအားဖြင့် အပန်းဖြေ အနားယူလေ့ရှိသည်။

## လူသားဆန်ဆန် အပြစ်ပေးဆုံးမရန် တောင်းဆိုခြင်း

ကိုတင်မောင်ဦး၏ ညီမ မလှမြိုင် (၆)တန်း တက်ရောက်နေစဉ်က ဖြစ်သည်။ တစ်နေ့တွင် သင်္ချာအိမ်စာများ မပြီးသေးသောကြောင့် မလှမြိုင်က ကျောင်းမသွားလိုခဲ့ချေ။ သင်္ချာဆရာမက အိမ်စာမပြီးသူကို နားသလယ် ရိုက်လေ့ရှိကြောင်း သိရှိထားသောကြောင့် ဖြစ်သည်။ ဆရာမ၏ လက်သံမှာ ပြင်းလွန်းသဖြင့် အရိုက်ခံရသူသည် ယိမ်းယိုင်လဲကျသွားသည်အထိ ဖြစ်ရသည်။ အတန်းသူ အတန်းသားများ၏ ရှေ့တွင် ပါးချခံရမည့်အရေးကို မလှမြိုင်က ရှက်ရွံ့နေသည်။ မြန်မာ့ ဓလေ့ထုံးတမ်း အရဆိုလျှင် တပါးသူကို ပါးရိုက်ခြင်းသည် ရိုင်းစိုင်းသော၊ မထီမဲ့မြင်ပြုသော လုပ်ရပ်တစ်ခုဖြစ်သည်။ မိမိ ဂုဏ်သိက္ခာကို လွှန်ကျူးစွာ ထိပါးခြင်း ခံရသူသည် အစော်ကား ခံရသူပင် ဖြစ်သည်။ မြန်မာနိုင်ငံတခွင်၌ ကြည့်မည်ဆိုလျှင် ဆရာက ကျောင်းသူကျောင်းသားများကို လက်ဝါး (သို့မဟုတ်) တင်ပါးပေါ်တွင် ရိုက်ခြင်းမှာ အထူးအဆန်း ကိစ္စရပ်တစ်ခု မဟုတ်သော်လည်း နားသလယ်တွင် ရိုက်၍ ဆုံးမသောလုပ်ရပ်မှာ အတော်ပင် ဖြစ်ခဲလှသော၊ ထူးခြားသော လုပ်ရပ်ဟု ဆိုရပေမည်။

မလှမြိုင်က ကျောင်းမသွားချင်ရသည့် အကြောင်းရင်းကို သိရှိသွားသော တင်မောင်ဦးက "ဒါ မဖြစ်သင့်ဘူး။ သင်္ချာဘာသာအတွက်နဲ့တင် တခြားဘာသာတွေပါ တနေကုန် သင်ရတော့မှာ မဟုတ်ဘူး။ အဲတော့ နင် ကျောင်းကို သွားသင့်တယ်။ တကယ်လို့ ဆရာမက ဆုံးမချင်တယ်ဆိုရင်ရဲ့ နားသလယ်မှာ ရိုက်မယ့်အစား လက်မှာဘဲ ရိုက်ပါလို့ ဆရာမကိုပြော။" ဟု ဆိုလေသည်။ ဤသို့ဖြင့် ထိုနေ့တွင် မလှမြိုင်က ကျောင်းသို့သွားလိုက်သည်။

သချိုချိန် ရောက်သောအခါတွင် အိမ်စာမပြီးသော ကျောင်းသူကျောင်းသားများကို ဆရာမက အတန်းရှေ့ ခေါ်ထုတ်လေသည်။ ပြီးနောက် ဆရာမက သူလုပ်နေကျအတိုင်း ထိုကျောင်းသူကျောင်းသားများကို တစ်ယောက်ချင်း နားသလယ်တွင် ပိတ်ရိုက်သည်။ မလှမြိုင်အလှည့်သို့ရောက်သောအခါ သူမက အစ်ကိုကြီး မှာထားသကဲ့သို့ပင် လက်ဖဝါး ပေါ်တွင် ရိုက်ရန် ဆရာမကို ပြောလေသည်။ ဤတွင် ဆရာမက ခနဲ့သော လေသံဖြင့်–

"နင်က ဗိုလ်မှူးသမီး မို့လို့ ငါက နင့်ကို လက်မှာ ရိုက်ရမှာလား။" ဟု ပြောသည်။

ဆရာမကိုယ်တိုင်ကတည်း ဗိုလ်မှူးကတော်တစ်ယောက် ဖြစ်နေသောကြောင့်ပင် ဤကဲ့သို့ သုံးနှုန်းလိုက်ခြင်း ဖြစ်သည်။

"ကျမက ဗိုလ်မှူးသမီးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကျမ မိဘကတောင် ကျမကို နားသလယ်မှာ တခါမှ မရိုက်ခဲ့ဖူးဘူး။ အဲဒါကြောင့် ကျမကို လက်မှာဘဲ ရိုက်ပါ။"

ဤတွင် ဆရာမက "နင့်ကိုငါ နားသလယ်မှာ မရိုက်ရဘူးဆိုရင် နင် အတန်းထဲက ထွက်သွား"ဟု ဆိုလေသည်။ မလှမြိုင်ကလည်း သူမသည် စာသင်ရန်အတွက် ကျောင်းလာတက်ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အတန်းထဲက ထွက်မသွား နိုင်ကြောင်း ပြန်ပြောသောအခါ ဆရာမက "နင် ထွက်မသွားရင် ငါ ထွက်သွားမယ်"ဟု ဒေါသတကြီး ပြောဆိုကာ အတန်း ထဲက ချက်ချင်းထထွက်သွားသည်။ ဆရာမက ကျောင်းအုပ်ကြီးရုံးခန်းတွင် မလှမြိုင် အမှုကိစ္စကို သွားရောက်တိုင်ကြားခြင်း ဖြစ်သည်။ ထို့ကြောင့် မလှမြိုင်သည် ကျောင်းအုပ်ကြီးရုံးခန်းသို့ အခေါ်ခံရပြီး ကျောင်းအုပ်ဆရာကြီးက "နင့်ကိုငါ ကျောင်း ထုတ်တယ်"ဟု ဆိုလေသည်။

ကျောင်းအုပ်ကြီး၏ စကားကို ကြားသောအခါ အံ့အားတကြီး ဖြစ်သွားပြီး သူမကို ကျောင်းထုတ်ရခြင်း အကြောင်းရင်းနှင့် ပတ်သက်၍ မလှမြိုင်က မေးသည်။

ဆရာကြီးက "နင့် အိမ်ကိုပြန်။ ပြီးတော့ နင့်မိဘတစ်ယောက်ကို ဒီကို ခေါ်လာခဲ့။ ဒါမှမဟုတ်ရင် နင် ကျောင်းကို ပြန်မလာနဲ့"ဟု ဆိုသည်။

မလှမြိုင်က သူမ၏ မိဘများ အလုပ်မအားကြကြောင်း၊ အိမ်တွင် အစ်ကိုကြီးတစ်ယောက်သာရှိကြောင်း ပြောသောအခါ ကျောင်းအုပ်ကြီးက "အစ်ကိုဘဲဖြစ်ဖြစ် ဘာဘဲဖြစ်ဖြစ် ကြိုက်တဲ့ကောင်ကို ခေါ်ခဲ့"ဟု ရင့်ရင့်သီးသီးဆိုကာ မလှမြိုင်ကို အိမ်ပြန်လွှတ်လိုက်သည်။

အိမ်ပြန်ရောက်လာသောအခါ မလှမြိုင်က ဝမ်းနည်းရှက်ရွံ့စွာဖြင့် ကိုတင်မောင်ဦးအား ကျောင်းတွင်ဖြစ်ပျက်ခဲ့သည် များကို ပြန်ပြောင်းပြောပြလေသည်။ ကိုတင်မောင်ဦးကလည်း သူမနှင့်အတူ ကျောင်းသို့လိုက်ခဲ့မည်ဟု ပြောသည်။ ထိုနေ့တွင် မိုးရွာသွန်းနေသောကြောင့် ကိုတင်မောင်ဦးသည် မိုးကာအင်္ကျီအရှည်တစ်ထည်ကို ဝတ်ဆင်ကာ ကျောင်းသို့လိုက်လာသည်။ သူ နှစ်သက်လှသော ဂျပန်ဓါးရှည်ကို မိုးကာအင်္ကျီအောက်တွင် ထည့်လာသည်ကိုလည်း မလှမြိုင်က သတိပြုမိသည်။ ဆရာကြီးရုံးခန်းသို့ ရောက်သောအခါ ကိုတင်မောင်ဦးက ကုလားထိုင်တစ်လုံးကို ခြေထောက်ဖြင့် ကန်လိုက်ပြီး မလှမြိုင်ကို ထိုကုလားထိုင်ပေါ်၌ ဝင်ထိုင်စေသည်။ သူမှာမူ ရပ်လျက်သားဖြင့်ပင် ဆရာကြီးကို စူးစိုက်ကြည့်နေသည်။ ကျောင်းအုပ် ဆရာကြီးမှာ အလွန်အံ့အားသင့်သွားပြီး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားသည်။ ကိုတင်မောင်ဦး မိုးကာအင်္ကျီထဲရှိ

ခါးရှည်ကိုလဲ တွေ့သွားပြီး "ထိုင်ပါ၊ ထိုင်ပါ"ဟု ပြာပြာသလဲ ပြောလေသည်။ ဆရာကြီးပေးသော ထိုင်ခုံတွင် ကိုတင်မောင်ဦး လုံးဝဝင်ထိုင်ခြင်း မပြုဘဲ–

"ကျနော့်ညီမကို ကျောင်းထုတ်ပြီး အိမ်ပြန်ခိုင်းရတဲ့အထိ သူ့မှာ ဘာအမှားရှိလို့လဲ။ တကယ်လို့ သူ့မှာ အမှားရှိခဲ့ ရင်တောင် မိဘကို အကြောင်းကြားရင် မိဘက ဆုံးမနိုင်တယ်။ ဆရာမရဲ့ လူမဆန်တဲ့ ရိုက်နှက်ဆုံးမမှုကို မခံချင်တာကြောင့် နဲ့တင် ကျနော့်ညီမကို ကျောင်းထုတ်တယ် ဆိုတာက လုံးဝ မဖြစ်သင့်ဘူး။"ဟု ဆိုသည်။

ကျောင်းအုပ်ဆရာကြီးကလည်း အခြေအနေကြောင်းစုံကို ကောင်းမွန်စွာ သိရှိထားခြင်း မရှိသောကြောင့် မိမိ၏ လုပ်ရပ်အတွက် တစုံတရာ အကြောင်းပြချက် မပေးနိုင်ခဲ့ချေ။ နောက်ဆုံးတွင် ဆရာကြီးက သချာၤဆရာမကို ရှင်းပြလိုက်မည် ဖြစ်ကြောင်း၊ မလှမြိုင်သည်လည်း ပုံမှန်လို ကျောင်းဆက်တက်နိုင်ကြောင်း ပြောခဲ့ရသည်။ ထို့ကြောင့် မလှမြိုင် ကျောင်း ပြန်တက်နိုင်ခဲ့ပြီး ထိုအချိန်ကစတင်ကာ သူမ၏ သချာၤဆရာမသည်လည်း ကျောင်းသူကျောင်းသားများကို နိုင်ထက်စီးနင်း ပြုခြင်း၊ ပါးရိုက်ခြင်းများ မပြုတော့ချေ။

## ပျော့ပြောင်းသော မေတ္တာနှင့် မာကျောသော မေတ္တာကို ဟန်ချက်ညီစေခြင်း

ကိုတင်မောင်ဦးက လူသားအားလုံးကို မေတ္တာထားသည်မှာ အငြင်းပွားဖွယ် မရှိချေ။ သို့သော် သူ၏ မေတ္တာသည် 'အကြွင်းမဲ့' မဟုတ်။ တရားမျှတမှုကို မျက်ကွယ်ပြု သူများအပေါ် သူက မေတ္တာ မထား။ ကိုတင်မောင်ဦးသည် လူ့ဂုဏ်သိက္ခာ ကို ထိပါးနှောင့်ယှက်လာသူများအပေါ် သည်းခံခွင့်လွှတ်စိတ်ရှိသူ မဟုတ်ချေ။ တရားမျှတမှုဆိုင်ရာ ပြဿနာများကို လစ်လျူရှု ထားသူ၊ မိမိ၏ ရှေ့မောင်တွင် 'မကောင်းမှု' ကျူးလွန်ခြင်းကို ခွင့်ပြုတတ်သူ မဟုတ်ချေ။ မည်သည့်နည်းနှင့်မဆို၊ မည်သို့သော အနစ်နာခံမှုများဖြင့် ပေးဆပ်ရ ပေးဆပ်ရ ကိုတင်မောင်ဦးသည် တရားမျှတသော နည်းလမ်းဖြင့် ပြုမူဆောင်ရွက်ခြင်း မရှိသူ များကို ဆန့်ကျင်ကာ အလျှော့မပေးစတမ်း တိုက်ပွဲဝင်လုပ်ရှားခဲ့သည်။ ဤသို့ဆိုရာတွင် မကောင်းမှု ကျူးလွန်သူများအပေါ် ကိုတင်မောင်ဦးက စက်ဆုပ်ရွံမုန်းသောကြောင့် မဟုတ်။ စာနာထောက်ထားမိသောကြောင့်သာ ဖြစ်သည်။ 'မကောင်းမှု' ကျူးလွန်များက ၎င်းတို့၏ အပြုအမူများ ပြုပြင်ပြောင်းလဲရေးကို သူက လိုလားသည်။ လူ့အဖွဲ့အစည်းတွင် လူသားအချင်းချင်း တစ်ဦးအပေါ်တစ်ဦး လူမဆန်စွာ ဆက်ဆံ ဆောင်ရွက်နေခြင်းများ ဆက်လက် မဖြစ်ပွားနိုင်စေရေးကို သူက လိုလားသည်။

ကိုတင်မောင်ဦး၏ စိတ်ဝိဉာဉ်ထဲတွင် 'မေတ္တာတရား' ကိန်းအောင်းနေသည်မှာ မှန်သော်လည်း လူ့အဖွဲ့အစည်းတွင် ဖြစ်ရှိနေသော အခြေခံကျသည့် ပြဿနာများကို 'မေတ္တာ' ဆိုသော လက်နက်တစ်ခုတည်းဖြင့်သာ ဖြေရှင်း၍ မရနိုင်ကြောင်းကို သူက ရှင်းလင်းသိမြင်လာစေခဲ့သည်။ ဤအကြောင်းကြောင့်ပင် ကိုတင်မောင်ဦးသည် သူ၏ 'မွေးရာပါ သတ္တိ' ကို စနစ်တကျ ပြုစုပျိုးထောင်ကာ တရားမမျှတမှုများကို တိုက်ဖျက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း သူ၏ အတွင်းစိတ်ထဲရှိ 'ကြီးမားသော မေတ္တာ' မှာမူကား ဆက်လက်ရှင်သန်နေခဲ့သည်။ မိမိကိုယ်ကို ကြံ့ခိုင်ဖွံ့ဖြိုးအောင် တမင် တကာ ကျင့်ကြံအားထုတ်ရာက ကိုတင်မောင်ဦးသည် အံ့ချီးဖွယ်ရာကောင်းသော လူငယ်တစ်ဦးဖြစ်လာပြီး လူသားများ အတွက်၊ လူ့ဂုဏ်သိက္ခာအတွက်၊ လူ့တန်ဖိုးအတွက် စွန့်လွှတ်အနစ်နာခံရန် ရဲစွမ်းသတ္တိအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက် ခဲ့ပေသည်။

# ၇

# လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့်နှင့် တွေးခေါ်မှု လွတ်လပ်ခြင်း

'လွတ်လပ်မှု'ကို မွေးရာပါတန်ဖိုးတစ်ခုအဖြစ် လူသားတို့က ရှာဖွေလာခဲ့ကြသည်မှာ သမိုင်းဦးကာလကတည်းက ယနေ့အချိန်ထိ ဖြစ်သည်။ အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန် က 'ကမ္ဘာလုံးဆိုင်ရာ လွတ်လပ်မှု'အတွက် မကြာသေးမီကပင် ထောက်ခံပြောကြားသွားခဲ့သည်။ သို့သော်လည်း လွတ်လပ်မှု ဆိုသည့်ဝေါဟာရကို မည်ကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆိုမည်၊ နားလည်ခံယူမည်၊ လက်တွေ့ကျင့်သုံးမည် ဟူသည်တို့မှာ အရေးအကြီးဆုံး ဖြစ်သည်။ ဤသို့ဆိုရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းထဲ၌ ထည့်သွင်းပြဋ္ဌာန်းထားသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့် အစရှိသည့် လက်ဆုပ်လက်ကိုင် ပြနိုင်သော အခြေခံလူ့အခွင့် အရေးများကို မစဉ်းစားမီတွင် လက်ဆုပ်လက်ကိုင် ပြနိုင်ခြင်း မရှိသော်ငြားလည်း လူ့အခွင့်အရေးများ အားလုံး၏ အခြေခံ ဖြစ်သော လွတ်လပ်စွာ တွေးခေါ်ခြင်း ဆိုသည်နှင့် စပ်လျဉ်း၍ ဦးစွာ စဉ်းစားဆင်ခြင်သင့်ပေသည်။ လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်သည် လွတ်လပ်စွာ တွေးခေါ်တတ်ခြင်း မရှိပါက ထိုသူသည် အခြား လူ့အခွင့်အရေးများကို ရယူကျင့်သုံးနေ သည့်တိုင် အခြား လူပုဂ္ဂိုလ်များ နှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး အတွက်သာမကဘဲ မိမိကိုယ်၌အတွက်ပါ အကျိုးရှိရန် မလွယ်ကူလှချေ။

## အတွေးအခေါ် လွတ်လပ်မှုကို ဖွင့်ဆိုခြင်း

မျက်မှန်စိမ်းတပ်၍ ကြည့်သောသူသည် အရာရာတိုင်းကို အစိမ်းရောင် အရာဝတ္ထုများအဖြစ် တွေ့မြင်တတ်သည် ဟူသော စကားပုံတစ်ခု ရှိပေသည်။ အတွေးအခေါ်မှာလည်း ထိုနည်းတူစွာပင် ဖြစ်သည်။ ဘာသာရေး အစွန်းရောက်အမြင်၊ လူမျိုးရေး အမုန်းတရား၊ နိုင်ငံရေး ဘက်လိုက်မှု၊ အတ္တမာန၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ မသမာမှု၊ မိမိဘဝ အခြေအနေ သို့မဟုတ် မိမိ ကျင်လည်ရာ လူ့အဝန်းအဝိုင်းအပေါ် မကျေနပ်မှု၊ သိမ်ငယ်စိတ်၊ မပြည့်ဝသော စိတ် နှင့် အဆိုးမြင်တတ်သော စိတ်ထားတို့က တစ်စုံတစ်ဦးအပေါ် လွှမ်းမိုးနေပါက ထိုသူသည် လွတ်လပ်စွာ တွေးခေါ်နိုင်ခြင်း ရှိမည် မဟုတ်ချေ။

မိမိ၏ ဘာသာတရားသည်သာလျှင် အစစ်အမှန်ဖြစ်သည်ဟု စွဲမြဲယုံကြည်ရုံသာမကဘဲ အခြားဘာသာတရား များအပေါ် အထင်သေးအမြင်သေး၊ လွဲမှားစွာ အကဲဖြတ်၊ ရန်လိုစွာ ပြုတတ်ခြင်းသည် 'ဘာသာရေး အစွန်းရောက်မှု'၏ ကနဦးပိုင်း အပြုအမူ လက္ခဏာ ဖြစ်သည်။ အခြားလူမျိုး (သို့မဟုတ်) လူမျိုးများကို စတေးကာ မိမိ လူမျိုး ကောင်းစားရေး အတွက် ပြုမူ ဆောင်ရွက်ခြင်း သည်သော်လည်းကောင်း၊ အခြားလူမျိုးတစ်မျိုးတွင် မကောင်းသော အမူစရိုက်များ ရှိကြောင်း ဖြင့် မခိုင်လုံသည့် ယုတ္တိဗေဒများကို ထုတ်ကာ ထိုလူမျိုးအပေါ်၌ အမုန်းတရား ဖြစ်တည်လာစေရေးအတွက် ပြုမူဆောင်ရွက် ခြင်းသည်သော်လည်းကောင်း 'လူမျိုးရေး မုန်းတီးမှု' ကို အမှတ်တမဲ့ ခံယူကျင့်သုံး လိုက်သကဲ့သို့ ဖြစ်သွားနိုင်သည်။ အခြား လူပုဂ္ဂိုလ်များ တွေ့ကြုံခံစား ရသည့် အတိဒုက္ခ (သို့မဟုတ်) ဝေဒနာကို ဥပက္ခာပြုကာ မိမိ၏ ကိုယ်ကျိုးကိုသာ ရည်မျှော်လျက် ဖွဲ့စည်း တည်ဆောက်မှု တခုခု၊ အစိုးရတစ်ရပ်ရပ် (သို့မဟုတ်) နိုင်ငံရေးပါတီ တစ်ခုခု ဘက်မှရပ်တည် ထောက်ခံအားခြင်းသည် 'နိုင်ငံရေးဘက်လိုက်မှု'ဖြစ်သည်။ ခေါင်းဆောင်၏ အတိတ်ကပြုလုပ်ခဲ့သော ကောင်းကျိုးကို ထောက်ရှုသော်လည်း ၎င်း၏ နိုင်ငံရေးအာဏာ (သို့မဟုတ်) နိုင်ငံရေး ဖွဲ့စည်းတည်ဆောက်မှုကြောင် လူထု ထိခိုက်ခံစားလာခဲ့ရသော၊ ထို့အပြင် အနာဂါတ်တွင် ဆက်လက်၍ ထိခိုက်ခံစားနိုင်သော အနေအထားများကို ထည့်သွင်းမစဉ်းစားဘဲ အဆိုပါ ခေါင်းဆောင်ကို မျက်စိမှိတ်ထောက်ခံလျှင် 'နိုင်ငံရေးဘက်လိုက်မှု' ဖြစ်သည်။

ရန်ဘက်ပြုလိုသော အယူအဆတရပ်ရပ်ကို ဖြစ်စေ၊ ၄င်းနှင့် ဆက်စပ်နေသော မူဝါဒကိုဖြစ်စေ တိုက်ဖျက်ရန်ကြိုးပမ်း ရာတွင် အာဏာပိုင် (သို့မဟုတ်) နိုင်ငံရေးပါတီ(သို့မဟုတ်) နိုင်ငံရေးဖွဲ့စည်းတည်ဆောက်မှုတစ်ခုခုသည် အနီးကပ် မဟာမိတ် ဖြစ်နိုင်သည် ဟူသော အကြောင်း ပြချက်ဖြင့် အဆိုပါ အာဏာပိုင် (သို့မဟုတ်) နိုင်ငံရေးပါတီ (သို့မဟုတ်) နိုင်ငံရေး ဖွဲ့စည်းတည်ဆောက်မှု၏ မကောင်းသော လုပ်ရပ်များနှင့် စပ်လျဉ်း၍ လျစ်လျူရှုထားခြင်းသည် 'နိုင်ငံရေးဘက်လိုက်မှု' ဖြစ်သည်။ တူညီသော အယူအဆ တရပ်ရပ်ကို ဖြစ်စေ၊ ၄င်းနှင့် ဆက်စပ်နေသော မူဝါဒကို ဖြစ်စေ အကောင်အထည်ဖေါ် ကျင့်သုံးနိုင်ရေးအတွက် ကြိုးပမ်းရာတွင် အာဏာပိုင် (သို့မဟုတ်) နိုင်ငံရေးပါတီ(သို့မဟုတ်) နိုင်ငံရေးဖွဲ့စည်းတည်ဆောက်မှု တစ်ခုခုသည် အနီးကပ် မဟာမိတ် ဖြစ်နိုင်သည် ဟူသော အကြောင်း ပြချက်ဖြင့် အဆိုပါ အာဏာပိုင် (သို့မဟုတ်) နိုင်ငံရေး ပါတီ (သို့မဟုတ်) နိုင်ငံရေး ဖွဲ့စည်းတည်ဆောက်မှု၏ မကောင်းသော လုပ်ရပ်များနှင့် စပ်လျဉ်း၍ လျစ်လျူရှုထားခြင်းသည် လည်း 'နိုင်ငံရေးဘက်လိုက်မှု' ဖြစ်သည်။

သူတပါး၏ အသက်အန္တရာယ်၊ ကျန်းမာရေးနှင့် ဂုဏ်သိက္ခာကို ထိပါးစေသော ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ ကျင့်သုံးခြင်းကို လက်ခံလျှင် ထိုသူ၏ စိတ်အစဉ်တွင် 'ရိုးရာယဉ်ကျေးမှုဆိုင်ရာ မသမာမှု' လွှမ်းမိုးနေမည် ဖြစ်သည်။ အခြားသူများ၏ စိုးရိမ်မှုများကို ဂရုမထားဘဲ မိမိ၏ ကိုယ်ကျိုးအတွက်ကိုသာ လိုက်စားလျှင် ထိုသူ၏ စိတ်အစဉ်တွင် 'အတ္တစိတ်'ကြီးစိုးနေမည် ဖြစ်သည်။ အပြုဖြစ်တည်မှုအမြင်ကို သဘာဝကျစွာ ခံယူကျင့်သုံးနိုင်ခြင်းမရှိလျှင် ထိုသူ၏ စိတ်အစဉ်တွင် 'မိမိဘဝ အခြေအနေသို့မဟုတ် မိမိ ကျင်လည်ရာ လူ့အဝန်းအဝိုင်းအပေါ် ကျေနပ်မှုမရှိသည့်စိတ်' လွှန်ကဲနေ မည်ဖြစ်သည်။ မိမိ၏ငွေကြေးအခက်အခဲ ပြဿနာကို တစုံတရာ လိုအပ်သော အတိုင်းအတာအထိ ဖြေရှင်းနိုင်စွမ်းမရှိလျှင် ထိုသူ၏ စိတ်အစဉ်တွင် 'သိမ်ငယ်စိတ်' ရိုက်ခတ်နေမည်ဖြစ်သည်။ လူမှုရေး အဝန်းအဝိုင်း၊ သဘာဝပတ်ဝန်းကျင် အပြောင်းအလဲတို့နှင့်အညီ အလိုက်အထိုက်ဖြစ်အောင် မိမိ၏ စိတ်ထားကို ပြုပြင်ပြောင်းလဲနိုင်ခြင်း မရှိသောသူ၏ စိတ်အစဉ်သည် လုံလောက်စွာကြံ့ခိုင်မည် မဟုတ်၊ ဘဝတွင် တွေ့ကြုံလာရသော ပြဿနာကိစ္စရပ်များကို ရှင်းလင်းစွာ သုံးသပ်နိုင်မည် မဟုတ်၊ ပြဿနာဖြေရှင်းရန် မှန်ကန်သင့်တော်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည် မဟုတ်ချေ။

လူသည် မိမိ၏ အာရုံငါးပါးဖြင့်ဖြစ်စေ၊ ဆင်ခြင်တုံတရားဖြင့် ဖြစ်စေ တွေးတောနေသည့်တိုင် စိတ်အာရုံအတွင်း၌ တွေးချင်ရာ တွေးနေရုံမျှ၊ တနည်းအားဖြင့် တွေးခြင်ရာတွေးခွင့်ရနေရုံမျှကို လွတ်လပ်စွာ တွေးခေါ်ခြင်းဟု မဆိုနိုင်ချေ။ အထက်တွင် သာဓကအနေဖြင့် ဖေါ်ပြခဲ့သည့် စိတ်အနေအထားများကဲ့သို့ စိတ်အစဉ်များအောက်တွင်ရှိနေပါက တွေးခြင်ရာ တွေး နေသော် လည်း အဆိုပါပုဂ္ဂိုလ်၏ တွေးတောမှုသည် လွတ်လပ်မှု ကင်းမဲ့လျှက်ရှိနေသေသည်။ တွေးတောသူကိုယ်တိုင် မသိလိုက်ဘဲ လွှမ်းမိုး ခြင်း၊ ဖုံးအုပ်ခြင်း၊ ကြီးစိုးခြင်း ခံနေရသည်။ ထိုအခါ ထိုသူတွင် 'လွတ်လပ်စွာတွေးခေါ်နိုင်စွမ်း'မရှိတော့။ 'လွတ်လပ်စွာ တွေးခေါ်နိုင်စွမ်း' မရှိလျှင် လက်တွေ့ဘဝတွင် 'လွတ်လပ်သော တွေးခေါ်မှု' ဖြစ်တည်လာနိုင်ရန် အကြောင်း လုံးဝ မရှိချေ။ 'လွတ်လပ်သော တွေးခေါ်မှု' မရှိလျှင် 'အမှန်တရား'ကို ရှာဖွေနိုင်မည် မဟုတ်သကဲ့သို့ 'တရားမျှတမှု' မှာလည်း မေးမှိန်ပျောက်ကွယ်သွားပေမည်။ ဤကဲ့သို့သော အခြေအနေမျိုး၌ လူ့အဖွဲ့အစည်းတွင် အပြုဖြစ်တည်မှုများ သက်ရောက်တော့မည် မဟုတ်ဘဲ အပျက် ရလာဒ်များသာ ကြီးစိုးနေမည် ဖြစ်သည်။

## ဘာသာရေး အစွန်းရောက်မှု မရှိခြင်း

ကိုတင်မောင်ဦးသည် ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သူ တစ်ဦးဖြစ်သည့်အပြင် ခရစ်ယာန်ဘုန်းကြီးတစ်ပါး ဖြစ်လာရန် အထိ စိတ်ကူးရှိခဲ့သူ ဖြစ်သည်။ "ဘုရားသခင်က ကမ္ဘာကြီးကို ဤ၍ဤမျှ မေတ္တာထားရှိခြင်းကြောင့်သာလျှင် အတုမရှိ သားတော်ကို ပေးအပ်ခဲ့ရခြင်းသာတည်း။ သားတော်ကို ယုံကြည်သက်ဝင်သူတိုင်းသည် သေကြေပျက်စီးမည်

မဟုတ်ဘဲ ထာဝရ ရှင်သန်နိုင်ပေမည်။'' (ရှင်ယောဟန်း ၃း၁၆) စသည်တို့ ကဲ့သို့သော ခရစ်ယန်ဘာသာတရား၏ အယူအဆများကို ကိုတင်မောင်ဦး ငယ်စဉ်ကတည်းကပင် သူ့ဖခင်ထံမှ သင်ယူသိရှိခဲ့သည်။ ကိုတင်မောင်ဦးက ခရစ်ယာန်ဘာသာနှင့် ပတ်သက်သော အသိပညာများကို သူ၏ သူငယ်ချင်းများအား အသိပေးပြောဆိုခဲ့သည်မှာ အကြိမ်ပေါင်းများစွာပင် ဖြစ်သည်။ သူ၏ သူငယ်ချင်းများကို ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ လိုက်ခဲ့ရန် ဖိတ်ခေါ်ကာ ဘုရားသခင်၏ သနားကြင်နာမှုအောက်တွင် နေထိုင်ရသည်မှာ ငြိမ်းချမ်းမှု ရှိကြောင်း၊ လူသားတို့က ဘုရားသခင်အပေါ် ယုံကြည်ကိုင်းရှိုင်းမှု ရှိခြင်းမှာ ကောင်းမြတ်သော အရာဖြစ်ကြောင်းတို့ကို ရှင်းပြသည်။ သို့သော်လည်း ကိုတင်မောင်ဦးသည် အခါအခွင့်သင့်တိုင်းတွင် အခြားဘာသာတရား တို့၏ ဆိုဆုံးမမှုများကို လေ့လာရန် အမြဲ အဆင်သင့် ဖြစ်နေခဲ့သည်။ ဤသို့ဖြစ်သောကြောင့်လည်း သူသည် ဘာရာတရား များကို နှိုင်းယှဉ်လေ့လာရန် စိတ်ထက်သန်ခဲ့သည်။ ဥပမာဆိုရလျှင် ခရစ်ယာန်ဘာသာ၏ 'ထာဝရ ရှင်သန်မှု' ဆိုသော အယူအဆနှင့် ဗုဒ္ဓဘာသာ၏ 'မမြဲခြင်း တရား' ဆိုသော အယူအဆတို့ကို နှိုင်းဆချင့်ချိန်ခဲ့သည်။

ကိုတင်မောင်ဦး၏ သူငယ်ချင်းတစ်ယောက်မှာ စာဖတ်ဝါသနာကြီးသူ ဖြစ်သည်။ သဘောတရားနှင့် အတွေးအမြင် စာပေများကို အထူး ခုံမင်သည်။ သို့သော် သူ၏ ပျော့ကွက်မှာ မိမိက စာပေများကို အတော်အတန် ဖတ်ရှုလေ့လာ ထားသည့်အပေါ်တွင် အခြေခံကာ ကိုယ့်ကိုကိုယ် တော်သည်၊ တတ်သည်ဟု စိတ်ကြီးဝင်နေခြင်းပင် ဖြစ်သည်။ ရင်းနှီးသော သူငယ်ချင်းများကိုသာမက သိပ်မရင်းနှီးသူများကိုပါ သူက မိမိ ဖတ်ရှုလေ့လာထားသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ၎င်းတို့ မည်၍မည်မျှ ဗဟုသုတကြွယ်ဝကြောင်းကို မေးမြန်းပြောဆိုခြင်းဖြင့် တပါးသူ စိတ်အနှောက်အယှက်ဖြစ်အောင် ပြုလုပ်တတ်သူဖြစ်သည်။ သို့သော် အများအားဖြင့် သူ၏ ငြင်းခုံပြောဆိုချက်များမှာ အကြိုးအကြောင်းခိုင်လုံမှု မရှိချေ။

တစ်နေ့ သူက မထေ့တထေ့ပြုံးကာ ကိုတင်မောင်ဦးကို ဤသို့မေးသည်။

''ဟေ့ကောင် တင်မောင်ဦး။ ယေရှုခရစ်တော်က ဗုဒ္ဓဂေါဓမ္မရဲ့ တပည့်သာဝက ဖြစ်ခဲ့ဘူးတယ်ဆိုတာ မင်းသိလားကွ။''

''မင်းက ဒါကို ဘယ်လိုလုပ်သိလဲ။''

''ကာလတခုမှာ ယေရှုခရစ်တော်ဟာ အိန္ဒိယနိုင်ငံကို သွားပြီးတော့ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးတစ်ပါးအဖြစ် ကျင့်ကြံ နေထိုင် ခဲ့တယ်လေ။''

အခြား သူငယ်ချင်းများက ၎င်းတို့နှစ်ယောက်၏ အခြေတင်ပြောဆိုမှုအပေါ် စိတ်ဝင်တစားရှိလာကြသည်။ ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သူ ကိုတင်မောင်ဦးအား ထိပါးလိုက်ခြင်းဖြစ်သည်ကို ၎င်းတို့အားလုံးက ရိပ်စားမိ ကြသည်။ ကိုတင်မောင်ဦးက စာဖတ်ကောင်းသူတော့ မဟုတ်သဖြင့် သူငယ်ချင်းဖြစ်သူ ပြောလာသောစကားမှာ သမိုင်းဝင်အချက်အလက် အစစ်အမှန် ဟုတ်မဟုတ်ကို မိမိကိုယ်၌ကလည်း မသေချာ။ သို့ဖြစ်သောကြောင့် သူ့သူငယ်ချင်း၏ စကားကို ခွန်းတုံ့ပြန်ရန် အခက်တွေ့နေသည်။ သို့သော်လည်း သူငယ်ချင်း၏ စကားကို ကျိုးကြောင်းခိုင်လုံစွာ ပြန်လည်ချေပနိုင်ခြင်းမရှိလျှင် ထိုသူငယ်ချင်း၏ စကားနိုင်ပြုတတ်သော အကျင့်ဆိုးကို ဖျောက်ဖျက်၍ ရနိုင်မည် မဟုတ်ကြောင်းကို ရိပ်စားမိသည့်နှင့်အညီ ကိုတင်မောင်ဦးက ဤသို့ ပြန်ပြောလေသည်။

''ပန်းပင်တစ်ပင် မြေကြီးထဲမှာ ရှင်သန်နိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့အရာက ဘာလဲ။ မင်းသိလား။''

''ဒါက လူတိုင်းသိပါတယ်ကွာ။ လွယ်လွယ်လေးဘဲ။ ရေလိုတာပေါ့။''

“ဒါပေမယ့် အဲဒီပန်းပင်က ရေကို စုပ်ယူပြီးတဲ့အခါကျရင် ရေကို ပြန်မထုတ်လုပ်ဘူး။ ပန်ပွင့်ကိုဘဲ ထုတ်လုပ်တယ်။ အဲဒါကို မင်း သတိထားကြည့်ပေါ့ကွာ။”

ဤတွင် သူ၏သူငယ်ချင်းက ဘာမှ မပြောတော့ချေ။

ကိုတင်မောင်ဦးသည် ဘာသာရေး အစွန်းရောက်သူတစ်ယောက် မဟုတ်ခဲ့ချေ။ ဘာသာရေးကွဲပြားမှုနှင့် ပတ်သက်၍ သည်းခံ ခွင့်လွှတ်စိတ် ထားရှိနိုင်ရန်ကိုပင် ကျင့်ကြံခဲ့သူဖြစ်သည်။ သူ၏ သူငယ်ချင်းများတွင် ခရစ်ဘာသာဝင်များသာ မဟုတ်ဘဲ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်ဘာသာဝင်များလည်း ပါဝင်ပေသည်။ ကိုတင်မောင်ဦးထံတွင် ဗုဒ္ဓဘာသာ ဘုန်းကြီး အသိအကျွမ်း များစွာရှိခဲ့ဘူးသည်။ သူနှင့် ရင်းနှီးကျွမ်းဝင်သော မွတ်ဆလင် မိတ်ဆွေတစ်ဦးမှာ ဒီမိုကရေစီရေးလှုပ်ရှားသူ မောင်မောင်လွင် (ခေါ်) အာဇာမ် ဖြစ်သည်။ တိုင်းပြည် လုံခြုံရေးအတွက်ဟူသော အကြောင်းပြချက်ဖြင့် ၄င်းတို့ ထောင်ချခံခဲ့ရချိန်တွင် ထောင်ထဲ၌ သိကျွမ်းခဲ့ကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ မွတ်ဆလင်များကို ဗိုလ်ချုပ်နေဝင်းက မတရား ဆက်ဆံခဲ့သည်။ ဖိနှိပ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အစ္စလာမ် ဘာသာတရားကို အစ္စလာမ်ဘာသာ၏ ဆိုဆုံးမမှုများနှင့်အညီ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရရေးအတွက် လှုပ်ရှားနေသော မောင်မောင်လွင်၏ လုပ်ရပ်များကို စိတ်နှလုံး အရင်းခံဖြင့် ကိုတင်မောင်ဦးက အားပေးထောက်ခံခဲ့သည်။ ရဲရင့်သတ္တိနှင့် ပြည့်စုံသော ကိုတင်မောင်ဦးကို မောင်မောင်လွင်ကလည်း ညီရင်းအစ်ကိုသဖွယ် လေးစားချစ်ခင်ခဲ့သည်။ ၄င်းတို့၏ ခိုင်မြဲသော ရင်းနှီးမှုကို အရင်းခံကာ နောက်ပိုင်းတွင် မောင်မောင်လွင်သည် အန္တရာယ်များစွာအကြားကပင် ကိုတင်မောင်ဦးကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ကိုတင်မောင်ဦးသည် အခြား ဘာသာတရားတို့ကို မထီမဲ့မြင်ပြုခြင်း၊ နားလည်မှု လွဲမှားခြင်းနှင့် စော်ကား မော်ကားပြုခြင်းမျိုး လုံးဝမလုပ်ခဲ့ချေ။ ဘာသာတရား အားလုံးကို လေးစားသမှုရှိခဲ့သူ ဖြစ်သည်။ ‘ဘာသာရေး အစွန်းရောက်မှု’မှာ ၄င်း၏ စိတ်နှလုံးထဲတွင် မည်သောအခါကမျှ မရှိခဲ့ချေ။ ဘာသာရေးနှင့် ပတ်သက်သော ပြဿနာများကို တွေ့ကြုံလာရသည့် အခါတိုင်းတွင် သူ၏ စိတ်ထားမှာ ပကတိ သန့်စင်နေပြီး သူသည် ‘လွတ်လပ်စွာ တွေးခေါ်မှု’ကို ကျင့်သုံးနိုင်ခဲ့သူဖြစ်သည်။

## လူမျိုးရေး ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်ခြင်း

ကိုတင်မောင်ဦးသည် ချင်းလူမျိုးက ဆင်းသက်လာသူဖြစ်သည်။ လူဦးရေအရကြည့်လျှင် ချင်းလူမျိုးများသည် မြန်မာနိုင်ငံတွင် လူနည်းစု ဖြစ်သည်။ သူသည် ချင်းလူမျိုးကို ချစ်မြတ်နိုးသူ၊ ချင်းလူမျိုးဖြစ်ရသည်ကို ဂုဏ်ယူသူ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ချင်းစာပေ နှင့် ယဉ်ကျေးမှုအသင်းတွင်ပင် အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဘူးသူ ဖြစ်သည်။ တစ်နေ့တွင် သူသည် မြန်မာနှင့် ချင်းလူမျိုးအကြား ခွဲခြားဆက်ဆံမှု ဖြစ်ရပ်တစ်ခုကို ကြုံတွေ့ခဲ့လေသည်။

ကိုတင်မောင်ဦးက တက္ကသိုလ် ပထမနှစ်၊ သူ့ညီ လှရွှေက (၇)တန်းတွင် ပညာသင်ကြားနေခဲ့ကြချိန်ကသည်။ တစ်နေ့တွင် လှရွှေ၏ သမိုင်းဆရာမက မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအကြောင်း သင်ပြရင်းက ချင်းလူမျိုးများကို နှိမ်ချသော အသုံးအနှုန်းများကို စတင်ပြောဆိုလာသည်။ အတန်းထဲ၌ လှရွှေသည် တစ်ဦးထဲသော ချင်းလူမျိုးဖြစ်သည်ကို ဆရာမက သိရှိထားသောကြောင့်ပင်။ “ချင်းလူမျိုးတွေက ခွေးသား တော်တော် စားကြတယ်”ဟု ဆရာမက အတန်းထဲတွင် ရုတ်တရက် ပြောလေသည်။ မြန်မာနိုင်ငံတွင် သခင့်အပေါ် သစ္စာရှိသော ခွေးများကို လူအများတို့က ချစ်ခင်ကြသော်လည်း လူ့အဖွဲ့အစည်း၏ အဆင့်အတန်းအရကြည့်မည်ဆိုလျှင် ခွေးဆိုသော သတ္တဝါကို အနိမ့်ကျဆုံးသော သတ္တဝါအဖြစ် ရှုမြင်လေ့ရှိကြသည်။ ဆရာမက လှရွှေဘက် လှည့်ပြီး “ဟုတ်တယ် မဟုတ်လား လှရွှေ။ မင်းက ဘာချင်းလဲ။ တောင်ပေါ်ချင်း

လား၊ မြေပြန့်ချင်းလား။''ဟု မေးသည်။ လှရွှေက ''ကျနော်က အသျှုချင်းဆိုတော့ မြေပြန့်ချင်းလူမျိုး ပါ။ ကျနော်တို့ ခွေးသားမစားပါဘူး။ ဆရာမပြောတာတွေက မမှန်ကန်တဲ့အပြင် ကျနော်တို့လူမျိုးကို စော်ကားလိုက်သလိုဘဲဗျ။'' ဟု ပြန်ပြောသည်။ ဆရာမက သရော်ပြုံးပြုံးကာ ''မင်းက ချင်းလူမျိုးတွေအကြောင်း ဘာမှ သိပ်မသိပါဘူး။ မင်းက ဒီလို မြို့ကြီးပြကြီးမှာ ကြီးပြင်းလာတဲ့သူ မဟုတ်လား။ မင်းက မြို့သားလေးတစ်ယောက်ဘဲ။''ဟု ဆိုသည်။ ဤတွင် လှရွှေက ''ကျနော် ချင်းလူမျိုးအကြောင်း သိတယ်ဗျ။ ဆရာမပြောတာတွေက လုံးဝ မမှန်ဘူး။''ဟု အကြောက်အကန် ပြန်ပြောသည်။ နောက်ပိုင်းတွင် ဆရာမက ဘာမှ ဆက်မပြောတော့သော်လည်း တစ်တန်းလုံး၏ရှေ့၌ သူမကို ပြန်ပက်သော လှရွှေကို စိတ်ထဲတွင် တေးထားလိုက်သည်။

လှရွှေ အိမ်ပြန်ရောက်သည့်အခါ သမိုင်းသင်ချိန်တွင် ဖြစ်ပျက်ခဲ့သည်များကို ကိုတင်မောင်ဦးအား ပြောပြလေသည်။ ကိုတင်မောင်ဦးက ''မင်းပြောလိုက်တာက အရမ်းကောင်းတယ်။ မင်းက မှန်တဲ့ဘက်က ရပ်တည်ပြီးတော့ ချင်းလူမျိုးအပေါ် ခွဲခြားဆက်ဆံတာကို လက်မခံဘူး ဆိုတာ ပြလိုက်တာဘဲ။ ပြီးတော့ ဆရာမ ပြောတာတွေလဲ လုံးဝ မမှန်ဘူးလေ။ ဆရာမက အတန်းထဲမှာ အဲဒီလိုမျိုး မပြောသင့်ဘူး။''ဟု မှတ်ချက်ပေးသည်။

အခင်းဖြစ်ပွားပြီး တစ်ရက် နှစ်ရက်အတွင်းတွင် သမိုင်းအချိန်၌ ဘာပြဿနာမှ ထပ်ဖြစ်မလာခဲ့။ သို့သော် တစ်နေ့တွင် လှရွှေသည် သမိုင်း ဖတ်စာအုပ်ကို ကျောင်းသို့ယူလာရန် မေ့ခဲ့သည်။ ဤသည်ကို ဆရာမက ရိပ်မိသွားပြီး ''ချင်းကလေးက ဘာဖြစ်လို့ ဖတ်စာအုပ် ပါမလာရတာလဲ။''ဟု မေးသည်။

''ကျနော် မေ့ခဲ့လို့ပါ။ ဒါပေမယ့် ကျနော့်ကို 'ချင်းကလေး' လို့ မခေါ်ပါနဲ့။''

''အိုး၊ မင်းက ဖတ်စာအုပ် မေ့ခဲ့ရုံတင် မကဘူး မင်းရဲ့ အချိုးကလဲ မပြေချင်ပါလား။ မင်း ငါ့ကို စကားပြောတဲ့အခါ မတ်တတ်ရပ်ပြီး ပြောစမ်း။''

ဤတွင် လှရွှေက စိတ်ဆိုးမာန်ဆိုး ဖြစ်ကာ အတန်းထဲတွင် ဆရာမနှင့် အခြေအတင် စကားများကြတော့သည်။ နောက်ဆုံးတွင် ဆရာမက ''ငါ့ အတန်းထဲက ထွက်သွားစမ်း။ မင်း မိဘတွေ ဒီကို ခေါ်မလာဘူးဆိုရင် အတန်းထဲကို ဘယ်တော့မှ ပြန်မလာနဲ့။''ဟု အမိန့်ပေးလိုက်သည်။

လှရွှေက အလွန်အမင်း စိတ်မကောင်းဖြစ်သွားပြီး အတန်းထဲက အင်တင်တင်ဖြင့် ထွက်ကာ အိမ်သို့ လမ်းလျှောက် ပြန်လာသည်။ သူက လမ်းလျှောက်အိမ်ပြန်လာနေစဉ်တွင် ဂျပန်ကင်ဒိုခါးကို ပြင်ဆိုင် ပို့ရန် သွားနေသော ကိုတင်မောင်ဦးကို လမ်းတွင် တွေ့ရသည်။ ညီငယ်ကို အမှတ်မထင် တွေ့လိုက်ရသော ကိုတင်မောင်ဦးက ''ဟေ့ကောင် လှရွှေ။ မင်း ဒီမှာ ဘာလုပ်နေတာလဲ။ အခုက ကျောင်းချိန် မဟုတ်လား။''ဟု မေးသည်။ လှရွှေက သမိုင်းအချိန်တွင် ဖြစ်ပျက်ခဲ့ သည်များကို ကိုတင်မောင်ဦးအား ပြန်ပြောင်းပြောပြသည်။ ဤတွင် ကိုတင်မောင်ဦးက ''ဒါဆိုရင် ဒီကိစ္စကို ရှင်းဖို့အတွက် ငါ မင်းနဲ့ ကျောင်းကို လိုက်ခဲ့မယ်။ အမေ အလုပ်က ပြန်မလာသေးဘူး။ အဖေကလဲ စစ်တွေမှာ မဟုတ်လား။''ဟု ပြောကာ လှရွှေနှင့်အတူ ကျောင်းသို့သွားကြသည်။

ကျောင်း ရောက်သွားရာတွင် ကျောင်းဝင်းတံခါး သော့ခတ်ထားသည်ကို တွေ့ရပြီး ကျောင်းစောင့်တစ်ဦးက ကျောင်းတံခါးနားတွင် ရှိနေသည်။ ကျောင်းစောင့်က ကျောင်းအုပ်ကြီးထံမှ ခွင့်ပြုချက်မရလျှင် ကျောင်းတံခါးကို မဖွင့် နိုင်ကြောင်း ပြောသောအခါ ကိုတင်မောင်ဦးက ''ကျနော့်ညီကို ကျောင်းထုတ်လိုက်တဲ့ ဆရာမနဲ့ ရှင်းစရာရှိလို့ပါ။ ဒါကြောင့် ကျနော်တို့ကို တံခါးဖွင့်ပေးရင် ကောင်းမယ်။''ဟု ပြောသည်။ ဤတွင် ကိုတင်မောင်ဦး အကြောင်းကို သိထားသော ကျောင်းစောင့်က ကျောင်းတံခါးကို ဖွင့်ပေးလိုက်သည်။

ကိုတင်မောင်ဦးနှင့် လှရွှေတို့သည် ကျောင်းအုပ်ကြီးရုံးခန်းကို တန်းသွားလေသည်။ ကျောင်းအုပ်ကြီးရုံးခန်းသို့ ရောက်ရာတွင် ကိုတင်မောင်ဦးက သူ၏ ကင်ဒိုခါးကို ရုံးခန်းတံခါး၏ နဘေးတွင် ထောင်ထားလိုက်သည်။ ရုံးခန်းထဲတွင် စာရေးတစ်ယောက်မှလွဲ၍ မည်သူ့ကိုမျှ မတွေ့ရ။ လှရွှေနှင့် သမိုင်းဆရာမတို့ အခြေအတင် စကားများကြကြောင်း၊ ထို့ကြောင့် ကျောင်းအုပ်ကြီးကို ယခုချက်ချင်း တွေ့လိုကြောင်းကို ကိုတင်မောင်ဦးက ရှင်းပြသည်။ ဤတွင် စာရေးဖြစ်သူက ကျောင်းအုပ်ဆရာမကြီးကို ချက်ချင်းသွားရှာလေသည်။ တခဏအကြာတွင် ရုံးခန်းထဲသို့ ဝင်ရောက်လာသော ကျောင်းအုပ်ဆရာမကြီးက ရုံးခန်းအပေါက်ဝတွင် ထောင်ထားသော ကင်ဒိုခါးကို တွေ့သွားကာ မျက်လုံးပြူးမျက်ဆံပြူးဖြင့် “ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ။ ဒါက ဘယ်သူ့ခါးလဲ။”ဟု မေးသည်။ ကိုတင်မောင်ဦးက “အဲဒါ ကျနော့်ခါးပါ။ ဒီခါးကို ပြင်ဆိုင်ပို့ဖို့အသွား လမ်းမှာ ကျနော့်ညီလေးနဲ့ တွေ့လိုပါ။ ဒါကြောင့် ဒီခါးက ကျနော်နဲ့ ပါလာတာ။” ဟု ပြောသည်။ ဤသို့မှသာလျှင် ဆရာမကြီး၏ စိုးရိမ်မှုများ လျော့ပါးသွားကာ သက်ပြင်းချနိုင်သည်။ မိမိသည် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်က ဖြစ်ကြောင်း၊ လှရွှေက သူ၏ ညီငယ်ဖြစ်ကြောင်းတို့ကိုပြောကာ စတင် မိတ်ဆက်သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် စားဝတ်နေရေး အခြေအနေ အလွန်ဆိုးရွားနေခဲ့ပြီး တက္ကသိုလ်တွင် ပညာသင်ကြားနိုင်ရေးဆိုသည်မှာ သာမန်ပြည်သူများအတွက် အလွန် ခဲယဉ်းခဲ့သည်။ ဤသို့သော အခြေအနေတွင် တက္ကသိုလ်ကျောင်းသူကျောင်းသားများက တိုင်းပြည်၏ကောင်းကျိုးအတွက် ရပ်တည်ဆောင်ရွက်ပေးခဲ့သည်များအပေါ် ပြည်သူလူထုက ၄င်းတို့အား လေးစားသမှု ရှိခဲ့ကြသည်။ ထို့နောက် ကိုတင်မောင်ဦးက လှရွှေနှင့် သမိုင်းဆရာမတို့ အကြား အဖြစ်အပျက်အလုံးစုံကို ရှင်းပြလေသည်။ လှရွှေ၏ အဖြစ်အပျက်ကို ကြားသိရပြီးသောအခါ ဆရာမကြီးက အလွန်စိတ်မကောင်း ဖြစ်သွားပြီး “ချင်းလူမျိုးတွေကို နှိမ့်ချဆက်ဆံလိုက်တဲ့ ဆရာမရဲ့ လုပ်ရပ်ဟာ မှားတယ်။ ပြီးတော့ ကျောင်းသားတစ်ယောက်ကို ကျောင်းထုတ်ဖို့ဆိုတာ ကျမကဘဲ လုပ်ပိုင်ခွင့်ရှိတယ်။”ဟု ဆိုသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးက စာရေးကိုလွှတ်ကာ သမိုင်းဆရာမကို ကျောင်းအုပ်ကြီးရုံးခန်းသို့ ချက်ချင်းလာရောက်စေလေသည်။

ကိုတင်မောင်ဦးနှင့် လှရွှေတို့ ကျောင်းအုပ်ကြီးရုံးခန်းတွင် ရောက်နေကြောင်းကို သမိုင်းဆရာမက စာရေးဖြစ်သူထံမှ သိရှိရသည်။ ရုံးခန်းသို့ရောက်သောအခါ သမိုင်းဆရာမသည် ကိုတင်မောင်ဦးတို့ ့နှင့် မျက်နှာချင်းဆိုင် ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ကိုတင်မောင်ဦးက သမိုင်းဆရာမကို စေ့စေ့ကြည့်ကာ “ချင်းလူမျိုးတွေ ခွေးသားစားတယ်ဆိုတာ သမိုင်းဖတ်စာအုပ်ထဲမှာ ရေးထားတာ ရှိလို့လား။ အဲဒီလို မဟုတ်ဘူးဆိုရင် ဆရာမ အတန်းထဲမှာ ပြောလိုက်တာဟာ လှရွှေကို နှိမ့်ချလိုက်ရုံတင်မကဘူး ချင်းလူမျိုးတွေအားလုံးကို စော်ကားလိုက်တာဘဲ။ ဒါက အလေးအနက်ထားရမယ့် ကိစ္စရပ်တစ်ခု ဖြစ်တယ်။ ကျနော်တို့ ဒါကို သည်းမခံနိုင်ဘူး။” ဟု ပြောသည်။ ဆရာမက ပြူးပြူးပြာပြာဖြင့် ချက်ချင်းပင် “ကျမက အဲဒီလိုမျိုး လုံးဝ မရည်ရွယ်ပါဘူး။ လူမျိုးရေးအရခွဲခြား ဆက်ဆံတာတွေ ဘာတွေမျိုး ဖြစ်သွားတယ်ဆိုရင် ကျမ တောင်းပန်ပါတယ်။” ဟု ဆိုသည်။ ကျောင်းအုပ်ကြီးကလည်းယခုကဲ့သို့ မလိုအပ်သော တင်းမာမှုနှင့် ပြဿနာများအတွက် ကြားဝင်တောင်းပန်သည်။ “အဲဒီလိုမျိုး ထပ်ဖြစ်ခဲ့တယ်ဆိုရင် ဆရာမကြီးဆီကို ချက်ချင်း တိုက်ရိုက်လာပြော”ဟုလည်း လှရွှေကို ဆိုသည်။ ဤသို့ဖြင့် ထိုပြဿနာမှာ အေးအေးဆေးဆေးပင် ပြေလည်သွားခဲ့သည်။

ချင်းလူမျိုးများကို နှိမ့်ချပြောဆိုသည့် ဆရာမသည် မြန်မာလူမျိုးတစ်ဦးဖြစ်သည်။ သူမ ပြောဆိုလိုက်သော စကားကြောင့် ချင်းလူမျိုးတို့၏ စိတ်ထဲတွင် မြန်မာလူမျိုးများအပေါ် ‘လူမျိုးရေး မုန်းတီးမှု’ တစုံတရာ ဖြစ်သွားနိုင်ပေသည်။ သို့သော်လည်း ချင်းလူမျိုးများဖြစ်သော ကိုတင်မောင်ဦးအပါအဝင် သူ၏မိသားစုဝင်များမှာမူ ထိုကဲ့သို့သော စိတ်ထား မရှိခဲ့။ သမိုင်းဆရာမ၏ မလျော်ကန်သည့် အပြောအဆိုကို အလွန်အမင်းချဲ့ကား ဖေါ်ထုတ်ကာ အားနည်းသော ယုတ္တိဗေဒ တခုကို တည်ဆောက်၍ မမှန်မကန်သည့် ခြုံယူဆင်ခြင်မှုတခုပေါ်ပေါက်လာစေပြီး မြန်မာလူမျိုးတစ်ခုလုံးအပေါ် မုန်းတီးမှုစိတ် ဖြစ်လာစေနိုင်မည့် အနေအထားကို ကိုတင်မောင်ဦးရော ၄င်း၏ မိသားစုကပါ လုပ်ဆောင်ခဲ့ခြင်း မရှိချေ။ ဤသည်မှာ ကိုတင်မောင်ဦး

နှင့် သူ၏ မိသားစုဝင်များအားလုံးသည် ချင်းလူမျိုးအပါအဝင် အခြားတိုင်းရင်းသား လူမျိုးများပေါ် လေးစားသမှုရှိသည့် သာမန် မြန်မာလူမျိုးများနှင့် တွေ့ကြုံဆက်ဆံခဲ့ရသည့် အခြေခံကြောင့် သာမကဘဲ ၄င်းတို့သည် 'လက်စားချေခြင်း'ဆိုသည်ထက် 'ခွင့်လွှတ်ခြင်း'ကိုလည်းကောင်း၊ 'အမုန်းတရား'ဆိုသည်ထက် 'ချစ်ခြင်းမေတ္တာ'ကိုလည်းကောင်း၊ 'အဆိုး'ဆိုသည်ထက် 'အကောင်း'ကိုလည်းကောင်း ပို၍နှစ်သက်မြတ်နိုးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကိုတင်မောင်ဦးထံတွင် 'လူမျိုးရေး မုန်းတီးမှု'စိတ်ထား လုံးဝမရှိဘဲ သူ၏ စိတ်နှလုံးမှာ ပကတိသန့်စင်နေခြင်း ဖြစ်သည်။

## လူမျိုးရေးစိတ်ဓါတ်

''နိုင်ငံတော် လုံခြုံရေးကို ထိပါးသည် ဆိုသော အကြောင်းပြချက်များ''ဖြင့် ကိုတင်မောင်ဦး တက္ကသိုလ်ကျောင်းသား ဘဝ ဒုတိယနှစ်တွင် ဖမ်းဆီးခံရကာ အင်းစိန်ထောင်အတွင်း၌ နေခဲ့ရချိန်များတွင်လည်း သူ၏ အမျိုးသားရေးစိတ်ဓါတ်ကို အထင်အရှား တွေ့မြင်နိုင်ပေသည်။ ထောင်မှ လွတ်မလာမီ (၁)နှစ်ခန့် အလိုတွင် ကိုတင်မောင်ဦးသည် (၉)လကြာ တိုက်ပိတ်ခံခဲ့ရသည်။ တိုက်ပိတ်ရက် စေ့သည့်နေတွင် ကိုတင်မောင်ဦးကို အကျဉ်းသား (၆)ဦး၊ (၇)ဦးရှိသော အကျဉ်းခန်းကြီး တစ်ခုထဲတွင် ထည့်ထားလိုက်သည်။ ထိုအကျဉ်းသားများထဲတွင် ဇလေ့ထန်းနှင့် ကစ်ခိုလျန် ဟုအမည်ရသော ချင်းပြည်နယ်မှ ချင်းလူငယ်များလည်း ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဖယ်ဒရယ် ဒီမိုကရေစီ စနစ်ကို ကျင့်သုံးရေးအတွက် တောင်းဆိုသော 'ချင်းအမျိုးသား လူငယ်အဖွဲ့'၏ အဆိုပြုလွှာတွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းကြောင့် အဆိုပါ ချင်းလူငယ်များ ဖမ်းဆီးထောင်ချခံခဲ့ရခြင်း ဖြစ်သည်။ ဆေးကျောင်းသားဖြစ်သူ ဇလေ့ထန်းက ကိုတင်မောင်ဦးသည်လည်း ချင်းလူငယ်တစ်ဦး ဖြစ်ကြောင်းကို အစပိုင်းတွင် မသိရှိခဲ့ပေ။ ၄င်းတို့ အနည်းငယ် ရင်းနှီးမှု ရလာသော အခါမှသာလျှင် တစ်ဦးကိုတစ်ဦး ချင်းလူမျိုးများဖြစ်ကြောင်း သိရှိခဲ့ကြသည်။ ထိုအချိန်မှစတင်ကာ ၄င်တို့နှစ်ဦးသည် အလွန်အမင်း ခင်မင်ရင်းနှီးသော သူငယ်ချင်းကောင်းများ ဖြစ်လာကြသည်။

ထောင်ကျနေစဉ် အချိန်ကာလများအတွင်းတွင် ၄င်းတို့သည် ချင်းလူမျိုးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးဖြစ်ကြသည်။ စစ်အစိုးရက ချင်းလူမျိုးများကို မတရားသဖြင့် ဆက်ဆံဆောင်ရွက်ပုံ၊ ချင်းလူမျိုးများ တန်းတူညီမျှ အခွင့်အရေး မရရှိကြပုံတို့ကို ဇလေ့ထန်းက ကိုတင်အောင်ဦးအား ပြောပြသည်။ ချင်းပြည်နယ် တောင်ပေါ် ဒေသများတွင် နေထိုင်သော ချင်းလူမျိုးများ လစ်လျူရှုခံခဲ့ရပြီး ချင်းရွာများမှာလဲ အလွန် ခေတ်နောက်ကျ ကျန်နေခဲ့သည်။ ၄င်းတို့ ဒေသများတွင် ကျောင်း၊ ဆေးရုံနှင့် အခြားသော မရှိမဖြစ်လိုအပ်သည့် အရာများ ချို့ငဲ့ခဲ့ရသည်။ ထိုကဲ့သို့ ပြောဆိုဆွေးနွေးသည့်အခါများတွင် ကိုတင်မောင်ဦး၏ တက်ကြွသော စိတ်ထား၊ ရဲစွမ်းသတ္တိနှင့် ဟာသဉာဏ် ရွှင်ပုံ တို့အပေါ် ဇလေ့ထန်းက အလွန် လေးစားအားကျခဲ့သည်။ ကိုတင်မောင်ဦး၏ ပြောဆိုဆက်ဆံပုံနှင့် တွေးတောတတ်ပုံတို့ကို အထင်ကြီး သဘောကျခဲ့ရသည်။ ထိုကြောင့်လည်း ချင်းလူမျိုးများအရေး လှုပ်ရှားတိုက်ပွဲဝင်ရန်အတွက် ဇလေ့ထန်းက ကိုတင်မောင်ဦးထံမှ အကူအညီတောင်းခံခဲ့ခြင်း ဖြစ်သည်။ ဤသည်နှင့် ပတ်သက်၍ ကိုတင်မောင်ဦးက အသေအချာ စဉ်းစားချင့်ချိန်ကာ မိမိကိုယ်တိုင်ကလည်း ချင်းလူမျိုးတစ်ဦး ဖြစ်နေသည်နှင့်အညီ ချင်းလူမျိုးများ တွေ့ကြုံနေရသည့် မတရားမှုများအပေါ် အလွန်အမင်း စိတ်မကောင်း ဖြစ်မိကြောင်း၊ သို့သော်လည်း ပြဿနာ၏ အခြေခံရင်းမြစ်ကို နားလည်သဘောပေါက်သဖြင့် ချင်းလူမျိုးများကို ကိုယ်စားပြု၍သာ လှုပ်ရှားဆောင်ရွက်လိုစိတ် မရှိကြောင်းတို့ကို ကိုတင်မောင်ဦးက ပြန်လှန်ပြောပြသည်။ ''ကျနော်က ချင်းလူမျိုးတွေရဲ့ အရေးကို အလေးထားတယ်ဆိုတာ ငြင်းစရာ မရှိပါဘူး။ ဒါပေမယ့် ကျနော်က ကိုယ့်လူမျိုး အတွက်ကိုဘဲ မလုပ်ချင်ဘူးလေ။ ကိုယ့်လူမျိုးရေးကို စိတ်ဝင်စားတယ် ဆိုပေမယ့် မြန်မာနိုင်ငံ ပြည်သူလူထုတစ်ရပ်လုံး အတွက်ကို ကျနော် လှုပ်ရှားတိုက်ပွဲဝင်ချင်တာဗျ။''ဟူ၍သာ ကိုတင်မောင်ဦးက အကြိမ်ကြိမ်ဆိုခဲ့လေသည်။ ဤသို့ဖြင့်

ကိုတင်မောင်ဦးသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံအတွက် ရပ်တည်တိုက်ပွဲဝင်သော ချင်းအမျိုးသားတစ်ဦး ဖြစ်ခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် တန်းတူညီမျှမှု အခွင့်အရေးများအပေါ် အခြေခံကာ တိုင်းရင်းသားလူနည်းစုများ တွေ့ကြုံခံစားနေရသော ပြဿနာများ၏ ဇစ်မြစ်ကို သူက စိစစ်သုံးသပ်ခဲ့သည်။ သို့သော် လူများစုဖြစ်သော မြန်မာလူမျိုးများကို မုန်းတီးခြင်း မရှိခဲ့ချေ။ စစ်အစိုးရ လက်ကိုင်ကျင့်သုံးနေသော 'မြန်မာ လူမျိုးကြီးဝါဒ'နှင့် သာမန် မြန်မာပြည်သူလူထု တစ်ရပ်လုံးကို ခြုံငုံကာ ခွဲခြားသိမြင်နိုင်ခဲ့သည်။ မည်ကဲ့သို့သော အခြေအနေတွင်မဆို လူမျိုးခြားတို့အပေါ် အဆိုးမြင်စိတ်ထားရှိကာ မိမိ လူမျိုး ကောင်းစားရေး အတွက်ကိုသာ ရှေ့ရှုသော လှုပ်ရှား ဆောင်ရွက်မှုများကို ကိုတင်မောင်ဦးက ထောက်ခံရပ်တည်ပေးခဲ့သော လူစားမျိုး မဟုတ်ချေ။ ကိုတင်မောင်ဦးသည် 'လူမျိုးစုနွယ်အလိုက် စုဖွဲ့မှုစနစ်'ကို ပစ်ပယ်ကာ ကမ္ဘာတခွင်ဆက်သွယ်ဆောင်ရွက်လာကြသော ခေတ်ကြီးတွင် အပြင်ကမ္ဘာလောကကြီးနှင့် 'လူမျိုးနွယ်စုများ' အကြား သင့်တင့်လျောက်ပတ်သော ဆပ်စပ်မှု ဖြစ်တည်နိုင်ရေးအတွက် ကြားခံအဆင့်ဖြစ်သည့် 'ဖယ်ဒရယ် ပြည်ထောင်စု' စနစ် တည်ဆောက်ရေးအတွက် ပိုမိုစိတ်အားထက်သန်ခဲ့သည်။ သို့သော် အာဏာရှင်စနစ် တိုက်ဖျက်ရေးကိုသာ အဓိက အာရုံထားနေခဲ့ရသောကြောင့် သူသည် 'ဖယ်ဒရယ် စနစ်'တည်ဆောက်ရန်အတွက် လုံလောက်သောအချိန် မပေးနိုင်ခဲ့ချေ။ သို့ရာတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပေါင်းစုံတို့ တွေ့ကြုံခံစားနေရသည်များမှာ အာဏာရှင် အုပ်ချုပ်မှုကြောင့်သာ ဖြစ်ပြီး ၎င်း၏ဆိုးကျိုးမှာ တိုင်းရင်းသားလူမျိုးများအကြား ခွဲခြားဆက်ဆန်မှုများ၊ မယုံသင်္ကာဖြစ်စေမှုများ၊ လူမျိုးရေးမုန်းတီးမှုများ၊ ဆထက်တိုး ကြီးထွားလာရခြင်း ဖြစ်ကြောင်း၊ 'ဆိုရှယ်လစ်' (သို့မဟုတ်) 'ဒီမိုကရေစီ' (သို့မဟုတ်) 'အမျိုးသားရေး' (သို့မဟုတ်) 'တင်းကျပ်သော ဘာသာရေးဝါဒီ' သို့မဟုတ် မည်သည့် စနစ်ကို ကျင့်သုံးနေစေကာမူ လက်ရှိအုပ်ချုပ်နေသော အစိုးရက အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေရေး မဟာဗျူဟာမြောက် ကျင့်သုံးနေသမျှ ကာလပတ်လုံး လူမျိုးရေးမုန်းတီးများ ရှိနေမည်ဖြစ်ကြောင်းတို့ကို သူက ရှင်းလင်းစွာ နားလည်သဘောပေါက်ခဲ့သည်။ ကိုတင်မောင်ဦးထံတွင် 'လူမျိုးရေးမုန်းတီးမှု'စိတ် လုံးဝ မရှိခဲ့ချေ။ တိုင်းရင်းသား လူမျိုးစု ပြဿနာများကို စဉ်းစားသုံးသပ်ရာတွင် သူ၏စိတ်ထားသည် လုံးဝ လွတ်လပ်နေခဲ့ပြီး 'လွတ်လပ်စွာ တွေးခေါ်မှု'ကို ကောင်းမွန်စွာ ကျင့်သုံးနိုင်ခဲ့သည်။

## နိုင်ငံရေး ဘက်လိုက်မှု မရှိခြင်း

၁၉၆၂ခုနှစ် မတ်လ(၂)ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့် 'တော်လှန်ရေးကောင်စီ' ဟုအမည်ရသော စစ်ကောင်စီတစ်ခုသည် မြန်မာနိုင်ငံ၏ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ဦးဆောင်သော ဒီမိုကရက်တစ်အစိုးရထံမှ အာဏာသိမ်းယူခဲ့သည်။ မြန်မာနိုင်ငံ အာဏာသိမ်းပြီး (၈)နှစ်အကြာတွင်'နာဆာ'အပေါ် သစ္စာစောင့်သိသော တပ်ရင်းများက အီဂျစ်နိုင်ငံ၏ ပထမဆုံး သမ္မတ 'မိုဟာမက် နာဂီရပ်'ကို ပြန်ပေးဆွဲကာ 'နာဆာ'ကို နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ကြေညာခဲ့သော စစ်တပ်အာဏာသိမ်းမှု ဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံ အာဏာသိမ်းပြီး (၃)နှစ်အကြာတွင် အာဏာရှင်ဗိုလ်ချုပ် ဆူဟာတိုက စစ်တပ်ကို ထိန်းချုပ်လိုက်ပြီး ကွန်မြူနစ်ပါတီဝင်များနှင့် နောက်လိုက်နောက်ပါပေါင်း (၅)သိန်းခန့်ကို သတ်ဖြတ်ကာ အင်ဒိုနီးရှားနိုင်ငံသမ္မတရာထူးကို ရယူခဲ့သည်။ မြန်မာနိုင်ငံ အာဏာသိမ်းပြီး (၇)နှစ်အကြာတွင် လစ်ဗျားနိုင်ငံ၌ ဂါဒါဖီ ဦးဆောင်သော စစ်အရာရှိတစ်စုက နိုင်ငံ့ဘုရင် အီဒရစ်ထံမှ အာဏာသိမ်းယူခဲ့သည်။

မြန်မာနိုင်ငံကို ကြည့်မည်ဆိုလျှင် 'ဖယ်ဒရယ်စနစ်'အား တိုင်းရင်းသား လူမျိုးစုများက ပြည်ထောင်စုကြီးမှ ခွဲထွက်သွားမည့် အတွေးအခေါ်အနေဖြင့် လက်ညှိုးထိုးအကြောင်းပြကာ စစ်တပ်က အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်မှ စတင်ကာ ပြည်သူများသည် 'ဖယ်ဒရယ်'၊ 'ဖယ်ဒရယ် စနစ်'နှင့် 'ဖယ်ဒရယ်ဝါဒ' စသည့် နိုင်ငံရေးဝေါဟာရများကို

သုံးနှုန်းပိုင်ခွင့် မရှိတော့။ ပြည်ထောင်စုက ခွဲထွက်စရာ မလိုအပ်ဘဲလျှက် တိုင်းရင်းသားလူမျိုးစုများတို့အတွက် တန်းတူညီမျှ အခွင့်အရေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးတို့ကို အာမခံပေးထားသည့် စစ်မှန်သော ပြည်ထောင်စု တည်ဆောင်နိုင်ရန်အတွက် အဆိုပါ ဝေါဟာရများကို သုံးနှုန်းခြင်း ဖြစ်သော်လည်း ၎င်းကို ပြစ်မှုသဘွယ် သဘောထားခဲ့သည်။ တိုင်းပြည်အာဏာသိမ်းရာတွင် ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်နေဝင်းသည် မိမိကိုယ်ကို နိုင်ငံတော် သူရဲကောင်း အဖြစ် ကြေညာခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော၊ ပြည်သူလူထုတစ်ရပ်လုံးက လေးစားကြည်ညိုရသော ဗိုလ်ချုပ်အောင်ဆန်း ပြီးလျှင် သူက ဒုတိယခေါင်းဆောင်ဖြစ်သည်ဟု ကြေညာခဲ့သည်။ ဤအခြေအနေတွင် ဗိုလ်ချုပ်နေဝင်း၏ ဝါဒဖြန့်မှုများကြောင့် ပြည်သူများစွာတို့သည် အထင်မှား အမြင်မှား ဖြစ်ခဲ့ကြရပြီး 'မြန်မာနိုင်ငံ လွတ်မြောက်ရေး တပ်မတော် (ဘီအိုင်အေ)'၊ 'မြန်မာ့ ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)'နှင့် လွတ်လပ်ရေး တိုက်ပွဲကာလအတွင်းတွင် တည်ထောင်ခဲ့သည့် အဖွဲ့အစည်းများတွင် ပါဝင်ခဲ့သူ အတော်များများသည် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု၊ ပုဂ္ဂိုလ်ရေး အကျိုးစီးပွား၊ ပုဂ္ဂိုလ်ရေးအရပတ်သက်ကျွမ်းဝင်ခဲ့မှု တို့အပေါ်အခြေခံလျှက် 'နိုင်ငံရေး ဘက်လိုက်မှုများ' ရှိခဲ့သည်။ ၎င်း၏အကျိုးဆက်ကြောင့် မြန်မာ ပြည်သူများစွာတို့သည် လွတ်လပ်စွာ တွေးခေါ်နိုင်စွမ်း ကင်းမဲ့သွားခဲ့ကြသည်။ ထို့အတူပင် စစ်အာဏာသိမ်းခြင်းသည် ပြည်သူများအတွက် လွတ်လပ်မှု၊ ငြိမ်းချမ်းမှုနှင့် တရားမျှတမှုများ အပါအဝင် ရေရှည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖေါ်ဆောင်ပေးနိုင်မည့် စစ်မှန်သော အခြေခံအုတ်မြစ် ဟုတ်မဟုတ်ကို ၎င်းတို့ ခွဲခြားသိမြင်ရာ၌ အားနည်းခဲ့သည်။

ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုလက်အောက်မှ လွတ်မြောက်ရန်အတွက် ကြိုးပမ်းတိုက်ပွဲဝင်စဉ် အချိန်ကာလများတွင် ဦးအောင်ဆန်း အပါအဝင် နိုင်ငံရေး ခေါင်းဆောင်အတော်များများတို့သည် ကွန်မြူနစ်နှင့် ဆိုရှယ်လစ်ဝါဒများကို သက်ဝင်ယုံကြည် ခဲ့ကြသည်။ ၁၉၃၉ခုနှစ်တွင် ကိုအောင်ဆန်းသည် 'ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ)'၏ အထွေထွေအတွင်းရေးမှူး ဖြစ်ခဲ့သည်။ ထိုအချိန်က အာရှတိုက်၊ အာဖရိကတိုက်နှင့် လက်တင် အမေရိကတိုက်ရှိ နိုင်ငံများစွာတို့၏ ရည်မှန်းချက်မှာ ဆိုရှယ်လစ် နိုင်ငံများကို တည်ထောင်ရန် ဖြစ်သည်။ ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် ဆိုရှယ်လစ်ဝါဒ အရှိန်အဟုန်ကောင်းလာခဲ့သည်။ ဤနောက်ခံတွင် မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ၌ လွတ်လပ်ရေးရခဲ့သည်။ ၁၉၆၂ခုနှစ် မြန်မာနိုင်ငံတွင် စစ်တပ် အာဏာသိမ်းရခြင်း၏ အခြားရည်ရွယ်ချက်မှာ ဆိုရှယ်လစ် တည်ဆောက်ရန် ဖြစ်သည်ဟု အကြောင်းပြခဲ့သည်။ ရှေးယခင် ကတည်းကပင် မြန်မာနိုင်ငံကို စတင်တည်ထောင်ခဲ့သူများက ဆိုရှယ်လစ် နိုင်ငံအဖြစ် တည်ဆောက်လိုခဲ့ကြသော်လည်း ဒီမိုကရေစီ အစိုးရအဆက်ဆက်က လစ်လျူရှုခဲ့ကြကြောင်း အသံကောင်းဟစ်ခဲ့သည်။ အဆိုပါ ရည်မှန်းချက်ကို အကောင်အထည် ဖေါ်ရန်အတွက် ၁၉၆၂ခုနှစ် ဇူလိုင်လ (၄)ရက်နေ့တွင် စစ်အစိုးရသည် 'မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ)'ကို တည်ထောင်ပြီး 'မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်'ဟု ဆိုကာ 'လူနှင့် လူ့ ပတ်ဝန်းကျင်တို့၏ အပြန်အလှန် ဆက်နွှယ်မှု သဘောတရား'ဆိုသည့် မူဝါဒတစ်ခုကို ထုတ်ပြန်ကြေညာခြင်းဖြင့် ဆိုရှယ်လစ်ပြည်ထောင်စုကို တည်ထောင် မည်ဟု ပြည်သူတို့အား သက်ဝင်ယုံကြည်လာစေခဲ့သည်။ ထိုအချိန်မှာ ဒီမိုကရေစီ အစိုးရ အုပ်ချုပ်မှုအောက်၌ အထူးသဖြင့် မြန်မာနိုင်ငံရှိ ဒီမိုကရေစီစနစ် နုနယ်နေသေးသော ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ် ကာလများအတွင်း၌ နိုင်ငံရေးပါတီ အကွဲအပြဲများ၊ နိုင်ငံရေးပါတီများ အကြားဖရိုဖရဲ ယှဉ်ပြိုင်နေခဲ့မှုများအပေါ် ပြည်သူလူထု အတော်များများက တစုံတရာ စိတ်ပျက်နေခဲ့ကြချိန်ဖြစ်သည်။ အဆိုပါ အခြေအနေများကြောင့်လည်း ၁၉၆၂ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ စစ်တပ် အာဏာသိမ်းချိန်တွင် တင်မောင်ဦး၏ အသက် (၁၁)နှစ်သာ ရှိသေးသည်။

စစ်အစိုးရက ထိုသို့သော နိုင်ငံရေး ပရိယာယ်ကို ဖန်တီးလိုက်ရာတွင် ဤကဲ့သို့ စစ်တပ် အာဏာသိမ်းခြင်းသည် ဆိုရှယ်လစ် အယူဝါဒနှင့် ဆက်စပ်နေသည်ဟု အချို့က ထင်ကြေးပေးကြကာ 'နိုင်ငံရေးဘက်လိုက်မှု'သည် ၎င်းတို့၏ သိစိတ်ထဲတွင်သော်လည်းကောင်း၊ မသိစိတ်ထဲတွင်သော်လည်းကောင်း ဖြစ်တည်လာခဲ့ပေသည်။ ဆိုရှယ်လစ် အယူဝါဒကို

လိုက်စားသူ နိုင်ငံရေးခေါင်းဆောင်နှင့် အုပ်စု များစွာတို့က စစ်အစိုးရကို ထောက်ခံခဲ့ကြသည်။ ထို့ပြင် စစ်တပ်နှင့် နီးကပ်မှုရှိသူ အများအပြားသည် စစ်အစိုးရ၏ ရောင်းရင်းများအနေဖြင့် တနည်းမဟုတ် တနည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ မိမိကိုယ်ကျိုးရှာသူ ဗျူရိုကရက် အရာရှိများနှင့် ပညာတတ်များက စစ်အစိုးရကို အလုပ်အကျွေးပြုခဲ့ကြသည်။ စစ်အာဏာသိမ်းခြင်း ကိုအကြောင်းပြု၍သာ စစ်အစိုးရက တိုင်းပြည်ကို အုပ်ချုပ်နေခြင်းဖြစ်သည်ဟု ယူဆလျှင် မှားသွားမည်ဖြစ်ကြောင်း၊ မဆလက ရှင်းလင်းပြတ်သားစွာ ဖေါ်ထုတ်လာခဲ့သော မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်သည် ကမ္ဘာ၏ ခေတ်ရေစီးကြောင်းနှင့်အညီ တိုးတက်ပျံ့ပွားမှုများ ရရှိနေသည်ဟု ထင်မြင်ရကြောင်း တို့ကို မြန်မာနိုင်ငံတွင် လူသိများသော နိုင်ငံရေးသမား ဝိစုရ သခင်ချစ်မောင်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံ သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်းကပင် "မြန်မာနိုင်ငံမှာ ဆိုရှယ်လစ် ပြည်ထောင်စု တစ်ရပ်ကို တည်ထောင်တဲ့နေရာမှာ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်က အလုပ်ဖြစ်လိမ့်မယ်လို့ ကျနော် ယုံကြည်တယ်ဗျ။" ဟူ၍ ပြောကြားခဲ့သည်။

## နိုင်ငံရေးဘက်လိုက်မှုကို ပယ်ရှားခြင်း

စစ်အာဏာသိမ်း ချိန်တွင် ကိုတင်မောင်ဦးမှာ အသက် (၁၁)သာ ရှိခဲ့သေးသည်။ ကိုတင်မောင်ဦး လူငယ်ဘဝ ၁၉၆၀ခုနှစ်မှ ၁၉၇၀ခုနှစ် ကာလများတွင် စစ်အာဏာရှင်များ၊ ၎င်းတို့၏ အပေါင်းအဖေါ်များနှင့် မဆလပါတီ အသိုင်းအဝိုင်းက လူ့အဖွဲ့အစည်း၏ အထက်တန်းလွှာကို ကြီးစိုးနေခဲ့ကြသည်။ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်၏ စစ်မှန်မှုအပေါ် 'ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ)'က ပြင်းပြင်းထန်ထန် စောဒကတက်ခဲ့သော်လည်း လူ့အဖွဲ့အစည်း၏ အခရာကျသော အခန်းကဏ္ဍများတွင်မူ ဆိုရှယ်လစ်ဝါဒီတို့ က အဓိက လွှမ်းမိုးနေခဲ့သည်။ စစ်အစိုးရသည် ဆိုရှယ်လစ်ဝါဒ၏ အကိုင်းအရွက် များကြားတွင် ကိုယ်ရောင်ဖျောက်ကာ ၎င်း၏ အာဏာ ရည်ရွယ်တည်တံ့နိုင်ရေးအတွက် အခွင့်ကောင်းယူခဲ့သည်။ လွတ်လပ်စွာ တွေးခေါ်မှုကို ဖြစ်ရှိလာနိုင်စေသော လူသိရှင်ကြား ဆွေးနွေးငြင်းခုံပွဲများကို ပိတ်ပင်တားမြစ်ခဲ့သည်။ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ဆိုသော အယူအဆကို မီးမောင်းထိုးကာ ဝါဒဖြန့်မှုများ အကြီးအကျယ် စဉ်ဆက်မပြတ် လုပ်ခဲ့သည်။ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်သည် ဆိုရှယ်လစ် သဘောတရားနှင့် ဗုဒ္ဓဘာသာ လမ်းစဉ်တို့ကို ပေါင်းစပ်ထားခြင်းပင်ဖြစ်သည်ဟု နိုင်ငံရေး တွေးခေါ်ရှင်များက သုံးသပ်ခဲ့ကြသည်။ သို့သော် လက်တွေ့တွင်မူ ၎င်းသည် ဆိုရှယ်လစ်ဝါဒီနှင့် ဗုဒ္ဓဘာသာတို့၏ အနှစ်သာရများ မရှိချေ။ အီဂျစ်နှင့် လစ်ဗျားနိုင်ငံများတွင်လည်း အလားတူ အခြေအနေများ ဖြစ်ပွားခဲ့သည်။ ၁၉၆၁ခုနှစ် အီဂျစ်နိုင်ငံတွင် 'အာရပ်ဆိုရှယ်လစ်ဝါဒ'ဟူ၍ ဟစ်ကြွေးကာ ပြည်သူလူထုကို နှစ်သိမ့်ရန်အတွက် 'နာဆာ'သည် အစ္စလာမ် ဘာသာနှင့် ဆိုရှယ်လစ်ဝါဒီတို့ကို ပေါင်းစပ်ကာ ဒုတိယအကြိမ် တော်လှန်ရေးကို အစပြုခဲ့သည်။ လစ်ဗျားနိုင်ငံတွင် ဗိုလ်မှူးကြီး ဂဒါဖီက "**Great Socialist People's Libyan Arab Jamahiriya** တော်လှန်ရေးကြီး၏ ဦးဆောင်လမ်းပြ"အဖြစ် မိမိကိုယ်ကို အညွှန်းတပ်ခဲ့သည်။ စစ်အစိုးရက ကျင့်သုံးနေသော 'မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်'စစ်မှန်ခြင်း ရှိမရှိ ဆန်းစစ်ရန်အတွက် လူ့အဖွဲ့အစည်းကို သုံးသပ်ရာ၌ ကွန်မြူနစ် (သို့မဟုတ်) ဆိုရှယ်လစ်ဝါဒီကို လက်ခံသော မြန်မာနိုင်ငံရှိ တက္ကသိုလ်ကျောင်းသားနှင့် လူငယ် အချို့တို့သည် ဆိုရှယ်လစ် အယူအဆကို မှိုင်းမိုင်းကိုးကားခဲ့ကြသည်။

ထို့နောက် ကား(လ်)မတ်က တည်ထောင်ခဲ့ပြီး ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့၏ အဓိက အစိတ်အပိုင်း တစ်ခုဖြစ်သော 'သမိုင်း ဆိုင်ရာ ရုပ်ဝါဒ'ဆိုသော အယူအဆ၏ ကျိုးကြောင်းညီညွတ်မှုအပေါ် စိန်ခေါ်အံတု ခဲ့ပြီးနောက် ကွန်မြူနစ်ပါတီ (အလံနီ)၏ အထွေထွေအတွင်းရေးမှူးချုပ် သခင်စိုး လက်နက်ချအညံ့ခံခဲ့သည်။ ထို ပါတီသည် နှစ်ပေါင်း အတော်ကြာအောင် လက်နက်ကိုင် တိုက်ပွဲဝင်လာခဲ့သော ပါတီတစ်ခုဖြစ်သည်။ သခင်စိုးသည် မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက်တိုက်ပွဲဝင်ရာတွင် ခေါင်းဆောင်ပိုင်းကဏ္ဍမှ ပါဝင်ခဲ့ပြီး အလွန် နာမည်ကျော်ကြားခဲ့သော ကွန်မြူနစ်ခေါင်းဆောင်တစ်ဦး

ဖြစ်ပေသည်။ သခင်စိုး အညှံ့ခံခဲ့ချိန်တွင် သုံးသပ်မှုတစ်ခုကို ထုတ်ပြန်ခဲ့သည်။ ၄င်းမှာ– 'သမိုင်း ဆိုင်ရာ ရုပ်ဝါဒ'နှင့်အညီ ဆိုရလျှင် အရင်းရှင်စနစ်၏ အထွတ်အထိပ်သို့ ရောက်ရှိနေသော နိုင်ငံသည် 'ဆိုရှယ်လစ်စနစ်'သို့ ကူးပြောင်း ကျင့်သုံးရမည် ဟူသည်ပင် ဖြစ်သည်။ အမေရိကန် နိုင်ငံသည် 'အရင်းရှင်စနစ်' ၏ အထွတ်အထိပ်သို့ ရောက်ရှိနေခဲ့ချိန်တွင် ဆိုရှယ်လစ် တိုင်းပြည်တစ်ခုအဖြစ် ပြောင်းလဲစေရေးအတွက် တစုံတရာ အရိပ် လက္ခဏာများ မရှိခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် အမေရိကန်နိုင်ငံသည် ၄င်း၏ 'အရင်းရှင်စနစ်'ကို ပြုပြင်ပြောင်းလဲနိုင်ခဲ့ပြီး အလုပ်သမားအစည်းအရုံးများကို လွတ်လပ်စွာ ရှင်သန်လည်ပတ်ခွင့် ပေးကာ အလုပ်သမားများ၏ အခွင့်အရေးများကို မြှင့်တင်ပေးခဲ့သဖြင့် 'သမိုင်း ဆိုင်ရာ ရုပ်ဝါဒ' အယူအဆမှာ မှန်ကန်မှုမရှိတော့ဟူ၍ ဖြစ်သည်။ စစ်မှန်သော ဆိုရှယ်လစ်စနစ်နှင့် ကွန်မြူနစ်စနစ်တို့၏ အယူအဆများကို လေ့လာလျှက်ရှိသူလူငယ်များသည် သခင်စိုး၏ သုံးသပ်မှုကို ကြားသိရသောအခါ တွေဝေသွားခဲ့ကြသည်။ မြန်မာနိုင်ငံ ၏ လူအဖွဲ့အစည်း အခြေခံတွင် သာမန်လူငယ်များအနေဖြင့် မည်သည့်ဘက်က ရပ်တည်ရမည် ဆိုသည်ကို ခွဲခြားဆုံးဖြတ်နိုင်ရေးမှာ အတော်ပင် ခက်ခဲရှုပ်ထွေးသော ကိစ္စရပ်ဖြစ်သည်။ သို့သော် ကိုတင်မောင်ဦးနှင့် သူငယ်ချင်းများအတွက်မူ ထိုသို့ မဟုတ်ခဲ့ချေ။

ဆိုရှယ်လစ်စနစ်အတွေးအခေါ်တို့ အနက် 'အခွင့်အရေးနှင့် အခွင့်အလမ်းများ တန်းညီမျှမှု'ဆိုသော အယူအဆကို ကိုတင်မောင်ဦးက သဘောတူနှစ်ခြိုက်ခဲ့သည်။ ထို့အတူပင် လစ်ဘရယ်စနစ်တွင်လည်း 'ကိုယ်ပိုင် လွတ်လပ်မှုနှင့် အကန့်အသတ်ဖြင့် အုပ်ချုပ်သော အစိုးရ'ဆိုသော သဘောတရားများကို လက်ခံခဲ့သည်။ သို့သော် ကိုတင်မောင်ဦးသည် နိုင်ငံရေး အယူအဆများကို ကိုးကားကာ မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းတွင် ဖြစ်ပျက် နေသော အခြေအနေများကို သုံးသပ်လေ့ရှိခဲ့သူတစ်ဦး မဟုတ်ချေ။ အခြားသူများ၏ ထိုသို့သော သုံးသပ်ချက်များ အပေါ်၌လည်း ဝေဖန်ပြောဆိုခြင်း မရှိခဲ့။ ဤသို့ဖြင့် ကိုတင်မောင်ဦးသည် သူ၏ လွတ်လပ်စွာ တွေးခေါ်မှုကို ထိန်းသိမ်း ထားနိုင်ခဲ့သည်။ သို့သော်လည်းသူက အဆိုပါကဲ့သို့သော နှိုင်းယှဉ်သုံးသပ်မှုတစ်ခုကို ထူးထူးခြားခြား လုပ်ခဲ့ဘူးလေသည်။ တညနေခင်းတွင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဂျပ်ဆပ် အဆောက်အအုံရှေ့၌ သူငယ်ချင်းတစ်အုပ် စုဆုံခဲ့ကြစဉ်ကဖြစ်သည်။ အချိန်မှာ ညနေ (၆)ရီခန့်ရှိပြီဖြစ်ပြီး တက္ကသိုလ်ကျောင်းဝင်းထဲတွင် လူခြေပြတ်စ ပြုနေပြီ။ ဤတွင် ကိုတင်မောင်ဦး ပြောဆိုသည်များမှာ မှတ်သားဖွယ်ရာကောင်းပေသည်။ သူပြောသော အရာများမှာ– ဂျာမနီနိုင်ငံတွင် ဟစ်တလာ ဦးဆောင်ကာ ဆိုရှယ်လစ် အမည်ခံ ပါတီတစ်ခုကို တည်ထောင်ခဲ့ကြောင်း၊ 'နာဇီ'ဆိုသည်မှာ အမျိုးသား ဆိုရှယ်လစ် ဟု အဓိပ္ပါယ်ရကြောင်း၊ ဆိုရှယ်လစ်ဝါဒီကို မျက်နှာပန်း ပြထားသော်လည်း အဆိုပါ ပါတီက လက်တွေ့ကျင့်သုံးနေသည်မှာ ဖက်ဆစ်ဝါဒီသာ ဖြစ်ကြောင်းနှင့် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီကိုလည်း အဆိုပါကဲ့သို့ပင် သတ်မှတ်၍ ရနိုင်ကြောင်းတို့ ဖြစ်ကြသည်။

ကိုတင်မောင်ဦးက အဆိုပါကဲ့သို့ သုံးသပ်ပြောဆိုခဲ့ခြင်းသည် မဆလ ပါတီကို စတင်တည်ထောင်ပြီးနောက် (၁၀)နှစ် ခန့် အကြာ၊ မဆလပါတီ အရှိန်ကောင်းနေသော အချိန်တွင် ဖြစ်သည်။ ထိုခေတ်ကာတွင် လူငယ်များစွာတို့သည် မဆလ ပါတီက တည်ထောင်ထားသော 'လမ်းစဉ်လူငယ်'၊ 'ရှေ့ဆောင်လူငယ်'နှင့် 'တေဇလူငယ်'အစရှိသည့် အသင်းအဖွဲ့များတွင် ဝင်ပါခဲ့ကြသည်။ မဆလပါတီ အရောင်ပြထားသော စစ်အာဏာရှင်များသည် မြန်မာနိုင်ငံရှိ လူငယ်များကို ထိန်းချုပ် နိုင်ရန်အတွက် ၄င်းတို့၏ ခေါင်းထဲတွင် မှားယွင်းသော အယူဝါဒများကို စည်းစနစ်တကျဖြင့် ရိုက်သွင်းခဲ့သည်။ ထိုခေတ် ကာလတွင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ စစ်အာဏာရှင်များ၏ အပေါင်းအပေါ် မိသားစုများ၊ အစိုးရ အာဏာပိုင်များ၊ ပြည်သူ့ဝ န်ထမ်းများ၊ မဆလ အသိုင်းအဝိုင်း၊ အလုပ်သမားနှင့် လယ်သမား အစည်းအရုံးများ ကဲ့သို့သော မဆလ၏ လက်ပါးစေ အဖွဲ့အစည်းများတို့ထံမှ ဆင်းသက်လာသည့် သန်းပေါင်းများစွာသော လူငယ်လူရွယ်များသည် စစ်အစိုးရက စဉ်းဝါးလိုက် ပေးသည့် သံစဉ်အတိုင်း ကမှန်းမသိ ကနေခဲ့ကြပေသည်။

သို့သော် ကံကောင်းထောက်မသည်ဟု ဆိုရမည်လား မသိ။ ကိုတင်မောင်ဦး အပါအဝင် လူငယ်အချို့တို့သည် လူ့အဖွဲ့အစည်း၏ အခြေအနေမှန်နှင့် ပြဿနာ အရင်းခံ အကြောင်းတရားများကို ခွဲခြားသိမြင်နိုင်ခဲ့ကြသည်။ ရှုတ်ထွေး နက်နဲလှသော နိုင်ငံရေး အယူအဆများအကြားတွင် ၎င်းတို့ လမ်းပျောက်သွားခြင်း မရှိခဲ့ချေ။ 'ဒီမိုကရေစီ'၊ 'ဆိုရှယ်လစ်'၊ 'စစ်အစိုးရ' သို့မဟုတ် မည်သည့် စနစ်ကို လက်ကိုင်ကျင့်သုံးနေကာမူ အာဏာရှင် အုပ်ချုပ်ရေးစနစ်ကြောင့် ဆိုးကျိုးများကို ဖြစ်စေကြောင်း၊ လူထုအခွင့်အရေးများ အကြီးအကျယ် နစ်နာဆုံးရှုံးရကြောင်းနှင့် သာမန် ပြည်သူပြည်သားတို့ ဆင်းရဲ ချွတ်ခြုံကျရကြောင်း တို့ကို လွတ်လပ်စွာ တွေးခေါ်နိုင်စွမ်းရှိသူ ကိုတင်မောင်ဦးက ရှင်းလင်းစွာ သိမြင်နားလည်ခဲ့သည်။ သူ၏ သုံးသပ်ချက်များမှာ ရိုးရှင်းသော်လည်း မြေကြီးလက်ခတ်မလွဲ မှန်ကန်နေခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသ အာရပ်နိုင်ငံ (၁၀)နိုင်ငံတွင် လက်ရှိဖြစ်ပျက်နေသော အာဏာရှင်အုပ်ချုပ်မှုကို ဆန့်ကျင်သည့် လူထု အုံကြွမှုများကိုကြည့်မည်ဆိုလျှင် ကိုတင်မောင်ဦး၏ သုံးသပ်ချက်မှာ ယနေ့တိုင် မှန်ကန်နေကြောင်းကို တွေ့နိုင်ပေသည်။ ထို့နောက် သူ၏ မိတ်ဆွေရောင်းရင်း အချို့နှင့် အတူတကွ ကိုတင်မောင်ဦးသည် မြန်မာနိုင်ငံရှိ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ရန်အတွက် ကျောင်းသား လူငယ်အတော်များများကို ဆော်သြစည်းရုံးနိုင်ခဲ့သည်။

သမ္မတ မူဘာရတ်က ကျင့်သုံးခဲ့သော အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ဖျက်ခဲ့ကြသည့် အီဂျစ်နိုင်ငံရှိ လူငယ်များကို ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ဘန်ကီမွန်း၊ အမေရိကန် သမ္မတ အိုဘားမားနှင့် နိုင်ငံပေါင်းများစွာရှိ ခေါင်းဆောင် များတို့က ချီးမွမ်းဂုဏ်ပြုခဲ့ကြသည်။ ၂၀၁၁ခုနှစ် ဇန်နဝါရီလ (၂၅)ရက်မှ ဖေဖော်ဝါရီလ (၁၁)ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများတွင် သန်းချီသော လူပေါင်းများစွာ ပါဝင်ခဲ့သည့်အနက် (၆၀)ရာခိုင်နှုန်းမှာ လူငယ်များ ဖြစ်သည်။ ချီးမွမ်းဖွယ် ရာသော လုပ်ရပ်များပင် ဖြစ်သည်။ မြန်မာနိုင်ငံကို ကြည့်မည်ဆိုလျှင် ၁၉၆၂ခုနှစ် ဇူလိုင်လ ကျောင်းသားဆန္ဒပြပွဲများမှ စတင်ကာ ရဲရင့်သတ္တိနှင့် ပြည်စုံသော လူငယ်များတို့၏ စတေးခဲ့ရခြင်းများကို သမိုင်းတွင် မှတ်တမ်းတင်ခဲ့ပေသည်။ ကိုတင်မောင်ဦးနှင့် ရောင်းရင်းများသည် အဆိုပါကဲ့သို့သော စိတ်ဓါတ်ရှိသူများ ဖြစ်သည်။ ၎င်းတို့၏ လွတ်လပ်သော တွေးခေါ်မှုဖြင့် တိုင်းပြည်အခြေအနေကို လေ့လာသုံးသပ်ခဲ့သည်။ ဆန့်ကျင်လှုပ်ရှား တိုက်ပွဲဝင်ရန်အတွက် မဟာဗျူဟာများ ရေးဆွဲခဲ့သည်။ ၁၉၇၄မှ ၁၉၇၆ခုနှစ်အထိ လူထုနှင့် ကျောင်းသားဆန္ဒပြပွဲများကို စတင် အကောင်အထည်ဖော်ပေးခဲ့သည်။ နိုင်ငံရေး ကိစ္စများနှင့် စပ်လျဉ်း၍ စဉ်းစား ဆင်ခြင်ရာတွင် ကိုတင်မောင်ဦး၏ တွေးခေါ်မျှော်မြင်မှုသည် လွတ်လပ်မှု အပြည့်အဝ ရှိခဲ့ပြီး 'လွတ်လပ်စွာ တွေးခေါ်မှု'ကို ကောင်းမွန်စွာ ကျင့်သုံးနိုင်ခဲ့သည်။

# ဘဝတိုးတက်ရန် ကိုယ်ကျိုးရှာဖွေမှု နှင့် အတ္တစိတ်ကို ခွဲခြားဖေါ်ဆောင်ခြင်း

လူသားတစ်ယောက်အနေဖြင့် မိမိ၏ ကိုယ်ကျိုးအတွက် ရှာဖွေသည် ဆိုသည်မှာ ထူးဆန်းသော အရာမဟုတ်ချေ။ လူသားတို့သည် စဉ်းစိမ်ဥစ္စာ၊ အာဏာ၊ ကျော်ကြားမှု၊ ဂုဏ်သိက္ခာ၊ ချစ်ချင်းမေတ္တာ၊ လူမှုရေး အဆင့်အတန်း စသည်တို့ကို ရှာဖွေကြသည်။ ကိုယ်ကျိုးအတွက် ရှာဖွေလုပ်ကိုင်ခြင်းကြောင့် လူ့ဘဝသည် အဓိပ္ပါယ် ရှိလာသည်။ နိုးကြားတက်ကြွမှု ရှိလာသည်။ လုပ်ချင်ကိုင်ချင်စိတ်များ တိုးပွားလာပြီး မိမိ၏ ရည်မှန်းချက် ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် တတ်နိုင်သမျှသော နည်းလမ်းပေါင်းစုံကို ရှာဖွေကာ မိမိ၏ လုပ်ကိုင်ဖန်တီးနိုင်စွမ်းကို အကန့်အသတ်မရှိ ချဲ့ထွင်လေတော့သည်။ ဤသို့ဖြင့် မိမိ၏ ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ပြီးသည့်နောက်တွင် လူသားတို့ ဝမ်းသာပီတိ ဖြစ်ကြရသည်။ ထို့ကြောင့် မိမိကိုယ်ကျိုးအတွက် ရှာဖွေလုပ်ကိုင်ခြင်း ဆိုသည်မှာ ဘဝအဓိပ္ပါယ်တစ်ခု ဖြစ်လာသည်။

ကိုယ်ကျိုးကြည့်ခြင်း နှင့် အတ္တစိတ်တို့ကို ကဏ္ဍတစ်ခုထဲတွင် အတူတကွ ထားရှိနိုင်သော်လည်း ၄င်းတို့သည် အခြေခံအားဖြင့် ကွဲပြားကြသည်။ လူ့အဖွဲ့အစည်းအပါအဝင် တပါးသူတို့၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားကာ မိမိ ကိုယ်ကျိုးအတွက် ရှာဖွေလုပ်ကိုင်ခြင်းသည် မိမိအတွက် သာမက တပါးသူများနှင့် လူ့အဖွဲ့အစည်းကိုပါ အကျိုးဖြစ်ထွန်းစေသည်။ ဤကဲ့သို့သော ကိုယ်ကျိုးကြည့်ခြင်းသည် ကောင်းသောအရာဖြစ်သည်။ သို့သော်လည်း တပါးသူများကို ဘေးချိတ်ထားပြီး မိမိ၏ လိုအင်ဆန္ဒ၊ လောဘစိတ်နှင့် တွယ်တာစိတ်များကိုသာ ထည့်သွင်းစဉ်းစားတတ်သော အတ္တစိတ်သည် ပင်ကိုယ်အားဖြင့် မကောင်းအရာ ဖြစ်သည်။ အတ္တစိတ်သည် တဖက်သတ်မြင်တတ်သော စိတ်ဖြစ်သည်။ တပါးသူများ၏ စိုးရိမ်ပူပန်မှု၊ ဒုက္ခဝေဒနာနှင့် အခြေအနေများ ဥပက္ခာပြုနေသော သဘောရှိသည်။

လူ့အဖွဲ့အစည်းသည် လူတစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ကျိုးရှာဖွေနိုင်မှု အခွင့်အလမ်းများကို ဖန်တီးပေးကာ ကိုယ်ကျိုးအတွက် ရှာဖွေနေသော တသီးပုဂ္ဂလများကို တပါးသူများက (သို့မဟုတ်) အစိုးရအာဏာပိုင်များက ဝင်ရောက်နှောင့်ယှက်ခြင်း မပြုနိုင်စေရန်အတွက် အကာအကွယ် ပေးရမည်။ ဤကဲ့သို့ပြုလုပ်ရာတွင် ဖြစ်ပေါ်လာနိုင်သော အစွန်းရောက်မှု နှစ်ခုရှိသည်။ ပထမတစ်ခုမှာ လူ့အဖွဲ့အစည်းက လူတဦးချင်းတို့၏ ကိုယ်ကျိုးရှာဖွေမှုနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်း သတ်မှတ်ထားရှိမှုများ၊ လမ်းညွှန်ပြမှုများနှင့် ကြီးကြပ်မှုများကို ပြုလုပ်ခြင်းဖြစ်သည်။ အာဏာရှင် အုပ်ချုပ်သော လူ့အဖွဲ့အစည်းတွင် ထိုကဲ့သို့သော အဖြစ်မျိုးကို ကြုံရတတ်သည်။ အခြား အစွန်းရောက်မှုတစ်ခုမှာ တဦးချင်းလူပုဂ္ဂိုလ်များက လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အရေးပါ အရာရောက်မှုကို အကြွင်းမဲ့ ပစ်ပယ်ထားခြင်း (သို့မဟုတ်) ငြင်းဆန်ခြင်းပင်ဖြစ်သည်။ အဆိုပါ တဦးချင်းလူပုဂ္ဂိုလ်များ၏ စိတ်နှလုံးထဲတွင် အတ္တစိတ် ကိန်းအောင်းနေသော အခြေအနေများ၌ ထိုကဲ့သို့ဖြစ်တတ်သည်။ 'အတ္တစိတ်' ကြီးထွားလာလျှင် 'လောဘ'၊ 'ဘဝင်မြင့်သောစိတ်'၊ 'လှည့်ဖျားလိုသောစိတ်'၊ 'အပျက်စိတ်' 'အာဃာတ' နှင့် 'ရန်ငြိုးသိုမှု' တို့ကို ဖြစ်စေသည်နှင့်အညီ တစ်စုံတစ်ဦးထံတွင် အတ္တစိတ် ဖြစ်တည်လာသည်နှင့် တပြိုင်နက် ၄င်း၏ သိစိတ်ထဲ၌သော်လည်းကောင်း၊ မသိစိတ်ထဲ၌သော်လည်းကောင်း စိတ်၏ သန့်စင်မှုမှာ ပျောက်ပျက် သွားလေတော့သည်။

**အချုပ်အတည်းမရှိသော အတ္တစိတ်ရှိခြင်း၏ ရလာဒ်များ**

တပါးသူများ၏ အကျိုးစီးပွားကို လစ်လျူရှုကာ 'အတ္တစိတ်'ထားရှိသော တသီးပုဂ္ဂလများကြောင့် လူအများတို့၏ 'ဂုဏ်သိက္ခာ'၊ 'လွတ်လပ်မှု'နှင့် 'အခွင့်အလမ်းများ'ကို ချိုးဖေါက်ရာရောက်နိုင်သည်။ ဤသို့သော အခြေအနေမျိုးတွင် တသီးပုဂ္ဂလများ အတူတကွ ယှဉ်တွဲ နေထိုင်ကြသော လူ့အဖွဲ့အစည်းတွင် 'လူသားအချင်းချင်း ယုံကြည်မှု' ကင်းမဲ့နေမည်။ 'ကလဲ့စားချေခြင်း'ကို ရှောင်လွှဲ၍ ရနိုင်မည် မဟုတ်ဘဲ လူအများ ငြိမ်းချမ်းစွာ အတူတကွနေထိုင်ခြင်းမှာ ပျက်သုဉ်းသွားပေမည်။

အတ္တစိတ်နှင့်အတူ လိမ်လည်လှည့်ဖြားမှုနှင့် မရိုးသားမှုတို့ ယှဉ်တွဲလာလေ့ရှိသည်။ နိုင်ငံမျိုးစုံတွင် အခြေစိုက်သော ကုမ္ပဏီကြီးများက အတ္တစိတ်ကို ကျင့်ကြံရာတွင်– ၄င်းတို့၏ ကုမ္ပဏီများကို တည်ထောင်ခြင်းကြောင့် အလုပ်ရနိုင်သော အခွင့်အလမ်းများ ပိုမိုတိုးပွားလာပြီး ဒေသခံ လူထုတို့ အကျိုးအမြတ် ရရှိမည်၊ နိုင်ငံခြား ရင်းနှီးမြှပ်နှံမှုများ ဝင်ရောက်လာမည်ဟု ၄င်းတို့က ဆိုလေ့ရှိကြသည်။ ဤအဆိုမှာ တစုံတရာ အတိုင်းအတာအထိသာ မှန်ကန်ပေသည်။ လက်တွေ့တွင်မူ အမြတ်အစွန်း အများစုကို ကုမ္ပဏီလုပ်ငန်းရှင်များကသာ ရရှိသွားကြပြီး ဒေသခံလူထုက ရရှိသော အမြတ်အစွန်းမှာ မပြောပလောက်ပေ။

အစိုးရအတွင်းရှိ အမြင့်ဆုံး ရာထူးနေရာများကို အတ္တစိတ်ရှိသော အာဏာရှင်များက ရယူပိုင်ဆိုင်ထားလျှင် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး ဆိုးကျိုးခံစားရပေသည်။ ပြည်သူပိုင်ပစ္စည်းများ အလွဲသုံးစား လုပ်ခြင်း ခံရသည်။ ပြည်သူတို့၏ အသက်အန္တရာယ်များကို ထိပါးခြင်း ခံရသည်။ တသီးပုဂ္ဂလများ၏ လုပ်ပိုင်ခွင့်များ ချုပ်ချယ်ကန့်သတ်ခြင်း ခံရပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး ကသောင်းကနင်း ဖြစ်ရလေသည်။ ဤကဲ့သို့သော အခြေအနေများကို မြန်မာနိုင်ငံနှင့် အာရှတိုက်ရှိ အချို့နိုင်ငံများတွင်သာ မကဘဲ ဥရောပတိုက် အရှေ့ပိုင်း၊ အာဖရိကတိုက်၊ လက်တင်အမေရိကတိုက်နှင့် လတ်တလော အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများတွင်ပါ တွေ့မြင်နိုင်ပေသည်။

၂၀၁၁ခုနှစ် ဖေဖေါ်ဝါရီလ (၂၁)ရက်နေ့တွင် လစ်ဗျားနိုင်ငံကို (၄၂)နှစ်ကြာအောင် အာဏာရှင်အဖြစ် အုပ်ချုပ်မင်းလုပ်လာခဲ့သော မာမူဝါ ဂါဒါဖီက သူ၏ အတ္တစိတ်ကို ကာကွယ်ရန်အတွက် ငြိမ်းချမ်းစွာ ဆန္ဒပြနေသော ပြည်သူပြည်သားများကို စစ်တပ်ဖြင့် ပစ်ခတ်နှိမ်နင်းစေခဲ့သည်။တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်သူများက အတ္တစိတ်ကို ကျင့်ကြံသည်ဟုဆိုရာတွင် ၄င်းတို့က ပြည်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည်ဟု အယောင်ဆောင်လေ့ရှိကြသည်။ လက်တွေ့တွင်မူ တိုင်းပြည်၏ စဉ်းစိမ်ဥစ္စာများကို အုပ်ချုပ်သူများနှင့် ၄င်းတို့၏ အပေါင်းအဖေါ်များကသာ ရရှိစံစားကြပြီး သာမန်ပြည်သူလူထုမှာ ချွတ်ခြုံကျ ကြရသည်။ အီဂျစ် သမ္မတ မူဘာရတ်၏ နှစ်(၃၀)ကြာ အုပ်ချုပ်မှုကို (၁၈)ရက်ကြာ လူထုဆန္ဒပြပွဲများက အဆုံးသတ်စေခဲ့ပြီးသည့်နောက်တွင် မူဘာရတ်က လူထုထံမှ ခိုးယူကာ ဆွစ်ဇလန်ဘဏ်များထဲ၌ သိုမှီးထားသော ငွေကြေးများ အပိတ်ခံခဲ့ရသည်။ တူနီးရှားနိုင်ငံတွင် လူထုဆန္ဒပြပွဲများကြောင့် သမ္မတ ဘင်အလီ၏ (၂၃)နှစ်ကြာ အုပ်ချုပ်မှု အဆုံးသတ်ခဲ့ရပြီး ၂၀၁၁ခုနှစ် ဇန်နဝါရီလ (၁၄)ရက်နေ့၌ ဘင်အလီက ဆော်ဒီအာရေဗျ နိုင်ငံသို့ ထွက်ပြေးသွားခဲ့ပြီးသည့်နောက်တွင် ပြည်သူများထံမှ ခိုးယူထားသော လက်ဝတ်ရတနာများကို သူ၏နေအိမ်တွင် တွေ့ရှိခဲ့ရသည်။

တစ်စုံတစ်ဦးထံတွင် အတ္တစိတ် ကြီးစိုးနေလျှင် စာနာထောက်ထားမှုနှင့် ရိုးသားမှုများ ကင်းမဲ့သွားသည်။ လူ့ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာများ မေးမှိန်ပျောက်ကွယ်သွားပြီး နောက်ဆုံးတွင် လူ့တန်ဖိုး မရှိတော့ချေ။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်းတွင် လောဘကြီးသော တသီးပုဂ္ဂလများနှင့် အာဏာရှင်များက အတ္တစိတ်ကို ဆထက်တိုး ကျင့်ကြံလာခဲ့ခြင်းကြောင့် တိုင်းပြည်၏ ဂေဟစနစ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ကမ္ဘာတဝှမ်းရှိ သန်းပေါင်းများစွာသော ပြည်သူလူထုတို့

အငတ်ဘေးဆိုက်ခဲ့ရသည်။ ၄င်း၏ အကျိုးရလာဒ်ကြောင့် နိုင်ငံပေါင်းများစွာတို့တွင် လူမှုရေး သဟဇာဖြစ်မှုနှင့် တရားမျှတမှု များ ချုပ်ငြိမ်းခဲ့ရသည်။

တိုင်းပြည်ကို အုပ်ချုပ်သူများ၊ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများနှင့် သာမာန် ပြည်သူလူထု အစရှိသည့် အားလုံးသော တသီးပုဂ္ဂလများသည် ကိုယ်ကျိုးအတွက် ရှာဖွေလုပ်ကိုင်နိုင်ကြသော်လည်း ၄င်းတို့၏ အတ္တစိတ်ကိုမူ ချေဖျက်သင့်ပေသည်။ သို့သော် အထူးသတိပြုရမည့် အချက်မှာ ကိုယ်ကျိုးကြည့်ခြင်းနှင့် အတ္တစိတ် တို့ကို တိတိကျကျ ခွဲခြားသတ်မှတ်ထားသော နယ်နမိတ် တစုံတရာ မရှိခြင်းပင် ဖြစ်သည်။ ကိုယ်ကျိုးကြည့်ခြင်းကို သင့်လျော်မှန်ကန်စွာ စီမံခန့်ခွဲနိုင်ခြင်းမရှိလျှင် ၄င်းသည် အတ္တစိတ် အသွင်သို့ ပြောင်းသွားနိုင်သည်။ ဤအခြင်းအရာကို ရှောင်ရှားနိုင်ရန် မိမိကိုယ်ကျိုးအတွက် ရှာဖွေသည့် အခါတိုင်းတွင် တပါးသူတို့၏ အကျိုးစီးပွားကိုလဲ ထည့်သွင်းစဉ်းစားရပေမည်။ ၄င်းသည် အဓိကကျသော အချက်တစ်ချက်ဖြစ်ပြီး တပါးသူများနှင့် ဆက်ဆံဆောင်ရွက်ရသည့်အခါတိုင်းတွင် ထိုအချက်ကို လိုက်နာကျင့်သုံးနိုင်သည်။ ဤတွင် ကိုတင်မောင်ဦးနှင့် ပတ်သက်သော ကိစ္စရပ်တစ်ခုကို လေ့လာသင့်ပေသည်။

## မိမိ၏ ရည်မှန်းချက်များကို အကောင်အထည် ဖေါ်ရင်းက အခြားသူများကိုလည်း ပြုစုစောင့်ရှောက်သူ

ကိုတင်မောင်ဦး၏ မိဘနှစ်ပါးသည် အစိုးရဝန်ထမ်းများ ဖြစ်သည်နှင့်အညီ လစာငွေ များများစားစား မရကြချေ။ ရခိုင်ပြည်နယ်၏ ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော စစ်တွေမြို့တွင် ကိုတင်မောင်ဦး၏အဖေ သွားရောက်အလုပ်လုပ်နေခဲ့စဉ်အချိန်က ဖြစ်သည်။ ကိုတင်မောင်ဦး၏အဖေသည် စစ်တွေမြို့ရှိ အစိုးရ ကြိုးမဲ့ကြေးနန်းရုံးတစ်ခုတွင် ရေဒီယို အော်ပရေတာသမားတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ (၆)လလျှင်တစ်ကြိမ် သူက ရန်ကုန်မြို့ကိုပြန်ကာ သူ၏မိသားစုကို လာရောက်တွေ့ဆုံလေ့ရှိသည်။ အဖေလုပ်သူ အိမ်တွင် ရှိမနေသည့်အခါများတွင် ကိုတင်မောင်ဦးက အိမ်မှုကစ္စများကို တာဝန်ယူဆောင်ရွက်ရသည်။ ဖခင်တစ်ဦးကဲ့သို့ပင် သူ၏ ညီငယ်၊ ညီမငယ်များကို ပြုစုစောင့်ရှောက်သည်။

အမေက သားဖွားဆရာမတစ်ဦးသာ ဖြစ်သောကြောင့် ကလေး(၈)ယောက်စလုံးကို ကျွေးမွေးစောင့်ရှောက် ထားနိုင်ရေး ဆိုသည်မှာ သူမအတွက် မလွယ်ကူခဲ့ချေ။ ဤသည်မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက တိုင်းပြည်ကို စီမံအုပ်ချုပ်မှု ညံ့ဖျင်းခြင်း၊ အစိုးရ ရာထူးဌာန အဆင့်ဆင့်တွင် လာဘ်စားမှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေခြင်းတို့ကြောင့်ဖြစ်သည်ဟု အဓိကဆိုနိုင်ပေသည်။ ဤရလာဒ်ကြောင့် နိုင်ငံတဝှမ်းလုံးတွင် စီးပွားရေး ချွတ်ခြုံကျခဲ့ရသည်။ ဈေးကွက်ထဲရှိ စားသုံးကုန်ပစ္စည်းများမှာ တစ်နေ့ထက်တစ်နေ့ ဈေးပိုကြီးလာသော်လည်း လူထုအများစုတို့ ရရှိသော လစာငွေများမှာမူ တည်မြဲအတိုင်း ရှိနေခဲ့သည်။

တိုင်းပြည်အတွင်းတွင် စားသုံးကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ခြင်း မရှိသောကြောင့် စီးပွားရေးအခြေအနေများကို ပိုမိုဆိုးရွားလာစေခဲ့သည်။ မြန်မာနိုင်ငံရှိ သာမန်လူထုသည် ၄င်းတို့ရရှိသော မစို့မပို့ လစာများဖြင့် မိသားစုဝင်များကို ကျွေးမွေးထားနိုင်ခြင်း မရှိသည့်အပြင် အကြွေးနွံနစ် နေခဲ့ကြရသည်။ ဈေးထဲတွင် ဈေးသည်များက ၄င်းတို့ ယုံကြည်စိတ်ချရသူများကို အကြွေးစနစ်ဖြင့် ဈေးဝယ်ခွင့်ပြုကြပြီး အကြွေးယူထားသူများက လကုန်ရက်တွင် ပြန်ဆပ်ကြရသည်။ ဈေးသည်များထံက အကြွေးဝယ်စားသူများထဲတွင် ကိုတင်မောင်ဦး၏ အမေလည်း ပါဝင်သည်။ သူမ လစာငွေရသည့်အခါတိုင်းတွင် ဈေးသည်များကို အကြွေးပြန်နေဆပ်ရသောကြောင့် အိမ်အတွက် ဘာမှမကျန်တော့ သလောက်ပင် ဖြစ်သည်။ ထို့ကြောင့် နောက်လများတွင်လည်း အကြွေးစနစ်ဖြင့် ဈေးဝယ်ရသောကြောင့်

မဆုံးနိုင်သော သံသရာလည်နေခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံရှိ ပြည်သူလူထုအများစုတို့ တွေ့ကြုံခဲ့ကြရသည့် ရုံးမထွက်နိုင်သော ဝဲသြဃဆိုးကြီးပင် ဖြစ်သည်။

မိသားစု ငွေရေးကြေးရေးအခြေအနေနှင့် ပတ်သက်၍ ကိုတင်မောင်ဦးက အတော် စိတ်မချမ်းသာ ဖြစ်ခဲ့သည်။ ၄င်းတို့ကို ကျွေးမွေးထားနိုင်ရေးအတွက် နေ့စဉ်နှင့်အမျှ ရုန်းကန်လှုပ်ရှားနေရသော အမေ့ကို မကြည့်ရက်ခဲ့။ ဤသို့ဖြင့် တနေ့တွင် သူက အမေ့အား "နောက် (၂)လ (၃)လစာအတွက် ကျနော်တို့ရဲ့ ရသုံးငွေစာရင်းကို စီမံကြစို့လား။ အကြွေးကင်းအောင် လုပ်ကြမယ်လေ။ ကျနော်တို့မှာ မရှိရင် မစားဘူးပေါ့။ ဘာဘဲ ဖြစ်နေပါစေ ကျနော်တို့ အကြွေးမယူဘဲ နေနိုင်အောင် လုပ်ကြမယ်။"ဟု ပြောသည်။

ဤသည်ကို အမေက သဘောတူရာတွင် ကိုတင်မောင်ဦးက ချက်ချင်းပင် မိသားစုအတွက် ရသုံးငွေစာရင်းတစ်ခုကို ရေးလေသည်။ "ကျနော်တို့ အစပိုင်းမှာတော့ တော်တော်လေး ကျပ်တည်းလိမ့်မယ်ဗျ။ ဒါပေမယ့် တတ်နိုင်သလောက် ချွေတာသုံးမယ် ဆိုရင် နောက်ပိုင်းကျတော့ တဖြည်းဖြည်း အဆင်ပြေလာမှာပေါ့။"ဟု သူကဆိုသည်။ ဤသို့ဖြင့် ကိုတင်မောင်ဦးသည် အသားငါးကဲ့သို့သော ဈေးကြီးသောအရာများနှင့် အခြား အပိုအလျှံ ပစ္စည်းများအတွက် အသုံးစရိတ်ကို ဖယ်ထုတ်လိုက်ပြီး မရှိမဖြစ် လိုအပ်သော အခြေခံစားသုံးစရိတ်အတွက် ကုန်ကျငွေများသာပါဝင်သော ရသုံးငွေစာရင်းတစ်ခုကို စနစ်တကျ ရေးဆွဲပေးခဲ့သည်။

အစားအသောက်ဝယ်ယူသော အသုံးစရိတ်ကို လျှော့ချလိုက်သည်နှင့်အညီ ထမင်းဟင်းချက်ရာတွင် အိမ်နောက်ဖေးထွက် ဟင်းသီးဟင်းရွက်များကို အစားထိုးရန်အတွက် သူက အကြံပြုသည်။ အိမ်နားရှိ ရေကန်တွင် ပေါက်ရောက်နေသော အပင်ကလေးများ၊ အိမ်နောက်ဖေးခြံထွက် ချဉ်ပေါင်ရွက်များ၊ ဟင်းသီးဟင်းရွက်ကို ခူးကာ အထူးကောင်းမွန်သော ဟင်းရွက်မွှေကြော်များကို ကိုတင်မောင်ဦးက မိသားစုဝင်များအတွက် ချက်ကျွေးသည်။ သူသည် ဖန်တီးနိုင်စွမ်းရှိသူ၊ ဟိုနား သည်နားက ရသော ဟင်းသီးဟင်းရွက်များဖြင့် ဟင်းတစ်ရွက် ဖြစ်လာအောင် လုပ်နိုင်စွမ်းရှိသူ ဖြစ်သည်။ ကိုတင်မောင်ဦးက ဟင်းချက်လဲ အလွန်ကောင်းသည်။ ချက်ပြုတ်ပြီးသော အခါတွင် သူက ညီငယ်၊ ညီမငယ်များကို ထမင်းစားပွဲသို့ခေါ်ပြီး ထမင်းမစားမီ ပြောလေ့ရှိသော စကားတစ်ခုမှာ "ထမင်းဟင်းတွေ ပူနွေးနေတုန်းမှာ စားလိုက်ကြစို့လား။ ပူနွေးနေတဲ့ ထမင်းဟင်းတွေကို စားရတာ ပိုပြီးအရသာရှိတယ်ကွ။" ဟူ၍ ဖြစ်သည်။ ထမင်းစား စားပွဲသို့ လာရောက်ကြရန် ပြောဆိုနေသော အစ်ကိုကြီး ဖြစ်သူ၏ အသံကို ညီငယ်၊ ညီမငယ်များက ယနေ့တိုင် အမှတ်ရနေဆဲပါ။

အမေက ဈေးသည်များထံမှ အကြွေးဝယ်မစားသည်မှာ (၁)လခန့် ရှိလာပြီဖြစ်ပြီး အားလုံးမှာ သူ့ဟာနှင့်သူ အဆင်ပြေနေခဲ့သည်။ သို့သော် အမေ အလုပ်ကပြန်လာသော တညနေခင်းကို ညီအစ်ကို မောင်နှမများအားလုံး မှတ်မိနေကြသေးသည်။ ထိုညနေက အမေသည် ဈေးသို့ဝင်ကာ ဝက်သားအတုံးကြီးကြီး တစ်တုံး အိမ်ကိုဝယ်ပြန်လာသောကြောင့်ပင်။ ထိုဝက်သားကို အမေက အကြွေးဖြင့် ဝယ်ခဲ့သလား ဆိုသည်ကို ဗေဒင်သွားမေးရန် မလိုပါ။ မိသားစုဝင်များအတွက် ဝက်သားဟင်းချက်မကျွေးတာ အတော်ကြာခဲ့ပြီ ဖြစ်သောကြောင့် အားလုံးက ဝမ်းသာသွားကြလိမ့်မည်ဟု အမေက မျှော်လင့်ထားခဲ့သည်။ သို့သော် ကိုတင်မောင်ဦးက ဤသည်ကို သိရှိသွားအခါတွင် အလွန်စိတ်မကောင်း ဖြစ်သွားသည်။ ဝက်သား ဝယ်လာသည့်အတွက် အမေ့ကိုပင် စိတ်ဆိုးသွားခဲ့သည်။ အမေ့လက်ထဲက ဝက်သားတုံးကြီးကိုယူ၊ စားပွဲပေါ်တင်ပြီး သူက အသံခပ်မာမာဖြင့် "အမေ၊ ကျနော်တို့မှာ ဘာမှမရှိရင် မစားဘူးလို့ ပြောထားတာကို အမေ မေ့သွားပြီးလား။ ကျနော်တို့ အကြွေးလုံးဝ မယူဘူး ဆိုတာကိုလေ။"ဟု ပြောလေတော့သည်။ အကြွေးကင်းအောင်နေရန် အစီအစဉ်ဆွဲထားသည်များနှင့် ပတ်သက်၍ အမေ့ကို သူက ထပ်မံသတိပေးသည်။ ထို့ပြင် ကျန်းမာရေးရှုထောင့်က ကြည့်ကာ ဝက်သားသည် လူ့ကျန်းမာရေးအတွက် မကောင်းကြောင်းကိုလည်း ရှင်းလင်းပြောပြသည်။ ကိုတင်မောင်ဦးသည်

တစ်စုံတစ်ယောက်ကို အကျိုးအကြောင်းရှင်းပြရာတွင် တဘက်သား၏ အာရုံကို ဖမ်းစားနိုင်ပြီး မိမိ၏ အကြံပြုချက်ကို တပါးသူလက်သင့်ခံလာနိုင်အောင် ဖျောင်းဖျနိုင်စွမ်းသည့် မွေးရာပါ အရည်အချင်းရှိသည်။

ကိုတင်မောင်ဦး ရေးဆွဲပေးခဲ့သော ရသုံးငွေစာရင်းနှင့်အညီ ချိုးခြံချွေတာ သုံးစွဲရာတွင် ၎င်း၏မိသားစုသည် အကြွေးနွံထဲက ရုန်းထွက်နိုင်ခဲ့သည်။ ထို့ကြောင့် နောက်ပိုင်း အမေက လစာထုတ်လာသည့်အခါတိုင်းတွင် တစ်လလုံးအတွက် သူမကြိုက်ရာ အစားအသောက်များကို ဝယ်ယူနိုင်ရန် လက်ထဲတွင် ငွေအသင့်ရှိနေခဲ့သည်။ ဤသို့ဖြင့် သူ၏မိသားစုသည် စားသောက်စရိတ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ခဲ့သည်။ ညီအစ်ကိုမောင်နှ (၈)ယောက်ထဲတွင် အကြီးဆုံးဖြစ်သည်နှင့်အညီ ကိုတင်မောင်ဦးက မိသားစုကို စောင့်ရှောက်ရန် တာဝန်ရှိခဲ့သည်။ သူကိုယ်၌ကတည်း ဤတာဝန်ကို လိုလိုလားလား လက်ခံခဲ့သည်။ မိသားစုဝင်များအားလုံးကို သူ၏ ကြီးမားသော ချစ်ခြင်းမေတ္တာ ပေးအပ်နိုင်ခဲ့ပြီး တပါးသူတို့က လာရောက် ထိပါးခြင်း အန္တရာယ်များမှလဲ ကာကွယ်ပေးခဲ့သည်။

## အလုပ်ရှားပါးမှု ပြဿနာနှင့် စစ်မှုထမ်းရန် အခွင့်အလမ်း

ကိုတင်မောင်ဦးသည် မိသားစု၏ အနာဂတ် စီးပွားရေးအခြေအနေအတွက် စိုးရိမ်ပူပန်ခဲ့သည်။ သူ၏ မိသားစုဝင်များ အသက်ရှင် ရပ်တည်နိုင်သည်မှာ မှန်သော်လည်း လုံလောက်မှုတော့ မရှိ ဟူသည့်အချက်ကို ကိုတင်မောင်ဦးက ကောင်းမွန်စွာ နားလည်သဘောပေါက်ခဲ့သည်။ အိမ်ထောင် မကျသေးသော အရွယ်ရောက်ပြီးသူများကာ မိသားစုအိမ်၌ပင် ဆက်နေကာ မိသားစုဝင်များကို ပြုစုစောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံ၏ အလေ့အထတစ်ခု ဖြစ်သည်။ ကိုတင်မောင်ဦးသည် အရွယ် ရောက်သူတစ်ဦး အနေဖြင့် မိသားစုဝင်များ၏ စားဝတ်နေမှု အဆင့်အတန်းကို မြှင့်တင်နိုင်ရေးအတွက် ကိုယ်ကျိုးရှာဖွေမှုပြု ဖို့ လိုအပ်လာခဲ့သည်။ ဤပြဿနာကို ကိုတင်မောင်ဦးတစ်ယောက်ထဲသာ မဟုတ်ဘဲ မြန်မာနိုင်ငံ အာဏာရှင်အုပ်ချုပ်မှု အောက် တွင် နေထိုင်နေကြသော သာမန်လူတန်းစား ခေတ်လူငယ်များ ပါ ကြုံတွေ့နေခဲ့ရခြင်းဖြစ်သည်။

လူ့အဖွဲ့အစည်း၌ စစ်မှန်သောအပြောင်းအလဲ တစုံတရာ ဖြစ်မလာပါက တဦးချင်း ကိုယ်ကျိုးရှာနေရုံ သက်သက်မျှ ဖြင့်မူ ရေရှည်အတွက် လူမှုရေးတည်ငြိမ်မှု ရှိနိုင်မည် မဟုတ်ကြောင်းကို ကိုတင်မောင်ဦးနှင့် သူငယ်ချင်းများက ကောင်းမွန်စွာ ရိပ်စားမိခဲ့ကြသည်။ သို့သော်လည်း မိမိတို့ မိသားစု အသီးသီး၏ လတ်တလောလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် တတ်နိုင်သမျှ အမြန်ဆုံး ကိုယ်ကျိုးရှာနိုင်မှ ဖြစ်တော့ပေမည်။ သို့သော် မြန်မာနိုင်ငံ၏ လက်ရှိ လူ့အဖွဲ့အစည်းအခြေအနေကို အခြေခံ၍ စဉ်းစားမည်ဆိုလျှင် လက်တွေ့ဘဝ၌ မည်သည့်နည်းလမ်းဖြင့် မိမိကိုယ်ကျိုးအတွက် ရှာဖွေလုပ်ကိုင်နိုင်မည်နည်း ဆိုသည်က ပထမဆုံး မေးစရာဖြစ်လာသည်။ ထိုအချိန်က လူငယ်များအတွက် ဝင်ငွေ လုံလောက်စွာ ရှာဖွေနိုင်သော (သို့မဟုတ်) သင့်တင်လျောက်ပတ်စွာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သော နည်းလမ်း အနည်းငယ်သာ ရှိခဲ့သည်။

မြန်မာနိုင်ငံရှိ လူငယ်လူရွယ် များစွာတို့သည် အထက်တန်းကျောင်း မပြီးသေးဘဲ ကျောင်းထွက်ကာ ထိုင်းမြန်မာနယ်စပ်သို့ သွားရောက်ကာ မှောင်ခိုပစ္စည်း ခိုးသွင်းသူ အထမ်းသမားများအဖြစ် လုပ်ကိုင်စားသောက်ခဲ့ကြသည်။ ၎င်းတို့ တင်သွင်းသော ပစ္စည်းများမှာ မူးယစ်ဆေးဝါးနှင့် လက်နက်ပစ္စည်းများ မဟုတ်သော်ငြားလည်း စစ်အစိုးရက ၎င်းတို့ကို မှောင်ခိုပစ္စည်းများအဖြစ် သတ်မှတ်ခဲ့သည်။ ဂျပန်နိုင်ငံက ထုတ်သော အချိုမှုန့်၊ အင်ဒိုနီးရှားနိုင်ငံကလာသော အဝတ်အထည် အစရှိသည့် သာမန်လူသုံးကုန်ပစ္စည်းများကိုသာ ၎င်းတို့က တင်သွင်းခဲ့ကြခြင်းဖြစ်သည်။ ဆိုရှယ်လစ် အစိုးရအဖြစ် အယောင်ဆောင်ထားသော စစ်အာဏာရှင် အုပ်ချုပ်မှု၏ လက်အောက်တွင် လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ကို ပိတ်ပင်ထားသောကြောင့်သာလျှင် ၎င်းတို့ကို မှောင်ခိုပစ္စည်းများအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အချို့သော လူငယ်လူရွယ်

များသည် အဆိုပါကဲ့သို့သော လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်းဖြင့် ဝင်ငွေရှာ နိုင်ခဲ့ကြသည်။ သို့သော်လည်း ကိုတင်မောင်ဦး ကဲ့သို့သော ပညာတတ် လူငယ်များမှာမူ အဆိုပါလုပ်ငန်းများကို စိတ်မဝင်စားခဲ့ချေ။

တက္ကသိုလ် အတန်းပြီးသော တညနေခင်းတွင် ကိုတင်မောင်ဦးနှင့် သူငယ်ချင်းတစ်စုတို့ အင်းယားကန်၏ စကြံလမ်းပေါ်က လမ်းလျှောက်ပြန်လာခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင်မှာ အလွန်သာယာလှပပြီး ကန်ဘောင်ရိုး တလျှောက်တွင် သစ်ပင်ပန်းပင်များဖြင့် စိမ်းလမ်းစိုပြေနေသည်။ ရောင်စုံပန်းများ ယိမ်းထိုးနေကြသည်။ နေလုံးကြီးက အနောက်ဘက်စွန်းရှိ မိုးကောင်းကင်ထဲသို့ ဝင်ရောက်လုပြီ ဖြစ်ပြီး ကောင်းကင်မှာ ပန်းရောင်သန်းစ ပြုလာလေပြီ။ ထိုအချိန်တွင် အင်းယားကန်ကို ဖြတ်ကာ လေပြေကလေး တစ်ချက် ဝှေ့သွားသည်။ ၄င်းတို့ သူငယ်ချင်းတစ်စုကလည်း တစ်နေရာတွင် ရပ်နားပြီး သန့်ရှင်းလတ်ဆတ်သော လေကို ရှူရှိုက်လိုက်ကြသည်။ သူငယ်ချင်းများက အချင်းချင်း စကားပြောဆို နောက်ပြောင်နေချိန်တွင် ကိုတင်မောင်ဦးက ကောင်းကင်ပြာကြီးကိုတလှည့် အင်းယားကန် ရေပြင်ကိုတခါ ငေးကြည့်နေသည်။ အဝေးတစ်နေရာတွင် လူငယ်စုံတွဲတစ်တွဲသည် တဦးနှင့် တဦး ကလူကျီစယ်လျှက် လက်ချင်းယှက်ကာ ကိုတင်မောင်ဦးတို့ ရှိရာဘက်ကို လမ်းလျှောက်လာနေသည်။ ပန်းချီဆန်သော သဘာဝပတ်ဝန်းကျင်ကို နောက်ခံပြုကာ မိမိချစ်ခင်သူနှင့် အတူရှိနေရသူများအတွက် ကမ္ဘာကြီးက သာယာလှပနေပေသည်။ ၄င်းတို့ ချစ်ခင်ကြင်နာနေသော မြင်ကွင်းကို ကြည့်ကာ ကိုတင်မောင်ဦး၏ သူငယ်ချင်းများက ကျေနပ်နေကြသည်။ ဤသို့ဖြင့် အဆိုပါစုံတွဲ ၄င်းတို့ထံ တဖြည်းဖြည်း ချဉ်းကပ်လာလေပြီ။ ဆံပင်အရှည်ကြီးနှင့် မိန်းကလေးမှာ ချောမောလှပလွန်းသဖြင့် ကိုတင်မောင်ဦး၏ သူငယ်ချင်းများ သူမထံက မျက်လုံးမခွာနိုင်ရက်ခဲ့။ တစ်ချက်ကြည့်လိုက်ရုံဖြင့် သူမသည် တက္ကသိုလ်ကျောင်းသူ တစ်ဦး ဖြစ်ကြောင်းကို သိနိုင်သည်။ အဆိုပါစုံတွဲ သူတို့နားက ဖြတ်လျှောက်သွားရာတွင် ကျောင်းသူလေး၏ ရည်းစားဖြစ်သူမှာ အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ဆင်ထားပြီး ပုံခုံးပေါ်၌လည်း ရွှေ ချောင်းနှစ်ချောင်းရှိသည်ကို တွေ့လိုက်ရသည်။ တခစ်ခစ် ရယ်သံကို ကြားသောအခါ ကိုတင်မောင်ဦးက ထိုစုံတွဲကို တချက်လှည့်ကြည့်လိုက်ပြီးနောက်တွင် ရေပြင်ကိုသာပြန်လည် ငေးစိုက်ကြည့်နေသည်။ ချစ်သူစုံတွဲများက သူ့အတွက် အဆန်းမဟုတ်ပါ။

ဤတွင် သူငယ်ချင်းတစ်ယောက်က ကိုတင်မောင်ဦးကို နောက်လေသည်။

"ဟေ့ကောင်၊ တင်မောင်ဦး။ မင်းကော သူ့လိုမျိုး စစ်ဗိုလ်တစ်ယောက် မဖြစ်ချင်ဘူးလားကွ။ ဒါဆိုရင် မင်းကို တက္ကသိုလ်ကျောင်းသူတွေ ဝိုင်းဝိုင်းလည်နေမှာလေ။"

သူ၏ သူငယ်ချင်းပြောတာကလည်း အမှန်ပင်။ စစ်အစိုးရအုပ်ချုပ်မှုစနစ်၏ လက်အောက်တွင် ငယ်ရွယ်သော စစ်ဗိုလ်များ ရေပန်းစားသည်။ တက္ကသိုလ်ကျောင်းသူများက ၄င်းတို့ကို အဆောင်တွင် ခေါ်ညှိခံလိုကြသည်။ ၄င်းတိုနှင့် ချစ်သူရည်းစား ဖြစ်လိုကြသည်။ ကိုတင်မောင်ဦးက တည်ငြိမ်စွာဖြင့်ပင် "ဟင့်အင်း"ဟူ၍သာ ပြန်ဖြေလိုက်သည်။

"ဘာဖြစ်လို့လဲကွ။ မင်း ဘွဲ့ရပြီးတဲ့အခါကျရင် ဗိုလ်လောင်းသင်တန်း သွားလျှောက်ပေါ့။ မင်းရဲ့ ခန္ဓာကိုယ် ကြံ့ခိုင်ပုံမျိုးနဲ့ဆိုရင် ဝင်ခွင့်ရမှာ သေချာတယ်။ ဒီအခွင့်အရေးမျိုးကို လက်လွှတ်မခံသင့်ဘူးနော။ အနာဂတ်မှာ ကိုယ်က ရာထူးကြီးတဲ့ စစ်ဗိုလ်တစ်ယောက် ဖြစ်လာနိုင်တာဘဲ မဟုတ်လား။"

"ငါက စစ်တိုက်ပြီးတော့ အသက်မမွေးချင်ပါဘူး။"

"မင်းက အထာမပေါက်ဘူးနဲ့ တူပါတယ်ကွာ။ သူတို့ကလဲ စစ်တိုက်ပြီး အသက်မွေးနေတဲ့ ကြေးစားစစ်သားတွေ မဟုတ်ဘူး။ သူတို့က နိုင်ငံတော်က တည်ထောင်ထားတဲ့ တပ်မတော်ထဲမှာ တာဝန်ထမ်းဆောင်နေတဲ့ စစ်သားတွေ။ တိုင်းပြည်ကို ကာကွယ်ရင်းကတဖက် ဝမ်းစာရှာနေတဲ့ သူတွေလေ။"

"ဒီမိုကရေစီ လူ့အဖွဲ့အစည်းမှာရှိတဲ့ သာမန်စစ်တပ် ဆိုရင်တော့ မင်းပြောတာက မှန်ချင်မှန်မှာပေါ့ကွာ။ ကြေးစားစစ်သားနဲ့ ကိုယ့်တိုင်းပြည်ကို ကာကွယ်နေတဲ့ စစ်သားနဲ့က ဘာကွာလဲဆိုတာ မင်းသိလား။"

ကိုတင်မောင်ဦး၏ မေးခွန်းကို သူက ချက်ချင်းပြန်မဖြေနိုင်။ ကိုတင်မောင်ဦးက ဆက်ပြောသည်။

"ကြေးစားစစ်သားတွေဟာ သူတို့ကို ပေးကျွေးနေတဲ့ အထက်အရာရှိက ပေးတဲ့အမိန့်အတိုင်း နာခံရတယ်။ လိုက်လုပ်ရတယ်။ အထက်အရာရှိက အမိန့်ပေးတယ်ဆိုရင် သူတို့က ဘယ်သူ့ကိုမဆို သတ်ဖို့တောင် ဝန်မလေးဘူး။ သာမန်စစ်တပ်ထဲမှာရှိတဲ့ စစ်သားတွေက ကြေးစားတွေလိုမျိုးဘဲ ပြုမူကြတယ်ဆိုရင် သူတို့ကလဲ ကြေးစားစစ်သားတွေ ဖြစ်သွားကြတာဘဲ။ ဆိုလိုတဲ့သဘောကတော့ ကိုယ်ထမ်းဆောင်ရမယ့် တာဝန်ကဘာလဲဆိုတာ အတိအကျ မသိ၊ သိအောင်လည်း မကြိုးစား၊ အထက်အရာရှိက ပေးအပ်တဲ့အမိန့်ကို ဆန်းစစ်မှုတွေ ဘာတွေ မလုပ်တော့ဘဲနဲ့ ပေးသမျှအမိန့်အတိုင်း နာခံလုပ်နေကြရသူတွေကို ကြေးစားစစ်သားလို့ ခေါ်တာပေါ့ကွာ။"

"ဒါပေမယ့် မြန်မာနိုင်ငံက စစ်သားတွေဟာ ကြေးစားတွေလိုမျိုး ပြုမူနေတယ်ဆိုတာကို မင်းက သက်သေ မပြနိုင်ဘူး မဟုတ်လား။"

"ပြနိုင်တာပေါ့ကွာ။ ၁၉၆၂ခုနှစ် ဇူလိုင်လ (၇)ရက်နေ့ အရေးအခင်းမှာ စစ်သားတွေက ဗိုလ်နေဝင်းရဲ့ အမိန့်ကိုနာခံပြီးတော့ အပြစ်မဲ့တဲ့ တက္ကသိုလ်ကျောင်းသားတွေကို သတ်ခဲ့တာ မင်း မှတ်မိမှာပေါ့။ အဲဒီလိုမျိုး ရက်စက်ကြမ်းကြုတ်တဲ့ လုပ်ရပ်ဟာ တိုင်းပြည်ကို ကာကွယ်တာ မဟုတ်ဘူး။ ကိုယ့်လူမျိုးကို နှိပ်ကွပ်တာဘဲ။ အဲဒီတုန်းက ဆိုရင် စစ်သားတွေဟာ သူတို့လုပ်ရမယ့် တာဝန်ကဘာလဲ ဆိုတာကို အနည်းအကျဉ်းတော့ သိကြမှာဘဲလေ။ ဒါပေမယ့် နေဝင်းရဲ့ အမိန့်ကို သူတို့ မလွန်ဆန်နိုင်ခဲ့ဘူး မဟုတ်လား။ ကိုယ့်နိုင်ငံက တက္ကသိုလ်ကျောင်းသား လူငယ်တွေကို သတ်ရမယ်ဆိုတာကို သိသိကြီးနဲ့ဘဲ သူတို့က အမိန့်ကို နာခံခဲ့တယ်။ အမိန့် မနာခံဘူးဆိုရင် တပ်ထဲက အထုတ်ခံရမှာကို စိုးရိမ်လို့၊ အထက်အရာရှိက အပြစ်ပေးအရေးယူမှာကို ကြောက်လို့ဘဲပေါ့ကွာ။ အဲဒါက သူတို့ရဲ့ အတ္တကြီးတဲ့ ရပ်တည်ချက်ဘဲပေါ့။"

ကိုတင်မောင်ဦး၏ သူငယ်ချင်းက သူ့ကို ဘာမှ ပြန်မပြောနိုင်။ အခြားသူငယ်ချင်းများကလည်း ကိုတင်မောင်ဦး၏ ရှင်းပြချက်ကို နားထောင်နေခဲ့ကြသည်။ ဤတွင် ကိုတင်မောင်ဦးက အောက်ပါအတိုင်း သူ၏စကားကို အဆုံးသတ်လိုက်သည်။

"ငါက အတ္တကြီးတဲ့ လူတစ်ယောက် မဟုတ်ဘူးကွ။ ကိုယ့်ရဲ့ ကောင်းစားရေးအတွက်ကိုဘဲ ကြည့်ပြီးတော့ ကိုယ့်လူမျိုးကို သတ်တဲ့ အဲဒီလိုစစ်တပ်ထဲကို ငါ ဘယ်တော့မှ ဝင်မှာ မဟုတ်ဘူး။"

ဤသည်မှာ ကိုတင်မောင်ဦးပင် ဖြစ်သည်။

၁၉၆၂ခုနှစ် စစ်တပ် အာဏာသိမ်းပြီးကတည်းက စတင်ကာ ယနေ့အချိန်ထိ မြန်မာနိုင်ငံရှိ လူငယ်များသည် ၄င်းတို့၏ အနာဂတ်ကို တည်ဆောက်ရန်အတွက် ရွေးချယ်စရာလမ်း များများစားစား မရှိကြချေ။ ကိုတင်မောင်ဦး ငယ်ရွယ်စဉ် ၁၉၆၀ခုနှစ်မှ ၁၉၇၀ခုနှစ်များအတွင်းတွင် အခြေအနေမှာ သည့်ထက်ပင် ပိုဆိုးခဲ့သည်။ ဆိုရှယ်လစ်စနစ်၏ လက်အောက်တွင် စစ်အစိုးရက တံခါးပိတ် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သောကြောင့် သီးခြားလွတ်လပ်သော စီးပွားရေးလုပ်ငန်းများကို တည်ထောင်ခွင့် မရှိခဲ့ချေ။ ထို့ပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ တည်ထောင်လည်ပတ်ခြင်းကို တားမြစ်ပိတ်ပင် ခဲ့သောကြောင့် လူငယ်များသည် တဖက် အသက်မွေးဝမ်းကျောင်းလုပ်ရင်း လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်း မပြုနိုင်ခဲ့ချေ။ အစိုးရ သတင်းဌာနများသည်သာလျှင် တရားဝင်ဖြစ်သောကြောင့် လွတ်လပ်သော

စာနယ်ဇင်းဆရာများ ဖြစ်လာလိုသူ လူငယ်လူရွယ်များသည် ၄င်းတို့၏ အိပ်မက်ကို အကောင်အထည်ဖော်ရန် အခက်အခဲများစွာ ကြုံတွေ့ရသည်။ တရားစီရင်ရေးစနစ်သည် အစိုးရအောက်တွင် ခယဝပ်တွားနေရခြင်းကြောင့် သော်လည်းကောင်း၊ ဥပဒေပညာကိုသာ အခြေပြုရပ်တည်သော လွတ်လပ်သောရှေ့နေများ၏ အသက်မွေးဝမ်းကျောင်း ဖိနှိပ်ထားသဖြင့်လည်းကောင်း၊ ဥပဒေဘွဲ့ရပြီးသူများအတွက် အောင်မြင်သောရှေ့နေများအနေဖြင့် ရပ်တည်နိုင်ရန်ဆိုသည်မှာ တကယ့်ရှေ့နေအများစုကြီးအတွက် မဖြစ်နိုင်ခဲ့ချေ။

ဤကဲ့သို့သော လူ့အဖွဲ့အစည်း အခြေအနေတွင် မိမိတို့၏ အနာဂတ် ငွေကြေးခိုင်လုံမှုအတွက်ကိုသာ ကြည့်သော လူငယ်များအကြားတွင် ဗိုလ်လောင်းသင်တန်း တက်ရောက်ကာ စစ်တပ်အတွင်းသို့ ဝင်ခြင်းသည် အလွန်ရေပန်းစားသော အသက်မွေးမှုတစ်ခု ဖြစ်လာခဲ့သည်။ ထို့ပြင် မိမိတိုင်းပြည်ကို ကာကွယ်ရန်အတွက် စစ်တပ်ထဲဝင်ခြင်းဖြင့် ဂုဏ်သရေနှင့် ပြည့်စုံသော စစ်ဗိုလ်များ ဖြစ်လာလိမ့်မည် ဟူ၍ လူငယ်များစွာတို့က အရိုးခံစိတ်ဖြင့် ယုံကြည်နေခဲ့ကြသည်။ ၄င်းတို့ထဲတွင် ကိုတင်မောင်ဦးနှင့် ရင်းနှီးသော သူငယ်ချင်းတစ်ယောက်သည်လည်း ပါဝင်ခဲ့သည်။ သူက အထက်တန်းကျောင်း စာမေးပွဲ အောင်ပြီးသည့်နောက်တွင် မေမြို့ ဗိုလ်လောင်းသင်တန်းကျောင်းကို တက်ရောက်ရန်အတွက် လျှောက်ထားခဲ့သည်။ ပုံမှန်အတိုင်း သွားမည်ဆိုလျှင် ဗိုလ်လောင်းသင်တန်း (၄)နှစ် တက်ပြီးသည့်နောက်တွင် ဗိုလ်ရာထူးကို ရရှိပြီး ထိုမှတဆင့် သက်တမ်းရင့်လာသည်နှင့်အမျှ ရာထူးတိုးသွားမည် ဖြစ်သည်။ ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေး စစ်ကြောမှု ဝင်ခွင့်စာမေးပွဲများကို အောင်နိုင်ရန်အတွက် သူသည် စိတ်ရော ကိုယ်ပါ ကျန်းမာသန်စွမ်းနေခဲ့သည်။ အရေးကြီးဆုံးအချက်မှာ ဗိုလ်လောင်းသင်တန်း လျှောက်ထားသူများ၏ မိသားစုဝင်များထဲတွင် လက်ရှိအုပ်ချုပ်နေသော စစ်အစိုးရကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ (သို့မဟုတ်) ကွန်မြူနစ် (သို့မဟုတ်) တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၌ ပါဝင်ပတ်သက်နေသူများ မရှိရချေ။ ဤအပိုင်းတွင်လည်း သူက ကင်းရှင်းနေခဲ့သည်။ ထို့ကြောင့် လူငယ်ဗိုလ်လောင်းသင်တန်း တက်ရောက်ရန်အတွက် သူ အရွေးခံခဲ့ရသည်။ ဤအကြောင်းကို မိဘများက သိရှိသွားသောအခါ အမေဖြစ်သူသည် မြေကြီးပေါ်၌ လူးလိမ့်၍ အပြင်းအထန် ငိုကြွေးကာ သားဖြစ်သူ ဗိုလ်လောင်းသင်တန်း တက်ရောက်မည့်အရေးကို အထပ်ထပ်အခါခါ ခါးသီးစွာ ကန့်ကွက်ခဲ့သည်။ နောက်ဆုံးတွင် အမေဖြစ်သူ စိတ်ချမ်းသာစေရေးအတွက် သူက ဗိုလ်လောင်းသင်တန်း တက်ရောက်ရန် အကြံအစည်ကို စွန့်လွှတ်လိုက်သည်။ မြန်မာနိုင်ငံရှိ ကြည်းတပ်သည် စစ်အစိုးရက ပြည်သူလူထုကို နှိပ်ကွပ်ရန်အတွက် အသုံးချနေသော ရုပ်သေးရုပ်တစ်ခုသာဖြစ်သည်ကို နောင်နှစ်အနည်းငယ် ကြာသွားသောအခါ သူက ရိပ်စားမိလာခဲ့သည်။ ဤတွင် စစ်တပ်ထဲသို့မဝင်ရန် တိုက်တွန်းခဲ့သော အမေဖြစ်သူအပေါ် သူက ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရသည်။ ထိုအချိန်က ကိုတင်မောင်ဦးအပါအဝင် စစ်ထဲသို့ဝင်ရန် စိတ်မကူးခဲ့သော ပညာတတ် လူငယ် အနည်းငယ်ရှိခဲ့သည်။ စစ်အရာရှိများ ဖြစ်လာနိုင်ရန်အတွက် အရည်အချင်း ပြည့်မှီခဲ့သော်လည်း မြန်မာနိုင်ငံ စစ်တပ်၏ အခြေအနေမှန်ကို သုံးသပ်နိုင်ခဲ့ခြင်းကြောင့်သာလျှင် ၄င်းတို့က ထိုကဲ့သို့ သဘောထားခဲ့ကြခြင်းဖြစ်သည်။

## အာဏာရှင်စနစ်နှင့် အတ္တစိတ်

အာဏာရှင်စနစ်သည် မြန်မာနိုင်ငံ၌သာ မဟုတ်ဘဲ ကမ္ဘာအရပ်ရပ်ရှိ အခြားနိုင်ငံများတွင်လည်း ဆက်လက် တည်မြဲနေသေးသည်။ အတ္တစိတ် ကိန်းဝပ်နေသော တသီးပုဂ္ဂလများက အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို ကျားကန်ပေး နေခြင်းကလည်း အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေသည့် အကြောင်းရပ်တစ်ခုဖြစ်သည်။ အတ္တစိတ် ခိုင်မြဲစွာ အမြစ်တွယ် သွားချိန်တွင် ရိုးသားဖြောင့်မှန်မှု ကွယ်ဖုံးသွားပြီး စိတ်နှလုံး သန့်ရှင်းစင်ကြယ်မှုကို မည်သောအခါမျှ မရနိုင်တော့ချေ။ အထက်က ဆိုခဲ့သကဲ့သို့ပင် တစ်စုံတစ်ဦးထံ၌ အတ္တစိတ် လွှမ်းမိုးသွားပြီဆိုလျှင် ထိုသူသည် မိမိ၏ လုပ်ဆောင်မှုကြောင့် အခြားသော တသီးပုဂ္ဂလများ အတိဒုက္ခ ကြုံတွေ့ရသည့် အခြေအနေများကို ထည့်တွက်ခြင်း မရှိတော့ချေ။ ထိုသူသည် မိမိ၏ မှားယွင်းသော လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် အကြောင်းပြချက်များ ရှာဖွေလာသည်။ အဆိုပါ ဆင်ခြေများ

မှန်ကန်မှုရှိကြောင်းနှင့်စပ်လျဉ်း၍ တပါးသူများကိုသာမက မိမိကိုယ်ကိုပါ လိမ်လည်လှည့်ဖြားနိုင်ရန် အကြောင်းပြချက်များ ရှာဖွေလာသည်။ ဤသို့သော အခြေအနေတွင် ထိုသူထံ၌ ရိုးသားဖြောင့်မှန်မှု မရှိတော့ချေ။ ကိုတင်မောင်ဦး၏ ထူးခြားချက်တစ်ခုမှာ– လွတ်လပ်စွာတွေးခေါ်ခြင်းကြောင့် ဆထက်တိုးပွားလာသော သူ၏ စိတ်နှလုံးသန့်စင်မှုကို အခြေခံ၍ ရိုးသားဖြောင့်မှန်မှုကို ကျင့်ကြံနိုင်နိုင်ပြီး အတ္တစိတ်ကို ပယ်ဖျက်နိုင်ခဲ့သည် ဆိုသည်ပင်ဖြစ်သည်။

တိုင်းပြည်ကို အချိန်ကာလ ကြာမြင့်စွာ အုပ်ချုပ်လာခဲ့သူ၏ စိတ်နှလုံးတွင် အတ္တစိတ် အမြစ်တွယ်နေပါက ၎င်းသည် အာဏာ လက်လွှတ်ဆုံးရှုံးရမည့် အရေးကို လွန်မင်းစွာ ကြောက်ရွံ့နေပြီး ၎င်း၏ အုပ်ချုပ်ပုံစနစ် မှန်ကန်မှုရှိကြောင်း ဆင်ခြေပေးနိုင်အတွက် နည်းလမ်းများကို ရှာဖွေလေသည်။ အီဂျစ်နိုင်ငံတွင် မူဘာရတ်က တိုင်းပြည်၏ဖခင်တစ်ဦး အနေဖြင့် သူသည်သာလျှင် တိုင်းပြည်အတွင်း၌ ငြိမ်ချမ်းမှုကို ဖော်ဆောင်ပေးမည့်၊ လူထုဆန္ဒကို ဖြည့်ဆည်းပေးမည့် တစ်ဦးတည်းသော သမ္မတဖြစ်ကြောင်း မိမိကိုယ်ကို သရုပ်ဖော်ခဲ့သည်။ ယီမင်နိုင်ငံကို (၃၂)နှစ်တိုင် အုပ်ချုပ်ခဲ့သူ သမ္မတ အာ(ဘ်)ဒူလာစာလဲက အတိုက်အခံများသည် တိုင်းပြည်ကို အုပ်ချုပ်ရန် အရည်အချင်း မပြည့်မီကြောင်း ကြေညာခဲ့သည်။ လစ်ဗျားနိုင်ငံကို (၄၂)တိုင် အုပ်ချုပ်လာခဲ့သော မူအာမာ ဂါဒါဖီ ကလည်း လတ်တလော ဖြစ်ပျက်နေသော လူထုအုံကြွမှုများကို တုံ့ပြန်သည့် အနေနှင့် ၎င်းသည် နိုင်ငံ့ရာထူး တရားဝင် ယူထားခြင်း မရှိသောကြောင့် နုတ်ထွက်ပေးရန် မလိုအပ်ကြောင်း အခိုင်အမာ ဆိုခဲ့သည်။ သူ၏ အတိတ်ကလုပ်ခဲ့သော သူရဲကောင်း လုပ်ရပ်များ၊ အနစ်နာခံခဲ့မှုများနှင့် ရဲစွမ်းသတ္တိ စသည် တို့ကြောင့် အလိုအလျောက်ရရှိထားသော ကြီးမြတ်မှုမှနေ၍ နုတ်ထွက်ပေးရန် မလို၊ နုတ်ထွက်၍မရ ဟု ပြောဆိုခဲ့သည်။ ၎င်းတို့အားလုံးသည် အာဏာ လက်လွှတ်ဆုံးရှုံးရမည်ကို ကြောက်ရွံ့သော၊ 'ရိုးသားဖြောင့်မှန်ခြင်း'ကို စတေးကာ 'အတ္တစိတ်'ကို ဆက်လက်ပွေ့ဖက်ထားလိုသော အာဏာရှင်များ၏ လိမ်ညာမှုများပင် ဖြစ်သည်။

အစိုးရအုပ်ချုပ်ရေးယန္တယားများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ စိတ်နှလုံးတွင် 'အတ္တစိတ်' အမြစ်တွယ် နေပါက ပြည်သူတို့၏ လူ့အခွင့်အရေးများကို ချိုးဖေါက်ရ စေကာမူ မည်သည့်အခြေအနေ၌မဆို ၎င်းတို့အတွက် လက်ရှိ ရာထူးမှ ပြုတ်ကျမသွားရေးမှာ အရေးကြီးဆုံး အရာဖြစ်သည်။ ထိုသူများသည် ၎င်းတို့ကို အုပ်ချုပ်မင်းလုပ်နေသူများက ပေးသည့် အကြောင်းပြချက်များကို ထောက်ခံပေးကြသည်။ လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပျက်နေသော 'အမှန်တရား'နှင့် အုပ်ချုပ်ခံ လူတန်းစားတို့၏ 'အတိဒုက္ခ'ကို ကြည့်မြင်သုံးသပ်ရန်အတွက် တွန့်ဆုတ်နေသူများဖြစ်သည်။ အာဏာရှင်စနစ်ကို ပြုတ်ချခဲ့ပြီးဖြစ်သော်လည်း ပွင့်လင်းပြီး တာဝန်ခံမှုရှိသော ဗျူရိုကရေစီယန္တယား အသစ်တစ်ရပ်ကို တည်ဆောက်ရမည့်အစား ၎င်းတို့သည် 'လာဘ်လာဘ'များကို ရယူစံစားကာ ရုန့်ရင်းသော 'ဗျူရိုကရက်တစ် ယန္တရား'ကို ဆက်လက်လည်ပတ်နေစေသည်။ နိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းနိုင်ခဲ့သည် ဆိုသော်ငြားလည်း အစိုးရအုပ်ချုပ်ရေးယန္တယားများတွင် အဆင့်အသီးသီး ဝန်ထမ်းများအနေဖြင့် တာဝန်ယူလုပ်ဆောင်နေသော ပုဂ္ဂိုလ်များသည် 'အတ္တစိတ်'ကို ကျင့်ကြံနေသမျှ ကာလပတ်လုံး အာဏာရှင် အုပ်ချုပ်မှု လက်ထက်က စတင်လာခဲ့သော အပျက်သဘော ဆောင်သည့် နိုင်ငံရေးဆိုင်ရာ အစဉ်အလာများကို ချေဖျက်နိုင်မည် မဟုတ်ချေ။ ဤတွင် ဖိလစ်ပိုင်နိုင်ငံကို ဥပမာပြနိုင်သည်။ ၁၉၈၆ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ကူးပြောင်းခဲ့ရာ လွန်ခဲ့သော (၂၅)နှစ်အတွင်းတွင် ပြောင်းလဲတိုးတက်မှု တစုံတရာ ရှိလာခဲ့သည်ဆိုသော်ငြားလည်း ဤတိုင်းပြည်တွင် အထက်ဖေါ်ပြပါ အခြေအနေများကို ကြုံတွေ့နေရသည်။ တဖန် မြန်မာနိုင်ငံကို ကြည့်မည်ဆိုလျှင် စစ်အာဏာရှင်များက တိုင်းပြည်ကို ဆက်လက် အုပ်ချုပ်နေသေးသောကြောင့် အခြေအနေမှာ ဖိလစ်ပိုင်နိုင်ငံထက် အဆပေါင်းများစွာ ဆိုးရွားနေသည်ဟု ဆိုနိုင်ပေသည်။

အတ္တစိတ် အမြစ်တွယ်နေသော နိုင်ငံသားတိုင်းသည် မိမိ၏ ကောင်းရာကောင်းကျိုးအတွက်၊ ကောင်းစားရေး အတွက်၊ သာယာ အဆင်ပြေမှုအတွက်ကိုသာ အချိန်ပြည့် စဉ်းစားနေသည်။ လူပုဂ္ဂိုလ်တဦးချင်းဖြင့် ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်း တစ်ခုတွင် လူပုဂ္ဂိုလ်တဦးချင်း အကျိုးမြတ်ဖြစ်ထွန်းမှသာလျှင် လူ့အဖွဲ့အစည်းတစ်ခုလုံးအနေဖြင့်

ရှေ့သို့တက်လှမ်းနိုင်မည် ဆိုသည့်အချက်ကို ငြင်း၍မရချေ။ ဤသည်မှာ ရှုထောင့်တစ်ခု ဖြစ်သည်။ ဤရှုထောင့်က ကြည့်လျှင် လူပုဂ္ဂိုလ်တဦးချင်း၏ ကိုယ်ကျိုးရှာမှုကို ထိန်းသိမ်းကာကွယ် မြှင့်တင်ရန် လိုအပ်ပေသည်။ တချိန်တည်း၌ပင် အခြားရှုထောင့်တစ်ခု ကိုလဲ ထည့်သွင်းစဉ်းစားရပါမည်။ ၄င်းမှာ လူ့အဖွဲ့အစည်း၌ တရားမျှတမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းနေမှသာလျှင် လူပုဂ္ဂိုလ်တဦးချင်းတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်မည် ဆိုသည့်အချက်ပင် ဖြစ်သည်။ ထို့ကြောင့် လူပုဂ္ဂိုလ်တဦးချင်းများနှင့် လူ့အဖွဲ့အစည်းတို့ အကြားရှိ အပြန်အလှန် ဆက်နွှယ်မှု၏ အရေးပါပုံကို လျှော့တွက်၍ မရချေ။ ဤသို့ဆိုလျှင် လူ့အဖွဲ့အစည်း၏ အရင်းခံကျသော ပြဿနာများကို အာရုံးစူးစိုက်ရန်၊ ၄င်းတို့ကို ဖြေရှင်း၍ လူ့အဖွဲ့အစည်းကို ကောင်းကျိုးပြုနိုင်စေမည့် နည်းလမ်းများရှာဖွေရန် ၊ လူ့အဖွဲ့အစည်း၏ အဆင့်အတန်း မြင့်တင်လာစေရန်ရည်ရွယ်ကာ လူပုဂ္ဂိုလ်တဦးချင်းစီက အာရုံပြုလုပ်ဆောင်ရန် လိုအပ်သည်။ သို့မှသာလျှင် ၄င်းတို့သည် လူ့အဖွဲ့အစည်းအတွက်သာမက တိုင်းပြည်အတွက်ပါ တာဝန်ခံမှုရှိသော နိုင်ငံသားများ ဖြစ်လာကြပေမည်။ အဆိုပါ နိုင်ငံသားတို့၏ စိတ်နှလုံးထဲတွင် 'အတ္တစိတ်'အမြစ်တွယ် နေလျှင်မူ ၄င်းတို့သည် လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုး ကို လုံးဝဥဿုံ ဥပက္ခာပြုထားပြီး မိမိတို့ ကောင်းစားရေး အတွက်ကိုသာ လိုအပ်သည်ထက်ပို၍အာရုံထားနေကြမည် ဖြစ်သည်။

မိမိ၏ 'အတ္တစိတ်'ကို ဖုံးကွယ်လိုသော တသီးပုဂ္ဂလများသည် "ငါ့ရဲ့ ကြီးပွားချမ်းမှုကို အရင်ဆုံးရှာမယ်။ ပြီးတော့မှသာလျှင် တခြားလူတွေရဲ့ဘဝကို ကူညီ ထောက်ပံ့ပေးမယ်။"ဟု မကြာမကြာ ဆင်ခြေပေးလေ့ရှိကြသည်။ အပင်တစ်ပင် ကောင်းမွန်စွာ ကြီးထွားရှင်သန်နိုင်မှသာလျှင် အခြားအပင်များ၏ ရှင်သန်မှုကို အထောက်အပံ့ပြုနိုင်မည် ဟုဆိုကာ မိမိတို့၏ အတ္တကြီးသော လုပ်ရပ်များ မှန်ကန်ကြောင်း သက်သေပြရန် ကြိုးပမ်းကြသည်။ နားဝင်ကတော့ ချိုပေသည်။ သို့သော် လက်တွေ့တွင်မူ ၄င်းတို့အများစုသည် မိမိတို့၏ အတ္တပင်များ အကန့်အသတ်မဲ့ ကြီးထွားရှင်သန် လာနိုင်စေရန်အတွက်ကိုသာ အချိန်ပြည့် လုပ်ဆောင်နေလေ့ရှိသည်။ မိမိတို့၏ ရည်မှန်းချက်များ ပြည့်မှီသွားခဲ့ပြီးသည့်တိုင် ၄င်းတို့သည် အခြားအပင်များ၏ ရှင်သန်မှုအတွက် တစုံတရာ အလေးမထားကြချေ။ မိမိတို့၏ အတ္တပင်များ အတော မသတ်နိုင်အောင် ရှင်သန်ရေးအတွက်ကိုသာ နေ့ရောညပါ အာရုံထားနေသောကြောင့် အင်အားပြည့်ဖြိုးသော အပင်၏ အရိပ်အောက်တွင် အားနွဲ့သော အပင်များမှာ နေရောင်ခြည်မရတော့ဘဲ သေကြေပျက်သုဉ်း ကြရသည်။ ၄င်း၏ အကျိုးရလာဒ်ကြောင့် လူမှုရေးသဟဇာတဖြစ်မှုနှင့် သဘာဝဂေဟာစနစ်တို့ ပြိုလဲပျက်စီးကြရကာ ဝဲဩဃဆိုးကြီး တဖန်ပြန်လည် ဖြစ်ထွန်းလာပေသည်။

## အရာရာတိုင်းကို ရှင်းလင်းပြတ်သားစွာ ကြည့်မြင်တတ်ခြင်း

လူသားတစ်ယောက်ပင် ဖြစ်သော ကိုတင်မောင်ဦးသည် အနည်းဆုံးအနေဖြင့် သူ၏ ချစ်လှစွာသော မိသားစုဝင်များကို ပံ့ပိုးပေးနိုင်ရန်အတွက် ကိုယ်ကျိုးရှာလိုခဲ့သော်လည်း 'ကိုယ်ကျိုးကြည့်ခြင်း'နှင့် 'အတ္တစိတ်'တို့၏ ပိုင်းခြားသတ်မှတ်မှုကို သူ၏ အတွင်းစိတ်ထဲ၌ သိရှိနေခဲ့ခြင်းကြောင့် 'ကိုယ်ကျိုးကြည့်ခြင်း'ဟူသော စက်ဝန်းထဲ၌သာ မိမိကိုယ်ကို အစောပိုင်းကတည်းကပင် ထားရှိနိုင်ခဲ့သည်။

တစ်နေ့ တက္ကသိုလ်ပင်မနယ်မြေ၏ အားကစားရုံ၌ သူငယ်ချင်းများ စုဆုံနေကြချိန်တွင် ကိုတင်မောင်ဦး၏ သူငယ်ချင်း တတိယနှစ်ကျောင်းသား မောင်မောင်က ဤသို့မေးခွန်းထုတ်လေသည်။

"သူငယ်ချင်းတို့။ မင်းတို့ အနာဂတ်မှာ ဘာလုပ်ဖို့ စိတ်ကူးသလဲ။ ဘွဲ့ရပြီးတဲ့အခါကျရင် ဘာအလုပ် လုပ်ကြမှာလဲ။"

ထိုစဉ်က ကိုတင်မောင်ဦးသည် တက္ကသိုလ်ပထမနှစ်တွင် စတင်ပညာသင်ကြားနေခဲ့သည်။ အများနှင့်စာလျှင် သူသည် တက္ကသိုလ်ကျောင်း တက်ရောက်ရန် (၁)နှစ် နောက်ကျခဲ့သည်။ ကိုတင်မောင်ဦး (၉)တန်းကျောင်းသားဘဝတွင် အလေးမခြင်း၊ ရေကူးပြိုင်ပွဲဝင်ခြင်း စသည့် အားကစားလိုက်စားမှုများတွင် အလွန်အမင်းအချိန်ကုန်ခဲ့သဖြင့် (၉)တန်းကို (၁)နှစ် ထပ်ထိုင်ခဲ့ရသည်။ ထို့ပြင် ကာရာတေး၊ ဂျူဒိုစသော ကိုယ်ခံပညာရပ်များကိုလည်း သူက အတော်လိုက်စားခဲ့သည်။ ထို့ကြောင့်လည်း သူ၏ သူငယ်ချင်းအချို့မှာ တက္ကသိုလ် ဒုတိယနှစ်၊ တတိယနှစ် များတွင် ပညာသင်ကြားနေကြပြီ။ အားကစားရုံထဲတွင် သူငယ်ချင်း (၁၅)ယောက်ခန့် စုဝေးနေကြခြင်း ဖြစ်သည်။ 'မောင်မယ်သစ်လွင် ကြိုဆိုပွဲ'က ရရှိသော မုန့်ပဲသားရေစာများကို စားသောက်ကာ ပျော်ရွှင်ရယ်မော နေကြချိန်တွင် မောင်မောင်က ဤကဲ့သို့ မေးခွန်းထုတ်လာခြင်းဖြစ်သည်။ ဤအကြံအစည်ကို ကိုတင်မောင်ဦးက စခဲ့ခြင်းဖြစ်သည်။ အချို့သော ကျောင်းသူကျောင်းသားများကို မိဘများက မုန့်ဖိုး မပေးနိုင်သောကြောင့် ၎င်းတို့သည် တက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်များတွင် သွားထိုင်ဖို့ မတတ်နိုင်ခဲ့ကြချေ။ ကိုတင်မောင်ဦးကို ဝိုင်းရံနေကြသော သူငယ်ချင်းများသည် စားသောက်ရင်းက အတူတကွ အလာပ သလာပ ပြောဆို ရယ်မော၍သာ နေလိုခြင်ခဲ့ကြသည်။ ကိုယ့်မေဂျာ ဟုတ်သည် မဟုတ်သည်ကို အပထား တက္ကသိုလ် အတွင်းရှိ မေဂျာ အသီးသီးကို သွားရောက်ကာ မောင်မယ်သစ်လွင် ကြိုဆိုပွဲများကို တက်ရောက်ရန်အတွက် အကြံပြုခဲ့ သည်မှာ ကိုတင်မောင်ဦးပင်ဖြစ်သည်။ ဤသည်က အကြံကောင်းတစ်ခုပင်။ မေဂျာအသီးသီးရှိ ကြိုဆိုပွဲများကို တက်ရောက် ခြင်းဖြင့် ဧည့်သည်တော်များအတွက် တည်ခင်းပေး ထားသော အစားအသောက်များကို ပိုက်ဆံ တစ်ပြားမှ ပေးစရာမလိုဘဲ သူငယ်ချင်းများအားလုံး ပျော်ပျော်ရွှင်ရွှင် စားသောက်နိုင်ကြသည်။ ယခုကဲ့သို့ ပျော်ရွှင်စွာ အားရပါးရ စုပေါင်းစားသောက် နေကြသော အချိန်တွင် ဘွဲ့ရပြီးလျှင် ဘာလုပ်မည်လဲဟူ၍ ခေါင်းစား ရမည့် အနာဂတ်အကြောင်းအရာများကို မည်သူကမျှ ပြောဆိုလိုစိတ်မရှိ။

သို့သော်လည်း ကိုတင်မောင်ဦးက မောင်မောင့် မေးခွန်းကို ဖြေလိုက်သည်။

"ဘယ်လမ်းကြောင်းကို ရွေးပြီးတော့ ဘာအလုပ်လုပ်ရမလဲ ဆိုတာ ငါတော့ မသိသေးဘူးကွ။ မင်းကကော ဘယ်လိုလဲ။"

မောင်မောင်သည် ကိုတင်မောင်ဦး၏ သူငယ်ချင်း ရင်းချာတစ်ယောက် မဟုတ်ချေ။ သူနှင့် ရင်းနှီးသော သူငယ်ချင်းတစ်ယောက်၏ သူငယ်ချင်းဖြစ်သည်။ မောင်မောင်က ကိုတင်မောင်ဦးတို့ အုပ်စုကို မကြာမကြာမှ တစ်ခါ လာပေါင်းခြင်းဖြစ်သည်။ မောင်မောင်က "ငါလဲ မသိသေးဘူး။ ဒါပေမယ့် ကျောင်းပြီးသွားတဲ့အခါကျရင် မင်းတို့ကြိုက်တဲ့ အလုပ်ကောင်းတစ်ခုကို ရနိုင်ဖို့အတွက် ပြင်ဆင်ဖို့ကို ငါ အကြံတစ်ခု ပေးချင်တယ်ကွ။" ဟု ဆိုသည်။

မောင်မောင်၏ အဆိုမှာ စိတ်ဝင်စားစရာပင်။ ဤတွင် သူငယ်ချင်းများက စိတ်အားထက်သန်စွာဖြင့် မေးကြလေသည်။

"အဲဒါက ဘာလဲ။"

"ငါတို့ကို ပြောပြကွာ။"

"ပြောလေ။"

"ဘယ်လိုမျိုး ပြင်ဆင်ရမှာလဲ။"

မောင်မောင်၏ မျက်နှာထားသည် စစ်နိုင်လာသော စစ်သည်တော်ဦးတစ်ဦးနှယ် ဝင့်ကြွားသွားပြီး ဤသို့ဆိုသည်။

"ဒီအစိုးရရဲ့ ဆိုရှယ်လစ် စီးပွားရေးစနစ်အောက်မှာ နေနေရတာဆိုတော့ မင်းတို့ ဘွဲ့ရပြီးတဲ့အခါကျရင် ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် ရှာစားနိုင်ဖို့၊ ဘဝ တည်ဆောက်နိုင်ဖို့ဆိုတာက လုံးဝ မသေချာတဲ့ ကိစ္စရပ်ဘဲကွ။ အစိုးရဌာနတခုခုမှာ ဝန်ထမ်း ဖြစ်အောင် လုပ်တော့မှဘဲ လစာကောင်းကောင်း ရနိုင်မယ်။"

မောင်မောင်ပြောသည့် စကားကို မည်သို့ပြန်ဖြေရမည် မသိသောကြောင့် အားလုံးက တိတ်တဆိတ် ထိုင်နားထောင်နေကြသည်။ ဤတွင် မောင်မောင်က ဆက်ပြောသည်။

"ငါပြောချင်တဲ့ ရှင်းရှင်းလေးပါကွာ။ စစ်တပ်က အရာရှိကြီးတွေရဲ့ သားသမီးတွေ၊ အစိုးရဝန်ကြီးတွေရဲ့ သားသမီးတွေ ဒီတက္ကသိုလ်မှာ လာတက်နေကြတာကို မင်းတို့လဲ အသိဘဲ မဟုတ်လား။ မင်းတို့က သူတို့နဲ့ ခင်အောင်ပေါင်းထား။ မင်းတို့ ဘွဲ့ရပြီးလို့ ၄၅ဝ ကျပ်စား အစိုးရအရာရှိ အလုပ်တစ်ခုခုကို သွားလျှောက်မယ်ဆိုရင် ရေးဖြေ စာမေးပွဲတစ်ခု ဖြေရတယ်။ ပြီးတော့ အင်တာဗျူးလဲ ထိုင်ရတယ်လေ။ ဒါပေမယ့် မင်းတို့က အဲဒါတွေကို အောင်တယ် ဆိုရင်တောင်မှဘဲ ဘယ်တော့မှ အရွေးခံရမှာ မဟုတ်ဘူး။ အေး ဒါပေမယ့် အလုပ်ခန့်တဲ့ ဘုတ်အဖွဲ့ကို စစ်တပ်ထဲက အဆင့်မြင့်အရာရှိကြီးတစ်ယောက် ယောက်က တယ်လီဖုန်းတစ်ချက် ကောက်ဆက်ပြီး မင်းရဲ့နာမည် ပြောလိုက်တာနဲ့ အရည်အချင်း ရှိရှိမရှိရှိ မင်း အဲဒီအလုပ်ကို တန်းရသွားမယ်။ ငါပြောတာကို မင်းတို့ နားလည်လား။"

မောင်မောင်၏ အကြံအစည်ကို ကြားလိုက်ပြီးသောအခါ အချို့က ဘာမှမပြောဘဲ ငြိမ်ထိုင်နေကြသည်။ မောင်မောင် ပြောတာကို လက်ခံသည့် သဘောပင်။ သို့သော် အခြားသူများက တစ်ယောက်တစ်ပေါက်ဖြင့် ကန့်ကွက်ကြလေသည်။

"အစိုးရဝန်ထမ်း အလုပ်ကို ငါ စိတ်မဝင်စားဘူး။"

"ငါကတော့ ရွာပြန်ပြီး လယ်ထွန်စားမှာကွ။"

"ငါက ငါ့အဖေကို ကူလုပ်ပေးပြီးတော့ ရှာစားလို့ရတယ်။ ဓါတ်ပုံဆရာတစ်ယောက် ဖြစ်လာအောင် အဖေ့ကို သင်ခိုင်းမယ်။"

"ငါက ကိုယ့်ဘာသာကိုယ် သီးသန့် စာအုပ်ဆိုင်တစ်ဆိုင် ထောင်မှာ။"

"ငါကတော့ စာရေးဆရာတစ်ယောက် ဖြစ်လာအောင် လုပ်မယ်။ ဒီအလုပ်က မချမ်းသာဘူး ဆိုပေမယ့်လဲ စားလို့သောက်လို့ ရလောက်အထိတော့ ပိုက်ဆံရှာနိုင်လိမ့်မယ်လို့ မျှော်လင့်တာဘဲ။"

ဤကဲ့သို့ ပြောဆိုနေကြချိန်တွင် ကျောင်းသားတစ်ယောက်က အသံကျယ်ကျယ်ဖြင့် ထပြောသည်။ တက္ကသိုလ် ဒုတိယနှစ် သမိုင်းမေဂျာက ထွန်းဝင်းပါ။

"ငါက မင်းပြောတာကို လုံးဝ လက်မခံဘူးကွ။"

ဤတွင် အားလုံး၏ အသံတိတ်သွားပြီး ထွန်းဝင်းကို ဝိုင်းကြည့်ကြသည်။ ထွန်းဝင်းက သူ၏ သဘောထားကို ထပ်ပြောပြန်သည်။

"မင်းပြောတဲ့ အကြံက ကိုယ်ကျင့်တရားနဲ့ မညီတာကြောင့် ငါ လုံးဝ လက်မခံနိုင်ဘူး။"

ဤတွင် မောင်မောင်က ပြန်ပက်သည်။

“ဘာဖြစ်လို့ ကိုယ်ကျင့်တရားနဲ့ မညီရမှာလဲ။ ဒါက သူများသားမယားနဲ့ ဖေါက်ပြန်နေတာမှမဟုတ်ဘဲ။ မုဒိမ်းမှု ကျူးလွန်တာမှ မဟုတ်ဘဲ။”

“ဟုတ်တယ်ကွ။ ကိုယ်က အရည်အချင်း မပြည့်မှီဘဲနဲ့ ပြည်သူ့ဝန်ထမ်း၊ ဒါမှမဟုတ် အစိုးရဝန်ထမ်း ရာထူး တစ်နေရာကို ရယူဖို့ ကြိုးစားတယ် ဆိုတာက ကိုယ်ကျင့်တရား ပျက်ကွက်တာဘဲ။ ငါကတော့ ငါ့ဘဝ ကောင်းစားရေးအတွက် မျှော်ကိုးပြီးတော့ စစ်ဗိုလ်တစ်ယောက်ရဲ့ သားကို သွားပေါင်းမှာ မဟုတ်ဘူး။ ဒါက ကိုယ်ကျင့်တရားနဲ့ မညီဘူးလို့ ငါထင်တယ်။”

ကိုတင်မောင်ဦးနှင့် အခြားသူငယ်ချင်းများအားလုံးသည် ထွန်းဝင်းက ပြောလိုက်သော စကားနှင့်ပတ်သက်၍ အတွေးနယ်ချဲ့နေကြသည်။

မောင်မောင်က ပြောပြန်သည်။

“ဒီစနစ်ကြီး တစ်ခုလုံးက လာဘ်စားမှုတွေနဲ့ ပြည့်နေတာဆိုတော့ မင်းမှာ အရည်အချင်းရှိပေမယ့်လဲ ဘယ်တော့မှ အရွေးခံရမှာ မဟုတ်ဘူး။ စစ်တပ်က အရာရှိကြီးတစ်ယောက်က ထောက်ခံပေးတော့မှဘဲ လစာကောင်းကောင်းရတဲ့ အစိုးရဝန်ထမ်းရာထူးကို မင်း ရနိုင်လိမ့်မယ်။ ဒီလိုမှ မဟုတ်ရင် မင်းက အဲဒီ စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ အမျိုးတော်မှ ရမယ်။ ဒါက တကယ့်လက်တွေ့ဘဝမှာ ဖြစ်ပျက်နေတာကို ပြောတာကွ။”

ဤတွင် ကိုတင်မောင်ဦးက အသံခပ်မာမာဖြင့် ကြားဖြတ်ပြောသည်။

“မောင်မောင်။ ဒီလူ့အဖွဲ့အစည်းမှာ ရှိတဲ့ စနစ်ကြီးတစ်ခုလုံးက လာဘ်စားမှုတွေနဲ့ ပြည့်နေတယ်ဆိုတာကို မင်း သိထားတာကောင်းတယ်။ ဒါပေမယ့် မင်းပြောတဲ့ အကြံကို ငါလဲ လက်မခံနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းပြောတဲ့ လုပ်ရပ်ဟာတရားမျှတမှုမရှိတဲ့လူမှုရေးနဲ့ နိုင်ငံရေးကိုစနစ် အထောက်အကူပြုနေလို့ဘဲ။ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ သားသမီးတွေနဲ့ မိတ်ဖွဲ့ဖို့ဆိုတဲ့ အကြံပြုချက်ဟာ မင်းရဲ့ ‘အတ္တစိတ်’အခြေခံပြီးတော့ ပြောနေတာဖြစ်တယ်။ ဒီလိုဘဲ မင်းရဲ့ သူငယ်ချင်းကိုလဲ သူတို့ရဲ့ ‘အတ္တစိတ်’ကို မြှင့်တင်ပေးဖို့အတွက် အားပေးရာရောက်တယ်။ ဂုဏ်သိက္ခာရှိတဲ့ လူငယ်တိုင်းဟာ ဒီလမ်းကို မရွေးချယ်သင့်ဘူး။ ငါတို့ အနာဂတ်ဟာ ငါတို့လူငယ်တွေရဲ့လက်ထဲမှာ ရှိတယ်။ ငါတို့ရဲ့ ‘အတ္တစိတ်’တွေအပေါ်မှာ အာရုံထားနေမယ့်အစား ငါတို့ဟာ ဒီလူ့အဖွဲ့အစည်းကို ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိရမယ် ဆိုတဲ့ စိတ်ဓါတ်ကို ထိန်းသိမ်းထားဖို့ လိုတယ်။ တရားမျှတမှုရှိတဲ့ လူ့အဖွဲ့အစည်းကို မျှော်ကိုးပြီးတော့ ငါတို့တတွေ အားလုံးဟာ ငါတို့ရဲ့နိုင်ငံကို ပြုပြင်ပြောင်းလဲ ဖို့အတွက် အစွမ်းကုန် ကြိုးစားကြရမယ်။”

နောက်ဆုံးတွင် မောင်မောင် အသံတိတ်သွားသည်။ ဂုဏ်သရေရှိသော လူငယ်များ မည်ကဲ့သို့ ရပ်တည်သင့်ကြောင်း ကိုတင်မောင်ဦး၏ ဝေဖန်ချက်ကို ကြားပြီးသောအခါတွင် သူငယ်ချင်းအများစုက ရှင်းလင်းစွာ နားလည်သဘောပေါက် သွားကြသည်။ သို့သော်လည်း မောင်မောင်မှာမူ ထိုကဲ့သို့ မဟုတ်ခဲ့ချေ။ တက္ကသိုလ်ဘွဲ့ရပြီးနောက်တွင် မောင်မောင်သည် လူဝင်မှုကြီးကြပ်ရေး အရာရှိတစ်ဦးအဖြစ် အလုပ်လျှောက်ထားခဲ့သည်။ သူ့သူငယ်ချင်း၏ အဖေ စစ်အရာရှိကြီးတစ်ဦး၏ ထောက်ခံပေးမှုကြောင့် ထိုအလုပ်ကို ရသွားခဲ့ခြင်း ဖြစ်သည်။ အာဏာရှင် စစ်အစိုးရ အုပ်ချုပ်မှုအောက်တွင် အစိုးရ ဝန်ကြီးဌာနများအတွင်း လာဘ်စားမှုများ အကြီးအကျယ် ဖြစ်ပွားနေခဲ့သည်နှင့်အညီ လူဝင်မှု ကြီးကြပ်ရေးအရာရှိ မောင်မောင်သည် ဝင်ငွေများစွာ ရရှိခဲ့သည်။ မောင်မောင်သည် သူ၏ အတ္တကြီးသော ရည်မှန်းချက်ကို တမင်တကာရည်ရွယ်၍ ကျင့်ကြံဆောင်ရွက်ခဲ့ပေသည်။ မြန်မာနိုင်ငံတွင် မောင်မောင်ကဲ့သို့သော လူငယ်လူရွယ် အများအပြားရှိမည်မှာ အသေအချာပင်ဖြစ်သည်။

ကိုတင်မောင်ဦးကဲ့သို့သော ကိုယ်ကျိုးရှာခြင်းမျိုးသည် ရိုးရိုးရှင်းရှင်းလေးပင် ဖြစ်သော်လည်း ခိုင်မာရဲရင့်စွာ ပြုမူတတ်သော စိတ်ထားရှိရန် လိုအပ်သည်။ လူငယ် အတော်များများတို့က သူ၏လမ်းစဉ်အတိုင်း လိုက်မလုပ်နိုင်ခဲ့ကြချေ။ ဤသည်မှာ မြန်မာနိုင်ငံ၏ ပညာရေးစနစ်၏ အားနည်းချက်ကြောင့်လည်း ဖြစ်ပေသည်။

## ပညာရေးစနစ်ကို ပြန်လှန်သုံးသပ်ခြင်း

မြန်မာနိုင်ငံ ပညာရေးစနစ်တွင် ဆရာဆရာမများကိုရော ကျောင်းများကိုပါ ပညာရေး အသုံးအဆောင်ပစ္စည်းများဖြင့် အလုံအလောက် ထောက်ပံ့ပေးခြင်း မရှိချေ။ ကျောင်းစာသင်ခန်းများထဲတွင် ကျောင်းသူကျောင်းသားများ အဆမတန် များပြားနေလေ့ရှိသည်။ ကျောင်းဆရာတစ်ယောက်က ကိုင်တွယ်နိုင်သော အရေအတွက်ထက် အဆမတန် များပြားနေလေ့ရှိသည်။ ၄င်း၏ အကျိုးရလာဒ်ကြောင့် ကျောင်းသူကျောင်းသားများသည် လစ်လျူရှုထားခြင်း ခံကြရကာ ၄င်းတို့၏ ကျောင်းစာများနှင့် ပတ်သက်၍ ကူညီရှင်းပြပေးမှုများ အလုံအလောက် မရှိခဲ့ချေ။ မူလတန်းနှင့် အထက်တန်းများတွင် ကျောင်းသူကျောင်းသား အများစုသည် သင်္ချာ၊ သိပ္ပံနှင့် အင်္ဂလိပ် ဘာသာရပ်များတွင် အခက်အခဲတွေ့ခဲ့ရသည်။ အထူးသဖြင့် တက္ကသိုလ် ဝင်ခွင့် (၁၀)တန်း စာမေးပွဲကို အောင်နိုင်ရန်အတွက် ကျောင်းသူကျောင်းသားများ အစွမ်းကုန်ကြိုးစားခဲ့ကြရသည်။

ထိုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် မိဘများက ၄င်းတို့၏ သားသမီးများကို ပုဂ္ဂလိက ကျူရှင်များ ယူစေခဲ့သည်။ သားသမီးများကို ပညာတတ်ကြီးများ ဖြစ်စေချင်ကြသော်လည်း ငွေကြေး မပြေလည်ကြသော မိဘများသည် ကျူရှင်စရိတ် ပေးနိုင်ရန်အတွက် ၄င်းတို့၏ အိမ်တွင်းမှု အသုံးစရိတ်များကို လွန်မင်းစွာ ခြိုးခြံချွေတာ ခဲ့ရသည်။ ဤသည်မှာ မြန်မာနိုင်ငံတဝှမ်းလုံးရှိ မိသားစု အများအပြားတို့ ကြုံတွေ့ခဲ့ကြရသော အဖြစ်ဆိုးများပင် ဖြစ်သည်။

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်တွင် သတ္တဗေဒ ဘာသာရပ်ကို အထူးပြုသင်ကြားနေခဲ့သော ကိုတင်မောင်ဦး ၏ ပထမ ပညာသင်နှစ် ပြီးဆုံးခါနီးအချိန်က ဖြစ်သည်။ သူ၏ အဒေါ်တစ်ယောက်သည် မူကြိုကျောင်းဆရာမ ဖြစ်ပြီး သူမထံတွင် ကျူရှင် ပြစားသည့် လုပ်ငန်းတစ်ခုကို လည်ပတ်နေသူ မိတ်ဆွေတစ်ဦး ရှိလေသည်။ ထို မိတ်ဆွေကိုယ်၌ကလည်း အထက်တန်းကျောင်းဆရာတစ်ဦး ဖြစ်သည်။ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေများတွင် ကျူရှင်ပေးလေ့ရှိသည်။ တစ်နေ့တွင် သူက ကိုတင်မောင်ဦး၏ အဒေါ်အား "ဒီ ကျောင်းသူကျောင်းသားတွေ အားလုံးကို စာပြပေးဖို့အတွက် ကျနော် အကူအညီ လိုတယ်။ သင်္ချာနဲ့ အင်္ဂလိပ် ဘာသာရပ်တွေကို သင်ပြပေးနိုင်မယ့် လူတစ်ယောက် လိုနေတယ်ဗျ။ တကယ်လို့ ဒီလိုမျိုး ကူညီပေးနိုင်မယ့်သူ တစ်ယောက်ယောက်ကို ခင်ဗျား သိတယ်ဆိုရင် ကျနော်သို့ကို ငှားချင်းတယ်။" အဒေါ်ဖြစ်သူက ကိုတင်မောင်ဦးကို ချက်ချင်းသွားသတိရမိသည်။ နောက်တစ်နေ့တွင် အဒေါ်က ကိုတင်မောင်ဦးထံ လာရောက်ကာ "စနေ၊ တနင်္ဂနွေတွေကျရင် ကျောင်းသားတွေ စာပြပေးရမယ့် အလုပ်ကို စိတ်ဝင်စားလား။" ဟုမေးသည်။ မိသားစုကို တဘက်တလမ်းက ကူညီလိုသော ကိုတင်မောင်ဦးသည် သူ့အဒေါ် ကမ်းလှမ်းလာသော အလုပ်ကို ချက်ချင်းလက်ခံလိုက်သည်။

ပထမဆုံးနေ့တွင် သူက သင်္ချာဘာသာရပ်ကို သင်ပြပေးရလေသည်။ ကိုတင်မောင်ဦးသည် မိမိ သိရှိထားသည်များကို တပါးသူများ အလွယ်တကူ နားလည်သဘောပေါက်လာအောင် ရှင်းလင်းပြောပြနိုင်စွမ်းရှိသူ ဖြစ်သည်။ ပင်ကိုယ်စွမ်းရည် တစ်ခုပင်။ စာသင်ခန်းထဲ ရောက်လာသောအခါ သူက ကျောင်းသူကျောင်းသားများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ အတန်းထဲရှိ (၁၀)တန်း ကျောင်းသူကျောင်းသားများမှာ သူနှင့် အသက်အရွယ် မတိမ်းမယိမ်းပင်ဖြစ်ပြီး အချို့မှာ သူ့ထက်ပင် အသက်ကြီးနေသေးကြောင်းကို ချက်ချင်း ရိပ်စားမိလိုက်သည်။ ကိုတင်မောင်ဦးက ငယ်ရွယ်သည့်အပြင် ရုပ်ရည်အားဖြင့်လည်း အတော် ကြည့်ကောင်းသောကြောင့် ကျောင်းသူများက သူ့ကိုကြည့်ကာ ပြုံးပြီး တွတ်ထိုးနေကြသည်။

သူက သင်ခန်းစာတစ်ခုကို ကျောက်သင်ပုန်းပေါ်၌ စရေးလေသည်။ ဤတွင် ကျောင်းသူတစ်ဦးက ဆီးစေ့တစ်စေ့ဖြင့် ပစ်ပေါက်ရာ ထိုဆီးစေ့သည် ကိုတင်မောင်ဦး၏ ဦးခေါင်းအနားရှိ ကျောက်သင်ပုန်းကို သွားရောက်ထိမှန်သည်။ ကျောင်းသူများက ဆရာအသစ်ကို စမ်းလိုသောကြောင့် သူ၏အငိုက်တွင် ထိုကဲ့သို့ ပြုလုပ်လိုက်ခြင်း ဖြစ်နိုင်ပေသည်။ ဆီးစေ့ကို ပစ်ပေါက်ပြီးသည်နှင့် တပြိုင်နက် ၄င်းတို့က မသိချင်ယောင်ဆောင်နေကြသည်။ သို့သော် ဆီးစေ့လာရာ လမ်းကြောင်းဘက်ကို မှန်းဆမိသော ကိုတင်မောင်ဦးက ချက်ချင်းလှည့်ကြည့်လိုက်ရာတွင် အဆိုပါ ကျောင်းသူများ အံ့အားသင့်သွားကြသည်။ သူက ထိုကျောင်းသူအုပ်စုကို အလွန်ပင် တည်ကြည်သော မျက်နှာထားဖြင့် စိုက်ကြည့်သည်။ ကိုတင်မောင်ဦးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် တစ်စုံတစ်ဦးကို စူးစူးရဲရဲ စိုက်ကြည့်ပြီဆိုလျှင် လမ်းသရဲ ဂိုဏ်းသားများကပင် သူ့မျက်လုံးများကို ရင်မဆိုင်ရဲကြချေ။ ချက်ချင်းဆိုသလိုပင် ကျောင်းသူအုပ်စုသည် အသံတိတ်သွားပြီး တုတ်တုတ်မျှ မလှုပ်ရဲကြတော့။ ၄င်းတို့ကို တခဏကြာအောင် စိုက်ကြည့်ပြီးနောက်တွင် ကိုတင်မောင်ဦးက ကျောက်သင်ပုန်း ဘက်သို့ လှည့်ကာ စာဆက်သင်လေသည်။ ထိုအချိန်က စတင်ကာ အဆိုပါကျောင်းသူအုပ်စု အပါအဝင် အတန်းထဲရှိ ကျောင်းသူကျောင်းသားများအားလုံးသည် ကိုတင်မောင်ဦးအပေါ် လေးစားလာခဲ့ကြသည်။

ကျောင်းသူကျောင်းသားများက သူ၏ စာသင်ပြပုံကို အလွန်နှစ်သက်ကြသည်။ ၄င်းတို့ နားမလည်သော သချာ်ပုစ္ဆာများကို ကိုတင်မောင်ဦးက လွယ်ကူရှင်းလင်းသွားအောင် ရှင်းပြနိုင်စွမ်းရှိသဖြင့် ကျောင်းစာများတွင် တိုးတက်မှုများစွာ ရရှိလာခဲ့သည်။ ချဉ်းကပ်ရလွယ်ကူပြီး ဖော်ဖော်ရွေရွေရှိသူတစ်ဦး ဖြစ်သည်နှင့်အညီ ကျောင်းသူကျောင်းသားများက သူ့အတန်းတက်ရသည်ကို နှစ်ခြိုက်ကြသည်။ ရက်ကာလများ ကြာမြင့်လာသည်နှင့်အမျှ စကားပြောကောင်းပြီး ဟာသဉာဏ်ရွှင်သော ကိုတင်မောင်ဦးကြောင့် အတန်းထဲတွင် ပျော်ရွှင်ရယ်မောစရာများဖြင့် အသက်ဝင်လာသည်မှာ ကြည်နူးဖွယ်ရာကောင်းလှပေသည်။

ဤသို့ဖြင့် လကုန်ရက်တွင် ကိုတင်မောင်ဦးသည် သူ၏ ပထမဆုံးသော လစာကို ရလာသည်။ မြန်မာကျပ်ငွေ (၁၀၀)၊ အမေရိကန် ငွေဖြင့်ဆိုလျှင် (၃၅) ဒေါ်လာခန့် ရှိပေမည်။ ထိုအချိန်ကဆိုလျှင် အတော်များသော ငွေပမာဏပင် ဖြစ်သည်။ လစာငွေ ရသောကြောင့် အလွန်စိတ်လှုပ်ရှားနေသော ကိုတင်မောင်ဦးက မည်ကဲ့သို့ လုပ်ရမည်ကို စဉ်းစားလေသည်။ တက္ကသိုလ် ကျောင်းသား လူငယ်တစ်ဦး ဖြစ်သည့်အလျောက် ကျောင်းသို့ ဝတ်သွားရန် အဝတ်အစား ကောင်းကောင်းများ (သို့မဟုတ်) အခြားသော အရာများအတွက် မိမိစိတ်ကြိုက် ဝမ်းချမ်းနိုင်မည် ဖြစ်သော်လည်း သူက ထိုကဲ့သို့ မလုပ်ခဲ့ချေ။ မိသားစုဝင်များက ထိုညနေခင်းကို ကောင်းမွန်စွာ အမှတ်ရနေပေသေးသည်။ ထိုညနေက သူ အိမ်ပြန်နောက်ကျခဲ့သည်။ ထမင်းဟင်းချက်သည့်အိုး အသစ်ချပ်ချွတ်များ ဝယ်ပြန်လာသော ကိုတင်မောင်ဦးကို တွေ့သောအခါ မိသားစုဝင်များအားလုံး အံ့သြသင့်သွားကြသည်။ ၄င်းတို့ မိသားစုတွင် ဤကဲ့သို့သော ထမင်းဟင်းအိုးများ လိုအပ်နေသည်မှာ အတန်ကြာမြင့်ခဲ့ပေပြီ။ ထို့ပြင် သူက စတော်ဘယ်ရီသီး လတ်လတ်ဆတ်ဆတ်များ၊ နို့ဆီ၊ သကြားနှင့် ရေခဲတုံးကြီးတစ်တုံးကိုပါ ယူဆောင်လာခဲ့သေးသည်။ မိသားစုဝင် အားလုံးအတွက် ဤကဲ့သို့ ဒကာခံ ကျွေးမွေးသည်မှာ ပျော်ရွှင်စရာပင်။ ညီငယ်၊ ညီမငယ်များ အူမြူးနေကြသည်။ လိုချင်နေတာ ကြာခဲ့ပြီဖြစ်သော ထမင်းအိုး ဟင်းအိုး အသစ်များကို ရရှိလိုက်သောကြောင့် အမေက ဝမ်းသာပီတိဖြစ်ကာ ဘာမှ မပြောနိုင်ခဲ့သလို မျက်ရည်များပင် ဝိုင်းလာခဲ့သည်။ အိုးသစ်တစ်ခုထဲတွင် ကိုတင်မောင်ဦးက စတော်ဘယ်ရီ၊ နို့ဆီ၊ သကြားနှင့် ရေခဲတို့ကို ထည့်မွှေကာ မိသားစုဝင်များအတွက် စတော်ဘယ်ရီဖျော်ရည် လုပ်ပေးသည်။ ၄င်းတို့ မိသားစုအတွက် ပျော်ရွှင်ကြည်နူးဖွယ်ရာကောင်းသော နွေရာသီညနေခင်းတစ်ခု ဖြစ်ခဲ့ပေသည်။

တက္ကသိုလ် ဒုတိယနှစ်ရောက်သည်အထိ သူက ကျူရှင်ဆရာအဖြစ် လုပ်ခဲ့သည်။ အစိုးရဆန့်ကျင်ရေး မြေအောက်ကျောင်းသားလှုပ်ရှားမှုများ၌ ပါဝင်ပတ်သက်ခဲ့ခြင်းကြောင့် ၁၉၇၂ခုနှစ် ဒီဇင်ဘာလ (၅)ရက်နေ့၌ အဖမ်းခံရသည့် အခါမှသာလျှင် ကျူရှင်ဆရာအလုပ်ကို ရပ်နားခဲ့ရခြင်း ဖြစ်သည်။ ၁၉၇၄ခုနှစ် ဇန်နဝါရီလ (၃)ရက်နေ့ ထောင်မှ

ပြန်လည်လွတ်မြောက်လာချိန်တွင် တက္ကသိုလ် ဒုတိယနှစ်ကို ဆက်တက်ခဲ့သည်။ ထိုအချိန်တွင် သူ ယခင်က စာပြပေးခဲ့သော (၁၀)တန်း ကျောင်းသူများသည်လည်း တက္ကသိုလ်တွင် လာရောက် ပညာသင်ကြားနေကြပြီဖြစ်သည်။ ၎င်းတို့နှင့် ဤကဲ့သို့ ပြန်လည်ဆုံတွေ့ရသည်မှာ ဝမ်းသာစရာကောင်းကြောင်းကို သူက မိသားစုဝင်များအား ပြောပြခဲ့သည်။ တစ်နေ့တွင် တက္ကသိုလ်ကျောင်းဝင်းထဲ၌ အဆိုပါ ကျောင်းသူများက ကိုတင်မောင်ဦးနောက်သို့ လိုက်ကာ "ဆရာ၊ ဆရာ"ဟု ဝမ်းသာအားရအော်ဟစ်နှုတ်ဆက် ခဲ့ကြလေသည်။ ကိုတင်မောင်ဦးအတွက် အမှတ်ရစရာကောင်းသော နေ့ရက်များပင်။

ကိုတင်မောင်ဦး၏ ဘဝ အဘိဓာန်ထဲတွင် 'အတ္တစိတ်'ဟူသော စကားလုံးမှာ လုံးဝမရှိခဲ့ဘူးချေ။ သူ၏ဘဝတလျှောက်လုံးကို ကြည့်မည်ဆိုလျှင် ကိုတင်မောင်ဦးသည် မိမိကိုယ်ကျိုးအတွက် တကြိမ်တခါသာ လုပ်ကိုင်ဆောင်ရွက်ခဲ့ဘူးလေသည်။ ကျူရှင်ဆရာအဖြစ် လုပ်ခဲ့ခြင်းပင်ဖြစ်သည်။ ကျူရှင်ပြနေရင်းကတဘက် မြေအောက်ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခဲ့ခြင်းဖြင့် လူ့အဖွဲ့အစည်းကိုလည်း အကျိုးပြုခဲ့သည်။ ၁၉၇၄ခုနှစ် ဇန်နဝါရီလ (၃)ရက်နေ့ ထောင်က လွတ်လာပြီးသည့်နောက်တွင် ကိုတင်မောင်ဦးသည် ကိုယ်ကျိုးရှာခြင်း လုံးဝမပြုတော့ဘဲ လူ့အဖွဲ့အစည်း ကောင်းကျိုးအတွက်ကိုသာ သူ၏ နောက်ဆုံးထွက်သက်အထိ လုပ်ကိုင်ဆောင်ရွက်သွားခဲ့သည်။ မည်သည့် လူမျိုးဘာသာက ဆင်းသက်လာသည်ဖြစ်စေ၊ မည်သည့် အရပ်ဒေသတွင် နေထိုင်သည်ဖြစ်စေ ကမ္ဘာအရပ်ရပ်ရှိ လူငယ်များအားလုံးသည် ဘဝကို တည်ဆောက်နိုင်ရန်အတွက် အခွင့်အလမ်းများ တနည်းမဟုတ် တနည်း ရရှိလာကြမည်မှာ အမှန်ပင် ဖြစ်သည်။ ကိုတင်မောင်ဦးသည် ကိုယ်ပိုင်အချိန်များကို မိမိအတွက်သာမက ဘဝတလျှောက်လုံးတွင် လူ့အဖွဲ့အစည်းကောင်းကျိုးအတွက်ပိုမိုအလေးထားပြီး အဓိက အသုံးချ သွားခဲ့သော အာရှ စံပြလူငယ်တစ်ဦးပင် ဖြစ်ပေတော့သည်။

၉

# အမှန်တရားကို ရှာဖွေသူနှင့် 'တရားမျှတမှု'အတွက် တိုက်ပွဲဝင်သူ

ဂျပန်နိုင်ငံ တိုကျို တက္ကသိုလ်ရှိ ကျောင်းသူကျောင်းသားများကို နိုင်ငံပေါင်းစုံမှ ဘာသာရေး ဆရာများက မကြာခဏ လာရောက်ဟောပြောလေ့ရှိသည်။ ဤတွင် စူးစမ်းစပ်စုလိုသော ကျောင်းသူကျောင်းသားများက "ဘာသာရေး တွေရဲ့ ဘာသာရေးက ဘာလဲ" ဟူ၍ ဟောပြောသူကို မေးမြန်းလေ့ရှိခဲ့ကြသည်။ သို့သော်လည်း ဆရာများကပေးသော အဖြေ များ အပေါ် ကျောင်းသူကျောင်းသားများက ကျေနပ်မှု မရှိခဲ့ကြ။ တစ်နေ့တွင် အိန္ဒိယနိုင်ငံရှိ နာမည်ကျော်ကြားသော ယောဂီ ကြီး တစ်ဦး တိုကျိုတက္ကသိုလ်ကို လာရောက်ရာတွင် အဆိုပါ မေးခွန်းကို အမေးခံရပြန်လေသည်။ ဤတွင် သူက **ဘာသာရေးတို့၏ ဘာသာရေးသည် 'အမှန်တရား'သာဖြစ်ကြောင်း** ရှင်းလင်းဖြေကြားသွားခဲ့သည်။ ဤသို့မှသာလျှင် ကျောင်းသူ ကျောင်းသား များ အားလုံးက သူ၏အဖြေအပေါ် ကျေနပ်သွားခဲ့ကြသည်။

## ငြိမ်းချမ်းမှု ရှာဖွေရာတွင် အမှန်တရား၏ အခန်းကဏ္ဍ

စစ်ပွဲ နှင့် စစ်ဖြစ်စေသည့် အရင်းခံအကြောင်းရင်းများအနက် တစ်ခုဖြစ်သော ဆင်းရဲမွဲတေမှု တို့သည် လူမဆန်ဆုံး အရာများ ဖြစ်ကြောင်း၊ ယင်းတို့ကို အမြစ်ဖြတ် ချေမှုန်းနိုင်မည် ဆိုလျှင် ငြိမ်းချမ်းရေး ရရှိနိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ 'ထောင်စုနှစ် ကမ္ဘာ့ ငြိမ်းချမ်းရေးညီလာခံ'၌ တင်သွင်းသော စာတမ်း၌ ဆိုထားခဲ့ပေသည်။ ဤသည်မှာ အမှန် တရားတစ်ခု ပင်လော။ ကိုတင်မောင်ဦး၏တွေ့ရှိချက်များမှာကား အဆိုပါသုံးသပ်ချက်နှင့်နှိုင်းယှဉ်လျှင် တစုံတရာ ကွဲပြားနေ သည်။ ဆင်းရဲမှု ကြောင့် ဆိုးကျိုးများ ဖြစ်စေနိုင်သည်မှာ မှန်ကန်သော်လည်း ၎င်းကို စစ်ဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်း တစ်ရပ်ဟု မဆိုနိုင်ချေ။ ဆင်းရဲမှု ရှိနေသော်ငြားလည်း လူမှုရေးဆိုင်ရာ တရားမျှတမှု မြဲမြံနေမည်ဆိုလျှင် ငြိမ်းချမ်းရေး ရရှိနိုင်ပေမည်။

စာမတတ်မှု ပပျောက်ရေး စီမံချက်ဖြင့် တက္ကသိုလ်ကျောင်းသား ကိုတင်မောင်ဦးသည် မြန်မာနိုင်ငံမြောက်ပိုင်း ကျေးလက်ဒေသ ဖြစ်သော မဲဇာတောင်ခြေရှိ ရွာတစ်ရွာတွင် စာသင်ပြပေးခဲ့သည်။ မျက်မှောက်ခေတ်နှင့် နှိုင်းယှဉ်လျှင် အလွန် အမင်း ခေတ် နောက်ကျကျန်ခဲ့ပြီ ဖြစ်သော ရွာသူရွာသားများ၏ နေထိုင်မှုစနစ်ကို ထိုအချိန်၌ ကိုတင်မောင်ဦး လေ့လာခွင့် ရရှိခဲ့သည်။ ၎င်းတို့ ထံတွင် လျှပ်စစ်မီး၊ ရေပေးဝေမှုစနစ်၊ ကတ္တရာ လမ်း၊ အုတ်အိမ်နှင့် အီလက်ထရွန်နစ် ဆက်သွယ်ရေး စနစ်တို့ မရှိကြသည့် အပြင် ဝင်ငွေလည်း အလုံအလောက် မရရှိကြချေ။ ၎င်းတို့သည် တကယ့်ကို ဆင်းရဲသားများ ဖြစ်သည်။ သို့သော်လည်း ထိုရွာတွင် စိမ်းလမ်းစိုပြေသောသစ်တော၊ လှပစွာ စီးဆင်းနေသော မြစ်နှင့် လယ်ယာ အစရှိသည့် မျက်စိပသာဒဖြစ်သော ကျေးလက် တောတောင်ရေမြေ ရှုခင်းများ ရှိခဲ့သည်။ အရေးကြီးဆုံးမှာကား ရွာသူရွာသားများသည် သဘာဝပတ်ဝန်းကျင် ထွက် ပစ္စည်းများကို လည်းကောင်း၊ တောင်ယာစိုက်ခြင်း (သို့မဟုတ်) အမဲလိုက်ခြင်းက ရရှိသော ထွက်ကုန်များကိုလည်း ကောင်း ကျေနပ်မှု ရှိနေကြခြင်းပင်ဖြစ်သည်။ ရွာသူကြီး၊ သာမန်ရွာသား ဟူ၍ ခွဲခြားခြင်း မရှိဘဲလျှက် ၎င်းတို့သည် ရရှိသော အကျိုးအမြတ်များကို အချင်းချင်းကြားတွင် မျှဝေယူကြသည်။ နေ့စဉ်ဘဝ၌ ကြုံတွေ့ရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် အတွက် ဝိုင်းဝန်းကူညီကြသည်။ ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု တွင် သနားကြင်နာမှု၊ ဖော်ရွေမှုနှင့် ရိုးသားပွင့်လင်းများ လွှမ်းမိုး နေသည်။ ရွာသူရွာသားများ အချင်းချင်း ဆက်ဆံဆောင်ရွက် ရာတွင် အမျက်ဒေါသနှင့် အမုန်းတရား ဆိုသည်ထက် ချစ်ချင်း မေတ္တာကို ပို၍ အခြေခံသည်။ ထို့ကြောင့် ဤသို့သော လူ့အသိုင်းအဝိုင်းတွင် ဆင်းရဲမှု ရှိနေသော်ငြားလည်း ငြိမ်းချမ်းမှုရှိသည် ဟု ဆိုနိုင်ပေသည်။

**မျှဝေလိုသော စိတ်ထားကြောင့် ငြိမ်းချမ်းမှုကို ဖြစ်စေခြင်း**

လူသားတို့၏ ကောင်းမွန်သောလက္ခဏာများကို ကိုတင်မောင်ဦးက ထိုရွာ၌ ရှာဖွေတွေ့ရှိခဲ့သည်။ လူမှုရေးဆိုင်ရာ တရားမျှတမှု၏ အချက်တစ်ချက်ဖြစ်သည့် 'မျှဝေလိုသော စိတ်ထား'ကို လေ့လာခွင့်ခဲ့ရသည်။ မျှဝေလိုသော စိတ်ထားကို လူသားတို့က နက်နဲစွာ ခံယူကျင့်ကြံ၊ မြှင့်တင်ပေးလျှင် တပါးသူတို့၏ ခံစားရမှု ဝေဒနာများကို သနားညှာတာ ကိုယ်ချင်းစာ တတ်သော စိတ်များ ၎င်းတို့၏ စိတ်နှလုံးထဲတွင် ဖြစ်ပေါ်လာပေမည်။ ၎င်း၏ အကျိုးရလာဒ်ကြောင့် လူသားတို့တွင် လောဘ နှင့် တောင့်တမှု စိတ်များ လျော့နည်းသွားနိုင်သည်။ သို့သော်လည်း မိမိ ကျင်လည်ရာ လူမှုရေးဝန်းကျင်ပေါ်မူတည်၍ ဖြစ်တည် လာသော 'လိုအပ်ချက်များ' ကို ဖြည့်ဆည်းနိုင်ရေးအတွက် တသီးပုဂ္ဂလတိုင်းတွင် 'လိုချင်စိတ်များ' ရှိနေပါဦးမည်။ 'မျှဝေ လိုသောစိတ်ထား'ကို အမြဲတစေ ကျင့်ကြံပါက လူသားအချင်းချင်းကြားရှိ ဆက်ဆံရေး ပြောင်းသွားနိုင်သည်။ 'မျှဝေလိုသော စိတ်ထား' ရှိသူသည် မိမိ၏ 'လိုချင်မှုများ'ကိုသာ မကဘဲ အခြားသူများ၏ 'လိုချင်မှုများ' ကိုပါ ထည့်သွင်းစဉ်းစားသည်။ ၎င်းသည် အခြားသူများထံမှ လေးစားမှုကို ခံယူလိုသကဲ့သို့ အခြားသူများကိုလည်း လေးစားမှုရှိကြောင်း ပြသသည်။ မိမိကိုယ် ကျိုး အတွက် ရှာဖွေဆောင်ရွက်ရာတွင် အခြားသူများ၏ အကျိုးစီးပွားကိုလည်း ထည့်တွက်သည်။ ဤသို့သော အခြေအနေ တွင် လူသားများသည် အကောင်းဆုံးနည်းလမ်းဖြင့် ဆက်ဆံဆောင်ရွက် နေကြသည်ဟု ဆိုနိုင်သည်။ ဤသို့ဖြစ်ပါက လူမှုရေး ဆိုင်ရာ တရားမျှတမှုကိုလည်း မြှင့်တင်ပေးသည်။ ကိုတင်မောင်ဦး၏ တွေ့ရှိချက်များမှာ ရိုးရှင်းသော်လည်း ယနေ့ထက်တိုင် မှန်ကန်နေဆဲဟု ဆိုနိုင်ပေသည်။

အုပ်ချုပ်သူ အထက်တန်းလွှာများ (သို့မဟုတ်) အာဏာရှင် အစိုးရများသည် တိုင်းပြည်၏ ခနဥစ္စာများကို အုပ်ချုပ်ခံ လူတန်း စားများအား အညီအမျှ ခွဲဝေပေးခြင်း မရှိသည်မှာ ဆယ်စုနှစ်များစွာကြာမြင့်သွားပြီ ဖြစ်သည်ကို လည်းကောင်း၊ ငြိမ်းချမ်းသော လူထုဆန္ဒပြပွဲများကို အစိုးရက ရက်ရက်စက်စက် ပစ်ခတ်ဖြိုခွဲပြီး ပြည်သူတို့ တွေ့ကြုံခံစားရသော ဒုက္ခဝေဒနာများ အပေါ် ကိုယ်ချင်းစာစိတ် မရှိကြောင်းကို လည်းကောင်း အာရပ်နိုင်ငံများတွင် ၂၀၁၁ခုနှစ် ဇန်နဝါရီလက စတင်ဖြစ်ပွားခဲ့သော လူထုအုံကြွဆန္ဒပြမှုများ၌ တွေ့နိုင်ပေသည်။ ၎င်း၏ အကျိုးရလာဒ်ကြောင့် လူ့အဖွဲ့အစည်းများ ဖရိုဖရဲဖြစ်ကုန်ကာ ပြည်သူ တို့၏ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုတို့ ထိပါးခြင်း ခံခဲ့ကြရသည်။

ငြိမ်းချမ်းသော ဆန္ဒပြပွဲများကို အကြမ်းဖက်နှိမ်နင်းမှုကြောင့် ပြည်သူ ပြည်သားအပေါင်းတို့ သေကြေခဲ့ရပြီးမှသာလျှင် ဘာရိန်းနိုင်ငံ ဘုရင် 'ဟာမတ် ကာလီဖာ'က မိသားစု တစ်စုစီအား အမေရိကန်ဒေါ်လာ (၂၆၅၀)နှင့်ညီမျှသော ငွေဖြင့် ထောက်ပံ့ပေးရန် သဘောတူညီခဲ့သည်။ ထို့အတူပင် အယ်ဂျီးရီးယားနိုင်ငံ သမ္မတ 'အာ(ဘ်)ဒီလာဇစ် ဘောင်တီဖလစ်ကာ' က အခြေခံစားသုံးကုန် ဈေးနှုန်းများ ကျဆင်းလာနိုင်စေရေးအတွက် ပုဂ္ဂလိကဘဏ်များတွင် အမေရိကန်ဒေါ်လာ (၁) ဒသမ (၄)ဘီလီယံ ထည့်သွင်းပေးရန် ကတိပေးခဲ့သည်။ ဂျော်ဒန်ဘုရင် 'အာ(ဘ်)ဒူလာ'က ပြည်သူတို့၏ စားဝတ်နေရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ကာ နိုင်ငံ့စီးပွားရေး အတွက် ဒေါ်လာသန်း (၅၀၀)ခန့် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့သည်။ အလားတူ ဆန္ဒပြမှုမျိုးကို တားမြစ်နိုင်စေရန်ရည်ရွယ်ကာ ၂၀၁၂ ခုနှစ် မတ်လတွင် ကူဝိတ်နိုင်ငံအစိုးရက လူသုံးကုန်ပစ္စည်း ဈေးနှုန်းများကို လျှော့ချရန်နှင့် ပြည်သူများအား အခြေခံ အစားအစာများ အခမဲ့ ဝေငှပေးနိုင်ရန်အတွက် ဒေါ်လာ (၄)ဘီလီယံ သုံးစွဲမည်ဟု ကြေညာခဲ့သည်။ ဤသည်တို့ကိုကြည့်လျှင် ယခင်က အဆိုပါ အာဏာရှင်အစိုးရများသည် ပြည်သူများအတွက် သာတူညီမျှ ခွဲဝေပေးခဲ့ခြင်း မရှိ ဆိုသည့်အချက်က သိသာထင်ရှားပေသည်။

"ရှာဖွေသူများ" ဟု အမည်ရှိသော စာအုပ်၏ စာရေးဆရာ 'ဒယ်နီရယ် ဘော်စတင်'က "ကနဦးပိုင်းတွင် လူသား တို့သည် လူတန်းစား ခွဲခြားမှု (သို့မဟုတ်) ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု မရှိဘဲလျက် ပျော်ရွှင်မှုအတိဖြင့် နေထိုင်ခဲ့ကြသော်လည်း

မက်မောမှုနှင့် လောဘစိတ်တို့ လွှမ်းမိုးလာသောအခါ ဤ ခြောက်ပြစ်ကင်းအခြေအနေ ပျက်သုဉ်းသွားရသည်''ဟု ဆိုခဲ့သည်။ လူတန်းစားခွဲခြားမှု မရှိသော၊ မျှဝေခြင်း စိတ်ထားကို ကျင့်ကြံသော လူ့အသိုင်းအဝိုင်း ကို လေ့လာခွင့်ရခဲ့သည့် ကိုတင်မောင်ဦးသည် 'ဒယ်နီရယ် ဘော်စတင်' ကဲ့ သို့ပင် လူသားတို့၏ ပျော်ရွှင်မှုများကို တစ်စုံတရာအတိုင်းအတာအထိ ခံစားသိရှိ နိုင်ခဲ့သည်။ ''လူမှုဘဝတိုးတက်လာခြင်း (သို့မဟုတ်) ခေတ်မှီတိုးတက်လာခြင်း သည် ဆင်းရဲမှု၊ ခိုးဝှက်မှု၊ လူသတ်မှု၊ မဟုတ် မမှန် ပြောဆိုမှု စသည့် ယုတ်ညံ့သော လုပ်ရပ်များကို ဖြစ်စေသည် (သို့မဟုတ်) များပြားလာစေသည်'' ဟူ၍လည်း ဒယ်နီရယ်က မှတ်ချက်ပေးခဲ့ပြန်သည်။ ''လူမှုဘဝတိုးတက်လာခြင်း (သို့မဟုတ်) ခေတ်မှီတိုးတက်လာခြင်း'' နှင့် စပ်လျဉ်း၍မူ ကိုတင်မောင်ဦး၏ ရပ်တည်ချက်မှာ ဒယ်နီရယ် ဘော်စတင် နှင့် ကွဲပြားခဲ့သည်။ အပြုဖြစ်တည်မှုအမြင်ရှိသူ ကိုတင်မောင်ဦးသည် လူမှုဘဝတိုးတက်မှု သို့မဟုတ် ခေတ်မှီတိုးတက်မှုကို မျှော်ကိုးကာ လူ့အဖွဲ့အစည်းကို တဆင့်ခြင်း ပြောင်းလဲ သွားစေလိုခဲ့သည်။ ဤအတွက် မိမိဘဝတစ်ခုလုံး နှစ်မြှုပ်လုပ်ကိုင်သွားခဲ့သည်။ ဤသည်မှာ ရှုထောင့်တစ်ခု ဖြစ်သည်။ အခြားရှုထောင့်ကကြည့်လျှင် သူသည် 'မျှဝေလိုသော စိတ်ထား'ကို လည်းကောင်း၊ လူသားတို့ အရိုင်းဘဝက ထဲက စတင်ဖြစ်တည် လာသည့် 'ပြောင်းလဲခြင်းမရှိသောတန်ဖိုးများ'ကို လည်းကောင်း ဆက်လက် ထိန်းသိမ်းထားလိုခဲ့သည်။ 'ပြောင်းလဲခြင်းမရှိသောတန်ဖိုးများ' ဆိုသည်မှာ လူ၏အာရုံငါးပါးဖြင့်မူ ခံစားသိရှိခြင်မှ သိရှိနိုင်ပါမည်။ စိတ်ဖြင့် အကဲဖြတ်သိရှိနိုင်သော အရာမျိုးကို ဆိုလိုသည်။

## လူမှုဘဝတိုးတက်မှု ရှိခြင်းနှင့် မရှိခြင်း

လူမှုဘဝတိုးတက်မှု တနည်းအားဖြင့် ခေတ်မှီတိုးတက်မှု ဆိုသည်မှာ ရှောင်လွှဲ၍ရနိုင်သော အရာတစ်ခု မဟုတ်ချေ။ သို့သော်လည်း လူမှုဘဝတိုးတက်မှု ရှိလာစေရေး အတွက် လူ့အဖွဲ့အစည်းကို ကောင်းကျိုးဖြစ်စေမည့် သွင်ပြင်လက္ခဏာများကို မြှင့်တင်ပေးနေစဉ် တချိန်တည်းတွင် ဆိုးကျိုးဖြစ်စေ မည့် အရာများကို မည်ကဲ့သို့ လျော့ပါးသွားအောင်လုပ်ရမည် (သို့မဟုတ်) မည်ကဲ့သို့ ချေမှုန်းသုတ်သင်ရမည်ဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်လာပေသည်။ 'သောမတ် ဟော့(ဘ်)'၏ ထင်ပေါ်ကျော်ကြားသော 'နဂိုမူလသဘာဝအခြေအနေ' ဆိုသည့် အယူအဆ၌ ဆိုထားသကဲ့သို့ပင် သမိုင်းဦးခေတ် လူ့အဖွဲ့အစည်း၌ လူတဦးသည် အခြားလူတဦး သို့မဟုတ် အခြားလူအများတို့နှင့် စဉ်ဆက်မပြတ် စစ်ခင်းနေသကဲ့သို့ ရပ်တည် ရှင်သန်ခဲ့ရပြီး ခဏတိုင်း ခဏတိုင်း၌ လူသားသည် မလုံခြုံမှုကို ခံစားခဲ့ရသည်။

ထိုကြောင့် ယနေ့ခေတ်ကာလတွင် လူသားသည် နဂိုမူလ သဘာဝအခြေအနေ၌ ဆက်လက်တည်ရှိနေရေး ဆိုသည်မှာ မတွေးဝံ့စရာ ဖြစ်သကဲ့သို့ လူမှုဘဝတိုးတက်မှု မရှိသော ကမ္ဘာသည်လည်း ဆက်လက် တည်မြဲမနေသင့်ပေ။ သို့သော် အပေါ်ယံအားဖြင့် ကြည့်လျှင် လူမှုဘဝတိုးတက်သယောင် ခေတ်မှီလူ့အဖွဲ့အစည်းဖြစ်နေသယောင် ထင်ရသော်လည်း 'လောဘနှင့်ဒေါသ'စိတ်တို့မှပေါက်ဖွားလာသော ရက်စက်ကြမ်းကြုတ်သည့်အပြုအမူစသည်တို့ကဲ့သို့ လူသားတို့၏ မကောင်းသော သွင်ပြင်လက္ခဏာများ လျော့နည်း သွားအောင် မပြုလုပ်နိုင်လျှင်မူ လူသားတို့သည် နဂိုမူလ သဘာဝအခြေအနေ၌သာ ရှိနေမည်ဖြစ်သည်။

ဤသည်မှာ လစ်ဘျားနိုင်ငံ ဘန်ဂါဇီမြို့ရှိ ပြည်သူပြည်သားတို့ ကြုံတွေ့ခဲ့ရသော အနေအထားပင် ဖြစ်သည်။ မာမူဝါ ဂါဒါဖီက သူ၏ အာဏာရှင် အုပ်ချုပ်မှုစနစ်ကို ဆန့်ကျင်တော်လှန်သူ မည်သူ့ကိုမဆို အမြစ်ပြတ်နှိမ်နင်းမည်ဟု ၂၀၁၁ခုနှစ် မတ်လ (၁၇)ရက်နေ့တွင် ပြောကြားခဲ့သည်။ လက်ရှိအခြေအနေတွင် ဂါဒါဖီကို ဆန့်ကျင်သည်ဖြစ်စေ၊ ၎င်းကို ထောက်ခံ သည်ဖြစ်စေ လစ်ဘျားနိုင်ငံရှိ ပြည်သူတို့သည် လုံခြုံမှု ကင်းမဲ့နေရသည်။ နဂိုမူလ သဘာဝအခြေအနေ၌ နေထိုင်နေရ သကဲ့သို့ပင် တွေ့ကြုံခံစားနေရသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများ၊ အထူးသဖြင့် ပြည်တွင်းစစ် ဖြစ်ပွားရာ နေရာ

ဒေသ များတွင် နေထိုင်သူများသည်လည်း အလားတူပင် ဖြစ်သည်။ မည်သည့် နိုင်ငံရေး အယူဝါဒ (သို့မဟုတ်) နိုင်ငံရေး စနစ် အောက်၌ ရှိနေပါစေ အာဏာရှင်အုပ်ချုပ်မှုကို ကျင့်သုံး နေသမျှ ကာလပတ်လုံး 'လူထုကို ဗဟိုပြုသော' လူမှုဘဝတိုးတက်မှု ဘယ်သောအခါမျှ ဖြစ်ထွန်းလာမည် မဟုတ်သကဲ့သို့ ဒုက္ခဝေဒနာများမှာလည်း ချုပ်ငြိမ်းသွားမည် မဟုတ်ကြောင်းကို ကိုတင်မောင်ဦးက ရှင်းလင်းစွာနားလည် သဘောပေါက်ခဲ့သည်။ ဤသည်မှာ ထာဝရ အမှန်တရားပင် ဖြစ်သည်။

## အတွင်းစိတ်ငြိမ်းချမ်းမှု နှင့် အပြင်ပိုင်းငြိမ်းချမ်းမှု

လူ့အဖွဲ့အစည်း၌ ဆိုးဝါးမှုများကို ပယ်ရှားနိုင်စေရေးအတွက် 'အမှန်တရား'ကို ရှာဖွေရာတွင် 'အတွင်းပိုင်းကို ဇောင်းပေးသော ချဉ်းကပ်နည်း' သည် တန်ဘိုးမဖြတ်နိုင်ချေ။ ဆိုလိုသည်မှာ စိတ်၏ သန့်ရှင်းစင်ကြယ်မှု ဖြစ်တည်နိုင်ရန် ကျင့်ကြံရမည်။ သို့မဟုတ် အနည်းဆုံးအားဖြင့် စိတ်ကို ယဉ်ကျေးအောင်လုပ်ရမည် ဖြစ်သည်။ ဤသို့မှသာလျှင် မစ္စတာ ဂိုအင်ကာ က ပြဆိုခဲ့သကဲ့သို့ပင် ဒုက္ခဝေဒနာမှ ပျော်ရွှင်မှုသို့လည်းကောင်း၊ အချုပ်အနှောင်ဘဝမှ လွတ်မြောက်သည့် ဘဝသို့ လည်းကောင်း၊ ရက်စက်ကြမ်းကြုတ်မှုမှ စာနာစိတ် ထားရှိမှုသို့လည်းကောင်း ပြောင်းလဲဖြစ်တည်လာနိုင်ပေမည်။ "လူသား တို့၏ စိတ်နှလုံးထဲ၌ အမျက်ဒေါသနှင့် အမုန်းတရားများ ရှိနေလျှင် ကမ္ဘာပေါ်၌ ငြိမ်းချမ်းရေး မဖြစ်ထွန်းနိုင်။ လူသားတို့၏ စိတ်နှလုံး ထဲ၌ ချစ်ချင်းမေတ္တာနှင့် စာနာမှုတို့ ကိန်းအောင်းနေမှသာလျှင် ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေး ဖြစ်ထွန်းနိုင်မည်။"ဟူ၍ သူက ဆက်လက်သုံးသပ်ခဲ့ပြန်သည်။ ကမ္ဘာပေါ်၌ ငြိမ်းချမ်းရေး ဖြစ်တည်လာအောင် ပြုလုပ်ရာတွင် တသီးပုဂ္ဂလတိုင်းသည် မိမိ၏ စိတ်နှလုံးကိုသန့်စင်နိုင်ရန် အခွင့်အလမ်းများ ရရှိလာနိုင်သည့်အခြေအနေ ရောက်သည်အထိ 'အတွင်းပိုင်းသို့ ဇောင်း ပေးသော ချဉ်းကပ်နည်း'ကို လက်ခံကျင့်ကြံရမည်။ တိုးချဲ့ရမည်။ အားပေးအားမြှောက်ပြုရပါမည်။ သို့သော်လည်း စုစည်းမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဂိုဏ်းဂဏစွဲ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘာသာဝင်များသည် ကမ္မဋ္ဌာန်းထိုင်ခြင်း (သို့မဟုတ်) ဘာသာရေးအရ အခြားသော ကျင့်စဉ်များကိုကျင့်ခြင်း တို့ဖြင့် 'အတွင်းပိုင်းသို့ ဇောင်းပေးသော ချဉ်းကပ် နည်း'ကို ကျင့်သုံးရုံမျှနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ရရန် ကြိုးပမ်းမည်ဆိုလျှင် လုံလောက်မှု ရှိမရှိဆိုသည်ကို ဆန်းစစ်ရန် လိုအပ် နေ ပေသေးသည်။

ငြိမ်းချမ်းမှု ဆိုသည်ကို ရှုထောင့်နှစ်မျိုးက ကြည့်မြင်နိုင်သည်။ ပထမတစ်မျိုးမှာ– ငြိမ်းချမ်းမှုသည် လူတစ်ဦး တစ်ယောက်၏ စိတ်နှလုံးအတွင်း၌ ဖြစ်တည်နိုင်သည် ဆိုသော အချက်ပင်ဖြစ်သည်။ ယင်းကို အတွင်းပိုင်း ငြိမ်းချမ်းမှုဟု ဆိုကြပါစို့။ ဒုတိယတစ်မျိုး မှာ လူ့အဖွဲ့အစည်း (သို့မဟုတ်) နိုင်ငံ (သို့မဟုတ်) တကမ္ဘာလုံးတွင် ဖြစ်တည်နေသော ငြိမ်းချမ်းသည့် အခြေအနေများကို ဆိုလိုသည်။ ဤအခြေအနေတွင် ငြိမ်းချမ်းမှုသည် လူသားတို့ စိတ်နှလုံး၏ အပြင်ဘက်၌ တည်ရှိနေ ပေသည်။ ပထမ တွေးဆချက် မှာ အတွင်းစိတ် ငြိမ်းချမ်းမှုရှိ လျှင် အပြင်ပိုင်း ငြိမ်းချမ်းမှု ဖြစ်တည်လာနိုင်သည် ဟူ၍ပင်ဖြစ်သည်။ ဤတွေးဆချက်ကို အခြေခံ သူများက လူသားတို့သည် အတွင်းစိတ် ငြိမ်းချမ်းမှုကို အလေးထား ရှာဖွေရမည်ဟု အကြံပြု လေ့ရှိကြသည်။ ဒုတိယ တွေးဆချက်မှာ အပြင်ပိုင်း ငြိမ်းချမ်းမှု ရှိမှသာလျှင် အတွင်းစိတ် ငြိမ်းချမ်းမှုကို ရှာဖွေနိုင်သည့် အနေအထားရနိုင်မည်ဟူ၍ ဖြစ်သည်။ အပြင်ပိုင်း ငြိမ်းချမ်းမှုကို ဖျက်ဆီးခြင်း ခံရသော အခြေအနေတွင် တသီးပုဂ္ဂလများသည် အတွင်းစိတ် ငြိမ်းချမ်းမှုကို ရှာဖွေရယူနိုင်ရန် အခွင့်အလမ်း ပြည့်ဝစွာ ရှိမည် မဟုတ်ဟု ယူဆကြသည်။ ဤယူဆချက်ကို အခြေခံသူများက လူသားတို့သည် အပြင်ပိုင်း ငြိမ်းချမ်းမှုကို ရှာဖွေကာ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းကို ဖန်တီးခြင်းဖြင့် လူတိုင်းလူတိုင်းသည် အတွင်းစိတ်ငြိမ်းချမ်းမှု ရှာဖွေနိုင်ရန်အတွက် အခွင့်အလမ်းများ ရရှိကြမည်ဟု ဆိုကြ သည်။ ဤတွင် အဆိုပါ ဖြစ်စဉ် တစ်ခုစီ၏ ထူးခြားချက်များကို သော်လည်းကောင်း၊ အတွင်းစိတ် ငြိမ်းချမ်းမှုနှင့် အပြင်ပိုင်း ငြိမ်းချမ်းမှုတို့ အကြားရှိ ဆက်နွှယ်မှုကို လည်းကောင်း လေ့လာသုံးသပ်သင့်ပေသည်။

ငြိမ်းချမ်းမှုကို ရှာဖွေရာတွင် ကိုတင်မောင်ဦးသည် အတွင်းစိတ် ငြိမ်းချမ်းမှုကိုရော အပြင်ပိုင်း ငြိမ်းချမ်းမှုကိုပါ နှစ်ခုလုံးအတွက် ဦးတည်ချက်ထားခဲ့သည်။ သူသည် ကနဦးပိုင်းကတည်းကပင် အတွင်းစိတ် ငြိမ်းချမ်းမှုအပေါ် အာရုံထားကာ 'စိတ်၏ သန့်စင်ခြင်း'ကို ရှာဖွေခဲ့သည်။ စိတ်၏ သန့်စင်မှုသည် အတွင်းပိုင်းငြိမ်းချမ်းမှုအတွက် အကြောင်း အထောက်အပံ့ ဖြစ်သည်ကို သူနားလည်ခဲ့သည်။ 'စိတ်ထွေပြားမှု'နှင့် 'မသိနားမလည်မှု' တို့ကို ပယ်ရှင်းကာ မိမိ၏ စိတ်သန့်စင်မှုကို အရင်းပြု၍ 'ဘဝ ရည်မှန်းချက်'ကို တစိုက်မတ်မတ် စင်ကြယ်စွာ ရှာဖွေနိုင်ခဲ့သည်။ မိမိ၏ မိသားစုဝင်များကို သာမက အခြားသူများ အပေါ်တွင်ပါ 'မေတ္တာ'ထားရှိခဲ့ခြင်းကြောင့် 'မနှစ်မြို့ခြင်း' ဟူသော စိတ်ထားကို တဆင့်ချင်း ဖယ်ရှားနိုင်ခဲ့သည်။ သူ၏ စိတ်နှလုံးအတွင်းတွင် 'အမုန်းတရား'နှင့် 'ရန်ငြိုးသိုမှု'တို့ ကင်းခဲ့သည်။ လမ်းသရဲ ဂိုဏ်းဝင်များကို သူက မုန်းတီးသဖြင့် တိုက်ခိုက်ခဲ့ခြင်း မဟုတ်။ ၎င်းတို့ကို ဆုံးမလို ခဲ့ခြင်းကြောင့်သာဖြစ်သည်။ ရုပ်ရည် ပြေပြစ်သော လူငယ်တစ်ဦး ဖြစ်သော်ငြားလည်း သူသည် ဘဝတစ်လျှောက် လုံးတွင် မိန်းကလေးရည်းစား တစ်ဦးတစ်ယောက်ကိုမျှ ထားခဲ့ခြင်း မရှိချေ။ မြင့်မြတ်သောအရာအတွက် တစိုက်မတ်မတ် ကြိုးပမ်းလုပ်ကိုင် နေချိန်တွင် 'အနှောင်အဖွဲ့' ကို လက်မခံခဲ့ချေ။ ထို့ပြင် လူသားမျိုးနွယ်တို့အပေါ်၌ လွှမ်းခြုံထားရှိ သော 'မေတ္တာတရား'နှင့် လူတစ်ဦးတစ်ယောက် အပေါ်၌ ထားရှိသော 'သမုဒယအနှောင့်အဖွဲ့'တို့ကို ခွဲခြားသိမြင်နိုင်ခဲ့သည်။ မေတ္တာ တရားအပေါ် အာရုံထားရှိခဲ့သော်လည်း နှောင်ဖွဲ့ခြင်း ကင်းအောင် နေခဲ့သည်။ ထို့ကြောင့် သူ၏ စိတ်နှလုံးမှာ အမြဲတစေ ငြိမ်းချမ်းနေ ခဲ့သည်။

ကိုတင်မောင်ဦးသည် ငယ်ရွယ်စဉ်ကတည်းကပင် မျှဝေလိုသော စိတ်ထားကို ကျင့်ကြံလာခဲ့သောကြောင့် မိမိ၏ 'လောဘ'နှင့် 'တပ်မက်မှု'စိတ်တို့ကို အတိုင်းအတာ အတော်များများအထိ လျှော့ချနိုင်ခဲ့သည်။ မိမိ၏ အောင်မြင်မှုအတွက် ကျေနပ်အားရမှု ရှိရုံသာမက အခြားသူများ၏ အောင်မြင်မှုရလာဒ်များအပေါ်၌လည်း ဝမ်းသာပီတိ ဖြစ်ခဲ့သည်ကို ကြည့်မည်ဆိုလျှင် အများ အားဖြင့် သူ၏ စိတ်ထားသည် 'မနာလိုမှု' ကင်းရှင်းနေသည်။ ပို၍ အရေးပါသည်မှာကား ကိုတင်မောင်ဦးထံ၌ အပြုဖြစ်တည်မှုအမြင် ရှိခြင်းပင်ဖြစ်သည်။ ဘဝတွင် တွေ့ကြုံလာရသော အခက်အခဲများကို ညည်းညူခြင်း အလျှဉ်းမရှိဘဲ လျှက် အပြုဖြစ်တည်မှုအမြင်ဖြင့် ရင်ဆိုင်ကျော်ဖြတ်ခဲ့သည်။ လူ့အဖွဲ့အစည်း ပြဿနာများကို အကောင်းဘက်က ကြည့်မြင်သုံးသပ်ခဲ့သည်။ တိဘက်ဒေသ၏ သန့်ရှင်းသော ဝိညာဉ်တော် ဒလိုင်လားမား ကဲ့သို့ပင် ကောင်းမြတ်သော စိတ်ဝိညာဉ် (သို့မဟုတ်) ဟာသဉာဏ်ဖြင့် ကိုတင်မောင်ဦးက အခြားသူများကို ဆက်ဆံခဲ့သည်။ ၎င်းတို့သည် 'စိတ်၏ သန့်စင်ခြင်း'ကို ထင်ဟပ်ပြသနေသော စရိုက်လက္ခဏာများပင်ဖြစ်ပြီး စစ်အာဏာရှင်များ၏ လက်ထဲ၌ အသက်စတေးခံခဲ့ရ သည့်အချိန်အထိ ကိုတင်မောင်ဦးက အဆိုပါ စရိုက်လက္ခဏာများကို ထိန်းသိမ်းကျင့်ကြံသွားခဲ့သည်။ စိတ်၏ သန့်စင်ခြင်းကို ထိန်းသိမ်းထားနိုင်သောကြောင့် သူသည် အတွင်းစိတ် ငြိမ်းချမ်းမှုကို တစုံတရာ အတိုင်းအတာအထိ ရရှိနိုင်ခဲ့သည်။

အတွင်းစိတ် ငြိမ်းချမ်းမှုကို ရှာဖွေခြင်း၏ အရေးပါပုံကိုသော်လည်းကောင်း၊ အတွင်းစိတ်ငြိမ်းချမ်းမှုသည် လူ့အဖွဲ့အစည်းအတွက်များစွာ အကျိုးဖြစ်ထွန်းစေသည်ကိုလည်းကောင်း ကောင်းမွန်စွာ သိထားသော်လည်း တရားမျှတ၍ လွတ်လပ်ပြီးငြိမ်းချမ်းသော လူ့အဖွဲ့အစည်း သို့ အသွင်ပြောင်းစေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အတွင်းစိတ်ငြိမ်းချမ်းမှုမျှနှင့် မလုံလောက် ကြောင်းကို ကိုတင်မောင်ဦးက ရိပ်စားမိခဲ့သည်။ ထို့ပြင် လူ့အဖွဲ့အစည်းတစ်ခုသည် ခြောက်ပစ်ကင်းသဲထဲစင် ဖြစ်နေစေကာမူ အတွင်းစိတ် ငြိမ်းချမ်းမှု မရှိပြန်လျှင်လည်း လူသားတို့သည် အဓိပ္ပါယ် ပြည့်ဝသော၊ အသက်ဝင်သော၊ ပျော်ရွှင်ဖွယ်ရာကောင်းသော ဘဝများကို ရရှိခံစားနိုင်ကြမည် မဟုတ်ကြောင်းလည်း နားလည်သဘောပေါက်ခဲ့သည်။ လူ့အဖွဲ့အစည်းက စက်ဝန်းမျဉ်း ဖြစ်လျှင် လူသားတို့၏ အတွင်းစိတ် ငြိမ်းချမ်းမှုက ဗဟိုချက်မ ဖြစ်သည်။ အတွင်းစိတ် ငြိမ်းချမ်းမှုကို တိုးချဲ့နိုင်၊ အရှည်သဖြင့်တည်တန့်စေနိုင်သောအခါ လူသားတို့သည် အဆုံးစွန်သော ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိခံစားနိုင်ကြသည်။

ပုဂ္ဂိုလ်တဦး၏ စိတ်နှလုံးထဲ၌ ပျော်ရွှင်မှု စိုးစဉ်းမျှ မရှိလျှင် ၎င်း၏ဘဝသည် သစ်ပင်တပင်နှင့် အလားတူနေပေမည်။ သစ်ပင်သည် ခံစားမှုကင်းမဲ့စွာဖြင့် ရေနှင့် အဟာရကို စုပ်ယူနေသကဲ့သို့ပင် ဖြစ်နေပေမည်။ တရားမျှတမှု၊ လွတ်လပ်မှုနှင့် ငြိမ်းချမ်းမှုတို့ ဖြစ်ထွန်းနေသော လူ့အဖွဲ့အစည်းတွင် နေထိုင်သူများသည် အတွင်းစိတ် ငြိမ်းချမ်းမှုကို ရှာဖွေနိုင် သော အခွင့်အလမ်းများ ရရှိကြမည်ဖြစ်သည်။ မိမိကျင့်ကြံသော နည်းလမ်းများအပေါ် မူတည်၍ ရရှိသော အကျိုးခံစားမှုများ တစ်ဦးနှင့်တစ်ဦး တူညီကြမည် မဟုတ် သော်လည်း လူသားတို့သည် ပျော်ရွှင်သော ဘဝများကို ပိုင်ဆိုင်နိုင်ကြမည် ဖြစ်သည်။ ထို့ကြောင့် လူမှုဗေဒဆိုင်ရာ ဖြစ်စဉ်နှစ်ခုဖြစ်သော အတွင်းစိတ် ငြိမ်းချမ်းမှုနှင့် အပြင်ပိုင်း ငြိမ်းချမ်းမှုတို့သည် အလွန်အရေးပါသော အချက်များ ဖြစ်သည့်အပြင် ၎င်းတို့သည် အချင်းချင်း ပံ့ပိုးပေးနေကြပေသည်။

## ငြိမ်းချမ်းမှုကို ရှာဖွေခြင်း နှင့် စစ်ရေးနည်း

အတွင်းစိတ် ငြိမ်းချမ်းမှုကို ရှာဖွေခြင်းသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အရေးကြီးသော်လည်း အတွင်းစိတ် ငြိမ်းချမ်းမှု တစ်မျိုးတည်းဖြင့် သာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖေါ်ဆောင်နိုင်မည် မဟုတ်ချေ။ သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် အတွင်းစိတ်ငြိမ်းချမ်းမှုကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အောင်မြင်စွာ ရှာဖွေတွေ့ရှိခဲ့ကြသော ဗုဒ္ဓဂေါတမ၊ ယေရှု ခရစ်တော်၊ မိုဟာမက် အစရှိသည့် မြင့်မြတ် သောပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ တပည့်နောက်လိုက်များ ပွင့်ထွန်းလာခဲ့ပေသည်။ သို့သော်လည်း ၎င်းတို့ မပွင့်ထွန်းမီနှင့် ပွင့်ထွန်းခဲ့ပြီး ကာလများတွင် ကမ္ဘာပေါ်၌ စစ်နှင့် ပဋိပက္ခများ ဖြစ်ရှိခဲ့ပြီး ယနေ့အချိန် အထိလည်း ဆက်လက်၍ ရှိနေဆဲ ဖြစ်သည်။ လူ့အဖွဲ့အစည်း တည်ရှိနေသမျှ ကာလပတ်လုံး စစ်နှင့် ပဋိပက္ခများကို ရှောင်လွှဲနိုင်မည် မဟုတ်ချေ။ ကာလတခု၌ ငြိမ်းချမ်းမှုရှိသော အခြေအနေဖြစ်တည်နေနိုင်သော်လည်း အခြားကာလတခု၌ စစ်ကို အနည်းဆုံးအားဖြင့် ဒေသဆိုင်ရာစစ်ကို ရှောင်လွှဲ၍ ရနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် အကြွင်းမဲ့ ကမ္ဘာ့ငြိမ်းချမ်းမှုကို ဖေါ်ဆောင်နိုင်ရေး ဆိုသည်မှာ လက်တွေ့ တွင် ဖြစ်မလာနိုင်ချေ။ ဤသည်မှာ အမှန်တရားပင်။ ထို့ပြင် စစ်ကို စစ်ဖြင့်သာ အဆုံးသတ်နိုင်သည် ဆိုသည့်အချက်ကို လူ့သမိုင်းရှိ ဖြစ်ရပ်ပေါင်း များစွာတို့က သက်သေပြလာခဲ့သည်။ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ် တို့သည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်ဖြစ်ပွား ရာက စတင်ခဲ့ခြင်းပြီးဖြစ်ပြီး ထိုမှတဆင့် တကမ္ဘာလုံးသို့ ပျံ့နှံ့သွားကာ နိုင်ငံများ အုပ်စုဖွဲ့ပြီး တိုက်ခိုက်ခဲ့ကြသည်။ ကမ္ဘာစစ် များကို အဆုံးသတ်စေခဲ့ခြင်းမှာ အတွင်းစိတ် ငြိမ်းချမ်းမှုဖြင့် မဟုတ်။ စစ်ရေးနည်းကြောင့်သာ ဖြစ်သည်။ ကမ္ဘာစစ်ကို အစပြု ပေးခဲ့သော နိုင်ငံများရှိ အာဏာတော်မွတ်နေသူ နိုင်ငံခေါင်း ဆောင်များက အတွင်းစိတ် ငြိမ်းချမ်းမှုကို ကျင့်ကြံရန် လုံးဝ စိတ်မကူး ခဲ့ချေ။

'စစ်'နှင့် စပ်လျဉ်း၍ ယနေ့ခေတ်ကာလတွင် 'တရားမျှတမှု'နှင့် 'မတရားမှု'တို့၏ အဓိပ္ပါယ် ဖွင့်ဆိုချက်များကို ရှင်းချက်ထုတ်နိုင်ပေသည်။ 'လူသားတို့၏ အသက်ရှင်သန်မှုနှင့် လွတ်လပ်မှု'တို့ကို ကာကွယ် စောင့်ရှောက်ရန်အတွက် ဆင်နွှဲသော စစ်ပွဲကို 'တရားမျှတသော'စစ်ပွဲ ဟူ၍လည်းကောင်း၊ ၎င်းနှင့် ဆန့်ကျင်ဘက်ကို 'မတရားသော' စစ်ပွဲဟူ၍ လည်းကောင်း ဆိုနိုင်သည်။ ၁၉၇၉ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် လူပေါင်း (၂)သန်းခန့်ကို သတ်ဖြတ်ခဲ့သည့် ခမာနီအစိုးရ အား စစ်ပြုခြင်းကို 'တရားမျှတသော'စစ်ပွဲဟု ဆိုနိုင်သည်။ ထိုကဲ့သို့ စစ်ပြုခြင်း မရှိခဲ့လျှင် ကမ္ဘောဒီးယားနိုင်ငံသားတို့ ဆက်လက်၍ သတ်ဖြတ် ခံခဲ့ရနိုင်ပေသည်။ တူစီ လူနည်းစု ထောင်ပေါင်းများစွာတို့ကို သတ်ဖြတ်နေခဲ့သော ရဝန်ဒါနိုင်ငံရှိ ဟူတူး အစိုးရအပေါ် ၁၉၉၄ခုနှစ်တွင် စစ်ပြုခြင်းကိုလည်း တရားမျှတသော စစ်ဟု ဆိုနိုင်သည်။ ထို့ပြင် ၂၀၁၁ခုနှစ် ဇန်နဝါရီ လတွင် အာဏာရှင် မာမူဝါ ဂါဒါဖီကို ဆန့်ကျင်သော လစ်ဗျားပြည်သူလူထုတို့၏ စစ်ပွဲမှာလည်း တရားမျှတမှု ရှိပေသည်။ သို့တည်းမဟုတ်လျှင် ဂါဒါဖီသည် မိမိ၏ တိုင်းသူပြည်သားများအပေါ်၌ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများအား ဆက်လက်၍ ကျူးလွန်နေနိုင်ခဲ့သည်။ ထို့အတူပင် မြန်မာနိုင်ငံ၌ ပြည်သူများကို ကာကွယ်နိုင်ရန်အတွက် တိုင်းရင်းသား တော်လှန်ရေး အဖွဲ့များက လက်ရှိအစိုးရအား ခုခံတိုက်ခိုက်သော စစ်ပွဲများလည်း တရားမျှတသည်ဟု ဆိုနိုင်ပေသည်။ အုပ်ချုပ်ခံ လူထုများက အတွင်းစိတ် ငြိမ်းချမ်းမှုကို ကျင့်သုံးပါလျှက် 'လောဘနှင့် ဒေါသ'စိတ်တို့ ကိန်းအောင်းနေသော

အုပ်ချုပ်သူများက ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံလျှင် လူ့အဖွဲ့အစည်းမှာ ပရမ်းပတာ ဖြစ်နေပေလိမ့်မည်။ ဤကဲ့သို့သော ဖြစ်ရပ်များကို ကမ္ဘာ့သမိုင်းတွင် အထင်အရှား တွေ့မြင်နိုင်သည်။ ငြိမ်းချမ်းရေးရရှိအောင် ပြုလုပ်ဆောင်ရွက် ရာတွင် ငြိမ်းချမ်းသော နည်းလမ်း ကျင့်သုံးခြင်းကို အားပေးအားမြှောက်ပြုရပါမည်။ ဦးစားပေး ဖေါ်ဆောင်ရပါမည်။ သို့သော်လည်း အထက်ပါ ဖြစ်ရပ်များကို ကြည့်မည်ဆိုလျှင် 'မတရားသောစစ်' ကို ဟန့်တားနိုင်စေရန်အတွက် ငြိမ်းချမ်းသော နည်းလမ်း တစ်မျိုးတည်းဖြင့်သာလျှင် မလုံလောက်ကြောင်းမှာ သိသာထင်ရှားပေသည်။ 'စစ် ဖြစ်ပွားခြင်း' သည် မကောင်းသာ အရာတစ်ခု ဖြစ်သည်မှာ အငြင်းပွားဖွယ် မရှိချေ။ စစ်ပွဲပြီးသည့်နောက်ပိုင်းတွင် စစ်ပွဲ၏ အကျိုးရလာဒ်ကြောင့် ထောင်သောင်းမကသော နောက်ဆက်တွဲပြဿနာများ ဖြစ်ရှိလာသည်။ သို့ဖြစ်သောကြောင့် တိုင်းသူပြည်သားများကို ကာကွယ်ရာ၌သော် လည်းကောင်း၊ အလွန်ယုတ်မာသော ပြစ်မှုကျူးလွန်မှုများကို ကာကွယ်ဟန့်တားရာ၌ သော်လည်းကောင်း 'စစ်ရေးနည်းလမ်း' ကို နောက်ဆုံးအဖြေတစ်ခုအဖြစ်သာ ထည့်သွင်းစဉ်းစားသင့်ပေသည်။ သို့သော် ကံမကောင်း အကြောင်းမသင့်သည်မှာ အာဏာ ဝေ်မွတ်နေသူများ (သို့မဟုတ်) အစွန်းရောက်သမားများ (သို့မဟုတ်) လူဆိုး လူရမ်းကားများက ပြုလုပ်သော စစ်ပွဲများကို ချုပ်ငြိမ်းသွားစေရန်အတွက် စစ်ရေးနည်းလမ်းကို မလွှဲမရှောင်သာ ကျင့်သုံးရသည့်အခါများလည်း ရှိသည်။ ဤသို့မှသာလျှင် ငြိမ်းချမ်းသော နိုင်ငံရေး လုပ်ငန်းစဉ်အတွက် အထောက်အကူဖြစ်စေပြီး ငြိမ်းချမ်းမှု ဖေါ်ဆောင်ရာတွင် ပံ့ပိုးနိုင်သည်။

'စစ်' ကို 'စစ်' ဖြင့်သာလျှင် အဆုံးသတ်စေနိုင်သည် ဟုဆိုလျှင် အာဏာရှင် အုပ်ချုပ်မှုအောက်၌ လူသားတို့၏ အသက် အန္တရာယ်နှင့် လွတ်လပ်မှုတို့အတွက် လွန်မင်းစွာ စိုးရိမ်ကြောင့်ကြနေရသော အခြေအနေမျိုးတွင် 'တရားမျှတသော စစ်' ဆင်နွှဲရေးအတွက် သော်လည်းကောင်း၊ 'တရားမမျှတသော စစ်' ကို ဆန့်ကျင်တိုက်ဖျက်ရန်အတွက်သော်လည်းကောင်း မည်သူ့ ထံတွင် တာဝန်ရှိသနည်း။ 'ငြိမ်းချမ်းသော နည်းလမ်း' ကျင့်သုံးရေးကိုသာ ထောက်ခံပြောဆို ကျင့်ကြံနေပြီး 'တရားမျှတသော စစ်' အတွက် မည်သူကမျှ အနစ်နာခံ ပေးဆပ်လိုခြင်းမရှိလျှင် လူ့အဖွဲ့အစည်းတွင် အပြင်ပိုင်း ငြိမ်းချမ်းမှုကို မည်ကဲ့သို့ ကာကွယ်ထိန်းသိမ်းနိုင်မည်နည်း။ ဤကဲ့သို့သော အခြေအနေတွင် 'နိုင်ငံတော် ငြိမ်းချမ်းသာယာရေး' အတွက် ဟူ၍ အကြောင်းပြကာ တိုင်းပြည်ကို အုပ်ချုပ်နေသော အာဏာရှင်များ၏ လက်အောက်တွင် လူ့အဖွဲ့အစည်း၏ လွတ်လပ်ခွင့် ထာဝရ ကင်းမဲ့နေရပေမည်။ အထူးသဖြင့် အပြင်ပိုင်း ငြိမ်းချမ်းမှုနှင့် ပတ်သက်၍ ပြောရမည်ဆိုလျှင် ကမ္ဘာတဝှမ်းရှိ အချို့သော နိုင်ငံများတွင် 'တိုင်းပြည် လွတ်လပ်ရေး' ရရှိရန် ပြဿနာများကို နိုင်ငံရေးအရ ဖြေရှင်းခဲ့ပြီး ဖြစ်သော်လည်း လူမှုရေးဆိုင်ရာ တရားမျှတမှုရှုထောင့်က ကြည့်မည်ဆိုလျှင် 'လူ့အဖွဲ့အစည်း လွတ်လပ်မှုရှိရေး' ပြဿနာမှာမူကား ဆက်လက်၍ တည်ရှိနေဆဲ ဖြစ်သည်။

## လူ့အဖွဲ့ အစည်းဆိုင်ရာ လေ့လာမှုများ ပြုလုပ်ရင်း အမှန်တရားကို လိုက်စားခြင်း

နောက်ပိုင်းတွင် ကိုတင်မောင်ဦးသည် အတွင်းစိတ် ငြိမ်းချမ်းမှုမှ အပြင်ပိုင်း ငြိမ်းချမ်းမှုဆီသို့ အာရုံပြောင်းခဲ့ပြီး လူ့အဖွဲ့အစည်း ဆိုင်ရာ အသိပညာများကို လေ့လာလိုက်စားခဲ့သည်။ စီးပွားရေး ဆုတ်ယုတ်မှုနှင့် နိုင်ငံရေး ကန့်သတ်ချက်များကြောင့် မိမိ ပတ်ဝန်းကျင်ရှိ သာမန်ပြည်သူတို့၏ 'ဆင်းရဲဒုက္ခများ' ကို ကိုယ်တွေ့ကြုံခဲ့ရခြင်းကြောင့်သော် လည်းကောင်း၊ လူ့ဂုဏ်သိက္ခာ ဆုံးရှုံးခဲ့ရသူများ၊ လူ့အဖွဲ့အစည်း၏ ကြည့်ရှုစောင်မခြင်း မခံရသူများအပေါ် သနားဂရုဏာ ဖြစ်ခဲ့ခြင်းကြောင့်သော်လည်းကောင်း ကိုတင်မောင်ဦးက အပြင်ပိုင်းငြိမ်းချမ်းမှုကို လေ့လာလိုက်စားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ အနာဂတ်အတွက် လမ်းပျောက်ခဲ့ ရသူ လူငယ်များက မိမိတို့၏ဘဝ ဆက်လက် ရှင်သန်နေနိုင်ရေးအတွက် မလွှဲမရှောင်သာ အာဏာရှင်အစိုးရအုပ်ချုပ်မှု ရုံးဌာနများတွင် တာဝန်ထမ်းဆောင်ရခြင်းအပေါ် သနားဂရုဏာ သက်ခဲ့သည်။

ဤကဲ့သို့ ဆိုးသွမ်းသော အခြေအနေအများကို တွေ့ကြုံနေရသမျှ ကာလပတ်လုံး ပြည်သူ ပြည်သားအပေါင်းတို့သည် အတွင်းစိတ် ငြိမ်းချမ်းမှုကို ရှာဖွေရန်အတွက် လမ်းကြောင်း ဖြောင့်ဖြူးမည် မဟုတ်ကြောင်း၊ နိုင်ငံ့စီးပွားရေး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပြီးသည့်တိုင် နိုင်ငံရေး လွတ်လပ်ခွင့်ကို ချုပ်ချယ်ထားလျှင် ပြည်သူတို့ အတွက် အတွင်းစိတ် ငြိမ်းချမ်းမှုကို ရှာဖွေရာ၌အခက်အခဲကြုံတွေ့နေမည်ဖြစ်ကြောင်းတို့ကို သူကနားလည်သဘောပေါက်ခဲ့သည်။ ထို့နောက်တွင် ကိုတင်မောင်ဦးသည် လူ့အဖွဲ့အစည်း အတွင်း၌ ဖြစ်ပျက်နေသည်များနှင့် အကျိုးအကြောင်းများကို နက်နက်နဲနဲ သိရှိလိုလာခဲ့သည်။ လူ့အဖွဲ့အစည်း အတွက် အမှန်တရားကို ရှာဖွေလိုလာခဲ့သည်။

ပထမဦးဆုံးအနေဖြင့် ကိုတင်မောင်ဦးသည် လမ်းသရဲဂိုဏ်းဝင်များ အဖြစ် သတ်မှတ်ခြင်း ခံရသူ လူငယ်များနှင့် ရင်းနှီးမှု ရှိလာ ရာမှ ၎င်းတို့ အများစုသည် လူ့အဖွဲ့အစည်းကို ဒုက္ခပေးနေသူများ ဆိုသည်ထက် လူ့အဖွဲ့အစည်း၏ သားကောင်များသာ ဖြစ်နေကြောင်းကို လေ့လာသိရှိခဲ့ရသည်။ အတွင်းစိတ် ငြိမ်းချမ်းမှုအတွက် ရှာဖွေနိုင်ရေး ဆိုသည်ကို အသာထား နေ့စဉ်ဘဝ ရပ်တည်ရေးအတွက်ကိုသာ လုပ်ရှားရုန်းကန်နေရသောကြောင့် ၎င်းတို့ထံတွင် စိုးရိမ်စိတ်များ အမြဲတစေ ဖုံးလွှမ်းနေခဲ့သည်။ ထို့နောက် လှိုင်၊ မရမ်းကုန်းနှင့် ကမာရွတ် မြို့နယ်များရှိ ကျူးကျော်ရပ်ကွက်များတွင် နထိုင်သူ အနိမ့်ဆုံး လခစား အလုပ်သမား လူတန်းစားတို့ထံ သွားရောက်ကာ စကားပြောဆိုခဲ့သည်။ ၎င်းတို့၏ နေ့စဉ်ဘဝများကို အချိန်ယူ လေ့လာသည် နှင့်အမျှ ၎င်းတို့ ကြုံတွေ့နေရသော အတိဒုက္ခ အခြေအနေများမှာ ကိုတင်မောင်ဦး ခေါင်းထဲသို့ စူးနစ်ဝင်ရောက်ခဲ့သည်။ ထောင်တွင်း၌ (၁)နှစ်ကြာ နေခဲ့ရသည့် အချိန်ကာလများတွင်လည်း လူ့ဘဝအခြေအနေများကို ပိုမိုလေ့လာ အကဲခတ်ခွင့်ရ ခဲ့သည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် လူအများစု၏ သဘောဆန္ဒတခုတည်းအပေါ်တွင်သာ အခြေခံရုံမျှနှင့် တိုင်းပြည်ကို အုပ်ချုပ်မည်ဆိုလျှင် တိုင်းရင်းသား လူနည်းစုတို့၏ အခွင့်အရေးများကို ဖြည့်ဆည်းရာ၌ အားနည်းနေနိုင်သည်ကိုလည်းကောင်း၊ အာဏာရှင် အုပ်ချုပ်မှုအောက်တွင် တိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးများ၊ အထူးသဖြင့် တန်းတူညီမျှ အခွင့်အရေးများနှင့် ကိုယ်ပိုင် အုပ်ချုပ်ပိုင်ခွင့်များ ဆုံးရှုံးကြရမည်ကို လည်းကောင်း သိရှိနားလည်လာခဲ့သည်။ ထောင်က လွတ်လာပြီးသည့်နောက်တွင် ကိုတင်မောင်ဦးသည် တက္ကသိုလ် ဆက်တက်ကာ သူငယ်ချင်း အပေါင်းအသင်း များနှင့်အတူ လူ့အဖွဲ့အစည်းနှင့် ပတ်သက် သော သဘောတရား အယူအဆများကို လေ့လာလိုက်စားခဲ့သည်။ ဒီမိုကရေစီ စနစ်အောက်တွင် တိုင်းရင်းသား လူမျိုးစုများ၏ အခွင့်အရေးများကို တဆင့်ချင်း တိုးမြှင့်ထားရှိပေးသွားနိုင်သော်လည်း အာဏာရှင်အုပ်ချုပ်မှုစနစ် တည်ရှိနေပါက ဒီမိုကရေစီ နှင့် လူမျိုးစု အခွင့်အရေးများ ရာသက်ပန် ငြင်းဆန်နေခြင်းခံရမည်ကို နားလည်ခဲ့သည်။ လူ့အဖွဲ့အစည်းအကြောင်း ပိုမိုနက်နဲစွာ လေ့လာလိုက်စားလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းကို အဓိက ဆိုးကျိုးဖြစ်နေစေသည့်အရာမှာ အာဏာရှင် စနစ်သာ ဖြစ်ကြောင်း၊ အာဏာရှင်စနစ်ကို စွဲကိုင်ကာ အုပ်ချုပ် မင်းလုပ်နေသော အစိုးရသည် သာမန် ပြည်သူပြည်သားတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးရမည့်အစား ၎င်း၏ အာဏာ သက်ဆိုးရှည်စေရေးအတွက် တိုင်းပြည် အဆောက်အအုံများ နှင့် အုပ်ချုပ်မှုယန္တယားများ ကို ဖန်တီးခြင်း၊ ကြိုးကိုင်ခြယ်လှယ်ခြင်း၊ အပြည့်အဝ အသုံးချခြင်းဖြင့် ပြည်သူများကို ဖိနှိပ်ချုပ်ချယ်နေကြောင်းတို့ကို ရှင်းလင်း ပြတ်သားစွာ သိမြင်ခဲ့သည်။ ဤအချက်သည် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းအတွက်သာ မဟုတ်ဘဲ အာဏာရှင်စနစ်ကို ကျင့်သုံး နေသော အခြားနိုင်ငံများတွင်လည်း မှန်ကန်နေပေသည်။

၁၉၆၆ ခုနှစ်မှ ၁၉၇၆ခုနှစ် ကိုတင်မောင်ဦး၏ လူငယ်ဘဝ အချိန်ကာလများတွင် အာဖရိကနှင့် အရှေ့ ဥရောပတိုက်ရှိ နိုင်ငံ အများစုသည် အာဏာရှင် အုပ်ချုပ်မှုစနစ်အောက်တွင် ကျရောက်နေခဲ့ကြသည်။ ၁၉၆၈ခုနှစ်တွင် ဆိုဗီယက် ပြည်ထောင်စုက ချက်ကိုစလိုဗားကီးယားနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ပြီး နိုင်ငံအတွင်း၌ လွတ်လပ်ခွင့် ပိုမိုရရှိရေး လှုပ်ရှားမှုများကို ပျက်စီးစေ ခဲ့သည်။ လက်တင် အမေရိကတိုက်ရှိ နိုင်ငံပေါင်း (၂၀)ခန့်တွင်လည်း စစ်အာဏာသိမ်းမှုများ တခေတ်ထခဲ့သည်။ ထိုနိုင်ငံတွင် စစ်အာဏာသိမ်းအစိုးရ များက ၎င်းတို့သည် စုစည်းမှုအားကောင်းပြီး ထိရောက် ထက်

မြက်သော လက်ရွေးစင် လူစုဖြစ်သဖြင့် တိုင်းပြည်အတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုတို့ကို ဖော်ဆောင် ပေးနိုင်မည်ဟု ကြွေးကြော်ခဲ့ကြသော်လည်း လက်တွေ့တွင်မူ ဖြစ်မလာခဲ့ချေ။ အာရပ်တိုင်းပြည်များတွင် ဘုရင်များကသာလျှင် နိုင်ငံရေး အာဏာကို ဆုပ်ကိုင်ထားကြပြီး အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေခဲ့သည်။ အီဂျစ်၊ တူနီးရှား၊ ယီမင်နှင့် ဆီးရီးယား အစရှိသည့် သမ္မတ နိုင်ငံများတွင်လည်း အာဏာရှင် အုပ်ချုပ်မှုစနစ်ကို စတင်ကျင့်သုံးလာခဲ့ကြသည်။ အာဏာရှင် စနစ်များ ထဲတွင် အဆိုးရွားဆုံးဖြစ်သော "ဘုရင်များ၏ ဘုရင်စနစ်" ကို ကျင့်သုံးလာခဲ့သူ မာမူဝါ ဂါဒါဖီသည် ယနေ့အချိန်အထိ အာဏာတည်မြဲနေပေ သေးသည်။

လစ်ဘျားနိုင်ငံကို ဘုရင် အီဒရစ်က အုပ်ချုပ်နေစဉ်အတွင်း ၁၉၆၉ ခုနှစ်တွင် ဂါဒါဖီနှင့်တကွ ရာထူးငယ် စစ်ဗိုလ် အချို့တို့က စစ်တပ်အာဏာသိမ်းခဲ့ခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသရှိ လူငယ်တစ်ဦးဖြစ်သူ ဂါဒါဖီက အာဏာရှင်စနစ်ကို စတင် ကျင့်သုံးလာချိန်တွင် အာရှတိုက်ရှိ လူငယ်တစ်ဦးဖြစ်သူ ကိုတင်မောင်ဦးကလည်း လူ့အဖွဲ့အစည်း နှင့် ပတ်သက်၍ စတင် လေ့လာလိုက်စားကာ အာဏာရှင်စနစ်ကို ဖြုတ်ချရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေခဲ့သည်။ ဤနေရာတွင် ၎င်းတို့နှစ်ဦး အနက် မည်သူက ရဲစွမ်းသတ္တိနှင့် ပိုပြည့်စုံသည်ကို မည်သူမျှ မသိရှိနိုင်ချေ။ သို့သော်လည်း သတိပြုရမည့် အချက်တစ်ချက်မှာ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းရန်အတွက် ၎င်းတို့၏ လုပ်ပုံကိုင်ပုံများ မတူညီကြခြင်း ပင်ဖြစ်သည်။ ဂါဒါဖီက စစ်တပ် အင်အားကို မှီခိုအားထားနေချိန်တွင် ကိုတင်မောင်ဦးက လူထုစွမ်းအားကို အမှီပြုခဲ့သည်။ ငြိမ်းချမ်းသော လမ်းစဉ်ကို ကျင့်ကြံ ခဲ့သည်။ ထိုအချိန်က လူထုစွမ်းအားဆိုသည်မှာ ရေပန်းစားသော ဝေါဟာရတစ်ခု မဟုတ်ခဲ့ချေ။

## ကွန်မြူနစ်စနစ်ကို ရှောင်ရှားရန် ကြိုးပမ်းရာမှ အာဏာရှင်စနစ်ကို ထောက်ခံခဲ့ကြခြင်း

ကိုတင်မောင်ဦးသည် ၁၉၆၉ခုနှစ်တွင် တက္ကသိုလ် ပထနစ်၌ တက်ရောက် ပညာသင်ကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ သမ္မတ ဖာဒီနန် မားကို့(စ်)က နိုင်ငံ့သမိုင်းတွင် မကြုံစဖူး ဒုတိယအကြိမ် သမ္မတအဖြစ် ပြန်လည်အရွေးခံခဲ့ရသည်မှာလည်း ၁၉၆၉ ခုနှစ်ကပင် ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် နာမည်ဆိုးဖြင့် ကျော်ကြားသူ စစ်အာဏာရှင် ဗိုလ်ချုပ် ဆူဟာတိုကို လွှတ်တော် က သမ္မတအဖြစ် ရွေးချယ်ခန့်အပ်ခဲ့သည်မှာ ၁၉၆၈ခုနှစ်က ဖြစ်သည်။ အဆိုပါ သမ္မတနှစ်ဦးစလုံးသည် သက်ဆိုင်ရာ နိုင်ငံ အသီးသီးတွင် ကွန်မြူနစ် ပုန်ကန်အုံကြွမှုများကို နှိမ်နင်းခဲ့သည်ဟူ၍ နာမည်ကျော်ကြားခဲ့ကြသည်။ အာဏာမရမီတွင် အင်ဒိုနီးရှားနိုင်ငံ ဗိုလ်ချုပ် ဆူဟာတိုသည် ကွန်မြူနစ်များကို ရှင်းလင်းသုတ်သင်ရန်အတွက် စစ်တပ်ကို ဦးဆောင်ခဲ့ပြီး လူပေါင်း (၅)သိန်းခန့်ကို သတ်ဖြတ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် မားကို့(စ်)က မာရှယ်လော ထုတ်ခဲ့ပြီးသည့် နောက်တွင် ကွန်မြူနစ်ပြည်သူ့တပ်မတော်သစ်ကို နှိမ်နင်းရန် စစ်တပ်ကို အထူးအာဏာအပ်နှင်းခဲ့သည်။ ထိုကာလအတွင်း ၌ပင် တောင်ကိုရီးယား နိုင်ငံတွင်လည်း ဒုတိယ သမ္မတနိုင်ငံကို ဖြိုချပြီး ဦးဆောင်အာဏာသိမ်းခဲ့သူ ဗိုလ်ချုပ် ပတ်ချွန်ဟီးသည် သမ္မတအဖြစ် ပြန်လည် အရွေးခံခဲ့ရသည်။ ၁၉၆၆ ခုနှစ်မှ ၁၉၇၆ ခုနှစ်များအတွင်းတွင် တရုတ်နိုင်ငံ၏ ခေါင်းဆောင် ကြီး မော်စီတုန်းက ယဉ်ကျေးမှု တော်လှန်ရေးကြီးဆင်နွှဲခဲ့ပြီး ပြည်သူတို့၏ လွတ်လပ်ခွင့်ကို အကြီးအကျယ် ကန့်သတ်ချုပ်ချယ် ခဲ့သည်။ ဤသည်မှာ မှားယွင်းသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ကိုယ်၌ကပင် နောက်ပိုင်း၌ သုံးသပ် သွားခဲ့သည်။ ၁၉၇၅ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ခမာနီပါတီ အာဏာရရှိလာချိန်တွင် အဆိုးရွားဆုံးသော အာဏာရှင် အုပ်ချုပ်မှု စနစ် ဖြစ်တည်လာခဲ့သည်။ ကိုတင်မောင်ဦး လူငယ်ဘဝ အချိန်ကာလများတွင် အာရှတိုက်ရှိ နိုင်ငံ များစွာတို့၌ အာဏာရှင်စနစ် ပုံစံအမျိုးမျိုး ထွန်းကားနေခဲ့သည်ကို အထက်ပါ ဖြစ်ရပ်များက သက်သေပြနေပေသည်။

ကိုတင်မောင်ဦး အရွယ်ရောက်စပြုချိန် ၁၉၆၉ခုနှစ်တွင် ဗိုလ်နေဝင်းက တိုင်းပြည်အာဏာသိမ်းပြီး အုပ်ချုပ်လာခဲ့သည်မှာ (၇)နှစ်ကြာ ရှိသွားခဲ့ပြီဖြစ်သည်။ စစ်အေးကာလများတွင် အင်ဒိုနီးရှားနိုင်ငံ ဗိုလ်ချုပ် ဆူဟာတို၊ ဖိလစ်ပိုင်နိုင်ငံ ဖာဒီနန် မားကို့(စ်)နှင့် မြန်မာနိုင်ငံ ဗိုလ်ချုပ်နေဝင်းတို့က အရှေ့တောင်အာရှဒေသတွင် ကွန်မြူနစ်စနစ် မပြန့်ပွားစေရေးအတွက် ဟန့်တားပေးနိုင်လိမ့်မည်ဟု အမေရိကန်နိုင်ငံနှင့် အနောက်တိုင်း ဒီမိုကရေစီနိုင်ငံများက မျှော်လင့်ခဲ့ကြသည်။ တဖက်ကလည်း အာရှနိုင်ငံအသီးသီးတွင်ရှိသော ကွန်မြူနစ်ပါတီများနှင့် ၎င်းတို့၏ လှုပ်ရှားမှုများကို ဆိုဗီယက် နှင့် တရုတ်နိုင်ငံတို့က ထောက်ခံပေးခဲ့ကြသည်။ ထို့ကြောင့် စစ်အာဏာရှင်များကို ဆန့်ကျင်တိုက်ဖျက် နေကြသော မြန်မာနိုင်ငံအတွင်းရှိ သာမန် ကျောင်းသူကျောင်းသားများနှင့် ပြည်သူလူထုအတွက် နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုကို ရရှိရေးဆိုသည်မှာ လုံးဝ မဖြစ်နိုင် ခဲ့ချေ။ ဤတွင် ကိုတင်မောင်ဦးက မြန်မာနိုင်ငံ၏ လှုပ်ရှားမှုသည် တိုင်းတပါး အကူအညီများအပေါ် အားကိုအားထားပြုနေမည့် အစား ပြည်တွင်း၌သာ အခြေပြုသင့်ကြောင်း၊ ၎င်းသည် ငြိမ်းချမ်းသော လှုပ်ရှားမှု ဖြစ်သင့်သော်လည်း တက်ကြွမှုရှိရန်၊ အသက်ပါရန်နှင့် လူထုအင်အားကို အချက်အခြာပြုသော လှုပ်ရှားမှု ဖြစ်ရန် လိုအပ်ကြောင်းတို့ကို သိရှိနားလည်ခဲ့သည်။

တက္ကသိုလ် တတိယနှစ်၌ ကိုတင်မောင်ဦး ပညာသင်ကြားနေချိန် ၁၉၇၃ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်ကို စစ်အစိုးရက ဖန်တီးခဲ့သည်။ မြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၆၂ခုနှစ် အာဏာသိမ်း ပြီး နောက်ပိုင်းတွင် ပျက်ပယ်သွားပြီဖြစ်သောကြောင့် စစ်အစိုးအရက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခုကို ရေးဆွဲရန်အတွက် အစပြုခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ သမိုင်းကိုကြည့်မည်ဆိုလျှင် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီး ဦးနုသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

## အစိုးရ ဖွဲ့စည်းပုံ အမျိုးအစားများနှင့် အာဏာ တည်ရှိမှုများ

ကမ္ဘာအရပ်ရပ်ရှိ တိုင်းပြည်များကို သုံးသပ်ကြည့်မည်ဆိုပါက အဓိကအားဖြင့် အစိုးရ နှစ်မျိုးနှစ်စားကို တွေ့နိုင်ပေသည်။ ၎င်းတို့မှာ ပါလီမန်စနစ် (ဝန်ကြီးချုပ်က ဦးဆောင်သော နိုင်ငံတော် အုပ်ချုပ်ရေးအဖွဲ့)နှင့် သမ္မတစနစ် (သမ္မတက ဦးဆောင် သော နိုင်ငံတော် အုပ်ချုပ်ရေးအဖွဲ့) တို့ဖြစ်ကြသည်။ ပါလီမန်စနစ်တွင် လွှတ်တော်အမတ်နေရာ အများဆုံးရရှိသော နိုင်ငံရေးပါတီက ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းပြီး ပါတီခေါင်းဆောင်ဖြစ်သူက ဝန်ကြီးချုပ်ရာထူးကို ဆက်ခံသည်။ ထို့ကြောင့် ပါလီမန်စနစ်တွင် မည်သူဝန်ကြီးချုပ် ဖြစ်လာမည်ကို လူထုက ကြိုတင်မှန်းဆနိုင်ခြင်း မရှိချေ။ ဝန်ကြီးချုပ်ကို ပြည်သူလူထုက တိုက်ရိုက် ရွေးချယ်တင်မြှောက် ခြင်း မဟုတ်ဘဲ ပါလီမန်ရှိ လွှတ်တော်အမတ်များက ဝန်ကြီးချုပ်ကို ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ သမ္မတစနစ်တွင်မူ သမ္မတရာထူးကို ပြည်သူလူထုက တိုက်ရိုက် မဲပေးရွေးချယ်သည်။ ဤစနစ်တွင် မည်သူ သမ္မတဖြစ်လာမည်ကို ပြည်သူလူထု က မှန်းဆနိုင်ကြသည်။

ပါလီမန် အစိုးရစနစ်တွင် အများအားဖြင့် မဲအများဆုံးရရှိသော ပါတီက နိုင်ငံတော် အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းသည်မှာ မှန်သော်လည်း အမြဲတစေတော့ မဟုတ်ချေ။ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော ပါတီက လွှတ်တော်နေရာ အများဆုံးရရှိသည် ဆိုသော်လည်း ထိုပါတီသည် လွှတ်တော်အတွင်းရှိ အခြားပါတီတစ်ခုခုကို ဝန်ကြီးချုပ်ရာထူး ပေးအပ်လိုက်နိုင်သည်။ ဤနည်း အားဖြင့် နိုင်ငံရေးရာ ကိစ္စရပ်များ စိစစ်နိုင်သော အခွင့်အလမ်း ရှိသွားပြီး လွှတ်တော်အတွင်းရှိ အစိုးရကို ထိန်းချုပ်နိုင်ပေသည်။ သို့သော် သမ္မတ အုပ်ချုပ်ရေးစနစ်တွင်မူ နိုင်ငံရေးအရ ကြပ်မတ်မှုနှင့် လွှတ်တော်အတွင်းမှနေ၍ ထိန်းချုပ်မှုများ မရှိချေ။ သမ္မတ နှင့် လွှတ်တော်တို့မှာ သပ်သပ်စီဖြစ်သည်။ လွှတ်တော်၏ လုပ်ငန်းဆောင်တာမှာ ဥပဒေပြုရန်

ဖြစ်ပြီး သမ္မတဖြစ်သူက စီမံ ခန့်ခွဲရေး အာဏာကို ကျင့်သုံးရသည်။ သမ္မတစနစ်တွင် ကောင်းသော အချက်များ ရှိသကဲ့သို့ မကောင်းသော အချက်များ လည်း ရှိပေသည်။ နိုင်ငံအတွင်း၌ လွတ်လပ်သော တရားစီရင်ရေးစနစ်ကဲ့သို့ သော ခိုင်မာသည့် တိုင်းပြည်အဆောက်အအုံအချို့၊ လွတ်လပ်သော လူထု အဖွဲ့အစည်းများ၊ လွတ်လပ်သော သတင်းမီဒီယာ စသည်တို့ တည်ရှိပြီး ပြည်သူလူထု၏ နိုင်ငံရေး အသိတရား မြင့်မားသော အမေရိကန်နိုင်ငံကဲ့သို့ နိုင်ငံမျိုးတွင် သမ္မတစနစ် ကောင်းမွန်စွာ လည်ပတ်နိုင်သည်။ သို့သော် ကံမကောင်း အကြောင်းမလှသည်မှာ သမ္မတစနစ်ကို ကျင့်သုံးလာခဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံ (၃၃)နိုင်ငံတို့တွင် ဖရိုဖရဲ အခြေအနေ များကို ကြုံတွေ့ခဲ့ကြရသည်။ ဥပမာ ကြည့်မည်ဆိုလျှင် သမ္မတစနစ်ကို ကျင့်သုံးသော လက်တင်အမေရိကတိုက်ရှိ နိုင်ငံများ အားလုံးတွင် ပြဿနာများ ရှိခဲ့သည်။ သမ္မတသည် အလွန်အမင်းအခွင့်အာဏာများ ကျင့်သုံးသော်လည်း သမ္မတကို ဥပဒေပြုအဖွဲ့ သို့မဟုတ် မည်သည့်တိုင်းပြည်အဆောက်အအုံကမျှ ထိန်းချုပ်ကြီးကြပ်နိုင်ခြင်း မရှိ သောကြောင့် သော်လည်းကောင်း၊ အမျိုးမတူ ကွဲပြားသော ကိုယ်စားလှယ် အဖွဲ့များအကြား တွင် ပါလီမန်စနစ်မှာကဲ့သို့ နိုင်ငံရေးရာအရ ဆွေးနွေး ညှိနှိုင်းမှု အခြေအနေမရှိခြင်းကြောင့်သော်လည်းကောင်း သမ္မတစနစ်ကို ကျင့်သုံးသော ဖွံ့ဖြိုးဆဲနိုင်ငံ များ အားလုံးနီးပါး၌ ပြဿနာများ ကြုံတွေ့ရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံကို တိုင်းရင်းသားလူမျိုးပေါင်းစုံတို့နှင့် ဖွဲ့စည်းထားသည်နှင့်အညီ သမ္မတစနစ်ကို ကျင့်သုံးရာတွင် အထက် ဖော်ပြပါ အခြေအနေများအပြင် ပြဿနာ(၃)ခု ရှိသည်။ ပထမတစ်ခုမှာ အာဏာခွဲဝေမှုဖြစ်သည်။ သမ္မတ တစ်ဦးတည်း ကသာ လျှင် ဆုံးဖြတ်ပိုင်ခွင့် အာဏာကို ရရှိထားခြင်းကြောင့် တိုင်းရင်းသား လူမျိုးအသီးသီးအကြားတွင် အာဏာကို သင့်တင့် လျောက်ပတ်စွာ ခွဲဝေနိုင်ခြင်း မရှိချေ။ ဒုတိယပြဿနာမှာ သမ္မတ ဖြစ်သူကို ပြည်သူလူထု၏ မဲအများစုဖြင့် တိုက်ရိုက်ရွေးချယ် တင်မြှောက်သဖြင့် မြန်မာနိုင်ငံ လူဦးရေ၏ အများစုမှာ မြန်မာလူမျိုး ဖြစ်သည်နှင့်အညီ သမ္မတဖြစ်သူသည်လည်း အမြဲတစေ မြန်မာလူမျိုးပင် ဖြစ်နေနိုင်သည်။ တတိယပြဿနာမှာ သမ္မတစနစ်အရဆိုလျှင် အကြီးဆုံး နိုင်ငံရေးပါတီ၏ ထောက်ခံမှုကို ရရှိသော ကိုယ်စားလှယ်က သမ္မတ ဖြစ်လာမည် ဆိုသည့်အချက်ပင်ဖြစ်သည်။ ဤအချက်ကို အခြေခံ၍ သုံးသပ်ကြည့်မည် ဆိုလျှင်လည်း တိုင်းရင်းသားလူမျိုးစု တစ်ခုကို အခြေခံ၍ ဖွဲ့စည်းထားသော နိုင်ငံရေးပါတီသည် အကြီးဆုံး နိုင်ငံရေးပါတီတစ်ခု လုံးဝ ဖြစ်မလာနိုင်ချေ။ သို့ဖြစ်၍ မြန်မာမဟုတ်သော အခြား တိုင်းရင်းသားလူမျိုးထဲက သမ္မတ အဖြစ် ရွေးချယ် တင်မြှောက် ခံရရန်မှာ ဖြစ်နိုင်ခြေမရှိလောက်အောင်ပင် နည်းလွန်းလှသည်။

## ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အပြစ်အနာအဆာများ

ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော စစ်အစိုးရက ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းပြည်အုပ်ချုပ်ရေး စနစ်ကို ပါလီမန်စနစ်မှ သမ္မတစနစ်သို့ ပြောင်းလဲခဲ့ရာတွင် သမ္မတစနစ်၏ အပြစ်အနာအဆာများကို လူများစုတို့က သိရှိ နားလည်ခြင်း မရှိခဲ့ကြချေ။ သာမန်လူထုအတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိပညာနည်းပါးမှုကြောင့် စစ်အစိုးရ၏ လုပ်ရပ် ကို လက်ခံခဲ့ကြသူများလည်း ရှိသည်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဆိုရှယ်လစ်စနစ်အရေခြုံထားသဖြင့် ဆိုရှယ်လစ် စနစ်ကို ယုံကြည်ခဲ့ကြသည့် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင် အတော်များများကလည်း လက်ခံခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိဘဲ စစ်အစိုးရက တိုက်ရိုက် အုပ်ချုပ်သည်ထက်စာလျှင် တိုင်းပြည်ရေးရာများကို ကိုင်တွယ် ဖြေရှင်းရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေက အချက်အချာကျသော နေရာမှ ပါဝင်ပတ်သက်လာလျှင် ပိုမိုကောင်းမွန်လာနိုင်ကြောင်း မျှော်လင့်ချက်ဖြင့် တိုင်းပြည်ကို တဖြေးဖြေး ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ဟု အကြောင်းပြကာ သာမန်လူပ်ရှားသူများက ထောက်ခံမှုများလည်း ရှိခဲ့သည်။ စင်စစ်အားဖြင့်ဆိုလျှင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်အာဏာရှင်စနစ်ကို တရားဝင် အသိအမှတ်ပြုလိုက်ခြင်းပင် ဖြစ်သည်။ သို့သော် ကံမကောင်းသည်မှာ ပြည်သူလူထုနှင့် နိုင်ငံရေး ခေါင်းဆောင်အချို့

တို့က ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကန့်ကွက်ခဲ့ကြသော်လည်း မအောင်မြင်ခဲ့ချေ။ ၁၉၇၃ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် 'ကန့်ကွက်မဲ'ပေါင်း မြောက်များစွာကို 'ထောက်ခံမဲ'များအဖြစ် ပြောင်းလိုက်ခြင်းဖြင့် လုပ်ဇာတ်ခင်းကာ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအကြပ် အတည်ပြုခဲ့သည်။ နောက်ပိုင်းတွင် ဗိုလ်ချုပ်နေဝင်းသည် သမ္မတဦးနေဝင်း ဖြစ်လာခဲ့ပေသည်။

အီဂျစ်နိုင်ငံ၏ ဖြစ်ရပ်သည် မြန်မာနိုင်ငံကို လာရောက်ရိုက်ခတ်ခဲ့သည်နှင့် စပ်လျဉ်း၍ အခန်း(၅)တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ အီဂျစ်နိုင်ငံမှ အာ(ဘ်)ဒဲ နာဆာနှင့် မြန်မာနိုင်ငံမှ ဗိုလ်ချုပ်နေဝင်းတို့ နှစ်ဦးစလုံးသည် စစ်တပ်အာဏာ သိမ်းခြင်းဖြင့် အာဏာ ရရှိလာသော နိုင်ငံခေါင်းဆောင်များဖြစ်သည်။ ၁၉၆၁ခုနှစ်တွင် အာ(ဘ်)ဒဲ နာဆာက 'အာရပ် ဆိုရှယ်လစ်စနစ်'ဟု ဟစ်ကြွေးကာ အစ္စလမ်ဘာသာနှင့် ဆိုရှယ်လစ်ဝါဒတို့ကို ပေါင်းစပ်ခဲ့သကဲ့သို့ပင် ၁၉၆၂ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းကလည်း 'မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်'ဟု ဟစ်ကြွေးကာ ဗုဒ္ဓဘာသာနှင့် ဆိုရှယ်လစ်ဝါဒတို့ကို ပေါင်းစပ်ခဲ့ပေသည်။ ထို့ပြင် အဓိကကျသော အချက်တစ်ချက်မှာ အီဂျစ်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်အတည်ပြုကာ ၁၉၇၁ခုနှစ်တွင် သမ္မတ စနစ်ကို ကျင့်သုံး ခဲ့သကဲ့သို့ပင် မြန်မာနိုင်ငံ၌လည်း ဗိုလ်ချုပ်နေဝင်းက ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်အတည်ပြုကာ ၁၉၇၄ခုနှစ်တွင် သမ္မတစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ လက်ရှိအခြေအနေတွင်မူ တူနီးရှား၊ အီဂျစ်၊ ယီမင်၊ ဆီးရီးယား ကဲ့သို့သော သမ္မတစနစ် ကျင့်သုံးနေသည့် အာရပ်တိုင်းပြည်များအသီးသီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ များအရ အာမခံပေးထားသော အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်သည့် လူထုတိုက်ပွဲများ ဖြစ်ပေါ် လျှက်ရှိသည်။

လူထု၏ အခြေခံလွတ်လပ်ခွင့်များနှင့် ပတ်သက်၍ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ခုတွင် "နိုင်ငံသားတိုင်း၌ လုပ်သားပြည်သူများ၏ အကျိုးစီးပွား နှင့် ဆိုရှယ်လစ်အကျိုးစီးပွားနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ထုတ်ဝေခွင့်ရှိသည်။" ဟုဆိုထားသည်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ထွက်ပေါ်လာချိန်တွင် အလုပ်သမားများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်များကိုကိုင်ကာ လမ်းမများ၌ ဆန္ဒပြခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာမခံပေးထားသော အခွင့်အရေးများကို ရပိုင်ခွင့်ရှိသည်ဟု ၎င်းတို့က ထင်မှတ်ခဲ့ကြသည်။ သို့သော်လည်း "ဆိုရှယ်လစ်ဝါဒကို ဆန့်ကျင်ပြီးတော့ လုပ်လို့မရဘူးဆိုတာနဲ့ ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ရေးထားတာ ခင်ဗျားတို့ မတွေ့ဘူးလား။ ဆိုရှယ်လစ်ဝါဒကို ဆန့်ကျင်ဘို့အတွက်ဆိုရင် ခင်ဗျားတို့မှာ စုဝေးပိုင်ခွင့်၊ ဆန္ဒပြပိုင်ခွင့်နဲ့ ထုတ်ဖော်ပြောဆိုပိုင်ခွင့် မရှိဘူး။" ဟုဆိုကာ စစ်အစိုးရက ဆန္ဒပြပွဲများကို ရက်ရက်စက်စက် နှိမ်နင်းခဲ့သည်။

ကိုတင်မောင်ဦး အတော်အတန် အရွယ်ရောက်လာသောအချိန်တွင် သူနှင့် သူ၏ရောင်းရင်းများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပတ်သက်သော နိုင်ငံရေးပြဿနာတစ်ခုကို ကြုံတွေ့ခဲ့ကြရသည်။ ဤသည်မှာ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ကျောထောက်နောက်ခံပြု၍ ပြုလုပ်ကျင်းပမည့် ရွေးကောက်ပွဲများကို လက်ခံ သင့် မသင့် ဆိုသည့် ပြဿနာပင်ဖြစ်သည်။ ကာလအပိုင်းအခြားအလိုက်ပြုလုပ်သော ရွေးကောက်ပွဲများသည် ဒီမိုကရေစီစနစ် အတွက် အောင်မြင်သော လေ့ကားထစ်များအဖြစ် မှတ်ယူနိုင်သည် ဆိုသည့်အချက်ကို ငြင်း၍ မရချေ။ သို့သော် အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို အာမခံပေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စည်းမျဉ်းဘောင်အတွင်း၌ ပြုလုပ်သော ရွေးကောက်ပွဲများ ဖြစ်ပါက နိုင်ငံအတွင်းတွင် မည်သောအခါမျှ ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းနိုင်မည် မဟုတ်သကဲ့သို့ လူထုအတွက် လွတ်လပ်ခွင့် ဆိုသည်မှာလည်း အိပ်မက်တစ်ခုပင် ဖြစ်နေပေမည်။

စင်စစ်အားဖြင့် ဆိုရလျှင် ထိုစဉ်ကကိုတင်မောင်ဦးသည် လူငယ်တဦးမျှသာဖြစ်သေးသောကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ၎င်းနှင့် ဆက်စပ် နေသော ပြဿနာများနှင့် စပ်လျှဉ်း၍ ကုံလုံသော အသိပညာများ မရှိခဲ့ချေ။ သို့သော်လည်း ဖွဲ့စည်းပုံ

အခြေခံဥပဒေသစ်သည် အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို အဓိက အာမခံချက်ပေးထားကြောင်း၊ ပြည်လူသူထုကို ပူးပေါင်းပါဝင်ခွင့်မပြုဘဲလျက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်ကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကသာ အကြွင်းမဲ့ ထိန်းချုပ်ထားကြောင်း၊ ထို့ကြောင့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများကို လက်မခံသင့်ကြောင်းတို့ကို ကိုတင်မောင်ဦးက ရှင်းလင်းစွာသိရှိထားခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဖြင့် သာမက အခြားသော တိုင်းပြည် အစိုးရ အဆောက်အအုံများ၊ အုပ်ချုပ်ရေးယန္တယားများဖြင့်ပါ အာဏာရှင်စနစ်ကို ကျောထောက်နောက်ခံ ပြုနေသမျှ ကာလပတ်လုံး အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ ပြုလုပ်သည့် ရွေးကောက်ပွဲများသည် လူထုအတွက် လွတ်လပ်မှုကို ဆောင်ကျဉ်းပေးနိုင်မည် မဟုတ်သကဲ့သို့ စစ်မှန်သော ဒီမိုကရေစီသို့လည်း အရောက်လှမ်းနိုင် မည် မဟုတ် ကြောင်းတို့ကို သူက ကြိုတင်မှန်းဆနိုင်ခဲ့သည်။ ကိုတင်မောင်ဦးသည် အမှန်တရားကို ရှာဖွေခဲ့သူတစ်ယောက် ဖြစ်ပေသည်။

လူ့အဖွဲ့အစည်းရှိ ပြဿနာများကို နှစ်တချို့ကြာအောင် စောင့်ကြည့်လေ့လာခဲ့ပြီးသည်နောက်တွင် ကိုတင်မောင်ဦး ထံ၌ အသိပညာ တစုံတရာ ရရှိလာခဲ့သည်။ ပြည်သူတို့၏ ဒုက္ခခံစားရမှုများ၊ ပြဿနာ အခြေခံရင်းမြစ်များနှင့် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းနည်းများကို သိရှိနားလည်ခဲ့သည်။ “၄င်းတို့နှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ပြုလုပ်ဆောင်ရွက်နိုင်မည်နည်း။ ပြည်သူပြည်သားတို့၏ အတိဒုက္ခများကို လစ်လျူရှုကာ မိမိ တကိုယ်ရေ ကောင်းစားရေးအတွက်သော်လည်းကောင်း၊ အတွင်းစိတ်ငြိမ်းချမ်းမှုကို ရှာဖွေနိုင်ရန်အတွက်သော်လည်းကောင်း ကိုယ်ကျိုးရှာဖွေရေး လမ်းကြောင်းကိုသာ လျှောက်လှမ်းရမည်လော။ သို့မဟုတ် လူ့အဖွဲ့အစည်းတွင် ဖြစ်ပျက် နေသော မကောင်းမှုများကို ဖယ်ရှားရန်လိုလားသူများနှင့် ပူးပေါင်းကာ တိုက်ပွဲဝင်လှုပ်ရှားရမည်လော။” စသည့်မေးခွန်းများ ကိုတင်မောင်ဦး၏ ခေါင်းထဲ ဝင်ရောက်လာခဲ့သည်။ မည်သည့် လမ်းကြောင်းကို ရွေးချယ်မည် ဆိုသည်က မိမိ၏ ဆုံးဖြတ်ချက် အပေါ်၌သာ မူတည်ပြီး မည်သူကမျှ မိမိအား အတင်းအကြပ် လုပ်ခိုင်းနေခြင်း မဟုတ်ကြောင်းကို သူက ကောင်းမွန်စွာ နားလည်ခဲ့သည်။ သာမန်လူငယ်အများစုကသာ ဆိုလျှင် ကိုယ်ကျိုးရှာရေးလမ်းကြောင်းသက်သက်ကိုသာ လုပ်ကိုင်ဆောင်ရွက်ကြပေမည်။ လူတိုင်းသည် မိမိဘဝအတွက် ကိုယ်ကျိုးရှာနိုင်သော လွတ်လပ်ခွင့်ကို ရရှိခံစားနေခဲ့မည် ဆိုလျှင် ကိုတင်မောင်ဦးက အဆိုပါ လူငယ်များကို အပြစ်တင်မည်မဟုတ်ချေ။ သို့သော် ကိုတင်မောင်ဦး အတွက်မူ တရားမျှတမှု ဆိုင်ရာ ပြဿနာမှာ မေးခွန်းထုတ်စရာ ဖြစ်ခဲ့သည်။ တရားမျှတမှုသည် သူ လွှမ်းမင်းစွာ စိတ်ဝင်စားသည့် အကြောင်းရပ်ဖြစ်ခဲ့သည်။ တရားမျှတမှု ရရှိရေးအား တန်ဘိုးထား၍ ကြိုးပမ်းစွမ်းဆောင်သင့်သည် ဟူ၍လည်း ခံယူခဲ့သည်။

## တရားမျှတမှုအတွက် တိုက်ပွဲဝင်ရာ၌ အမှန်တရား၏ အခန်းကဏ္ဍ

လူ့သမိုင်းကို ပြန်ကြည့်မည်ဆိုပါက ‘တရားမျှတမှု’ကို လူ့အဖွဲ့အစည်း၏ မရှိမဖြစ် လိုအပ်သောအရာတစ်ခုအဖြစ် ရှာဖွေလာ ခဲ့ကြသည်ကို တွေ့နိုင်ပေသည်။ ယနေ့ခေတ်ကမ္ဘာတွင် ‘လူ့အခွင့်အရေး’ဆိုသည့် ဝေါဟာရ ရေပန်းစားလာပြီး ‘လူ့အခွင့် အရေး လှုပ်ရှားမှုများ’ အရှိန်အဟုန်ကောင်းလာသည်နှင့်အမျှ ကမ္ဘာတဝှမ်းတွင် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်မြှင့်တင် ရေး လုပ်ငန်းစဉ်များကို ပြုလုပ်ဆောင်ရွက်လာခဲ့ပေသည်။ ဤသည်က မှတ်သားချီးမြှောက်ဖွယ်ရာ၊ အဖိုးမဖြတ်နိုင်သော အရာ တစ်ခုပင် ဖြစ်သည်။ သို့သော် ဝမ်းနည်းဖွယ်ရာကောင်းသည့် အချက်တစ်ချက်မှာ ‘တရားမျှတမှု’နှင့် ပတ်သက်၍သော်လည်းကောင်း၊ ‘တရားမျှတမှု’ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍သော်လည်းကောင်း အာရုံထားမှုများ မှေးမှိန်သွားခြင်း ဖြစ်သည်။ မမျှတသော နိုင်ငံရေးနှင့် လူမှုရေးစနစ်၏ သားကောင်အဖြစ် ကျရောက်နေ ကြရသော တဦးချင်းပြည်သူများ၏

နစ်နာဆုံးရှုံးမှုများအား အခြားသော တဦးချင်း ပြည်သူများက လျှစ်လျူရှုထားသမျှ ကာလပတ်လုံး တရားမျှတသော လူ့အဖွဲ့ အစည်းဖြစ်နိုင်ပါမည်လော။

ပြည်သူအများစုတို့၏ ဘဝများ ဆင်းရဲတွင်း နက်နေရချိန်တွင် လူ့အထက် တန်းလွှာများက သဘာဝ သယံဇာတ များအပေါ်၌ ကိုယ်ကျိုးရှာ အမြတ်ထုတ် နေခြင်း၊ အတောမသတ်နိုင်သော စည်းစိမ်ဥစ္စာ များကို ရရှိခံစားနေခြင်းနှင့် တိုင်းပြည် နှင့် လူထုပိုင်ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်းများ ပြုကျင့်နေလျှင် တရားမျှတသော လူ့အဖွဲ့ အစည်း ဆိုသည်မှာ မည့်ကဲ့ သို့ ဖြစ်တည်လာနိုင်ပါမည်နည်း။ ဖိနှိပ်သော တိုင်းပြည် အဆောက် အအုံများ၊ အုပ်ချုပ်မှုယန္တယားများကြောင့် ပြည်သူ လူထု အများစုတို့ အကြောက်တရားလွှမ်းမိုးခြင်းခံနေရပြီး၊ လူ့အဖွဲ့အစည်းသည် သဘာဝအခြေအနေသို့ နောက်ပြန် သွားနေ က 'တရားမျှတမှု' လုံးဝဥသုံ ကင်းမဲ့နေပါက ယင်းကို လူ့အဖွဲ့အစည်း ဟူ၍ပင် အသိအမှတ်ပြု၍ ရနိုင်မည်လော။ မြန်မာ နိုင်ငံ လူ့အဖွဲ့အစည်း၌ 'တရားမျှတမှု' ရရှိရေးဆိုင်ရာ ကိစ္စရပ်များအတွက် အာရုတိုက်ရှိ လူငယ်တစ်ဦးဖြစ်သူ ကိုတင်မောင်ဦး က စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ ဤဖြစ်ရပ်များသည် မြန်မာနိုင်ငံ တစ်ခုတည်းတွင်သာ မဟုတ်ဘဲ ကမ္ဘာ အရပ်ရပ်ရှိ အခြား တိုင်းပြည်များနှင့်လည်း သက်ဆိုင်နေပေသည်။

ယဉ်ကျေးသောနိုင်ငံတခုတွင် တရားမျှတမှု မည်ကဲ့သို့ ဆုံးရှုံးပါသနည်း။ လူ့အဖွဲ့အစည်းတွင် တစ်စုံတစ်ဦးသည်– 'အကျိုးအမြတ်'များကိုရယူခံစားသော်လည်း'တာဝန်'မယူလျှင်။ 'အကြွင်းမဲ့ညီမျှမှု'ကို ရှာဖွေသော်လည်း လူတွင် သဘာဝ အလျောက် 'မညီမျှမှုများ' ဖြစ်တည်နေခြင်းကို လစ်လျူရှုထားလျှင်။ အခြားသူများ ထံတွင် 'အလားတူ အခွင့်အလမ်းများ' ကင်းမဲ့နေသည်ကို သိရှိပါ လျှက် အခွင့်ကောင်းယူကာ မိမိအတွက် 'အခွင့်အလမ်းများ' ကိုရှာဖွေရယူနေလျှင်။ မိမိ၏ 'ကိုယ်ကျိုး စီးပွား'ရှာခြင်းကြောင့် အခြားသူများအပေါ် 'ဝန်ထုတ်ဝန်ပိုး' ဖြစ်စေလျှင်။ ခေါင်းဆောင်ဖြစ်သော်လည်း အတ္တကြီး သော စိတ် ဖြင့် 'အမှန်တရား'ကိုဖုံးကွယ်ကာ ၄င်း၏ ရည်မှန်းချက်သည် ၄င်း၏နောက်ပါများ၏ ရည်မှန်းချက်နှင့် အတူတူပင် ဖြစ် ကြောင်း ဟစ်ကြွေးလျှက် ၄င်း၏နောက်သို့ လိုက်ပါရန် ဆွဲဆောင်လျှင်။ အခြားတယောက်၏ တူညီစွာ နစ်နာဆုံးရှုံးနေမှုကို မျက်ကွယ် ပြုပြီး တစုံတဦး၏ နစ်နာဆုံးရှုံးမှုကိုသာ ရွေးချယ်၍ အရေးယူဆောင်ရွက်လျှင်။ တပါးသူ၏ တရားမျှတသော အဆို ကို ပယ်ချကာ မိမိ၏တရားမျှတမှု မရှိသော'အဆို'ကို အတင်းအကြပ်တင်သွင်းလျှင်။ အခြားသူများ၏ 'အသက်နှင့် လွတ်လပ်မှု' တို့ကို စတေးခံကာ မိမိ၏ ရိုးရာယဉ်ကျေးမှုကို ကျင့်သုံးလျှင်။ ပြစ်မှုကျူးလွန် သော်လည်း ပြစ်ဒဏ်ကို ရှောင်ရှားလျှင်။ 'ပြစ်မှု ကျူးလွန်သူ'နှင့်ပေါင်းဖက်သော်လည်း(သို့မဟုတ်)ပေါင်းဖက်ရန်ကြိုးပမ်းသော်လည်း 'ပြစ်မှုကျူးလွန် ခံရသူများ' ကို လစ်လျူရှု ထားလျှင်။ လူ့အဖွဲ့အစည်း၏ ပြဿနာများကို ကိုင်တွယ်ရာတွင် 'ပစ္စုပ္ပန်' သက်သက်ကိုသာ အာရုံထားနေပြီး 'အတိတ် ကာလကဖြစ်ရပ်များ'ကို လုံးဝ လျှစ်လျူရှုထားလျှင်။ အခြားသူများကို စတေးကာ မိမိ အာဏာ ရယူရန် ကြိုးပမ်းလျှင်။ အထက် ဖေါ်ပြပါတို့သည် တရားမျှတမှု ကို ဆုံးရှုံးစေသော ဖြစ်ရပ် သာဓကအချို့ပင် ဖြစ်သည်။

ကိုတင်မောင်ဦးသည် လူ့အဖွဲ့အစည်းတွင် ဖြစ်ပျက်နေသော တရားမျှတမှုများနှင့် စပ်လျဉ်းသည့် အသိပညာများ၊ တွေ့ရှိ ချက်များကြောင့်သာ မကဘဲ ပြည်သူများအပေါ်ထားရှိသော မေတ္တာကြောင့်လဲ 'တရားမျှတမှု'ကို ရှာဖွေရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတဝှမ်းကိုကြည့်မည်ဆိုလျှင် ကိုတင်မောင်ဦးထက်ပို၍ လူ့အဖွဲ့အစည်းအကြောင်းကို ထဲထဲဝင်ဝင် သိရှိ ထားသူ၊ 'တရားမျှတမှု'ဆိုင်ရာ ကိစ္စရပ်များကို သုံးသပ်နိုင်သူ များစွာရှိပေသည်။ သို့သော်လည်း ၄င်းတို့ အများစုသည် 'တရားမျှတမှု'အတွက် တိုက်ပွဲဝင်သူများ ဖြစ်မလာခဲ့ကြချေ။ ၄င်းတို့၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းအနေဖြင့် စီးပွားရှာ နိုင်ရန်အတွက်သာလျှင် လူ့အဖွဲ့အစည်းအကြောင်းကို သိရှိရန် လုပ်နေကြသောကြောင့်ဖြစ်သည်။ 'အမှန်တရား'ကို ၄င်းတို့က တွေ့ရှိနိုင်ကောင်းမည် ဖြစ်သော်လည်း အမှန်တရားဘက်က ထောက်ခံရပ်တည်သူများ၊ ပြတ်ပြတ်သားသား လုပ်ရှားတိုက်ပွဲဝင် သူများ ရှားပါးလှပေသည်။ ကိုတင်မောင်ဦး ထံ၌မူ လူ့အဖွဲ့အစည်းအကြောင်း အသိပညာ ချို့ငဲ့နေနိုင်ခဲ့သော်လည်း သူသည် 'တရားမျှတမှု'အတွက် တိုက်ပွဲဝင်သူတစ်ဦး ဖြစ်လာခဲ့သည်။ ဤတွင် အဆိုပါ အသိပညာရှင်များနှင့် ကိုတင်မောင်ဦးတို့၏

ခြားနားချက်မှာ အဘယ်နည်း။ 'စာနာစိတ်' ရှိခြင်း မရှိခြင်းနှင့် သက်ဆိုင်ပေသည်။ လူ့သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် 'တရားမျှတမှု'အတွက် တိုက်ပွဲဝင် ခဲ့သူများမှာ 'စာနာစိတ်' ကြီးမား သူများဖြစ်ကြောင်းကို တွေ့နိုင်ပါမည်။ ကိုတင်မောင်ဦး တွင် ရှိသောစာနာစိတ်သည် ၄င်း၏ယုံကြည်ချက်ကို အခြေခံကာ လူအများအပေါ် ကြီးမားသောမေတ္တာအဖြစ်သို့ ပြောင်းလဲ သွားသဖြင့် 'တရားမျှတမှု'အတွက် တိုက်ပွဲဝင်သူတစ်ဦး ဖြစ်လာခဲ့ရခြင်းပင်။

ပြည်သူတို့၏ အတိဒုက္ခများအပေါ် ကြီးစွာသော စာနာစိတ် ထားရှိသူ ကိုတင်မောင်ဦးအတွက် တရားမျှတမှုမရှိသော နိုင်ငံရေး နှင့် လူမှုရေးစနစ်ကြောင့် အပြစ်မဲ့ပြည်သူတို့၏ ရင်နင့်ဖွယ်ရာကောင်းသော ဘဝအခြေအနေများနှင့် ပတ်သက်သည့် အတွေ့ အကြုံများကို မေ့ပစ်ရန် မဖြစ်နိုင်ခဲ့ချေ။ ထို့ပြင် ကိုတင်မောင်ဦးသည် လူ့အဖွဲ့အစည်းအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိလိုသူ တစ်ယောက် ဖြစ်ခဲ့သည်။ ပြည်သူပြည်သား အပေါင်းတို့ ဆင်းရဲဒုက္ခများ ကြုံတွေ့နေရချိန်တွင် မိမိတစ်ဦးတည်း အတွက်သာ အတွင်းစိတ် ငြိမ်းချမ်းမှုကို ရှာဖွေနေခြင်းသည် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသော လုပ်ရပ်တစ်ခု မဟုတ်ကြောင်းကို သူက ရိပ်စား မိခဲ့သည်။ စစ်အာဏာရှင်များကို ဆန့်ကျင်ကာ လူ့အဖွဲ့အစည်းကို ပြောင်းလဲရေးအတွက် လုပ်ကိုင် ဆောင်ရွက်ရာတွင် အလွန် အမင်း ကြိုးပမ်းအားထုတ်ရကြောင်းနှင့် အနစ်နာခံ ပေးဆပ်မှုများ ပြုရကြောင်းတို့ကို မိတ်ဆွေများက ကိုတင်မောင်ဦးအား သတိပေးပြောကြားခဲ့သည်။ ဤတွင် ၁၉၆၂ခုနှစ် ဇူလိုင်လ (၇)ရက်နေ့တွင် အစိုးရက ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဖုံးခွဲခြင်းဖြင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများ သေကြေစေခဲ့သော လုပ်ရပ်ကို ဥပမာကြည့်နိုင်ပြီး ၄င်း၏ အုပ်ချုပ်မှုကို ဆန့်ကျင်လာသူ မည်သူ့ကိုမဆို အစိုးရက အပြတ်အသတ်နှိမ်နင်းမည်မှာ သေချာနေခဲ့သည်။ သို့သော် ကိုတင်မောင်ဦးသည် စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်း လုပ်နိုင်စွမ်းအပြည့်အဝရှိသည်ဟု မိမိကိုယ်ကို ယုံကြည်ခဲ့သူ ဖြစ်သည်နှင့်အညီ ရေကုန်ရေခန်း တိုက်ပွဲဝင်လှုပ်ရှားရန်အတွက် နောက်တွန့်ခြင်း အလျဉ်းမရှိခဲ့ချေ။ စစ်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခြင်းကြောင့် မိမိ၏ အသက်ကို စွန့်လွှတ်ရနိုင်သည်အထိ အန္တရာယ်များလှသည့် အခြေအနေ ကိုလည်း သူက ရိပ်စားမိခဲ့သည်။ သို့ရာတွင် သူသည် "စွန့်လွှတ်အနစ်နာခံမှု" ဟူသော စကားလုံးကိုတမျိုးအဓိပ္ပါယ်ကောက်ယူသည်။ အခြားသူများ၏ အကျိုးစီးပွား သို့ မဟုတ် လူ့အဖွဲ့အစည်းတခုလုံး၏ အကျိုးစီးပွားအတွက် (မိမိဆန္ဒနှင့် ဆန့်ကျင်ကာ) မလွှဲမရှောင်သာ ပေးဆပ်လိုက်ရသူများ အတွက်ဆိုလျှင် ဤစကားလုံးသည် အကြုံးဝင်နိုင်ပေမည်။

မိမိကိုယ်ကျိုးအတွက် မဟုတ်ဘဲ လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးအတွက် မိမိ ဆန္ဒအလျောက် လုပ်ကိုင်ဆောင်ရွက်သူများနှင့် ပတ်သက်လာလျှင် "စွန့်လွှတ်အနစ်နာခံမှု" ဟူသော ဝေါဟာရကို အသုံးမပြု သင့်ကြောင်း ကိုတင်မောင်ဦးက ဆိုခဲ့သည်။ ထိုသူတို့သည် အများကောင်းကျိုးအတွက် မိမိတို့က "စွန့်လွှတ်အနစ်နာခံ" နေရသည်ဟု တွေးမြင်နေကြသမျှ ကာလပတ်လုံး စိတ်ဆင်းရဲနေကြမည် ဖြစ်သောကြောင့် အကျိုးမရှိဟု ၄င်းကယူဆသည်။ လူ့အဖွဲ့အစည်း ကို ပြုပြင်ပြောင်းလဲရန် ဆိုသည့် ဘဝရည်မှန်းချက်ကို မိမိ သဘောဆန္ဒအလျောက် ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း၊ တွေ့ကြုံရလာ နိုင်သည့် အန္တရာယ်များနှင့် မသေချာ မရေရာမှုများကို ရင်ဆိုင်ရန် အဆင်သင့် ဖြစ်နေကြောင်းနှင့် မိမိ အနာဂတ်တွင် ရင်ဆိုင်ရ မည့် မည်ကဲ့သို့သောပေးဆပ်ရမှုများအတွက်မဆို နောင်တရမည်မဟုတ်၊ စိတ်ပင်ပန်းဆင်းရဲမည် မဟုတ်ကြောင်း သူက ယုံကြည်ခဲ့သည်။ ထို့ကြောင့် နောက်ပိုင်းတွင် သူသည် ဒုက္ခအခက်အခဲများကို တွေ့ကြုံလာခဲ့ရသော်လည်း စိတ်ပျက်အားငယ် ခြင်းလုံးဝမရှိခဲ့။ မိမိ၏အရိုးခံစိတ်ဖြင့် လူ့အဖွဲ့အစည်းကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက်သာ မဆုတ်မနစ် လှုပ်ရှား ဆောင်ရွက် ခဲ့သည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ပြည်သူပြည်သားအပေါင်းတို့ အတွင်းစိတ် ငြိမ်းချမ်းမှုကို ရှာဖွေနိုင်ရန် အခွင့်အလမ်း များ ရရှိလာနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ အာဏာရှင်စနစ်ကို ဆန့်ကျင်လှုပ်ရှား၍ အပြင်ပိုင်းငြိမ်းချမ်းမှု၏ အခြေခံတခုဖြစ်သော တရားမျှတမှုကို ရှာဖွေနေဆဲမှာပင် အပြုဖြစ်တည်မှုအမြင်ထားရှိခြင်းကြောင့် သူသည် ပျော်ရွှင်မှုကို ရရှိခံစားနိုင်ခဲ့ သည်။

ထို့ကြောင့်လည်း သူ၏မျက်နှာပေါ်တွင် အပြုံးတဝက် အစဉ်အမြဲ ရှိနေခဲ့ခြင်းဖြစ်သည်။ ကိုတင်မောင်ဦး သည် အမှန်တရား ရှာဖွေသူတစ်ဦးမျှသာ မဟုတ်ဘဲ 'တရားမျှတမှု'အတွက် တိုက်ပွဲဝင်ခဲ့သူလည်း ဖြစ်ပေတော့သည်။

# ၁၀

# အလုပ်သမား အရေးအခင်းနှင့် လူထုအဓိက လူ့အဖွဲ့အစည်းအတွက် ကိုတင်မောင်ဦး၏ လှုပ်ရှားဆောင်ရွက်မှုများ

၁၉၆၂ခုနှစ် စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း တွင် ၁၉၇၄ခုနှစ်၌ ဖြစ်ပွားခဲ့သော အလုပ်သမား အရေးအခင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးသော ‘လူထု ဗဟိုပြု လှုပ်ရှားမှု’ကြီးပင် ဖြစ်သည်။ နိုင်ငံရေးနှင့် ပတ်သက် သောကြောင့် ဤလှုပ်ရှားမှု ပေါ်ပေါက်လာခဲ့ရခြင်း မဟုတ်။ ဆင်းရဲတွင်းနက်နေသော အလုပ်သမားများက အခြေခံ လူမှု စားဝတ်နေရေး အခြေအနေများ တိုးတက်ကောင်းမွန် လာစေရန်အတွက်ကိုသာ တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။ ဆန် လုံလောက်စွာ ရရှိရေးမှာ အဓိက ကျသော တောင်းဆိုချက် တစ်ရပ် ဖြစ်ခဲ့သည်။ ထိုအချိန်က လူကြီးအလုပ်သမား တစ်ဦးကို တစ်လလျှင် ဆန် (၆)ပြည်နှင့် ကလေးတစ်ဦးကို တစ်လျှင် ဆန် (၃)ပြည်ကျ ဝယ်ယူခွင့်ပြုခဲ့သည်။ ဆန်ရေစပါးပေါကြွယ်ဝပြီး အာရှတိုက်၏ စပါးကျီဟု နံမည်ကျော်ကြားသော မြန်မာနိုင်ငံတွင် အလုပ်သမားများ အိမ်၌ ဆန် လောက်ငအောင် မရှိ။ ဆန်ဝယ်ရာတွင် နောက်တနေ ့ဝယ်ရန်အတွက် ညအချိန်ကတည်းက ထိုခေတ် က အသုံးပြုခဲ့သော ကုန်ဝယ်စာအုပ်များ ထပ်ကာ စောင့်နေရသည်။ အရာရှိအချို ့ လာရောက်ဝယ်သည့် အခါတွင်မူ ဆိုင်က ရောက်ရောက်ချင်း ထုတ်ပေးသည်။ ဆန်အကောင်းများကို မဆလပါတီ နှင့် အကြောင်းအပေါင်း သင့်သူများက ထုတ်ယူသွားကြသည်။ အလုပ်သမားများအား ရောင်းချသည့် ဆန်များမှာ ဆန်ကွဲ ရောထားတတ်သည်။ ရေစိုသည့် ဆန်များ ရောရောင်းသည့် အခါ များလည်း ရှိသည်။ တဖက်တွင် ကုန်ဈေးနှုန်းများ တရိပ်ရိပ်တက်လာ နေသော်လည်း လစာတိုးခြင်းမရှိ၊ ဝင်ငွေနည်းလွန်းလှသည့် အချိန်တွင် အဆိုပါ မတရားမှုများအား တွေ့မြင်နေရသောအခါ အလုပ်သမားများ မကျေမနပ်ဖြစ်ခဲ့ကြသည်။

## အလုပ်သမား အရေးအခင်း၏ နောက်ခံ အကြောင်းအရာများ

၁၉၇၄ ခုနှစ် မတ်လအတွင်း ပလိပ် ချည်မျှင်နှင့် အထည်စက်ရုံ၌ လည်းကောင်း၊ မေလအတွင်းတွင် မြစ်ငယ် မီးရထား တွဲပြင် စက်ရုံ၌လည်းကောင်း၊ အလုပ်သမားဆန္ဒပြပွဲများ စတင်ဖြစ်ပွားလာသောအခါ တပြည်လုံးစက်ရုံ အသီးသီးရှိ အလုပ်သမားများအကြားတွင်လည်း ရိုက်ခတ်မှုများရှိလာခဲ့သည်။ အလုပ်သမား အရေးအခင်းများသည် မြန်မာနိုင်ငံတဝှမ်းရှိ စက်ရုံ အများအပြားတွင် ဖြစ်ပွားခဲ့သော်လည်း ၄င်းတို့သည် မည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) မည်သည့် အလုပ်သမား သမဂ္ဂကြီးတခုခု၏ ဗဟိုခေါင်းဆောင်မှုအောက်၌မှ စနစ်တကျပေါ်ပေါက်လာခဲ့ခြင်း မဟုတ်ချေ။ ၄င်း၏ အကျိုးရလာဒ်ကြောင့် စက်ရုံတစ်ရုံ နှင့် တစ်ရုံ၏ တောင်းဆိုချက်များမှာ ကွဲပြားနေခဲ့ပြီး အလုပ်သမားများနှင့် စက်ရုံများသည် တစုတစည်းထဲ အနေဖြင့် ခိုင်ခိုင် မာမာတောင်းဆိုမှု လုပ်နိုင်ခြင်း မရှိခဲ့ချေ။

ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ၁၉၆၂ခုနှစ် စစ်တပ်အာဏာသိမ်း ပြီးနောက်ပိုင်းတွင် ကျောင်းသား သမဂ္ဂများ၊ ဆရာဆရာမ အစည်းအရုံးများ၊ လယ်သမား သမဂ္ဂများနှင့် အလုပ်သမား သမဂ္ဂ များ အပါအဝင် လူထုအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်လည်ပတ်ခြင်းကို စစ်အစိုးရက ခွင့်မပြုတော့သောကြောင့် ဖြစ်သည်။ နိုင်ငံရေးအာဏာ ရှိသော အစိုးရ နှင့်ဖြစ်စေ၊ ငွေကြေးအင်အား တောင့်တင်းသော အလုပ်ရှင်များနှင့်ဖြစ်စေ ဖက်ပြိုင်နိုင်ရန်အတွက် အလုပ်သမားတို့ထံတွင် သီးခြားလွတ်လပ်သော၊ အားကောင်းသော အလုပ်သမား သမဂ္ဂများ

ရှိနေရေးမှာ အလွန်အရေးပါသော အရာတစ်ခုဖြစ်သည်။ အလုပ်သမား သမဂ္ဂ ဖွဲ့စည်းတည်ထောင်ရေးအတွက် ဆန္ဒပြပွဲများ၏ ကနဦးပိုင်းတွင် အလုပ်သမားများက အလေးထား တောင်းဆိုခြင်း မရှိခဲ့ချေ။

အလုပ်သမားများ၏ လုပ်အားစွမ်းရည်နှင့် စက်ရုံ အရည်အသွေး ကျဆင်းရခြင်း၏ အဓိက အကြောင်းရင်းမှာ စစ်အရာရှိများ က စက်ရုံအလုပ်ရုံများကို ကြီးကြပ်ညွှန်ကြား ခဲ့ခြင်းကြောင့် ဖြစ်သည်။ စစ်ဗိုလ်ချုပ် တစ်ဦးသည် စစ်မြေပြင်အကြောင်း ကောင်းကောင်းနားလည်မည် ဖြစ်သော်လည်း အလုပ်သမားတို့၏ နေ့စဉ်ဘဝ ခံစားရမှု အခြေအနေများနှင့် စက်ရုံအလုပ်ရုံ လည်ပတ်မှု အခြေအနေများကို သိရှိနားလည်နိုင်မည် မဟုတ်ချေ။ စစ် အရာရှိများက တိုင်းပြည်ကို ကာကွယ်ပေးရမည့်အစား ကိုယ်နှင့်မဆိုင်သော အရာများ၌ ဝင်ရောက်စွက်ဖက်သော အခါတွင် တိုင်းပြည်၏ ဖွဲ့စည်းတည်ဆောက် လည်ပတ်ပုံများ ချွတ်ချော် လွဲမှားရတော့သည်။

## လူထုအဓိက လူ့အဖွဲ့အစည်းအတွင်းရှိ အစိုးရ၏ တာဝန်နှင့် အခန်းကဏ္ဍများ

ဂျွန်လော့ခ်၏ အဆိုအရ "လူထုအဓိက လူ့အဖွဲ့အစည်း"ဆိုသည်မှာ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်း တချို့တဝက်သာ မဟုတ်ဘဲ အစိတ်အပိုင်းများ အားလုံးဖြင့် ဖွဲ့စည်းထား ခြင်းကို ရည်ညွှန်းသည်။ ဤနေရာတွင် လူမျိုး၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး အခြေအနေများ မည်သို့ပင် ကွဲပြားနေစေကာမူ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတိုင်းတွင် ဖြစ်ရှိလာသော ပဋိပက္ခအခြေ အနေများကို ဖြေရှင်းနိုင်ရန်အတွက် 'အနုပဋိလောမနည်းကျ ကျိုးကြောင်းဆင်ခြင်၍ အမှန်တရားကို ဆန်းစစ်ရှာဖွေခြင်း' နည်း လမ်းကို သုံးကာ လူထု ဆွေးနွေးပွဲများ ပြုလုပ်ခြင်း ဟူသော ဆိုကရေးတီး၏ အတွေးအမြင်တစ်ခုကို မှီးငြမ်းနိုင်သည်။ အုပ်ချုပ်ခြင်းနှင့် အုပ်ချုပ်ခံရခြင်း ဆိုသည့် ကောင်းမြတ်သော လုပ်ငန်းဆောင်တာကို နိုင်ငံသားများက မျှဝေယူခြင်းနှင့် သက်ဆိုင်သော 'အသင်းအဖွဲ့များ၏ အသင်းအဖွဲ့' ဟူသည့် အယူအဆကို အရစ်(စ်)တိုတယ်က အကျယ်တဝင့် ဖော်ပြရှင်းလင်း ခဲ့သည်။ ဤအခြေအနေကို အကောင်းတကာ့ အကောင်းဆုံး နိုင်ငံတစ်ခုအဖြစ် နားလည်သဘောပေါက်နိုင်သည်။ ဤကဲ့သို့ သော နိုင်ငံမျိုးတွင် ပလေတိုက ဖော်ညွှန်းသည့် တရားမျှတသော လူ့အဖွဲ့အစည်း ဖြစ်ထွန်းနိုင်ပေသည်။

လူ့အဖွဲ့အစည်း၏ အဆိုးအကောင်း အခြေအနေ အများစုကို အစိုးရက ဖန်တီးခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်း၌ တည်ငြိမ်မှု ရရှိအောင် ဖန်တီးရာတွင် တစုတစည်းတည်းဖြစ်သော နိုင်ငံရေး စွမ်းပကားတစ်ခုအနေဖြင့် အစိုးရ၏ အခန်းကဏ္ဍသည် အလွန့်အလွန် အရေးပါလှပေသည်။ သို့သော် ဤနေရာတွင် အစိုးရ၏ တာဝန်ဝတ္တရားများကို ဦးစွာ သတ်မှတ်ရပေမည်။ ပထမဆုံးအနေဖြင့် အစိုးရသည် တရားဥပဒေစိုးမိုးရေး နိယာမများပေါ် အခြေခံသည့် တရားမျှတသော ဥပဒေများနှင့်အညီ လူ့အဖွဲ့အစည်းကို စီစဉ်တကျရှိအောင် ထားရှိရမည်။ ဒုတိယအနေဖြင့် အစိုးရသည် တပါးသူတို့၏ အခွင့်အရေး များနှင့် ကိုယ်ပိုင်လွတ်လပ်မှုတို့ကို ထိပါးစော်ကားသူများနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး ပျက်သုဉ်းသွားစေရန် ကြိုးပမ်းအားထုတ်နေသူများတို့ကြောင့် ဘေးသင့်ခံရသော နိုင်ငံသားများကို အကာအကွယ် ပေးရမည်။ တတိယတစ်ခုမှာ အစိုးရသည် နိုင်ငံသားတို့ သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေမည့် စီးပွားရေး အခြေအနေမျိုးရှိလာစေရန် ဖန်တီးမြှင့်တင်ပေးရမည်။

သင့်တင့်လျောက်ပတ်သော စီးပွားရေးအခြေအနေမျိုး ရှိလာစေရန် ဖန်တီးပေးရမည်ဟု ဆိုရာတွင် အစိုးရသည် စီးပွားရေး အာဏာ ကို ရယူပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး၌ ရှိသော စီးပွားရေးရာ ကဏ္ဍကို ကန့်သတ်ချုပ်ချယ်ရမည်ဟူ၍ အဓိပ္ပါယ် လွဲမှား ကောက်ယူမှု မပြုသင့်။ အစိုးရ ဆိုသည်မှာ မရှိမဖြစ်လိုအပ်သော နတ်ဆိုး ဖြစ်သည် ဟူသော ဆိုရိုးတစ်ခုရှိပေသည်။ ကမ္ဘာ့ နိုင်ငံပေါင်းများစွာတို့ရှိ ဆိုးယုတ်သော အစိုးရများကို ဥပမာကြည့်ပါ။ ဤသို့ဖြစ်ရခြင်း၏

အဓိကအကြောင်းရင်းမှာ အစိုးရသည် အထက်တွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ရှောင်ကြဉ်ကာ ၎င်း၏ အာဏာ အရှိန်အဝါကို လိုအပ်သည်ထက်ပို၍ ဖြန့်ကြက်သောကြောင့် ဖြစ်သည်။ အစိုးရ အခန်းကဏ္ဍကို လူထုအဓိက လူ့အဖွဲ့အစည်း ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ကြည့်မြင်သုံးသပ်ရာတွင် အစိုးရက နိုင်ငံရေးအာဏာကိုသာ အဓိကထား ကျင့်ကြံပြီး ငွေရေး ကြေးရေး အာဏာကို သာမန် နိုင်ငံသားများအား ပေးအပ်သော စံပြပုံစံတစ်ခု ရှိသည်။ မည်သည့် နိုင်ငံရေးအယူအဆကို ကျင့်သုံးသည် ဖြစ်စေကာမူ အစိုးရ သည် နိုင်ငံရေးအာဏာရော စီးပွားရေးအာဏာကိုပါ လုံးဝလက်ဝါးကြီးအုပ်ထားလျှင် ထိုအစိုးရသည် ဖိနှိပ်ဖေါက်ပြန်ပြီး ချစားလာ ကြောင်းကို သမိုင်းက သက်သေပြခဲ့ပြီးဖြစ်သည်။ အစိုးရ ဖေါက်ပြန်ရခြင်း၏ အကျိုးရလာဒ်ကြောင့် လူထုအဓိက လူ့အဖွဲ့ အစည်း၏ မရှိမဖြစ် လိုအပ်သော တန်ဖိုးများဖြစ်သည့် ပွင့်လင်းမှုနှင့် တာဝန်ယူ တာဝန်ခံမှုများ ဆုံးရှုံးရလေတော့သည်။

အထက်ဖေါ်ပြပါ အခြေအနေများကို ရှောင်ရှားနိုင်ရန်အတွက် အစိုးရအာဏာပိုင်များသည် လူထုအဓိက လူ့အဖွဲ့ အစည်း သဘောတရားကို လက်ခံကျင့်သုံးကာ အာဏာကို အကန့်အသတ်ဖြင့် ရယူရပေမည်။ သို့မဟုတ်ပါက အာဏာများ ပေါင်းစုလာရာမှတဆင့် သက်ဦးဆံပိုင်စနစ်သို့ အသွင်ပြောင်းသွားကာ အစိုးရက အာဏာကို အကန့်အသတ်မဲ့ ရယူကျင့်သုံး ခြင်းကြောင့် လူ့အဖွဲ့အစည်း တစ်ခုလုံးတွင် သက်ဦးဆံပိုင်စနစ် လွှမ်းမိုးသွားနိုင်သည်။ ထို့ပြင် လွတ်လပ်သော အသင်းအဖွဲ့ များ၊ အစိုးရမဟုတ်သော အဖွဲ့များ စသည်တို့က အစိုးရ၏ လည်ပတ်မှုဆိုင်ရာ ယန္တရားများ၊ မူဝါဒများနှင့် လုပ်ငန်း ဆောင်တာများကို စောင့်ကြည့်စစ်ဆေးခြင်း၊ အစိုးရက ၎င်း၏ လုပ်ငန်းဆောင်တာများကို လိုက်နာဆောင်ရွက်နေခြင်း ရှိမရှိ (သို့မဟုတ်) အာဏာကို အလွဲသုံးစားလုပ်နေခြင်း ရှိမရှိ စေ့စေ့စပ်စပ် စစ်ဆေးခြင်းနှင့်၊ လူ့အဖွဲ့အစည်း၏ အခြေခံ ပြဿနာများ အပါအဝင် ၎င်းတို့၏ ကြောင်းကျိုးဆက်နွယ်မှုများကို ဖေါ်ထုတ်ခြင်း၊ ပြည်လူထု၏ ခံစားနေရမှုများ လျော့ပါးသက်သာလာနိုင်စေရေးအတွက် ထောက်ပြဝေဖန်မှုများ၊ စည်းရုံးမှုများနှင့် လူထုလှုပ်ရှားမှုများကို လုပ်ဆောင်ခြင်း အပါအဝင် လူ့အဖွဲ့အစည်း အဆင့်အတန်းကို မြှင့်တင်ပေးခြင်း တို့မှာ ပို၍ပင် အရေးပါသော ကိစ္စရပ်များဖြစ်သည်။ ဤသို့မှသာလျှင် အဆိုပါ အသင်းအဖွဲ့များကို လူထု အသင်းအဖွဲ့များဟု သတ်မှတ်နိုင်ပေမည်။

ပြည်သူပြည်သားများသည် လူထုအဓိက လူ့အဖွဲ့အစည်းနှင့် ပတ်သက်၍ အသိပညာ နည်းပါးနေလျှင်သော် လည်းကောင်း၊ တသီးပုဂ္ဂလများ၏ လွတ်လပ်ခွင့်ကို ဆုံးရှုံးစေပြီး လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ စုဝေးပိုင်ခွင့်နှင့် ထုတ်ဖေါ်ပြောဆို ပိုင်ခွင့်တို့ကို တင်းကျပ်စွာ ပိတ်ပင်တားမြစ်ထားသော တရားမျှတမှုမရှိသည့် ဥပဒေများ လူ့အဖွဲ့အစည်းအတွင်း ကြီးစိုးနေလျှင် သော်လည်းကောင်း၊ လူ့အခွင့်အရေးများကို အကာအကွယ်ပေးသည့် ယန္တရားများ ကင်းမဲ့နေပြီး တရားစီရင်ရေးစနစ်သည် နိုင်ငံတော် အုပ်ချုပ်မှုကဏ္ဍ၏အောက်တွင် ခယဝပ်တွားနေရလျှင်သော်လည်းကောင်း၊ အစိုးရက အာဏာကို အလွန်အကျွံ ရယူကာ တင်းကျပ်သော ဗဟိုချုပ်ကိုင်မှု ကျင့်သုံးပြီး ၎င်း၏ တာဝန်ဝတ္တရားများကို ပျက်ကွက်လျှင်သော် လည်းကောင်း၊ လူ့ အဖွဲ့ အစည်း၏ အဓိကကျသော အစိတ်အပိုင်းကြီး လေးခုဖြစ်သည့် (၁) အစိုးရ၊ (၂) ကောင်းမွန်သော အုပ်ချုပ်မှုကို အထောက်အကူပြုသော လွတ်လပ်သည့် တိုင်းပြည် အဆောက်အအုံများ (၃) စီးပွားရေး ကဏ္ဍရှိ ပုဂ္ဂလိက ပြည်သူများနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများ (၄) လွတ်လပ်သည့် သတင်းဌာနများအပါအဝင် လွတ်လပ်သည့် လူထု အသင်းအဖွဲ့များတို့ က အချင်းချင်း စောင့်ကြည့်စစ်ဆေးခြင်း၊ အပြန်အလှန်ကြပ်မတ်ခြင်း၊ ဟန်ချက်ညီအောင် ဆောင်ရွက်ခြင်း စသည်တို့ ကို မဖေါ်ဆောင်လျှင် လူထုအဓိက လူ့အဖွဲ့အစည်း ဖြစ်တည်လာနိုင်ရန် လမ်းမမြင်ချေ။

လိုအပ်ချက်ရှိနေသူများကို ကူညီဆောင်ရွက်ပေးရုံမျှဖြင့် လူထုအဓိက လူ့အဖွဲ့အစည်း အလိုအလျောက် ပေါ်ထွန်းလာမည် မဟုတ်။ ဥပမာအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများသည် ၎င်းတို့၏ စီမံချက်များနှင့် အညီ လယ်သမားများအား သင်တန်းများ ပို့ချပေးခြင်း၊ အပင်စိုက်နည်းများ၊ မျိုးစေ့များနှင့် ပစ္စည်းကိရိယာ တန်ဆာပလာများ ပေးအပ်ခြင်း စသည်တို့ကို ပြုလုပ်ကြသည်။ လယ်သမားတို့၏ နေ့စဉ်ဘဝများကို တစုံတရာ မြှင့်တင်ပေးသောကြောင့် အဆိုပါ

လုပ်ရပ်များကို ကောင်းသော လုပ်ရပ်များအဖြစ် သတ်မှတ်နိုင်သည်။ သို့သော်လည်း လယ်သမားများ၏ မြေယာ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ သော်လည်းကောင်း၊ အာဏာပိုင်များက လယ်ယာမြေများ အတင်းအဓမ္မ တရားမဝင် သိမ်းဆည်း ခြင်းကိုသော် လည်းကောင်း မသိကျိုးကျွန်ပြုထားမှုများ၊ မိမိ စိတ်ကြိုက် ကောက်ပဲသီးနှံ စိုက်ပျိုးပိုင်ခွင့်နှင့် လယ်ယာထွက် ပစ္စည်း များ လွတ်လပ်စွာ ကုန်သွယ်ရောင်းဝယ်ပိုင်ခွင့်တို့ကို ပိတ်ပင်တားမြစ်ခြင်းများ အစရှိသည့် အစိုးရ၏ မူဝါဒများနှင့် စပ်လျဉ်း၍ မကောင်းသည့် အချက်များကို ထောက်ပြ၊ ဖေါ်ထုတ်၊ ဆန့်ကျင်၊ လှုပ်ရှား၍ တိုက်ဖျက်ပြီးပြောင်းလဲရန် မကြိုးပမ်းလျှင် အဆိုပါ အသင်းအဖွဲ့များကို လူထု အသင်းအဖွဲ့များဟု သတ်မှတ်၍ မရနိုင်ချေ။ ထို့ကြောင့် 'လူ့အဖွဲ့အစည်း'ကို 'လူထုအဓိက လူ့အဖွဲ့အစည်း'အဖြစ် ပြုပြင်ပြောင်းလဲရာတွင် လူထု အသင်းအဖွဲ့များ တည်ရှိလည်ပတ်နေခြင်းမှာ အလွန်အမင်း အရေး ပါသည်။ သို့သော်လည်း လူထု အသင်းအဖွဲ့များ တည်ရှိနေရုံမျှဖြင့် မလုံ လောက်ချေ။ အထက်တွင် ဖေါ်ပြထားသော အစိတ်အပိုင်း (၄)ခုအနက် အစိုးရမှ လွဲ၍ ကျန်ရှိသော အစိတ်အပိုင်း (၃)ခုတို့၏ အခန်းကဏ္ဍ မှာလည်း အလွန် အရေးပါပြီး ၄င်းတို့သည် သက်ဆိုင်ရာ နယ်ပယ်ထဲတွင် ထိရောက်စွာ ရပ်တည်လည်ပတ်နေရန် လိုအပ် သည်။ ထို့ပြင် ထို့ထက်ပို၍ အရေးပါသည်မှာ ထို အစိတ်အပိုင်း(၄)ခုအကြား၌ အချင်းချင်း စောင့်ကြည့်စစ်ဆေးခြင်း၊ အပြန်အလှန်ကြပ်မတ်ခြင်းနှင့် ဟန်ချက်ညီအောင် ထိန်းညှိခြင်းများ ရှိနေမှသာလျှင် ၄င်းကို လူထုအဓိကလူ့အဖွဲ့အစည်းဟု သတ်မှတ်နိုင်ပေမည်။ လူထု အဓိက လူ့အဖွဲ့အစည်းဆိုင်ရာ ပြဿနာများကို မြန်မာနိုင်ငံ၌သာမဟုတ်ဘဲ အာဏာရှင်စနစ်ကို ပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးသော ကမ္ဘာအရပ်ရပ်ရှိ အခြားနိုင်ငံများတွင်လည်း တွေ့မြင်နိုင်သည်။ ဥပမာအားဖြင့် အာရပ်နိုင်ငံများတွင် လက်တလော ဖြစ်ပျက် နေသည်များကို ကြည့်ပါ။

ကိုတင်မောင်ဦး ကိုယ်၌က 'လူထုအဓိက လူ့အဖွဲ့အစည်း'ဟူသော စကားလုံးကို သုံးနှုန်းခြင်း မရှိခဲ့သော်လည်း စင်စစ်အား ဖြင့် သူသည် မြန်မာနိုင်ငံတွင် လူထုအဓိက လူ့အဖွဲ့အစည်း ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဤသည်ကို အချက်(၃)ချက်ဖြင့် သက်သေပြနိုင်သည်။ ပထမအချက်မှာ 'အစိုးရ'၏ အခန်းကဏ္ဍနှင့် သက်ဆိုင်သည်။ 'အကန့်အသတ်ဖြင့် အုပ်ချုပ်သော အစိုးရ'ဆိုသော အယူအဆကို ကိုတင်မောင်ဦးက ခံယူသည်နှင့်အညီ သူ၏ ဘဝ တစ်လျှောက်လုံးတွင် အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်လှုပ်ရှားသွားခဲ့သည်။ ဒုတိယအချက်မှာ တိုင်းပြည် အဆောက်အအုံများနှင့် သက်ဆိုင်သည်။ တပ်မတော်အပါအဝင် လုံခြုံရေး အဖွဲ့ အစည်းများသည် တိုင်းပြည်အဆောက်အအုံ တနည်းအားဖြင့် အုပ်ချုပ်ရေးယန္တယား၏ အစိပ်အပိုင်းဖြစ်သည်။ အာဏာရှင်စနစ်ကို ချုပ်ငြိမ်းစေလျှင် တပ်မတော်အပါအဝင် လုံခြုံရေး အဖွဲ့ ့အစည်းများကို ပြင်ပြောင်းလဲ ဖွဲ့ ့စည်းရမည်ဖြစ်သည်။ ကိုတင်မောင်ဦးသည် စစ်အာဏာရှင်စနစ်ကို ချုပ်ငြိမ်းစေလိုသော စစ်အရာရှိကြီးများ နှင့် ဆက်သွယ်ပြီး စစ်တပ်အတွင်း၌ အပြောင်းအလဲများ ဖြစ်ပေါ်လာစေရန်၊ တပ်မတော်ပြုပြင်ပြောင်းလဲသွားစေရန် ကြိုးပမ်းခဲ့သည်။ နောက်ဆုံးအချက်မှာ လွတ်လပ်သော လူ့အသင်းအဖွဲ့များနှင့် သက်ဆိုင်သည်။ ကိုတင်မောင်ဦးသည် ကျောင်းသား သမဂ္ဂ ဖွဲ့စည်းနိုင်ရေးအတွက် လုပ်ဆောင်ခဲ့သကဲ့သို့ပင် အလုပ်သမား သမဂ္ဂများ ဖြစ်တည်လာစေရေး အတွက်ကိုလည်း အလုပ်သမားများကို အားပေးခဲ့သည်။ ထို့ကြောင့် ကိုတင်မောင်ဦး၏ လုပ်ရပ်များသည် လူထုအဓိက လူ့အဖွဲ့အစည်း သဘောတရားများနှင့် တသားတည်းဖြစ်နေသည်ဟု ဆိုနိုင်ပေသည်။

အလုပ်သမား အရေးအခင်း ဖြစ်ပွားချိန်တွင် ကိုတင်မောင်ဦးသည် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် သတ္တဗေဒ ဒုတိယနှစ် ကျောင်းသားအဖြစ် ပညာသင်ကြားနေခဲ့သည်။ အလုပ်သမားတို့၏ နေ့စဉ်ဘဝ အတိဒုက္ခအခြေအနေ များကို ကိုတင်မောင်ဦးနှင့် သူငယ်ချင်းများက နေ့စဉ်နှင့်အမျှ တွေ့ကြုံဖြတ်သန်းခဲ့ကြသည်။ ထို့ကြောင့်လည်း အရေးအခင်း စတင်ဖြစ်ပွားသည်နှင့် တပြိုင်နက် ၄င်းတို့ တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ တစ်နေ့တွင် အလုပ်သမား အရေးအခင်းများ ပျံ့နှံ့နေပုံနှင့် ပတ်သက်၍ ကိုတင်မောင်ဦးက တက္ကသိုလ်ဝင်းအတွင်း၌ စတင်ဆွေးနွေး ခဲ့သည်။ ဤတွင် ၄င်း၏ သူငယ်ချင်း ကျောင်းသူကျောင်းသားများသည် အလုပ်သမားများ ဆန္ဒပြရခြင်း၏ အခြေခံအကြောင်းရင်းကို

ချက်ချင်းပင် နားလည်သဘောပေါက်သွားခဲ့ကြသည်။ ဖြစ်ပျက်နေသော အခြေအနေများကို စောင့်ကြည့်ရန်၊ အခြား တက္ကသိုလ်ရှိ သူငယ်ချင်းများကို ဆပ်စပ်ထားရန်နှင့် ဆန္ဒပြပွဲများ ရန်ကုန်သို့ ကူးစက်လာလျှင် အလုပ်သမားများကို အကူအညီပေးရန် အတွက် နီးစပ်သော ကျောင်းသူကျောင်းသားများအကြားတွင် သဘောတူညီခဲ့ကြသည်။

ကိုတင်မောင်ဦးသည် ကော်လာမပါသော ရှပ်အင်္ကျီလက်ရှည်ကို ပုံကျပန်းကျ ဝတ်တတ်သည်။ အပြင်သွားသည့်အခါ တိုင်းတွင် သူသည် မြန်မာ့ရိုးရာ လွယ်အိတ်တစ်လုံးကို ပုခုံးပေါ် အမြဲလွယ်ထားလေ့ရှိသည်။ လွယ်အိတ်ထဲတွင် စာအုပ်များနှင့် အတူ လက်ကိုင်ပဝါ၊ ဘောင်းဘီတို အပိုတစ်ထည်၊ အားကစားလုပ်ရန်အတွက် ပစ္စည်းပစ္စယများ ထည့်တတ်ပြီး တခါတရံတွင် လမ်းသရဲဂိုဏ်းသားများ၏ ရန်က ကာကွယ်ရန်အတွက် ဓါးတစ်ချောင်းပါ ထည့်ထားတတ်သည်။ သူသည် ပုဆိုးကို ကောင်းမွန် သေသပ်စွာ ဝတ်တတ်သည်။ ဆံပင် အလွန်ကောင်းသည်။ ဆံပင်ကို နောက်ရှည်ဂုတ်ထောက်ထားပြီး ခန္ဓာကိုယ် တည်ဆောက် ပုံ ကောင်းခြင်းကြောင့် ချောမော၍ ယောကျာ်းပီသသူတစ်ဦး ဖြစ်သည်။ လမ်းလျှောက်သည့် အခါတိုင်းတွင် သူ၏ ရင်ပတ် ကျယ်ကြီးကို ဖွင့်ထားပြီး စူးရှသော မျက်လုံးများကလည်း ရှေ့တည့်တည့်သို့ စိုက်ကြည့်နေတတ်သည်။ မျက်နှာတွင် မစို့မပို့ အပြုံးဖြင့် သင့်တင့်သော ကိုယ်နေဟန်ထားရှိသည်။ လမ်းလျှောက်ရာတွင် မြန်လွန်း၊ နှေးလွန်းခြင်း မရှိ။ မိန်းခလေးများက သူ့ကိုတွေ့လျှင် အနည်းဆုံးတော့ မျက်စေါင်းကလေးဝင့်ကာ အကြည့်ခံရတတ်သူဖြစ်သည်။ သို့သော် လည်း လူ့အဖွဲ့အစည်း ကို ပြုပြင်ပြောင်းလဲနိုင်ရေးအတွက်သာ မိမိ၏ စိတ်အာရုံကို ပုံထားသော ကြောင့် မိန်းခလေးက ဘယ်လောက်ပင် ချောမောလှပနေစေကာမူ သူ့ကို မဖမ်းစားနိုင်ခဲ့။ ၁၉၇၄ ခုနှစ် အလုပ် သမားအရေးအခင်း ဖြစ်ပွားချိန်တွင် ကိုတင်မောင်ဦး အသက် (၂၃)နှစ်ထဲ ဝင်လာပြီ ဖြစ်သည်။ ထောင်ဒဏ် (၁)နှစ် ကျခံ၍ လွတ်မြောက်လာခါစတွင် မိမိကိုယ်ကို ယုံကြည်မှု ရှိနေခဲ့ချိန်၊ ရင့်ကျက်မှု အပြည့် ရှိနေခဲ့ချိန် ဖြစ်သည်။ ၁၉၇၄ခုနှစ်က စတင်ကာ ကိုတင်မောင်ဦး၏ စိတ်ပိုင်း ဆိုင်ရာနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးဝေဆာမှု အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ သူ၏ မျှော်လင့်ချက်များ ကြီးမားခဲ့သည်။ လူ့အဖွဲ့အစည်းအကြောင်း ကြည်လင်ပြတ်သားစွာ တစုံတရာ နားလည် သဘောပေါက်ခဲ့သည်။ တရားမျှတမှုကို ရှာဖွေမည် ဆိုသော သူ၏ သန္နိဋ္ဌာန်ကို မည်သို့မျှ ခွာချ၍ မရနိုင်ခဲ့။ ရဲစွမ်းသတ္တိနှင့် ပြည်စုံသော ကျောင်းသားခေါင်းဆောင် တစ်ဦးအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန် အဆင်သင့် ဖြစ်နေခဲ့သည်။ မိမိလျှောက်လှမ်း ရမည့် ခရီးလမ်း မည်မျှပင် ခက်ခဲကြမ်းတမ်းစေကာမူ ရင်ဆိုင်ကျော်လွှားလို ခဲ့သည်။ ဤကဲ့သို့သော နောက်ခံ အခြေအနေ များဖြင့် ကိုတင်မောင်ဦးက အလုပ်သမား အရေးအခင်းများတွင် ပါဝင်လှုပ်ရှားခဲ့ပေသည်။

## အလုပ်သမားများက တရားမျှတမှုအတွက် တောင်းဆိုခြင်း

မြန်မာနိုင်ငံ အထက်ပိုင်းက အစပြုလာသော ဆန္ဒပြပွဲများသည် မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်မြို့တော်နှင့် ၄င်း၏ အနီးအနားရှိ အင်းစိန်မြို့များသို့ ပျံ့နှံ့သွားခဲ့သည်။ ဆင်မလိုက် သင်္ဘောကျင်းသည် လှဲတန်း အနီးရှိ လှိုင်မြစ်ကမ်းတွင် တည်ရှိသည်။ ဆင်မလိုက် သင်္ဘောကျင်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အရေးပါဆုံးသော သင်္ဘောကျင်း တစ်ခုဖြစ်ပြီး ဤနေရာတွင် သင်္ဘောကြီးများကို ဆောက်လုပ်သည်။ ပြုပြင်ထိန်းသိမ်းသည်။ ထိုအချိန်က ဆင်မလိုက် သင်္ဘောကျင်းတွင် လုပ်သားဦးရေ (၁၀၀၀)ခန့် ရှိခဲ့သည်။ ဝမ်းနည်းစရာကောင်းသည်မှာ ထိုသင်္ဘောကျင်းရှိ လုပ်ငန်းခွင် အခြေအနေ အလွန်အမင်းဆိုးရွားပြီး အလုပ်သမားများသည် လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာ အနာတရ ဖြစ်ရမည့်အရေးကို အမြဲတစေ စိုးရိမ်ကြောင့်ကြနေခဲ့ရသည်။ ဥပမာအားဖြင့် ဝရိန်ဆော်သော လုပ်သားများထံတွင် အထူးမျက်နှာဖုံးများ မရှိခြင်းကြောင့် မကြာခဏဆိုသလို ၄င်းတို့ ပြင်းထန်စွာ ဓါတ်လိုက်ခံကြရသည်။ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် လျော်ညီမှုမရှိဘဲ အလုပ်သမားများသည် နာရီပေါင်းများစွာ အချိန်ပို ဆင်းကြရသည်။ ထို့ပြင် ကရိန်းစက်များဖြင့်သာ မလေ့ရှိသော တန်တဝက်

လောက် အလေးချိန်ရှိသည့် အလွန်လေးလံသော အရာများကို အလုပ်သမား လေးငါးယောက်က ဝိုင်းမကြရသည်။ လေးလွန်း လှသဖြင့် ရှိသမျှ အရိုးအသားတွေ အားလုံး ကြေမွထွက်သွား မလောက်ပင်။ ဤသည်များမှာ မြန်မာနိုင်ငံရှိ အလုပ်သမားများ နေ့စဉ် တွေ့ကြုံခံစားနေခဲ့ရသည့် အလွန်ဆိုးရွားသော အခြေအနေများထဲက ဥပမာ အချို့ပင် ဖြစ်သည်။

၁၉၇၄ခုနှစ် ဖွန်လ(၃)ရက်နေ့တွင် အင်းစိန် မီးရထားခေါင်းပြင် စက်ရုံရှိ အလုပ်သမားများက ဆန်လုံလောက်စွာ ရရှိရေး အပါအဝင် တောင်းဆိုချက် (၇)ခုကို ဟစ်ကြွေးခဲ့ကြသည်။ တချိန်တည်း၌တွင် အုတ်ကျင်း ဂုန်နီစက်ရုံနှင့် သမိုင်း ချည်မျှင် နှင့် အထည်စက်ရုံ ကဲ့သို့သော ကိုတင်မောင်ဦးနှင့် ၎င်း၏ သူငယ်ချင်း အများစုတို့ နေထိုင်ရာ အနီးအပါး နယ်မြေများသို့လည်း ဆန္ဒပြပွဲများ ပျံ့နှံ့လာခဲ့သည်။ အလုပ်သမားများသည် လစာတိုးမြှင့်ပေးရေး၊ အခြေခံစားသုံးကုန် ပစ္စည်းများ ဈေးနှုန်း လျှော့ချပေးရေး၊ လုပ်ငန်းခွင် လုံခြုံမှုရှိရေး၊ မဆလက ကြိုးကိုင်နေသော အလုပ်သမား အသင်းများကို ပြန်လည်ပြုပြင် ဖွဲ့စည်းပေးရေးနှင့် ၎င်းတို့ မိသားစုဝင်များအတွက် လူမှုရေး အကျိုးခံစားခွင့် ရရှိရေးတို့အတွက် တောင်းဆိုခဲ့ကြသည်။

တရားမျှတမှုအတွက် တိုက်ပွဲဝင် လှုပ်ရှားနေကြသော အလုပ်သမားများ၏ လုပ်ရပ်ကို အားကျကာ ကိုတင်မောင်ဦး က "အလုပ်သမားတွေဟာ ကျနော်တို့ရဲ့ မိဘတွေဖြစ်တယ်။ မတရားသဖြင့် ဆက်ဆံ ခံရတာကြောင့် သူတို့တွေ ဒီလိုမျိုး စိတ်ဆင်းရဲကြတာဟာ အဆန်းမဟုတ်ဘူး။ သူတို့ ခံစားရရင် ကျနော်တို့လဲ ခံစားရတာဘဲ။ ကျနော်တို့ ဒီအတွက် တစ်ခုခု လုပ်မှ ဖြစ်မယ်။ သူတို့ရဲ့ ရည်မှန်းချက်တွေ ပြည့်ဝနိုင်စေဖို့အတွက် သူတို့ လှုပ်ရှားမှုတွေထဲမှာ ပူးပေါင်းပါဝင် ကူညီပေးရမယ်လို့ ကျနော်ထင်တယ်။"ဟု ပြောကြားခဲ့သည်။ ဤနည်းဖြင့် သူက သူငယ်ချင်းများကို အလုပ်သမားအရေးအခင်း၌ ပူးပေါင်းပါဝင် စေရေးအတွက် လှုံ့ဆော်ခဲ့သည်။ ဒုက္ခအခက်အခဲများ၊ ဖမ်းဆီးမှုများ (သို့မဟုတ်) နှိပ်စက်ညှဉ်းပန်းမှုများကို ရင်ဆိုင်ကြုံတွေ့ရန် ကြောက်ရွံ့သူများက လွဲလျှင် သူငယ်ချင်း အများစုသည် ကိုတင်မောင်ဦး၏ အကြံဥာဏ်ကို လက်ခံခဲ့ကြသည်။ မိမိတို့၏ ဘဝအခြေအနေများမှာ အလုပ်သမားများနှင့် ထပ်တူဖြစ်သည်ဟု ခံစားခဲ့ကြရသည်။ ကာရာတေးနှင့် ရေးကူး ကျွမ်းကျင်သူ၊ သူငယ်ချင်းအပေါင်းအသင်းများ၏ အကျိုးစီးပွားအတွက် ရှက်ဆောင်ပေးတတ်သူ၊ မိမိ၏ ဟာသဥာဏ်ဖြင့် သူငယ်ချင်းများကို ပျော်ရွှင်ရယ်မောအောင် လုပ်တတ်သူတစ်ဦး ဖြစ်သည်နှင့်အညီ တက္ကသိုလ်တွင် ကိုတင်မောင်ဦးသည် လူချစ်လူခင်ပေါများပြီး လူသိများသူတစ်ဦး ဖြစ်ခဲ့သည်။ သူ့ထံတွင် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်၌သာ မဟုတ်ဘဲ ရန်ကုန် စက်မှုတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်နှင့် ပညာရေး တက္ကသိုလ် များတွင်လည်း သူငယ်ချင်းများ ရှိပေသည်။

## အလုပ်သမားဆန္ဒပြပွဲတွင် ပါဝင်လိုစိတ် ထက်သန်ပြင်းပျလာခြင်း

ဆန္ဒပြပွဲများသည် ရန်ကုန်မြို့ ဆင်မလိုက် သင်္ဘောကျင်းကိုသာ မကဘဲ အုတ်ကျင်းဂုန်လျှော်စက်ရုံနှင့် သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံများသို့ပါ ပျံ့နှံ့သွားသည့်အခါတွင် ကမာရွက်၊ လှိုင်၊ မရန်းကုန်း၊ ကြို့ကုန်းနှင့် အင်းစိန် အစရှိသည့် မြို့နယ်များရှိ အလုပ်သမားနှင့် ကျောင်းသားကျောင်းသူများသည် စိတ်အားထက်သန်စွာဖြင့် လှုပ်ရှားမှုထဲတွင် ပါဝင် ပတ်သက်ခဲ့ကြသည်။ လှိုင်မြို့နယ်ရှိ ဆန္ဒပြပွဲများကို ဦးဆောင်သူ အလုပ်သမားများထဲတွင် ကိုကျော်သက်နှင့် ကိုဝင်းထိန်တို့ကို လူသိ များခဲ့သည်။ ဤသို့ဖြင့် လမ်းမများပေါ်တွင် ဆန္ဒပြသူဦးရေ များသထက် များလာခဲ့သည်။ ထိုကာလများတွင် ကိုတင်မောင်ဦးနှင့် သူ၏ သူငယ်ချင်းများ မကြာမကြာ တွေ့ဖြစ်ခဲ့ကြသည်။ မိမိတို့၏ သက်ဆိုင်ရာ သူငယ်ချင်း အပေါင်းအသင်းများ ကို စည်းရုံးသိမ်းသွင်းပြီးသော အခါတွင် ၎င်းတို့သည် အလုပ်သမားများ၏ နစ်နာမှုများအကြောင်း ပြောဆိုသည့် ဟောပြောပွဲ များကို တက်ရောက်နားဆင် လေ့လာမှတ်သားပြီး မိမိတို့ လက်လှမ်းမီသမျှသော ကျောင်းသူကျောင်းသားများအကြားတွင် ထိုအသိပညာများကို ပြန်လည်မျှဝေပေးသည်။

ဇွန်လ(၅)ရက်နေ့၌ ဆန္ဒပြပွဲများ ကိုတင်မောင်ဦး နေထိုင်ရာ ရပ်ကွက်ဆီသို့ ပျံ့နှံ့ရောက်ရှိလာသော နံနက်ခင်းတွင် ကိုတင်မောင်ဦးသည် သူ၏မိသားစုဝင်များနှင့်အတူ အိမ်တွင် ရှိနေခဲ့သည်။ ကိုတင်မောင်ဦး မိသားစု နေအိမ်မှာ ကမာရွတ်မြို့နယ် အင်းစိန်လမ်းကြီး အနီးရှိ သုခလမ်းတွင် တည်ရှိသည်။ ၄င်းတို့ အိမ်နားတွင် စီးကရက် စက်ရုံရှိသည်။ ထိုစက်ရုံရှိ အလုပ်သမားများ၏ ဟစ်ကြွေးနေသော အသံများ၊ အသံချဲ့စက်က ထွက်ပေါ်လာသော ဟောပြောသံများကို အတိုင်းသား ကြားနေခဲ့ရသည်။ ယခုကဲ့သို့ ဖြစ်ပျက်နေသော အခြေအနေများကြောင့် အိမ်တွင် မိသားစုဝင်များနှင့်အတူ ရှိနေသော ကိုတင်မောင်ဦး အလွန်နိုးကြားပြီး စိတ်အားထက်သန်လာသည်။ သူ၏ နှလုံးခုံသံများ အတိုင်းထက်အလွန် မြန်ဆန်လာကာ မိသားစုဝင်များအား "အေး၊ ဒါ အရမ်းကောင်းတယ်။ အခုလိုမျိုး အရေးအခင်းဖြစ်နေတာကို တွေ့ရတာ ကျနော် သိတ်ဝမ်းသာတယ်။ လူတွေက ခံလာခဲ့ရတာလဲ ကြာပြီလေ။ ဒီအစိုးရက ကျနော်တို့ကို နဲနဲလေးမှ ဂရုစိုက်တာ မဟုတ်ဘူး။ ဒါကြောင့်လဲ လူထုတွေက ဒီလိုမျိုး လုပ်သင့်တယ်။ လူထုတွေ ဖြစ်ချင်တာကို ရှင်းရှင်းလင်းလင်း အကျယ်တဝင့် တောင်းဆိုကြရမယ်။ ကျနော် သူတို့ကို အပြည့်အဝ ထောက်ခံတယ်ဗျာ။"ဟု တက်ကြွမှုအပြည့်ဖြင့် ပြောလေသည်။

ဆန္ဒပြပွဲများတွင် ပါဝင်သော အလုပ်သမားများက အိမ်မပြန်ဘဲ ဆက်လက်ဆန္ဒပြကြမည် ဖြစ်သောကြောင့် ၄င်းတို့ အစားအစာနှင့် ရေ လိုအပ်လာသည်။ ထို့ကြောင့် အလုပ်သမား တစ်ယောက်စ၊ နှစ်ယောက်စ ကို အနီးအနားရှိ နေအိမ်များထံသို့ စေလွှတ်ကာ အစာရေစာများ အကူအညီ တောင်းခံစေသည်။ ကိုတင်မောင်ဦးက ဤသတင်းကို ကြားသိရသည်နှင့် တပြိုင်နက် မီးဖိုချောင်ထဲဝင်သွားကာ "ကျနော်တို့ သူတို့အတွက် ဘာလုပ်ရင် ကောင်းမလဲ။"ဟု ပြောသည်။ ကိုတင်မောင်ဦး မိသားစုတွင် မိဘများအပါအဝင် သူ၏ ညီအစ်ကိုမောင်နှမ (၈)ယောက်ရှိသောကြောင့် အိမ်၌ အစားအသောက် ပိုလျှံသည်က မရှိသလောက်ပင်။ သို့သော် ထိုနေ့တွင် မီးဖိုချောင်ထဲ၌ ဆန်၊ ကြက်ဥ အချို့နှင့် ဟင်းသီးဟင်းရွက် အနည်းငယ် ရှိနေခဲ့သည်။ ဤတွင် သူက အိမ်နောက်ဖေးသို့ သွားကာ ကြီးမား တောင့်တင်းသော ငှက်ပျောရွက် အချို့ကို ဖြတ်လာခဲ့သည်။ ၄င်းတို့ကို အနည်းငယ် မီးအပူပေးလိုက်သော အခါတွင် ပျော့ပျောင်းသွားပြီး အစားအသောက်များကို ထုပ်ပိုးရန် အင်မတန် ကောင်းမွန်လာသည်။ သဘာဝက ထွက်ရှိသော ဈေးနှုန်းချိုသာသည့် ငှက်ပျောရွက်များသည် အစားအသောက်များကို ထုပ်ပိုးသိမ်းထားနိုင်ရန်အတွက် အလွန်သင့်တော်သည်နှင့်အညီ ၄င်းသည် မြန်မာနိုင်ငံတွင် လူသိများသော ရိုးရာဓလေ့ထုံးတမ်းတစ်ခု ဖြစ်လာခဲ့သည်။ ကိုတင်မောင်ဦးက ငှက်ပျောရွက်များကို ဆေးကြော မီးဖုတ်ပြီးသည့်နောက်တွင် ငှက်ပျောရွက်ကြီး တစ်ခုထဲသို့ ထမင်းကြော်များကို ရက်ရက်ရောရော ထည့်လိုက်သည်။ ထို့နောက် သူက စာရွက်တစ်ရွက်ပေါ်တွင် "ဆိတ်ခေါင်းပြပြီး ခွေးသား ရောင်းတယ်"ဟူသော မြန်မာ စကားပုံတစ်ခုကို ချရေးလိုက်သည်။ အသားရောင်းသူသည် ဆိုင်ရှေ့တွင် ဆိတ်ခေါင်းကို ချိတ်ထားခြင်းဖြင့် ဆိတ်သားရောင်း နေသည့် အရောင်ဆောင်ပြီး လက်တွေ့တွင်မူ ဈေးဝယ်သူများကို လိမ်လည်လှည့်ဖြားကာ ခွေးသားများ ထည့်ပေးလိုက်ခြင်းကို ဆိုလိုသည်။ ဤကဲ့သို့သော နည်းလမ်းဖြင့် ကိုတင်မောင်ဦးသည် သူတော်ကောင်းယောင်ဆောင်နေသော မြန်မာ့ ဆိုရှယ်လစ်အစိုးရ၏ မူဝါဒများကို စကားပုံတစ်ခုဖြင့် နှိုင်းယှဉ်ပြလိုက်ခြင်းဖြစ်သည်။ ၄င်းတို့၏ မသမာမှုများ တစ်နေ့တွင် ဆုံးခန်းတိုင်မှာ သေချာမည် ဖြစ်ကြောင်းကိုလည်း စာ၏ အောက်ဆုံးတွင် ထည့်ရေးလိုက်သည်။

ယခုကဲ့သို့သော လူထုဆန္ဒပြပွဲများကို တွေ့ကြုံရသည်မှာ ကိုတင်မောင်ဦးနှင့် သူငယ်ချင်းများအတွက် ပထမဆုံးအကြိမ်ဖြစ်သည်။ ဇွန်လ (၄)ရက်နှင့် (၅)ရက်နေ့ ရန်ကုန် အင်းစိန် လမ်းမကြီး တလျှောက်ရှိ ကြိုကြားကြိုကြား လူစုဝေးခြင်းများတွင် ၄င်းတို့ ပူးပေါင်းပါဝင်ခဲ့ကြသည်။ ထို့ပြင် ဇွန်လ(၆)ရက်နေ့၌ ပြုလုပ်မည့် ဆန္ဒပြပွဲများတွင် ပါဝင်နိုင်ရန်အတွက် လူငယ်များနှင့် ကျောင်းသူကျောင်းသားများကို စည်းရုံးပြီး သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံရှေ့တွင် လာရောက်စုဝေးကြရန်အတွက် အစီအစဉ်များ ပြုလုပ်ခဲ့သည်။ သမိုင်း ဘောဒါဆောင်တွင် နေထိုင်သူများနှင့် ရန်ကုန် စက်မှု တက္ကသိုလ်ဝင်းအတွင်းရှိ ကျောင်းသူကျောင်းသားများကို စည်းရုံးရန်အတွက် ကိုတင်မောင်ဦးက အဓိက တာဝန်ယူခဲ့သည်။ ကိုခင်မောင်အေးကမူ နိုင်ငံခြား ဘာသာစကား သိပ္ပံနှင့် လှိုင်မြို့နယ် အုတ်ကြင်းရပ်ကွက်တွင် နေထိုင်သူများကို ခေါ်ဆောင်လာရန် ဖြစ်သည်။

ထို့အတူပင် ကိုအောင်ကြည်ကလည်း ပညာရေးတက္ကသိုလ်၊ ကိုကျော်ဇေယျက ရန်ကုန် ဝိဇ္ဇာနှင့် နှင့် သိပ္ပံ တက္ကသိုလ်၊ ကိုမြင့်စိုးက စီးပွားရေးတက္ကသိုလ် စသည်ဖြင့် တက္ကသိုလ်အသီးသီးရှိ ကျောင်းသူကျောင်းသားများကို စည်းရုံးရန် တာဝန်ယူခဲ့ကြသည်။ ကိုတင်မောင်ဦး၏ အသိုင်းအဝိုင်းထဲက မဟုတ်သော အခြား တက္ကသိုလ်ကျောင်းသူကျောင်းသားများလည်း အလုပ်သမား ဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။ တရားမျှတမှုအတွက် တိုက်ပွဲဝင်လှုပ်ရှားရာတွင် ကျောင်းသူကျောင်းသားများသည် အလုပ်သမားများနှင့် အတူတကွ စိတ်ထားထက်သန်မှုအပြည့်ဖြင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့ထံတွင် ကျောင်းသား အစည်းအရုံးကဲ့သို့သော ကိုယ်ပိုင် အသင်းအဖွဲ့များ မရှိသည့်အပြင် တသီးပုဂ္ဂလ လှုပ်ရှားသူများနှင့်ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ ပူးပေါင်းဆောင်ရွက်ဘူးသော အတွေ့အကြုံမရှိခြင်းကြောင့် ၎င်းတို့၏ စည်းရုံးရေးနည်းနာများမှာ စနစ်တကျ မရှိခဲ့ချေ။ အလုပ်သမား အရေးအခင်းတွင် ပါဝင်သော ကျောင်းသူကျောင်းသားများသည် တစ်ဦးချင်းအနေနှင့် ၎င်းတို့ နီးစပ်ရာ အသိမိတ်ဆွေများကို ဆွဲခေါ်ခဲ့ကြခြင်းသာ ဖြစ်သည်။ ကျောင်းသူကျောင်းသားများသည် ပြတ်သားခိုင်မာမှု အပြည့်ဖြင့် အလုပ်သမားအရေးအခင်း၌ ပူးပေါင်း ပါဝင်ခဲ့ကြသော်လည်း ကျောင်းသားသမဂ္ဂ မရှိသောကြောင့် ၎င်းတို့က အလုပ်သမား အရေးအခင်းကို ထောက်ခံကြောင်းနှင့် စပ်လျဉ်း၍ လူသိရှင်ကြား ဖော်ထုတ် အသိပေးနိုင်ခြင်း မရှိခဲ့ချေ။ ၎င်း၏ အကျိုးရလာဒ်ကြောင့် ၁၉၇၄ခုနှစ် အလုပ်သများ အရေးအခင်းသည် ထိရောက်သင့်သလောက် ထိရောက်မှု မရှိခဲ့ချေ။

ကိုတင်မောင်ဦးက စနစ်တကျဖြင့် စုစည်းရုံးနိုင်ရေးအတွက် နည်းလမ်းကို ရှာဖွေရာတွင် ကျောင်းသူကျောင်းသားများ၊ လူငယ်များနှင့် အလုပ်သမားများ အကြားရှိ ဆက်သွယ်ရေးကွန်ယက်၏ အရေးပါပုံ အလိုလို သိရှိထားခဲ့သည်။ နောက်ပိုင်းကာလများတွင် သူက စစ်တပ် အရာရှိများနှင့်ပါ အချိတ်အဆက်ရှိသည်အထိ ဖြစ်လာခဲ့သည်။ အလုပ်သမားအရေး အခင်း ကတည်းက စတင်ကာ ကိုတင်မောင်ဦးသည် သူ့နည်း သူ့ဟန်အတိုင်း ဆက်သွယ်မှုကွန်ယက်များကို ဖန်တီးခဲ့သည်။ ကျောင်းသူကျောင်းသား အသိုင်းအဝိုင်းကို ကြည့်မည်ဆိုလျှင် သူက ‘အချက်အချာကျသော’ ကျောင်းသားများနှင့် မိတ်ဖွဲ့ခဲ့သည်။ ဥပမာအားဖြင့် ကျောင်းသူကျောင်းသားများထဲတွင် သာမန် ယေဘုယျ အသိပညာရှိသူများ၊ အားကစား ထူးချွန်သူများ၊ စာတော်သူများ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဆုံချက်ကျသူများ၊ စကားပြောကောင်းသူများ၊ လူမှုဆက်ဆံရေး ကောင်းမွန်သူများ၊ နိုင်ငံရေး အသိပညာ ကြွယ်ဝသူများနှင့် လောင်းကစား၌ ကျွမ်းကျင်သူများ အစရှိသူတို့ ပါဝင်သည်။ ဤကဲ့သို့ ‘အချက်အချာ’ ကျောင်းသူကျောင်းသားများ၏ အနီးအနားဝန်းကျင်တွင် အခြား သာမန် ကျောင်းသူကျောင်းသားများ စုဝေးနေလေ့ရှိကြောင်းကို သူက ကောင်းကောင်းရိပ်စားမိခဲ့သည်။ ထိုကျောင်းသူကျောင်းသား များနှင့် ပုံမှန်အဆက်သွယ်လုပ်ခြင်း၊ ၎င်းတို့ထံ သွားရောက်လည်ပတ်ခြင်းများ ပြုလုပ်ခဲ့သည်။ ကံမကောင်းသည်မှာ ထိုခေတ်ကာလတွင် မိုဘိုင်းဖုန်း၊ အင်တာနက်၊ အီးမေး(လ်)၊ face book အစရှိသည့် အဆင့်မြင့် ဆက်သွယ်ရေး နည်းပညာ များ မရှိသည့်အပြင် ကိုတင်မောင်ဦး မိသားစုထံ၌လည်း အိမ်ဖုန်းပင် မရှိခဲ့ချေ။ ရန်ကုန်မြို့အတွင်း၌ သွားလာရန်ခရီးစရိတ်အတွက်ကိုပင် ကိုတင်မောင်ဦးထံ၌ ပိုက်ဆံအပိုအလျှံ မရှိခဲ့ချေ။ သို့သော် သူသည် မလှမ်းမကမ်း နယ်မြေများရှိ ကျောင်းသူကျောင်းသားများ ထံသို့ ခြေလျင်ခရီးနှင်ကာ အကြိမ်ပေါင်းများစွာ သွားရောက်နိုင်ခဲ့သည်။ ရပ်ကွက်အတွင်း နေထိုင်သော အခြားသူငယ်များထံသို့ သွားရောက်သည့်အခါတိုင်းတွင် ခြေကျင်လျှောက်သွားခဲ့သည်။ ကိုတင်မောင်ဦးသည် သူငယ်ချင်း အိမ်သို့ ရောက်ရောက်ချင်း ရေတောင်းသောက်ပြီး တခဏ အနားယူလေ့ရှိသည်။ သူငယ်ချင်းဖြစ်သူက သူ့ကို ငှက်ပျောသီး (သို့မဟုတ်) မုန့်တမျိုးမျိုးဖြင့် တည်ခင်းဧည့်ခံရုံမျှနှင့် သူ့အတွက် လုံလောက်သည်။ ပြီးနောက်တွင် သူက ထုံးစံအတိုင်း မပွင့်တပွင့် ပြုံးကာ စကားစပြောတော့သည်။ တက္ကသိုလ်ကျောင်းဝင်းထဲရှိ အဆောင်တွင် နေထိုင်သော သူငယ်ချင်းများကမူ သူ့ကို အဆောင်စားဖိုခန်း သို့မဟုတ် ၎င်းတို့ အခန်းထဲက ရှိရှိသမျှ အစားအသောက်များဖြင့် ကျွေးမွေးလေ့ရှိသည်။ ကိုတင်မောင်ဦးက ထိုကဲ့သို့သော စည်းရုံးရေး ခရီးစဉ်များကို အထူးနှစ်ခြိုက်သည်။ ဝေးလံသော နေရာရှိ အခြားတက္ကသိုလ်များသို့ သွားရောက်ရာတွင်မူ ဘတ်စကားကို မဖြစ်မနေ စီးရသည်။ သို့သော် သူ့မိသားစုကလည်း

သူ့အတွက် ကျောင်းတက်ရန်နှင့် အချို့သော အရေးပါသော ဝေရာဝစ္စ များ လုပ်ကိုင်ရာ၌ သွားလာရန်အတွက်သာ ဘတ်စကားခ ပေးနိုင်သည်။ ကိုတင်မောင်ဦး ကလည်း သူ့အတွက်ကြောင့် မိသားစု ဝန်ထုတ်ဝန်ပိုး ဖြစ်ရမည်ကို မလိုလားခဲ့။ တဘက်ကမူ သူ၏ 'အချက်အချာ' သူငယ်ချင်းများနှင့် စဉ်ဆက်မပြတ် အဆက်အသွယ် ရှိနေဖို့ လိုအပ်သဖြင့် ၎င်းတို့ထံ မဖြစ်မနေ သွားရောက်ရသည်။ သို့မှသာ သူ၏ ဆက်သွယ်ရေးကွန်ယက်ကို ထိန်းထားနိုင်မည် ဖြစ်သောကြောင့်ပင်။ ထို့ကြောင့် ဘတ်စကား စီးနိုင်မှ ဖြစ်လာသည်။ ဤပြဿနာအား ကိုတင်မောင်ဦး မည်ကဲ့သို့ ဖြေရှင်းသည်ကို အစပိုင်းတွင် သူ၏ သူငယ်ချင်းများ မသိရှိခဲ့ကြ။ ဤသို့ဖြင့် နောက်ပိုင်းတွင် သူက ဘစ်စကားခ မပေးဘဲ မည်ကဲ့သို့ ဘတ်စကား စီးကြောင်းကို သူငယ်ချင်းများအား မျှဝေပြောပြခဲ့သည်။

တစ်နေ့ ကိုတင်မောင်ဦးသည် ဘတ်စကားပေါ်တွင် သူငယ်ချင်း တစ်ယောက်ကို အမှတ်မထင် ဆုံဖြစ်သည်။ ထို သူငယ်ချင်းမှာ တက္ကသိုလ် ဆက်မတော့ဘဲ အစိုးရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနတစ်ခုတွင် အလုပ်ရနေသူ ဖြစ်သည်။ ကားလက်မှတ်ရောင်းသူ ၎င်းတို့ထံ ချဉ်းကပ်လာသောအခါ ကိုတင်မောင်ဦး သူငယ်ချင်းက သူ့အိတ်ကပ်ကို ပုတ်လိုက်ကာ အင်္ဂလိပ်ဘာသာဖြင့် Pass (ခွင့်ပြုချက်လက်မှတ်) ရှိသည်ဟု ပြောလိုက်ရာတွင် လက်မှတ်ရောင်းသူက ဘာမှ ဆက်မမေး တော့ဘဲ သူ့အနားက ထွက်သွားသည်။ ဤတွင် တအံ့တသြဖြစ်သွားသော ကိုတင်မောင်ဦးက သူ့သူငယ်ချင်း အဘယ်ကြောင့် ဘတ်စကားခ ပေးရန် မလိုကြောင်းကို သိချင်မိသွားသည်။ ၎င်းတို့ နှစ်ဦး ဘတ်စကားပေါ်ကအဆင်းတွင် ကိုတင်မောင်ဦးက "အဲဒီ 'ခွင့်ပြုချက်' ဆိုတာက ဘာလဲကွ။" ဟုမေးလေသည်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဌာနတွင် တာဝန်ထမ်းဆောင် နေသူများအားလုံးကို 'ဘတ်စကား စီးရန် ခွင့်ပြုချက်'ကတ်ပြား အခမဲ့ ထုတ်ပေးထားကြောင်းကို သူငယ်ချင်းလုပ်သူက ရှင်းပြသည်။ ထိုခေတ်ကာလ၌ ဆိုရှယ်လစ်စနစ်အောက်တွင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းဌာနများအားလုံးကို အစိုးရက ပိုင်ဆိုင်သည်။ ဤသို့သော အခြေအနေတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဝန်ထမ်းများက ကားမောင်းသူနှင့် လက်မှတ် ရောင်းသူများ၏ လစာများ၊ ပင်စင်ငွေများနှင့် ခွင့်ရက်များကို စီမံကိုင်တွယ်ရသောကြောင့် ကားမောင်းသူနှင့် လက်မှတ်ရောင်း သူများက ၎င်းတို့အပေါ် တလေးတစား ရှိကြခြင်းဖြစ်သည်။ ဤတွင် ကိုတင်မောင်ဦးက သူ့သူငယ်ချင်း၏ ခွင့်ပြုချက် ကတ်ပြားကို တောင်းကြည့်ကာ ကတ်ပြား ထုတ်ပေးသည့် နေ့စွဲနှင့် ကတ်ပြား နံပါတ်တို့ အပါအဝင် ထိုကတ်ပြားအတွက် တာဝန်ရှိသူ အရာရှိ၏ နာမည်များကိုပါ အလွတ်ကျက်မှတ်ထားလိုက်သည်။

ထို့နောက် ကိုတင်မောင်ဦးသည် 'ဘတ်စကားစီးရန် ခွင့်ပြုချက် ကတ်ပြား'နှင့် အရွယ်အစား တူသော ကတ်ထူပြား တစ်ခုကို ရှာပြီး သူ့အိပ်ကပ်ထဲ ထည့်ထားကာ ဘတ်စကား စီးရာတွင် သူ့သူငယ်ချင်း ပြုမူသည့်အတိုင်း မှင်သေသေဖြင့် တထေရာတည်း လိုက်လုပ်လေသည်။ ဤနည်းဖြင့် ဘတ်စကား စီးရာတွင် အများအားဖြင့် အဆင်ပြေကြောင်း၊ လက်မှတ် ရောင်းသူက ခွင့်ပြုချက် ကတ်ပြားကို တောင်းကြည့်လေ့ မရှိကြောင်း၊ သူ့အိတ်ကပ်ကို တစ်ချက်ကြည့်ပြီး ပြန်ထွက်သွားတတ် ကြောင်းတို့ကို ကိုတင်မောင်ဦးက သူငယ်ချင်းများကို ပြန်လှန်ပြောပြလေသည်။ လက်မှတ်ရောင်းသူ ကတ်ပြား တောင်းကြည့် ချင်သည်ဆိုလျှင် သူက "အား။ ကျနော့် ကတ်ပြားကို အိမ်မှာ မေ့ကျန်ခဲ့တယ်။ ခင်များ မယုံရင် ကျနော့် ကတ်ပြား နံပါတ်ကို စစ်ကြည့်လို့ရတယ်"ဟူသော သတင်းအချက်အလက်များကို ပေးလိုက်သောအခါ လက်မှတ်ရောင်းသူက ဆက်မမေးတော့ချေ။ ဤသို့ဖြင့် တစ်နေ့တွင် ဘတ်စကားပေါ်၌ ကိုတင်မောင်ဦးက လုပ်နေကျအတိုင်း ပြုမူရာ ကားလတ်မှတ်ရောင်းသူက ဘာမှ ပြဿနာ မရှာခဲ့။ သို့သော် များမကြာမီတွင် ဘတ်စကားပေါ်သို့ လက်မှတ်စစ်တစ်ယောက် တက်လာရာ ခရီးသည်များက ၎င်းတို့၏ ကားလတ်မှတ်များကို ပြရလေသည်။ ထိုအချိန်တွင် လက်မှတ်ရောင်းသမားကလည်း ကိုတင်မောင်ဦး အနားတွင် ရှိနေခဲ့သည်။ လက်မှတ်စစ်သူ မိမိအနား ရောက်လာသောအခါ ကိုတင်မောင်ဦးက အိတ်ကပ်ထဲက တစုံတခုကို ထုတ်လိုက် သည်။ ဤတွင် ကားလက်မှတ်ရောင်းသူက ကိုတင်မောင်ဦးသည် 'ဘတ်စကားစီးရန် ခွင့်ပြုချက် လက်မှတ်'ကို ပြမည်ဟု ထင်နေခဲ့သည်။ သို့သော် ဤကဲ့သို့ မဟုတ်။ သူ့လက်ထဲ ပါလာသော အရာမှာ ဘတ်စကားခအတွက် ပိုက်ဆံ ဖြစ်နေသည်။

၎င်းအချင်းအရာကြောင့် လက်မှတ်ရောင်းသူ ရုတ်တရက် ကြောင်သွားသည်။ သို့သော် ဘာမှ ပြောမနေဘဲ ကိုတင်မောင်ဦးကို လက်မှတ်တစ်စောင် ရောင်းပေးလိုက်သည်။ ၎င်းအဖြစ်အပျက်ကို ကိုတင်မောင်ဦးက ပြန်ပြောင်းပြောပြသောအခါ သူ့ သူငယ်ချင်းများ ဟားတိုက်ရီမောခဲ့ကြရသည်။ ထို့ပြင် တရားမျှတမှု အတွက် လှုပ်ရှားဆောင်ရွက်နေခြင်းကြောင့် တွေ့ကြုံ လာရသည့် ငွေကြေးအခက်အခဲအား တတ်သမျှနည်းလမ်းဖြင့် ဖြေရှင်းနေရသော သူ့အပေါ်၌လည်း သူငယ်ချင်းများ ဂရုဏာ သက်သွားကြသည်။ ၎င်းသို့ဖြင့် ကိုတင်မောင်ဦးသည် သူ၏ 'အချက်အချာ' သူငယ်ချင်းများကို ဆက်လက် စည်းရုံး နိုင်ခဲ့ပြီး ၎င်းတို့သည် နောက်ပိုင်းတွင် အလုပ်သမား အရေးအခင်း၌သော်လည်းကောင်း၊ အခြားသော ကျောင်းသားဆန္ဒပြပွဲ များ၌သော်လည်းကောင်း ကိုတင်မောင်ဦး၏ ရောင်းရင်းများအဖြစ် ပူးပေါင်းပါဝင်ခဲ့ကြသည်။

ဇွန်လ (၆)ရက်နေ့ နံနက်ပိုင်းတွင် လမ်းမများပေါ်၌ ဆန္ဒပြသူဦးရေ ပိုမိုတိုးပွားလာခဲ့သည်။ ကိုတင်မောင်ဦး အပါအဝင် သူ၏ သူငယ်ချင်းများ အားလုံးနီးပါးနှင့် အနီးအနား တက္ကသိုလ်များရှိ အခြားသော ကျောင်းသူကျောင်းသားများ လမ်းမများပေါ်သို့ထွက်လာကြကာ ဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။ ၎င်းတို့သည် သမိုင်းလမ်းဆုံမှတဆင့် ချည်စက် ရိပ်သာရှေ့သို့ လည်းကောင်း၊ အုတ်ကျင်းဂုန်နီ စက်ရုံလမ်းအတိုင်း လျှောက်ကာ ချည်စက်ရိပ်သာ ရှေ့သို့ လည်းကောင်း၊ ကိုတင်မောင်ဦးက သမိုင်း ကျောင်းဆောင်များရှိ ၎င်း၏ သူငယ်ချင်းများကို စု စည်းကာ ချည်စက်ရိပ်သာ ရှေ့သို့လည်းကောင်း ရောက်လာ ပေါင်းဆုံမိကြသည်။ သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံ ဝင်းအတွင်းမှ အလုပ်သမားများ၏ ဆန္ဒပြကြွေးကြော် သံများ ချည်စက်ရိပ်သာရှေ့နှင့် ချည်မျှင်နှင့် အထည်စက်ရုံရှေ့ ရန်ကုန်အင်းစိန်လမ်းမပေါ်ရှိ လူအုပ်ကြီးအတွင်းမှ ဆန္ဒပြ အော်ဟစ်သံများ ဆူညံလျှက်ရှိသည်။ တဖြည်းဖြည်းနှင့် လမ်းမ ကြီးပိတ်သွားပြီး ရန်ကုန် အင်းစိန်လမ်းပေါ်တွင် ကားအသွား အလာ လုံးဝရပ်ဆိုင်းသွားခဲ့သည်။

အလုပ်သမားများရော ကျောင်းသားလူငယ်များပါ စုပေါင်း၍ ဆန္ဒပြလူအုပ်ကြီးကို ထိန်းရန် ကြိုးစားကြသည်။ တယောက်တပေါက် အော်ဟစ်ပြောဆို နေမည့်အစား စည်းကမ်းတကျ ဝိုင်းထိုင်ပြီး မိမိတို့ ပြောလိုသည်များကို တယောက် တလှည့် ပြောဆိုကြရန်၊ အားလုံး ငြိမ်ငြိမ်သက်သက် ထိုင်ပြီး နားထောင်ကြရန် သဘောတူခဲ့ကြသည်။ ထို့နောက် အလုပ်သမားများ တယောက်ပြီး တယောက် လူအုပ်ကြီးရှေ့ကိုထွက်ကာ ၎င်းတို့၏ ဘဝ နစ်နာချက်များအား ရင်ဖွင့်ကြသည်။ အချို့မှာ ပြောရင်း မျက်ရည်ကျသူများ လည်းရှိကြသည်။ လူအုပ်ကြီးက တစ်ယောက် ထွက်ပြောသည့်အခါတိုင်း သောင်း သောင်းဖျဖျ သြဘာပေးကြသည်။ တဖြည်းဖြည်းနှင့် ဆန္ဒပြသူ အရေအတွက်မှာ များသည်ထက် များလာသည်။ လူထုမှာ ပိုမို၍ စိတ်အားတက်ကြွလာပြီး တခုခု လုပ်လိုသောဆန္ဒတွေ ပြင်းထန်လာခဲ့ကြသည်။ ထိုအခါ ကိုတင်မောင်ဦးက ဆန္ဒပြလူအုပ်ကြီးအား ရန်ကုန်အင်းစိန် လမ်းမအတိုင်း ဦးဆောင်ချီတက်စေကာ ရန်ကုန်မြို့လယ်ရှိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဌာနချုပ်ရုံးရှေ့ အရောက် သွားရောက် ဆန္ဒပြကြဖို့ အကြံပေးသည်။ ၎င်း၏ သူငယ်ချင်းအားလုံး လက်ခံကာ လူအုပ်အတွင်းရှိ လက်လှမ်းမှီရာ အလုပ်သမား မိတ်ဆွေများအား ချက်ချင်း ရှင်းပြရာ ၎င်းတို့ကလည်း သဘောတူကြသည်။

## စစ်အစိုးရ၏ ရက်စက်စွာဖိနှိပ်မှုကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည့် ဆန္ဒပြလူထုများ

ယင်းသို့ စုစည်းပြင်ဆင်နေသည့်အချိန်တွင် လုံထိန်းများနှင့် စစ်သားများအားတင်ဆောင်လာသည့် ထရပ်ကား ကြီးများ ရန်ကုန်မြို့လယ် ဘက်မှ မောင်းချလာပြီး ချည်စက်ရိပ်သာ ရှေ့သို့ ရောက်လာခဲ့ကြသည်။ ထို့နောက် လူအုပ်ကြီး အား လူစုခွဲကြရန်နှင့် မခွဲပါက အကြမ်းဖက် နှိမ်နင်းမည် ဖြစ်ကြောင်း၊ အသံချဲ့စက်ဖြင့် ကြေငြာသည်။ ဆန္ဒပြ လူစုကလည်း လုံးဝလူစုမခွဲဘဲ ကြွေးကြော်သံများတိုင်ကာ ပြန်လည်တုန့်ပြန်ခဲ့ကြသည်။ မိနစ်ပိုင်း အတွင်းမှာပင် လုံထိန်းများက မျက်ရည်ယို ဗုံးများဖြင့် ပစ်ခတ်၍ လည်းကောင်း နံပါတ်တုတ်များဖြင့် လူထုအတွင်း ဝင်ရောက် ရိုက်နှက်၍ လည်းကောင်း၊ လူစုခွဲရန်

ကြိုးပမ်းခဲ့ကြသည်။ ဆန္ဒပြ လူထုကြီးမှာ ရုတ်တရက် ထိတ်လန့်ပြီး ဟိုပြေးသည်ပြေး ဖြစ်သွား ခဲ့ကြသည်။ သို့ရာတွင် အလုပ်သမား လူငယ်များ၊ ကိုတင်မောင်ဦးနှင့် ကျွန်တော်တို့ ကျောင်းသားလူငယ်များက တွေ့သမျှ အုတ်ခဲကျိုးများ၊ ကျောက်ခဲများ ကောက်ယူကာ ပြန်လည်ပစ်ပေါက်ပြီး ခုခံခဲ့ကြရာ ဖရိုဖရဲဖြစ်သွားသော ဆန္ဒပြလူ ထုကြီးမှာ ပြန်လည် စုစည်းနိုင်လာပြီး လုံထိန်းများနောက်ကို ဆုတ်သွားကြသည်။

ရှေ့တန်းမှာရှိနေသော လုံထိန်းများနေရာ၌ စစ်တပ်က အစားထိုး ဝင်ရောက်တာဝန်ယူသည်။ ရန်ကုန်အင်းစိန် လမ်းမကို ပိတ်ကာ ထုံးအဖြူနှင့် စည်းသုံးကြောင်း တားသည်။ အဆိုပါ စည်းများ၏ နောက်တွင် သံဆူးကြိုးခွေများ ချထားလိုက်ပြီး အဆိုပါသံဆူးကြိုးခွေများ၏ နောက်တွင် စစ်သားများ အသင့်အနေအထားဖြင့် သေနတ်ကို ဆန္ဒပြလူအုပ် ကြီးဘက်သို့ ချိန်ရွယ်ကာ မတ်တပ်ရပ်နေကြသည်။ လုံထိန်းနှင့် စစ်တပ်များ အနေဖြင့် ယင်းသို့ ပြင်ဆင်နေသည့် အချိန် အတွင်းမှာပင် မိမိတို့ ဆန္ဒပြ လူအုပ်ကြီးအတွင်း၌လည်း အချင်းချင်း ပြန်လည်စုရုံးကြသည်။ စစ်တပ်က သေနတ်ဖြင့် ချိန်ထားသည့်ကြားမှာပင် ၄င်းတို့ကို ထိုးဖောက်၍ မူလဦးတည်ချက်အတိုင်း မဆလပါတီဌာနချုပ်ရုံးရှေ့ ရောက်သည်အထိ ဆက်လက် ချီတက်ကြရန် ကြိုးပမ်းကြသည်။ ယင်းသို့ ရှိနေသည့်အချိန်တွင် စစ်အရာရှိတဦးက အသံချဲ့စက်ကိုကိုင်၍ အမြန်ဆုံးလူစုခွဲပြီး အိမ်ပြန်ကြရန် တားထားသော စည်းများကိုကျော်ပြီး ရှေ့ကိုဆက်မလာကြရန် စည်းများကို ဖြတ်ကျော် လာပါက သေနတ်ဖြင့် ပစ်ခတ် နှိမ်နင်းရမည် ဖြစ်ကြောင်း ချိန်းခြောက်သည်။ ထိုအချိန်တွင် မည်သည့်နေရာမှ ရောက်လာ မှန်းမသိသော မြန်မာနိုင်ငံ အလံတစ်ခုကို တွေ့လိုက်ရသည်။ ထိုအလံမှာ (၁၉၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်ခဲ့စဉ်က အသုံးပြုခဲ့သော အလံဖြစ်သည်။ ကိုတင်မောင်ဦးက အဆိုပါအလံကို ဆွဲယူကာ အနီးအနား မြောင်းထဲရှိ ဝါးလုံးရှည်တခုတွင် ချည်လိုက်ပြီး လွှင့်ထူလိုက်ရာ လူထုပရိတ်သတ်ကြီးက သောင်းသောင်းဖျဖျ သြဘာပေးကြသည်။ အလံနှင့်အတူ အလုပ်သမား ရဲဘော်များ၊ ကိုတင်မောင်ဦးနှင့် သူ၏ သူငယ်ချင်းတို့မှာ ဆန္ဒပြလူအုပ်ကြီး၏ ရှေ့ဆုံးတန်း နေရာတွင် ရောက်လျက်ရှိနေခဲ့ကြသည်။

ဆန္ဒပြ ကြွေးကြော်သံများနှင့် အတူ ရှေ့ကို ဆက်လက် ချီတက်ရန် အားပေးကြသော လူအုပ်ကြီး၏ အသံမှာ ညံလျှက် ရှိသည်။ ဒီလောက်များတဲ့ လူထုကြီးကို စစ်တပ်က တကယ် ပစ်ရဲမှာမဟုတ်၊ သက်သက် ခြောက်တာ၊ ဘာမှ မကြောက်ကြနဲ့ အစရှိသဖြင့်လည်း အချင်းချင်း အပြန်အလှန် အားပေးကြသည်။ ထိုအချိန်တွင် သေနတ်သံများ ထွက် ပေါ်လာခဲ့ရာ ဆန္ဒပြလူထုကြီးမှာ အော်သူအော်၊ ပြေးသူပြေး၊ မှောက်သူမှောက် နှင့် အလဲလဲ အကွဲကွဲဖြစ်ကုန်ကြသည်။ ကိုတင်မောင်ဦးနှင့်သူငယ်ချင်းများ အားလုံးမှာ အလုပ်သမား၊ ရဲဘော်များနှင့်အတူ စစ်တပ်နှင့် မျက်နှာချင်းဆိုင် ထားသော လူအုပ်ကြီး၏ ရှေ့ဆုံးတွင်ရှိနေသဖြင့် စစ်တပ်က စတင် ပစ်ခတ်သောအခါ နောက်လှည့်ထွက်ပြေးကြရာတွင် နောက်ဆုံးတွင် ရှိနေခဲ့သည်။ တလှမ်း၊ နှစ်လှမ်း နောက်ပြန် လှည့်ပြေးနေစဉ် “ဒီကောင်တွေ သေနတ်နဲ့ တကယ်ပစ်နေပြီ၊ ဝပ်ချလိုက်၊ ဝပ်ချလိုက်” ဟူ၍ အော်ဟစ် ပြောဆိုသော ကိုတင်မောင်ဦး၏အသံကို နောက်ဆုံးကြားလိုက်ရသည်။ ကိုတင်မောင်ဦးက ကျည်ဆံများ၏ ရန်မှ လွတ်မြောက်ခဲ့သော်လည်း သူ၏ ရင်းနှီးသော ငယ်သူငယ်ချင်း ကိုခင်မောင်အေးမှာမူ သေနတ်ကျည်ဆံ ထိမှန်ပြီး ခပ်လှမ်းလှမ်းတနေရာ၌ လဲကျကျန်ရစ်ခဲ့သည်။ ဤသည်မှာ ကိုတင်မောင်ဦးက သူ့ကို နောက်ဆုံးအကြိမ် တွေ့မြင် ခဲ့ရခြင်းဖြစ်သည်။

## ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများကို စစ်တပ်က ပစ်ခတ်နှိမ်နင်းခြင်း

ကိုခင်မောင်အေး ဝပ်ချလိုက်ရာတွင် သူ၏ခေါင်းပေါ်၌ သေနတ်ကျည်ဆံ တဝီဝီဖြင့် ဝဲနေသည့် အသံများကို ကြားလိုက်ရသည်။ စစ်တပ်က သေနတ်ဖြင့် ပထမအကြိမ် ပစ်ခတ်သည့်အချိန်တွင် ကိုခင်မောင်အေးကို ထိမှန်ခြင်း မရှိသေးပါ။

ထို့နောက် မိနစ်ပိုင်း အတွင်းမှာပင် ဒုတိယအကြိမ် ဆက်ပစ်ရန် အမိန့်သံ ကြားလိုက်ရသည်။ မှောက်ကျန်ခဲ့သော လူထုကြီး ကိုပင် ချိန်ရွယ်၍ ပစ်ခတ်သည့်သဘောဖြစ်သည်။ ကျည်ဆံသည် ကတ္တရာ လမ်းမကိုထောက် ညာဖက်ခြေဖဝါးကို ထုတ်ခြင်း ဖောက်ကာ သူ၏ညာဘက် ခြေသလုံးအတွင်းသို့ တိုက်ရိုက်ဝင်ခဲ့သည်။ ပူကနဲ ဖြစ်သွားကြောင်းသာ တချက်သိလိုက်ပြီး ကျည်ဆံထိကာစတွင် သွေးပူနေသဖြင့် နာကျင်ရမှန်း မသိခဲ့ပါ။ ပစ်ခတ်သည့်ဘက်သို့ သူက ခြေထောက်ထား၍ မှောက်မိရက်သား ဖြစ်သဖြင့် ကျည်ဆံမှာ ခြေထောက်တွင်းသို့ ဝင်သွားခြင်းဖြစ်သည်။ မှောက်နေရင်းမှ မိမိဘေးသို့ ကြည့်လိုက်ရာ ပစ်ခတ်သည့်ဘက်သို့ ခေါင်းထား၍ မှောက်နေသော အလုပ်သမားလူငယ်တဦး၏ ငယ်ထိတ်တည့်တည့်သို့ ကျည်ဆံဝင်သွားပြီး ဆတ်ကနဲတချက်တွန့်ကာ မျက်စိရှေ့၌ပင် အသက်ထွက်သွားကြောင်း တွေ့လိုက်ရသည်။

ဒုတိယအကြိမ်ပစ်ခတ်သံ ငြိမ်သွားသည့်အချိန်၌ ကိုခင်မောင်အေးက ထပြေးရန် ကြိုးပမ်းခဲ့သည်။ သူ၏ ညာဘက် ခြေသလုံးရိုးမှာ လုံးဝ ကျိုးသွားခဲ့ပြီ ဖြစ်သည်။ ထောက်လို့မရဘဲ ကတ္တရာလမ်း ပေါ်သို့ ဒလိမ့်ကောက်ကွေး လဲကျသွား ခဲ့သည်။ လူ ထောင်ပေါင်းများစွာ စုဝေးခဲ့သော နေရာသည် မိနစ်ပိုင်း အတွင်းမှာပင် သုသာန်တစပြင်ကဲ့သို့ ဖြစ်သွားခဲ့သည်။ အလောင်းများ ဒဏ်ရာရသူများ သွေးအလိမ်းလိမ်းနှင့် မြင်ရက်စရာမရှိပါ။ မပြေးနိုင်တော့သော်လည်း ဆက်လက် ပစ်ခတ်ဦး မည်ကို စိုးရိမ်သဖြင့် ခန္ဓာကိုယ်ကိုလှိမ့်ကာ ရန်ကုန်အင်းစိန် လမ်းမကြီး နှင့် ကပ်ရက် ရေမြောင်းထဲသို့ မိမိကိုယ်ကို ပစ်ချ လိုက်သည်။ အော်ဟစ် ပြေးလွှားသံများ၊ အမိန့်ပေးသံများ ငိုကြွေး သံများ ဖရဲပွက်သလို ကြားနေရသည်။ သေနတ်သံများ ကိုလည်း ကြိုကြားကြိုကြား ကြားနေရဆဲ ဖြစ်သည်။

ရေမြောင်းထဲသို့ ရောက်သွားသောအခါ ကျည် လမ်းကြောင်းနှင့် လွတ်သွားသဖြင့် အသက် မသေနိုင်တော့ဟု သိလိုက်သည့် အချိန်၌ ခြေသလုံးရိုးကျိုးပြီး ကျည်ဆံဝင်သွားသော နေရာမှာ လွန်မင်းစွာ နာကျင်လာသဖြင့် ပက်လက် လှန်ကာ ကျိုးသွားသော ခြေထောက်ကို ဒူးခေါင်းကွေးယူပြီး လက်နှစ်ဘက်နှင့် ကိုင်ထိန်းထားခဲ့သည်။ ထိုအချိန်၌ စစ်သား တဦး ပေါ်လာပြီး ကိုခင်မောင်အေးကို ဆက်လက် ပစ်ခတ်ရန် သေနတ်နှင့် တည့်တည့် ချိန်ရွယ်ခဲ့သည်။ ကံကောင်းထောက်မ စွာပင် "ဟေ့ကောင် မပစ်နဲ့တော့၊ တော်ပြီ၊ တော်ပြီ" ဟူ၍ နောက်ပိုင်းမှ ၄င်း၏အရာရှိ ဖြစ်ဟန်တူသူ၏ အော်ဟစ်အမိန့် ပေးသံ ကြားသည့်အခါတွင်မှသာ အဆိုပါ စစ်သားသည် သေနတ်ပြောင်းကို အောက်ချပြီး လှည့်ထွက်သွားခဲ့သည်။ သေကြေ ဒဏ်ရာရနေသူများ လမ်းပေါ်၌ လဲလျောင်းနေသည်။

ခဏမျှအကြာတွင်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှ ထရပ်ကားကြီးများရောက်လာသည်။ လူသေအလောင်း များ၊ ဒဏ်ရာရသူများအား စစ်သားများက ရှေ့တယောက်၊ နောက်တယောက် လက်နှင့်ခြေထောက်များမှကိုင်ပြီးပုခက် လွှဲသလို လွှဲကာ ခွေးသေကောင်ကို စွန့်ပစ်သလို ပစ်တင်ခဲ့ကြသည်။ ထရပ်ကားပေါ်သို့ ကိုခင်မောင်အေး အရင်ဆုံးပစ်တင်ခံရ သဖြင့် ရောက်သွားသောအခါ အလောင်းများကြားမှနေ၍ စစ်သားများ လုပ်ကိုင်နေသည်များကို မျက်ဝါးထင်ထင် မြင်ခဲ့ရသည်။ ချက်ချင်းလိုပင် မီးသတ်ကားများရောက်လာပြီး ကတ္တရာလမ်းပေါ်တွင် ကျန်ခဲ့သည့် သွေးကွက်ကြီးများအား မီးသတ်ပိုက် များဖြင့် ထိုးကာ ဆေးကြောပစ်ခဲ့သည်။ အလောင်းများရော ဒဏ်ရာရသူများပါ တင်ဆောင်ထားသည့် ထရပ် ကားကြီးများ သည် မင်္ဂလာဒုံစစ်ဆေးရုံသို့ဦးတည်မောင်းသွားခဲ့သည်။ ဆေးရုံရောက်မှ ဒဏ်ရာရသူများအား ရွေးချထားခဲ့ပြီး အလောင်းများ ကိုမူ မည်သည့်နေရာသို့သယ်ယူသွားပြီးစွန့်ပစ်ခဲ့ကြောင်းမသိရတော့ပါ။ ဆေးရုံ၌ ရွေးချထားခြင်း ခံရသူများထဲတွင် ကိုခင်မောင်အေးနှင့် ကိုအောင်ကြည်တို့လည်း ပါဝင်ခဲ့သည်။

## ဆုံးရှုံးမှုမှနေ၍ ခိုင်မာသော ပိုင်းဖြတ်ချက် အဖြစ်သို့ ပြောင်းလဲခြင်း

စစ်သားများက ပစ်ခတ်ခြင်းကြောင့် ဆန္ဒပြ လူအုပ်ကြီးမှာ အလဲလဲ အကွဲကွဲ ဖြစ်ကုန်ပြီး အသက်လု ပြေးကြရာမှ အနီးအနားပတ်ဝန်းကျင်များသို့ တကွဲတပြားစီ ရောက်ရှိသွားကြသည်။ အခင်းဖြစ်ပွားသည့် နေရာက ဆန္ဒပြသူများ သယ်ယူလာသော အလုပ်သမားတစ်ယောက်၏ အလောင်းကောင်ကို မြေပြင်ပေါ်တွင် ချထားလိုက်သည်။ ကိုတင်မောင်ဦးနှင့် သူငယ်ချင်းအချို့လည်း ထိုအလောင်းနား ရပ်နေကြသည်။ သူသည် လူလတ်ပိုင်းအရွယ် အလုပ်သမားတစ်ဦးဖြစ်ပြီး ရင်ပတ်တွင် သေနတ်ထိမှန် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ကိုတင်မောင်ဦး၊ သူ၏ သူငယ်ချင်းများနှင့် အလုပ်သမားအချို့တို့က ချက်ချင်းပင် အလောင်းကို ဖျာနှင့် လိပ်ပြီး ပစ်ကပ်ကားတစ်စီးပေါ် တင်လိုက်သည်။ ဤတွင် ကိုတင်မောင်ဦးက "ငါတို့ ဒီအလောင်းကို ရန်ကုန် စက်မှုတက္ကသိုလ် ယူသွားသင့်တယ်။ ဒီအလောင်းကို အဲဒီမှာရှိတဲ့ ကျောင်းသားတွေ အားလုံးကို ပြလိုက်မယ်။ အသက်မဲ့နေတဲ့ အလုပ်သမားရဲ့ ခန္ဓာကိုယ်ဟာ ငါတို့ မိဘတွေကို ကိုယ်စားပြုတယ်။ ငါတို့ မိဘတွေက အင်မတန်မှကို ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရပေမယ့်လဲ အစိုးရက ဒီလိုမျိုးတုန့်ပြန်တာဘဲ မဟုတ်လား။"ဟု ဆိုလေသည်။ ဤသို့ဖြင့် ၎င်းတို့သည် ပစ်ခတ်သည့်နေရာမှ မြောက်ဘက် (၃)မိုင်ခန့်အကွာတွင် တည်ရှိသော ရန်ကုန်စက်မှုတက္ကသိုလ်ဆီသို့ ရန်ကုန် အင်းစိန် လမ်းမကြီးကတဆင့် အလောင်းကို ကားဖြင့် သယ်သွားရန် စီစဉ်ကြသည်။ သို့သော် ၎င်းတို့သည် စက်မှုတက္ကသိုလ် ရောက်သည်အထိ မသွားနိုင်ခဲ့။ တက္ကသိုလ်နား ရောက်ခါနီးတွင် စစ်ကားတစ်စီး ၎င်းတို့ မျက်နှာချင်းဆိုင်က လာနေသည်ကို တွေ့လိုက်ရသည်။ ဤတွင် ကိုတင်မောင်ဦးတို့မှာ ဘာမှ မတတ်နိုင်တော့ဘဲ ချက်ချင်းပင် ထိုနေရာက လှည့်ပြန်လာခဲ့ကြရသည်။

ထိုနေ့ ညနေက ကိုတင်မောင်ဦး အိမ်ပြန် အတော်နောက်ကျခဲ့သည်။ မိသားစုဝင်များက သူ့ကို တချက်ကြည့်လိုက်ရုံမျှဖြင့် ဆိုးဆိုးရွားရွား တစ်စုံတစ်ခု ဖြစ်ပျက်လာပြီဆိုသည်ကို သိလိုက်သည်။ သို့သော် သားတော်မောင် ဘေးမသီရန်မခ အိမ်ပြန်လာနိုင်သည့်အပေါ် အမေက ဝမ်းသာမဆုံးနိုင်ခဲ့။ ၎င်းတို့ နေအိမ်မှ နေ၍လည်း ပစ်ခတ်သံများကို ကြားနေခဲ့ရသော ကြောင့် မိသားစုဝင်များအားလုံးက သူ့အတွက် စိတ်ပူနေခဲ့သောကြောင့်ပင်။ အိမ်ပြန်ရောက်သွားသောအခါ မျက်ရည်ယိုဗုံး ထိထားသဖြင့် သူ၏ မျက်နှာတခုလုံးရော မျက်လုံးများပါ နီရဲလျှက်ရှိနေခဲ့သည်။ ကိုခင်မောင်အေး လဲကျ ကျန်ခဲ့သည်ကို တွေ့ခဲ့ရသော်လည်း သေနတ်ကျည်ဆန် များ ဆက်လက်ကျရောက်လျှက်ရှိသောကြောင့် မည်သို ့မျှကူညီ ကယ်တင်ခြင်း မပြုနိုင်ခဲ့သဖြင့် များစွာ ဝမ်းနည်းကြောင်း ကိုတင်မောင်ဦးက ၎င်း၏ မိသားစု အားပြန်လည်ပြောပြသည်။ သေနတ်မှန်ထားသဖြင့် ဒဏ်ရာရနေသူ အရင်းဆုံး သူငယ်ချင်း ကိုခင်မောင်အေးကို နောက်ချန်ထားခဲ့ရသည့်အပေါ် အလွန် စိတ်မကောင်း ဖြစ်နေမိခဲ့သည်။ ကိုခင်မောင်အေး အသက်ရှင်နေသေးသလား ဒါမှမဟုတ် အဖမ်းခံရပြီး ထောင်ထဲရောက်နေပြီလား ဆိုသည်ကို အသေအချာ မသိခဲ့။ ထို့အချိန်က စတင်ကာ စစ်အစိုးရကို ဖြုတ်ချရန်အတွက် ကိုတင်မောင်ဦး၏ သန္နိဋ္ဌာန်များ ပိုမိုခိုင်မြဲလာသည်ကို မိသားစုဝင်များက သတိပြုမိခဲ့ကြသည်။ များမကြာမီတွင် ကိုတင်မောင်ဦး တစ်စုံတစ်ခု လုပ်တော့မည်ကို မိသားစုဝင်များက အတတ်သိနေခဲ့ကြသည်။

## တရားမျှတမှုအတွက် တောင်းဆိုသံများကို လျစ်လျူရှု၍ နှုတ်ပိတ်ခြင်း

ဇွန်လ (၇)ရက်နေ့ နံနက်ပိုင်းတွင်လည်း ဆင်မလိုက်သင်္ဘောကျင်းတွင် ဆန္ဒပြသူများကို စစ်တပ်က ပစ်ခတ် နှိမ်နင်းခဲ့သည်။ လုံ့စွပ်များ တပ်ထားသော စက်သေနတ်များကို ကိုင်ဆောင်ကာ စစ်သားများက သင်္ဘောကျင်းဆီသို့ ချီတက်သွားနေပုံ ကို မျက်မြင်သက်သေတစ်ယောက်က ပြန်လည်ပြောပြခဲ့သည်။ "မင်းတို့ကောင်တွေက ဆန် လိုချင်တာလား။ ဆန်တော့ မရဘူး။ ဒါဘဲ ရမယ်။"ဟု စစ်သားများက အော်ဟစ်ကြိမ်းမောင်းကာ စက်သေနတ်များဖြင့် စတင်ပစ်ခတ်လေသည်။

အလုပ်သမားတစ်ဦးဆိုလျှင် လုံ့စွပ်ဖြင့် နားသည်ကို ထုတ်ချင်းပေါက် အထိုးခံခဲ့ရသည်။ မိမိရှေ့ မြေကြီးပေါ်၌ သွေးအန်ပြီး သေလုမျောပါးဖြစ်နေသော အလုပ်သမားကို မျက်မြင်သက်သေတစ်ဦးက မြင်တွေ့ခဲ့ရသည်။ ဒဏ်ရာရနေသူအတွက် ဘာမှ လုပ်မပေးနိုင်။ အခြားအလုပ်သမားတစ်ယောက်ဆိုလျှင် သေနတ်ကျည်ဆံထိမှန်သဖြင့် သူ၏ အောက်မေးရိုးတစ်ခုလုံး မရှိတော့သည့် အပြင် သူ၏ လျှာကိုလည်း ကတ်ကြေးနှင့် ဖြတ်ထားသကဲ့သို့ဖြစ်သည်။ ဆာလောင်ငတ်မွတ်နေသော မိမိတို့၏ မိသားစုဝင်များ ဆန်ပိုမို ရရှိရေးအတွက်ကိုသာ တောင်းခံခဲ့ကြခြင်းဖြစ်သော်လည်း အလုပ်သမားများ ဆန် မရသည့်အပြင် ၎င်းတို့ မိသားစုများကိုပါ အပြီးအပိုင် စွန့်ခွာသွားခဲ့ရသည်။

၁၉၇၄ခုနှစ် အလုပ်သမားအရေးအခင်း ဖြစ်ပွားချိန်တွင် သတင်းမီဒီယာများသည် မလဆပါတီနှင့် စစ်အစိုးရ၏ လက်အောက်သို့ လုံးဝကျရောက်နေခဲ့သည်။ ထိုကာလတွင် ယနေ့ခေတ်ကဲ့သို့ သတင်းမီဒီယာနှင့် ဆက်သွယ်ရေး ကွန်ယက်များ မထွန်းကားသေး။ လူငယ်လူရွယ်များ အပါအဝင် အလုပ်သမား ထောင်ပေါင်းများစွာ ပါဝင်သည့် အလုပ်သမား အရေးအခင်းများ မြန်မာနိုင်ငံ အနှံ့အပြားတွင် ဖြစ်ပွားခဲ့သော်လည်း စစ်အစိုးရ၏ ဖိနှိပ်မှုနှင့် အကြမ်းဖက်မှုများကြောင့် အလုပ်သမားတို့၏ နစ်နာမှုများ၊ အတိဒုက္ခများ၊ ဒဏ်ရာအနာတရ ဖြစ်မှုများနှင့် သေဆုံးမှုများကို တကမ္ဘာလုံးသို့ ပြည့်ပြည့်စုံစုံ ဖော်ထုတ်အသိပေးခြင်း မရှိနိုင်ခဲ့။ အသက်စတေး ခံခဲ့ရသူများနှင့် ၎င်းတို့ မိသားစုများအတွက် လျော်ကြေး တစ်စုံတစ်ရာ ပေးခြင်းမျိုးလဲ မရှိခဲ့။ မိမိတို့၏ နစ်နာခံစားရမှုများကိုပင် ရင်ဖွင့်အသိပေးနိုင်သော အခွင့်အလမ်းများ မရှိသည့် အခြေအနေ ဖြစ်ခဲ့ရသည်။ လူ့အဖွဲ့အစည်းတွင် ‘တရားမျှတမှု’ လုံးဝဥသုံ ကင်းမဲ့နေခဲ့သည်ဟု ဆိုနိုင်ပေသည်။

## အကန့်အသတ်ကို ကြီးကြီးမားမားထားခြင်းမှာ လွတ်လပ်မှု ကို ရုပ်သိမ်းခြင်းပင်

ဆိုရှယ်လစ်စနစ်အောက်တွင် ကိုယ်ယောင်ဖျောက်နေသော စစ်အစိုးရသည် ငြိမ်းချမ်းစွာဆန္ဒပြနေသော အလုပ်သမား များကို စာနာမှုကင်းမဲ့စွာ ရက်ရက်စက်စက် နှိမ်နင်းခြင်းဖြင့် အစိုးရ၏ အဓိက တာဝန်(၃)ရပ်ကို ချိုးဖောက်ခဲ့ ပေသည်။ ပြည်သူများအတွက် စီးပွားရေး ပြေလည်လာစေရန် လုပ်ကိုင်ဆောင်ရွက်ပေးရမည့်အစား ‘ဆန်’တောင်းဆို လာသော လူထုကို ‘ကျည်ဆန်များ’ ပေးခဲ့သည်။ တပါးသူတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်တို့ကို ထိပါးစော်ကား သူများနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး ပျက်သုဉ်းသွားစေရန် ကြိုးပမ်းအားထုတ်နေသူများ၏ ရန်မှ ကာကွယ်ပေးရမည့်အစား မိမိ၏ တိုင်းသူပြည်သားများကို သတ်ဖြတ်ခဲ့သည်။ တရားဥပဒေစိုးမိုးရေး၏ နိယာမများအပေါ် အခြေခံသည့် တရားမျှတသော ဥပဒေများနှင့်အညီ လူ့အဖွဲ့အစည်းကို စီစဉ်တကျရှိအောင် ထားရှိရမည့်အစား စစ်အစိုးရသည် ပြည်သူများအပေါ် ၎င်း၏ ရက်စက်ယုတ်မာသောလုပ်ရပ်များ မှန်ကန်ကြောင်း သက်သေပြရန်အတွက် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆိုရှယ်လစ် အယူအဆများကို လွဲမှားစွာ မှီငြမ်းကိုးကားခဲ့သည်။

အလုပ်သမားဆန္ဒပြပွဲများ ဖြစ်ပွားသည့်အချိန်မှာ ၁၉၇၄ခုနှစ်ဖွဲ့ စည်းပုံအခြေခံဥပဒေကို စတင်ကျင့်သုံးသည့် အချိန် ဖြစ်သည်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒတွင် နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို ပြဋ္ဌာန်းသတ်မှတ်ထားသည့်အပေါ် အခြေခံကာ ဆန္ဒပြပွဲရှိ အလုပ်သမား များစွာတို့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေစာအုပ် အနီရောင် ကလေးများအား လက်ဝယ် ကိုင်ပြီး လွတ်လပ်စွာ ပြောဆိုခွင့် စည်းရုံးခွင့် စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် တို့ကို အော်ဟစ်တောင်းဆိုခဲ့ကြသည်။ ထိုစဉ်က လူထုတကယ့်အများစုကြီးမှာ ဆိုရှယ်လစ်စနစ် မျက်နှာဖုံးဖြင့် အရေချုံ ထားသော (၁၉၇၄) ဖွဲ့ စည်းပုံအခြေခံဥပဒေ အပေါ် အတိုင်းအတာ အတော်များများ မျှော်လင့်ချက် ထားခဲ့ကြသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးရင်းက ၎င်းတို့၏ အခွင့်အရေးများကို တဖြည်းဖြည်း တိုးတက်တောင်းဆိုလျက် ဘောင်ကို ချဲ့ယူသွားနိုင်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့ရာတွင် အလုပ်သမားများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ “ချွင်းချက်ပြဋ္ဌာန်းချက်များ” အကြောင်းကို နားလည်နိုင်ခဲ့ကြခြင်း မရှိပါ။

၁၉၇၄ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၁၅၇) နှင့် (၁၅၈) တို့တွင် အထက်ဖော်ပြပါ  မူလအခွင့်အရေးများ အနေဖြင့် ပြဋ္ဌာန်းထားသော်လည်း “ဆိုရှယ်လစ်အကျိုးစီးပွားကို မဆန့်ကျင်လျှင်” ဟူသည့် ချွင်းချက်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြင့် ကန့်သတ်ထားသည်။ အလုပ်သမား ဆန္ဒပြပွဲများကို အကြမ်းဖက်ဖြိုခွင်းပြီးနောက် မဆလအစိုးရက ပြည်သူလူထုကို ရှင်းလင်းချက်ပေးရာတွင် အဓိကအားဖြင့် အလုပ်သမား ဆန္ဒပြပွဲများသည် ဆိုရှယ်လစ်စနစ်၏ အကျိုးစီးပွားကို ဆန့်ကျင်ကြောင်းဟူ၍ဖြစ်သည်။

ယခု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၅၄) တွင်  ပြဋ္ဌာန်း ထားသည့် ချွင်းချက်ဆိုင်ရာ ပြဋ္ဌာန်းချက်မှာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံ ဥပဒေ မှာထက် ပိုမို၍ ဘောင်ကို ချဲ့ကာ ကန့်သတ်ပြဋ္ဌာန်း ထားသည်။ ၎င်းမှာ “နိုင်ငံတော် လုံခြုံရေး အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်” ဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ နိုင်ငံတော် လုံခြုံရေးအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများ အမြောက်အများ တည်ဆဲဖြစ်သည်။ လွတ်လပ်စွာ ပြော ဆိုခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့်၊ စီတန်း လှည့်လည်ခွင့် အစရှိသော အခြေခံ လွတ်လပ်ခွင့် တို့ကို ကျင့်သုံး လိုလျှင် အဆိုပါ ဥပဒေများနှင့် မဆန့်ကျင်စေရ ဟူသည်မှာ အခြေခံလွတ်လပ်ခွင့်တို့ကို ကျင့်သုံးခွင့်မရှိဟူ၍ သွယ်ဝိုက်ပြဋ္ဌာန်းထားသည့် သဘော ဆောင်သည်။ သို့ဖြစ်၍ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်တွင် အလုပ်သမား ဆန္ဒပြပွဲများ အကြမ်းဖက် ဖိနှိပ်ခံလိုက် ရသည့် အတွေ့ အကြုံကို သင်ခန်းစာယူကာ အဆိုပါကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများကို ချုပ်ငြိမ်းစေပြီး လူထု၏ အခြေခံ လွတ်လပ်ခွင့်များ အပြည့်အဝ ရယူကျင့်သုံးခွင့်ရှိစေမည့် ပြဋ္ဌာန်းချက်များ ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာရေးအတွက်သာ လှုပ်ရှားတိုက်ပွဲဝင်သွား သင့်သည်။

လူထုအဓိက လူ့အဖွဲ့အစည်း ဟူသော အယူအဆ၌ အစိုးရ၏ အခန်းကဏ္ဍသည် အလွန်အမင်း အရေးပါလှသည်။ သို့ရာတွင် ဇူလိုင်လ(၇)ရက်နေ့တွင် ကျောင်းသူကျောင်းသား များစွာတို့ ကို သတ်ဖြတ်ခဲ့ရုံသာမကဘဲ ၁၉၇၄ခုနှစ် အလုပ်သမား အရေးအခင်းတွင်လည်း အလားတူပြုမူခဲ့သည်။ သို့ဖြစ်၍ အစိုးရအနေဖြင့် လူထုကို ကာကွယ်ရမည့် ၎င်း၏ တာဝန်ဝတ္တရားများကို ချိုးဖေါက်ခဲ့သည်မှာ သိသာထင်ရှားပေသည်။ ဤသည်မှာ အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခြင်းကြောင့်ပင်။ ကိုတင်မောင်ဦးသည် အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို အမြစ်ဖြုတ်ရန်အတွက် မိမိ၏စိတ်ကို ယတိပိုင်းဖြတ်ကာ လုပ်ဆောင်ခဲ့သည်။ ဤလှုပ်ရှားမှု အတွက် သူ့ထံတွင် ‘ငွေကြေး’၊ ‘လက်နက်’နှင့် ‘စစ်တပ် အင်အား’ တစုံတရာ မရှိခဲ့။ သို့သော် ‘ခိုင်မာသော သန္နိဋ္ဌာန်’၊ ‘မလျှော့သော ဇွဲလုံ့လ’နှင့် ‘ယုံကြည်ချက်’တို့ ရှိခဲ့သည်။ ‘အမှန်တရား’မှာ သူ့ရင်ထဲတွင် ကိန်းအောင်းနေခဲ့သည်။ စစ်အစိုးသည် ၎င်း၏အာဏာတည်မြဲရေးအတွက် လူထု၏ စွမ်းအားကို တစ်ဦးချင်း အနေနှင့်ဖြစ်စေ၊ အစုအဖွဲ့အနေနှင့်ဖြစ်စေ၊ လျော့နည်းအောင် နည်းအမျိုးမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်းနှင့် ဤအနေအထားကို ပြောင်းပြန်လှန်ရမည်ဖြစ်ကြောင်းတို့ကို ကိုတင်မောင်ဦးက ရိပ်စားမိခဲ့သည်။ ၁၉၇၄ခုနှစ် အလုပ်သမား အရေးအခင်းကို တွေ့ကြုံ ဖြတ်သန်းခဲ့ရပြီးသည့် နောက်ပိုင်းတွင် ကိုတင်မောင်ဦး၏ ယုံကြည်ချက်များ ပိုမိုခိုင်မာလာပြီး ‘ကျောင်းသား သမဂ္ဂ’ပေါ်ပေါက်လာအောင် ကြိုးပမ်းခြင်းနည်းလမ်းဖြင့် ကျောင်းသားများ၏ စုပေါင်းအင်အားကို မြှင့်တင်ပေး ရန် အတွက်လည်းကောင်း၊ ‘အလုပ်သမားများ’ နှင့် ပူးပေါင်းကာ လူထုအသင်းအဖွဲ့များ အားကောင်းလာစေရန် အတွက် လည်းကောင်း၊ စစ်အာဏာရှင်စနစ်ကို ဖြုတ်ချလိုသော ‘စစ်အရာရှိ’များနှင့် ဆက်သွယ်ကာ တပ်မတော်အားပြုပြင်ပြောင်းလဲနိုင်စေရန် ကြိုးပမ်းခြင်းဖြင့်လည်းကောင်း၊ သူ၏ လှုပ်ရှားမှုအဝန်းအဝိုင်းကို ချဲ့ထွင်ခြင်းဖြင့် လူထုစွမ်းအားမြင့်မား လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

## အာဏာရှင် အုပ်ချုပ်ရေးနှင့် ဆန့်ကျင်ဘက် ဖြစ်သော လူ့အဖွဲ့အစည်း၏ တန်ဖိုးများ

ဆလိုင်းတင်မောင်ဦးသည် အလုပ်သမားအရေးအခင်းကို ဖြတ်သန်းခဲ့ပြီး နောက်ပိုင်း အပြောအဆို အမူအရာများ ပိုမိုတည်ငြိမ်လာသည်။ ကျောင်းသားထုအတွင်း စည်းရုံး လှုပ်ရှားမှုများ ပိုစိပ်လာသည်။ ညကြီးမိုးချုပ်မှ အိမ်ပြန်ရောက်ခဲ့သည့် ရက်ပေါင်းများစွာ ရှိလာခဲ့သည်။ ကိုတင်မောင်ဦး အိမ်အပြန်နောက်ကျသဖြင့် စိုးရိမ်ပူပန်သောကြောင့် မိခင် မျက်ရည်ကျသည့် အခါများတွင် အမေ့ မျက်ရည်ကိုသုတ်ရင်း "မငိုပါနဲ့ အမေ၊ သူတို့ သားတွေအတွက် စိတ်ပူလို့ အမေ့လိုဘဲ မျက်ရည်ကျနေရတဲ့ တခြား အမေတွေပါ မျက်ရည်ကျစရာ မလိုတဲ့အခြေအနေတွေဖြစ်လာအောင် သား ကြိုးစားနေပါတယ်။" ဟု ပြောပြီး နှစ်သိမ့်လေ့ရှိသည်။ အလုပ်သမား အရေးအခင်းတွင် ကိုတင်မောင်ဦး၏ အရင်းနှီးဆုံး သူငယ်ချင်း ကိုခင်မောင်အေး ကျည်ဆံထိမှန်ပြီး ထောင်တွင်း၌ ထိမ်းသိမ်းခံထားရစဉ် အချိန်ကာလများတွင် သူက ကိုခင်မောင်အေး၏ အိမ်သို့သွားရောက်ကာ သူ့မိခင်အား အားပေးနှစ်သိမ့် စကားများ သွားရောက် ပြောကြားလေ့ရှိခဲ့သည်။

### အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို အမြစ်ဖြုတ်ရန် ကြိုးပမ်းခြင်း

အလုပ်သမား အရေးအခင်း၌တက်ကြွစွာပါဝင်ခဲ့သော ဆလိုင်းတင်မောင်ဦး၏ လှုပ်ရှားမှုများကို စစ်အစိုးရက သတိပြုမိ ခြင်း မရှိခဲ့သဖြင့် အရေးအခင်းနောက်ပိုင်းကာလတွင် သူ တက္ကသိုလ်ကျောင်း ဆက်တက်ခဲ့သည်။ ၁၉၇၄ခုနှစ် စက်တင်ဘာလတွင် တက္ကသိုလ်တတိယနှစ်၌ စတင်ပညာသင်ကြားရာ ကိုတင်မောင်ဦးအသက်(၂၃)နှစ် ရှိခဲ့ပြီဖြစ်သည်။ အလုပ်သမား အရေး အခင်း ၌ တွေ့ကြုံခံစားခဲ့ရသည့် အဖြစ်ဆိုးများအပေါ် အခြေခံကာ ကိုတင်မောင်ဦးသည် အတိတ်ကို မေ့ဖျောက်ပြီး တက္ကသိုလ်ကျောင်း ပြီးအောင် ဆက်တက်၍ မိမိဘဝ အောင်မြင်ရေးအတွက်ကိုသာ ဆက်လုပ်ခဲ့မည်ဆိုလျှင် သူ့ကို အပြစ်ဆို၍ရမည် မဟုတ်။ သူအလိုရှိပါက မိမိအတွက် တိုးတက်ရာ တိုးတက်ကြောင်းကိုသာ ရွေးချယ်၍ ဆက်လက် လျှောက်လှမ်းသွား နိုင်ခဲ့ပေသည်။ သို့သော် သူက ထိုကဲ့သို့ လုပ်ဆောင်ခြင်းမပြုခဲ့။

ကိုတင်မောင်ဦးသည် အခြေအနေ အရပ်ရပ်ကို သိမြင်ခွဲခြား သုံးသပ်နိုင်စွမ်း ရှိခဲ့သည်။ ကျိုးကြောင်း ဆင်ခြင်နိုင်စွမ်း ရှိခဲ့သည်။ အကြောင်းအရာတစ်ခုကို သုံးသပ်ရာတွင် ၎င်း၏ တသီးတခြား ဖြစ်ရပ်များကိုသာမက ဖြစ်ရပ်တစ်ခုလုံးကိုပါ ခြုံငုံ၍ သော်လည်းကောင်း၊ ၎င်းတို့ နှစ်ခုအကြားရှိ အပြန်အလှန် ဆက်နွယ်နေမှုများကိုသော် လည်းကောင်း သိမြင်နိုင်ခဲ့သည်။ ဥပမာအားဖြင့် သစ်ပင်တစ်ပင်ကို သုံးသပ်မည် ဆိုလျှင် သူက အဆိုပါ သစ်ပင်ကိုသာ မကဘဲ သစ်တောတစ်ခုကို လည်းကောင်း၊ သစ်တောတခုလုံးနှင့် သစ်ပင်တပင်ခြင်းစီ၏ ဆက်နွယ်မှု သဘောတရားကို လည်းကောင်း သိမြင်နိုင်ခဲ့သည်။ အာဏာရှင် အုပ်ချုပ်မှု လက်အောက်၌ ကျရောက် နေသော လူ့အဖွဲ့အစည်းသည် လူသားတို့၏ လုပ်ရပ်ကြောင့် ထိခိုက်ဖျက်ဆီးခြင်း ခံနေ

ရသည့် သစ်တောတစ်ခုနှင့် အခြေအနေ တူကြောင်းကို သူက ရိပ်စားမိခဲ့သည်။ ထိုသို့သော အခြေအနေမျိုးတွင် သစ်ပင်တစ်ပင်ချင်းစီသည် ပြည့်ဝစွာ ကြီးထွားရှင်သန်နိုင်မည် မဟုတ်။ လူလုပ်သော ဆိုးကျိုးများကြောင့် သစ်ပင်များ ထိခိုက်ပျက်စီးခြင်း မရှိသင့်သကဲ့သို့ပင် အာဏာရှင်အုပ်ချုပ်ရေးမူစနစ်ကိုလည်း အမြစ်ဖြုတ်ရန် လိုအပ်ကြောင်းကို သူက သိရှိနားလည်ခဲ့သည်။ သူသည် ၁၉၆၂ခုနှစ် ဇူလိုင် (၇)ရက်နေ့ လူသတ်ပွဲနှင့် အလုပ်သမား အရေးအခင်းတွင် တွေ့ကြုံခဲ့ရသော အဖြစ်ဆိုးများကို လွယ်လွယ် မေ့တတ်သည့် လူစားမျိုး မဟုတ်ခဲ့။ ပြည်သူများအနေနှင့် ထိုဖြစ်ရပ်များကို မေ့မေ့ပျောက်ပျောက် ထားလိုက်ခြင်းသည် လူ့ ကျင့်ဝတ်ကို ချိုးဖေါက်ရာရောက်မည်ဟု သူက ယူဆခဲ့သည်။ လူ့အဖွဲ့အစည်းအကြောင်း သိရှိလိုသော စိတ်ဆန္ဒအပါအဝင် မိမိ၏ ကိုယ်ကျင့်တရား အယူအဆများကို အခြေခံသည့် စဉ်းစားဆင်ခြင်မှုများကြောင့်လည်း ကိုတင်မောင်ဦးက အာဏာရှင် စနစ်ကို တိုက်ဖျက်ရန်အတွက် အခွင့်အလမ်းများ ဆက်လက် ရှာဖွေခဲ့ခြင်းဖြစ်သည်။

**ကမ္ဘာ့ ငြိမ်းချမ်းရေး ဖခင် ဦးသန့် ၏ စျာပန အခမ်းအနား**

ကိုတင်မောင်ဦး တက္ကသိုလ်တတိယနှစ်တွင် ပညာသင်ကြားနေရာ တဖြည်းဖြည်းနှင့် နိုဝင်ဘာလအတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။ တစ်နေ့တွင် ဝမ်းနည်းဖွယ်ရာသတင်းတစ်ခု မြန်မာနိုင်ငံ အတွင်း ပျံ့နှံ့သွားခဲ့သည်။ မြန်မာနိုင်ငံ၏ ကမ္ဘာ့ကုလသမဂ္ဂသံတမန် ဖြစ်သူ၊ အများ၏ ကြည်ညိုလေးစားခြင်း ခံရသူ ဦးသန့်သည် ၁၉၇၄ခုနှစ် နိုဝင်ဘာလ (၂၅)ရက်နေ့တွင် ဆုံးပါးသွားခဲ့သည်။ ကမ္ဘာ့ ငြိမ်းချမ်းရေး ဖခင်အဖြစ် လူသိများသော ဦးသန့်သည် ၁၉၆၁ခုနှစ်မှ ၁၉၇၁ခုနှစ် များတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နယူးယောက်မြို့၌ ကင်ဆာရောဂါ ဖြင့် သေဆုံးသွားခြင်းဖြစ်ပြီး သူ၏ မိသားစုဝင်များက ဦးသန့်၏ အလောင်းကို မြန်မာနိုင်ငံသို့ သယ်ဆောင်သွားလိုခဲ့ကြသည်။ အခေါင်းကို လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်မပို့မီတွင် ဦးသန့်ကို ဂုဏ်ပြုသော အခမ်းအနားများ နယူးယောက်မြို့၌ ကြီးကျယ်သိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ထိုဂုဏ်ပြုပွဲသို့ ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားလှယ်များ တက်ရောက်ကာ ဦးသန့်ကို နောက်ဆုံးဂါရဝ ပြုခဲ့ကြသည်။

တချိန်တည်းမှာပင် ဦးသန့်အပေါ်ထားရှိသော မြန်မာနိုင်ငံပြည်သူပြည်သားများ၏ လေးစားကြည်ညိုမှုနှင့် ဦးသန့် ရရှိသောနိုင်ငံတကာ ဂုဏ်သတင်းများအပေါ် အာဏာရှင် ဦးနေဝင်းက မနာလို ဖြစ်ခဲ့သည်။ ဦးသန့်သည် ဝန်ကြီးချုပ် ဦးနု၏ ဒီမိုကရေစီ အစိုးရနှင့် တရင်းတနှီးရှိခဲ့ဘူးသောကြောင့်လည်း ဦးနေဝင်းက ယခုလို မနှစ်သက်ခြင်း ဖြစ်သည်။ ၁၉၆၂ခုနှစ်တွင် ဦးနု အစိုးရကို စစ်အာဏာသိမ်း၍ ဖြုတ်ချခဲ့သည်မှာလည်း ဦးနေဝင်းပင်။ ၁၉၅၀ စုနှစ်များတွင် ဦးသန့်သည် ဝန်ကြီးချုပ်ဟောင်း ဦးနု၏ အနီးကပ်ဆုံး အကြံပေးအရာရှိ ဖြစ်သောကြောင့် စစ်အစိုးရက ၎င်းကို ရန်သူရန်ဘက်အဖြစ် သဘောထားခဲ့ခြင်းလည်း ဖြစ်သည်။ ဦးသန့်၏ ဘဝတွင် အောင်မြင်ကျော်ကြားမှု များစွာကို ရရှိခဲ့ပြီး၍ သေဆုံးခါနီးတွင် သူက မိမိ၏ ရုပ်အလောင်းကို အမိမြေတွင်ပြန်၍ မြှုပ်နှံပေးစေလိုကြောင်း ဆန္ဒပြုခဲ့သည်။

ဦးသန့်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးအား အခြားသော အထင်ကရ နိုင်ငံတော် အမှုထမ်းများအား ပြုလုပ်ပေးသကဲ့သို့ပင် ဂုဏ်ပြုပွဲ၊ နိုင်ငံတော် အသုဘ အခမ်းအနား စသည်တို့ဖြင့် ဦးနေဝင်းက တရားဝင် အသုဘချပေးမည်ဟု ပြည်သူလူထုက ထင်မှတ်ခဲ့သည်။ သို့သော် ဦးနေဝင်းနှင့် ဦးသန့်တို့ အကြားရှိ ပုဂ္ဂိုလ်ရေးရာ မကြေလည်မှုများကြောင့် ဦးသန့်အတွက် နိုင်ငံတော် ဈာပနအခမ်းအနား လုပ်မပေးခဲ့ချေ။ ဦးသန့်၏ အလောင်း ရန်ကုန်လေဆိပ်သို့ ရောက်ရှိချိန်တွင် လက်ထောက် ပညာရေးဝန်ကြီး ဦးအောင်ထွန်း တစ်ယောက်မှ လွဲ၍ ဂုဏ်ပြုအခမ်းအနားများဖြင့် ကြိုဆိုခြင်း (သို့မဟုတ်) တိုင်းပြည်ခေါင်းဆောင်များအနေဖြင့် လာရောက် ကြိုဆိုခြင်း မရှိခဲ့။ လက်ထောက် ပညာရေးဝန်ကြီးလည်း ချက်ချင်း အလုပ်ထုတ် ခံခဲ့ရသည်။ ဦးနေဝင်း၏ အကြံအစည်မှာ ဦးသန့် အလောင်းကို ကျိုက္ကဆံ မြင်းပြိုင်ကွင်း၌ ခေတ္တခဏ ခင်းကျင်းပြသပြီးသည့် နောက်တွင် ၎င်းအား သာမန် အရပ်သား ပြည်သူများကို မြှုပ်နှံရာ ကြံတောသုသာန်၌ သွားရောက် မြေမြှုပ်သင်္ဂြိုလ်ရန် ဖြစ်သည်။

ဦးနေဝင်းက စိတ်ထားယုတ်သောကြောင့် ဦးသန့်ကို ထိုက်လျောက်သည့် ဈာပနအခမ်းအနား မကျင်းပပေးခြင်း ဖြစ်သည်ဟု လူအများတို့ ခံစားခဲ့ကြရသည်။ ဤတွင် ကိုတင်မောင်ဦးနှင့် သူငယ်ချင်းများက ဦးသန့် အခြေအနေနှင့် ပတ်သက်၍ ဆွေးနွေး တိုင်ပင်ကာ တစ်စုံတစ်ခု လုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုကဲ့သို့ ဆွေးနွေးတိုင်ပင်သည့် အထဲတွင် မြန်မာနိုင်ငံ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၏ ဥက္ကဋ္ဌဟောင်း ကိုထွန်းအောင်ကျော်လည်း ပါဝင်ခဲ့သည်။ ဤသို့ဖြင့် ၎င်းတို့သည် တက္ကသိုလ်အဆောင်များ အပါအဝင် ရန်ကုန်မြို့တွင်းရှိရှိနိုင်သမျှသောကျောင်းသူကျောင်းသားများနှင့် လူငယ်များကို စည်းရုံးခဲ့ကြသည်။

နိုင်ငံတော်၏ အထင်ကရ ပုဂ္ဂိုလ်တစ်ဦးကို ထိုကဲ့သို့ မထီမဲ့မြင်ပြုကာ မတရား ပြုမူဆက်ဆံသည့်အပေါ် ကျောင်းသူကျောင်းသားများ ဒေါသဖြစ်ခဲ့ကြသည်။ ဤသို့ဖြင့် တက္ကသိုလ် ကျောင်းသူကျောင်းသားများသည် ဘတ်စကား ငှားကာ ကျိုက္ကဆံကွင်းသို့ သွားရောက်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း ၎င်းတို့ကို ဘတ်စကား ငှားခွင့်မပြုစေရေးအတွက် အစိုးရက ဘတ်စကားကုမ္ပဏီများကို အသိပေးတားမြစ်ထားခဲ့ခြင်းကြောင့် ၎င်းတို့ ထပ်မံ ဒေါသထွက်ခဲ့ရပြန်သည်။ ထို့ကြောင့် ဦးသန့်ကို ဂါရဝပြုလိုသော ကျောင်းသူကျောင်းသားများအားလုံးသည် တက္ကသိုလ်မှ ကျိုက္ကဆံကွင်းသို့ ခြေလျင် ချီတက်ခဲ့ကြရသည်။

ဦးသန့် အသုဘချသောနေ့မှာ ၁၉၇၄ခုနှစ် ဒီဇင်ဘာလ (၅)ရက်နေ့ဖြစ်သည်။ ထိုနေ့ နံနက်ပိုင်းတွင် ကိုတင်မောင်ဦး အိမ်ကထွက်မည် အပြုတွင် ထုံးစံအတိုင်း အမေက စိုးရိမ်သော မျက်နှာထားဖြင့် “အဲဒီနေရာကို သား မသွားသင့်ဘူး ထင်တယ်။ လူတွေက အတော် ဒေါသထွက်နေကြတယ်ဆိုတာ အမေ ကြားထားတယ်လေ။ သားအတွက် တစ်ခုခု ဖြစ်သွားနိုင်တယ်နော၊”ဟု ပြောလေသည်။ ကိုတင်မောင်ဦးကလည်း သူ့အမေကို “စိတ်မပူပါနဲ့ အမေ။ ဒါပေမယ့် တက္ကသိုလ် ကျောင်းသား တစ်ယောက်အနေနဲ့တော့ ကျနော် ဒီအသုဘကို သွားရလိမ့်မယ်။”ဟူ၍ နှစ်သိမ့်စကား ဆိုခဲ့ရသည်။ ထိုနေ့တွင်

ကိုတင်မောင်ဦးက ရှပ်အင်္ကျီအဖြူနှင့် ပုဆိုးတို့ အပါအဝင် ဝမ်းနည်းကြေကွဲကြောင်းကို ပြသသည့်အနေနှင့် မြန်မာတိုက်ပုံအင်္ကျီ အနက်ရောင်တစ်တည်ကို ဝတ်ဆင်သွားခဲ့သည်။

ဦးသန့်ကို နောက်ဆုံးဂါရဝ ပြုရန်အတွက် ရာပေါင်းများစွာသော ဘုန်းကြီးများနှင့် ရန်ကုန်မြို့တွင် နေထိုင်သူ လူတန်းစား အားလုံးတို့သည် ဦးသန့် အခေါင်း ပြသထားရာ ကျိုက္ကဆံကွင်းသို့ သွားရောက်ခဲ့ကြသည်။ အလောင်းကို နေ့လည်(၁)နာရီတွင် မြေမြှုပ် သင်္ဂြိုလ်မည်ဖြစ်ကြောင်း ထိုနေ့မတိုင်မီ တစ်ရက်အလို၌ အစိုးရက ကြေညာထားခဲ့သည်။ ကျောင်းသူကျောင်းသားများကလည်း တက္ကသိုလ်ကျောင်းမှ ကျိုက္ကဆံကွင်းဆီသို့ ချီတက်ခဲ့ကြသည်။ ကျောင်းသူကျောင်းသား များ ရောက်ရှိလာသောအခါတွင် ကျိုက္ကဆံကွင်းသို့ ရောက်ရှိနေနှင့်ပြီး ဖြစ်သော လူများက ၎င်းတို့ကို လက်ခုတ်သြဘာပေး၍ ကြိုဆိုကြသည်။ ဘောလုံးကွင်း၏ အနောက်ဘက်ပိုင်းကို ဘုန်းကြီးများက နေရာယူထားသောကြောင့် အဝေးကကြည့်လျှင် ထိုနေရာ၌ ဝါထိန်နေသည်။

**ဦးသန့်အရေးအခင်း အစပြုခြင်း**

အခေါင်းထားသည့် နေရာစင်မြင့်ကို ကြီးကြပ် ပြင်ဆင်သူများမှာ ကြက်ခြေနီ အဖွဲ့ဝင်များနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ လူငယ်များ ဖြစ်ကြသည်။ အခေါင်းသေတ္တာအနားတွင် ဂျစ်ကားတစ်စီးကို ရပ်ထားသည်။ ထိုဂျစ်ကားပေါ်တွင် အသံချဲ့စက်များ တပ်ဆင်ထားပြီး ၎င်းတို့က အသုဘ အစီအစဉ်များကို အော်ဟစ်ကြေညာနေသည်။ ဘောလုံးကွင်းထဲတွင် ထောင်ပေါင်းများစွာသော လူများဖြင့် ပြည့်နေပြီး ကိုတင်မောင်ဦးနှင့် ကိုထွန်းအောင်ကျော်တို့ အုပ်စုက အခေါင်းသေတ္တာနား တွင် နေရာယူထားကြပြီးဖြစ်သည်။ ဤအချိန်တွင် စာနာမှုစိတ်နှင့် ကိုယ်ကျင့်တရား ခံယူချက်များ ပြင်းပြလာခဲ့သော ကိုတင်မောင်ဦးသည် မိမိ၏ နိုင်ငံတော် အကြီးအကဲတစ်ဦးကို ဤကဲ့သို့ မလေးမစား ပြုမူဆောင်ရွက်သည့်အပေါ် မခံမရပ်နိုင်မှု စိတ်ကို ရင်ထဲ၌ မည်သို့မျှ ချုပ်တည်းထား၍ မရတော့။ သို့ဖြစ်သောကြောင့် သူက ကျောင်းသားအုပ်စု၏ အလယ်တွင် မတ်တပ်ရပ်ကာ မိန့်ခွန်းများ စပြောလေတော့သည်။

ထိုစဉ်က ကိုတင်မောင်ဦးသည် ကျားသတ္တဝါများ၏ အလယ်တွင် ရပ်တန့်နေသော ခြင်္သေ့ကြီးတစ်ကောင်ကဲ့သို့ပင် ဖြစ်သည်ဟု ကိုထွန်းအောင်ကျော်က ပြန်ပြောင်းပြောပြသည်။ သူ၏ အသံက မာန်ပါသည်။ လူအများကို ဆွဲဆောင်နိုင်စွမ်း ရှိသည်။ လက်ထဲ၌သတင်းစာလိပ်တစ်ခုကို ကိုင်ထားရင်း သူက "ရဲဘော်တို့။ ဦးသန့်ဟာ မြန်မာဂုဏ် ထူးဆောင် ခေါင်းဆောင် တစ်ဦး ဖြစ်သလို ကမ္ဘာ့ ခေါင်းဆောင်ကြီးလည်း ဖြစ်တယ်။ ဒီလို ကမ္ဘာက အသိအမှတ်ပြုရတဲ့ ခေါင်းဆောင်ကြီးကို နေဝင်းစစ် အစိုးရက သာမန်လူတွေ မြှုပ်တဲ့ သင်္ချိုင်းမှာ ဒီလိုဘဲ မြေမြှုပ်သင်္ဂြိုဟ် လိုက်မှာ ကို ငါတို့က ဒီအတိုင်း လက်ပိုက်ကြည့် နေကြမှာလား။" ဟုပြောလိုက်သည်။ ကိုတင်မောင်ဦး၏မိန့်ခွန်းကို အားပေးထောက်ခံသည့် အနေနှင့် ကိုထွန်းအောင် ကျော်

အပါအဝင် ကျောင်းသူ ကျောင်းသား များအားလုံးကလည်း တညီတညွတ်ထဲ သြဘာပေး ဟစ်ကြွေးကြသည်။ ဤတွင် အခြားလူအုပ်များသည် ကိုတင်မောင်ဦး မိန့်ခွန်းပြောရာနေရာဆီသို့ ချက်ချင်းစုဝေး ရောက်ရှိလာ ကြသည်။ သူကလည်း မိန့်ခွန်းများကို ဆက်ပြောလေသည်။ တဖြည်းဖြည်းနှင့် သူ၏ မိန့်ခွန်းသံများကို လူအုပ်ကြီးက သံပြိုင် တုန့်ပြန် ကြပြီး အားလုံး မှာ စိတ်ခါတ်တက်ကြွမှု အပြည့်ရှိလာကြသည်။ ထိုအချိန်တွင် လူအများတို့၏ လိုအင်ဆန္ဒများနှင့် မျှော်လင့်ချက် များကို ကိုတင်မောင်ဦးက ရဲရင့်သတ္တိအပြည့်ဖြင့် အားလုံး၏ ရှေ့၌ ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုခဲ့ခြင်း ဖြစ်သည်။ အမှန်တရားအတွက် တိုက်ပွဲဝင်ရာ၌ သော်လည်းကောင်း၊ လူ့ဂုဏ်သိက္ခာကို ဆည်နိုင်ရန် အတွက်သော် လည်းကောင်း ဤကဲ့သို့ သြဇာတိက္ကမ၊ ရဲရင့်သတ္တိနှင့် ပြည့်စုံသော အသံပိုင်ရှင်သည် ၄င်းတို့၏ အနာဂတ် ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်သည်ဟု လူအများတို့က ယုံကြည်ကိုးစားခဲ့ကြကြောင်း ကိုထွန်းအောင်ကျော်က ပြန်ပြောင်း အမှတ်ရသည်။

## ဦးဆောင်ရဲသော သတ္တိရှိခြင်း

ထောင်ပေါင်းများစွာသော လူအုပ်ကြီး၏ အလယ်တွင် ရပ်နေသည့် ကိုတင်မောင်ဦးက စစ်အစိုးရကို ပြင်းထန်စွာ ဝေဖန်ကာ အထူးသဖြင့် နေဝင်းကို အပြစ်ပုံချခဲ့သည်။ ဦးနေဝင်း (သို့မဟုတ်) ဗိုလ်ချုပ်နေဝင်း ဟူ၍ တလေးတစား ဂုဏ်ပုဒ်တပ် ၍ သူက ခေါ်ဝေါ်သုံးစွဲခြင်း မရှိခဲ့။ မြန်မာဓလေ့စံ အရဆိုလျှင် အများသူငှာတို့၏ ရှေ့၌ တစုံတဦးကို ရည်ညွှန်း ပြောဆိုရာ၌ ၄င်း၏ ဂုဏ်ပုဒ်တပ်၍ ခေါ်ဝေါ်လေ့ရှိသည်။ လူ တစ်ဦးနှင့်တစ်ဦးသည် မိတ်ဆွေအပေါင်းအသင်းများပင် ဖြစ်နေ စေကာမူ အများ ၏ရှေ့၌ဆိုလျှင် ထိုကဲ့သို့ ခေါ်ဝေါ်ပြောဆိုလေ့ရှိသည်။ ဤသည်မှာ တစ်ဦးနှင့် တစ်ဦး လေးစားသမှုကို ပြသခြင်း သဘောက ိုဆောင်သည်။ ထို့ကြောင့် အများပြည်သူတို့၏ ရှေ့မှောက်၌ နေဝင်းကို ရည်ညွှန်းပြောဆိုရာတွင် နာမည်ရှေ့၌ ''သမ္မတ''၊ ''ဦး'' (သို့မဟုတ်) ''ဗိုလ်ချုပ်''ဟူသော စကားလုံးကို ဖြုတ်၍ သုံးနှုန်းခြင်းသည် အလွန်ဖြစ်စခဲသော ကိစ္စရပ် တစ်ခုဖြစ်ပြီး အန္တရာယ်လည်း များလှပေသည်။ နေဝင်းက ၄င်း၏ တာဝန်ဝတ္တရားများကို ကြေပွန်စွာ ထမ်းဆောင်ခြင်း မရှိသည့်အလျောက် ၄င်းကို လေးစားသမှု ပြသရန် မထိုက်တန်သောကြောင့် ကိုတင်မောင်ဦးက ထိုကဲ့သို့သော ဂုဏ်ပုဒ်များ မတပ်ဘဲ ခေါ်ဝေါ် ခဲ့ခြင်းဖြစ်သည်။

၁၉၆၂ခုနှစ် ဇူလိုင်လ (၇)ရက်နေ့၌ အပြစ်မဲ့ကျောင်းသူကျောင်းသားများကို အစိုးရက သတ်ဖြတ်ခဲ့ပြီးသည့် နောက်ပိုင်းတွင် ကိုတင်မောင်ဦးက ကျောင်းသားခေါင်းဆောင်တစ်ဦး အနေနှင့် အများပြည်သူတို့၏ ရှေ့ထွက်ကာ အာဏာ ရှင်စနစ်ကို ပထမဆုံး အကြိမ် ပေါ်ပေါ်ထင်ထင် စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစတင်၍ သူ၏ လှုပ်ရှားမှုများ သမိုင်းဝင် လာခဲ့သည်။ ထိုအချိန်က သူသည် သာမန် မိသားစုက ဆင်းသက်လာသော အသက်(၂၃)နှစ်အရွယ် လူငယ်တစ်ဦးသာ ဖြစ်ခဲ့ သည်။ သူ့ တွင်မည်သည့် နိုင်ငံရေးမျိုးဆက်နောက်ခံမှုမရှိ၊ မည်သည့် နိုင်ငံရေး ပါတီနောက်ခံမှုမရှိ၊ မည်သည့်စစ်တပ်အင်အားစု ၏နောက်ခံမှုမရှိခဲ့သည့်အပြင် နိုင်ငံတကာအသိုင်းအဝိုင်း၏ပံ့ပိုးကျားကန်ပေးမှု တစုံတရာလည်း မရှိခဲ့။ ၁၉၇၄ခုနှစ် ဒီဇင်ဘာလ

(၅)ရက်နေ့တွင် ကိုတင်မောင်ဦးက အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို ပြောင်ပြောင်တင်းတင်း ထိပ်တိုက်ရင်ဆိုင်ရာ၌ ဗိုလ်ချုပ်နေဝင်း၏အာဏာ အထွတ်အထိပ်သို့ ရောက်ရှိနေခဲ့ချိန်၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းပြီးခဲ့ချိန် ဖြစ်သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်ဝတ်စုံများ ချွတ်ကာ ၄င်းတို့၏ အပြင်ပန်း အသွင်သဏ္ဌာန်ကို အရပ်သားဝတ်စုံ နှင့် ပြောင်းလဲလိုက်ပြီး စစ်ခေါင်းဆောင်များက တိုင်းပြည်အာဏာကို တရားဝင် ရယူသည့်ပုံစံ ဖန်တည်းခဲ့ကြသည်။ ထို့နောက် စစ်အစိုးရ အုပ်ချုပ်မှုကို ဆန့်ကျင်သော ကနဦးပိုင်း လူထုလှုပ်ရှားမှု ဖြစ်သည့် အလုပ်သမား အရေးအခင်းကို ရက်ရက်စက်စက် နှိမ်နင်းဖြိုခွဲပြီး အတိုက်အခံများ အားလုံးကို ဖိနှိပ်ချုပ်ချယ်ခဲ့သည်။ ထိုစဉ်က နိုင်ငံရေးသမား အမြောက်အများ တို့ကလည်း လူ့အဖွဲ့ အစည်းကို ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် ဗိုလ်ချုပ်နေဝင်း အစိုးရနှင့် ပူးပေါင်းဆောင်ရွက် ခြင်းကလွဲ၍ အခြား ရွေးချယ်စရာနည်းလမ်း မရှိဟု ထင်မြင်ခဲ့ကြသည်။ ဤနိုင်ငံရေးနောက်ခံတွင် ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

၁၉၇၄ခုနှစ် ဒီဇင်ဘာလ (၅)ရက်နေ့၌ ကိုတင်မောင်ဦးက မြန်မာနိုင်ငံရှိ စစ်အစိုးရကို ပြောင်ပြောင်တင်းတင်း အတိုက်အခံပြုချိန်တွင် အာရှတိုက်ရှိ အခြားနိုင်ငံများ၌လည်း အာဏာရှင်စနစ်များ လွှမ်းမိုးနေခဲ့ပေသည်။ ၁၉၇၃ခုနှစ်တွင် ထိုင်းနိုင်ငံရှိ ကျောင်းသူကျောင်းသားများနှင့် ပြည်သူလူထုက အာဏာရှင်စနစ်ကို ဆန့်ကျင် ဆန္ဒပြကြရာ ရက်စက်စွာ နှိမ်နင်းခြင်း ခံခဲ့ရသည်။ အင်ဒိုနီးရှားနိုင်ငံ၌လည်း ၁၉၇၃ခုနှစ်တွင် အာဏာရှင် ဗိုလ်ချုပ် ဆူဟာတိုက နိုင်ငံရေးအာဏာကို တရားဝင် ရရှိခဲ့သည်။ ၁၉၇၂ခုနှစ်၌ ဖိလစ်ပိုင်နိုင်ငံတွင် အာဏာရှင် သမ္မတ မားကို့(စ်)က လည်းကောင်း၊ ကိုရီးယားနိုင်ငံတွင် ဗိုလ်ချုပ် ပတ်ချွန်ဟီးက လည်းကောင်း မာရှယ်လောများကို အသီးသီး ထုတ်ပြန်ကြေညာခဲ့သည်။ တရုတ်ပြည်တွင် လူထု၏ လွတ်လပ်မှုအခွင့်အရေးများကို ရုပ်သိမ်းခဲ့သည့် ယဉ်ကျေးမှုတော်လှန်ရေး အရှိန်ကောင်းနေခဲ့ချိန်ဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ အာဏာရှင် ဝန်ကြီးချုပ် အင်ဒရာဂန္ဒီက အတုအယောင် ဒီမိုကရေစီကို ကျင့်သုံးခဲ့ပြီး သူမ၏ အတိုက်အခံ ထောင်ပေါင်း များစွာ တို့ကိုထောင်သွင်းအကျဉ်းချခဲ့သော ကာလဖြစ်သည်။ အာရှတိုက်ကိုကျော်လွန်၍ ကြည့်မည်ဆိုလျှင်လည်း ဥရောပ၊ အာဖရိက၊ လက်တင်အမေရိက နှင့် အာရပ်ကမ္ဘာရှိ နိုင်ငံပေါင်းများစွာတို့တွင် အာဏာရှင် အုပ်ချုပ်မှုစနစ်များ အထွပ်အထိပ်သို့ ရောက်ရှိနေခဲ့ပေသည်။

အာဏာရှင် အုပ်ချုပ်မှုစနစ်ကို တိုက်ဖျက်နိုင်ခဲ့လျှင် ကြီးစွာသော အကျိုးရလာဒ်များကို ရရှိခံစားနိုင်မည် ဖြစ်သကဲ့သို့ ပင် ၄င်းကို တိုက်ဖျက်ရေး လုပ်ငန်းစဉ်၌ ကြုံတွေ့လာနိုင်သည့် အန္တရာယ်များမှာလည်း ကြီးမားလှသည်။ ကိုတင်မောင်ဦးသည် ဤကဲ့သို့သော အန္တရာယ်များကို ရင်ဆိုင်ရန် ဆုံးဖြတ်ကာ ကျောင်းသားတစ်ယောက်၏ ရဲစွမ်းသတ္တိကို ပြသခဲ့သည်။ ထို အချိန်က တက္ကသိုလ်ကျောင်းသားများသည် သာမန်ပြည်သူလူထုအတွက် အားအင်တစ်ရပ်ဖြစ်ခဲ့သည်။ ကိုတင်မောင်ဦးက ကျောင်းသား ခေါင်းဆောင်ဟူသော သမိုင်းပေးတာဝန်ကို ဆက်လက်ထမ်းဆောင်ခြင်းဖြင့် လူထုအားအင်တစ်ရပ်ကို စုစည်း ဖြစ်တည်လာစေခဲ့သည်။ ၁၉၇၄ခုနှစ် ဒီဇင်ဘာလ(၅)နေ့တွင် ပြုလုပ်ခဲ့သော ကိုတင်မောင်ဦး၏ လုပ်ရပ်မှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို ကျင့်ကြံလိုသောကြောင့်သာ မဟုတ်။ ဇူလိုင်လ(၇)ရက်နေ့ လူသတ်ပွဲ နောက်ပိုင်းတွင် ဗိုလ်ချုပ်

နေဝင်းက ကျောင်းသူကျောင်းသားများနှင့် လူထုကို ဆွပေးခဲ့သည့်အပေါ် ကိုတင်မောင်ဦးက တုန့်ပြန်လိုခဲ့ခြင်းကြောင့် လည်းဖြစ်သည်။ အဆိုပါ လူသတ်ပွဲတွင် ဗိုလ်ချုပ်နေဝင်းက ကျောင်းသားများကို ''ဓား ဓားချင်း'' ''လှံ လှံချင်း'' တိုက်ခိုက် မည်ဟု စိန်ခေါ်ခဲ့သော်လည်း ကိုတင်မောင်ဦးက နေဝင်းကို ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူတစ်ယောက်အဖြစ် မသတ်မှတ်ခဲ့ချေ။ နေဝင်းက အားကောင်းသောစစ်တပ်နှင့် နောက်ဆုံးပေါ်လက်နက်များကို ရယူပိုင်ဆိုင်သောကြောင့်သာလျှင် ကျောင်းသူ ကျောင်းသားများနှင့် လူထုကို စိန်ခေါ်ရဲခဲ့ခြင်းဖြစ်ကြောင်း နားလည်ခဲ့သည်။

သို့သော်လည်း ကိုတင်မောင်ဦးက လက်နက်ပစ္စည်းများ၏ အရေးပါပုံကို လျှော့မတွက်ခဲ့။ ၄င်းကိုယ်၌ကလည်း လမ်းသူရဲဂိုဏ်းသားများ၏ အန္တရာယ်ကိုခုခံကာကွယ်ရန်အတွက် ဓားတစ်ချောင်းဆောင်ခဲ့ဘူးသည်။ သို့သော်အပြစ်မဲ့ သူများကိုမူ လက်နက်ဖြင့် ခြိမ်းခြောက်ဆက်ဆံခြင်း မပြုသင့်ဟု သူက ယုံကြည်ခဲ့သည်။ ထို့ပြင် လူ့အဖွဲ့အစည်း၏ အခြေခံကျသော ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းရာတွင် မဖြစ်မနေ အခြေအနေမှသာလျှင် လက်နက်ကို နောက်ဆုံး ခိုကိုးရာနည်းလမ်းအဖြစ် အသုံးပြုရန် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် အင်အားကြီးသော လက်နက်ပစ္စည်းများကို ရယူပိုင်ဆိုင်ပြီးမှသာလျှင် တရားမျှတမှုအတွက် တိုက်ပွဲဝင်မည်ဟူသောအယူအဆကို သူက လက်မခံခဲ့။ တရားမျှတမှုဘက်က ရပ်တည်ခြင်း၊ တရားမျှတမှု ရရှိရေး အတွက် သံန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်ခြင်းနှင့် ရဲစွမ်းသတ္တိ ပြသခြင်းတို့သည် လက်နက်ပစ္စည်းများထက် အဆပေါင်းများစွာ သာလွန်သည်ဟု သူက မှတ်ယူခဲ့သည်။ တစ်စုံတစ်ဦးသည် အင်အားကြီးသော လက်နက်ပစ္စည်းများကို ရယူပိုင်ဆိုင်ထားစေကာမူ ၄င်းထံ၌ ရဲစွမ်းသတ္တိ မရှိလျှင် မည်သို့မျှ အကြောင်းထူးလာမည် မဟုတ်။ တဖန် တရားမျှတမှုအတွက် ရပ်တည်ဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားစေကာမူ မိမိ၏ ဆုံးဖြတ်ချက်ကို အကောင်အထည် ဖေါ်နိုင်ရေးအတွက် ရဲရင့်ပြတ်သားမှု မရှိလျှင် ထိုသူ၏ လုပ်ရပ်များ ထိရောက်မှုရှိမည် မဟုတ်ကြောင်းကိုလည်း ကိုတင်မောင်ဦးက နားလည်သဘောပေါက်ခဲ့သည်။ မည်သည့်လက်နက်ကိုမျှ အသုံးမပြုဘဲ ငြိမ်းချမ်းသော နည်းလမ်းဖြင့် အာဏာရှင်စနစ်ကို ဆန့်ကျင်နိုင်ကြောင်း ကိုတင်မောင်ဦးက အများ၏ရှေ့မှောက်၌ သက်သေပြလိုခဲ့သည်။ လက်တွေ့တွင် ဤကဲ့သို့ဖြစ်လာ နိုင်စေရန်အတွက်လည်း တရားမျှတမှုဘက်က ရပ်တည်လုပ်ဆောင်မည်ဟူသော ခံယူချက်ကို အခြေခံကာ မိမိ၏ ရဲစွမ်းသတ္တိကို ပြုစုပျိုးထောင်ရန် လိုအပ်ပေသည်။

မည်ကဲ့သို့သော အခြေအနေမျိုးကို ကြုံတွေ့နေရစေကာမူ ရဲစွမ်းသတ္တိရှိသူသည် မိမိ ခံယူထားသော နိယာမများနှင့်အညီ အဓိပ္ပါယ်ရှိသော ဘဝကို ရဲရဲဝံ့ဝံ့ ကျင်လည်ဖြတ်သန်းနိုင်သည်။ အတွင်းစိတ် ငြိမ်းချမ်းမှုကို ရရှိနိုင်မည် ဖြစ်သည်။ လူ့အဖွဲ့အစည်းတွင် အချုပ်အနှောင်များ ရှိနေစေကာမူ ထိုကဲ့သို့သော ရဲစွမ်းသတ္တိမျိုးကို ပိုင်ဆိုင်ထားသော တသီးပုဂ္ဂလသည် လွတ်လပ်မှု ရှိနေမည် ဖြစ်သည်။ ထို့နည်းတူပင် ကိုတင်မောင်ဦး၏ စိတ်ထဲ၌ လွတ်လပ်မှု ရှိနေ သကဲ့သို့ပင် ရဲစွမ်းသတ္တိလည်း အပြည့်အဝ ရှိခဲ့ပေသည်။ ထိုသို့ လွတ်လပ်မှုရှိသော လူသားတစ်ယောက်သည် လူ့အဖွဲ့အစည်း၏ ကွင်းဆက်များကို ချေဖျက်ကာ လူသား အားလုံးတို့၏ လွတ်မြောက်ရေးအတွက် စွမ်းဆောင်နိုင်သည်။ ကိုတင်မောင်ဦး၏ လူထုလှုပ်ရှားမှုများနှင့် အာဏာရှင်စနစ်ကို ဆန့်ကျင်စိန်ခေါ်မှုများမှာ မှတ်သားဖွယ်ရာ ကောင်းပြီး ထိုအချိန်မှ စတင်ကာ ၄င်းသည် အငြင်းပွားဖွယ်မရှိ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်ရန် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ပေသည်။

ချက်ချင်းဆိုသလိုပင် ကျိုက္ကဆံကွင်းထဲရှိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ လူငယ်များသည် ကိုတင်မောင်ဦး၏ လုပ်ရပ်များအပေါ် တန်ပြန်လုပ်ဆောင်ရန် ကြိုးပမ်းကြသည်။ ၄င်းတို့က ဂျစ်ကားပေါ်ရှိ အသံချဲ့စက်များကို သုံးကာ "အားလုံး ငြိမ်ငြိမ်ဆိမ်ဆိမ် နေကြပါ။ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြပါ။ သောင်းကျန်းတာတွေ မလုပ်ကြပါနဲ့။"ဟု သတိပေး သည်။ ဤတွင် ကိုတင်မောင်ဦးက ဂျစ်ကားကို လက်ညှိုးထိုးပြီး "အဲဒီကားကို ဝိုင်းသိမ်းကြ"ဟု အော်ဟစ်အမိန့်ပေး လိုက်ရာတွင် လူအုပ်ကြီးကလဲ ဂျစ်ကားရှိရာဆီသို့ ဝေါကနဲ ပြေးသွားကြသည်။ ဤတွင် ကားပေါ်က လူငယ်များ အသက်လု ပြေးကြရသည်။ ထို့နောက် ကိုတင်မောင်ဦးက ဂျစ်ကားထိပ် တက်ကာ အသံချဲ့ဖြင့် စကားပြောရာ အားလုံးက သူ့အသံကို အတိုင်းသားကြားနိုင်ပြီဖြစ်သည်။ သူက မိန့်ခွန်းများကို ဆက်လက် ပြောကြားရာ လူအုပ်ကြီးကလည်း စိတ်ပါအားရ လက်ခုတ်ဩဘာများ ပေးကြလေသည်။ ပွက်လောရိုက်သံများမှာ ကျယ်လောင်လွန်းလှသဖြင့် မြင်းပြိုင်ကွင်း၏ ကောင်းကင် ပေါ်သို့ ပဲ့တင်သံများ ထပ်သွားကြသည်။ ထို့နောက် ကိုတင်မောင်ဦးက ဦးသန့်၏ ဈာပန အခမ်းအနားကို ကျောင်းသူ ကျောင်းသားများ လွှဲပြောင်းတာဝန်ယူမည်ဖြစ်ကြောင်း ဆက်ပြောသည်။

## ဦးသန့်၏ ဂုဏ်သိက္ခာအတွက် လူထုက လှုပ်ရှားဆောင်ရွက်ခြင်း

ကိုတင်မောင်ဦးက ကျောင်းသားများအား အခေါင်းသေတ္တာကို တက္ကသိုလ်ကျောင်းဝင်းအတွင်းသို့ ယူသွားရန် ညွှန်ကြားချက်များ ပေးကာ "အစိုးရက ဦးသန့်အလောင်းကို မြေမြှုပ်ဖို့အတွက် သင့်တော်တဲ့ နေရာတစ်နေရာ မပေးသေး သ၍အထိ ကျနော်တို့ ဆက်ပြီး ဆန္ဒပြသွားကြမယ်"ဟူ၍ ပြောလေသည်။ ဤသို့ဖြင့် ကျောင်းသူကျောင်းသားများက အခေါင်းသေတ္တာကို ကားပေါ်တင်ကာ ရန်ကုန်တက္ကသိုလ်သို့ သယ်ဆောင်သွားရာတွင် ရဟန်းသံဃာများ အပါအဝင် ထောင်ချီသော လူအုပ်ကြီးသည် ၄င်းတို့နောက်က လိုက်ပါလာကြသည်။ လမ်းမကြီးအတိုင်း ချီတက်သွားကြချိန်တွင် လမ်းဘေးတဘက်တချက်ရှိ နေအိမ်များမှ လူအများတို့လည်း ပူးပေါင်းပါဝင်လာခဲ့ကြသည်။ ကျောင်းသူကျောင်းသားများကို လူအုပ်ကြီးက သောင်းသောင်းဖျဖျ ဩဘာများ ပေးကြသည်။

မြန်မာနိုင်ငံ၏ လေးစားရသော သားတော်မောင် ဟု မကြာခဏ ခေါ်ဝေါ်သမုတ်ခြင်း ခံရသူ ဦးသန့်၏ အလောင်းကို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမသို့ သယ်ယူသွားခဲ့ကြသည်။ ပြည်သူပြည်သားများ၊ ကျောင်းသူ ကျောင်းသားများနှင့် ရဟန်းသံဃာများလည်း တက္ကသိုလ်ကျောင်းဝင်းအတွင်း တဖြည်းဖြည်း လာရောက်စုဝေးကြသည်။ ကိုတင်မောင်ဦးကဲ့သို့ပင် သတ္တဗေဒကျောင်းသားဖြစ်သူ ကိုဇော်ဝင်းက တက္ကသိုလ်အတွင်းတွင် လူဦးရေ စုစုပေါင်းမှာ (၃)သိန်းခန့်ရှိမည်ဟု ပြန်ပြောင်းပြောပြခဲ့သည်။ ဆန္ဒပြပွဲများ တာရှည်နိုင်မည် ဖြစ်သည်နှင့်အညီ တက္ကသိုလ်ကျောင်းဝင်းကို တိုက်ရိုက်ဖြတ်၍ သွယ်တန်းနေသော အဓိပတိလမ်းပေါ်တွင် ပုံကျ လဖက်ရည်ဆိုင်များ၊ မုန့်ဆိုင်များ လာဖွင့်ကြသည်။ ရန်ကုန် မြို့သူမြို့သားများက တက္ကသိုလ်ကျောင်းတွင် ဆန္ဒပြနေသူများအတွက် အစားရေစာများ၊ အဝတ်အထည်များ၊ အိပ်ရာခင်း

များနှင့် အခြား ပစ္စည်းပစ္စယများကို ရက်ရက်ရောရော ပေးလှူလာကြသည်။ တချိန်တည်းမှာပင် ဘွဲ့နှင်းသဘင်ခန်းမထဲ၌လည်း ကျောင်းသားများ၊ ရဟန်းသံဃာများနှင့် အခြားအရပ်သားများကလည်း အစိုးရ ဆန့်ကျင်သော ဟောပြောပွဲများ စနေကြပြီ ဖြစ်သည်။ ကျောင်းသားများသည် ဈာပန ကော်မတီကို ဖွဲ့စည်းလိုက်ပြီး ကိုတင်မောင်ဦးက ထိုကော်မတီ၏ အတွင်းရေးမှူး ဖြစ်လာသည်။ ဟောပြောပွဲများကိုလည်း အဆက်ပြတ်သွားခြင်း မရှိစေခဲ့။ ထိုညတွင် ကျောင်းသားများ အပါအဝင် အရပ်သား အချို့တို့သည် တက္ကသိုလ်ကျောင်းဝင်းထဲ၌ ညအိပ်ညတာ နေခဲ့ကြသည်။

ဤသို့ဖြင့် တနေ့ကုန်သွားပြီး ဒီဇင်ဘာလ (၆)ရက်နေ့တွင် ကျောင်းသူကျောင်းသားများက ဦးသန့်အတွက် နိုင်ငံတော် ဈာပန အခမ်းအနား လုပ်ပေးရန်နှင့် သင့်တော်သော ခေါင်းချရာ မြေနေရာပေးရန်တို့ကို အစိုးရထံ တရားဝင် တောင်းဆိုခဲ့ကြသည်။ မြန်မာနိုင်ငံရှိ ပြည်သူလူထု အားလုံးက ဦးသန့်အား ကြံတောသုသာန်၌ မြေမြှုပ်သင်္ဂြိုလ်ခြင်းကို ခွင့်ပြုမည် မဟုတ်ကြောင်း အတိအလင်း ကြေညာခဲ့သည်။ "ဒီဇင်ဘာလ (၇)ရက်နေ့ ညနေ(၄)နာရီ နောက်ဆုံးထားကာ အကြောင်းမပြန်လျှင် ကျောင်းသူကျောင်းသားများသည် လူထု၏ အကူအညီကို ရယူပြီး တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ငြိမ်းချမ်းရေး ဂူဗိမာန် တည်ဆောက်ကာ ဦးသန့်၏အလောင်းကို အခမ်းအနားဖြင့် မြေမြှုပ်သင်္ဂြိုလ်မည်" ဟူ၍ စာထဲတွင် ရေးသားဖော်ပြခဲ့သည်။ ဟောပြောပွဲများကို အဆက်မပြတ် ပြုလုပ်နေခဲ့သည်။ လူဦးရေ (၁)သိန်းကျော်ခန့်ရှိသော တက္ကသိုလ် ကျောင်းဝင်းအတွင်းတွင် ပုံကျစျေးသည်များလည်း အလုပ်ရှုပ်နေကြပေသည်။ ညပိုင်းရောက်လာသော အခါ ကျောင်းဝင်းထဲရှိ လူဦးရေမှာ (၅)သောင်းခန့် ကျဆင်းသွားသော်လည်း နေ့အချိန် ပြန်လည်ရောက်ရှိလာရာတွင် လူဦးရေ (၁)သိန်း ဝန်းကျင် အထိ ပြန်တိုးလာသည်။

ဒီဇင်ဘာလ (၇)ရက်နေ့တွင် တက္ကသိုလ်ဝင်းအတွင်းရှိ လူအုပ်ကြီးမှာ တမျှော်မျှော် တခေါ်ခေါ် ဖြစ်နေခဲ့ကြသည်။ ညနေ (၄)နာရီ ထိုးသွားပြီ ဖြစ်သော်လည်း ၎င်းတို့၏ တောင်းဆိုချက်များကို မည်သည့် အစိုးရ ရုံးဌာနကမှ အကြောင်းပြန် လာခြင်း မရှိခဲ့။ ဤတွင် ဈာပန ကော်မတီ အဖွဲ့ဝင်များက လူအုပ်ကြီးအား "ကျနော်တို့ရဲ့ တောင်းဆိုချက်တွေကို အစိုးရက လစ်လျူရှုလိုက်တာကြောင့် အစီအစဉ် ဆွဲထားတဲ့အတိုင်း ကျနော်တို့ဟာ လူထုရဲ့ အကူအညီကို ယူပြီးတော့ ငြိမ်းချမ်းရေး ဂူဗိမာန်ကို တည်ဆောက်ကြမှာဖြစ်တယ်" ဟု ကြေညာလေသည်။ ဤကြေညာချက်ကို ကြားသောအခါ လူအုပ်ကြီးက တညီတညွတ်ထဲ သောင်းသောင်းဖျဖျ ထောက်ခံသြဘာပေးကြသည်။ ဤသို့ဖြင့် ယခင်က ကျောင်းသားသမဂ္ဂ အဆောက် အအုံ ရှိခဲ့ဘူးသော နေရာတွင် ငြိမ်းချမ်းရေး ဂူဗိမာန်ကို တည်ဆောက်ရန်အတွက် စက်မှု ကျောင်းသားများက ဒီဇိုင်းဆွဲ ကြလေသည်။ ကျောင်းသား သမဂ္ဂအဆောက်အအုံသည် မြန်မာနိုင်ငံ လွတ်လပ်ရေးလှုပ်ရှားမှုတွင် အရေးပါသော သမိုင်းဝင် အထွတ်အမြတ်ထားရာ နေရာတစ်ခုဖြစ်ခဲ့သော်လည်း ၁၉၆၂ခုနှစ် ဇူလိုင်လ (၇)ရက်နေ့တွင် နေဝင်းက ဒိုင်းနမိုက် ဗုံးများဖြင့် ဖေါက်ခွဲဖျက်ဆီးခဲ့ပြီး ရာပေါင်းများစွာသော ကျောင်းသူကျောင်းသားများ အသက်ဆုံးရှုံးခဲ့ကြရသည်။

ကိုတင်မောင်ဦး၏ ညီငယ်များသည် တက္ကသိုလ်၌ ဖြစ်ပျက်သည်များကို ကြားသိနေရာသည်နှင့်အမျှ စူးစပ်သိရှိ လိုစိတ်များ ဖြစ်လာခြင်းကြောင့် ဆန္ဒပြပွဲများ၌ ပါဝင်ပတ်သက်သည်အထိ ဖြစ်လာခဲ့သည်။ ထိုကာလများတွင် လှရွှေသည် ကျောင်းမှ အိမ်သို့ပြန်၍ အိမ်မှုကိစ္စများ ကူလုပ်ပေးပြီးသည့်အခါတိုင်းတွင် တက္ကသိုလ်ကျောင်းဝင်းထဲသို့ သွားရောက်ခဲ့သည်။ မြို့ထဲသွား၍ အစားရေစာနှင့် အလှူငွေတို့ ကောက်ခံသော တက္ကသိုလ်ကျောင်းသားများကို ကူညီရန် လှရွှေက လိုက်ပါသွား တတ်သည်။ အသက်(၁၀)နှစ်ရှိပြီ ဖြစ်သော ညီငယ် သန့်ဇင်သည် အိမ်မှ တိတ်တဆိတ် ခိုးထွက်ကာ ဖြစ်ပျက်နေသော အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့သည်။ သူ့အောက်က အသက်(၈)နှစ်အရွယ် ညီငယ် မင်းဝေကလည်း သန့်ဇင် သွားရာနောက်ကို တကောက်ကောက်လိုက်လိုခဲ့။ တညနေတွင် အိမ်နီးချင်းများနှင့် အစ်ကိုအစ်မများထံက သတင်းအချို့ ကြားခဲ့ရသောကြောင့် တက္ကသိုလ်ဝင်းအတွင်း၌ ထူးထူးခြားခြား တစုံတခု ဖြစ်လိမ့်မည်ကို သန့်ဇင်နှင့် မင်းဝေတို့က မှန်းဆမိ ခဲ့ကြသည်။ ဘာဖြစ်မလဲ ဆိုသည်ကို ၄င်းတို့ကိုယ်တိုင် တွေ့မြင်လိုခဲ့ကြသည်။

လှရွှေကလည်း တက္ကသိုလ်ကို သွားလိုက်ပြီဖြစ်ပြီး သူတို့ကို ခေါ်မသွားခဲ့။ တက္ကသိုလ်ကျောင်း၌ ဖြစ်ပျက်မည့် အရာများကို အဘယ့်ကြောင့် သူတို့အား ပေးမတွေ့ လိုသနည်း ဟူသော စူးစမ်းလိုစိတ်များ ပြင်းထန်လာသောကြောင့် ထိုနေရာသို့ ကိုယ်တိုင်သွားကြရန် ဆုံးဖြတ်ခဲ့ကြသည်။ အိမ်စာများနှင့် အိမ်မှု ကိစ္စများကို လုပ်ပြီးနောက် ထမင်းကို ဗလုံးဗထွေး စားလိုက်သည်။ ထို့နောက် ရပ်ကွက်ထဲတွင် သူငယ်ချင်းများနှင့် သွားကစားမည်ဟု အကြောင်းပြကာ အိမ်က ထွက်လာခဲ့ကြသည်။ တက္ကသိုလ်သွားရာ လမ်းတလျှောက်တွင်လည်း ကလေးနှစ်ယောက်ထဲ အဖေါ်မပါဘဲ သွားလာနေ သည်ကို အခြားသူများ မရိပ်မိနိုင်စေရန်အတွက် သတိထားခဲ့ရသည်။ တက္ကသိုလ်သို့ရောက်သောအခါ လူအုပ်ကြီး၏ နောက်ဘက် ထင်သာမြင်သာခြင်း သိပ်မရှိသော နေရာတစ်ရာသို့ သွားလိုက်ကြသည်။ ၄င်းတို့၏ အရှေ့တွင်ရှိသော လူအများစုမှာ မျက်ခင်းပေါ်တွင် ထိုင်နေကြသောကြောင့် ဖြစ်ပျက်နေသည်များကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပေသည်။

လူအုပ်ကြီးများ လူဦးရေ များပြားလွန်းလှသော်လည်း အားလုံးက တိတ်တဆိတ် ထိုင်နားထောင်နေကြသည်။ လူအုပ်ကြီး ရှေ့တွင် စကားပြော မိုက်ခရိုဖုန်းတစ်ခုရှိသည်။ တစ်နေရာထဲ၌ လူတွေ ဒါလောက်အများကြီး စုဝေးနေကြခြင်းကို သန့်ဇင်နှင့် မင်းဝေတို့ တခါမှ မကြုံဘူးခဲ့။ အစိုးရ၏ မတရားမှု လုပ်ရပ်များနှင့် စပ်လျဉ်း၍ လူအုပ်ကြီးထဲက တစ်ယောက်ပြီး တစ်ယောက် ရှေ့ထွက် ပြောကြသည်။ အသက်ကြီးကြီး အမျိုးသမီးများကလည်း ၄င်းတို့၏ သားတော်မောင်များ မည်ကဲ့သို့ အသတ်ခံ ခဲ့ရပုံနှင့် မိသားစုဝင်များ ကြုံတွေ့နေရသော အခက်အခဲများကို ရင်ဖွင့်ကြသည်။ သန့်ဇင်သည် ဟောပြောပွဲကို မျက်လုံးအပြူးသားဖြင့် နားထောင်ရင်း ရင်ခုံသံများ မြန်လာသည်။ လူအများတို့၏ ရင်နင့်ဖွယ်ရာ ဇာတ်လမ်းများကို နားဆင်ရသည်က မယုံနိုင်စရာပင်။ ရန်ကုန်မြို့ တစ်မြို့လုံးရှိ လူတန်းစားပေါင်းစုံ ဤနေရာသို့ လာရောက်ပြီး အစိုးရ၏ လုပ်ရပ်များကြောင့် အခြေအနေများ ပြောင်းလဲခဲ့ရပုံနှင့် ၄င်းတို့၏ ဆိုးကျိုးရလာဒ်များကို ပြောပြနေသကဲ့သို့ဖြစ်သည်။ ကျောင်းတွင် ကလေးငယ်များကို ဆရာမက ပုံပြင် ပြောပြနေပြီး ကလေးများက ငြိမ်သက်စွာ ထိုင်နားထောင်နေကြ သကဲ့သို့

ဖြစ်သည်။ သို့သော် ယခုတကြိမ်တွင် ထူးခြားသည်မှာ ထိုင်နားထောင်နေသော ပရိတ်သတ်ထဲတွင် ဆရာ ဆရာမများ ပါဝင်နေခြင်း ဖြစ်သည်။

သန့်ဇင်နှင့် မင်းဝေတို့သည် လူအုပ်ကြီးနှင့်အတူ ရှိနေရခြင်းအတွက် အလွန်အမင်း စိတ်လှုပ်ရှားနေခဲ့သည်။ အထူးသဖြင့် ၄င်းတို့က ဤနေရာသို့ မလာရောက်သင့်သောကြောင့်လဲ ဖြစ်သည်။ အဝေးတနေရာ၌ ကိုတင်မောင်ဦးကို တွေ့သောအခါတွင် ၄င်းတို့သည် လူအုပ်ကြီးထဲ၌ တတ်နိုင်သမျှ ကိုယ်ယောင်ဖျောက်နေကြရသည်။ ရှပ်အင်္ကျီအဖြူနှင့် တိုက်ပုံအင်္ကျီ အနက်ရောင်တို့ကို ဝတ်ဆင်ထားသော ကိုတင်မောင်ဦးက ကျောင်းသားအချို့နှင့် အတူ လမ်းလျှောက် သွားနေသည်ကို ၄င်းတို့က တွေ့မြင်လိုက်ခြင်း ဖြစ်သည်။ အခြားကျောင်းသူကျောင်းသားများနှင့် ဆွေးနွေးတိုင်ပင်နေသော ကိုတင်မောင်ဦး၏ မျက်နှာထားမှာ တည်ကြည်နက်နဲနေသည်။ ထို့နောက် ကိုတင်မောင်ဦးတို့ အုပ်စုသည် ဂူဗိမာန် တည်ရှိရာ နေရာရှိ လူအုပ်ကြီးကြားထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။ ဤကဲ့သို့ ကြီးမားလှသော လူအုပ်ထဲတွင် အစ်ကိုကြီး ဖြစ်သူကို တွေ့လိုက်ရသောကြောင့် သန့်ဇင်နှင့် မင်းဝေတို့ အားတက်သွားကြသည်။ သူ့ကို လှမ်းနှုတ်ဆက်ချင်သော်လည်း အောင့်အီးနေခဲ့ရသည်။ ခွင့်ပြုချက်မရဘဲ ဤနေရာသို့ လာရောက်ခဲ့ခြင်း ဖြစ်သည်နှင့် အညီ ပြဿနာကောင်းကောင်း တက်သွားနိုင်သောကြောင့်ပင်။ လူကြီးမပါဘဲနှင့် ဤမျှလောက်အထိ ဝေးလံသောနေရာသို့ သူတို့ချည်းဘဲ ထွက်လာကြသည့် အပေါ် ကိုတင်မောင်ဦးက စိတ်ဆိုးမှာ သေချာသည်။ ကိုတင်မောင်ဦး မမြင်နိုင်စေရန်အတွက် သန့်ဇင်နှင့် မင်းဝေတို့သည် ကလေးများ ဖြစ်လင့်ကစား လူအုပ်ကြီးထဲတွင် တတ်နိုင်သမျှ ငုံ့နေလိုက်သည်။ လူအုပ်ကြီးရှေ့သို့ တစ်ယောက်ပြီးတစ်ယောက် ထွက်ပြောသော အကြောင်းအရာများမှာ စိတ်ဝင်စားစရာ ကောင်းလွန်းလှသဖြင့် သူတို့အတွက် ဤနေရာက မခွာနိုင် ဖြစ်ခဲ့ရသည်။ သို့သော်လည်း ဟောပြောပွဲပြီးဆုံး၍ လူအုပ်ကြီးက လက်ခုတ်သြဘာများ ပေးကြသည့်အခါတွင် အိမ်ပြန်မှ ဖြစ်တော့မည်ကို သိလိုက်သည်။ ထို့နောက် ၄င်းတို့သည် ကျောင်းဝင်းထဲက သိုသိုသိပ်သိပ် ထွက်လာပြီး အိမ်သို့ အပြေးပြန် ခဲ့လေတော့သည်။

## ဂူဗိမာန် ဆောက်လုပ်ခြင်း

ကျောင်းသူကျောင်းသားများနှင့် ရဟန်းရှင်လူ ပြည်သူတို့က ဂူဗိမာန် ဆောက်လုပ်ရာ၌ ဝိုင်းဝန်းကူညီပေးကြသည်။ လူတိုင်းက တက်ကြွစွာ ပါဝင်ကြသည်။ လူတချို့က စီတန်းမတ်တတ်ရပ် လိုက်ကြပြီး ဂူဗိမာန် ဆောက်လုပ်ရန်အတွက် လိုအပ်မည့် အုတ်၊ ကွန်ကရစ် အစရှိသည့်ပစ္စည်းများကို တစ်ယောက်မှ တစ်ယောက်သို့ လက်ဆင့်ကမ်း ပေးကြသည်။ ဦးသန့်ကို မြေမြှုပ်သင်္ဂြိုလ်ရာတွင် တတပ်တအား ပါဝင်ခွင့် ရကြသည့်အပေါ် လူကြီးလူငယ် ကျားမ မရွေး အားလုံး ဂုဏ်ယူ ဝင့်ကြွားခဲ့ကြသည်။ အားအင်ချည့်နဲ့နေပြီ ဖြစ်သော အဖွားအိုများကပင် တန်းဝင်စီကာ "အဖွားကိုလဲ အုတ်တစ်လုံး လောက်တော့ ကမ်းခွင့်ပြုပါ။ ဒါမှလဲ ကိုယ့်နိုင်ငံမှာ အထွတ်အမြတ်ထား လေးစားကြည်ညိုရတဲ့ ဦးသန့်အတွက်ကို အဖွားက

တစုံတရာ လုပ်ပေးခဲ့ရတယ်ဆိုပြီး စိတ်ချမ်းသာမှာ။"ဟုဆိုကာ ပါဝင်ကူညီပေးခဲ့လေသည်။ နောက်တစ်နေ့အထိ ဟောပြောပွဲများကို ဆက်လုပ်ခဲ့သည်။ စစ်အစိုးအပေါ်၌ ထားရှိသော ခံစားချက်များ၊ မချင့်မရဲ ဖြစ်မှုများတို့ကို ပြောဆိုရင်ဖွင့်လိုသူတိုင်းက ထုတ်ဖေါ် ပြောဆိုခဲ့ကြသည်။ လူအများတို့၏ စိတ်အားထက်သန်မှုနှင့် လိုအင်ဆန္ဒများ ပြင်းပြလွန်းလှသဖြင့် ဂူဗိမာန် ဆောက်လုပ်ခြင်းမှာ ညတွင်းချင်း ပြီးဆုံးသွားခဲ့သည်။

နောက်တစ်နေ့ ဒီဇင်ဘာလ (၈)ရက်နေ့ ညနေပိုင်း(၇)နာရီတွင် မွန္တလေးအဆောင်၌ အထူးအစည်းအဝေး တစ်ခုကို ကျင်းပခဲ့သည်။ အစည်းအဝေး၌ လူ(၇)ဦး ပါဝင်သည်။ ဦးသန့်၏ မိသားစုဝင်အချို့အပြင် ကျောင်းသားနှင့် ဘုန်းကြီး အချို့တို့ ဖြစ်ကြသည်။ အစိုးရက ဦးသန့်၏ အလောင်းသေတ္တာကို ကန်တော်မင်း ပန်းခြံထဲ၌ မြှုပ်နှံရန် ခွင့်ပြုချက် ပေးပြီး ဖြစ်ကြောင်းကို ဦးသန့်၏ မိသားစုဝင်များက ပြောပြကြသည်။ တက္ကသိုလ်ကျောင်းမှ ကန်တော်မင်း ပန်းခြံသို့ ဈာပန ချီတက်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ (၉)ရက်နေ့ မွန်းတည့်ချိန်၌ စတင်ရန် စီစဉ်ထားကြောင်း ပြောသည်။ ထို့ပြင် အသုဘ စီတန်းလှည့်လည်ပွဲကို ကျောင်းသားများနှင့် ရဟန်းသံဃာတော်များက ဦးစီးကြီးကြပ်စေရန်အတွက် ၎င်းတို့က တောင်းဆိုသည်။ ဤကိစ္စရပ်နှင့် ပတ်သက်၍ ဈာပန ကော်မတီအတွင်းတွင် မဲခွဲဆုံးဖြတ်မည်ဟူ၍ ကျောင်းသားများနှင့် ရဟန်းသံဃာတော်များက ပြန်လည် ဖြေကြားခဲ့သည်။

၎င်းတို့ မဲခွဲဆုံးဖြတ်ရမည့် အရာမှာ နှစ်ခုဖြစ်သည်။ ပထမတစ်ခုမှာ ဒီဇင်ဘာလ (၉)ရက်နေ့တွင် ဦးသန့်အား နောက်ဆုံးအကြိမ် ဂါရဝပြုခြင်း လုပ်မလုပ်နှင့် ဒုတိယတစ်ခုမှာ အခေါင်းသေတ္တာကို ကန်တော်မင်း ပန်းခြံထဲ၌ မြှုပ်နှံ သင့်မသင့် ဆိုသည်များဖြစ်သည်။ ကန်တော်မင်း ပန်းခြံထဲ၌ မမြှုပ်ပါက အခေါင်းသေတ္တာကို တက္ကသိုလ်ဝင်းအတွင်းရှိ ဂူဗိမာန်ထဲ၌သာ ထားရှိမည်ဖြစ်သည်။ ထို့ပြင် ဤနေရာကို သမိုင်းဝင် နေရာတစ်ခုအဖြစ် ဆောက်လုပ်ထားရှိရန်အတွက် လိုသည်များကို စတင်ပြုလုပ်နေခဲ့ပြီး ဖြစ်သည်။

အစည်းအဝေး၌ မဲပေးကြရာတွင် ဦးသန့်၏ မိသားစုဝင်များ၊ ဘုန်းကြီး အချို့နှင့် အသုဘ ကော်မတီမှ ကျောင်းသား အချို့တို့ ပါဝင်ခဲ့ကြသည်။ ဤတွင် ဦးသန့်အခေါင်းကို ကန်တော်မင်း ပန်းခြံ၌ မြှုပ်ရန်အတွက် အများစုက မဲပေးခဲ့ကြသည်။ ဤရလာဒ်ကြောင့် ကျောင်းသားနှင့် ဘုန်းကြီးများတို့ အကြားတွင် အချင်းချင်း သဘောထားကွဲလွဲမှုများ ဖြစ်ခဲ့သည်။

ဒီဇင်ဘာလ (၉)ရက်နေ့ မွန်းတည့်ချိန် ရောက်သောအခါတွင် အသုဘ ကော်မတီ၏ ဆုံးဖြတ်ချက်ကို လူအများတို့အား အသိပေးထားပြီး ဖြစ်သည်။ ကျန်ရစ်သော မိသားစုဝင်များနှင့် အတူ ဦးသန့်၏ အခေါင်းသေတ္တာကို ဘွဲ့နှင်းသဘင်ခန်းမက တဆင့် ဂူဗိမာန် တည်ဆောက်ထားရာနေရာ ဖြစ်သော ယခင်က ကျောင်းသားသမဂ္ဂ အဆောက်အအုံ ရှိရာဆီသို့ အဓိပတိ လမ်းအတိုင်း သယ်ဆောင်လာခဲ့ကြသည်။ အဓိပတိ လမ်းမတလျှောက်တွင် လူများဖြင့် ပြည့်ကျပ်နေပြီး ဦးသန့်၏ နောက်ဆုံးပုံရိပ် တွေ့မြင်လိုသူများက တိုးဝှေ့နေခဲ့ကြသောကြောင့် အခေါင်းသေတ္တာကို သယ်ယူသူများအတွက် အတော်ပင် အခက်တွေ့ခဲ့ရသည်။ ဦးသန့် အလောင်းကို ဂူဗိမာန်ရှိရာဆီသို့ သယ်ဆောင်သွားခြင်းမှာ ထောင်ပေါင်းများစွာသော

ကျောင်းသူကျောင်းသားနှင့် ရဟန်းရှင်လူတို့က ဦးသန့်အား နောက်ဆုံးအကြိမ် ဂါရဝပြုခွင့် ရရှိနိုင်စေရေးအတွက် ဖြစ်သည်။ ထိုအချိန်တွင် ဦးသန့်ကို နောက်ဆုံး ဂါရဝပြုရန် လာရောက်ကြသူများ တက္ကသိုလ်ဝင်းအတွင်း၌ ပြည့်နှက်နေခဲ့သည်။ ၎င်းတို့အထဲတွင် ဟောပြောပွဲများ၌ ပုံမှန် လာရောက်စုဝေးနေခဲ့ကြသော လူပေါင်း (၁)သိန်းကျော် အပါအဝင် ဦးသန့်ကို နောက်ဆုံး ဂါရဝပြုရန်အတွက်သာ လာရောက်ကြသူများလည်း ပါဝင်သည်။ တက္ကသိုလ်ဝင်း တစ်ခုလုံးတွင် ပြည့်ကျပ်နေသော များပြားလွန်းလှသည့် ရဟန်းရှင်လူ ပြည်သူများသည် ဦးသန့်ကို နောက်ဆုံးအကြိမ်အဖြစ် ဂါရဝ ပြုခဲ့ကြပေသည်။

ဦးသန့်၏ အခေါင်းသေတ္တာကို ထားရှိရာ ယခင် ကျောင်းသားသမဂ္ဂဟောင်း အဆောက်အအုံ၏ မျက်နှာချင်းဆိုင်တွင် မွန္တလေး အဆောင် တည်ရှိပြီး ထိုအဆောက်အအုံနှစ်ခုကို အဓိပတိလမ်းက ခြားထားသည်။ အရေးအခင်းကာလများတွင် ကျောင်းသူကျောင်းသားများသည် မွန္တလေးအဆောင်ကို သတင်းထုတ်ပြန်သော ရုံးဌာနတစ်ခုအဖြစ် လည်းကောင်း၊ အသုဘ ကော်မတီ၏ သတင်းဌာနတစ်ခုအဖြစ် လည်းကောင်း အသုံးပြုခဲ့ကြသည်။ ထို့နောက် ဦးသန့်၏ညီ ဦးခန့်က မွန္တလေးအဆောင် အပေါ်ထပ်ကနေ၍ မိုက်ခရိုဖုန်းဖြင့် "အခေါင်းသေတ္တာကို ကန်တော်မင်း ပန်းခြံ ယူသွားပြီး နောက်ဆုံး မြေမြှုပ်သင်္ဂြိုလ်ဖို့ အချိန်တန်လာပြီ ဖြစ်ပါကြောင်းပါ ခင်ဗျား"ဟု ပြောလေသည်။ ဤသည်ကို ကြားသောအခါ ကျောင်းသားများနှင့် ရဟန်းသံဃာများ အပါအဝင် လူအများစုတို့က ဦးသန့်၏ အခေါင်းသေတ္တာကို ကန်တော်မင်း ပန်းခြံသို့ ယူဆောင်သွားခွင့် မပြုနိုင်ကြောင်း အော်ဟစ်ကန့်ကွက်ကြသည်။ အခေါင်းသေတ္တာကို ကန်တော်မင်း ပန်းခြံသို့ သယ်ယူခွင့် ပြုရန်အတွက် ဦးခန့်ကလည်း လူအုပ်ကြီးကို မိုက်ခရိုဖုန်းက တဆင့် အသနားခံ တောင်းဆိုသည်။ သို့သော် လူအုပ်ကြီးက ၎င်းတို့သည် အခေါင်းသေတ္တာကို ကျောင်းဝင်းအတွင်း၌သာ ထားရှိလိုပြီး ဂူဗိမာန်ထဲတွင် မြှုပ်နှံလိုကြောင်းကိုသာ တွင်တွင်ဆိုနေခဲ့ကြသည်။

ဦးသန့်၏ အခေါင်းသေတ္တာကို စောင့်ကြပ်ပေးရသူများထဲတွင် သွားဘက်ဆိုင်ရာ တက္ကသိုလ် ကျောင်းသား ကိုအောင်စောဦး လည်း တစ်ယောက်အပါအဝင် ဖြစ်သည်။ သူက အခြားကျောင်းသားများကဲ့သို့ပင် မိန့်ခွန်းများကို ပြောကြားခဲ့သည်။ ကျောင်းသားများသည် အခေါင်းကို အကာအကွယ်ပေးရန်အတွက် လက်ချင်း ချိတ်ဆက်ကာ စက်ဝိုင်းသဏ္ဌာန် အလွှာ(၃)လွှာဖြင့် ဝိုင်းရံ ထားပေးခဲ့ကြသည်။ ကိုအောင်စောဦးက အပြင်ဘက်ဆုံး အလွှာတွင် နေရာယူပြီး အခေါင်းကို ဦးဆောင် ကာကွယ်စောင့်ရှောက် နေချိန်တွင် ကိုတင်မောင်ဦးက အနီးအနားရှိ လူအုပ်များအကြားက ရပ်ကြည့်နေသည်။ ဤတွင် ရုတ်တရက် ကိုတင်မောင်ဦးက လူအုပ်ကြီးကို ဖြတ်ပြီး မွန္တလေးအဆောင် ရှိရာဘက်သို့ သွားလိုက်သည်။ မွန္တလေးအဆောင်ကို သံတတိုင်းဖြင့် ကာရံထားပြီး ၎င်း၏ ပတ်ပတ်လည်၌ ဝင်ပေါက်များ ရှိသည်။ လုံခြုံရေးအတွက် ဝင်ပေါက်များကို ပိတ်ထားသဖြင့် ကိုတင်မောင်ဦးက တံတိုင်းကိုကျော်ပြီး အဆောက်အအုံထဲသို့ ဝင်ရောက်သွားသည်။

ဗျာပန ကော်မတီ၏ အဖွဲ့ဝင်ဖြစ်သူ စိတ်ပညာ မေဂျာက ကိုမောင်မောင်တိတ်သည် ကော်မတီ၏ အခြားအဖွဲ့ဝင်များဖြစ်သော စောလှငွေ၊ ကိုသောင်းအေး၊ ကိုတင်စိုး၊ ကိုမြင့်ဟန် တို့နှင့် တိုင်ပင် ဆွေးနွေးသည်။ တက္ကသိုလ် ဝင်းအတွင်း၌ ဦးသန့်အလောင်းကို မြှုပ်နှံရန်အတွက် အားလုံးက သဘောတူကြသည်။ ကိုမောင်မောင်တိတ်က မိုက်ခရိုဖုန်းကို ကိုင်ကာ

လူအုပ်ကြီး၏ သဘောထားကို ထောက်ခံသံများမှတဆင့် မဲဆန္ဒကောက်ယူသည်။ အခေါင်းကို ကန်တော်မင်း ပန်းခြံထဲ၌ မြှုပ်နှံလိုသလားဟု မေးရာတွင် လူအုပ်ကြီးအတွင်းက အသံ အနည်းငယ်သာ ထွက်လာသည်။ သို့သော်လည်း အခေါင်းကို တက္ကသိုလ်ကျောင်းဝင်းထဲ၌ မြှုပ်နှံလိုသလားဟု မေးလိုက်သောအခါ ကျောင်းသူကျောင်းသားနှင့် လူထု အများစုတို့က တခဲနက် ထောက်ခံအော်ဟစ်ကြသည်။ ဤသို့ဖြင့် ကျောင်းသားနှင့် လူထု၏ ထောက်ခံမှုကိုရယူကာ ဦးသန့် အလောင်းအား တက္ကသိုလ်ဝင်းအတွင်း၌ မြှုပ်နှံရန်အတွက် အသုဘ ကော်မတီအတွင်းတွင် တရားဝင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။ ထို့နောက် "ကျောင်းသားနဲ့ လူထု ကိုယ်တိုင်က တည်ဆောက်ထားခဲ့တဲ့ ဂူဗိမာန်မှာ ဦးသန့်ကို မြှုပ်နှံဖို့အတွက် ကျနော်တို့ ဆုံးဖြတ်လိုက်ပါတယ်"ဟု အသံချဲ့စက်က ကြေညာလိုက်လေသည်။

ဤကဲ့သို့ ကြေညာလိုက်ရာတွင် အပြင်ဘက်ရှိ လူအုပ်ကြီးမှာ ပျော်ရွှင်မြူးထူးစွာဖြင့် သြဘာများ ပေးကြသည်။ ထို့နောက် ချက်ချင်းပင် ကျောင်းသူကျောင်းသားများ၊ ရဟန်းသံဃာများနှင့် ပြည်သူများသည် ၎င်းတို့ဆောက်လုပ်ထားခဲ့သော ဂူဗိမာန်တွင် ဦးသန့်အခေါင်းကို မြှုပ်နှံလိုက်ကြသည်။ အခေါင်းသေတ္တာကို မြေမြှုပ်ပြီးသည်နှင့် တပြိုင်နက် ကျောင်းသား တစ်ယောက်က "အရေးတော်ပုံ"ဟု ထအော်ရာ လူအုပ်ကြီးက "အောင်ပြီ"ဟု သံပြိုင်ဟစ်ကြွေးလေသည်။ ဤကဲ့သို့ သုံးကြိမ်သုံးခါ ဟစ်ကြွေးပြီးသည့်နောက်တွင် လူအုပ်ကြီးက နိုင်ငံတော်သီချင်းကို အားလုံးအတူတကွ သီဆိုကြသည်။ ဗုဒ္ဓဘာသာ၊ ကျောင်းသား လှုပ်ရှားမှုနှင့် ကမ္ဘာ့ကုလသမဂ္ဂ တို့ကို ကိုယ်စားပြုသော အလံ(၃)ခုသည် ဂူဗိမာန်၏ ထိပ်တွင် ရဲရင့်မှု အပြည့်ဖြင့် လေထဲ၌ တလူလူလွင့်ပျံနေခဲ့သည်။

**စစ်အစိုးရက နှိမ်နင်းခြင်း**

၁၉၇၄ခုနှစ် ဒီဇင်ဘာလ (၁၁)ရက်နေ့ နံနက် (၂)နာရီအချိန်တွင် မြန်မာစစ်တပ်က ကျောင်းဝင်းကို ဝင်ရောက်စီးနင်း ရာတွင် ကျောင်းသားနှင့် ရဟန်းသံဃာ အများအပြား သေဆုံးခဲ့ရသည်။ ဆန္ဒပြသူပေါင်း (၃၀၀၀)ကျော်ကို ဖမ်းဆီးပြီး အင်းစိန် ထောင်ထဲ ထည့်ခဲ့သည်။ ဗိုလ်ချုပ်နေဝင်းက တင့်ကားများကို စေလွှတ်ပြီး တက္ကသိုလ်ကျောင်းဝင်း တစ်ခုလုံးကို ဝိုင်းရံထားစေ ခဲ့သည်။ ဂူဗိမာန်ကို ဖြိုချရန်အတွက် မြေထိုးစက်များ စေလွှတ်ခဲ့သည်။ ဤသည်ကို ဆန့်ကျင်သည့်အနေနှင့် ဘုန်းကြီးအချို့က လက်ချင်းချိတ်ဆက်ကာ ဂူဗိမာန်ကို ဝိုင်းရံထားခဲ့ကြသော်လည်း မြေထိုးစက်များက ၎င်းတို့ကို သတ်ဖြတ်ကာ ဦးသန့် အခေါင်း သေတ္တာကို တူးဖေါ်ခဲ့ကြသည်။ ဤသို့ဖြင့် ဦးသန့်အခေါင်းကို သိမ်းပြီး နံနက်မိုးသောက်ချိန်တွင် ကန်တော်မင်း ပန်းခြံထဲ၌ သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်၏ နဘေးတွင် ဦးသန့်ကို မြှုပ်နှံခဲ့သည်။

အချင်းဖြစ်ပွားပြီး နောက်တစ်နေ့၊ ဒီဇင်ဘာလ (၁၂)ရက်နေ့ မွန်းတည့်ချိန်ခန့်တွင် ရန်ကုန်မြို့ ဆူးလေဘုရား အနားတဝိုက်၌ ကျောင်းသူကျောင်းသားနှင့် ပြည်သူတို့ နောက်ထပ်တကြိမ် ပြန်လည်စုဝေးလာပြီး ဆန္ဒပြခဲ့ကြသည်။

စစ်သားများကလည်း ၄င်းတို့ကို ပစ်ခတ် နှိမ်နင်းခဲ့သည်။ သတ်ဖြတ်ခဲ့သည်။ နောက်ဆုံးတွင် စစ်အစိုးရက ဦးသန့် အရေးအခင်းနှင့်ပတ်သတ်သော တရားဝင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ကြေညာချက်ထဲတွင် အရေးအခင်း၌ လူ(၃၀)သာ သေဆုံးခဲ့ရသည်ဟု ဖေါ်ပြခဲ့သည်။ လက်တွေ့တွင်မူ အစိုးရက ဆိုခဲ့သော သေဆုံးသူ ဦးရေထက် လွန်မင်းစွာ များပြားခဲ့ပေသည်။ ဤသို့ဖြင့် ဦးသန့်အရေးအခင်းနှင့် ပတ်သက်၍ နောက်ဆုံးတွင် ကျောင်းသားကျောင်းသူနှင့် ရဟန်းရှင်လူပေါင်း (၇၀၀၀) ကျော်တို့လည်း ဖမ်းဆီးခြင်း ခံခဲ့ရသည်။

ထို့နောက်တွင် ကိုတင်မောင်ဦးနှင့် အခြားကျောင်းသားများက ၄င်းတို့ မည်ကဲ့သို့ ဆက်လုပ်သင့်ကြောင်းကို တိုင်ပင်ဆွေးနွေးကြသည်။ စစ်တပ်များက တက္ကသိုလ်ကို မကြာခင် ဝင်ရောက်စီးနင်းတော့မည် ဆိုသည်ကို သိနေခဲ့သောကြောင့်ပင်။ ကိုတင်မောင်ဦး၏ သူငယ်ချင်း ကိုထွန်းအောင်ကျော်က ကျောင်းသားများအားလုံး တက္ကသိုလ် အတွင်း၌သာနေပြီး အဖမ်းခံလျှင် ခံရစေ၊ ဖြစ်ပေါ်လာသော အကျိုးဆက်များကို အတူတကွ ခံစားကြမည်ဟု အကြံပြုသည်။ ဤတွင် ကိုတင်မောင်ဦးက သူ့အား အလွန်တန်ဖိုးရှိသော စကားတစ်ခုကို ပြောသည်။ ၄င်းမှာ “သူငယ်ချင်း။ စစ်တိုက်ပြီး ထွက်ပြေးတဲ့သူဟာ နောက်တစ်နေ့ကျရင် ထပ်တိုက်နိုင်တယ်။ ငါက ထောင်ကျခဲ့ဘူးပြီ။ ထောင်ထဲမှာ ဘဝက သေနေတာကွ။ ထောင်ထဲကနေ မင်း ဘာမှ လုပ်လို့မရဘူး။ ထောင်အရာရှိတွေရဲ့ ရုပ်သေးတစ်ရုပ်လို သူတို့ ကြိုးဆွဲတဲ့အတိုင်း ကနေရတာ။ ထောင်ထဲမှာ ကိုယ့်စိတ်နဲ့ကိုယ် ဘာမှ လုပ်လို့မရဘူး။ အဲဒီမှာ မင်းရဲ့ဘဝက သေနေမယ်ဆိုရင် အစိုးရကိုလဲ ဆက်တိုက်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် မင်း သူတို့ကို ဆက်တိုက်ချင်တယ် ဆိုရင်၊ အခွင့်အလမ်းတွေ ရှာချင်တယ်ဆိုရင် ငါတို့ အဖမ်းခံလို့မဖြစ်ဘူး။ ဒီလိုမျိုး ထွက်သွားလို့ တခြားကျောင်းသားတွေက ငါတို့ကို သရဲဘောကြောင်တယ်လို့ ထင်တယ်ဆိုရင်လဲ ကိစ္စမရှိဘူး။ ဒါပေမယ့် တကယ်လို့သာ သူတို့ အဖမ်းခံသွားခဲ့ရမယ် ဆိုရင်တောင်မှဘဲ သူတို့ရဲ့ လွတ်မြောက်ရေးအတွက် ငါတို့က အပြင်ဘက်ကနေ လုပ်ပေးလို့ရတယ်။”ဟူ၍ ဖြစ်သည်။ ဤသို့ဖြင့် ကိုတင်မောင်ဦးနှင့် ကိုထွန်းအောင်ကျော်တို့က တက္ကသိုလ်ဝင်းအတွင်းက ချက်ချင်း ထွက်လာခဲ့ကြသည်။ ၄င်းတို့ နှစ်ဦးနှင့်အတူ သူငယ်ချင်းအချို့သည် ကိုတင်မောင်ဦးအိမ်သို့ ချက်ချင်း ပြန်သွားခဲ့ကြသည်။ အိမ်ရောက်သောအခါ ရေချိုး အဝတ်အစားလဲပြီး အပြင်ပြန်ထွက်လာခဲ့သည်။

ကျူးဘားနိုင်ငံ ပဋိပက္ခနှင့် အခြား ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေး ဖန်တီးရှင် အဖြစ် ဂုဏ်သတင်း ကျော်ဇောသူ ဦးသန့်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက အသိအမှတ် ပြုထားသည်နှင့်အညီ ကျောင်းသားကျောင်းသူများနှင့် ပြည်သူလူထုက ဦးသန့်အတွက် ဆန္ဒပြလှုပ်ရှားကြသော သတင်းများမှာ နိုင်ငံရပ်ခြားတိုင်းပြည်များအထိ ပျံ့နှံ့သွားခဲ့သည်။ ၄င်းသည် သမိုင်းမှတ်တိုင် တစ်ခု ဖြစ်ရုံသာမကဘဲ ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော စစ်အစိုးရကိုလည်း အကြီးအကျယ် တုန်လှုပ်သွားစေခဲ့သည်။ ကျောင်းသားနှင့် လူထု အများစုက ဦးသန့်၏ အလောင်းကို အစိုးရ ခွင့်ပြုသော ကန်တော်မင်း ပန်းခြံတွင် မမြှုပ်ဘဲ တက္ကသိုလ်ကျောင်းဝင်းထဲ၌သာ အဘယ်ကြောင့် ထားရှိချင်ခဲ့ကြပါသနည်း။ ဦးသန့်မိသားစုဝင်များ ပါဝင်သော အသုဘ ကော်မတီ၏ ဆုံးဖြတ်ချက်ကိုပင် အဘယ်ကြောင့် ၄င်းတို့က ဆန့်ကျင်ခဲ့ရသနည်း။

ပထမဆုံးအနေနှင့် ပြောရမည်ဆိုလျှင် ဦးသန့်သည် သူ၏ မိသားစုဝင်များအတွက်သာ မဟုတ်ဘဲ ပြည်သူလူထု အတွက်ပါ နိုင်ငံတော် ပြရုပ် ဖြစ်သည်ဟူ၍ ၎င်းတို့က ယုံကြည်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ဦးသန့်သည် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ရာထူးကို ရရှိပြီးနောက်ပိုင်းမှာသာလျှင် မြန်မာနိုင်ငံနှင့် ပြည်သူလူထုကို ကိုယ်စားပြုကာ မိမိ၏ ထင်မြင် သုံးသပ်ချက်များကို အပြည့်အဝ ဖေါ်ထုတ်ပြောဆိုနိုင်ခွင့် ရှိလာခဲ့သည်။ ဒုတိယတစ်ချက်မှာ ဦးသန့်၏ ထူးခြားသော ပြုမူဆောင်ရွက်ချက်များသည် လူ့အဖွဲ့အစည်းတွင် ရှိသင့်ရှိထိုက်သော တန်ဖိုးများဖြစ်သည်နှင့်အညီ ၎င်းနှင့် စပ်လျဉ်း၍ တက္ကသိုလ် ကျောင်းသူကျောင်းသားများက အနီးကပ် သင်ယူလေ့လာ ဂုဏ်ပြုခွင့် ရရှိမည်ဆိုလျှင် လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းနိုင်သောကြောင့် ဖြစ်သည်။

ဦးသန့်ထံ၌ ပင်ကိုယ်အရည်အသွေး (၃)ခုရှိသည်။ ၎င်းတို့မှာ ပညာရှိမှု၏ သင်္ကေတ ဖြစ်ခြင်း၊ ရိုးသားဖြောင့်မှန်ပြီး သိက္ခာရှိသော အရပ်သား နိုင်ငံရေးသမားတစ်ယောက် ဖြစ်ခြင်းနှင့် ငြိမ်းချမ်းမှုကို ရှာဖွေကို တစ်ယောက်ဖြစ်ခြင်း တို့ဖြစ်ကြ သည်။ ဤအရည်အသွေးများသည် လူ့အဖွဲ့အစည်း၏ တန်ဖိုးများတွင် ပါရှိသော အစိတ်အပိုင်းများပင် ဖြစ်သည်။ အာဏာရှင် အုပ်ချုပ်မှုစနစ်ကို ကျင့်သုံးနေသော နိုင်ငံများ အားလုံးနီးပါးကိုကြည့်မည်ဆိုလျှင် ပညာရှိမှုကို မဟုတ်ဘဲ အင်အားကိုသာ အဓိကထား အသုံးပြု၍ တိုင်းပြည် အုပ်ချုပ်နေသည်ကို တွေ့မြင်နိုင်ပေသည်။ ရိုးသားဖြောင့်မှန်ပြီး သိက္ခာရှိသော အရပ်သား နိုင်ငံရေးသမားများ၏ အခန်းကဏ္ဍကို ချိုးနှိမ်ထားကာ ရိုးသားမှု ကင်းမဲ့ပြီး သိက္ခာ မရှိသော အတုအယောင် နိုင်ငံရေးသမား များဖြင့် အစားထိုးထားသည်။ ဤကဲ့သို့သော အုပ်ချုပ်မှုစနစ်အောက်တွင် စစ်ဖြစ်ပွားခြင်းကို ရှောင်ရှား၍ ရနိုင်မည် မဟုတ်သည့်အပြင် စစ်မှန်သော ငြိမ်းချမ်းမှု ရှာဖွေရေး လုပ်ငန်းစဉ်ကိုလည်း မည်သို့မျှ အကောင်အထည်ဖေါ်နိုင်မည် မဟုတ်ချေ။ ပညာတတ် တက္ကသိုလ် ကျောင်းသူကျောင်းသားများက ထိုသို့သော အသိပညာ၊ သိက္ခာရှိမှုနှင့် ငြိမ်းချမ်းမှု စသည့် လူမှုတန်ဖိုးများကို လေ့လာသင်ယူနိုင်သော အခွင့်အလမ်းများ ရှိခဲ့မည်ဆိုလျှင် ၎င်းတို့သည် အင်အားကို ရှာဖွေမည့်အစား အသိပညာများကိုသာ ရှာဖွေထောက်ပံ့သူများ၊ အလွန်အမင်း တန်ဖိုးထားသူများ ဖြစ်လာကြပေမည်။ ဦးသန့်ကို လမ်းပြကြယ် တစ်လုံးအနေနှင့် သဘောထားပြီး ၎င်းတို့က ဦးသန့်၏ ခြေရာကို လိုက်နင်းကာ ရိုးသားဖြောင့်မှန်သော၊ သိက္ခာရှိသော အရပ်သား နိုင်ငံရေးသမားများ ဖြစ်လာနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည် ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအတွက် သာမက ကမ္ဘာအရပ်ရပ်ရှိ အခြားနိုင်ငံများအတွက်ပါ စစ်မှန်သော ငြိမ်းချမ်းရေး ဖြစ်ထွန်းနိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက် လုပ်ကိုင်ပေးမည့်သူများ ဖြစ်လာပေမည်။ ဤကဲ့သို့သော တန်ဖိုးများကို လူအများက ပိုမို ရှာဖွေလေလေ အာဏာရှင် အုပ်ချုပ်မှု စနစ် ချုပ်ငြိမ်းရန်မှာလည်း ပိုမိုနီးကပ်လာလေလေဖြစ်သည်။ ဤသည်က အမှန်တရားတစ်ခုပင်။

## လူထု ဆန္ဒပြပွဲများသည် စကားလုံးများထက် ပို၍ ထိရောက်မှုရှိသည်

ကိုတင်မောင်ဦး ကိုယ်၌က အမှန်တရားကို ရှာဖွေခဲ့သူတစ်ယောက်ဖြစ်သည်။ တရားမမျှတမှု ကိစ္စရပ်များကို ဖော်ထုတ်သိမြင်စေပြီး အမှန်တရားကို ရှာဖွေရန် နည်းလမ်းများ ပြသပေးခဲ့သည်။ ကျောင်းသူကျောင်းသားများနှင့် ပြည်သူလူထု တို့ အမှန်တရားကို လက်တွေ့ခံစား တွေ့ကြုံလာနိုင်စေရေးအတွက် ကိုတင်မောင်ဦးက ဦးစီးဦးရွက် ပြုခဲ့ပြီး အမှန်တရား နောက်ကွယ်တွင် တည်ရှိနေသော လူ့အဖွဲ့အစည်း တန်ဖိုးများကို ဆက်လက် ရှာဖွေခဲ့သည်။ လူထု၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကိုတင်မောင်ဦးက တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဦးသန့်၏ ရုပ်အလောင်းကို ကျောင်းဝင်းထဲ၌ မြှုပ်ရန် ဆုံးဖြတ်ချက်အား ကိုတင်မောင်ဦးက ချမှတ်ခဲ့သည် မဟုတ်ဘဲ ကျောင်းသူကျောင်းသားနှင့် ပြည်သူ အများစုတို့က ချမှတ်ခဲ့ကြခြင်းဖြစ်သည်။ လူထုဆန္ဒပြပွဲများ ပြုလုပ်ကာ အာဏာရှင် အုပ်ချုပ်မှုကို ဆန့်ကျင်လှုပ်ရှားသည့် ရှုထောင့်က ကြည့်မည်ဆိုလျှင် ဦးသန့် အရေးအခင်းမှာ လွန်မင်းစွာ အရေးပါခဲ့ပေသည်။

သာမန် လူထုဆန္ဒပြပွဲများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဦးသန့်အရေးအခင်း၌ ပြုလုပ်ခဲ့သော အဆိုပါ ဆန္ဒပြပွဲများက ပို၍ အဓိပ္ပါယ်ရှိသည်။ ဟိုအခွင့်အရေး၊ သည်အခွင့်အရေးများကို တောင်းဆိုနေသော ကမ္ဘာ့အရပ်အရပ် တိုင်းပြည်များရှိ ဆန္ဒပြပွဲများသည် မည်၍မည်မျှပင် ကြီးမားနေစေကာမူ ၎င်းတို့သည် အရေးပါအရာရောက်သော ဆန္ဒပြပွဲများဖြစ်သည် ဟူ၍ တထစ်ချ ယုံကြည်သတ်မှတ်၍ မရနိုင်ချေ။ ဥပမာအားဖြင့် အာရပ်နိုင်ငံများတွင် လက်တလော ဖြစ်ပျက်နေသည့် ဆန္ဒပြပွဲ များကို ကြည့်မည်ဆိုလျှင် လူထု၏ စစ်မှန်သော ဆန္ဒပြပွဲများနှင့် ယှဉ်ပြိုင်ကာ အာဏာရှင်များသည် ၎င်းတို့၏ အုပ်ချုပ်မှု စနစ်ကို ထောက်ခံစေသော အတုအယောင် ဆန္ဒပြပွဲများ တမင်တကာ လုပ်ကြံဖန်တီးနေပေသည်။ ဦးသန့် အရေးအခင်းသည် မြန်မာနိုင်ငံအတွက် သာမက အာဏာရှင်စနစ် ကျင့်သုံးနေသော အခြားနိုင်ငံများအတွက်ပါ လွန်မင်းစွာ အရေးပါပုံကို သိရှိ နားလည်လာနိုင်စေရန်အတွက် ဦးသန့်အရေးခင်းတွင် ဖြစ်ပွားခဲ့သော လူထုဆန္ဒပြပွဲများနှင့် အခြားဆန္ဒပြပွဲများကို နှိုင်းယှဉ် သုံးသပ်သင့်ပေသည်။

နိုင်ငံတစ်နိုင်ငံတွင် ထောင်သောင်းမက ပြည်သူပြည်သားများ စုဝေး ဆန္ဒပြခွင့် ရှိနေစေကာမူ ထိုဆန္ဒပြပွဲများသည် ပြည်သူလူထု၏ အခွင့်အရေးများကို မြှင့်တင်ပေးခြင်း မရှိပါက ၎င်းတို့ အကျိုးဖြစ်ထွန်းနိုင်မည် မဟုတ်။ တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များကို ဖော်ထုတ်မှု မရှိသော၊ တရားမျှတမှုကို ရှာဖွေဖော်ထုတ်မှု မရှိသော၊ လူ့အဖွဲ့အစည်း၏ တန်ဖိုးများကို စူးစမ်း ရှာဖွေခြင်း မရှိသော လုပ်ရပ်များသည် အဓိပ္ပါယ် ရှိမည် မဟုတ်ချေ။ ဦးသန့် အရေးအခင်းရှိ ကျောင်းသားနှင့် လူထု ဆန္ဒပြပွဲ များသည် အဆိုပါ ဝိသေသလက္ခဏာ (၃)ရပ်စလုံးနှင့် ကိုက်ညီခဲ့သည်။ ထို့ကြောင့် ဦးသန့် အရေးအခင်းသည် လွန်မင်းစွာ အရေးပါအရာရောက်ခဲ့သည်။ ကိုတင်မောင်ဦးနှင့် အခြားကျောင်းသားခေါင်းဆောင်များက ထိုဆန္ဒပြပွဲများကို ဦးဆောင်ခဲ့ ကြသည်။ 'လူတစ်ယောက်ကို သူပြောခဲ့တဲ့ စကားတွေအပေါ် မူတည်ပြီးတော့ သုံးသပ်၍ မရနိုင်။ သူ လုပ်ခဲ့တဲ့ လုပ်ရပ်တွေ အပေါ် မူတည်ပြီးတော့မှသာ သုံးသပ်နိုင်တယ်။' ဟူသော စကားပုံတစ်ခု ရှိပေသည်။ ကိုတင်မောင်ဦးနှင့် ပတ်သက်၍

သုံးသပ်မည်ဆိုလျှင် အဆိုပါ စကားပုံက မှန်ကန်နေပေသည်။ ကိုတင်မောင်ဦး ပြောခဲ့သော စကားလုံး အတိအကျကို ရှာဖွေတွေ့ရှိရန် အလွန်ခဲယဉ်းသည်။ သို့သော် သူ၏ လုပ်ရပ်များမှာကား ထူးထူးခြားခြား မှတ်သားဖွယ်များ ဖြစ်ခဲ့သည်။ လူ့အဖွဲ့အစည်း၏ တန်ဖိုးများကို ရှာဖွေဖေါ်ထုတ်လာနိုင်သည်အထိ သူက လူအများကို ဦးဆောင်လမ်းပြခဲ့သည်။ စစ်အစိုးရသည် တက္ကသိုလ် ကျောင်းဝင်းထဲက ဦးသန့်၏ အခေါင်းသေတ္တာကို စစ်တပ်အင်အားသုံးကာ အတင်းအဓမ္မ ပြောင်းရွှေ့နိုင်ခဲ့သည် ဆိုသော်လည်း လူ့အဖွဲ့အစည်း တန်ဖိုးများကို ရှာဖွေရန် ကြိုးစားအားထုတ်ခဲ့ကြသူများ၏ သမိုင်း ဖျောက်ဖျက်ပစ်၍ မရနိုင်ခဲ့ချေ။ ထိုကဲ့သို့သော တန်ဖိုးများကို လူအများတို့က ပြန်လည်ရှာဖွေ ဖေါ်ထုတ်ပြီး မြန်မာနိုင်ငံရှိ ကျောင်းသူကျောင်းသား လူငယ်များတို့က စ၍ အဆိုပါတန်ဖိုးများကို ထပ်ကာထပ်ကာ မီးမောင်းထိုး ပြနေမည်ဆိုလျှင် ကိုတင်မောင်ဦး ဆက်လက်၍ ရှန်သန်နေသေးသည်ဟု ဆိုနိုင်ပေတော့သည်။

## ၁၂

# ပါလီမန် ဒီမိုကရေစီ ပါတီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အရေးအခင်းအပြီး တိမ်းရှောင်သွားကြသူများအားလုံးကို စစ်ထောက်လှမ်းရေးများက အမြဲတစေ ရှာဖွေ နေခဲ့ကြသည်။ ခေါင်းဆောင်လုပ်ခဲ့သူများကို အဓိက ပစ်မှတ်ထားခဲ့သည်။ အရေးအခင်းတွင် အခရာကျသော အခန်းကဏ္ဍ၌ ဆလိုင်းတင်မောင်ဦး ပါဝင် ဆောင်ရွက်ခဲ့သည်ကို စစ်ထောက်လှမ်းရေးအဖွဲ့က သိရှိထားခဲ့သည်။ သို့သော်လည်း သူ၏ ပုံပန်းသဏ္ဍာန် မည်သို့မည်ပုံ ရှိသည်ကို ၄င်းတို့သိထားခြင်း လုံးဝ မရှိ။ သူ၏ ဓါတ်ပုံ (သို့မဟုတ်) အခြား အကိုးအကားများ မရှိခဲ့။ ထို့ကြောင့် ၄င်းတို့သည် သူ့ ဓါတ်ပုံကို တောင်းကြည့်ရန် ကိုတင်မောင်ဦး မိသားစုနေအိမ်သို့ သွားရောက်ခဲ့ကြသည်။

အိမ်သို့ရောက်ရာတွင် ထောက်လှမ်းရေးများက  မိသားစုဝင်များအား ယဉ်ကျေးဖေါ်ရွေစွာ ပြုမူ ပြောဆို ဆက်ဆံပြီး ၄င်းတို့ လာခြင်းမှာ ဘာမှ အကြောင်းကိစ္စ ကြီးကြီးကျယ်ကျယ် မဟုတ်သကဲ့သို့  ဟန်ဆောင် နေခဲ့ကြသည်။ "ကျနော်တို့က သူ့ကို ဖမ်းဖို့ (ဒါမှမဟုတ်) ဖမ်းဝရမ်းထုတ်ဖို့ လာတာ မဟုတ်ပါဘူး။ ဦးသန့် အရေးအခင်းနဲ့ ပတ်သက်လို့ သူ့ကို နဲနဲပါးပါး မေးမြန်းချင်လို့ပါဘဲ။ ဘာမှ စိတ်မပူပါနဲ့။ ဒါ ဘာမှ အရေးကြီးလို့ မဟုတ်ပါဘူး။"ဟု သူတို့က ပြောသည်။ သို့သော်လည်း ဆလိုင်းတင်မောင်ဦးက ၄င်းတို့ထက် တစ်ကွက်ကြိုမြင်ထားသူပါ။ အိမ်က ထွက်မသွားမီတွင် သူ၏ လောလောလတ်လတ် ဓါတ်ပုံ များကို ဖွက်ထားခဲ့ပြီး ဖြစ်သည်။ ထို့အတူပင် အိမ်၌ မိမိ၏ ဓါတ်ပုံ လုံးဝမရှိလျှင် ထောက်လှမ်း ရေးက သူ၏မိသားစုဝင်များအား ပြဿနာရှာနိုင်သည်ကို ကြိုသိနေခဲ့သောကြောင့် သူ ဆယ်ကျော်သက်အရွယ်က ရိုက်ထားခဲ့ သော ဓါတ်ပုံအချို့ကိုသာလျှင် ထားရစ်ခဲ့သည်။

## နယ်စပ်ဒေသတွင် ပုန်းခိုခြင်း

ထောက်လှမ်းရေးများက ဤသည်ကို လက်မခံဘဲ ကိုတင်မောင်ဦး၏  လတ်တလော ဓါတ်ပုံများကိုသာ  ယဉ်ယဉ်ကျေးကျေး တောင်းဆိုသည်။ သို့သော် မိသားစုဝင်များကလည်း ၄င်းတို့ထံ၌ အခြားဓါတ်ပုံများမရှိဟု ဆိုကာ ဓါတ်ပုံ ဟောင်းများကိုသာ ထိုးပေးကြသည်။ ထောက်လှမ်းရေးများက ဘာမှမဖြစ်သည့် ပုံစံမျိုးဖြင့် အေးအေးဆေးဆေးပင် ဆက်လက်ပြုမူ ဟန်ဆောင်နေကြသည်။ ဤသို့ဖြင့် မိသားစုဝင်များက ကိုတင်မောင်ဦးအား အားလုံးအဆင်ပြေကြောင်း၊ အိမ်ပြန်လာလို့ ရကြောင်း ပြောဆိုသတင်းပေးကြမည်ဟု ထောက်လှမ်းများက မျှော်လင့်နေကြသောကြောင့်ပင်။ ၄င်းတို့က ဤကိစ္စအပေါ် အလေးအနက်ထား (သို့မဟုတ်) ဒေါသထွက်နေပုံပေါက်နေလျှင် ဆက်လက်ထွက်ပြေးတိမ်းရှောင်နေပါဟု မိသားစုဝင်များက ကိုတင်မောင်ဦးကို သတင်းပေးလိုက်နိုင်သောကြောင့်ဖြစ်သည်။ နောက်ဆုံးတွင် ထောက်လှမ်းရေးများက သူ၏ ငယ်ငယ်က

ခါတ်ပုံကိုဘဲ ယူကာ အိမ်ထဲက ပြန်ထွက်သွားကြသည်။ ထို့နေ့နောက်ပိုင်းမှ စတင်ကာ ၄င်းတို့သည် ဆလိုင်းတင်မောင်ဦး၏ အိမ်နှင့် မိသားစုဝင်များ၏ လှုပ်ရှားမှု အားလုံးကို မျက်ခြေမပြတ် လျှို့ဝှက်စောင့်ကြည့် နေခဲ့ကြသည်။

ထောက်လှမ်းရေးများက သူ့ကို ဆက်လက်ရှာဖွေခဲ့ကြသည်။ ဦးသန့် အရေးအခင်း၌ ပါဝင်ပတ်သက်ခဲ့သူ မည်သူ့ ကို မဆို ဖမ်းဆီးစစ်ကြောခြင်း လူမဆန်စွာ နှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ကိုတင်မောင်ဦး မည်သည့်နေရာ၌ရှိနေသည်ကို သူ့ သူငယ်ချင်းများထံက စစ်ဆေးမေးမြန်းကာ သူ့ကို အမိဖမ်းနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ ဤသည်ကို ကြိုမြင်ထားသော ကိုတင် မောင်ဦးက ဦးသန့်အရေးအခင်း ပြီးပြီးချင်းကတည်းက ပုန်းရှောင်နေခဲ့သည်။ အရေးအခင်းပြီးဆုံး၍ (၂)လ (၃)လအတွင်းတွင် သူသည် သူ၏ သစ္စာရှိသော သူငယ်ချင်းတစ်ယောက်ဖြစ်သူ ချင်းအမျိုးသား ဇလေ့သန်း၏ နေအိမ်တွင် ပုန်းခိုကာ ထောက် လှမ်းရေးများ၏ ရန်ကို ရှောင်ရှားခဲ့သည်။ ထောင်ထဲတွင် ကိုတင်မောင်ဦးနှင့် အခန်းတစ်ခန်းထဲ၌ နေခဲ့ဘူးသူ ဇလေ့သန်းသည် ဆေးကျောင်းသားတစ်ဦးဖြစ်ပြီး နောက်ပိုင်း ၁၉၉၀ခုနှစ် မေလ ရွေးကောက်ပွဲတွင် လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရသည်။

ထောက်လှမ်းရေးများ၏ ရန်ကို ရှောင်ရှားနိုင်ရန်အတွက် သူငယ်ချင်း အိမ်များ၌ ကပ်နေရသည့် အခါမျိုးတွင် သူသည် မိမိနေထိုင်နေသော အိမ်ရှင်၏ မိသားစုအတွက် တစုံတရာဝန်ထုတ်ဝန်ပိုးမဖြစ်နိုင်စေရန် ပြုမူဆောင်ရွက် လေ့ရှိသည်။ သူငယ် ချင်းများကလည်း သူ၏ လုံခြုံရေးအတွက် အမြဲစိတ်ပူလေ့ရှိတတ်ပြီး ၄င်းတို့ထံတွင် ကိုယ့်အိမ်လို သဘော ထားပြီး နေထိုင်ရန် နှင့် သူ၏ လုံခြုံရေးအတွက် အိမ်ထဲက အိမ်ပြင်မထွက်ရန် သတိပေးခဲ့ကြသည်။ သို့သော် ကိုတင်မောင်ဦးက သူတို့ပြောစကား ကို နားမထောင်ဘဲ မနက်စောစောထကာ အိမ်ရှင်များ မရိပ်မိလိုက်ချိန်တွင် အိမ်က ထွက်သွားလေ့ရှိသည်။ အိမ်ရှင်များအိပ်ရာ ကနိုး၍ ၄င်းကို မတွေ့ရသော အခါတွင် ကိုတင်မောင်ဦးတစ်ယောက် ဘယ်ကိုများ သွားလိုက် ပါလိမ့် ဟု မေးမိခဲ့ ကြရသည်။ များမကြာမီတွင် သူက စားစရာ သောက်စရာပစ္စည်းများ တပွေ့တပိုက်ကြီး သယ်၍ ထိုအိမ်သို့ ပြန်လာတတ်သည်။ ဆလိုင်း တင်မောင်ဦးသည် စိတ်ရင်းကောင်းသူတစ်ဦး ဖြစ်သည်နှင့်အညီ သူသွားရောက်နေထိုင်သော အိမ်တိုင်းတွင် ထိုကဲ့သို့သော ပစ္စည်းများကို မိမိတတ်နိုင်သလောက် ဝယ်ခြမ်းပေးလေ့ရှိသည်။ အစားအသောက် ခြင်းများကို သယ်ဆောင်၍ ပြန်လာသော သူ့ ကို တွေ့ရလျှင် အိမ်ရှင် မိသားစုက အမြဲတမ်း ဝမ်းသာမဆုံး၊ ကျေးဇူးတင် မဆုံး ဖြစ်ခဲ့ရသည်။ သို့သော်လည်း ၄င်းတို့က “ဒါက အရမ်း အန္တရာယ်ကြီးတယ်နော်။ ကိုတင်မောင်ဦး ဒီလိုမျိုး မသွားသင့်ဘူး။ အဖမ်းခံရရင် ဘယ်လိုလုပ်မလဲ။” ဟုဆိုကာ သူ့အတွက် စိတ်ပူကြရသည်။ သို့သော် အမြဲတမ်း ဆိုသလိုပင် သူက “တင်မောင်ဦးက မနက်စောစောထပြီး လဟာပြင်ဈေးထဲ မှာ ဈေးဝယ်နေလိမ့်မယ် ဆိုတာမျိုးကိုတော့ ထောက်လှမ်းရေးတွေ မတွေးမိလောက် ပါဘူးဗျာ”ကို ခပ်ပြုံးပြုံး ပြန်ပြောလေ့ ရှိသည်။

ဤသို့ဖြင့် ဦးသန့်အရေးအခင်းကို အစိုးရက နှိမ်နင်းခဲ့သည်မှာ (၂)လခန့် ကြာမြင့်ခဲ့ပြီဖြစ်ပြီး ၁၉၇၅ခုနှစ် ဖေဖော်ဝါရီ လအတွင်း ဝင်ရောက်လာခဲ့သည်။ ထိုအချိန်တွင် စစ်အစိုးရက သူ့ကို ဆက်လက် ရှာဖွေနေနိုင်သေးသော်လည်း အရေးအခင်း

ပြီးခါစကကဲ့သို့ သော အပူတပြင်း ရှာဖွေနေခြင်းမျိုး မဟုတ်တော့ကြောင်းကို သူက သိရှိခဲ့သည်။ တင်မောင်ဦးတစ်ယောက် ဒီနိုင်ငံထဲက ထွက်သွားပြီ ဟူ၍ပင် စစ်အစိုးရက ထင်မြင်နေနိုင်ကြောင်းကို သူက ပါးနပ်စွာ ရိပ်စားမိခဲ့သည်။

၁၉၇၅ခုနှစ် မတ်လသို့ ရောက်သောအခါ ကိုတင်မောင်ဦးသည် ထိုင်း–မြန်မာ နယ်စပ်ရှိ လက်နက်ကိုင် ဆန့်ကျင်ရေး အဖွဲ့တစ်ဖွဲ့ဖြစ်သော ပါလီမန် ဒီမိုကရေစီ ပါတီ (ပီဒီပီ) ထံသို့ သွားရောက်ရန် စိတ်အားထက်သန် နေခဲ့သည်။ ထိုအချိန်၌ ပီဒီပီ တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသည်မှာ ဗိုလ်လကျ်ာဖြစ်သည်။ ဗိုလ်လကျ်ာ မတိုင်မီ ပီဒီပီ၏ ဥက္ကဋ္ဌမှာ မြန်မာနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဦးနု ဖြစ်သည်။ ဦးနု နုတ်ထွက်သွားပြီးသည့်နောက်တွင် ဗိုလ်လကျ်ာက ပါတီ၏ ဥက္ကဋ္ဌ ရာထူးကို ဆက်ခံခဲ့ ခြင်းဖြစ်သည်။ သမိုင်းကိုပြန်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ သူရဲကောင်းဗိုလ်ချုပ်အောင်ဆန်းပြီးလျှင် ဗိုလ်လကျ်ာက ဒုတိယ ခေါင်းဆောင် ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးတိုက်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ တပ်ဖွဲ့များက ဗြိတိသျှ နယ်ချဲ့စနစ်ကို တွန်းလှန် တိုက်ခိုက်ခဲ့သည်။ ပီဒီပီ အဖွဲ့၏ ဒုဥက္ကဋ္ဌမှာ စောကြာဒိုး ဖြစ်ပြီး ဦးသွင်က အထွေထွေအတွင်းရေးမှူး ဖြစ်သည်။ စောကြာဒိုးသည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးခါစ အချိန်ကာလများတွင် ဒုစစ်သေနာပတိ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဦးသွင်ကမူ ဦးနုခေတ်တွင် ဝန်ကြီးရာထူးကို ရခဲ့သူဖြစ်သည်။ ဗိုလ်လကျ်ာ၊ စောကြာဒိုးနှင့် ဦးသွင်တို့သည် ထိုအချိန်က မြန်မာ နိုင်ငံတွင် လူသိများကျော်ကြားသောနိုင်ငံရေးသမားများ ဖြစ်ကြသည်။ ၎င်းတို့သည် ဒီမိုကရေစီ ရရှိရေးအတွက် ပါလီမန် ဒီမို ကရေစီ ပါတီကို ဦးဆောင်၍ လက်နက်ကိုင် တော်လှန်ခဲ့ကြခြင်း ဖြစ်သည်။ ဆလိုင်းတင်မောင်ဦး အနေဖြင့် ပီဒီပီ၏ အဖွဲ့ဝင် တစ်ယောက်ဖြစ် သွားရောက်ပူးပေါင်းလိုခြင်း မရှိခဲ့သော်လည်း စစ်အစိုးရ ဖြုတ်ချရေး ရည်မှန်းချက်ကို အကောင်အထည်ဖေါ် ရာတွင် ပီဒီပီ အဖွဲ့၏ အကူအညီကို လိုအပ်သည်ဟု နားလည်သဘောပေါက်ခဲ့သည်။

ကိုတင်မောင်ဦးသည် သူ့အမေအတွက် အမြဲ စိတ်ပူနေခဲ့သူ ဖြစ်သည်။ ထို့ပြင် ကျန်ရှိသော မိသားစုဝင်များ၊ အထူး သဖြင့် သူ၏ ညီငယ်၊ ညီမငယ်များအတွက် စိုးရိမ် နေတတ်သည်။ စစ်အစိုးရကို ဆန့်ကျင်လှုပ်ရှားခဲ့မှုများကြောင့် ယခင် သာမန် ဘဝမျိုးကို ဆက်လက်လျှောက်လှမ်းရေး ဆိုသည်က သူ့အတွက် မဖြစ်နိုင်တော့။ မိသားစုတစ်ခုတွင် အဖေ၊ အမေနှင့်သားသမီး များတို့ အကြား၌ ထားရှိသောချစ်ခြင်းမေတ္တာသည် အရာရာအားလုံးထက် အဖိုးတန်ကြောင်းကို သူ၏ အတွင်းစိတ်ထဲကသိရှိ နေခဲ့သည်။ မိသားစုဝင်များ အကြားမျှဝေလိုသော စိတ်ထားနှင့် အပြန်အလှန်ဆက်နွယ်နေမှု တို့သည် တဖြည်းဖြည်း ကြီးထွား ဖွံ့ဖြိုးလာကာ အားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် ပျော်ရွှင်မှုမျိုးအဖြစ်သို့ ပြောင်းလဲ သွားသည်။ ၎င်းသည် ပြန်လည် အစားထိုးရနိုင်သော အရာတစ်ခု မဟုတ်။ ကိုတင်မောင်ဦးသည် သူ၏ မိသားစုကို အလွန်ချစ်မြတ်နိုးပြီး ၎င်းတို့နှင့် ခွဲခွာလိုခြင်း အလျဉ်း မရှိခဲ့။ သို့သော်လည်း အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် သူ့အတွက် သာမန်မိသားစုဘဝကို ပြန်လည်ရရှိရန် ဆိုသည်က လုံးဝ မဖြစ်နိုင်တော့ချေ။

ကိုတင်မောင်ဦးသည် သူ၏ မိသားစုဝင်များကို သတိရနေခဲ့သည်။ ထမင်းစား စားပွဲတွင် မိသားစုဝင်များ ညစာကို အတူတကွ စားသောက်ခဲ့ကြသည့် ပုံရိပ်များက အထူးလွမ်းဆွတ် စရာပင်။ ညပိုင်းများတွင် ကိုတင်မောင်ဦးနှင့် ညီငယ်၊ ညီမ

ငယ်များသည် ဟိုဟိုသည်သည် အကြောင်းအရာများကို ပြောဆိုဆွေးနွေး ပျော်ရွှင်ရယ်မောလေ့ ရှိခဲ့ကြသည်။ အဖမ်းမခံရအောင် လုပ်သည့်နည်းလမ်းတစ်ခုကို တညနေတွင် ကိုတင်မောင်ဦးက အသက် (၁၁)နှစ်သားအရွယ် ညီငယ် သန့်ဇင်အား ပြောပြခဲ့သည်။ "ကိုယ့်ကို သူများတွေက အသဲအသန် လိုက်ရှာနေပြီဆိုရင်၊ အထူးသဖြင့် ထောက်လှမ်းရေး တွေက လိုက်နေပြီဆိုရင် ကိုယ်က ဟိုပြောင်းရွှေ့၊ ဒီပြောင်းရွှေ့တာမျိုး များများလုပ်လေလေ ကိုယ့်အတွက် အဖမ်းခံရဖို့ အခွင့်အလမ်း ပိုများလေလေ ဘဲကွ။ အဲဒီလိုမျိုး သူများတွေက အသဲအသန် လိုက်ရှာနေပြီ ဆိုရင် ကိုယ်က ငြိမ်ငြိမ်လေး နေရတယ်။ ဆိုလိုတဲ့သဘောကတော့ စိတ်ချရတဲ့ သူငယ်ချင်းတစ်ယောက်အိမ်မှာ နေပြီးတော့ သုံးလေးလလောက် ဘယ်မှ မပြောင်း မရွှေ့ရဘူး။ အပြင်လဲ မထွက်ရဘူး။ ပြီးတော့ နှစ်လ၊ သုံးလလောက် အဲဒီလိုမျိုး ပုန်းနေပြီးတဲ့ အခါကျရင် သူတို့က ကိုယ့်ကို ဒီနယ်မြေထဲမှာ ရှိနေသေးရဲ့လား ဆိုပြီး သံသယဖြစ်လာမယ်။ အဲဒီနောက်ပိုင်းမှာ အမြဲတမ်း စောင့်ကြည့်တာတွေ ဘာတွေ သူတို့ မလုပ်တော့ဘူး။ အဲဒီလိုအချိန်ကျတော့ ကိုယ်က ရုပ်ဖျက်ပြီး လှုပ်ရှားလို့ ရပြီလေ။" ဟု ကိုတင်မောင်ဦးက ပြောခဲ့သည်။

## နယ်စပ်ဒေသက အကူအညီ ရယူခြင်း

ဦးသန့် အရေးအခင်း ဖြစ်ပွားပြီးသည့်နောက်ပိုင်းတွင် ဆလိုင်းတင်မောင်ဦးသည် ထိုင်း–မြန်မာ နယ်စပ်ဒေသရှိ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့တစ်ဖွဲ့ဖြစ်သော ပါလီမန် ဒီမိုကရေစီ ပါတီသို့ သွားရောက်ရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ နယ်စပ်ဒေသသို့ သွားရောက်ရာတွင် ခရီးလမ်း၌ အန္တရာယ်များ တွေ့ကြုံလာရနိုင်သော်လည်း အမှုမထားခဲ့။ သို့သော်လည်း အလုပ်သမားအရေးအခင်းနှင့် ဦးသန့် အရေးအခင်းတွင် ငြိမ်းချမ်းစွာဆန္ဒပြခဲ့သော ကျောင်းသူကျောင်းသား၊ အလုပ်သမားနှင့် ရဟန်းရှင်လူတို့အား သွေးအေးအေးဖြင့် နှိမ်နင်းသတ်ဖြတ်ခဲ့သော စစ်အစိုးရ၏ လုပ်ရပ်များကို မြင်ယောင်နေဆဲဖြစ်သည်။ ဤကဲ့သို့ လက်ခံနိုင်ဖွယ်မရှိသော ပြောင်ပြောင်တင်းတင်း သတ်ဖြတ်မှုများကို ကိုယ်တွေ့ကြုံခဲ့ ရပြီးသည့်နောက်တွင် ဆလိုင်းတင်မောင်ဦးသည် အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို ဖြုတ်ချရန်အတွက် သန္နိဋ္ဌာန်များ ပိုမို ခိုင်မြဲလာ ခဲ့သည်။ အိမ်ပြန်ပြီး မိသားစုဝင်များကို တွေ့ရဖို့ ဆိုသည်က ပို၍ အဓိက မကျတော့။ သူ့အတွက် အခြားရွေးချယ်စရာ လမ်းမရှိ။ ဤတော်လှန်ရေးခရီးကိုသာ လမ်းဆုံးအထိ ဆက်လျှောက်သွားရန် ဆုံးဖြတ်ခဲ့သည်။

တစ်နေ့တွင် ကိုတင်မောင်ဦး၏ညီ ကိုလှရွှေသည် ကိုတင်မောင်ဦးထံမှ လျှို့ဝှက် စာတို တစ်ခုကို ရရှိသည်။ စာထဲတွင် ရန်ကုန်မြို့ထဲရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ သူ့ ကိုလာရောက်တွေ့ဆုံရန် ရေးထားသည်။ ဤသို့ဖြင့် ကိုလှရွှေကကိုတင်မောင်ဦးနှင့်သွားတွေ့ရန် ထွက်လာခဲ့သည်။ ချိန်းဆိုထားရာ လက်ဖက်ရည်ဆိုင်သို့ သွားရာ လမ်းတလျှောက်၌ ထောက်လှမ်းရေးများ သူ့နောက်က လိုက်လာခြင်း ရှိမရှိ သိနိုင်စေရန် လှရွှေ အတော်လေး သတိထားလာခဲ့ရသည်။ ဘတ်စကားနှင့် ရထားတို့ကိုလည်း မကြာခဏ ပြောင်းစီးခဲ့သည်။

နောက်ဆုံးတွင် ထိုလက်ဖက်ရည်ဆိုင်သို့ ဆိုက်မြိုက်စွာ ရောက်ရှိသွားသည်။ ကိုလှရွှေက လက်ဖက်ရည်ဆိုင်အတွင်း (၁၅)မိနစ် ခန့် ထိုင်စောင့်နေပြီးသည့်အခါ ဆလိုင်းတင်မောင်ဦး တစ်ယောက် ပေါက်ချလာသည်။ မတွေ့တာ ကြာပြီ ဖြစ်သော ကြောင့် အချင်းချင်း ပြန်တွေ့ရသည်က ၎င်းတို့အတွက် ဝမ်းမြောက်စရာပင်။ ကိုတင်မောင်ဦးက မဆိုင်းမတွပင် "မင်း ဒီ လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာတည်းက ငါမင်းကို ကြည့်နေခဲ့တာ။ ဒီနားက တခြား လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကနေ ငါထိုင် ကြည့်နေခဲ့တာပေ့ါ။ မင်း နောက်က တစ်ယောက်ယောက် လိုက်မလာဘူးဆိုတာ သေချာအောင် စောင့်ကြည့်နေခဲ့လို့ ငါ အခု လို နောက်ကျသွားတာ။" ဟု ပြောသည်။ ထို့နောက် သူက ကိုလှရွှေအား "လာ။ အခု ငါ့နောက်ကနေ ခပ်ခွာခွာ လိုက်ခဲ့။ အရမ်းကြီး ကပ်လိုက်မလာမိစေအောင် တော့သတိထား။"ဟု ပြောကာ သူ ရှေ့က အရင်သွားနှင့်သည်။ ၎င်းတို့ သည် ဘတ်စကား ဂိတ်သို့ရောက်သောအခါ ဘတ်စကားပေါ်ကို အရှေ့တံခါးကနေ တစ်ယောက်၊ အနောက်တံခါးကနေ တစ်ယောက် သပ်သပ်စီ တက်လိုက်ကြသည်။ ဘတ်စကားထဲတွင်လည်း ကိုတင်မောင်ဦးနှင့် ကိုလှရွှေတို့သည် အချင်းအချင်း အနားကပ် မသွားကြဘဲ မိမိတက်လာသည့် အပေါက်နားတွင်သာ ကိုယ်စီ နေလိုက်ကြသည်။ ဤသို့ဖြင့် ၎င်းတို့သည် အိမ်တစ်အိမ် သို့ ရောက်ရှိလာကြသည်။ ကိုတင်မောင်ဦး၏ သူငယ်ချင်း ကိုအာဇမ်း (ခေါ်) ကိုမောင်မောင်လွင်၏ နေအိမ်ပါ။ သူ့ကို မွတ်ဆလင် နာမည် ကိုအာဇမ်း ဟုခေါ်လျှင် ပိုကြိုက်သည်။ ကိုအာဇမ်း၏ ဇနီးနှင့် ညီမတို့က ၎င်းတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆို ကြသည်။ ကိုအာဇမ်းက ဘုရားခန်းထဲတွင် ဝတ်ပြုနေသောကြောင့် ခဏစောင့်ပါဟု သူ့ဇနီးက ၎င်းတို့ အားပြောသည်။ ကိုအာဇမ်းသည် ဘာသာတရား အလွန်ကိုင်းရှိုင်းသူဖြစ်ပြီး အစ္စလမ်ဘာသာတွင် တထစ်ချ ယုံကြည် ကိုးကွယ်သူဖြစ်သည်။

ဘုရား ဝတ်ပြုပြီးသောအခါ ကိုအာဇမ်းက ဧည့်ခန်းထဲ ဝင်ရောက်လာသည်။ ကိုတင်မောင်ဦးက သူ၏ညီ ကိုလှရွှေကို ကိုအာဇမ်းနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် ကိုတင်မောင်ဦးက ကိုလှရွှေအား "ငါ မကြာခင်မှာ ထိုင်းနယ်စပ်ကို သွားတော့ မယ်။ တကယ်လို့ နောက်ပိုင်းမှာ ငါနဲ့ ပတ်သက်တဲ့ သတင်းတွေဘာတွေ မေးမြန်းချင်တယ်ဆိုရင် မင်းဒီအိမ်ကို လာပြီးတော့ သူတို့မိသားစု ဆီမှာ မေးနိုင်တယ်"ဟု ပြောသည်။

ကိုအာဇမ်းသည်လည်း ဆလိုင်းတင်မောင်ဦးနှင့် ထောင်ထဲတွင် အတူနေခဲ့ဘူးသူ တစ်ယောက်ဖြစ်သည်။ ၁၉၇၄ခုနှစ် ဇန်နဝါရီ လ (၃)ရက်နေ့၌ ကိုတင်မောင်ဦး ထောင်ကလွတ်လာပြီး မရှေးမနှောင်းတွင် ကိုအာဇမ်းလည်း ထောင်က ထွက်လာခဲ့ သည်။ ယခု ၎င်းတို့ ထောင်ကလွတ်ပြီး (၁)နှစ်ကျော်ကြာသည့်အခါတွင် ကိုအာဇမ်းသည် အိမ်တွင် သူ့ဇနီးအပါအဝင် ကလေး ငယ်များနှင့် အတူတကွ နေထိုင်သည်။ ကုန်သည်တစ်ဦးအဖြစ် အသက်မွေးဝမ်းကြောင်း ပြုနေပြီး သူ၏ မိသားစုဝင်များ တစုံ တရာ ပြေလည်နေကြသည်။ ကိုတင်မောင်ဦးနှင့် ညီရင်းအစ်ကို သဖွယ် ချစ်ခင်ရင်းနှီးသောကြောင့်သာလျှင် သူ၏ မိသားစုနှင့် အလုပ်ကို စွန့်ခွာကာ ကိုတင်မောင်ဦးနှင့်အတူ လိုက်သွားမည် ဖြစ်သည်။ အန္တရာယ်များ တွေ့ကြုံလာနိုင်သည့်ကြားကပင် ထိုင်းနယ်စပ်တွင် တည်ရှိသော ပါလီမန် ဒီမိုကရေစီပါတီ ဆီသို့ သူက ကိုတင်မောင်ဦးအား ခေါ်ဆောင်သွားမည် ဖြစ်သည်။ ထိုင်းနယ်စပ်ကို ရောက်ရှိရန်အတွက် အန္တရာယ်များသော တောလမ်းခရီးကို သွားရပေမည်။ ၎င်းတို့ ဖြတ်သန်းသွားရမည့် နယ်မြေများတွင် လက်နက်ကိုင် အဖွဲ့အစည်းပေါင်းစုံနှင့် စစ်အစိုးရ တပ်ဖွဲ့များအကြား တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလေ့ရှိ

သောကြောင့် ၎င်းတို့၏ အသက်အန္တရာယ်ကိုပါ စိုးရိမ်ရသည်။ ကိုအာဇမ်းက ပီဒီပီ အဖွဲ့ထံသို့ ယခင်က ရောက်ဘူး ထားခဲ့ခြင်းကြောင့်လည်း ကိုတင်မောင်ဦးကို ခေါ်သွားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

သူနှင့် ကိုအာဇမ်းတို့ ပီဒီပီ ရုံးချုပ်ကို လာရောက်နေချိန်တွင် ဦးသွင် (သို့မဟုတ်) ဗိုလ်ချုပ်သွင်သည် ကိုဇော်ဝင်း ဟုခေါ်သောသူ၏သားကို ခေါ်ကာ "ငါ့သား။ ပြည်တွင်းထဲက အထူးကိုယ်စားလှယ် တစ်ယောက် အဖေတို့ ဌာနချုပ်ကို လာလိမ့်မယ်။ သူက အဖေတို့အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဘို့ဘဲ။ အဲဒီတော့ ငါ့သားကသူ့ကို ဖလူး နားက ရဲသီဟ စခန်းမှာ သွားကြိုရမယ်။ ငါ့သားနဲ့အတူ စစ်သားနှစ်ယောက်ကို ကိုယ်ရံတော် အဖြစ် ထည့်ပေးလိုက်မယ်။ သူ့ကို တွေ့တဲ့အခါကျရင် ငါ့သားက ဘာမှ မမေးမမြန်းရဘူး။ အဲဒီ အထူးဧည့်သည်နဲ့ ပတ်သက်လို့ တယောက်ယောက်က မေးစမ်းလာရင်လဲ ဘာမှ မဖြေနဲ့။"ဟု ပြောသည်။

နောက်ဆုံးတွင် ဆလိုင်းတင်မောင်ဦးနှင့် ကိုအာဇမ်းတို့သည် ထိုင်းနိုင်ငံ မြဝတီမြို့တွင် တည်ရှိသော ပီဒီပီ ရုံးသို့ ဘေးမသီ ရန်မခဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့ကြသည်။ ကိုအာဇမ်းက ကိုတင်မောင်ဦးကို ပီဒီပီ အဖွဲ့ ခေါင်းဆောင်များနှင့် မိတ်ဆက်ပေးသည်။ ၎င်းကတော့ ဤနေရာတွင် ကြာကြာနေမည် မဟုတ်။ မကြာခင် ပြန်မည် ဖြစ်သည်။ သူ့မိသားစုရှိရာဆီသို့ ပြန်မသွားမီတွင် ကိုတင်မောင်ဦးအား "မကြာခင် ငါ့မိသားစုဆီကို ပြန်တော့မယ်။ သူငယ်ချင်း ဂရုစိုက်ကွာ။ ပြည်တွင်းထဲ ကို လုံးဝ ပြန်မလာနဲ့တော့။ လိုအပ်တယ်ဆိုရင် ဒီမှာဘဲ ဒုက္ခသည် ခံပြီးတော့ အမေရိကန်မှာ သွားနေ။ ပြန်တော့မလာနဲ့။ ပြန်လာရင် မင်းအတွက်အရမ်းအန္တရာယ် များနိုင်တယ်။"ဟု ပြောသည်။ ဤတွင် ကိုတင်မောင်ဦးက "ငါ မင်းကို ဘယ်လိုကျေးဇူး တင်မှန်းတောင် မသိပါဘူးကွာ။ မင်းက ငါ့ရဲ့ညီအစ်ကိုရင်း တစ်ယောက်လိုဘဲ။ ပြီးတော့ မင်းကငါ့ကို ဘေးမသီရန်မခ ဒီဘက်ရောက်အောင် ခေါ်လာပေးခဲ့တယ်လေ။ သတိဝိရိယရှိရှိနဲ့ အိမ်ပြန်ပေ့ါကွာ"ဟု ဆိုသည်။ နောက်ရက်အနည်းငယ်အကြာတွင် သူတို့ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကြပြီးသောအခါ ကိုအာဇမ်း အိမ်ပြန်သွားသည်။

ကိုဇော်ဝင်းသည် ဆလိုင်းတင်မောင်ဦးအား ထိုင်း–မြန်မာနယ်စပ် တောထဲရှိ ရဲသီဟစခန်းက ခေါ်ထုတ်လာခဲ့သည်။ ကိုတင်မောင်ဦးက ဦးသွင်ကို ပထမဦးစွာ တွေ့ဆုံခွင့် ရပြီးနောက် ဘန်ကောက်တွင် ပီဒီပီ ဥက္ကဋ္ဌ ဗိုလ်လကျ်ာနှင့် သွားရောက်တွေ့ဆုံနိုင်စေရေးအတွက် ဦးသွင်က စီစဉ်ပေးသည်။ ကိုဇော်ဝင်းကပင် သူ့ အား ဘန်ကောက်ကို ခေါ်သွားပြန် သည်။ ပီဒီပီ ၏ ခေါင်းဆောင်အကြီးအကဲများဖြစ်သော ဥက္ကဋ္ဌ ဗိုလ်လကျ်ာ၊ ဒုဥက္ကဋ္ဌ စောကြာဒိုး၊ အထွေထွေအတွင်းရေးမှူး ဦးသွင်နှင့် ဆလိုင်းတင်မောင်ဦးတို့အတွင်း ဆွေးနွေးပွဲမှာ အလွန်လျှို့ဝှက်သိုသိပ်ခဲ့သည်။ မြေအောက်လှုပ်ရှားမှုများအတွက် ပြောဆိုတိုင်ပင်ကြရာတွင် ထိုဆွေးနွေးပွဲများကို ပီဒီပီ အဖွဲ့ အတွင်းရှိ ရာထူးငယ်သော အဖွဲ့ဝင်များအား လုံးဝတက်ရောက်ခွင့် မပြုခဲ့။ ဆလိုင်း တင်မောင်ဦးက ပီဒီပီ အဖွဲ့ခေါင်းဆောင်များနှင့် အကြိတ်အနယ် ဆွေးနွေးမှုများလေးငါးကြိမ် ပြုလုပ်ခဲ့သည်။ ပီဒီပီ ခေါင်းဆောင်များက ဦးသန့် အရေးအခင်းနှင့် ပတ်သက်၍ ၎င်းတို့ ကြားသိထားရသည်များအား ကိုတင်မောင်ဦးကို စိတ်လှုပ်ရှားစွာ အလေးထား ပြောကြသည်။ ထိုအရေးအခင်းကြောင့် အစိုးရ၏ ဂုဏ်သိက္ခာ အတော်လေး ထိခိုက်သွားရကြောင်း သုံးသပ်ကြသည်။

ကိုတင်မောင်ဦးက ဆန္ဒပြပွဲများကို မည်ကဲ့သို့ အစပျိုးပေးခဲ့ပုံများမှ စတင် ပြီး အရေးအခင်း၌ ကိုယ်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ပြန်ပြောင်းပြောပြသောအခါ ၄င်းတို့ ဝမ်းသာအားရ ဖြစ်ကြသည်။ သူ၏ ရဲစွမ်းသတ္တိနှင့် ခံယူချက် ပြင်းပြပုံ၊ လူငယ်တစ်ဦးပင် ဖြစ်နေသော်ငြားလည်း ရင့်ကျက်မှုရှိပုံနှင့် အမျှော်အမြင်ကောင်းပုံတို့ကို ပီဒီပီ ခေါင်းဆောင်များက တန်ဘိုးထားခဲ့ကြသည်။

နောက် (၂)လ (၃)လအတွင်းတွင်လည်း ကိုတင်မောင်ဦးက အဆိုပါခေါင်းဆောင်များနှင့်အတူ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ တချိန်တည်း၌ ရရှိလာသော အခွင့်အလမ်းကို လက်မလွှတ်စေဘဲ ပါလီမန် ဒီမိုကရေစီပါတီနှင့် ပတ်သက်၍ လေ့လာခဲ့သည်။ သို့သော် သူကိုယ်၌ကမူ ပီဒီပီ အဖွဲ့ထဲသို့ မဝင်ခဲ့။ မြန်မာနိုင်ငံ၏ စစ်အာဏာရှင် စနစ်ကို ဆန့်ကျင်နေသော ပြည်တွင်းရှိ ကျောင်းသားလှုပ်ရှားမှုကို ကိုယ်စားပြု၍သာ သူက ဤနေရာသို့လာရောက်ခဲ့ခြင်း ဖြစ်သည်။ ကိုတင်မောင်ဦးသည် ပီဒီပီ အဖွဲ့အတွင်းရှိ တောင်လှန်ရေးသမားအချို့နှင့် အချိန်ယူ စကားပြောဆိုခဲ့သည်။ ၄င်းတို့၏ ယုံကြည်ချက်များကို လေ့လာခဲ့ သည်။ ၄င်းတို့ အဘယ်ကြောင့် ဤကဲ့သို့လက်နက်ကိုင် တိုက်ပွဲဝင်ရသည်ဆိုသော တစ်ဦးချင်း၏ ဖြစ်ရပ်များကို နားဆင်ခဲ့သည်။ အချို့ဆိုလျှင် မိသားစုဝင်များကို အလွန်အမင်း လွမ်းဆွတ်သတိရနေကြောင်း ရင်ဖွင့်ပြောဆိုကြသည်။ ဤသို့ဖြင့် နောက်ပိုင်းတွင် ၄င်းတို့နှစ်သက်သော သီချင်းတစ်ပုဒ်ကို ကိုတင်မောင်ဦးနားဆင်ခွင့်ရခဲ့သည်။ ထိုသီချင် ကက်ဆက်ခွေကို ဖွင့်ရင်းက အချို့သည် သီးချင်းစာသားများကို လိုက်လံဆိုညည်းခဲ့ကြသည်။ ‘အမေတခုသားတခု’ဟု အမည်ရသောသီချင်းပင်။ ထိုအချိန်က ခေတ်ပေါ် မြန်မာအဆိုကျော် လားရှိုးသိန်းအောင်က သီဆိုခဲ့ခြင်းပါ။ သီချင်းစာသားများထဲက အချို့မှာ ဤသို့ဖြစ်သည်။

“တချို့က အဝေး ချစ်သူလေးတွေ ပြန်လည်ကာလေ ပူဆွေးနေ… ဒီလိုပါဘဲ အချစ်နဲ့ မကင်းချေ… ငယ်ကျွမ်းဆွေ လွမ်းနေ… ဒါပေမယ့် သားတစ်ယောက်ပါ အမေ… အမေတခု သားတခုမို့ သာဘဲလေ… မှန်းဆလို့ တမ်းတကာ လွမ်းရတဲ့ အဖြစ်ကလေးတွေ… မေမေရေ မငိုနဲ့နော်လေ… ရှိခိုးဦးချ ကန်တော့လျှက်ပါ အမေ… စိန္တေမြတ်ဘုရား ရှေ့မှာလေ… ပြန်လည်ဆုံစည်းကြဖို့ သပြေခက်တွေ… သားမွေးရက်နေ့မနက်မှာ တောင်းဆုပြုခဲ့တာ မနဲပေ… မေမေရယ် မငိုနဲ့နော်လေ… ရှိခိုးဦးချ ကန်တော့လျှက်ပါ အမေ… ”

ပီဒီပီ အဖွဲ့ဝင်များက ဤသီချင်းကို ဆိုသည့်အခါတိုင်းတွင် ကိုတင်မောင်ဦးကလည်း ၄င်းတို့နှင့် ထပ်တူထပ်မျှ ခံစားခဲ့ရသည်။ သားအတွက် အမြဲတမ်း စိတ်ပူနေတတ်သော အမေ့ မျက်နှာကို ပြန်လည် မြင်ယောင်မိကာ ထိုသီချင်းသည် သူ၏ အကြိုက်ဆုံးသီးချင်း တစ်ပုဒ် ဖြစ်လာခဲ့သည်။

ဤသို့ဖြင့် ပီဒီပီ အဖွဲ့ထံ၌ (၂)လခွဲခန့် နေထိုင်လာခဲ့ပြီးသည့် နောက်တွင် အဖွဲ့ခေါင်းဆောင်များက ပြည်တွင်း ရှိ ကျောင်းသားလှုပ်ရှားမှုကို မည်သို့မည်ပုံ ကူညီပံ့ပိုးပေးရမည်များနှင့် ပတ်သက်၍ နောက်ဆုံး ဆုံးဖြတ်ချက်များ မချမှတ်မီတွင် အခြားသော ကျောင်းသား ကိုယ်စားလှယ်များနှင့် ဆွေးနွေး တိုင်ပင်လိုသေးကြောင်း ကိုတင်မောင်ဦးအား အသိပေး ခဲ့သည်။

သူကလည်း ဤကဲ့သို့ တွေ့ဆုံခွင့်ရနိုင်စေရန် ဆောင်ရွက်ပေးမည်ဟု ပြောသည်။ ဤသို့ဖြင့် ကိုတင်မောင်ဦးသည် ပြည်တွင်းသို့ ပြန်ဝင်ရန် ဆုံးဖြတ်ခဲ့သည်။ အန္တရာယ် ပြည့်နှက်နေသော တောလမ်းခရီးကို ဖြတ်ကျော်သွားနိုင်ရေးအတွက် ယခင်က သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံ၌ အလုပ်လုပ်ခဲ့ဘူးသူ ကိုထွန်းကျင်အား ကိုတင်မောင်ဦး၏ လမ်းပြအဖြစ် စီစဉ်ပေးလိုက်သည်။ ၁၉၇၅ခုနှစ် မေလ အလယ်ပိုင်း လောက်တွင် ကိုတင်မောင်ဦး မြန်မာပြည်တွင်းသို့ ပြန်လည်ဝင်ရောက် လာခဲ့သည်။

ပြည်တွင်းတွင် ဆလိုင်တင်မောင်ဦး လှုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကိုဇော်ဝင်း တာဝန်ယူရသော အခန်း ကဏ္ဍများမှာ အလွန်အရေးပါသည်။ ကိုတင်မောင်ဦး ဖေါ်ဆောင်သော လူထုလှုပ်ရှားများအတွက် ငွေကြေး ထောက်ပံ့ပေး ရန် လည်းကောင်း၊ ကိုတင်မောင်ဦးနှင့် ပီဒီပီအဖွဲ့တို့ အကြားတွင် ဆက်သွယ်ဆောင်ရွက်မှု အဆင်ပြေချောမွေ့စေရန်လည်းကောင်း ကိုဇော်ဝင်းက စီမံဆောင်ရွက် ပေးရသည်။

၁၃

# လူထုစွမ်းအား ကြီးမားလာစေရေး ကြိုးပမ်းခြင်း

ရန်ကုန် ပြန်ရောက်လာသောအခါတွင် ကိုတင်မောင်ဦးသည် သူ့အပေါ် သစ္စာရှိသော သူငယ်ချင်းအိမ်၌သာလျှင် ဆက်နေခဲ့သည်။ မိုးရာသီ ဝင်ရောက်လာပေပြီ။ ထူထဲနက်မှောင်သော မိုးတိမ်တိုက်များက ကောင်းကင်ကို ဖြန့်ကျက်ထားပြီး မိုးခြိမ်းသံများကို မြို့ရွာများမှ ကျေးလက်ဒေသအထိ ကြားနိုင်ပေသည်။ ထို့အတူပင် မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ စိတ်နှလုံးများမှာလည်း လေးလံနေသည်။ အလုပ်သမား ဆန္ဒပြပွဲများကို စစ်တပ်က ရက်ရက်စက်စက် နှိမ်နင်း ခဲ့သည်မှာ (၁)နှစ်နီးပါးရှိလာခဲ့ပြီ ဖြစ်သည့်အပေါ် အလုပ်သမားများက စိတ်မကောင်း ဖြစ်နေကြရခြင်းဖြစ်သည်။ ထိုအရေး အခင်းတွင် ၎င်းတို့၏ လုပ်ဖော်ကိုင်ဘက် အလုပ်သမား အများအပြား သေဆုံးခဲ့ကြရပြီး များစွာသော အလုပ်သမားတို့ မှာလည်း ထောင်ကျခံနေရသောကြောင့် ဖြစ်သည်။

အလုပ်သမားအရေးအခင်းတွင် အင်းစိန်လမ်းပေါ်၌ ဆန္ဒပြသူများကို စစ်တပ်က ပစ်ခတ်နှိမ်နင်းခဲ့သည်။ အင်းစိန် လမ်းသည် သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံ၏ အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး စက်ရုံ၏ အရှေ့ဘက်တွင်မူ သမိုင်း ကောလိပ်လမ်း သွယ်တန်းနေသည်။ အလုပ်သမားများသည် စက်ရုံဝင်းအတွင်းရှိ အလုပ်သမား တန်းလျားများတွင် နေထိုင် ကြသည်။ အလုပ်သမား အရေးအခင်း မဖြစ်မီကာလများတွင် ဆင်းရဲသော အလုပ်သမား မိသားစုဝင်များသည် သမိုင်းကောလိပ်လမ်းတလျှောက်၌ ပုံကျစျေးဆိုင်များကိုတည်ကာ အိမ်တွင်းမှုလုပ် အစားအစာများနှင့် မုန့်များကို ကောလိပ်ကျောင်းသားများအား ရောင်းချပေးလေ့ရှိခဲ့သည်။ ရပ်ဝေးက လာရောက်၍ ပညာသင်ကြားနေများနှင့် ဘော်ဒါဆောင်နေသူများသည် ပုံကျစျေးဆိုင်များတွင် အိမ်တွင်းမှုလုပ် အစားအစာများကို စားသုံးရသဖြင့် တင်းတိမ်ကြေနပ်မှု ရကြသလို ဆင်းရဲသော အလုပ်သမား မိသားစုဝင်များကလည်း ကောလိပ်ကျောင်းသူကျောင်းသားများကြောင့် မိမိတို့ အပိုဝင်ငွေ တစုံတရာ ရရှိနိုင်ကြသည့်အပေါ် ကျောင်းသူကျောင်းသား များအား ကျေးဇူးတင်ကြသည်။ ထို့ကြောင့်လည်း အလုပ်သမား မိသားစုဝင်များနှင့် ကျောင်းသူကျောင်းသားများ အကြား တွင် ဆက်ဆံရင်းနှီးမှု ရှိခဲ့သည်။ ကျောင်းသူကျောင်းသားများ ပညာသင်ကြားနေကြရသော အခြေအနေများ၊ ပုံကျစျေးသည် မိသားစုဝင်များ၏ နေ့စဉ်ဘဝ အခြေအနေများနှင့် ပတ်သက်၍ ၎င်းတို့အကြားတွင် ပြောဆိုဆွေးနွေးခြင်းများ၊ သဘောထား အမြင် ဖလှယ်ခြင်းများ ပြုလုပ်ခဲ့ ကြသည်။ အလုပ်သမားအရေးအခင်း ဖြစ်ပွားသောအခါ၌လည်း မြောက်များစွာသော ကျောင်းသူကျောင်းသားတို့သည် အလုပ်သမားများနှင့် အတူယှဉ်တွဲကာ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည်။ စစ်အစိုးရကလည်း ထိုအခြေအနေများကို သတိပြု မိခဲ့သည်ပင်။ ဤသို့ဖြင့် စစ်အစိုးရသည် အလုပ်သမားများနှင့် ကျောင်းသူ ကျောင်းသားများ အကြားရှိ ထိတွေ့ဆက်ဆံမှု ပျက်ပြားသွားစေရန် ရည်ရွယ်ကာ သမိုင်း ကောလိပ်လမ်း တလျှောက်တွင် အရုပ်ဆိုး အကျည်းတန်သော

အနက်ရောင် အုတ်တံတိုင်း အမြင့်ကြီးကို တည်ဆောက်ပြီး အလုပ်သမား မိသားစု တန်းလျားနှင့် ကျောင်းသား ဘော်ဒါဆောင်များကို ကန့်သတ်ပိုင်းခြားထားလိုက်သည်။

ကိုတင်မောင်ဦးသည် သူ၏ သူငယ်ချင်းအိမ်၌ နေထိုင်စဉ်အချိန်ကာလများတွင် ထိုင်းမြန်မာနယ်စပ်ရှိ ဗီဒီပီ ဌာနချုပ် ရုံးတွင် ကျောင်းသားကိုယ်စားလှယ်အချို့နှင့် ဗီဒီပီ အဖွဲ့ ခေါင်းဆောင်တို့အကြား ဆွေးနွေးပွဲ ဖြစ်မြောက်နိုင်စေရေး အတွက် ကိုထွန်းအောင်ကျော်နှင့် ကိုရဲမြင့်သိန်းတို့ကို ထိုင်းနိုင်ငံရှိ ဌာနချုပ်ရုံး သို့ လွှတ်လိုက်ပြီး မိမိကိုယ်၌ကမူ ရန်ကုန်တွင် နေရစ်ခဲ့ သည်။ ကိုထွန်းအောင်ကျော်နှင့် ကိုရဲမြင့်သိန်းတို့က ဗီဒီပီ ဌာနချုပ်ရုံးသို့ ရောက်သွားသောအခါတွင် အဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ကြသည်။ မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပျက်နေ သော အခြေအနေများကို ပြောဆိုကြသည်။ ဗီဒီပီ အဖွဲ့ ခေါင်းဆောင်များက ၎င်းတို့သည် ကျောင်းသား လှုပ်ရှားမှုများကို အပြည့်အဝ ထောက်ခံကြောင်းနှင့် စစ်အစိုးရကို ဆန့်ကျင်သော ကျောင်းသူကျောင်းသား လှုပ်ရှားမှုများ အပေါ် အလွန်အမင်း ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြသည်။ ထို့ပြင် ကျောင်းသားလှုပ်ရှားမှုများကို တတ်နိုင်သည့်ဘက်က ကူညီပံ့ပိုး ပေးမည် ဖြစ်ကြောင်းကိုလည်း ၎င်းတို့က ကိုထွန်းအောင်ကျော်နှင့် ကိုရဲမြင့်သိန်းတို့အား ပြောဆိုအားပေးသည်။ ရက်သတ္တ နှစ်ပတ်ခန့် ကြာသွားသည့်အခါ ဗီဒီပီ အဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ရန်နိုင်က ကျောင်းသားကိုယ်စားလှယ် နှစ်ဦးအား ပြည်တွင်း သို့ ပြန်လွှတ်လိုက်သည်။ ၎င်းတို့နှင့်အတူ စာရွက်စာတမ်း အချို့ကိုလည်း ထည့်ပေးလိုက်သည်။ ဗီဒီပီ အဖွဲ့က မြန်မာပြည်သူ လူထုကို သတင်းအမှာစကား ပါးလိုက်သော စာရွက်စာတမ်းများပင်။ ထိုစာရွက်စာတမ်းများကို မိတ္တူဆွဲကာ မြန်မာနိုင်ငံ အတွင်းရှိ ပြည်သူလူထုံ သိုသိုသိပ်သိပ် ဖြန့်ဝေနိုင်စေရန်အတွက် ဖြစ်သည်။

## ဒုတိယအကြိမ် အလုပ်သမား အရေးအခင်းကို ဦးဆောင်ခြင်း

တစ်နေ့တွင် အစိုးရသည် ပညာရေးဝန်ကြီး ဒေါက်တာ ခင်မောင်ဝင်းနှင့် နိုင်ငံတော်ကောင်စီ အဖွဲ့ဝင် ဒေါက်တာ လှဟန် တို့အား ရန်ကုန် စက်မှု တက္ကသိုလ်သို့ စေလွှတ်ကာ ကျောင်းသူကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးပွဲ လုပ်စေခဲ့ သည်။ လွန်ခဲ့သော (၆)လက ဖြစ်ပွားခဲ့သည့် ဦးသန့် အရေးအခင်းတွင် ကျောင်းသူကျောင်းသား မြောက်များစွာတို့ အသတ်ခံ ခဲ့ရခြင်း အပါအဝင် လွန်ခဲ့သော (၁)နှစ်က ဖြစ်ပွားခဲ့သည့် အလုပ်သမား အရေးအခင်း လူသတ်ပွဲအပေါ်၌ ကျောင်းသူ ကျောင်းသား များက မချင့်မရဲဖြစ်နေကြသေးသည်ကို စစ်အစိုးရက ရိပ်စားမိသောကြောင့်ပင်။ ကျောင်းသူကျောင်းသားများ၏ ရင်ထဲ၌ တအုံနွေးနွေး ဖြစ်နေသည့် အခဲမကျေမှုများကို ချေဖျက်နိုင်စေရန် ရည်ရွယ်ကာ အစိုးရက ၎င်း၏ ကိုယ်စားလှယ် နှစ်ဦးကို ဤကဲ့သို့ စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ ဤသို့ဖြင့် အစိုးရကိုယ်စားလှယ် နှစ်ဦးသည် ၁၉၇၅ခုနှစ် ဇွန်လ(၆)ရက်နေ့တွင် ရန်ကုန် စက်မှုတက္ကသိုလ်နှင့် သမိုင်းကောလိပ်တို့ထံ သွားရောက်၍ ကျောင်းသူကျောင်းသားများနှင့် စကားပြော ဆွေးနွေးခြင်း၊

မေးခွန်းများ ဖြေကြားခြင်းများ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော်လည်း ဖြစ်ချင်တော့ အဆိုပါနေ့ရက်သည် အစိုးရက အလုပ်သမား အရေးအခင်းကို ရက်စက်စွာ နှိမ်နင်းခဲ့သော (၁)မြောက် နှစ်ပတ်လည်နေ့ ဖြစ်နေသည်။

ကိုတင်မောင်ဦးကလည်း လွန်ခဲ့သည့်နှစ်က ဖြစ်ပွားခဲ့သော အလုပ်သမားအရေးအခင်းကို ဂုဏ်ပြုသည့်အနေနှင့် နှစ်ပတ်လည် အထိမ်းအမှတ်နေ့တွင် ကျောင်းသားဆန္ဒပြပွဲတစ်ခုကို ဦးဆောင်ပြုလုပ်ရန်အတွက် ဆုံးဖြတ်ထားခဲ့သည်။ ထို့ပြင် ဇွန်လ (၆)ရက်နေ့တွင် အစိုးရ ဝန်ကြီးနှင့် နိုင်ငံတော်ကောင်စီ အဖွဲ့ဝင်က သမိုင်းကောလိပ်ကို လာရောက်ကြမည့် သတင်းရရှိထားသောကြောင့် သူက ဤအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ထားခဲ့သည်။ ဤသို့ဖြင့် ဇွန်လ(၆)ရက်နေ့ နံနက်ပိုင်းသို့ ရောက်လာသည်။ ကိုတင်မောင်ဦးက နံနက် (၉)နာရီ ကတည်းကပင်တွင် သမိုင်းကောလိပ်သို့ ရောက်ရှိလာပြီး ကျောင်းနားရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ထိုင်စောင့်နေခဲ့သည်။ သို့သော် သူ ရန်ကုန် ပြန်ရောက်လာပြီ ဖြစ်ကြောင်းကို မည်သူကမျှ သိရှိထားခြင်း မရှိသေး။

အစိုးရ ကိုယ်စားလှယ်နှစ်ဦးသည် ရေးဆွဲထားသော အစီအစဉ်အတိုင်းပင် ရန်ကုန်စက်မှုတက္ကသိုလ်သို့ ရောက်ရှိလာသည်။ တက္ကသိုလ်သို့ ရောက်သောအခါတွင် ၎င်းတို့က မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အဖွဲ့ခွဲတစ်ခုဖြစ်သော လမ်းစဉ်လူငယ်အဖွဲ့အား ဆွေးနွေးပွဲကို ကြီးကြပ်ညွှန်ကြားစေသည်။ ဤဆွေးနွေးပွဲတွင် အလုပ်သမားအရေးအခင်းက သေကြေခဲ့ရမှုများနှင့် စပ်လျဉ်း၍ အခြေအတင်ပြောဆို ငြင်းခုံကြစေဖို့အတွက် ရည်ရွယ်သည် မဟုတ်ဘဲ ကျောင်းသူကျောင်းသားများ၏ ပညာသင်ကြားမှု အခြေအနေများကိုသာ ဆွေးနွေးကြရန် ဖြစ်သည်။ ထို့ကြောင့်လည်း လမ်းစဉ်လူငယ်များသည် အပယိက မျှသာဖြစ်သော ပေါ့ပေါ့ပါးပါး ဆွေးနွေးပွဲ ခေါင်းစဉ်များကိုသာ ဆွေးနွေးပွဲအစီအစဉ်၌ ထည့်သွင်းထားခဲ့ကြသည်။ ကျောင်းဝင်းထဲတွင် ကြွေးသော အစားအစာများ၊ ကျောင်း စာသင်ခန်းများနှင့် ဘော်ဒါဆောင်များရှိ အခြေအနေများကို မကျေနပ်သောကြောင့် ကျောင်းသူကျောင်းသားများက အလုပ်သမား အရေးအခင်းတွင် ပူးပေါင်းပါဝင်ခဲ့ရခြင်း ဖြစ်သည်ဟူ၍သာ အစိုးရက ခပ်လွယ်လွယ် တွေးလိုက်ဟန်ရှိသည်။ ဤသို့ဖြင့် လမ်းစဉ်လူငယ် အဖွဲ့ဝင်များက ဆွေးနွေးရန် ခေါင်းစဉ်များကို သတ်မှတ်လိုက်ပြီး ဆွေးနွေးပွဲတွင် ပြောဆိုကြမည့် ကျောင်းသူကျောင်းသားအချို့ကို ရွေးချယ်သည်။

ဆွေးနွေးပွဲကို ရန်ကုန်စက်မှုတက္ကသိုလ်ရှိ စက်မှုခန်းမဆောင်တွင် ဖွင့်လှစ်ကျင်းပသည်။ ရန်ကုန်စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကြီး၊ ဒေါက်တာ ခင်မောင်ဝင်းနှင့် ဒေါက်တာ လှဟန်တို့က စင်မြင့်ပေါ်တွင် နေရာယူလိုက်ကြသည်။ လမ်းစဉ်လူငယ် အဖွဲ့ဝင်များကလည်း ၎င်းတို့ ဇာတ်တိုက်ထားသည်များကို ဟန်ဆောင်ပန်ဆောင် စတင်ပြောဆိုဆွေးနွေးကြလေသည်။ ဤတွင် ထိုအချင်းအရာကိုကြည့်ကာ မခံမရပ်နိုင်ဖြစ်လာသော ကျောင်းသူကျောင်းသားများက မိုက်ခရိုဖုန်းများကို ကိုင်ကာ စစ်အစိုးရကို ဝေဖန်မှုများ ပြုလုပ်တော့သည်။ အစိုးရသည် ယမန်နှစ်က အဘယ်ကြောင့် ကျောင်းသူကျောင်းသားများနှင့် အလုပ်သမားများကို သတ်ဖြတ်ခဲ့ရသနည်း ဆိုသော တင်းမာခက်ထက်သည့် မေးခွန်းများကို

ကိုယ်စားလှယ်များအား မေးသည်။ လက်တွေ့ဘဝတွင် ဖြစ်ပျက်နေသည်များနှင့် စပ်လျဥ်း၍ မေးခွန်းထုတ်ကြသည်။ အစိုးရအရာရှိများ မျှော်လင့်မထားသော မေးခွန်းများပင်။ ၄င်းတို့ အထဲမှ ကောက်နုတ်ချက်အချို့ကို ဖေါ်ပြရမည် ဆိုလျှင်–

"အလုပ်သမားတွေက ဆန် တောင်းခဲ့ကြပေမယ့် ခင်ဗျားတို့က သူတို့ကို ကျည်ဆံတွေ ပေးခဲ့တယ်"– ကိုသိန်းလွင်၊ စက်မှုပညာရပ် အဓိက ဘာသာသင် ကျောင်းသား။

"ကျောင်းသားတွေ အချင်းချင်းကြားထဲမှာ အတင်းအဓမ္မ သူလျှို လုပ်ခိုင်းခြင်းအားဖြင့် ကျနော်တို့ကို သွေးကွဲအောင် မလုပ်ကြပါနဲ့"– ကိုစိုးရန်၊ လျှပ်စစ်ပညာရပ် အဓိက ဘာသာသင် ကျောင်းသား။

"အရေးအခင်း ဖြစ်တဲ့အခါတိုင်းမှာ ခင်ဗျားတို့က ချင်းတပ်ရင်း တံဆိပ်နဲ့ စစ်ဝတ်စုံတွေ ဝတ်ဆင်ထားတဲ့ တပ်တွေကို လွှတ်ပြီးတော့ ဆန္ဒပြသူတွေကို ပစ်ခတ်နှိမ်နင်းစေတဲ့အခါမှာ ချင်းတွေက သူတို့ကို သတ်တာဆိုပြီး ပြည်သူပြည်သားတွေ ထင်မြင်လာကြတယ်။ ဒါဟာ အင်မတန် ကောက်ကျစ်တဲ့နည်းလမ်းကို သုံးပြီးတော့ တိုင်းရင်းသားတွေ အချင်းချင်း ကြားထဲမှာ သွေးကွဲအောင်၊ မုန်းတီးမှုတွေ ဖြစ်လာအောင် လုပ်တာဘဲဗျ။ အဲဒီလိုမျိုး လုပ်ရပ်တွေကို ချက်ချင်း ရပ်တန်းက ရပ်ပေးဖို့ တောင်းဆိုလိုပါတယ်။"– ဆလိုင်း ကစ်ခိုလျံ၊ ဗိသုကာပညာ အဓိက ဘာသာသင် ကျောင်းသား။

ကျောင်းသူကျောင်းသားပေါင်း (၃၀)ခန့်က စစ်အစိုးရအပေါ် ၄င်းတို့၏ မကျေနပ်ချက်များကို ပြင်းပြင်းထန်ထန် ထုတ်ဖေါ်ပြောဆိုကြသည်။ ထို့ကြောင့် မဆလ၏ အတုအယောင် ဆွေးနွေးပွဲသည် ကျောင်းသူကျောင်းသားများက စစ်အစိုးရ ပြောင်ပြောင်တင်းတင်း ဝေဖန်ပြောဆိုသော၊ ဒီမိုကရေစီရေးအတွက် တောင်းဆိုသော ဆွေးနွေးငြင်းခုံမှုတစ်ခု ဖြစ်လာခဲ့သည်။ ဇာတ်ခုံပေါ်ရှိ လူကြီးမင်းများမှာ ဘာတစ်ခွန်းမှ မဟနိုင်ခဲ့။

နောက် ဆွေးနွေးပွဲတစ်ခုကို ဆက်သွားမည်ဆိုလျှင်လဲ ကျောင်းသူကျောင်းသားများ၏ အမျက်ဒေါသကို ထပ်မံ တွေ့ကြုံရနိုင်သောကြောင့် ဝန်ကြီးက သမိုင်းကောလိပ် ဆွေးနွေးပွဲကို ဖျက်ခိုင်းလိုက်သည်။ သမိုင်းကောလိပ်ရှိ ကျောင်းသူကျောင်းသားများမှာမူကား ဆွေးနွေးပွဲ ကျင်းပမည့် အားကစားခန်းမထဲတွင် ဝန်ကြီးဖြစ်သူကို တမျှော်မျှော်။ ဝန်ကြီးက ဆွေးနွေးပွဲ လာမတက်တော့ကြောင်း အကြောင်း ကြားလိုက်သောအခါ ၄င်းတို့ အလွန်အမင်း စိတ်ပျက်သွားခဲ့ရသည်။ ထိုအချိန်တွင် ကိုတင်မောင်ဦးက အားကစားခန်းမထဲသို့ ဝင်လာပြီး အလွန် ထိရောက်မှုရှိသော မိန့်ခွန်းတစ်ခုကို စတင် ပြောကြားလေသည်။ ကျောင်းသူကျောင်းသားများ အားလုံးကလည်း သူ့ကို တွေ့တွေ့ချင်း မှတ်မိသွားကြပြီး ယခုကဲ့သို့ ကျောင်းသူကျောင်းသား များ၏ အလယ်တွင် သူ့ကို ရုတ်တရက် ပြုံးစားကြီး တွေ့လိုက်ရဖြင့် လွန်မင်းစွာ အံ့ဩသင့်နေကြသည်။ ဦးသန့် အရေးအခင်း ကတည်းက ပျောက်သွားခဲ့သော ကိုတင်မောင်ဦးသည် ယခု ၄င်းတို့၏ ရှေ့မှောက်၌ မိန့်ခွန်းပြောကြားနေပြန်ပေပြီ။

ဝန်ကြီးက အစဉ်းအဝေးကို ယခုကဲ့သို့ ဖျက်သိမ်းလိုက်ခြင်းမှာ အရှက်သိက္ခာမရှိသော လုပ်ရပ်တစ်ခု ဖြစ်ကြောင်း ကိုတင်မောင်ဦးက စတင်ပြောဆိုသည်။ မြန်မာ့ ဆိုရှယ်လစ် အစိုးရသည် ကျောင်းသူကျောင်းသားများ၏ ခံစားချက်များကိုသာ မကဘဲ တနိုင်ငံလုံးရှိ ပြည်သူလူထု၏ ဒုက္ခခံစားမှုများကို အလေးမထားကြောင်း၊ တိုင်းပြည်၏ ကျောရိုး မဏ္ဍိုင်များ၊ ပြည်သူ လူထု၏ အမိအဖများဖြစ်သော အလုပ်သမားတို့၏ ဆန္ဒပြပွဲများကို လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလ(၁၃)ရက်နေ့တွင် အစိုးရက ကြင်နာမှု ကင်းမဲ့စွာဖြင့် နှိမ်နင်းသတ်ဖြတ်ခဲ့ကြောင်း၊ ကျောင်းသား သမိုင်းကို ပြန်ကြည့်မည် ဆိုလျှင် ကိုလိုနီနှင့် ဖက်ဆစ်ဝါဒတို့ ကြီးစိုး နေစဉ် ခေတ်ကာလများ ကတည်းက စတင်ကာ တိုင်းပြည်က လိုအပ်လာသည့် အချိန်တိုင်းတွင် ကျောင်းသူ ကျောင်းသား များသည် ရှေ့တန်းမှနေ၍ အမြဲတစေ စွမ်းစွမ်းတမံ လုပ်ဆောင်လာခဲ့ကြကြောင်း များနှင့် ကိုတင်မောင်ဦးက ရှင်းလင်းဟော ကြားပြီး ကျောင်းသားသမိုင်းကိုလည်း ပြန်လည် အမှတ်ရစေသည်။ ကျောင်းသူကျောင်းသားများသည် တရားမျှတမှု အတွက် ဆိုလျှင် ရဲဝံ့စွာဖြင့် ကိုယ်ကျိုးမဖက်ဘဲ ရပ်တည်လှုပ်ရှားပေးနေလာခဲ့သည်များကို ထောက်ပြခြင်းဖြင့် ၄င်းတို့၏ စိတ်ဓါတ်များ ခိုင်မာလာစေရန် မြှင့်တင်ပေးသည်။ ထို့နောက် ကိုတင်မောင်ဦးက အလုပ်သမား အရေးအခင်းတွင် ကျဆုံးသွားခဲ့ရသော အလုပ်သမား များနှင့် ကျောင်းသူကျောင်းသားများ အပါအဝင် ထောင်ကျခံနေရသူများ အားလုံးအတွက် (၁)နှစ်ပြည့်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ပြုလုပ်ကြမည်ဟု ၄င်းတို့အား နှိုးဆော်လိုက်သည်။

ကိုတင်မောင်ဦး၏ စကားလုံးများသည် အားကစားခန်းမအတွင်းရှိ ကျောင်းသူကျောင်းသားများ၏ ရင်ထဲသို့ စူးနစ် ဝင်ရောက်သွားပြီး အားလုံးက စိတ်ပါအားရ လက်ခုပ်လက်ဝါးများ တီး၍ အော်ဟစ်ကာ ကိုတင်မောင်ဦးကို အပြည့်အဝ ထောက်ခံကြသည်။ ထို့နောက် သူက ကျောင်းသူကျောင်းသားများအား “သမိုင်း ချည်မျှင် စက်ရုံမှာ ကျနော်တို့ အားလုံး အလုပ်သမားတွေနဲ့ သွားပူးပေါင်းကြမယ်။ အလုပ်သမား အရေးအခင်း (၁)နှစ်ပြည့်တဲ့ နှစ်ပတ်လည် အထိမ်းအမှတ်ကို သူတို့နဲ့အတူ ကျင်းပကြမယ်။”ဟု ဟစ်ကြွေးပြီး ကျောင်းသူကျောင်းသားများကို အားကစားခန်းမထဲက ဦးဆောင်ခေါ်ထုတ် လာခဲ့သည်။ သမိုင်းကောလိပ် လမ်းတလျှောက်တွင် တည်ရှိသော အုတ်တံတိုင်းဆီသို့ ခေါ်ဆောင်သွားခြင်းပါ။ ကောလိပ်ဝင်း အတွင်းရှိ မေခ ခန်းမဆောင် နောက်ကျောသို့ ရောက်သောအခါ သူက ကျောင်းသူကျောင်းသားများအား အစိုးရက ဤ အုတ်တံတိုင်းကို ဆောက်ထားရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောပြသည်။ အလုပ်သမားတို့ နေ့စဉ်တွေ့ကြုံ ခံစားနေရသော အတိဒုက္ခ အခြေအနေများကို ကျောင်းသူကျောင်းသားများ မမြင်တွေ့နိုင်စေရန်ရည်ရွယ်ကာ ၄င်းတို့ကို အုတ်တံတိုင်းဖြင့် ခြားနားခဲ့ခြင်း ဖြစ်ကြောင်း ရှင်းပြသည်။ ထို့ကြောင့် ဤအုတ်တံတိုင်းကို ဖြိုချသင့်သည် ဟုဆိုကာ ကိုတင်မောင်ဦးက စတင်၍ အနီးအနားရှိ သစ်တုံးရှည်ကြီးတစ်တုံးကို ယူလိုက်လေသည်။ လျှပ်စစ်မီးကြိုးတိုင် လုပ်ရန်အတွက် ချထားသော သစ်တုံးပင်။ ဤတွင် အခြားကျောင်းသား အယောက်(၂၀)ခန့်ကလည်း စိတ်ပါလက်ပါ ဝိုင်းကူမပေးကြပြီး ထိုသစ်တုံးဖြင့် အုတ်တံတိုင်းကို အရှိန်ပြင်းပြင်း ဝင်ဆောင့်သည်။ အစပိုင်းတွင် ကိုတင်မောင်ဦးနှင့် ကျောင်းသားအချို့က သာလျှင် အုတ်တံတိုင်းကို ဖြိုရန် ကြိုးပမ်းနေကြခြင်းကြောင့် ၄င်းတို့၏ လုပ်ရပ်မှာ အရာမထင်ခဲ့။ ကိုတင်မောင်ဦးနှင့်အတူ ကျောင်းသားအယောက် (၂၀)သည် အားကုန်စိုက်ထုတ်ကာ အုတ်တံတိုင်းကို သစ်လုံးဖြင့် နောက်ထပ်တစ်ကြိမ် ဝင်ဆောင့်

ပြန်သည်။ ဤတွင် အလုပ်သမားများနှင့် မိမိတို့အကြား ကန့်သတ်ခြားနားထားသော အုတ်တံတိုင်းကြီးကို ကိုတင်မောင်ဦးနှင့် ကျောင်းသားအချို့တို့က ဖွဲနပန်းကြီးစွာဖြင့် အားကုန်သုံး၍ ဖြိုလှဲဖျက်ဆီးပစ်ရန် ကြိုးပမ်းနေကြသော မြင်ကွင်းကိုကြည့်ကာ အခြားသော ကျောင်းသူကျောင်းသားများသည်လည်း အလွန်အမင်း စိတ်အားထက်သန်လာကြပြီး မဆိုင်းမတွပင် သစ်လုံးကြီး ကို ဝိုင်းကူမပေးကြသည်။ ဤသို့ဖြင့် အုတ်တံတိုင်းကို ဖြိုရန်အတွက် ကြိုးပမ်းအားထုတ်နေသော ကျောင်းသူကျောင်းသား များမှာ အယောက်(၂၀)ထက် မကတော့။ ၎င်းတို့ကို ဝိုင်းကြည့်နေကြသော ကျောင်းသူကျောင်းသားများကလည်း လက်ခုပ် လက်ဝါးတီး၍ အော်ဟစ်အားပေးကြသည်။ အစိုးရ ဆန့်ကျင်ရေး ဆောင်ပုဒ်များကို အသံကုန် ဟစ်ကြွေး ကြလေသည်။

တချိန်တည်းမှာပင် အုတ်တံတိုင်း၏ အခြားတဖက်တွင် ရှိသော အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ ကလည်း ကျောင်းသူကျောင်းသားတို့၏ ဆူညံသံများကို အတိုင်းသားကြားနေခဲ့ရသည်။ ယနေ့အချိန်အခါသည် အလုပ်သမား အရေးအခင်း နှစ်ပတ်လည်နေ့ ဖြစ်သည်နှင့်အညီ ကျောင်းသူကျောင်းသားများက တစုံတခုလုပ်ရန် ကြိုးပမ်းနေကြကြောင်းကို အလုပ်သမားမိသားစုဝင်များက ချက်ချင်း ရိပ်မိလိုက်သည်။ ဤသို့ဖြင့် ၎င်းတို့သည် အုတ်တံတိုင်း၏ အခြားတဖက်တွင် ဖြစ်ပျက်နေသည်များနှင့် စပ်လျဉ်း၍ စက်ရုံဝင်းတစ်ခုလုံးရှိ အလုပ်သမားများထံသို့ သတင်းလွှင့်လိုက်ကြသည်။ စက်ရုံအတွင်း တွင် အလုပ်ဆင်းနေကြသေးသော လုပ်သားများကလည်း ပြင်ပ၌ ဖြစ်ပျက်နေသည်များကို သိချင်ဇောဖြင့် မိမိတို့၏ ဆိုင်ရာ အလုပ်များကို တတ်နိုင်သမျှ အမြန်ဆုံး ပြီးအောင် လုပ်ကြသည်။ အုတ်တံတိုင်း၏ တဘက်ခြမ်းစီတွင် ရှိနေသော သာမန် ပြည်သူများကလည်း တဖြည်းဖြည်း လာရောက်ပူးပေါင်းကြပေပြီ။ ဤသို့ဖြင့် အလုပ်သမား ဘက်ခြမ်းတွင် ရှိနေသော လူအုပ်ကြီးမှာ အဆမတန် ကြီးမားလာပြီး ကျောင်းသူကျောင်းသားများကို အော်ဟစ် အားပေးကြလေသည်။ ဤအုတ်တံတိုင်း ကို ၎င်းတို့ မုန်းတီးသည်။ အရုပ်ဆိုး အကျည်းတန်လှသော ဤအုတ်တံတိုင်းကြောင့်ပင် ၎င်းတို့က ကျောင်းဝင်းအတွင်း ထမင်းဆိုင်ဖွင့်၍ ရောင်းချခြင်း မပြုနိုင်တော့သည် မဟုတ်လော။ တိုင်းပြည်အတွင်း၌ နဂိုကတည်းကမှ စီးပွားရေး ကျပ်တည်း နေရသည့် အချိန်တွင် ဤအုတ်တံတိုင်းကြီးက ၎င်းတို့၏ အခြေအနေများကို ပို၍သာ ဆိုးရွားစေခဲ့သည်။

ကျောင်းသူကျောင်းသားများ၊ အလုပ်သမား မိသားစုဝင်များနှင့် ပြည်သူတို့၏ အမျက်ဒေါသ ကြီးထွားလာသည်နှင့် အမျှ နောက်ဆုံးတွင် အုတ်တံတိုင်းကြီးမှာ ၎င်းတို့၏ ရှေ့မှောက်တွင် ပြိုလဲပျက်စီးသွားရလေသည်။ တိုင်းပြည်၏ အနာဂတ် မျိုးဆက်သစ် တက္ကသိုလ် ကျောင်းသားလူငယ်များသည် တိုင်းပြည်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော အခြေခံလူတန်းစား အလုပ်သမားများနှင့် မိသားစုဝင်များကို ပြန်လည် ပေါင်းစည်းနိုင်ကြပေပြီ။ သမိုင်းကောလိပ်လမ်းပေါ်တွင် လူအုပ်ကြီး နှစ်အုပ် ပေါင်းစည်းမိသွားပြီး အခြားသော ဒေသခံ ပြည်သူများကလည်း လာရောက် ပူးပေါင်းကြသည်။ ကိုတင်မောင်ဦးသည် များသထက် များလာသော လူအုပ်ကြီးအား သမိုင်းကောလိပ်လမ်းက တဆင့် အလုပ်သမားတန်းလျားကို ဖြတ်ကာ စက်ရုံ တံခါးပေါက်များ ရှိရာဆီသို့ တိုက်ရိုက် ဦးဆောင်ခေါ်သွားသည်။

စက်ရုံ အနောက်ဘက်တွင် တည်ရှိသော အင်းစိန်လမ်းနှင့် အလုပ်သမား အိမ်ယာများ၏ အရှေ့ဘက်တွင် တည်ရှိသော သမိုင်းကောလိပ်လမ်း တို့အကြားရှိ အတော်ပင် ဧရိယာကျယ်ဝန်းသော မြေနေရာတွင် သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံနှင့် အလုပ်သမား အိမ်ယာများ တည်ရှိနေသည်။ အလုပ်သမားအိမ်ယာများက စက်ရုံ၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ သမိုင်းကောလိပ်လမ်း တလျှောက်တွင် အုတ်တံတိုင်းကြီးက အလုပ်သမား အိမ်ယာများကို ပိုင်းခြားထားခြင်း ဖြစ်သည်။ အင်းစိန်လမ်းအနီးတွင် ရာပေါင်းများစွာသော အလုပ်သမားများ အလုပ်ပြီးခါစ အချိန်ဖြစ်ပြီး စက်ရုံကနေ အလုပ်သမားများ ပြန်ထွက်လာကြပြီဖြစ်သည်။ ၎င်းတို့ အလုပ်မဆင်းမီကတည်းကပင် အပြင်ဘက်၌ ဖြစ်ပျက်နေသော ရုတ်ရုတ်သဲသဲ အခြေအနေများ အားလုံးကို ကြားသိခဲ့ရပြီးဖြစ်ကာ အပြင်ဘက်တွင် ဆူပူမှုများ ဆက်ဖြစ်နေဦးမည်ကို ၎င်းတို့က အတတ် သိနေခဲ့ကြသည်။ လွန်ခဲ့သည့်နှစ် ဒီကနေ့ဒီရက်တွင် စက်ရုံ အပြင်ဘက် အင်းစိန်လမ်းမပေါ်၌ အလုပ်သမားများ သတ်ဖြတ် ဖမ်းဆီးခြင်း ခံခဲ့ရသည့် အခြေအနေများကို ယနေ့တိုင် မြင်ယောင်နေသေးသည်။ အပြင်ဘက်၌ ယခုကဲ့သို့သော ဆန္ဒပြပွဲများ ထပ်မံ ဖြစ်ပျက်နေသည်ကို ကြားသိလိုက်ရသောအခါ ၎င်းတို့ အံ့သြ မဆုံးနိုင်ခဲ့။ မိမိတို့၏ ကိုယ်စီအလုပ်များကို မြန်မြန်ပြီး အောင်လုပ်ကာ အပြင်ထွက်သွား ကြည့်လိုစိတ်ကို မနဲထိန်းထားခဲ့ရသည်။ စက်ရုံထဲတွင် အလုပ်လုပ်ရင်းက တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ရှင်လန်းတက်ကြွနေခဲ့ကြသည်။ ကြက်သီးမွေးညင်းများ ထလာသည်။ အထူးသဖြင့် ယခုလို နေ့ရက်မျိုး တွင် ဤကဲ့သို့ နောက်တစ်ကြိမ် ထပ်ဖြစ်လာမည်ကို ၎င်းတို့ မျှော်လင့်မထားခဲ့။ အပြင်ဘက်က အခြေအနေများကို ၎င်းတို့ တွေ့ကြုံခဲ့ဘူးကြသလိုပင်။

၎င်းတို့အလုပ်ဆင်း၍ စက်ရုံတံခါးပေါက်များမှ အသီးသီး ထွက်လာချိန်တွင် အပြင်ဘက်၌ ထောင်ချီသော ဆန္ဒပြလူအုပ်ကြီးကို တွေ့လိုက်ရသည်။ အလုပ်သမားများက ထိုဆန္ဒပြသူများဆီသို့ လာရောက်ပူးပေါင်းကြခြင်းကြောင့် လူအုပ်ကြီး ကလည်း ကျေနပ်အားရကာ လက်ခုပ် တဖြောင်းဖြောင်းတီးကြလေသည်။ ဤတွင် ကိုတင်မောင်ဦးနှင့် အတူ အခြားသော ကျောင်းသားခေါင်းဆောင်အချို့နှင့် အလုပ်သမားတို့က မိန့်ခွန်းများ ပြောကြားကြသည်။ ဆူဆူညံညံ ပျားပန်းခပ် နေသော လူအုပ်ကြီးအတွင်းတွင်လည်း လူဦးရေ ထောင်သောင်းမက တိုးပွားလာသည်။

သမိုင်းကောလိပ် အားကစားရုံ၌ ကိုတင်မောင်ဦး မိန့်ခွန်း စပြောပြီး နောက် (၂)နာရီ (၃)နာရီ ကြာသောအခါ ၎င်းတို့နှင့် လာရောက်ပူးပေါင်းကြသူ လူဦးရေ သောင်းကျော်သွားခဲ့ပြီး ၎င်းတို့အားလုံးသည် စစ်အစိုးရကိုဆန့်ကျင်သော ဆန္ဒပြပွဲများ ပြုလုပ်ကြလေသည်။ ဤနည်းဖြင့် ၎င်းတို့က စစ်အစိုးရကို တိုက်ရိုက် ဆန့်ကျင်တော်လှန်နေကြခြင်းဖြစ်သည်။ သို့သော် စစ်အစိုးရကလည်း ဤကဲ့သို့သော ဆန္ဒပြပွဲများကို လုံးဝ လက်သင့်မခံ။ နေဝင်း အာဏာသိမ်းပြီး ကတည်းက စတင်ကာ အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို နေ့ညမပြတ် ဆက်တိုက် နှိမ်နင်းလာခဲ့ပေသည်။ ၁၉၆၂ခုနှစ်၌ အာဏာရ ပြီးပြီးချင်းတွင် ကျောင်းသားသမဂ္ဂအဆောက်အအုံကို ဗုံးခွဲဖျက်ဆီးကာ ရာပေါင်းများစွာသော ကျောင်းသူကျောင်းသားများကို သတ်ဖြတ်ခဲ့သည်။ ထို့ပြင် လွန်ခဲ့သော (၁)နှစ် ကဖြစ်ပွားခဲ့သော အလုပ်သမား အရေးအခင်းနှင့် လွန်ခဲ့သော (၆)လက ဖြစ်ပွားခဲ့သော ဦးသန့် အရေးအခင်း ဆန္ဒပြပွဲများကို ရက်ရက်စက်စက် နှိမ်နင်းခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့သော နေဝင်းကို

တိုက်ရိုက်ဆန့်ကျင်သည့် ဆန္ဒပြပွဲများအပေါ်တွင် ကြီးစွာသော အန္တရာယ်များ ကျရောက်လာနိုင်သော်လည်း လူထုက နောက်တွန့်ခြင်း အလျဉ်းမရှိသည်ကို သုံးသပ်ကြည့်မည်ဆိုလျှင် ဆန္ဒပြသူများသည်၏ အမျက်ဒေါသ မည်၍မည်မျှ ကြီးမားကြောင်းကို ပြသနေပေသည်။ အမှန်တရားအတွက် ကြိုးပမ်းအားထုတ်နေခြင်းကို သေနတ် ကျည်ဆံများဖြင့် နှုတ်ပိတ်၍ မရနိုင်။ သေနတ်ကျည်ဆံများကြောင့် အမှန်တရားအတွက် တောင်းဆိုသံများ ပို၍သာ ကျယ်လောင်လာပေသည်။

## ရန်ကုန်မြို့၊ အမေရိကန်သံရုံးနှင့် အင်းစိန် မြို့နယ် များရှိ ဆန္ဒပြပွဲများ။

ကိုတင်မောင်ဦးသည် လူအုပ်ကြီးကို ရန်ကုန်စက်မှုတက္ကသိုလ်သို့ ဦးဆောင်ခေါ်သွားသည်။ ရန်ကုန်စက်မှုတက္ကသိုလ်သည် မြန်မာနိုင်ငံရှိ ပုန်ကန်အုံကြွမှု အများဆုံးဖြစ်ပွားရာ နေရာများထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ အင်းစိန်လမ်းမှ ရန်ကုန် စက်မှုတက္ကသိုလ်သို့ သွားရသော ခရီးမှာ (၁)မိုင်ခွဲခန့်ရှိပြီး လူအုပ်ကြီးသွားရာ လမ်းတလျှောက်တွင် ဆူညံသံများ ပဲ့တင်ထပ်နေသည်။ အနီးအနားဝန်းကျင်ရှိ ဒေသခံ လူထုကလဲ လူအုပ်ကြီးဆီသို့ တစ်ယောက်ပြီးတစ်ယောက် တက်ကြွမှု အပြည့်ဖြင့် လာရောက်ပူးပေါင်းကြသည်။ လမ်းခရီး၌ တခဏတာ နားနေချိန်များတွင်လည်း ဟောပြောပွဲများကိုလဲ ပြုလုပ်ကြသည်။ ထို့ကြောင့် ရန်ကုန် စက်မှုတက္ကသိုလ်သို့ ရောက်ရန်အတွက် (၁)နာရီကျော် ကြာသွားခဲ့သည်။ စက်မှုတက္ကသိုလ်သို့ ရောက်သောအခါ စက်မှုကျောင်းသားများကလည်း ဆန္ဒပြသူများနှင့် ချက်ချင်းလာရောက် ပူးပေါင်းကြသည်။

ရန်ကုန်စက်မှုတက္ကသိုလ် ရောက်ပြီးသောအခါတွင် ၄င်းတို့သည် လာရာလမ်းအတိုင်း ပြန်လှည့်ကြကာ သမိုင်း ကောလိပ်ဝင်းကို ဖြတ်ပြီး ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်သို့ ရောက်သည်အထိ ချီတက်ခဲ့ကြသည်။ တက္ကသိုလ်အတွင်းရှိ ဘွဲ့နှင်းသဘင် ခန်းမသို့ သွားခြင်းဖြစ်သည်။ ဆရာဆရာမများက တားမြစ်နေသည့် ကြားကပင် ကျောင်းသူကျောင်းသားများ သည် ဘွဲ့နှင်းသဘင်ခန်းမထဲ၌ ဝင်ရောက်နေရာယူလိုက်ကြသည်။ ကျောင်းသားများ၏ လုပ်ရပ်များအတွက် အစိုးရက ဆရာ ဆရာမများအပေါ် အပြစ်ပုံချလာမည်ကို စိုးရိမ်သောကြောင့်ပင်။ ကျောင်းသူကျောင်းသားများက ၄င်းတို့ထံတွင် ဆရာဆရာမ များအပေါ် တစုံတရာ အညှိုးအတေး မရှိကြောင်းနှင့် စစ်အစိုးရကို ဆန့်ကျင်လို၍သာ ဤကဲ့သို့ ပြုလုပ်ရခြင်း ဖြစ်ကြောင်း ရှင်းပြကြသည်။ ဤသို့ဖြင့် ဘွဲ့နှင်းသဘင် ခန်းမသည် အရေးအခင်း၏ ဌာနချုပ်တစ်ခု ဖြစ်လာခဲ့သည်။

ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီးထဲတွင် လူဦးရေ အတော်များများ ဝင်ဆံ့သည်။ ဘွဲ့ ပေးအပ်ခြင်း အခမ်းအနားများကို ပြုလုပ်ရန်ဖြစ်စေ၊ အခြားသော အရေးပါသည့် ပွဲလမ်းသဘင်များကို ပြုလုပ်ရန်ဖြစ်စေ ဤခန်းမဆောင်ကို အသုံးပြုလေ့ရှိသည်။ ခန်းမဆောင်၏ နံရပ်တစ်ခုပေါ်တွင် ဓါတ်ပုံကားကြီးများကို ချိတ်ဆွဲထားသည့်အနက် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံလည်း ပါဝင်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့ သမိုင်းတွင် အထင်ရှားဆုံးသော သူရဲကောင်းတစ်ဦးဖြစ်ပြီး ဗြိတိသျှနှင့် ဂျပန်တို့၏ လက်အောက်က လွတ်မြောက်ရေးအတွက် ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ နဘေးတွင် ချိတ်ဆွဲ

ထားသည်က နေဝင်း၏ ရုပ်ပုံပင်။ ဤတွင် ကျောင်းသားများက နေဝင်း၏ ရုပ်ပုံကို နံရံပေါ်က ဆွဲချရန် ကြိုးစားကြသည်။ သို့သော်လည်း သူ့ရုပ်ပုံမှာ နံရံအမြင့်ပေါ်၌ ရှိနေသောကြောင့် ကျောင်းသားများ လက်လှမ်းမမှီနိုင်ကြ။ ထို့ကြောင့် ၎င်းကို ပြုတ်ကျလာစေရန်အတွက် ကျောက်ခဲများဖြင့် ပစ်ပေါက်ကြသည်။ သို့သော် ရုပ်ပုံကို နံရံတွင် အတော်လေးခိုင်မြဲအောင် တပ်ထားသဖြင့် ရုပ်ပုံ၏ မှန်သာ ကွဲသွားသော်လည်း ရုပ်ပုံကမူ တုတ်တုတ်မျှ မလှုပ်။ နောက်ဆုံးတွင် ကျောင်းသားများက စားပွဲနှင့် ကုလားထိုင်များကို နံရံတွင်မှီကာ အဆင့်ဆင့် တင်လိုက်ကြသည်။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသား ကိုအောင်စောဦးက စားပွဲနှင့် ကုလားထိုင်များပေါ်သို့ သတိထား၍ တဆင့်ချင်းတက်သွားပြီး နေဝင်း၏ ဓါတ်ပုံကို ကိုင်လိုက်သည်။ ထို့နောက် ဓါတ်ပုံကို ဖြုတ်ပြီး ခေါင်းပေါ်တွင် ဦးစွာကိုင်မြှောက်ကာ ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေသည်။ ကျောင်းသူကျောင်းသား များကလည်း ၎င်းကိုကြည့်၍ လက်ခုတ်သြဘာများ ပေးကြသည်။ ကိုအောင်စောဦးက ခုံများပေါ်မှ ဆင်းလာ၍ ကြမ်းပြင် ပေါ်သို့အရောက်တွင် ကိုတင်မောင်ဦး သူ့ဆီ လျှောက်လှမ်းသွားကာ လက်ဆွဲနှုတ်ဆက်လိုက်ပြီး ''ကျနော် တင်မောင်ဦး ပါ။ ခင်ဗျား လုပ်လိုက်တာ သိတ်ကောင်းတယ်''ဟု ချီးကျူးသည်။

နေဝင်း၏ ရုပ်ပုံကို ကျောင်းသားများက ကိုင်ကြည့်သောအခါ ၎င်းသည် သာမာန်ဓါတ်ပုံ စာရွက်ဖြင့်သာ လုပ်ထားခြင်း မဟုတ်ဘဲ ပိုးချည်သား အကောင်းစားတစ်မျိုးဖြင့် လုပ်ထားကြောင်းကို သိလိုက်ရသည်။ တရုတ်အစိုးရက နေဝင်းကို လက်ဆောင်ပေးထားခဲ့သော ပုံတူပန်းချီကား တစ်ခုပင်။ ကျောင်းသားများက စိတ်အားထက်သန်စွာဖြင့် အဆိုပါ ပိုးချည်သား ပုံတူပန်းချီကားကို ဝိုင်းဖြဲပြီး ၎င်း၏ အပိုင်းအစများကို အမှတ်တရပစ္စည်းအနေဖြင့် ယူထားလိုက်ကြသည်။

ထိုနေ့တွင် ကျောင်းသားအများစုမှာ ကျောင်းဝင်းထဲ၌ပင် အိပ်လိုက်ကြသည်။ ဘွဲ့နှင်းသဘင် ခန်းမဆောင်ထဲ အိပ်သူက များသည်။ ကိုတင်မောင်ဦးကိုမူ သူငယ်ချင်းတယောက်က သူ၏ ဘောဒါဆောင်အခန်းထဲသို့ လျှို့ဝှက်ခေါ်ဆောင်သွားကာ တစ်ညအိပ်စေခဲ့သည်။

## သံရုံးသို့ ချီတက်ခြင်း

နောက်တစ်နေ့ ဖွန်လ(၇)ရက်နေ့တွင် ကိုတင်မောင်ဦးသည် ကျောင်းသူကျောင်းသားများနှင့်အတူ ရန်ကုန်မြို့လယ်သို့ ချီတက်နိုင်ရန်အတွက် အစီအစဉ်များ ပြုလုပ်သည်။ မြို့ထဲက လွတ်လပ်ရေး ကျောက်တိုင် တည်ရှိရာ မဟာဗန္ဓုလပန်းခြံသို့ သွားရောက်ကြရန်ဖြစ်သည်။ မဟာ ဗန္ဓုလပန်းခြံ၏ တစ်လမ်းကျော်တွင် အမေရိကန် သံရုံး တည်ရှိသည်။ ကိုတင်မောင်ဦး ၏ ရည်ရွယ်ချက်မှာ အမေရိကန် သံရုံးက ၎င်းတို့၏ လုပ်ရပ်များကို သတိပြုလာနိုင်စေရန်အတွက် ဖြစ်သည်။ ထို့ကြောင့်လည်း မဟာဗန္ဓုလ ပန်းခြံသည် ၎င်းတို့ လုပ်မည့် ဆန္ဒပြပွဲအတွက် အသင့်တော်ဆုံးနေရာဖြစ်သည်ဟု သူက ဆုံးဖြတ်ခဲ့ခြင်းပင်။ ထို့ပြင် ကိုတင်မောင်ဦးက ကျောင်းသား အချို့ကို ကြံ့တာသုသာန်သို့ လျှို့ဝှက် စေလွှတ်လိုက်ပြီး အခေါင်းနှစ်ခု ပန်းခြံသို့

အမြန်ဆုံး ယူဆောင်လာရန်အတွက် မှာကြားလေသည်။ အခေါင်းများကို ဂျစ်ကားတစ်စီးပေါ်တွင် တင်လာရန် စီစဉ်ပေးလိုက်သည်။

ဤသို့ဖြင့် လူအုပ်ကြီးသည် ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် မှတဆင့် (၅)မိုင်ခွဲခန့် ကွာဝေးသော မဟာဗန္ဓုလ ပန်းခြံဆီသို့ စတင်ချီတက်ကြလေသည်။ ရန်ကုန်မြို့ရှိ လူတန်းစားမျိုးစုံ ပါဝင်သည့် ထောင်သောင်းမကသော လူအုပ်ကြီးသည် လမ်းမပေါ်များကနေ၍ မဟာ ဗန္ဓုလ ပန်းခြံ ရှိရာဆီသို့ ရဲရင့်မှုအပြည့်ဖြင့် လျှောက်လှမ်းသွားကြခြင်း ဖြစ်သည်။ အရေးအခင်း၏ အရှိန်အဟုန် အမြင့်မားဆုံးအချိန် ဖြစ်သည်။ အလုပ်သမား အရေးအခင်းကို နှိမ်နင်းပြီး (၁)နှစ်အကြာတွင် ဤကဲ့သို့သော ဆန္ဒပြပွဲများ ဖြစ်ပေါ်လာသောအခါ နေဝင်း တုန်လှုပ်ခြောက်ခြားသွားခဲ့သည်။ လူအုပ်ကြီးသည် လမ်းမပေါ်တွင် ချီတက်ရင်းက အစိုးရဆန့်ကျင်ရေး ဆောင်ပုဒ်များကို သံပြိုင် ဟစ်ကြွေးကြလေသည်။ ကျောင်းသူကျောင်းသားများက အစိုးရဆန့်ကျင်ရေး လက်ကမ်းစာစောင်များကို ဆန္ဒပြပွဲတွင် ပါဝင်သူများအား ဖြန့်ဝေပေးခြင်း ရှေ့က တိုင်ပေးသူ နောက်က လိုက်ဆိုသူများ စည်းစနစ်ရှိရှိ အတိုင်အဖေါက်ညီလာစေရန်အတွက် စီစဉ်ဆောင်ရွက်သည်။ လူအုပ်ကြီးထဲရှိ တစ်ယောက်က "မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ"ဟု အော်ရာတွင် ၎င်း၏ အနီးအနားဝန်းကျင်ရှိ လူများကလည်း "အလိုမရှိ၊ အလိုမရှိ"ဟူ၍ သံပြိုင်ဟစ်ကြွေးကြသည်။ စန်းယုသည် နေဝင်းပြီးလျှင် ဒုတိယခေါင်းဆောင်ဖြစ်သည်။ ထို့ကြောင့် တစ်ယောက်က "နေဝင်းနဲ့ စန်းယု"ဟု အော်ရာတွင် ၎င်း၏ အနီးအနားဝန်းကျင်ရှိ လူများကလည်း "အလိုမရှိ၊ အလိုမရှိ" ဟူ၍ ဟစ်ကြွေးကြသည်။ လူအုပ်ကြီးအတွင်းတွင် ထိုကဲ့သို့သော အတိုင်အဖေါက်များကို စနစ်တကျ ပြုလုပ်ကြသည်။ လူအုပ်ကြီး အတွင်းရှိ အုပ်စုငယ်များ အသီးသီးကို လူတစ်ယောက်စီက ဦးဆောင်တိုင်ပေးသည်။

လူထု၏ ယခုကဲ့သို့သော တုန့်ပြန်မှုကြောင့်သော် လည်းကောင်း၊ ကိုတင်မောင်ဦးက တဖန်ပြန်၍ ၎င်းတို့ကို ဦးဆောင်နေခြင်းကြောင့် သော်လည်းကောင်း စစ်ထောက်လှမ်းရေးများ အထိတ်တလန့် ဖြစ်သွားခဲ့ရသည်။ ကိုတင်မောင်ဦးကို ဦးသန့် အရေးအခင်း ကတည်းက မြေလှန်ရှာဖွေလာခဲ့သော်လည်း အရိပ်အရောင်ကိုမျှ မတွေ့ခဲ့။ ယခု သူက ဆန္ဒပြလူအုပ်ကြီးကို ပြန်လည်ဦးဆောင်နေပေပြီ။ ထို့ကြောင့် သည်တစ်ကြိမ်တွင်တော့ သူ့ကို အလွတ်မပေးရန် ထောက်လှမ်းရေးများက တေးထားခဲ့ကြသည်။

ကိုတင်မောင်ဦးသည် သတ္တိရှိသည့် အခြား ကျောင်းသားများနှင့် ရင်ဘောင်တန်းကာ လူအုပ်ကြီး၏ ရှေ့ဆုံးက ချီတက်သည်။ သူ၏ အနီးဝန်းကျင်တွင် အရပ်သားများကဲ့သို့ ဝတ်စားဆင်ယင်ထားသည့် (၁၀)ဦး (၁၅)ထက် မနဲသော သူလျှိုထောက်လှမ်းရေးများသည် ဆန္ဒပြလူအုပ်ကြီးထဲတွင် လိုက်ပါချင်ယောင်ဆောင်၊ လူအုပ်ကြီးနှင့် အတူ ကြွေးကြော်သံများကို ဟစ်ကြွေးခြင်းဖြင့် လိုက်ပါလာကြသည်ကို ကိုတင်မောင်ဦးက ကောင်းကောင်းသိထားခဲ့သည်။ သူလျှိုထောက်လှမ်းရေးများသည် လူအုပ်ကြီးနှင့်အတူ တွဲလျှောက်နေရင်းက ကိုတင်မောင်ဦးကို မျက်စိဒေါက်ထောက် ကြည့်နေကြသည်။ လူအုပ်ကြီး ကြားထဲက ကိုတင်မောင်ဦးကို ပြန်ပေးဆွဲသွားရန် အခွင့်ကောင်းကို စောင့်နေကြသည်။ ဖြစ်နိုင်ပါက အနီးကပ် ပစ်သတ်နိုင်ရန်

အတွက်လည်း ကြံစည်နေသည်။ လူအုပ်ကြီးထဲတွင် ရှိနေ၍ ခံသာခြင်းဖြစ်သည်။ ကိုတင်မောင်ဦးကလည်း ဤအခြေအနေများ အားလုံးကို ကောင်းမွန်စွာ ရိပ်စားမိခဲ့သည်။

နောက်ဆုံးတွင် တဖြည်းဖြည်းနှင့် ထောင်သောင်း မကသော လူအုပ်ကြီးသည် အမေရိကန် သံရုံး ရှေ့တည့်တည့်တွင် တည်ရှိသော မဟာဗန္ဓုလ ပန်းခြံသို့ ရောက်ရှိလာကြသည်။ ဟောပြောပွဲများကိုလည်း အဆက်မပြတ်စေခဲ့။ လူအုပ်ကြီးက ပန်းခြံကို ရောက်ရှိလာပြီး၍ များမကြာမီတွင် အခေါင်းနှစ်ခုကို တင်လာသော ဂျစ်ကား ရောက်လာသည်။ ကိုတင်မောင်ဦးက မှာလိုက်သည့်အတိုင်းပင် အခေါင်းတစ်ခုစီတွင် နေဝင်းနှင့် စန်းယုတို့၏ အမည်ကို ရေးထားသည်။ ကျောင်းသားများသည် ထိုအခေါင်းနှစ်ခုကို အမေရိကန် သံရုံးက မြင်သာသောနေရာတွင် ဦးစွာ ချလိုက်သည်။ ထို့နောက် ၄င်းတို့က အခေါင်းများ ပေါ်တွင် ဓါတ်ဆီများ လောင်းချလိုက်ပြီး မီးရှို့လေသည်။ ဤတွင် မီးခိုး၊ မီးလျှံများက အခေါင်းများကို ချက်ချင်း ဖုံးအုပ်သွား ကြသည်။

ကိုတင်မောင်ဦးကလည်း ဤသည်ကို အခွင့်ကောင်းယူကာ ချက်ချင်းပင် မိမိနောက်ကျောရှိ လူအုပ်ကြီးကြားထဲ ဝင်ရောလေသည်။ ထို့နောက် တချိန်တည်းမှာပင် သူ၏ အနက်ရောင် တိုက်ပုံနှင့် ရုပ်အင်္ကျီအဖြူတို့ကို ချွတ်ချလိုက်သည်။ ခန္ဓာကိုယ်ပေါ်၌ စွပ်ကြယ်လက်ပြတ်တော့ ရှိသေးသည်။ လူအုပ်ကြီး၏ အနောက်ဘက်သို့ ဆက်လျှောက်သွားနေစဉ် အတွင်းတွင် သူ၏ တိုက်ပုံအင်္ကျီ အနက်ရောင်ကို ရုပ်အင်္ကျီ အဖြူရောင်ထဲ ပတ်လိုက်သော အခါ တိုက်ပုံအင်္ကျီကို မြင်သာခြင်း မရှိတော့။ သူက နောက်ကို ဆုတ်သထက် ဆုတ်သွားသောအခါ ထောက်လှမ်းရေးများကို တဖြည်းဖြည်း မျက်ခြေဖြတ်ထား နိုင်ခဲ့သည်။ ထောက်လှမ်းရေးများသည် အခေါင်းများ မီးလောင်နေသော မြင်ကွင်းကြောင့် ကိုတင်မောင်ဦးကို စောင့်ကြည့်နေ ရန်အတွက် ခဏတာ မေ့လျော့သွားခဲ့ပြီး ၄င်းတို့ သတိပြန်လည်လာချိန်တွင် ကိုတင်မောင်ဦးက မရှိတော့။ တိုက်ပုံအင်္ကျီ အနက်ရောင် ဝတ်ဆင်ထားသော ကိုတင်မောင်ဦးအား အနီးအနား ပတ်ဝန်းကျင်တွင် တွေ့များတွေ့လေမလား ပြူးတူးပြဲတဲ ရှာကြသော်လည်း အချည်းနှီးပင်။ ထောင်လှမ်းရေးများက လူအုပ်ကြီးထဲတွင် ဆက်လက်ရှာဖွေကြသော်လည်း ကိုတင်မောင်ဦး ကဲ့သို့ တိုက်ပုံအင်္ကျီအနက်ရောင် ဝတ်ဆင်ထားသော အခြားသူများကိုသာ လူမှား ကြည့်မိကြသည်။ စွပ်ကြယ်လက်ပြတ်နှင့် ကိုတင်မောင်ဦးကမူ အခြားသူများအကြားတွင် ရောနှော၍ အဖမ်းခံရမည့် ရန်ကို တိမ်းရှောင်နိုင်ခဲ့သည်။ ဤသို့ဖြင့် ကိုတင်မောင်ဦး လွတ်မြောက်လာခဲ့ခြင်းပင်။

စစ်အစိုးရကို ဖြုတ်ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရဆန့်ကျင် ဆန္ဒပြပွဲများ အဆက်မပြတ် ပြုလုပ်ရန် လိုအပ်သည်ဟု ကိုတင်မောင်ဦးက ယုံကြည်ခဲ့သည်။ သူ၏ ရည်မှန်းချက် ပြည့်ဝသည်အထိ အဆိုပါကဲ့သို့သော လှုပ်ရှားမှုကို အကြိမ်ပေါင်းများစွာ ဆက်လုပ်သွားရန် သံန္နိဋ္ဌာန် ချခဲ့သည်။ သူ၏ အမြင့်မားဆုံးသော ရည်မှန်းချက်မှာ မြန်မာ နိုင်ငံ တနိုင်ငံလုံးရှိ ပြည်သူလူထုကို နိုးကြားတက်ကြွလာအောင် လုပ်ဆောင်ကာ တပြည်လုံးအတိုင်းအတာ အနေဖြင့် ဆန့်ကျင်ဆန္ဒပြပွဲများ ပေါ်ပေါက်လာပြီး စစ်အစိုးရက ဆင်းပေးရသည်အထိ ဖြစ်လာနိုင်စေရန် ဖြစ်သည်။

အထက်အရာရှိများထံ လက်ဗလာ သက်သက်ဖြင့်သာ ပြန်သွားရမည် ဆိုပါက ထောက်လှမ်းရေး အရာရှိများ၏ အခြေအနေက မတွေးဝံ့စရာပင်။ ထို့ကြောင့် လူအုပ်ကြီးထဲမှ ကိုတင်မောင်ဦး ပုန်းရှောင်လွတ်မြောက်သွားနိုင်ခဲ့သည်ကို သိသိချင်းတွင် ၎င်းတို့သည် သူ့အား တစ်မြို့လုံး မြေလှန်ရှာလေတော့သည်။

## ရွှေတိဂုံဘုရား၌ အသေအကျေတိုက်ပွဲ

ဆန္ဒပြပွဲများ နောက်(၂)ရက်ကြာအောင် ဆက်တိုက် ဖြစ်ပွားခဲ့သည်။ ထိုကာလများတွင် လူအုပ်ကြီးက အင်းစိန် ထောင်သို့ ချီတက်ဆန္ဒပြခဲ့သော လုပ်ရပ်မှာ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာခဲ့သည်။ အင်းစိန်ထောင်သည် အလုပ်သမား အရေးအခင်းနှင့် ဦးသန့် အရေးအခင်းတို့တွင် ဖမ်းဆီးခံခဲ့ရသူများကို ချုပ်နှောင်ထားသော နေရာတစ်ခုဖြစ်သည်။ နေဝင်း လက်ထက်တလျှောက်လုံးတွင် နိုင်ငံရေးအကျဉ်းသားများကို နာမည်ဆိုးဖြင့် ကျော်ကြားသော အင်းစိန်ထောင်သို့ ပို့ခဲ့ လေသည်။ ထို့ကြောင့်လည်း ရာပေါင်းများစွာသော ဆန္ဒပြသူများက အင်းစိန်ထောင်သို့ချီတက်ကာ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ ထောင်ကို ပတ်၍ ဆန္ဒပြနေစဉ်အတွင်းတွင် လူအုပ်ကြီးက "အမေက မွေး၊ ထောင်က ကျွေး"ဟူ၍ သံပြိုင် ဟစ်ကြွေးခဲ့ကြသည်။ ထို့ပြင် "အင်းစိန်ထောင်"၊ "ကြီးအောင်လုပ် ကြီးအောင်လုပ်"ဟူသော အတိုင်အဖေါက် ဝေါ့လုံးများကို ဟစ်ကြွေးခဲ့ကြသည်။ အင်းစိန်ထောင်ဝင်းအတွင်း၌ ရှိနေသော အကျဉ်းသားများကလဲ ဆန္ဒပြလူအုပ်ကြီးနှင့်အတူ တက်ကြွမှုအပြည့်ဖြင့် ဆောင်ပုဒ်များကို ဟစ်အော်ခဲ့ကြသည်။

ရန်ကုန်မြို့အတွင်း ဖြစ်ပျက်နေသော ဆန္ဒပြပွဲများသည် မြန်မာနိုင်ငံအတွင်းရှိ အခြားမြို့ကြီးများသို့လည်း ပျံ့နှံ့သွား ခဲ့သည်။ ရန်ကုန်မြို့ မြောက်ဘက် မိုင်ပေါင်း (၃၅၀)ခန့် အကွာအဝေးတွင် မန္တလေး တက္ကသိုလ်က ဦးဆောင်၍သော် လည်းကောင်း၊ ရန်ကုန်မြို့အရှေ့ဘက် မိုင်ပေါင်း(၁၅၀)ခန့် အကွာအဝေးတွင် မော်လမြိုင် တက္ကသိုလ်က ဦးဆောင်၍သော် လည်းကောင်း ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။ ဇွန်လ(၉)ရက်နေ့ ညနေပိုင်းတွင် ကျောင်းသူကျောင်းသားများသည် အရေးအခင်း ဗဟိုပြုရာ ဌာနချုပ်ကို ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်မှ ရွှေဒဂုံဘုရားသို့ ပြောင်းရွှေ့ခဲ့သည်။ ရွှေတိဂုံဘုရားသည် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ရှိဆုံးသော နေရာတစ်ခု ဖြစ်သည်။ ထို့ကြောင့် စစ်အစိုးရက ရွှေတိဂုံဘုရားတွင် အကြမ်းဖက်မှုများ ပြုလုပ်လိမ့်မည် မဟုတ်ဟု လူထုက ထင်မှတ်ခဲ့ ကြသည်။ သို့သော်လည်း ဇွန်လ(၉)ရက်နေ့ နံနက်ခင်းအချိန်တွင် စစ်တပ်က ဘုရားပေါ် ဝင်စီးကာ ဘုရားရင်ပြင်တစ်ခုလုံးပေါ်၌ ပြည်သူလူထု၏ သွေးစီးချောင်းကျစေခဲ့သည်။ ဘုရားတန်ဆောင်း၏ ထွတ်မြတ်မှုကို စစ်ဖိနပ်အောက်တွင် နင်းခြေခဲ့သည်။ ဆန္ဒပြသူများကို ဝန်းရံပိတ်ဆို့ ဖမ်းဆီးကာ စစ်ကားများပေါ် တင်ခဲ့သည်။ ကျောင်းသူကျောင်းသားများသည် ရွှေဒဂုံဘုရားမှ အကျဉ်းထောင်သို့ ခေါ်ဆောင်သွားရာ လမ်းတလျှောက်လုံးတွင် ကြွေးကြော်သံများကို ဆက်လက်ဟစ်ကြွေးခဲ့ကြသည်။ ထိုနေ့တွင် ကျောင်းသူကျောင်းသားပေါင်း (၃၀၀)ခန့် ဖမ်းဆီးခံခဲ့ရကာ အကျဉ်းထောင်သို့ ရောက်သည့်အခါတွင်

၄င်းတို့အားလုံးကို အကြင်နာမဲ့စွာ ရိုက်နှက်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကျောင်းသူကျောင်းသားများ အားလုံးကို စစ်ခုံရုံးတင် စစ်ဆေးပြီး ထောင်ဒဏ် (၄)နှစ်မှ (၉)နှစ်အထိ အသီးသီးချမှတ်ခဲ့ကြသည်။

ထိုအချိန်ကစတင်ကာ ၁၉၇၅ခုနှစ် ဇွန်လ(၈)ရက်နေ့မှ ၁၉၇၆ခုနှစ် ဇန်နဝါရီလ(၆)ရက်နေ့အထိ တက္ကသိုလ်ကျောင်းများနှင့် ကောလိပ်များကို ပိတ်ထားခဲ့သည်။ ထို့အတူပင် ဆန္ဒပြပွဲများသည်လည်း ၁၉၇၅ခုနှစ် ဇွန်လ (၉)ရက်နေ့၌ အဆုံးသတ်ခဲ့ရသည်။ ဤအရေးအခင်းတွင် စစ်တပ်က ရွှေဒဂုံဘုရားပေါ်၌ နှိမ်နင်းမှုများကို ပြုလုပ်ခဲ့သဖြင့် ၄င်းကို နှစ်ပတ်လည် အလုပ်သမား အရေးအခင်း အဖြစ်သာမဟုတ်ဘဲ ရွှေဒဂုံဘုရား အရေးအခင်း ဟူ၍လည်း ခေါ်တွင်ခဲ့သည်။

## မြို့ခံလူထုကို အကြမ်းဖက်ခြင်းများ

ကိုတင်မောင်ဦးတစ်ယောက် ခပ်ဝေးဝေးသွားနိုင်ခြင်း မရှိသေးဘဲ ဤနယ်မြေအတွင်း၌သာလျှင် ရှိနေဦးမည်ကို စစ်ထောက်လှမ်းရေးများက ရိပ်မိခဲ့သည်။ ထို့ကြောင့် အချိန်ဖြုန်းမနေဘဲ ချက်ချင်းပင် ၄င်းတို့က ကိုတင်မောင်ဦးကို အသဲအသန် ရှာဖွေကြလေသည်။ ရန်ကုန်မြို့ တစ်မြို့လုံးကို ပိုက်စိတ်တိုက် ရှာဖွေသည်။ ထောက်လှမ်းရေး သူ့အား ရှာဖွေနေကြောင်းနှင့် ပတ်သက်၍ ဘတ်စကားဂိတ်များနှင့် မီးရထား ဘူတာရုံများ ကဲ့သို့သော ကုန်းလမ်းဆက်သွယ်ရေး ဌာနများတွင် အသိပေးကြေငြာခဲ့သည်။ မော်လမြိုင်မြို့ ကဲ့သို့သော ထိုင်းနယ်စပ်ဒေသများနှင့် မြန်မာနိုင်ငံရှိ အခြား မြို့ကြီးများ အပါအဝင် ရန်ကုန်မြို့ရှိ အချက်အချာကျသော ကုန်းလမ်းဆက်သွယ်ရေး နေရာများကို ကြပ်ကြပ်မတ်မတ် စောင့်ကြည့်နေခဲ့ကြသည်။

ကိုတင်မောင်ဦးနှင့် တစုံတရာ အဆက်အသွယ်ရှိသည်ဟု သံသယရှိသူ တစ်ဦးချင်းစီ၏ အိမ်တိုင်ရာရောက် သွားရောက်ကာ အနှောင့်အယှက်ပေးခြင်း၊ စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ကြသည်။ ထောက်လှမ်းရေးများက ၄င်းတို့ ရရှိသော မည့်သည့် သတင်းအချက်အလက် အတိုအထွာကိုမဆို စေ့စေ့စပ်စပ် စစ်ကြောကြသည်။ သဲလွန်စ တစုံတရာ ကျန်ခဲ့ခြင်း အလျှဉ်းမရှိစေရ။ ကိုတင်မောင်ဦး၏ အထက်တန်းကျောင်းနေဘက် သူငယ်ချင်းများနှင့် တက္ကသိုလ်ကျောင်းနေဘက် သူငယ်ချင်းများအပြင် သူ နေထိုင်ခဲ့ရာ သမိုင်းရပ်ကွက်အတွင်း၌ပင် ပိုက်စိတ်တိုက် ရှာဖွေစစ်ကြောကြသည်။ ထို့ပြင် အဆိုပါ သူငယ်ချင်းများနှင့် သူ၏ ယခင် အိမ်နီးနားချင်းများကိုသာ မကဘဲ ဝေးလံသော ကျေးလက်နယ်များတွင် နေထိုင်သည့် ဆွေမျိုးများကိုပါ မေးမြန်းသည်။ သံသယရှိလျှင် ရှိသလို ၄င်းတို့၏ နေအိမ်များကို မွှေနှောက်ရှာဖွေသည်။ နှစ်ပတ်လည် အရေးအခင်းနှင့် ပတ်သက်၍ ဖမ်းဆီးထောင်ချထားပြီးသူများကိုလည်း စစ်ကြောမေးမြန်းကြသည်။ နှိပ်စက်ကြသည်။ သတင်း အစအနတစ်ခုကို ရရှိပြီဆိုလျှင် ကိုတင်မောင်ဦးကို ဖမ်းဆီးနိုင်ရန်အတွက် ချက်ချင်း ခြေရာခံလိုက်ကြသည်။

ကိုတင်မောင်ဦးကလည်း ဖြစ်ပျက်နေသော အခြေအနေ အလုံးစုံကို ကောင်းမွန်စွာ ရိပ်စားမိသည်နှင့်အညီ သူ့ သူငယ်ချင်း ဇလေ့ထန်း၏ အိမ်တွင် သွားရောက်ပုန်းခိုနေခဲ့သည်။ ကိုတင်မောင်ဦးနှင့် ဇလေ့ထန်းတို့သည် ထောင်ထဲ၌

သိက္ခမ်းရင်းနှီးခဲ့ကြသူများ ဖြစ်သည်။ ညီအစ်ကို ရင်းချာများပမာ ရင်းနှီးကြသည်။ ခြေမငြိမ်လျှင် အဖမ်းခံရနိုင်ဖို့ အခွင့်အလမ်းများသည်ကို ကိုတင်မောင်ဦးက သိရှိထားသောကြောင့်လည်း အခြားသူငယ်ချင်းများထံသို့ ပြောင်းရွှေ့နေထိုင်ခြင်း၊ ရန်ကုန်မြို့က ထွက်ပြေးရန် ကြိုးပမ်းခြင်းများ မပြုခဲ့ခြင်းပင်။ ထောက်လှမ်းရေးများက သူ၏ မိသားစုနှင့် သူငယ်ချင်းဟောင်းများ ထံ၌ ရှာဖွေစစ်ကြော နေခဲ့ကြသော်လည်း သူနှင့်အတူ အချုပ်ခန်းတစ်ခန်းထဲ နေခဲ့ဘူးသူများအား စစ်ဆေးမေးမြန်းရန်အတွက် စိတ်ကူးမိခြင်း အလျဉ်းမရှိခဲ့။ အကျဉ်းထောင်အတွင်းတွင် ၄င်းတို့ ဤ၍ဤမျှ ရင်းနှီးကျွမ်းဝင်သွားလိမ့်မည်ကို မတွက်ဆခဲ့မိသောကြောင့် ဖြစ်နိုင်သည်။ ထို့ပြင် ဇလေ့သန်းကလည်း သူ့အိမ်တွင် ကိုတင်မောင်ဦးကို ဖွက်ထားရာ၌ အလွန်ပါးနပ်သည်။ သူ အပြင်သွားသည့်အခါတိုင်းတွင် ခြံစည်းရိုးတံခါးကို သော့ခလောက်ကြီးတစ်ခု ခတ်ထားခဲ့ခြင်းဖြင့် အိမ်ရှင်ဖြစ်သူ အပြင်သွားနေကြောင်း၊ အိမ်ထဲ၌ မည်သူမျှ မရှိကြောင်း အခြားသူများကို အထင်မှားအမြင်မှား ဖြစ်စေခဲ့သည်။ ဤသို့ဖြင့် ကိုတင်မောင်ဦးသည် ဇလေ့ထန်း၏ အိမ်တွင် တစ်လကြာခန့် ပုန်းအောင်းနေထိုင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကိုတင်မောင်ဦးကို သုံးလေးရက်ရှာဖွေ၍ မတွေ့သောအခါတွင် စစ်ထောက်လှမ်းရေးများ အပူတပြင်း ဖြစ်လာသည်။ ဇွန်လ (၇)ရက်နေ့တွင် အမေရိကန် သံရုံးရှေ့၌ ကိုတင်မောင်ဦး ပျောက်သွားခြင်း ဖြစ်သည်။ ထို့ကြောင့် ကိုတင်မောင်ဦးကို အမိဖမ်းလိုသော ဇောဖြင့် စစ်ထောက်လှမ်းရေးသည် ဇွန်လ (၁၅)ရက်နေ့တွင် ရေဒီယို၌ သော်လည်းကောင်း၊ ***Guardian*** ဟုခေါ်သော အင်္ဂလိပ်ဘာသာ သတင်းစာ၌ သော်လည်းကောင်း ကိုတင်မောင်ဦးကို အလိုရှိကြောင်း ထည့်သွင်းကြေငြာလိုက်သည်။ အခြားသော မြန်မာဘာသာ သတင်းစာ သုံးခုတွင်လည်း ၄င်းနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြခဲ့သည်။ ကိုတင်မောင်ဦး၏ ဖမ်းဝရမ်းနှင့် အတူ ကိုမြင့်စိုးဟု အမည်ရသော အခြားကျောင်းသားတစ်ဦးကိုလည်း သတင်းမီဒီယာက တဆင့် ဖမ်းဝရမ်း ထုတ်ပြန်ခဲ့သည်။ ကိုမြင့်စိုးကလည်း ရွှေဒဂုံ အရေးအခင်းတွင် ပါဝင်ပတ်သက်ခဲ့သော တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်သည်။

စစ်ထောက်လှမ်းရေးသည် ရေဒီယိုနှင့် သတင်းစာများတွင် ကိုတင်မောင်ဦးကို အသေရေပျက်အောင် ရည်ရွယ်ကာ မဟုတ်မမှန်သော စွပ်စွဲချက်များဖြင့် လုပ်ကြံပြောဆိုရေးသားခဲ့သည်။ သတင်းစာမှနေ၍ ကိုတင်မောင်ဦးသည် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)၏ ကိုယ်စားလှယ်တစ်ဦးဖြစ်ကြောင်းလည်း စွပ်စွဲခဲ့ကြသည်။ အမှန်အားဖြင့် ကိုတင်မောင်ဦးကိုယ်တိုင်သည် ဗကပနှင့် လုံးဝ ပတ်သက်ခြင်းမရှိ။ အခြားကျောင်းသားများနှင့် ပတ်သက်မှုရှိမရှိကို မူ သူမသိ။ သူသည် လက်ဝဲ၊ လက်ယာဃိမ်းခြင်း မရှိသူ၊ သီးခြား လွတ်လပ်သူ တစ်ဦးဖြစ်သည်။ စစ်အာဏာရှင်စနစ်ကိုသော်လည်းကောင်း၊ အာဏာရှင်စနစ်ကြောင့် ဖြစ်တည်လာသည့် ရှိရင်းစွဲ တရားမမျှတမှုများကို သော်လည်ကောင်း ဆန့်ကျင်တိုက်ဖျက်ကာ လွတ်လပ်မှု ရရှိနိုင်ရေးအတွက် ကြိုးပမ်းနေကြသော ရဲရင့်သည့် ကျောင်းသူ ကျောင်းသားများကိုသာ သူက ကိုယ်စားပြုခဲ့ခြင်းသာဖြစ်သည်။

ကိုတင်မောင်ဦးက သူ၏မိသားစုဝင်များကို ပြောလေ့ရှိသော စကားတစ်ခုမှာ "စစ်အစိုးရဟာ အပြစ်မဲ့တဲ့ ပြည်သူတွေအပေါ်မှာ မတရားမှုတွေ ကျူးလွန်နေတာကြောင့် ကျနော်က ဒီစစ်အစိုးရကို ဖြုတ်ချချင်တာဗျ။ စစ်အစိုးရ

ပြုတ်ကျသွားတာနဲ့ တပြိုင်နက် မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူလူထုဟာ သူတို့ အလိုရှိတဲ့ အစိုးရ ရွေးချယ်တင်မြှောက်နိုင်မယ် လေ။''ဟူ၍ ဖြစ်သည်။ ကိုတင်မောင်ဦး လက်ရေးဖြင့် ရေးသားထားသော ကွန်မြူနစ်ဝါဒီ လက်ကမ်းစာစောင် ဟုအဆိုရှိသည့် ဓါတ်ပုံများကိုလည်း စစ်ထောက်လှမ်းရေးက သတင်းစာထဲတွင် ထည့်သွင်းဖေါ်ပြခဲ့သည်။ ဤသို့ဖြင့် အစိုးရက ကိုတင်မောင်ဦး ကို ဗကပနှင့် ဆက်စပ်နေကြောင်း သက်သေပြရန် ကြိုးပမ်းခဲ့ခြင်းပင်။ တကယ့်လက်တွေ့တွင်မူ အဆိုပါ လက်ကမ်းစာစောင် များ၌ ပါရှိသော စာသားများမှာ ကိုတင်မောင်ဦး လက်ရေးဖြင့် ရေးထားသည်များ လုံးဝ မဟုတ်ခဲ့ချေ။

ပါလီမန် ဒီမိုကရေစီ ပါတီ (ပီဒီပီ)သည် နှစ်ပတ်လည် အလုပ်သမား အရေးအခင်း ဖြစ်ပွားစဉ် အချိန်ကာလ ကတည်းက စတင်ကာ မြန်မာနိုင်ငံအတွင်းရှိ အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်နေခဲ့သည်။ ပြည်တွင်း ကျောင်းသားလှုပ်ရှားမှုများနှင့် ပြည်သူလူထု၏ ပါဝင်ပတ်သက်မှုများကို အနီးကပ် စောင့်ကြည့်လေ့လာနေစဉ်အတွင်းမှာပင် ပထမဆုံး စာမျက်နှာ၌ ကိုတင်မောင်ဦးပုံပါရှိသော Guardian သတင်းစာ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ အရေးအခင်းကို ကျောင်းသားများက ဦးဆောင် အစပြုပေးခဲ့ကြသည် ဆိုသော သတင်းများကို ဖတ်လိုက်ရသောအခါ ပီဒီပီ ပါတီ ခေါင်းဆောင် များ အလွန် စိတ်အားထက်သန်ခဲ့ကြသည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသည်။ ၄င်းတို့က ကိုတင်မောင်ဦး၏ ရဲရင့်သော လုပ်ရပ်များအတွက် အလွန်အမင်း ဝမ်းမြောက်ဂုဏ်ယူကြစေကာမူ တဖက်ကလည်း သူ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန် နေခဲ့ကြသည်။ ဤသို့ဖြင့် ပီဒီပီ အဖွဲ့သည် စစ်ထောက်လှမ်းရေးကို လှည့်စားရန်အတွက် နည်းဗျူဟာတစ်ခုကို ကြံစည်ခဲ့ကြ သည်။ ကိုတင်မောင်ဦးသည် ပီဒီပီ အဖွဲ့ချုပ်ရုံးသို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ရောက်ရှိလာပြီးဖြစ်ကြောင်း ကြေငြာချက် တစ်စောင် ထုတ်ပြန်လိုက်သည်။ ဤသို့ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကိုတင်မောင်ဦး ရန်ကုန်မြို့က ထွက်ပြေးလွတ်မြောက် လာခဲ့ပြီ ဟူ၍ စစ်ထောက်လှမ်းရေးများကို အယုံသွင်းလှည့်စားနိုင်စေရန်အတွက် ဖြစ်သည်။ ဤကဲ့သို့သော ကြေငြာချက် ထုတ်ပြန်လိုက်ခြင်းဖြင့် စစ်ထောက်လှမ်းရေးများသည် ကိုတင်မောင်ဦးကို ယခင်ကကဲ့သို့ အသဲအသန် ရှာဖွေတော့မည် မဟုတ်ဟု ၄င်းတို့က မျှော်လင့်ခဲ့ကြသည်။ သို့မှသာလျှင် သူ့အတွက် ရန်ကုန်မြို့က ထွက်ပြေးလွတ်မြောက်လာနိုင်ရန် အခွင့်အလမ်း ပိုများနိုင်သောကြောင့်ပင်။

၁၄

# သူရဲကောင်းတဦး၏ လျှို့ဝှက်ချက်

ကမ္ဘာတခွင်ရှိ သူရဲကောင်းများ၏ အသွင်လက္ခဏာကို သုံးသပ်ကြည့်မည်ဆိုလျှင် ယေဘုယျ တူညီမှုများရှိသည်။ မတရားမှုများကို ဆန့်ကျင်တိုက်ခိုက်ခြင်း၊ ကြောက်ရွံ့မှု ကင်းမဲ့ပြီး ခံယူချက် ပြင်းပြသူများ ဖြစ်ခြင်း၊ အများအကျိုးအတွက် မိမိတို့၏ အသက်ကို လိုလိုလားလား စွန့်လွှတ်ပေးဆပ်ကြခြင်း စသည်တို့ဖြစ်သည်။ ကိုတင်မောင်ဦးသည်လည်း ထိုလက္ခဏာများ အားလုံးနှင့် ညီညွတ်သူတစ်ဦး ဖြစ်သည်။ သို့ရာတွင် လူ့သမိုင်း ခေတ်အဆက်ဆက်၌ ပေါ်ထွန်းခဲ့သော သူရဲကောင်း တစ်ဦးချင်းစီ၏ ခံယူချက်များ ကွာခြားပေသည်။ စပါးတကတ်စ်၏ ခံယူချက်မှာ ကျေးပိုင်ကျွန်ပိုင်စနစ်ကို ဖျက်သိမ်းပြီး မြေကျွန်များ လွတ်မြောက်စေရေးအတွက်ဖြစ်သည်။ ကိုတင်မောင်ဦး၏ ခံယူချက်မှာကား အာဏာရှင်စနစ်ကို အပြီးအပိုင် ဖျက်သိမ်းရန် ဖြစ်သည်။ လူထုအားအင်ကို အသုံးပြု၍ ပြည်သူပြည်သားအပေါင်းတို့ ကိုယ်ပိုင် ဆုံးဖြတ်နိုင်သည့် လွတ်လပ်ခွင့် ရရှိလာသည် အထိ အာဏာရှင်များကို မဆုတ်မနစ် ပြတ်ပြတ်သားသားဆန့်ကျင် တိုက်ပွဲ ဝင်သွားရန် ဖြစ်သည်။ ကိုတင်မောင်ဦး သည် အဆိုပါရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် သူ၏ ဘဝတလျှောက်လုံး ကြိုးပမ်းဆောင်ရွက်သွားခဲ့သည်။ သမိုင်းဝင် သူရဲကောင်း တစ်ဦးချင်းစီတွင် အများနှင့်မတူသော ကိုယ်ပိုင်စရိုက်လက္ခဏာများ ရှိပေသည်။ ဤနေရာတွင် ကိုတင်မောင်ဦး ၏ စွမ်းဆောင်ချက်များနှင့် ယှဉ်တွဲ၍ သူ၏ ထူးခြားသော ပင်ကိုယ် စရိုက်များကိုလည်း လေ့လာသင့်သည်။

### မိသားစုအပေါ် ချစ်ခြင်းမေတ္တာ ထားရှိခြင်း

၁၉၇၅ ခုနှစ် ဇူလိုင်လ အစပိုင်းက ဖြစ်သည်။ ကိုတင်မောင်ဦး ပုန်းအောင်းနေခဲ့သည်မှာ တစ်လခန့် ကြာမြင့်လာ ခဲ့ပေပြီ။ ထိုင်းနယ်စပ်ကို ပြန်သွားနိုင်ရန်အတွက် အချိန်အခါကောင်းကို စောင့်မျှော်နေခြင်း ဖြစ်သည်။ ဇူလိုင်လအတွင်းတွင် မုတ်သုံမိုးများ သည်းထန်စွာ ရွာသွန်းလေ့ရှိသည်။ မိုး သည်းထန်စွာ ရွာသွန်းခြင်းနှင့် ရွှံ့ဗွက်ထူခြင်း တို့ကြောင့် တောတောင် များနှင့် ထိုင်းနယ်စပ် ဒေသများတွင် တည်ရှိသော စစ်ဆေးရေးဂိတ်များ၌ စစ်တပ်၏ လှုပ်ရှားမှုများ နှောင့်နှေးနေမည်ကို ကိုတင်မောင်ဦးက သိရှိထားခဲ့သည်။ ခြောက်သွေ့သော နွေရာသီနှင့် နှိုင်းစာလျှင် မိုးရာသီများတွင် စစ်တပ်၏ လှုပ်ရှားမှု ပိုကျဲသည်။ ထိုင်းနယ်စပ်သို့ မသွားမီတွင် မိသားစုကို သွားတွေ့ချင်သေးသည်။ သို့သော် အိမ်ကို ခဏတဖြုတ် ပြန်သွားခြင်း ကပင်လျှင် သူ့အတွက် အလွန်အန္တရာယ်များကြောင်းကို နားလည်သဘောပေါက်ထားခဲ့သည်။ ထောက်လှမ်းရေး အရာရှိ များနှင့် အခြားသော အရပ်သား သတင်းပေးသူများက သူ့အိမ်ကို အမြဲတမ်း အနီးကပ် စောင့်ကြည့်နေကြသောကြောင့်ပင်။ သို့သော်လည်း မိသားစုဝင်များအပေါ် ချစ်မေတ္တာ စိတ်ကြောင့်၊ အထူးသဖြင့် အမေ့ကို ချစ်ခင်သော စိတ်ကြောင့် ကိုတင်မောင်ဦးက အိမ်ကို ခဏတဖြုတ်ပြန်သွားရန် စိတ်ပိုင်းဖြတ်လိုက်သည်။

ကိုတင်မောင်ဦး၏ ထူးခြားသော ပင်ကိုယ်စရိုက် ပထမတစ်မျိုးမှာ သူသည် သူ၏ မိသားစုဝင်များအပေါ်၌သာ ကြီးမားသော ချစ်ခြင်းမေတ္တာ ထားရှိပြီး အခြားမိန်းကလေးတစ်ဦးဦးကို မေတ္တာသက်ဝင် ချစ်ခင် မသွားခြင်းပင် ဖြစ်သည်။ တစ်စုံတစ်ဦးအပေါ်၌ ချစ်မေတ္တာ နှောင်ဖွဲ့မိခြင်းကြောင့် ဖြစ်ပေါ်လာသော သမုဒယသံယောဇဉ်ပေါ်အခြေခံသည့် ပူပန်မှုတို့ကို သူက ရင်ဆိုင်ကြုံတွေ့လိုခြင်း မရှိသောကြောင့် ဖြစ်သည်။ သို့သော် သူ့ကို ကျောက်သားဖြင့် ထုထားခြင်း မဟုတ်။ အသွေး၊ အသားနှင့် အသည်းနှလုံးတို့ဖြင့် ဖွဲ့စည်းထားသော သာမန်လူတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ချောမောလှပသော မိန်းကလေးတစ်ယောက်၏ ချစ်ခြင်းမေတ္တာကို ခံယူပြီး ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းလိုခဲ့မည်မှာ အမှန်ပင်။ သို့သော်လည်း

အများအကျိုး သယ်ပိုးနိုင်ရေး အတွက်ကိုကာ တစိုက်မတ်မတ် အာရုံထားလုပ်ဆောင်လာခဲ့ခြင်းကြောင့် သူ၏ ပတ်ပတ်လည်တွင် ဝိုင်းရံနေသော၊ သူသာ အလိုရှိလျှင် ကိုယ့်ဘက် ပါလာနိုင်သော ချောမောလှပသည့် မိန်းကလေးများကို ရှောင်ရှားနိုင်ခဲ့သည်။ မိန်းကလေးတစ်ဦးကို ချစ်ခင်မည့်အစား သူ၏ မိသားစုဝင်များအပေါ်၌သာ ကြီးစွာသော ချစ်ချင်းမေတ္တာ ထားရှိခဲ့သည်။

ဤသို့ဖြင့် တစ်နေ့ နံနက်ခင်း (၄)နာရီအချိန်လောက်တွင် ကိုတင်မောင်ဦးသည် သူ့အိမ်သို့ တိတ်တိတ်ပုန်း ပြန်သွားခဲ့သည်။ အိမ်ထဲရောက်သော အခါ အမေ့ကို ပွေ့ဖက်လိုက်ပြီး မိသားစုဝင်များကိုလည်း သူ့အတွက် စိတ်မပူရန် ပြောသည်။ ကိုတင်မောင်ဦးက ဤကဲ့သို့ ရုတ်တရက် မထင်မှတ်ဘဲ အိမ်ပြန်လာသောကြောင့် သူ့အမေအတွက် အိပ်မက်တစ်ခုအလား ဇဝေဇဝါ ဖြစ်ခဲ့ရသည်။ ကိုတင်မောင်ဦးကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်းက အမေ့၏ မျက်ဝန်းထဲတွင် ချစ်ခြင်းမေတ္တာ ဂရုဏာစိတ်များ ပြည့်လျှံနေသည်။ အမေ့ မျက်လုံးထဲတွင်တော့ သူမ၏ သားကြီးသည် အသေရေတင့်သော၊ ဂုဏ်ဝင့်ဖွယ်ဖြစ်သော ယောကျ်ား ကောင်းတစ်ယောက်ပင်။ ဤကဲ့သို့ သဘောရိုးရှိသော လူငယ်တစ်ဦးကို အာဏာပိုင်များက အဘယ်ကြောင့် ဖမ်းဝရမ်း ထုတ်ချင်ခဲ့ရသနည်း ဆိုသည်ကို အမေက နားမလည်နိုင်ခဲ့။ မိသားစုဝင်များအား နှုတ်ဆက်ပြီးသည့်အခါ သားတော်မောင်သည် ခရီးရှည်ကို လျှောက်လှမ်းရန်အတွက် ၎င်းတို့ထံမှ ထွက်ခွာသွားတော့မည်ကို အမေက သိနေခဲ့သည်။ သူမ အချစ်ရဆုံး၊ အားထားရဆုံးသော သားဖြစ်သူကို ပြန်တွေ့ရသည့်အပေါ် ဝမ်းသာပီတိ ဖြစ်နေခဲ့သော်လည်း အမေ့ခမျာ မပြုံးနိုင်ရှာခဲ့။ သားတော်မောင်ကို ဒီတစ်ခါ နောက်ဆုံးတွေ့ရတာ ဖြစ်နိုင်သည် ဟူသော အတွေးက ခေါင်းထဲဝင်လာသည့်အခါ အမေ့ အသည်းအူများ ပြုတ်ထွက်သွားတော့မည့်အလား ခံစားခဲ့ရသည်။ ကိုတင်မောင်ဦးက သူ ထိုင်းနယ်စပ်ကို ဘေးမသီရန်မခ ရောက်ရှိသွားပြီးသည့်နောက်တွင် ပြန်ဆက်သွယ်မည်ဖြစ်ကြောင်း အမေနှင့် မိသားစုဝင်များကို ပြောသည်။ ထို့နောက် သူ အိမ်က ပြန်ထွက်သွားလိုက်သည်။

## ရုပ်ဖျက်၍ တိမ်းရှောင်ခြင်း

ထိုင်းနယ်စပ်ကို သွားရောက်ရန်အတွက် လမ်းပြတစ်ဦး လိုအပ်သည်။ ကိုတင်မောင်ဦးက နက်နဲသော တောတောင်များကို ဖြတ်၍ ပီဒီပီ အဖွဲ့ချုပ်ရုံးကို အရောက်သွားနိုင်ရန်အတွက် လမ်းပြ ကိုထွန်းကြင်ကို ဆက်သွယ်ငှားရမ်းလိုက်သည်။ လွန်ခဲ့သော (၁) လခွဲခန့်က ကိုတင်မောင်ဦးအား ပီဒီပီ အဖွဲ့ချုပ်ရုံးမှ ရန်ကုန်မြို့သို့ ပြန်ခေါ်လာ ပေးခဲ့သည်မှာလည်း ကိုထွန်းကြင်ပင် ဖြစ်သည်။ ထိုင်းနယ်စပ်သို့ မထွက်မီတွင် ကိုတင်မောင်ဦးက ဆံပင်ကို ခေါင်းတုံးဆံတောက် ညှပ်ကာ ရုပ်ဖျက်လိုက်သည်။ ထို့ပြင် အင်္ကျီအဟောင်း ခပ်ပွပွတစ်ထည်ကို ဝတ်ဆင်ပြီး ထမင်းချိုင့်တစ်လုံးကိုလည်း လက်ထဲ ဆွဲထားလိုက်သည်။ မီးရထား ဘူတာရုံများ၌ သူ့ကိုတွေ့လျှင် သာမန် ဆင်းရဲသား အလုပ်သမားတစ်ယောက်အဖြစ်သာ လူအများက ထင်မြင်သွားနိုင်သော ပုံစံမျိုးပင်။ ဆံပင်အရှည်နှင့် အတော်အသင့် ဝတ်စားဆင်ယင်ထားသော ကျောင်းသားတစ်ယောက်ကိုသာ စစ်ထောက်လှမ်းရေးများက လိုက်လံရှာဖွေနေကြမည်ကို သူက သိရှိထားခဲ့သည်။ ဤသို့ဖြင့် ကိုတင်မောင်ဦးနှင့် ကိုထွန်းကြင်တို့သည် ရန်ကုန် မီးရထားဘူတာရုံက ခရီးစထွက်ရန် စီစဉ်ကြသည်။ ကိုတင်မောင်ဦးက သူ၏ မှတ်ပုံတင်အတုကို သုံးကာ အမြန်ရထား လက်မှတ်ဝယ်လေသည်။ ယခုအချိန်ထိ သူ့ကို မည်သူကမျှ သံသယမဖြစ်သေး။ သူ့ကို ဆင်းရဲသော အလုပ်ကြမ်းသမား တစ်ယောက်အဖြစ်သာ မြင်နေကြသည်။

မီးရထားက မော်လမြိုင်ရှိ မုတ္တမ ဆိပ်ကမ်းမြို့ အထိသာ ရောက်သောကြောင့် ၎င်းတို့သည် ဂျိုင်းမြစ်ကို ကူးတို့စက်လှေဖြင့် ဖြတ်ရမည် ဖြစ်သည်။ စက်လှေစီးရန်အတွက် တန်းစီစောင့်နေချိန်၌ လူတန်းကြီး၏ ရှေ့တွင် အစောင့်များက ခရီးသည်များအား စေ့စေ့စပ်စပ် စစ်ဆေးနေသည်ကို ကိုတင်မောင်ဦး တွေ့လိုက်ရသည်။ စက်လှေပေါ်သို့ တက်ခွင့် မပြုမီတွင် လူတစ်ဦးချင်းစီကို သူလျှိုထောက်လှမ်းရေး နှစ်ဦး သုံးဦးက စစ်ဆေးနေကြခြင်းဖြစ်သည်။ ထောက်လှမ်းရေးတစ်ဦး၏ လက်ထဲ

တွင် ဓါတ်ပုံကဲ့သို့သော အရာတစ်ခုကို ကိုင်ထားပြီး စက်လှေပေါ်သို့ တက်ခွင့်မပြုမီတွင် ခရီးသည်တစ်ဦးချင်းစီအား ထိုဓါတ်ပုံထဲက လူနှင့် တူမတူ ဆန်းစစ်နေကြသည်ကို ကိုတင်မောင်ဦး သတိပြုမိလိုက်သည်။

ဤတွင် ကိုတင်မောင်ဦးက ကိုထွန်းကြင်အား "ကျနော် ခင်ဗျားကို စက်လှေပေါ်မှာ တွေ့မယ်။ ခင်ဗျား အရင်ဆုံး ရှေ့က သွားနှင့်။" ဟု ပြောသည်။ ဤသို့ဖြင့် ထောက်လှမ်းရေးများက ကိုထွန်းကြင်ကို စစ်ဆေးပြီးသောအခါ စက်လှေပေါ် တက်ခွင့် ပြုလိုက်သည်။ ကိုတင်မောင်ဦးကမူ လူတန်းကြီးနှင့် မလှမ်းမကမ်းတွင်ရှိနေသော ကုန်ပစ္စည်းများအနီးတွင် အခြားသော လုပ်သားများနှင့်အတူ ရောထိုင်နေလိုက်သည်။ သူ၏ လက်ထဲတွင် ထမင်းဂျိုင့်တစ်လုံးအပြင် ဟောင်းနွမ်းစုတ်ပြတ်နေသော အိတ်တစ်လုံးကို ကိုင်ထားပြီး ပုံစံကလည်း ခေါင်းတုံးဆံတောက်နှင့် အဝတ်အစားဟောင်းများကို ဝတ်ဆင်ထားသဖြင့် အခြားသော အလုပ်သမားများနှင့် သူလားငါလားပင် ဖြစ်နေသည်။ လှေဆိပ်ပေါ်၌ အခြားသူများနှင့် ရောထိုင်နေသောအခါ မည်သူကမျှ သူ့ကို အထူးတလည် ဂရုပြုခြင်း မရှိ။ သူက အချိန်ကောင်းကို စောင့်နေခြင်းဖြစ်သည်။

နောက်ဆုံးတွင် ခရာတွတ် လိုက်ခြင်းဖြင့် စက်လှေ ထွက်တော့မည်ဖြစ်ကြောင်း အချက်ပြလေသည်။ လှေထိုးသားများကလည်း ဆိပ်ကမ်းပေါ်က သဘော်ကြိုးများကို စဖြုတ်သည်။ ဤသို့ဖြင့် စက်လှေက ကမ်းကို တဖြည်းဖြည်း ခွာစပြုနေပြီး စက်လှေစီးရန် မည်သူကမျှလည်း တန်းစီနေခြင်း မရှိတော့သောအခါတွင် စစ်ထောက်လှမ်းရေးများကလည်း ၄င်းတို့၏ အလုပ်ကို ခဏတဖြုတ် နားလိုက်သည်။ စက်လှေက သဘော်ဆိပ်မှ နှစ်ပေ၊ သုံးပေ အကွာအဝေးသို့ ရောက်သွား ရာတွင် အလုပ်သမားတွေကြားထဲက ကိုတင်မောင်ဦး ကိုးရိုးကားယား ပုံစံဖြင့် ထွက်လာပြီး စက်လှေရှိရာသို့ ဦးတည် ပြေးသွားလေသည်။ ထို့နောက် ဆိပ်ကမ်းပေါ်ရှိ ရေစပ်နားအရောက်တွင် လေထဲ၌ သုံးလေးပေခန့် ခုန်ကျော်လိုက်ရာ စက်လှေကုန်းပတ်ပေါ်သို့ ရောက်ရှိသွားသည်။ ဤသည်ကို ထောက်လှမ်းရေးများက တွေ့မြင်ကြသော်လည်း ထိုသူသည် စက်လှေ လွတ်သွားမည်ကို စိုးရိမ်သဖြင့် အပြေးအလွှား လာရောက်သော အသက်ကြီးကြီး အလုပ်သမားတစ်ဦးသာ ဖြစ်မည်ဟု ယူဆပြီး သူ့ကို အထူးတလည် ဂရုပြုခြင်း မရှိခဲ့ကြချေ။

မြို့ရွာများစွာတို့ကို ဖြတ်ကျော်လာပြီးနောက်တွင် ကိုတင်မောင်ဦးနှင့် ထွန်းကြင်တို့သည် မြန်မာနိုင်ငံ အရှေ့ပိုင်း ကရင်ပြည်နယ်သို့ ရောက်ရှိလာကြသည်။ ကရင်ပြည်နယ်သည် ထိုင်းမြန်မာနယ်စပ် တလျှောက်တွင် တည်ရှိသည်။ ထိုင်းနယ်စပ်တွင် တည်ရှိနေသော ပီဒီပီ အဖွဲ့ချုပ်ရုံးသို့ ရောက်ရှိနိုင်ရန်အတွက် ၄င်းတို့သည် ကရင်ပြည်နယ် တခွင်ကို ခြေကျင်ခရီးနှင်ကြရသည်။ ဤသို့ဖြင့် ၄င်းတို့သည် ထိုင်းမြန်မာ နယ်စပ်တလျှောက်တွင် ရှိသော ကရင်အမျိုးသား လွတ်မြောက်ရေးအစည်းအရုံး (ကေအင်ယူ) နယ်မြေထဲသို့ ရောက်ရှိလာခဲ့ကြသည်။ ဤနယ်မြေသည် ကရင်ပြည်နယ်ထဲတွင် တည်ရှိပြီး တောထူသော ဒေသတစ်ခုဖြစ်သည်။ ကေအင်ယူ လက်နက်ကိုင်အဖွဲ့သည် မြန်မာနိုင်ငံရှိ ကရင်လူမျိုးများကို ကိုယ်စားပြုပြီး စစ်အစိုးရကို ဆန့်ကျင်တော်လှန်နေသည့် နိုင်ငံရေး အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင်းရှိ နယ်မြေဒေသများအားလုံးနီးပါးကို မြန်မာစစ်တပ်က ထိန်းချုပ်ထားသည်ဟု ဆိုသော်လည်း ကေအင်ယူ ကဲ့သို့သော လက်နက်ကိုင်အဖွဲ့များက အုပ်စိုးနေသည့် နေရာဒေသအချို့လည်း မြန်မာနိုင်ငံ အတွင်း၌ ရှိပေသည်။ ကေအင်ယူ နယ်မြေကို မီးခိုးရောင် နယ်မြေဟု ခေါ်သည်။ ဆိုလိုသည်မှာ ဤနေရာကို အစိုးရကသော်လည်းကောင်း၊ မည်သည့်လက်နက်ကိုင် အဖွဲ့အစည်းကသော်လည်းကောင်း အပြည့်အဝ ထိန်းချုပ်ထားခြင်း မရှိ ဟူသော သဘောဖြစ်သည်။

ကေအင်ယူ နယ်မြေကို ဖြတ်သန်းသွားရာတွင် ကိုတင်မောင်ဦးသည် သူ၏ ခရီးစဉ် နှောင့်နှေးကြန့်ကြာနေမည်ကို မလိုလားသောကြောင့် ကေအင်ယူတပ်များနှင့် တွေ့ဆုံလိုခြင်း မရှိခဲ့။ ကေအင်ယူ အဖွဲ့ကမူ သူ့ကို လိုလိုလားလား ကြိုဆိုလက်ခံကာ မဟာမိတ်အဖြစ် သဘောထားမည် ဖြစ်ကြောင်းကို သူက ရိပ်စားမိခဲ့သည်။ သို့သော်လည်း ကိုတင်မောင်ဦး၏ အစီအစဉ်မှာ ပီဒီပီ အဖွဲ့ချုပ်ရုံးသို့ တတ်နိုင်သမျှ အမြန်ဆုံး အရောက်သွားရန် ဖြစ်သည်။

ဤသို့ဖြင့် ၄င်းတို့သည် ကေအင်ယူ နယ်မြေအတွင်း၌ ဆက်လက်၍ ခြေကျင်ခရီးနှင်လာခဲ့ကြသည်။ တောထဲတောင်ထဲတွင် မြန်မာ စစ်အစိုးရတပ်များနှင့် ကေအင်ယူတပ်များကို အမြဲတစေ သတိရှိရှိဖြင့် ရှောင်ရှားနေလာခဲ့ကြရသည်။ ဤနယ်မြေသည် အန္တရာယ်များသော စစ်မြေပြင်တစ်ခု ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဆိုရလျှင် ကရင်အမျိုးသားတို့၏ တော်လှန်စစ် သည် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးသော ပြည်တွင်းစစ် တစ်ခုဖြစ်ပြီး ဤစစ်ပွဲများကို ၁၉၄၉ခုနှစ် ကတည်းက စတင်ဆင်နွှဲလာခဲ့ခြင်း ဖြစ်သည်။ ကေအင်ယူ အဖွဲ့သည် တန်းတူညီမျှ အခွင့်အရေးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ ကျင့်သုံးသော ဖယ်ဒရယ် ပြည်ထောင်စုတည်ထောင်နိုင်ရေးအတွက် တောင်းဆိုကာ စစ်အစိုးရအား ဆန့်ကျင်တိုက်ခိုက်လာခဲ့ပေသည်။ ပထမနေ့တွင် ကိုတင်မောင်ဦးနှင့် ကိုထွန်းကြင်တို့သည် ကေအင်ယူ နယ်မြေရှိ ထူထဲနက်နဲသော တောအုပ်များကို ခြေကျင် လျှောက်သွားကြပြီး ညနေစောင်းသောအခါ တောထဲ၌ပင် ညအိပ်စခန်းချခဲ့သည်။ နောက်တစ်နေ့တွင်လည်း စစ်အစိုးရ တပ်များနှင့် ကေအင်ယူတပ်များကို ရှောင်ရှားကာ ခရီးဆက်လာခဲ့ကြသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် သူတို့သည် ကေအင်ယူ စစ်ဆေးရေးဂိတ်တစ်ခုသို့ ရောက်ရှိလာကြသည်။

ဤတွင် ကိုတင်မောင်ဦးက ၄င်းတို့ နှစ်ဦး သပ်သပ်စီ ခွဲသွားမှသာလျှင် စစ်ဆေးရေးဂိတ်ကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ရန် အခွင့်အလမ်း ပိုများမည်ဟု ထင်မှတ်ခဲ့သည်။ ကိုတင်မောင်ဦးက မိမိကိုယ်အတွက်မူ ယုံကြည်စိတ်ချမှု ရှိပြီးသားဖြစ်သည်။ အကယ်၍သာ အရေးအကြောင်း ကြုံလာလျှင် ဂိတ်စောင့်များအား အကြောင်းပြချက် တစုံတရာ ပေးပြီး အခြေအနေကို ဖြေရှင်းနိုင်စွမ်းရှိသောကြောင့်ပင်။ သို့သော် ကိုထွန်းကြင်နှင့် ကိုတင်မောင်ဦးတို့ နှစ်ယောက်တွဲနေလျှင် အတိုင်အဖေါက် မညီပါက ၄င်းတို့ အလွယ်တကူ အဖမ်းခံသွားရနိုင်သည်။ ကိုတင်မောင်ဦးက ကိုထွန်းကြင်အား “ကျနော် ရှေ့က အရင်သွားမယ်။ ခင်ဗျား ဒါကို ယူထားလိုက်”ဟုဆိုပြီး သူ့အိတ်ကပ်ထဲက သမ္မာကျမ်းစာအုပ်ကို ထုတ်လိုက်လာ ကိုထွန်းကြင် အင်္ကျီအိတ်ကပ်ထဲ ထည့်ပေးလိုက်သည်။ ကိုထွန်းကြင်က အင်္ဂလိပ်စာ မဖတ်တတ်သောကြောင့် ထိုစာအုပ်ကို ကျမ်းစာအုပ် မှန်းမသိ။ သူ ဘာအတွက်ကြောင့် ဤစာအုပ်ကို ယူထားရမည် ဆိုသည်ကိုလည်း နားမလည်။ ထို့ကြောင့် ကိုတင်မောင်ဦးက သူ့အား “စစ်ဆေးရေးဂိတ်မှာ ပြဿနာတစ်ခုခု တက်လာတယ်ဆိုရင် ဒီစာအုပ်ကို ထုတ်ပြီး အဲဒီအစောင့်တွေကို ပြလိုက်။ သူတို့ ခင်ဗျားကို လွှတ်ပေးလိမ့်မယ်။”ဟု ရှင်းပြသည်။

ထို့ပြင် ကိုတင်မောင်ဦးက “ကျနော် ခင်ဗျားကို ဟိုဘက်ခြမ်းက စောင့်နေမယ်။ အချိန် (၁)နာရီ ကြာအောင် ခင်ဗျားကို စောင့်မယ်။” ဟု ထပ်ပြောလိုက်သည်။ စစ်ဆေးရေးဂိတ်နားသို့ ချဉ်းကပ်လာသောအခါ ကိုတင်မောင်ဦးက ရှေ့က အရင်သွားနှင့်သည်။ ဤစစ်ဆေးရေးဂိတ်တွင် ထိုင်းနယ်စပ်ကို အသွားအပြန် လုပ်လေ့ရှိသော မှောင်ခိုကုန်သည်များ ဖြတ်သွားဖြတ်လာ လုပ်လေ့ရှိသည်။ ကိုတင်မောင်ဦးက စစ်ဆေးရေးဂိတ်နားကို ရောက်ခါနီးတွင် မြန်မာနိုင်ငံမှ ထိုင်းနယ်စပ်သို့ သွားရောက်ကြမည့် မှောင်ခိုကုန်သည်တစ်စုကလည်း စစ်ဆေးရေးဂိတ်ကို ဖြတ်မည် လုပ်နေကြသည်။ အဆိုပါ မှောင်ခိုကုန်သည်များသည် ကျောက်မျက်ရတနာများ၊ ဆေးဝါးများ၊ တန်ဖိုးကြီးသော အဝတ်အထည်များ၊ ကက်ဆက်နှင့် နာရီများ ကဲ့သို့သော ဈေးကြီးပေးရသည့် ပစ္စည်းပစ္စယ အသေးစားများကို မြန်မာနိုင်ငံအတွင်းသို့ ခိုးသွင်းလေ့ရှိသည်။ ကေအင်ယူ စစ်ဆေးရေးဂိတ်၌ မှောင်ခိုကုန်သည်များ အစစ်ဆေး ခံနေရချိန်တွင် ပါးရည်နပ်ရည်ရှိသော ကိုတင်မောင်ဦးက ၄င်းတို့နှင့် သွားရောနေလိုက်ပြီးနောက် ဘယ်သူကမျှ သတိမထားမိသည့်အချိန်တွင် စစ်ဆေးရေးဂိတ်ကို မသိမသာ ဖြတ်သွားသည်။ တဘက်ခြမ်းသို့ ရောက်သောအခါ သူက ကိုထွန်းကြင် အလာကို စောင့်နေလိုက်သည်။

ဤသို့ဖြင့် ကိုထွန်းကြင်က စစ်ဆေးရေးဂိတ်သို့ ရောက်ရှိလာသောအခါ အစောင့်များက သူ့ကို မေးမြန်းရာတွင် သူကလည်း ဇာတ်လမ်းတစ်ခုကို တတ်နိုင်သမျှ လုပ်ကြံပြောဆိုလေသည်။ သို့သော် သူ၏ ပြောပုံဆိုပုံနှင့် အမူအရာတို့ကြောင့် အစောင့်များက သူ့အပေါ် ချက်ချင်းပင် သင်္ကာမကင်း ဖြစ်သွားသည်။ နှိုက်နှိုက်ချွတ်ချွတ် မေးခွန်းများ မေးရာတွင်လည်း သူသည် မှောင်ခို ကုန်သည်တစ်ဦး မဟုတ်ကြောင်းကို ၄င်းတို့က သိသွားသောအခါ သူ့အပေါ် ပို၍ပင် သံသယရှိသွားကြသည်။

၎င်းနယ်မြေကို မှောင်ခိုကုန်သည်များသာ အများအားဖြင့် လာလေ့ရှိသောကြောင့် သူက မှောင်ခိုကုန်သည် မဟုတ်လျှင် မည်သူနည်း။ သူလျှိုတစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်မည်။ ဤသို့ဖြင့် အစောင့်များက သူ့အား ကေအင်ယူ အထက်အရာရှိ တစ်ဦးထံ ခေါ်သွားလေသည်။ ထိုအရာရှိကလည်း သူ့ကို စေ့စေ့စပ်စပ် စစ်ကြောမေးမြန်းသောအခါ အခြေအနေ ပို၍ တင်းမာလာသည်။ ထို့ကြောင့် နောက်ဆုံးတွင် ကိုထွန်းကြင်က အမှန်ကို ဖွင့်ပြောရန် ဆုံးဖြတ်ကာ သူသည် ကျောင်းသားခေါင်းဆောင် တစ်ဦး၏ လမ်းပြအဖြစ် လိုက်ပါ ဆောင်ရွက်ပေးသူဖြစ်ကြောင်း ဝန်ခံလိုက်သည်။ သို့သော် ကိုတင်မောင်ဦးက သူနှင့်အတူ ရှိမနေဘဲ သူ့ထက် အရင်ဦးစွာ သွားနှင့်လိုက်ပြီ ဖြစ်ကြောင်း သိရှိရသောအခါတွင် ၎င်းတို့က ကိုထွန်းကြင်အပေါ် ပို၍ပင် သံသယ ရှိသွားကြသည်။ ဤအခိုက်အတန့်တွင် ကိုထွန်းကြင်ကလည်း ဘာဆက်လုပ်ရမှန်း မသိတော့။ ထို့ကြောင့် ကိုတင်မောင်ဦး ပြောခဲ့သကဲ့သို့ပင် သူ့အိတ်ကပ်ထဲက သမ္မာကျမ်းစာအုပ်ကို ထုတ်ပြလိုက်ကာ ဤစာအုပ်ကို ကျောင်းသား ခေါင်းဆောင် ဖြစ်သူက သူ့အတွက် လက်ဆောင်ပေးထားခြင်း ဖြစ်ကြောင်း ရှင်းပြလေသည်။

အင်္ဂလိပ်စာဖြင့် ရိုက်နှိပ်ထားသော ကျမ်းစာအုပ်ကို တွေ့လိုက်ရသောအခါတွင် ကရင် အစောင့်များ အံ့သြသွားကြသည်။ ၎င်းတို့ အများစုမှာ နှစ်ခြင်း ခရစ်ယာန် ဘာသာဝင်များ ဖြစ်သောကြောင့်ပင်။ ဤတွင် ကရင် အထက်အရာရှိက ကိုထွန်းကြင်၏ မျက်လုံးထဲ စေ့စေ့ကြည့်ကာ "ဒါက ဘာစာအုပ်လဲ ဆိုတာ ခင်ဗျား သိသလား။" ဟု မေးလေသည်။ ကိုထွန်းကြင်ကလည်း "မသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်က အင်္ဂလိပ်စာ မဖတ်တတ်လို့ပါ"ဟု ပြန်ဖြေသည်။ ကရင် အထက်အရာရှိက "ဒါက ကျမ်းစာအုပ်ဘဲ"ဟု သူ့ကို ပြောလိုက်သည်။ ဤသို့ဖြင့် ကိုထွန်းကြင်အပေါ် ၎င်းတို့၏ လေသံများ ပျော့သွားပြီး ကျမ်းစာအုပ်ကို ဟိုလှန်သည်လှန် လုပ်ကြလေသည်။ သူတို့က ကိုထွန်းကြင်အပေါ် ယုံကြည်မှု ရှိသွားပြီး ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံလာကြကာ နောက်ဆုံးတွင် သူ့ကို သွားခွင့်ပြုလိုက်သည်။

ထိုနေ့ ညနေစောင်းအချိန်တွင် ကိုထွန်းကြင်က ကိုတင်မောင်ဦးကို လိုက်မှီသွားသောအခါ အလွန်ဝမ်းသာအားရ ဖြစ်သွားပြီး ဖြစ်ပျက်ခဲ့သည်များကို ပြန်လှန်ပြောပြသည်။ စာအုပ်ကလေးက သူ့အား ကယ်တယ်လိုက်ခြင်း ဖြစ်ကြောင်း ရှင်းပြသည်။ ကိုထွန်းကြင် တွေ့ကြုံခဲ့ရသည်များကို ကြားသိပြီးသောအခါ ကိုတင်မောင်ဦးက ရယ်ရယ်မောမော ဖြစ်သွားပြီး ကျမ်းစာအုပ်သည် ကရင်လူမျိုးများအတွက် မည်၍မည်မျှ အဖိုးတန်ကြောင်းကို ရှင်းလင်းပြောပြလေသည်။ ကိုထွန်းကြင်ကမူ ယခုကဲ့သို့သော စာအုပ်ကလေးက မိမိအသက်ကို ကယ်တင်လိုက်သည့်အပေါ် အံ့အားသင့် မဆုံးနိုင်သေး။ ကိုတင်မောင်ဦး ကလည်း အထင်ကြီးလေးစားသွားသည်။ ကိုတင်မောင်ဦးသည် သူ၏ မိတ်ဆွေများကို အမြဲတစေ စောင့်ရှောက်တတ်သူဖြစ်ပြီး ဖြစ်ပျက်လာနိုင်သည့် အရာများကိုလည်း ကြိုတင်မှန်းဆနိုင်စွမ်း ရှိသည်။

ပီဒီပီ အဖွဲ့ချုပ်ရုံးတွင်မူ ကိုတင်မောင်ဦး ရောက်လာမည်ကို သိရှိထားသော ဦးသွင်က သူ၏သား ကိုဇော်ဝင်းကို ခေါ်ကာ ကိုတင်မောင်ဦး၏ လုပ်ရပ်များ မည်၍မည်မျှ အရေးပါပုံကို ရှင်းလင်းပြောပြသည်။ "စစ်မြေပြင်မှာ အာဏာရှင် နေဝင်းရဲ့ တပ်သား (၁၀၀၀)လောက်ကို ငါတို့က သတ်ပစ်လိုက်နိုင်တယ် ဆိုရင်တောင်မှဘဲ သူက ငါတို့ဆီကို နောက်ထပ် တပ်သား (၁၀ ၀၀၀)လောက် ထပ်လွှတ်လိုက်လို့ ရတယ်။ နေဝင်းဟာ တိုင်းပြည်ရဲ့ အာဏာနဲ့ သယံဇာတတွေ အားလုံးကို ချုပ်ကိုင်ထားတာကြောင့်လဲ ဒီလိုမျိုး လုပ်နိုင်တာပေါ့ကွာ။ ပြီးတော့ နေဝင်းက တိုင်းပြည်ရဲ့ သတင်းမီဒီယာတွေ အားလုံးကို ထိန်းချုပ်ထားပြီး အထဲမှာ ရှိတဲ့ ပြည်သူလူထုတွေက ငါတို့ ဒီဘက်ကနေ ဘာအတွက်ကြောင့် ဘယ်သူ့ကို ဆန့်ကျင်တိုက်ခိုက် နေတယ် ဆိုတဲ့ သတင်းတွေကို မသိရတဲ့အခါကျတော့ ဒီလိုမျိုး ဝေးလံခေါင်သီတဲ့ နေရာတွေမှာ ဖြစ်ပျက်နေတဲ့ တိုက်ပွဲတွေက သိပ်ပြီး ထိရောက်မှု မရှိတော့ဘူးပေါ့ကွာ။ ဒါပေမယ့် ကိုတင်မောင်ဦးလို ကျောင်းသားခေါင်းဆောင်တစ်ယောက်က ပြည်သူတွေ ထောင်သောင်းမက ပါဝင်တဲ့ လူထုဆန္ဒပြပွဲတွေကို ဦးဆောင်ဖန်တီးပေးလိုက်တာက တော်တော်လေးကို ထိရောက်မှု ရှိတယ် လေ။ ဘာကြောင့်လဲ ဆိုတော့ ဆန္ဒပြပွဲသတင်းတွေဟာ နိုင်ငံတနိုင်ငံလုံးကိုသာ မကဘဲ ပြည်ပနိုင်ငံတွေဆီကိုပါ ပျံ့နှံ့သွားတယ် မဟုတ်လား။ ကိုတင်မောင်ဦးက ပီဒီပီ ရဲ့ အဖွဲ့ဝင်တစ်ယောက် မဟုတ်ပေမယ့်လဲ သူက ငါတို့ရဲ့ မဟာမိတ်ကောင်း

တစ်ယောက် ဖြစ်တယ်။ ငါတို့ရဲ့ ရည်မှန်းချက်နဲ့ သူ့ရည်မှန်းချက် အတူတူဘဲ။ ဒါကြောင့် ငါတို့ တတ်နိုင်တဲ့ဘက်က အရင်းအမြစ်တွေ အားလုံးကို သုံးပြီးတော့ ကိုတင်မောင်ဦး လိုလူမျိုးကို ထောက်ပံ့ပေးဖို့ လိုအပ်တယ်။''ဟု ပြောလေသည်။

## နယ်စပ်ဒေသကို ဒုတိအကြိမ် ရောက်ရှိလာခြင်း

ခက်ခဲကြမ်းတမ်းသော ဤလမ်းခရီးကို ကိုတင်မောင်ဦးနှင့် ကိုထွန်းကြင်တို့ စတင်လာခဲ့ကြသည်မှာ ဇွန်လ အစပိုင်းက ဖြစ်သည်။ ဇွန်လ အလယ်ပိုင်းလောက်တွင် ၎င်းတို့သည် ဗီဒီပီ အဖွဲ့ချုပ်ရုံးသို့ ရောက်ရှိလာ ခဲ့ကြသည်။ ကိုတင်မောင်ဦး ဘေးမသီရန်မခဘဲ ရောက်ရှိလာသောအခါ ဗီဒီပီ အဖွဲ့ခေါင်းဆောင်များ အလွန်အမင်း ဝမ်းမြောက်ခဲ့ကြသည်။ ဗီဒီပီ အဖွဲ့ချုပ်ရုံးကို ကိုတင်မောင်ဦး ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာသဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသူများ ထဲတွင် ဗီဒီပီ၏ စစ်သေနာပတိ ဦးသွင်လည်း ပါဝင်သည်။ ၎င်းတို့က ကိုတင်မောင်ဦးကို စစ်မှန်သော သူရဲကောင်းတစ်ယောက် အနေဖြင့် ကြိုဆိုကြပြီး အထိမ်းအမှတ် အခမ်းအနားများ ကျင်းပပေးကြသည်။

ထိုအချိန်မှစ၍ နောက်ပိုင်းရက်များအတွင်းတွင် ကိုတင်မောင်ဦးသည် သတင်းမီဒီယာ အင်တာဗျူးများကို ဖြေကြားခြင်းဖြင့် အလုပ်များနေခဲ့သည်။ ထိုင်းနိုင်ငံရှိ သတင်းဌာနများသာမကဘဲ အားသစ် ဟုအမည်ရသော ဗီဒီပီ အဖွဲ့၏ သတင်းစာကလဲ သူ့ကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ အားသစ်သည် ဗီဒီပီ အဖွဲ့၏ တရားဝင် သတင်းစာစောင် ဖြစ်ပြီး ၎င်းကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာစလုံးဖြင့် ပုံနှိပ်ထုတ်ဝေသည်။ ဗီဒီပီ သတင်းစာစောင်ထဲတွင် ကိုတင်မောင်ဦး၏ နောက်ဆုံးပေါ် ခေါင်းတုံးဆံတောက် ဓါတ်ပုံကို ထည့်သွင်းပြီး သတင်းခေါင်းစီးတွင် ''ကျောင်းသားခေါင်းဆောင်က စစ်ထောက်လှမ်းရေးကို လှည့်စားခြင်း''ဟူ၍ ထင်းထင်းကြီး ရေးသားဖေါ်ပြခဲ့သည်။ ထိုသတင်းဆောင်းပါးသည် ၁၉၇၅ခုနှစ် ဩဂုတ်လ (၁)ရက်နေ့တွင် ထုတ်ဝေသော စာစောင်၌ ပါရှိခဲ့သည်။

ကိုထွန်းကြင် ကလည်း နောက်တစ်ပတ်ခန့်အကြာတွင် ရန်ကုန်ကို တစ်ကိုယ်ရေ ပြန်သွားခဲ့သည်။ အမေက သူ့အတွက် အလွန် စိတ်ပူနေမည် သိရှိထားသဖြင့် ကိုတင်မောင်ဦးသည် အန္တရာယ် ကင်းရှင်းစွာဖြင့် ထိုင်းနယ်စပ်ကို ရောက်ရှိသွားပြီဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ကိုထွန်းကြင်မှတဆင့် သူ၏မိသားစုအား သတင်းပါးလိုက်လိုသည်။ သို့သော် ထောက်လှမ်းရေးများက ကိုထွန်းကြင်ထံမှ သူနှင့် ပတ်သက်သော အထောက်အထား တစုံတရာ ရရှိသွားမည့် အဖြစ်ကိုလည်း မလိုလားချေ။ ထို့ကြောင့် ကိုတင်မောင်ဦးက အကြံတစ်ခု ထုတ်လေသည်။ သူ၏ အင်္ကျီတစ်ထည်ကိုယူကာ ပုခုံးနားတွင် (၆)လက်မခန့် ရှိသော ချုပ်ရိုးကို ဖြည်လိုက်သည်။ အင်္ကျီပုခုံးသားတွင် အစနှစ်ထပ်ပါသည်။ ထို့နောက် ကိုတင်မောင်ဦးက အင်္ကျီပုခုံးစ တစ်စ၏ အတွင်းထဲတွင် နက်ပြာရောင် ဘောပင်ဖြင့် ''ကျနော် ထိုင်းနိုင်ငံကို ဘေးကင်းစွာနဲ့ ရောက်လာပြီ''ဟု ရေးလိုက်သည်။ စာကြောင်းအောက်နားတွင်လည်း လက်မှတ် ထိုးလိုက်သည်။ ထို့နောက် အင်္ကျီပုခုံးသားကို ပြန်ချုပ်လိုက်သောအခါ သူရေးထားသော စာကြောင်းက ထင်သာမြင်သာခြင်း မရှိတော့။ ဤသို့ဖြင့် ကိုထွန်းကြင် ရန်ကုန်ပြန်သောအခါ ကိုတင်မောင်ဦးက ထိုအင်္ကျီကိုပါ ထည့်ပေးလိုက်သည်။

ကိုထွန်းကြင် ရန်ကုန်မြို့သို့ ပြန်ရောက်လာပြီး များမကြာမီတွင် မလှမြိုင်နှင့် ကိုလှရွှေတို့က သူ့အိမ်သို့ လာရောက်ကြသည်။ ကိုထွန်းကြင်ကလည်း ကိုတင်မောင်ဦးဆီက ပစ္စည်းတစ်ခုပါကြောင်း ပြောကာသူ၏ ခရီးဆောင်အိတ်ထဲက အင်္ကျီကို ထုတ်လိုက်သည်။ ထို့နောက် ကိုတင်မောင်ဦး၏ အမှာစာပါသော အပိုင်းကို ဖြတ်ထုတ်ပြီး မလှမြိုင်နှင့် ကိုလှရွှေတို့အား ကမ်းပေးလိုက်သည်။ ထို့ပြင် သူက နောက်နှစ်ပတ်အတွင်းတွင် ဗီဒီပီ အဖွဲ့ချုပ်ရုံးကို ပြန်လည်သွားရောက်မည့် အစီအစဉ်ကို ပြောပြသည်။ ကိုတင်မောင်ဦးကို သတင်းပါးလိုက်လိုလျှင်လည်း သူက ယူသွားပေးမည် ဖြစ်သည်။ မလှမြိုင်နှင့် ကိုလှရွှေတို့

အိမ်ပြန်ရောက်သောအခါ ကိုတင်မောင်ဦး၏ စာကို ဖတ်လိုက်ရမှသာလျှင် အမေ့ရင်ထဲက အလုံးကြီး ကျသွားခဲ့သည်။ ကိုတင်မောင်ဦး အဆင်ပြေနေသည်ကို ကြားသောခါ အမေ စိတ်ချမ်းသာသွားသည်။

ဤသို့ဖြင့် ရက်သတ္တ (၂)ပတ်ခန့် ကြာသွားပြီး တညနေခင်း ညနေပိုင်း (၆)နာရီ ဝန်းကျင်လောက်တွင် မလှမြိုင်နှင့် ကိုလှရွှေတို့က ကိုထွန်းကြင်၏ နေအိမ်သို့ သွားရောက်ကြလေသည်။ စက်ဘီးတစ်စီးဖြင့် ၄င်းတို့ နှစ်ယောက်သား ကိုထွန်းကြင် အိမ်သို့ သွားရောက်သည့်အချိန်အတွင် အပြင်၌ မှောင်နေပြီဖြစ်သည်။ အိမ်ရှေ့သို့ ရောက်သောအခါ ၄င်းတို့ စက်ဘီးပေါ်က ဆင်းလိုက်ပြီး ကိုလှရွှေက စက်ဘီးကို တွန်းကာ အိမ်ဝင်းတံခါးဝကို ဖွင့်လိုက်သည်။ ဤတွင် ကိုထွန်းကြင် အိမ်ဧည့်ခန်းထဲရှိ မီးရောင်အောက်တွင် အလုပ်ရှုပ်နေသော လူအချို့ကို အပြင်ဘက်က လှမ်းတွေ့လိုက်ရသည်။ မြင်ကွင်းက မကောင်းပါ။ စစ်ထောက်လှမ်းရေးများက ကိုထွန်းကြင်ကို ဖမ်းလိုက်ပြီဖြစ်သည်။ ထောက်လှမ်းရေးများက သူတို့ ရသမျှ စာရွက်စာတမ်း အထောက်အထားများကို တစ်အိမ်လုံး မွှေနှောက်ရှာဖွေနေကြသည်။ ကိုလှရွှေနှင့် မလှမြိုင်တို့မှာ အထိတ်တလန့်ဖြစ်သွားပြီး အသက်ကိုပင် ပြင်းပြင်းမရှူရဲတော့။ နှလုံးခုံသံများ မြန်လာသည်။ ၄င်းတို့သည် ဖြည်းညှင်းစွာဖြင့် အိမ်ဝင်းအပြင်ကို ပြန်ထွက် လိုက်ပြီးနောက် အမှောင်ထုထဲတွင် ကိုထွန်းကြင် အိမ်နှင့် ဝေးရာသို့ စက်ဘီးကို တတ်နိုင်သမျှ အားကုန်နင်းသွားသည်။ ကိုထွန်းကြင် အိမ်ထဲတွင် မီးအလင်းရောင်ရှိနေပြီး ထောင်လှမ်းရေးများက အထောက်အထားများကိုသာ သဲကြီးမဲကြီး ရှာဖွေနေသောကြောင့်သာလျှင် အိမ်အပြင်ဘက် အမှောင်ထုထဲက ကိုလှရွှေတို့ကို သတိမပြုမိခဲ့ကြခြင်း ဖြစ်သည်။ နောက်ပိုင်း တွင် ကိုထွန်းကြင် ထောင်ဒဏ်အနှစ် (၂၀) ချမှတ်ခြင်းခံခဲ့ရသည်။ ကိုလှရွှေနှင့် မလှမြိုင်တို့မှာ ကံကောင်းထောက်မစွာဖြင့် သီသီလေး လွတ်သွားခြင်း ဖြစ်သည်။ မဟုတ်လျှင် ၄င်းတို့လည်း အဖမ်းခံရမှာ သေချာသည်။

နောက်တစ်နေ့တွင် ကိုလှရွှေသည် ကိုထွန်းအောင်ကျော် အိမ်သို့သွားပြီး ယမန်နေ့ညက ကိုထွန်းကြင် အဖမ်းခံ ခဲ့ရပုံနှင့် ပတ်သက်၍ ပြောဆိုလေသည်။ ကိုထွန်းကြင်အတွက် စိတ်မကောင်း ဖြစ်သွားသော ကိုထွန်းအောင်ကျော်က သူ့အား "ဒီသတင်း လာပေးတဲ့အတွက် အရမ်းကျေးဇူး တင်တယ်။ ကျနော်လဲ အခုတလောမှာ အိမ်မပြန်ဘဲ နေလိုက်မယ်။ မဟုတ်ရင် ကျနော်လဲ အဖမ်းခံသွားရနိုင်တယ်။"ဟု ပြောသည်။

စစ်ထောက်လှမ်းများသည် ထုံးစံအတိုင်း ကိုထွန်းကြင်ကို စစ်ဆေးမေးမြန်းကြသည်။ အပြင်းအထန် နှိပ်စက်ညှဉ်းပမ်း ကြသည်။ စစ်ထောက်လှမ်းရေးများသည် သနားညှာတာမှု ကင်းမဲ့သူ၊ စည်းဘောင် မရှိသူများ ပေတည်း။ ၄င်းတို့က တစ်စုံ တစ်ဦးကို သင်္ကာမကင်း ဖြစ်ပြီဆိုလျှင် ထိုသူအား ၄င်းတို့ သတ်လိုက သတ်နိုင်သည်။ အလွန်အမင်း ပြင်းထန်သော နှိပ်စက်ညှဉ်းပမ်းမှုများကို မခံနိုင်တော့သည့်အဆုံး ကိုထွန်းကြင်သည် ကိုအာဇမ်း၊ ကိုထွန်းအောင်ကျော်နှင့် ကိုရဲမြင့်သိန်းတို့၏ အမည်များကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ကိုအာဇမ်းသည် ကိုတင်မောင်ဦးကို ထိုင်းနယ်စပ်သို့ ပထမအကြိမ် ခေါ်သွားပေးခဲ့ သော အစ္စလမ်ဘာသာဝင်တစ်ယောက် ဖြစ်သည်။ ကိုထွန်းအောင်ကျော်နှင့် ကိုရဲမြင့်သိန်း တို့မှာမူကား ကိုတင်မောင်ဦး၏ မိတ်ဆွေရင်းချာများပင် ဖြစ်သည်။ ၄င်းတို့သည် ကျောင်းသားကိုယ်စားလှယ်များအနေနှင့် ပီဒီပီ အဖွဲ့ခေါင်းဆောင်များကို သွားရောက်တွေ့ဆုံ ဆွေးနွေးလာခဲ့ကြသည်မှာ သိပ်မကြာသေးချေ။

ချက်ချင်းဆိုသလိုပင် စစ်ထောက်လှမ်းရေးများက ကိုအာဇမ်းကို ဖမ်းဆီးလိုက်သည်။ အချုပ်ထဲတွင် ၄င်းတို့က သူ့ကို ပြင်းပြင်းထန်ထန် နှိပ်စက်ညှဉ်းပမ်းမှုကြောင့် သူ၏ မျက်လုံးတဖက် ကွယ်သွားသည်အထိ ဖြစ်ခဲ့ရသည်။ သူ၏ နံရိုးများစွာတို့ အပြင် မေးရိုးပါ ကျိုးသွားခဲ့ရသည်။ နောက်ပိုင်းတွင် သူ၏ မေးရိုးမှာ ပြန်သက်သာ လာသော်လည်း မေးရိုးနေရာမကျ ခြင်းကြောင့် သူ၏ မျက်နှာ အနေအထား ရွဲ့စောင်းသွားခဲ့သည်။ တရားရုံးက သူ့ကို ထောင်ဒဏ် တသက်တကျွန်း ချမှတ် ခဲ့သည်။

ကိုထွန်းအောင်ကျော်ကမူ ထွက်ပြေးတိမ်းရှောင်နေကြောင်းကို စစ်ထောက်လှမ်းရေးများက ချက်ချင်းရိပ်မိခဲ့ကြသည်။ ထို့ကြောင့် သူ့အိမ်ကို မျက်ခြေမပြတ် စောင့်ကြည့်နေစေခဲ့သည်။ ဤသို့ဖြင့် တစ်လကြာသွားသောအခါ ကိုထွန်းအောင်ကျော် ကလည်း အိမ်ပြန်သွား သင့်မသင့်ကို ဝေခွဲမရခဲ့။ သူ့အတွက်တော့ အခြေအနေ စိုးရိမ်စရာ သိပ်မရှိသလိုပင်။ ကိုထွန်းကြင်က သူ့နာမည်ကို စစ်ထောက်လှမ်းရေးများအား မပေးလိုက်ခြင်းကြောင့် ဖြစ်နိုင်သည်ဟု တွေးထင်နေမိသည်။ ထိုအချိန်တွင် သူ့အမေက သူ့ကို သတင်းတစ်ခု ပါးလိုက်သည်။ ထိုသတင်းမှာ "နယ်ကလာတဲ့ နင့်ဦးလေး အိမ်မှာ ရောက်နေတယ်။ သူက နင်ကြိုက်တတ်တဲ့ လယ်ထဲက ငါးဟင်း ချက်ထားပေးတယ်"ဟူ၍ ဖြစ်သည်။ ဤတွင် ကိုထွန်းအောင်ကျော်က မိမိ အလွန်နှစ်သက်သော လယ်ငါးဟင်းကို စားချင်လွန်းလှသဖြင့် အိမ်သို့ တိတ်တဆိတ် ပြန်လာခဲ့သည်။ သူ၏ အမေ၊ ဦးလေး တို့နှင့်အတူ ထမင်းဟင်းများကို မြိန်ရည်ရှက်ရည် စားသောက်နေချိန်တွင် စစ်ထောက်လှမ်းရေးများကို သူ့ကို လာရောက် ဖမ်းဆီးလေသည်။

ထောက်လှမ်းရေးများက ကိုထွန်းအောင်ကျော်ကို ထမင်းပြီးအောင် စားခွင့်ပြုပြီးသည့်နောက်တွင် ဌာနချုပ်ရုံးသို့ ခေါ်ဆောင်သွားသည်။ ဌာနချုပ်တွင် ၄င်းတို့က သူ့ကို တညလုံး ရိုက်နှက်နှိပ်စက်ကြသည်။ သူ၏ လက်များကို မျက်နှာကျက်မှ ကြိုးဖြင့် တွဲလောင်း ချည်ထားပြီး မေ့မျောသွားသည် အထိ ရိုက်နှက်ကြသည်။ သတိမေ့နေသော ခန္ဓာကိုယ်ကို သည်အတိုင်း ကြိုးတွဲလောင်းဖြင့် ထားခဲ့သည်။ သူ သတိပြန်လည်လာသောအခါ နောက်တစ်ကြိမ် ထပ်အရိုက်ခံရပြန်သည်။ ဤကဲ့သို့ ဆိုးရွားယုတ်မာသော နှိပ်စက်ညှဉ်းပမ်းမှုများကြောင့် သူ သတိမေ့မျောသွားခဲ့ရသည့် အကြိမ်ပေါင်း မနည်းခဲ့။ ထို့နောက် ကိုထွန်းအောင်ကျော် ကိုလည်း ၄င်းတို့က ထောင်ဒဏ် တသက်တကျွန်း ချမှတ်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကိုထွန်းအောင်ကျော် အိမ်၌ ဖွက်ထားသော ခြောက်လုံးပြူးသေနတ်များကို စစ်ထောက်လှမ်းရေးများက ရှာဖွေတွေ့ရှိခဲ့သည်။ ကိုရဲမြင့်သိန်းကိုလည်း ၄င်းတို့က ဖမ်းဆီးခဲ့ကြပြီး ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခဲ့ပြန်သည်။

## ဘန်ကောက်မြို့တွင် မျက်စိပွင့် နားပွင့် ခရီး

ပီဒီပီ အဖွဲ့ချုပ်ရုံးသို့ ရောက်ရှိပြီးနောက် ကိုတင်မောင်ဦးအား ဘန်ကောက်မြို့နှင့် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ပတ်တရာမြို့ အပါအဝင် ထိုင်းနိုင်ငံရှိ အဓိကကျသော မြို့ပြကြီးများသို့ (၁၀)ရက် (၁၅)ရက်ကြာ အလည်အပတ် ခေါ်ဆောင် သွားခဲ့ကြသည်။ ကိုတင်မောင်ဦးအား ဘန်ကောက်မြို့တွင် အဆင့်မြင့် ကြယ်ငါးပွင့် ဟိုတယ်၌ သွားရောက်တည်းခို စေခဲ့သည်။ ဤဟိုတယ်သည် ဘန်ကောက်မြို့အတွင်းရှိ ဈေးအကြီးဆုံးနှင့် ခံ့ညားထည်ဝါမှု အရှိဆုံးသော ဟိုတယ်များထဲတွင် ပါဝင်သည်။

ဟိုတယ် အပေါ်ထပ်သို့ရောက်သောအခါ ဟိုတယ်ဧည့်ကြိုက သူ့အား ခန်းနားထယ်ဝါသော ပထမတန်းစား အနှိပ်ခန်း တစ်ခုကို ခေါ်ဆောင်သွားသည်။ အနှိပ်ခန်းများကို ထိုင်းနိုင်ငံ အစိုးရက တရားဝင် ခွင့်ပြုထားသောကြောင့် ဘန်ကောက် ကဲ့သို့သော မြို့ကြီးပြကြီးများတွင် အနှိပ်ခန်းများ ရှိသည်မှာ အထူးအဆန်း မဟုတ်တော့။ ကိုယ်ကျင့်တရားနှင့် ပတ်သက် လာလျှင် ကိုတင်မောင်ဦးသည် စံနမူနာ ယူရမည့်သူ တစ်ဦး ဖြစ်ပြီး ဤသည်မှာ သူ၏ ထူးခြားသော ပင်ကိုယ်စရိုက် ဒုတိယ တစ်မျိုးပင်ဖြစ်သည်။ ထိုသို့သော အနှိပ်ခန်းများတွင် လိင်ပိုင်းဆိုင်ရာ ပျော်ရွှင်သာယာမှုကို လူအများက ရရှိခံစားကြသည် ဆိုသည်မှာ ထိုင်းနိုင်ငံ အပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းများစွာတို့တွင် အလေ့အထတစ်ခု ဖြစ်လာခဲ့သော်လည်း မြန်မာနိုင်ငံ တွင်မူ ထိုကဲ့သို့သော အခြင်းအရာကို အကျင့်ပျက်သော လုပ်ရပ်တစ်ခုအဖြစ် မှတ်ယူလေ့ရှိကြသည်။ ကိုတင်မောင်ဦးက ထိုကဲ့သို့သော အမူအကျင့်များကို လိုက်စားခြင်း မရှိခဲ့။ ဤအကျိုးရလာဒ်ကြောင့် သူ၏ အတွင်း စိတ်နှလုံးသည် သန့်စင် နေကာ မိမိကိုယ်ကို ယုံကြည်မှုအပြည့် ရှိနေခဲ့သည်။ "ကျနော် ဒါမျိုးတွေကို လုံးဝ

စိတ်မဝင်စားဘူး'' ဟုဆိုကာ သူက အဆိုပါကဲ့သို့သော အပန်းဖြေမှုများကို ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့သည်။ ဤသို့ပြုလုပ်မည့်အစား ''ကျနော့်ကို ဘန်ကောက်မြို့ထဲ ကားပတ်မောင်းပေးပါ။ မြို့ရှုခင်းတွေကိုဘဲ ကျနော် ခံစားချင်တယ်။''ဟု သူက ပြောလေသည်။

မြန်မာနိုင်ငံ အပြင်ဘက်ရှိ ကမ္ဘာကို တွေ့ကြုံစားရမည်မှာ ဤသည်က သူ့အတွက် ပထမဆုံးအကြိမ် ဖြစ်သောကြောင့် သူက လမ်းပြအား ဘန်ကောက်မြို့ထဲတွင် ကားပတ်မောင်းခိုင်းခဲ့ခြင်း ဖြစ်သည်။ ဘန်ကောက်မြို့ ရှုခင်းများကို ပတ်ကြည့်ရင်းက ကိုတင်မောင်ဦးသည် မိမိ၏ အမိမြေ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို နှိုင်းယှဉ်မိသည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံထက် အဆပေါင်းများစွာ ခေတ်မှီဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်ကြောင်း မျက်မြင်ကြုံတွေ့ လိုက်ရသည်။ မြို့ထဲတွင် ခေတ်ဆန်သော လူနေမှုဘဝများ၊ တိုက်တာ အဆောက်အအုံများ၊ ဝတ်ကောင်းစားလှတို့ကို ဝတ်ဆင်ထားသော မြို့သူမြို့သားများနှင့် အစားအသောက် ပေါကြွယ်ဝပုံတို့ကို ကားပြတင်းပေါက်ကနေ၍ အတိုင်းသား တွေ့မြင်နေရသောကြောင့်ပင်။ ဤနိုင်ငံသည် ရှင်သန်ထမြောက်နေသော နိုင်ငံတစ်ခုဖြစ်ကြောင်း အလိုလို ရိပ်စားမိလိုက်သည်။ တချိန်တည်းမှာပင် သူ၏ အမိမြေကိုလည်း ပြန်လည်မြင်ယောင်နေမိသည်။ မြန်မာနိုင်ငံသည် သယံဇာတ ပေါကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်သော်လည်း တစ်ကိုယ်ကောင်းဆန်သော စစ်အာဏာရှင်များက ပြည်သူပြည်သားများကို ဆင်းရဲတွင်း နက်နေစေခဲ့သည်။ ခေတ်နောက်ကျကျန် နေစေခဲ့သည်။ ကမ္ဘာကြီးကို အမှီလိုက်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ပြောင်းလဲမှုများစွာ ပြုလုပ်ရန် လိုအပ်သည်ကို ကိုတင်မောင်ဦးက နားလည်သဘောပေါက်ခဲ့သည်။ ဤခရီးစဉ်သည် သူ့အတွက် မျက်စိပွင့် နားပွင့် ဖြစ်စေခဲ့သော အတွေ့အကြုံတစ်ခုပင်ဖြစ်သည်။

ဘန်ကောက်မြို့ ခရီးစဉ်တွင် ကိုတင်မောင်ဦး၏ တောင်းဆိုချက် နောက်တစ်ခုကိုလည်း လမ်းပြဖြစ်သူက မှတ်မိနေသေးသည်။ ထိုင်း အစားအစာသည် မြန်မာ အစားအစာနှင့် သိပ်မကွာလှသော်လည်း ကိုတင်မောင်ဦးကမူ မြန်မာ အိမ်တွင်းမှုလုပ် အစားအသောက်များကို တမ်းတမိသဖြင့် မြန်မာ ထမင်းဟင်းရောင်းသော ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပေးရန် လမ်းပြဖြစ်သူထံ တောင်းဆိုလေသည်။ ဘန်ကောက်မြို့လယ်ကြီးတွင် မြန်မာထမင်းဆိုင် မည်ကဲ့သို့ သွားရှာရမည်ကို တွေးရင်းက လမ်းပြဖြစ်သူအတွက် အကျပ်ရိုက်ခဲ့ရသည်။ သို့သော် မြန်မာ အစားအစာရောင်းသော ဆိုင်တစ်ဆိုင်ကို ရှာတွေ့ နိုင်ခဲ့သည်။ ကိုတင်မောင်ဦးကလည်း ကျေးဇူးတင်စွာဖြင့် မြန်မာထမင်းဟင်းများကို မြိန်ရည်ရှက်ရည် စားသောက်လေတော့သည်။

တစ်နေ့တွင် မိတ်ဆွေများက ကိုတင်မောင်ဦးအား ရုပ်ရှင်သွားကြည့်ရန် မရမက လေးငါးဆယ်ကြိမ် တိုက်တွန်းသောအခါ ကိုတင်မောင်ဦးက စိတ်မပါတပါနှင့် သဘောတူသွားသည်။ သို့သော် ရုပ်ရှင်ဇာတ်ကား ပြီးသွားသောအခါ ရုပ်ရှင်မကြည့်ဘဲ ရုပ်ရှင်ရုံအပြင်ဘက်၌ စာအုပ်ထိုင်ဖတ်၍ စောင့်နေသော ကိုတင်မောင်ဦးကို မိတ်ဆွေများက တွေ့လိုက်ရသည်။ ၎င်းတို့က သူ့ကိုကြည့်၍ ဇဝေဇဝါဖြစ်သွားကာ ''ခင်ဗျားက ဘာဖြစ်လို့ ရုပ်ရှင်မပြီးသေးခင် ထွက်လာရတာလဲ။ ရုပ်ရှင်ဇာတ်ကားကို မကြိုက်ဘူးလား။''ဟု မေးလေသည်။ ကိုတင်မောင်ဦးက ''ခင်ဗျားတို့က အရမ်းကာရော တိုက်တွန်းနေလို့သာ ကျနော် လိုက်ခဲ့ရတာပါဗျာ။ တကယ်ဆို ကျနော်က ရုပ်ရှင်ကြည့်လေ့ မရှိသလောက်ဘဲ။ ကျနော် ရုပ်ရှင်မကြည့်တာတောင် အတော်လေး ကြာသွားခဲ့ပြီ။ ကျနော့် စိတ်တွေ ပိုပြီး ခိုင်မာလာစေဖို့အတွက် စိတ်စွမ်းအားကို ပျိုးထောင်ပေးနေတာဗျ။''ဟု အေးအေးဆေးဆေးပင် ပြန်ဖြေခဲ့သည်။

ကိုတင်မောင်ဦးသည် ကျောင်းသားလှုပ်ရှားမှုများ၌ ပါဝင်ပတ်သက်ခြင်း မပြုမီ ငယ်ရွယ်စဉ် ကတည်းကပင် သူသည် ရုပ်ရှင် မကြည့်လိုတော့ကြောင်းနှင့် ပတ်သက်၍ အမေ့အား ပြောပြခဲ့ဘူးသည်။ အဘယ်ကြောင့် ရုပ်ရှင် မကြည့်ချင် ရသနည်း ဟုမေးသော အခါ သူက ''ရုပ်ရှင်တွေက ကျနော့်စိတ်ကို ပျော့ပျောင်းစေတယ်''ဟု ပြန်ဖြေခဲ့သည်။ ရုပ်ရှင်များက လူတစ်ဦး၏ စိတ်နှလုံးကို ပါလာအောင် ဆွဲဆောင်နိုင်စွမ်း ရှိသည့်အချက်ကို သူက မနှစ်သက်ခြင်း ဖြစ်သည်။ ရုပ်ရှင်များသည် ပရိတ်သတ်၏

စိတ်အာရုံကို လွှမ်းမိုးနိုင်ကြောင်း သူက သိရှိရိပ်စားမိခဲ့သည်။ ဥပမာအားဖြင့် အချစ်ဇာတ်လမ်း ရုပ်ရှင်ကားတစ်ကားကို ကြည့်မည်ဆိုလျှင် ထိုရုပ်ရှင်၏ ဇာတ်လမ်းဇာတ်ကွက်များသည် လူ့စိတ်ခံစားချက်များကို ငြိုယူဖမ်းစားလိုက်ပြီး ထိုသူ၏ စိတ်အာရုံတွင် နောက် သုံးလေးရက် ကြာသည့်တိုင် ထိုခံစားချက်များက လွှမ်းမိုးနေပေသည်။ ရုပ်ရှင် ဒါရိုက်တာ၏ ရည်ရွယ်ချက်မှာ ပရိတ်သတ်၏ စိတ်အာရုံကို စေလိုရာစေနိုင်ရန် ဖြစ်သည်။ ပရိတ်သတ်ကို ရယ်မောစေသည်။ ဝမ်းနည်းပူဆွေး ငိုယိုမှုများ ဖြစ်စေသည်။ ကြောက်ရွံ့စိတ်များကို ဖြစ်သည်။ ထို့ပြင် ဒေသစိတ် (သို့မဟုတ်) စက်ဆုပ်ရွံ့ရှာစိတ် များကိုပါ ဖြစ်စေနိုင်စွမ်းရှိသည်။ ကိုတင်မောင်ဦး၏ ထူးခြားသော ပင်ကိုယ်စရိုက် တတိယတစ်မျိုးမှာ သူ၏ စိတ်စွမ်းအင်ကို မည်ကဲ့သို့ ထိန်းသိမ်းရမည်၊ မြှင့်တင်ပေးရမည် ဆိုသည်များကို အလိုလို နားလည်သိရှိနေခဲ့ခြင်းပင် ဖြစ်သည်။

နောက်ပိုင်းရက်များတွင် ကိုတင်မောင်ဦးသည် ပတ်တရာ ပင်လယ်ကမ်းခြေမြို့တွင် နေထိုင်ခဲ့ရသည်။ ပဒပ အဖွဲ့ ခေါင်းဆောင်များနှင့် ဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက်သာ ထိုနေရာသို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ပြာလွင်သော မိုးကောင်းကင်အောက်ရှိ ပတ်တရာ ပင်လယ်ကမ်းခြေ၏ သလင်းကျောက်ကဲ့သို့ ကြည်လင်နေသော ပင်လယ်ရေထဲတွင် ရေကူးရခြင်းကို ကိုတင်မောင်ဦးက အနှစ်သက်ဆုံးဖြစ်သည်။ ပတ်တရာမြို့တွင် များသောအားဖြင့် ကိုတင်မောင်ဦးသည် ဦးသွင် အပါအဝင် အခြားသော ပီဒီပီ အဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ အချိန်များ ကုန်ဆုံးနေစေခဲ့သည်။

တစ်နေ့ ဦးသွင်နှင့် ကိုတင်မောင်ဦးတို့ ပင်လယ်ကမ်းစပ်၌ အတူတကွ ရေကူးနေကြချိန်တွင် ဦးသွင်က ကိုတင်မောင်ဦး အား “မင်းက ရေကူးအတော် သန်တာဘဲ။ ပြီးတော့ မင်းရဲ့ ခန္ဓာကိုယ်က အင်မတန် ကြံ့ခိုင်သန်စွမ်းတယ်။ အားကစား တွေ ဘာတွေ လိုက်စားသလား။”ဟုမေးလေသည်။

ဤတွင် ကိုတင်မောင်ဦးက ခပ်ပြုံးပြုံး ပြန်ဖြေသည်မှာ “ကျနော်က ဝိတ်မတယ်။ ရေကူးတယ်။ ပြီးတော့ ကိုယ်ခံပညာ ကိုလဲ လိုက်စားတယ်။ အထူးသဖြင့် ကာရာတေး ကစားတာဗျ။”ဟူ၍ ဖြစ်သည်။

ဦးသွင်ကလည်း ရယ်ရယ်မောမောဖြင့် “ဟုတ်လား။ ဒါဆိုရင် ခင်ဗျား တတ်ထားတဲ့ ကာရာတေး အကွက်တွေ နဲနဲ လုပ်ပြပါလား”ဟု ပြောသည်။ ဤတွင် ကိုတင်မောင်ဦးက ပင်လယ်ကမ်းခြေ သဲသောင်ပြင်တွင် ကာရာတေး အကွက်တချို့ကို ကစားပြသည်။ ဦးသွင်ကလည်း ကိုတင်မောင်ဦးအား တဘက်လူ၏ လက်ထဲကဓါးကို မည်သို့မည်ပုံ လွတ်ကျသွားအောင် လုပ်နိုင်သည် ဆိုသည်နှင့် ပတ်သက်၍ ပြသသည်။ ကိုတင်မောင်ဦး၏ ထူးခြားသော ပင်ကိုယ်စရိုက် စတုတ္ထတစ်မျိုးမှာ သူသည် ငယ်ရွယ်စဉ်ကတည်းကစ၍ ယခုအချိန်ထိ ကိုယ်ခံပညာရပ်များကို လေ့လာလိုက်စားခဲ့ပြီး မိမိ၏ ရဲစွမ်းသတ္တိကို တဆင့်ခြင်း ပျိုးထောင်မြှင့်တင်သွားခြင်းပင် ဖြစ်သည်။

## နယ်စပ်ဒေသတွင် စစ်သင်တန်းယူခြင်း

ကိုတင်မောင်ဦး ထိုင်းနယ်စပ်သို့ ပြန်ရောက်လာပြီး နောက်ပိုင်း (၂)လ (၃)လအတွင်းတွင် အလုပ်များနေခဲ့ရသည်။ ပီဒီပီ အဖွဲ့ခေါင်းဆောင်များက ၎င်းတို့အဖွဲ့၏ အတွင်းရေးမှူး ဦးချစ်ဆွေထံ ကိုတင်မောင်ဦးကို လွှဲပေးလိုက်သည်။ ၎င်းထံသို့ စာတစ်စောင်ကိုလည်း ပေးပို့လိုက်ပြီး စာထဲတွင် “အခု ပို့လိုက်တဲ့ လူနဲ့ပတ်သက်လို့ သူက ဘယ်သူဘယ်ဝါဖြစ်သလဲ ဘာလဲ ဆိုတာမျိုးတွေနဲ့ ပတ်သက်လို့ ဘာမှ မေးမြန်းခြင်း မပြုပါနဲ့။ သူ့ရဲ့ အတွင်းရေးကိစ္စတွေကို သွားမမေးပါနဲ့။ ခင်ဗျားက ဒီလူနဲ့ ပတ်သက်လို့ ဘာတစ်ခုမှ သိစရာ မလိုဘူး။ ကျေးဇူးပြု၍ သူ့ကို လေ့ကျင့်ပေးပါ။ စစ်တိုက်တဲ့ နေရာမှာ သိသင့်၊ တတ်သင့်တဲ့

အခြေခံ ပညာရပ်တွေကို လေ့ကျင့်သင်ကြားပေးပါ။ သူ့ကို တပ်မှူးတစ်ယောက် ဖြစ်လာအောင်လဲ လေ့ကျင့်ပေးပါ။''ဟူ၍ ရေးထားသည်။

ဦးချစ်ဆွေနှင့်အတူ အခြားသော စစ်တပ်အရာရှိ (၃)ဦးတို့က သူ့ကို လေ့ကျင့်ပေးရန်အတွက် တာဝန်ယူခဲ့ကြသည်။ သာမန်အားဖြင့် ၄င်းတို့သည် တပ်ရင်းတစ်ခုလုံးကို လေ့ကျင့်ပေးနေကျ ဖြစ်သည်။ ယခုတစ်ခါတွင် ၄င်းတို့ လေ့ကျင့်ပေးရသည်မှာ လူတစ်ဦးတည်း ဖြစ်ပြီး တပ်သားသစ်များဖြင့် ဖွဲ့စည်းထားသော တပ်ရင်းတစ်ခုလုံးကို လေ့ကျင့်သင်ကြားပေးရသကဲ့သို့ပင် ထိုသူကိုလည်း လေ့ကျင့်ပေးရမည် ဖြစ်သည်။ ထို့ကြောင့် ၄င်းတို့က သူ့အား ''လူတစ်ဦး တပ်မတော်'' ဟူ၍ပင် တင်စားပြောဆိုခဲ့ကြသည်။ ဤသင်တန်းသည် အလွန်ခက်ခဲ ပြင်းထန်သော သင်တန်းတစ်ခုဖြစ်ပြီး သင်တန်းကာလ (၁၅)ရက်တာမျှ ကြာမြင့်ခဲ့သည်။ သို့သော် ၄င်းတို့ လေ့ကျင့်သင်ကြားပေးနေရသည်မှာ မည်သူမည်ဝါ ဖြစ်ကြောင်းကို သိရှိခြင်း မရှိခဲ့ကြ။

ထိုသူသည် ရုပ်ရည်အားဖြင့် အလွန်တည်ကြည်ခန့်ညားပြီး ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းသော လူငယ်တစ်ဦး ဖြစ်သည်ကို ဦးချစ်ဆွေက သတိပြုမိသည်။ ထိုသူသည် စကားနည်းသူ တစ်ဦး ဖြစ်လင့်ကစား တစ်စုံတစ်ခုကို ပြောပြီ ဆိုလျှင်လည်း သူ၏ စကားလုံးများသည် အမြဲတစေ အဓိပ္ပါယ် ပြည့်ဝနေခဲ့သည်။ သူသည် တစ်စုံတစ်ခုကို လုပ်ပြီဆိုလျှင် ထိုအရာကိုသာ အာရုံစူးစိုက်ထားပြီး မိမိ တတ်နိုင်သမျှ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်တတ်သူ ဖြစ်သည်။ သူသည် စိတ်ဓါတ်အလွန် ပြင်းပြသူဖြစ်ပြီး အကောင်းဘက်က ကြည့်မြင်တတ်သော စိတ်ထားက သူ့ကို လွှမ်းမိုးထားသည်။ သင်တန်းမှာ (၁၅)ရက်သာ ကြာမြင့်သည် ဆိုသော်လည်း အလွန် ခက်ခဲပြင်းထန်သော သင်တန်းဖြစ်သည်။ သို့သော် သူက စိုးစဉ်းမျှ ညည်းညူခြင်း မရှိခဲ့။ မိမိ တတ်နိုင်သမျှ ရေကုန်ရေခန်း ကြိုးပမ်းဆောင်ရွက်သည်။ ဦးချစ်ဆွေက ရိပ်စားမိခဲ့သည့် ကိုတင်မောင်ဦး၏ ထူးခြားသော ပင်ကိုယ်စရိုက် ပဋ္ဌမတစ်မျိုးမှာ သူသည် အကောင်းဘက်က ကြည့်မြင်တတ်သော စိတ်ထားကို အခြေခံ၍ မိမိ လုပ်ကိုင်ဆောင်ရွက်နေသော အရာတွင် အာရုံစူးစိုက်မှု အပြည့်အဝ ထားရှိပြီး ထိုအရာအတွက် ရေကုန်ရေခန်း ကြိုးပမ်းဆောင်ရွက်တတ်ခြင်းပင် ဖြစ်သည်။

၁၉၇၀ စုနှစ် ကာလများတွင် တက္ကသိုလ်ကျောင်းသား အတော်များများသည် ထိုင်းနယ်စပ်သို့ လာရောက်ကာ ပီဒီပီ အဖွဲ့အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ သင်တန်း ပြီးဆုံးသွားသောအခါတွင် ကိုတင်မောင်ဦးသည် 'ဖက်ဆစ်စနစ် ဆန့်ကျင်ရေး လက်နက်ကိုင်ကျောင်းသားများသမဂ္ဂ'ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ဤအဖွဲ့အစည်းသစ်မှာ ပီဒီပီ အဖွဲ့၏ အနောင်အဖွဲ့ ကင်းသော သီးခြားအဖွဲ့ဖြစ်သော်လည်း ပီဒီပီ အဖွဲ့က ဤအဖွဲ့ကို ထောက်ပံ့ထားပေးခြင်း ဖြစ်သည်။ ကရင် အမျိုးသား လွတ်မြောက်ရေး အစည်းအရုံး (ကေအင်ယူ) ကလည်း ဤအဖွဲ့အစည်းသစ်ကို တရားဝင် အသိအမှတ်ပြုခဲ့သည်။ 'ဖက်ဆစ်စနစ် ဆန့်ကျင်ရေး လက်နက်ကိုင် ကျောင်းသားများ သမဂ္ဂ'ရုံး (၂)ရုံး ဖွင့်လှစ်ခြင်းကို ကေအင်ယူရော ပီဒီပီ အဖွဲ့ကပါ ခွင့်ပြုခဲ့ကြသည်။ ရုံး (၂)ရုံး လုံးမှာ ထိုင်းမြန်မာ နယ်စပ်တလျှောက်ရှိ ကရင် ဇရိယာထဲတွင် ဖြစ်သော ဖလူး နယ်မြေ၌ တည်ရှိသည်။ 'ဖက်ဆစ်စနစ် ဆန့်ကျင်ရေးလက်နက်ကိုင် ကျောင်းသားများ သမဂ္ဂ'ကို ကိုတင်မောင်ဦးက ဖွဲ့စည်းလိုက်သည်နှင့် တပြိုင်နက် ပီဒီပီ အဖွဲ့ဝင် တက္ကသိုလ်ကျောင်းသား များသည် ထိုအဖွဲ့သို့ လာရောက်ပူးပေါင်းကြသည်။ ပီဒီပီ အဖွဲ့ကလည်း ၄င်းကို ခွင့်ပြုခဲ့ပြီး 'ဖက်ဆစ်စနစ် ဆန့်ကျင်ရေးလက်နက်ကိုင် ကျောင်းသားများ သမဂ္ဂ'အား ဆက်လက် ထောက်ပံ့ပေးခဲ့သည်။

'ဖက်ဆစ်စနစ် ဆန့်ကျင်ရေးလက်နက်ကိုင် ကျောင်းသားများ သမဂ္ဂ'တွင် ကိုတင်မောင်ဦးက ဥက္ကဋ္ဌရာထူးကို ယူခဲ့သည်။ အဖွဲ့၏ ဒုဥက္ကဋ္ဌနေရာကို မုဒုံမြို့သား ဖြစ်သူ ကျောင်းသားခေါင်းဆောင် ကိုသန့်ဇင်က ရယူခဲ့သည်။ အဖွဲ့၏ အတွင်းရေးမှူးမှာ ကိုရဲမြင့်စိုး ဖြစ်ပြီး ဒုအတွင်းရေးမှူးမှာ ကိုစိန်မြင့် ဖြစ်သည်။

အခါသမယတစ်ခုတွင် ပီဒီပီ အဖွဲ့နှင့် 'ဖက်ဆစ်စနစ် ဆန့်ကျင်ရေး ကျောင်းသားများ သမဂ္ဂ'အဖွဲ့တို့ ပူးပေါင်းကာ ကိုတင်မောင်ဦးကို ဂုဏ်ပြုသော အခမ်းအနားတစ်ခု လုပ်ခဲ့ကြသည်။ ထိုအခမ်းအနားတွင် ကိုတင်မောင်ဦးက အဓိက အချက် (၃)ချက်ပါသော မိန့်ခွန်းတစ်ခုကို ပြောကြားသည်။ ပထမအချက်အနေနှင့် တော်လှန်ရေးဆိုသည်မှာ အလွန်ခက်ခဲပင်ပန်းသော လှုပ်ရှားမှုတိုက်ပွဲ ဖြစ်သည်နှင့်အညီ တော်လှန်ရေးသမား တစ်ဦးသည် ဤအခြေအနေများကို ကြံ့ကြံ့ခံနိုင်သော စိတ်ထား ရှိရမည်ဟု သူက ဆိုသည်။ သူ၏ ဒုတိယအချက်မှာ စစ်အစိုးရကို ဆန့်ကျင်လှုပ်ရှားနေသော တော်လှန်ရေးသမား ဦးရေသည် အယောက် ၁၀၀ (သို့မဟုတ်) ထို့ထက် နည်းနေစေကာမူ တရားမမျှတမှုများ တည်ရှိနေသမျှ ကာလပတ်လုံး တော်လှန်ရေး ဆက်ရှိနေဖို့ လိုအပ်သည် ဟူ၍ ဖြစ်သည်။ ထို့ပြင် တော်လှန်ရေး ယခုချက်ခြင်း ထဖြစ်လာမည့် အနေအထား မရှိသေး သော်လည်း တစ်နေ့နေ့တချိန်ချိန်တွင်တော့ တော်လှန်ရေး ဖြစ်ထွန်းလာမည်မှာ သေချာပေါက်ပင် ဖြစ်ကြောင်းကို သူက ပြောကြားသည်။ တတိယ အချက်မှာ ကျောင်းသူကျောင်းသားများနှင့် သက်ဆိုင်ပေသည်။ အာဏာရှင် စစ်အစိုးရက ၄င်း၏ လက်နက်အင်အားကို အသုံးပြုကာ လက်နက်မဲ့နေသော ကျောင်းသူကျောင်းသားများ အပါအဝင် ပြည်သူလူထုကို မတရားနည်းသဖြင့် အုပ်ချုပ်မင်းလုပ်နေသောကြောင့် ကျောင်းသူကျောင်းသားများက ဤလက်နက်ကိုင် တိုက်ပွဲတွင် ပါဝင်ပတ် သက်နေရခြင်း ဖြစ်ကြောင်း ဟူ၍ဖြစ်သည်။ ဤ ကျောင်းသားတပ်ဦးကို အစပြု၍ တဖြည်းဖြည်းနှင့် ခိုင်မာတောင့်တင်းသော အဖွဲ့အစည်းကြီးတစ်ခု အဖြစ်သို့ ရောက်ရှိလာနိုင်စေရေးအတွက် ကျွန်ုပ်တို့အားလုံး ပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း ကိုတင်မောင်ဦးက ဖြည့်စွက် ပြောကြားသွားခဲ့သည်။ ထို့နောက် ၄င်းတို့ ကျောင်းသားများအား ဆက်လက်ကူညီ ထောက်ပံ့ ပေးသွားပါဟု ပီဒီပီ အဖွဲ့ကို မေတ္တာရပ်ခံခဲ့သည်။

ပီဒီပီ အဖွဲ့က ကိုတင်မောင်ဦးအပေါ် အဘယ်ကြောင့် ယုံကြည်ကိုးစားခဲ့ကြောင်းနှင့် ပတ်သက်၍ ကိုဇော်ဝင်းက နားလည် သဘောပေါက်ခဲ့သည်။ ကိုတင်မောင်ဦးသည် မိမိကို ပေးအပ်လာသော တာဝန်များ အားလုံးကို ကျေပွန်အောင် ထမ်းဆောင်နိုင်သူတစ်ဦးဖြစ်သည်။ ပီဒီပီ က ရရှိသော ရံပုံငွေများကိုလည်း အလွဲသုံးစား လုပ်ခြင်း လုံးဝ မရှိခဲ့။ သူ ရသမျှ ဘဏ္ဍာငွေ အားလုံးကို တရားမျှတမှု တိုက်ပွဲအတွက် အကျိုးရှိရှိ အသုံးပြုခဲ့လေသည်။ ကိုတင်မောင်ဦး၏ ဆဋ္ဌမမြောက် ထူးခြားသော ပင်ကိုယ်စရိုက်မှာ အာဏာရှင်စနစ်ကို အမြစ်ဖြုတ်လိုကြသော သူ၏ လုပ်ဖော်ကိုင်ဘက်များ၊ ကျောင်းသူ ကျောင်းသားများ၊ အလုပ်သမားများနှင့် အခြားသော လှုပ်ရှားသူများ အပါအဝင် သူ့ကို ထောက်ပံ့ပေးနေသော အဖွဲ့အစည်း များနှင့် စစ်တပ်ထဲက အရာရှိများ၏ ကိုယ်စားလှယ်များတို့၏ ယုံကြည်ကိုးစားမှုကို ရရှိနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

## ၁၅

# လွတ်လပ်မှုအတွက် တန်ဘိုး နှင့် အာဏာရှင်စနစ်ကို ဖြုတ်ချရန် မဟာဗျူဟာ

**"ဒီကနေ့ မြန်မာနိုင်ငံကို ကြည့်မယ် ဆိုရင် ကိုတင်မောင်ဦးလို မျိုးချစ်စိတ် ပြည့်ဝတဲ့လူ၊ ရဲစွမ်းသတ္တိ ရှိတဲ့လူ၊ ဒီမိုကရေစီ အစိုးရတစ်ရပ် ပေါ်ထွန်းလာဖို့အတွက် အညှံ့မခံ အရှုံးမပေးဘဲ အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်တဲ့ လူစားမျိုးကို ကျနော် လုံးဝ မတွေ့ရဘူးဗျ။ သူလို လူမျိုးကို ကျနော့်ဘဝ တသက်တာမှာ တွေ့ကော တွေ့နိုင်ပါ အုံးမလား ဆိုတာကို သံသယဖြစ်မိတယ်။ ကျနော်တို့နိုင်ငံမှာ ကိုတင်မောင်ဦးလို လူစားမျိုး (၅)ယောက်လောက်သာ ရှိခဲ့မယ်ဆိုရင် မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ (၃၅) နှစ်ကထဲက ဒီမိုကရေစီ ရသွားပြီပေါ့ဗျာ။"**

**ဦးဇော်ဝင်း**

ဦးဇော်ဝင်းသည် ဦးသွင်၏ သားဖြစ်သည်။ ဦးသွင်သည် မြန်မာနိုင်ငံ ဒီမိုကရေစီ အစိုးရလက်ထက်တွင် ဝန်ကြီးရာထူးကို ရခဲ့ပြီး ပါလီမန် ဒီမိုကရေစီ ပါတီ (ပီဒီပီ)၏ ထိပ်တန်းခေါင်းဆောင် တစ်ဦးလည်း ဖြစ်ခဲ့သည်။ ကိုတင်မောင်ဦး၏ လူထုစွမ်းအား လှုပ်ရှားမှုများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖေါ်နိုင်ရေးအတွက် ဦးဇော်ဝင်းသည် ပီဒီပီ အဖွဲ့၏ ကိုယ်စား ကူညီပံ့ပိုးပေး ဆက်သွယ်ဆောင်ရွက်ပေးခဲ့သည်။

ထိုင်းမြန်မာနယ်စပ်ရှိ ပီဒီပီ အဖွဲ့ချုပ်ရုံးသို့ ကိုတင်မောင်ဦး ရောက်ရှိလာခဲ့သည်မှာ (၄)လ ရှိသွားခဲ့ပေပြီ။ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ အတွင်း၌ ဖြစ်သည်။ တောင်ဘက်က တိုက်ခတ်လာသော ဆောင်းရာသီ လေပြေလေညှင်းများသည် ထိုင်းနိုင်ငံ နယ်စပ်တလျှောက်တွင် လဲလျောင်းနေသော တောင်တန်းများပေါ်ရှိ ထူထဲနက်နဲသည့် တောအုပ်များထဲသို့ တိုးဝင်သွားကြသည်။ အေးမြသော လေပြေများက ကိုတင်မောင်ဦးကို ညင်သာစွာ လာရောက် ရိုက်ခတ်နေကြသော်လည်း သူ၏ စိတ်နှလုံး အတွင်း၌မူ မြန်မာနိုင်ငံ ပြည်သူလူထုအတွက် လုပ်ကိုင်ဆောင်ရွက်ပေးလိုသည့် ဆန္ဒမျာ ပြင်းပျလျှက် ရှိပေသည်။ ဟုန်းဟုန်း တောက်နေသော သူ၏သန္နိဋ္ဌာန်များ မှေးမှိန်သွားခြင်းမရှိဘဲ ပိုမို၍သာ ပြင်းပြလာသည်။

ပီဒီပီ နှင့် ကေအင်ယူ အဖွဲ့တို့ အုပ်စိုးထားသော နယ်မြေအတွင်း၌ နေထိုင်စဉ် အချိန်ကာလများတွင် ကိုတင်မောင်ဦးသည် လက်နက်ကိုင် လှုပ်ရှားမှု၏ အားနည်းချက်များကို တွေ့မြင်မိခဲ့သည်။ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း များ၏ ခုခံစစ်ဆင်နွှဲရသည့် အကြောင်းရင်းများနှင့် ၎င်းတို့၏ ရပ်တည်ချက်များကို အလွန်အမင်း လေးစားအသိအမှတ်ပြုမိသော်လည်း စစ်မှန်သော ပြောင်းလဲမှု ရရှိရေးအတွက် ဖေါ်ဆောင်ရာတွင် အာဏာရှင် အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် တိုက်ရိုက်ရှိနေ ကြသော လူထုက အဓိကအားခြင်း လှုပ်ရှားစွမ်းဆောင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း ကိုတင်မောင်ဦးက ဆန်းစစ်သုံးသပ် ခဲ့ သည်။ ၎င်းကိုယ်၌ကလည်း မြို့ပြဒေသ လူထုဆန္ဒပြပွဲများ အပါအဝင် အခြားသော ငြိမ်းချမ်းစွာ လှုပ်ရှားမှုများကို အဓိက အာရုံထားခဲ့သည်။ သို့ ရာတွင် တဘက်ကလည်း ကိုတင်မောင်ဦးသည် "လူတစ်ဦးတည်းရှိသော တပ်မတော်" တနည်းအားဖြင့် လူတဦးကို တပ်မတော်တရပ်ကဲ့သို့ သဘောထားကာ လေ့ကျင့်သင်ကြားပေးသော စစ်သင်တန်းများကို တက်ရောက်ခြင်းဖြင့် လက်နက်ကိုင် တိုက်ပွဲဝင်ရန် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းသော နည်းလမ်းများကို ကျင့်သုံး၍ မလုံလောက်ပါက မြို့ပြဒေသများအတွင်းတွင်ပင် လက်နက်ကိုင် တိုက်ရန် အတွက်ပါ သူက စဉ်းစားခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဖြစ်ပျက်နေသော အခြေအနေ များအပေါ် မူတည်၍ စဉ်းစားမည်ဆိုပါက လူထုစွမ်းအား လှုပ်ရှားမှုများကို ဗဟိုပြုကာ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများက လူထုလှုပ်ရှားမှုများကို စည်းစနစ်တကျ ထောက်ပံ့ပေးပြီး အဆိုပါ လူထု

တိုက်ပွဲများနှင့် လက်နက်ကိုင် အဖွဲ့အစည်းများ အကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်တည်လာခြင်းဖြင့် အာဏာရှင် စနစ်ကို ဖြုတ်ချ နိုင်လိမ့်မည်ဟု ကိုတင်မောင်ဦးက ယုံကြည်ခဲ့သည်။

## ရန်ကုန်မြို့ကို ပြန်လည်သွားရောက်ခြင်း

ကိုတင်မောင်ဦးသည် အခြေအနေ အရပ်ရပ်ကို လေးနက်စွာ စဉ်းစားသုံးသပ်ပြီးသည့်နောက်တွင် မြန်မာနိုင်ငံ အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့သည်။ သူ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍လည်း ပီဒီပီ အဖွဲ့ ခေါင်းဆောင်များကို အသိပေးလိုက်သည်။ ဤတွင် ဥက္ကဋ္ဌ ဗိုလ်လက်ျာ၊ ဒုတိယ ဥက္ကဋ္ဌ စောကြာဒိုးနှင့် အထွေထွေ အတွင်းရေးမှူး ဦးသွင် အစရှိသည့် ပီဒီပီ အဖွဲ့ခေါင်းဆောင်များ အားလုံးက ကိုတင်မောင်ဦးအား မြန်မာနိုင်ငံ ပြန်မသွားရေးအတွက် အသည်းအသန် ဖျောင်းဖျခဲ့ကြသည်။ ဗိုလ်လက်ျာ သည် ကိုတင်မောင်ဦးအား သားအရင်းအချာတစ်ဦး သဖွယ် ပြုမူဆက်ဆံ လာခဲ့သူပင်။ ထို့ကြောင့်လည်း ကိုတင်မောင်ဦး ပြန်သွားမည့်အပေါ် သူက အလွန်အမင်း စိုးရိမ်ပူပန်ခဲ့သည်။

ပီဒီပီ အဖွဲ့ခေါင်းဆောင်များသည် မြန်မာနိုင်ငံအတွင်း၌ လူထုဆန္ဒပြပွဲများ တစ်ခုပြီးတစ်ခု ဖြစ်လာမည့်အရေးကို မျှော်လင့်နေခဲ့ကြခြင်း ဖြစ်သည်။ သို့ဖြစ်သောကြောင့်လည်း ၄င်းတို့က ကိုတင်မောင်ဦး လိုအပ်သည်များ အားလုံးကို လိုလေသေး မရှိ ဖြည့်ဆည်းပေးလာခဲ့ခြင်းပင်။ သို့သော်လည်း ယခု ၄င်းတို့သည် ကိုတင်မောင်ဦး၏ လုံခြုံရေးအတွက် အလွန် အမင်း စိုးရိမ်ပူပန် နေကြသည်။ ကိုတင်မောင်ဦး ပြည်တွင်းကို ပြန်သွားပြီး လူထုလှုပ်ရှားမှုများကို ထပ်မံ ဖန်တီး ဦးဆောင် ဦးမည်ဆိုလျှင် သူ့အတွက် အလွန် အန္တရာယ်များနိုင်သည် ဆိုသည့် သတင်းကို ပီဒီပီ အဖွဲ့၏ ပြည်တွင်း ထောက်လှမ်းရေးများကတဆင့် ကြားသိခဲ့ရပြီးဖြစ်သည်။ အစိုးရ၏ စစ်ထောက်လှမ်းရေးများက ကိုတင်မောင်ဦးကို အသည်းအသန် အလိုရှိနေကြသည် မဟုတ်လော။

နောက်ပိုင်းတွင် ဗိုလ်လက်ျာနှင့် ဦးသွင်တို့သည် ကိုတင်မောင်ဦး ပြောခဲ့သော စကားလုံးများကို ကိုဇော်ဝင်းအား ပြန်ပြောင်းပြောပြခဲ့သည်။ ထိုစဉ်က သူ ပြောဆိုခဲ့သည်များမှာ "ကျနော့်ရဲ့ အစီအစဉ်တွေ မပြီးသေးဘူးဗျ။ အင်မတန် ကြီးမား တဲ့ လူထုလှုပ်ရှားမှုတစ်ခုကို ကျနော်လုပ်ဖို့ ကျန်နေသေးတယ်။ သည်မှာ ထိုင်ပြီး ဘာမှ မလုပ်ဘဲ အသက်ရှင်နေတာထက် စာရင် အကျိုးရှိတာ တစ်ခုခု လုပ်ပြီး သေသွားရတာက ကျနော့်အတွက် ပိုပြီး အဓိပ္ပါယ် ရှိတယ်။" ဟူ၍ ဖြစ်သည်။ ကိုတင်မောင်ဦး သည် ခံယူချက်ပြင်းသူ တစ်ဦးဖြစ်သည်။ သူ တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီဆိုလျှင် တုံးတိုက်တိုက် ကျားကိုက်ကိုက် သူ့ကို မည်သည့်အရာကမျှ တားမရတော့။ သူ၏ ဆုံးဖြတ်ချက်များသည် သန္နိဋ္ဌာန်များပင် ဖြစ်ပြီး သူသည် လုံးဝဥဿုံ လွတ်လပ်မှု ရှိသူ တစ်ဦးဖြစ်သည်။ ပီဒီပီ အဖွဲ့က သူ၏ လုပ်ရပ်များကို စောင့်ကြည့်နေသည်ကလွဲ၍ သူ့အပေါ် တစုံတရာ ဩဇာလွှမ်းမိုး လာအောင် ပြုလုပ်ဆောင်ရွက်ခြင်း မရှိခဲ့။ သူက ဦးဆောင် အစပျိုးပေးခဲ့သော လူထုစွမ်းအား လှုပ်ရှားမှု များတွင် ပီဒီပီ အဖွဲ့က ပံ့ပိုးပေးသည့် အနေအထားဖြင့်သာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ပြည်တွင်းသို့ ပြန်သွားမည်ဟု ဆိုသော အခါတွင်လည်း သူ၏ လုံခြုံရေး အတွက် စိုးရိမ်သော အရိုးခံစိတ်ဖြင့်သာ ပီဒီပီ အဖွဲ့က အားမပေးခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ကိုတင်မောင်ဦး၏ စိတ်ခါတ်ကို မည်သို့မျှ ပြောင်းလဲ၍ မရနိုင်တော့ကြောင်း ပီဒီပီ အဖွဲ့ ခေါင်းဆောင် များ သိရှိသွားကြသည်။ ဤတွင် ဗိုလ်ချုပ် ဦးသွင်က သူနှင့်အတူ ကွန်မန်ဒို တပ်ဖွဲ့ဝင် အယောက် (၃၀)ကို ရန်ကုန်သို့ ထည့်ပေးလိုက်မည်ဟု ကမ်းလှမ်းသည်။ ကိုတင်မောင်ဦး စစ်အစိုးရ ဆန့်ကျင်ရေး လှုပ်ရှားများ လုပ်နေစဉ်အတွင်းတွင် လိုအပ်ပါက ခေါ်ယူ အသုံးပြုနိုင်ရန်အတွက် အဆိုပါ ကွန်မန်ဒိုများကို ရန်ကုန်မြို့ထဲတွင် ပုန်းအောင်းခိုင်းထားမည်ဟု အကြံပြု သည်။ ဦးသွင်၏ အဆိုပြုချက်ကို သူက အလွန်အမင်း ကျေးဇူးတင်မိသော်လည်း ရန်ကုန်မြို့ထဲ၌ ကွန်မန်ဒို အယောက်(၃၀)ကို

ဖွက်ထားရေး ဆိုသည်က လွယ်ကူသော ကိစ္စရပ်တစ်ခု မဟုတ်။ ထို့ကြောင့် ဦးသွင်၏ ကမ်းလှမ်းချက်ကို သူက ယဉ်ယဉ်ကျေးကျေးပင် ငြင်းပယ်လိုက်သည်။ သို့သော်လည်း သူက မဖြစ်မနေ အခြေအနေမျိုးတွင် အသုံးပြုနိုင်ရန်အတွက် (၉) မီလီမီတာ ပစ္စတို တစ်လက်ကိုတော့ လက်ခံလိုက်သည်။ ၄င်းတို့၏ သနားကြင်နာတတ်မှုကို အသိအမှတ်ပြုလိုခြင်း၊ ၄င်းတို့ စိတ်အေးလက်အေး ရှိသွားစေလိုခြင်းတို့ကြောင့်လည်း သူက သေနတ်ကို လက်ခံခဲ့ခြင်းပင်။ မြန်မာနိုင်ငံနယ်စပ်ဒေသသို့ ဘေးကင်းစွာ ရောက်ရှိသွားစေနိုင်စေရန်အတွက်လည်း ၄င်းတို့က သူနှင့်အတူ ကိုယ်ရံတော်စစ်သား အယောက် (၂၀)ခန့်ကို နယ်စပ်အထိ လိုက်ပို့ခိုင်းရန် စီစဉ်ပေးသည်။

ကိုတင်မောင်ဦး မြန်မာနိုင်ငံ နယ်စပ် ပြန်သွားမည့်နေ့ကို ရောက်ရှိလာပေပြီ။ ပီဒီပီ အဖွဲ့သားများ အားလုံးက "ကျနော်တို့ ကိုတင်မောင်ဦး အတွက် ဒီမှာ အမြဲတမ်း ရှိနေမယ်။ တကယ်လို့ အဲဒီမှာ တစ်ခုခု အဆင်မပြေ ဖြစ်ပြီးတော့ အန္တရာယ် အရမ်းများလာတယ်ဆိုရင် ကိုတင်မောင်ဦး ဒီကို အချိန်မရွေးပြန်လာပြီး ပုန်းခိုနေလို့ရတယ်။"ဟု ပြောဆိုနှုတ်ဆက်ကြလေသည်။ ပီဒီပီ အဖွဲ့ ဗဟိုဌာနချုပ်မှနေ၍ မထွက်ခွာမီတွင် ကိုတင်မောင်ဦးက ကိုဇော်ဝင်းအား "စစ်အစိုးရက ကျနော့်ကို ဘယ်တော့မှ အရှင်ဖမ်းမိနိုင်မှာ မဟုတ်ဘူး။ ကျနော်နဲ့အတူ ထောက်လှမ်းရေး နှစ်ယောက် သုံးယောက်လောက်ကိုပါ သေရွာ ခေါ်သွားမယ်။" ဟု ပြောခဲ့လေသည်။ ဖွဲ့နပဲ သန္နိဋ္ဌာန်များနှင့် ပြည့်နေပြီး မည်သို့သောအခါတွင်မျှ အရှုံးပေးမည် မဟုတ်သော သူ၏ မျက်နှာထားကို ကိုဇော်ဝင်း တသက် မေ့မရနိုင်ခဲ့ပါ။ ဤသို့ဖြင့် ကိုယ်ရံတော် စစ်သားအယောက် (၂၀)တို့က သူ့ကို တောအုပ်ကြီးထဲသို့ ခေါ်ဆောင်သွားကြလေတော့သည်။

ပီဒီပီ အဖွဲ့၏ လုံခြုံရေးတပ်သားများနှင့် ကိုတင်မောင်ဦးတို့သည် မြို့ပြနယ်စပ်ကို ရောက်ရှိရန်အတွက် (၁)ရက်ခွဲခန့် သွားရသည်။ နောက်ဆုံးတွင် ၄င်းတို့သည် မြန်မာနိုင်ငံသို့ ဦးတည်သွားသော လမ်းမကြီးတစ်ခု၏ မလှမ်းမကမ်းနယ်မြေကို ရောက်ရှိလာခဲ့ကြသည်။ လုံခြုံရေး တပ်သားများအတွက် ဤနေရာသည် လမ်းဆုံးပင်။ ၄င်းတို့က သူ့အား လမ်းမကြီးရှိရာ ဘက်ကို ညွှန်ပြကာ ထိုနေရာသို့ ရောက်ရန်အတွက် နာရီဝက်၊ (၄၅)မိနစ် ခန့်သာ လိုတော့ကြောင်း ပြောဆိုအားပေးသည်။ ထိုနေရာမှ ကျုံဒိုးမြို့သို့ ဘတ်စကား စီးသွားရသည်။ ကျုံဒိုးမြို့ ရောက်သော အခါတွင်လည်း မော်လမြိုင်ဘက်ကို ဘတ်စကား (သို့မဟုတ်) စက်လှေနှင့် သွားရမည်ဖြစ်သည်။ ၄င်းတို့ ယခုကဲ့သို့ သူနှင့်အတူ လိုက်ပါလာ ပေးခဲ့သည့်အပေါ် ကိုတင်မောင်ဦး က အလွန်အမင်း ကျေးဇူးတင်ကြောင်းပြောပြီး နှုတ်ဆက်စကားများ ဆိုကာ လမ်းခွဲလိုက်ကြသည်။ ထို့နောက် ကိုတင်မောင်ဦး သည် ထူထဲသော တောအုပ်ကြီးကို ဖြတ်သန်းကာ ၄င်းတို့ညွှန်ပြရာ အရပ်ဘက်သို့ တစ်ကိုယ်ရေ ခြေကျင်ခရီးနှင်လေသည်။ နာရီဝက်ခန့် လမ်းလျှောက်ပြီးသောအခါတွင် အဝေးတစ်နေရာက ကားသံများကို သဲ့သဲ့ ကြားလိုက်ရသည်။ ထို့ကြောင့် လမ်းမကြီးနှင့် သိပ်မလှမ်းတော့ကြောင်းကို သိရှိလိုက်ရပြီး ကားသံများ လာရာဘက်သို့ ဦးတည်သွားလေသည်။ နောက်ထပ် (၁၀)မိနစ်ခန့် လျှောက်သွားပြီးသောအခါတွင် တောင်ကုန်းတစ်ခုကို လှမ်းမြင်လိုက်ရသည်။ လမ်းမကြီးက ထိုတောင်ကုန်းလေး ၏ ထိပ်တွင် တည်ရှိနေခြင်းပါ။ ဤတွင် သူက တောင်ကုန်းပေါ်ကို သတိကြီးစွာဖြင့် တက်ကာ လမ်းမကြီးရှိရာဘက်သို့ ဦးတည်သွားလိုက်သည်။

လမ်းပေါ်သို့ရောက်သွားသောအခါ ယဉ်အသွားအလာ ကင်းရှင်းနေသည်ကို တွေ့ရသည်။ ထိုအချိန်တွင် သူ့နောက် က ချုံပုတ်ထဲမှ စစ်သားနှစ်ဦး ဒယိုင်းဒယိုင်ဖြင့် ထွက်လာပြီး "ဟေ့ကောင်။ ရပ်လိုက်စမ်း။ အဲဒီမှာဘဲ ရပ်။"ဟု အော်ပြောလေ သည်။ ထိုစစ်သားနှစ်ယောက်က သူ့ထံသို့ လျှောက်လာပြီး "မင်းက ဘယ်သူလဲကွ"ဟု မေးသည်။ ဤတွင် မိမိ ခါး၌ ထိုးထားသော ပစ္စတိုသေနတ် သွားသတိရလိုက်မိသည်။ သို့သော်လည်း သေနတ်ကိုတော့ မလိုအပ်ဘဲ မသုံးချင်ပါ။ သူ့သေနတ်ကို အပေါ်အင်္ကျီက ဖုံးနေသဖြင့် တော်ပေသေးသည်။ စစ်သားနှစ်ဦးက သူ့အနား ရောက်လာပြီ ဖြစ်သည်။ နယ်စပ်က ပြန်လာသော ကုန်သည်တစ်ဦးဖြစ်သည်ဟု သူက တည်တည်ငြိမ်ငြိမ်ပင် ပြန်ဖြေလိုက်သည်။ စစ်သားများက သူ့မှတ်ပုံတင်ကို တောင်းကြည့်ကြသည်။ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့က သူ့ကို ကိုမြင့်ဝေ ဟူသောအမည်ဖြင့်

မှတ်ပုံတင်အတုတစ်ခုကို လုပ်ထားပေးလို့သာပင်။ မှတ်ပုံတင် ပြလိုက်သောအခါ စစ်သားများက သူ့အပေါ် သံသယမရှိတော့။ အကယ်၍ ပြဿနာ တက်လာလျှင်လည်း ထိုစစ်သားနှစ်ဦးကို မည်ကဲ့သို့ တိုက်ခိုက်ပြီး တောထဲဝင်ပြေးမည် ဆိုသည်ကို သူ့ခေါင်းထဲ တွေးထားပြီးဖြစ်သည်။ သို့သော် စစ်သားများက သူ့ကို ဘာမှ ထပ်မမေးတော့ဘဲ လွှတ်ပေးလိုက်သည်။ သီသီလေး လွတ်သွားခြင်းပင်။

သူက ကျုံဒိုးမြို့ ရှိရာဘက်သို့ လမ်းဆက်လျှောက်သွားပြီး ထိုနေရာကတဆင့် သထုံမြို့ကိုသွားရန်အတွက် ဘတ်စကားစီးလိုက်သည်။ သထုံမြို့သည် မော်လမြိုင်မြို့၏ မြောက်ဘက်တွင် တည်ရှိသည်။ မော်လမြိုင်ကိုတော့ မသွားချင်ပါ။ လွန်ခဲ့သော လေးငါးလကပင် မော်လမြိုင် ဆိပ်ကမ်းတစ်ခု၌ စစ်ထောက်လှမ်းရေးများနှင့် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို ပြန်အမှတ်ရနေသေးသောကြောင့်ပင်။ မြို့ကြီးများတွင် စစ်ထောက်လှမ်းရေးများ ပိုမိုစောင့်ကြပ်နေတတ်သည်ကို သူက သိရှိထားခဲ့သည်။ အထူးသဖြင့် မော်လမြိုင်မြို့ မြောက်ဘက်ထိပ် ရထားလမ်းဆုံးသော နေရာများတွင် ပိုဆိုးသည်။ ကိုတင်မောင်ဦးသည် သထုံမြို့သို့ ရောက်သောအခါ အိမ်ပြန်ရန်အတွက် ရန်ကုန်ရထား တက်စီးလိုက်သည်။

ရထားပေါ်တွင် တက်ထိုင်ပြီး၍ ရထားစထွက်သောအခါ သူ၏ အတွေးများ ပျံ့လွင့်နေခဲ့သည်။ စိမ်းလန်းစိုပြည်သော အပူပိုင်းဒေသ တောင်စောင်းများနှင့် ကြီးမားကျယ်ပြန့်သော စပါးခင်းများတို့သည် ရထား ပြတင်းပေါက်၏ အပြင်ဘက်တွင် တရိပ်ရိပ် ကျန်နေခဲ့ကြသည်။ အဝေးတစ်နေရာတွင် ရွာကလေးများ အစုလိုက် အစုလိုက် ရှိနေကြပြီး စေတီပုထိုးများကိုလည်း မကြာမကြာ တွေ့မြင်နိုင်သည်။ အပူပိုင်းဒေသ တောင်ယာသီးနှံများ စိုက်ပျိုးခြင်းဖြင့် ရိုးရှင်းစွာ အသက်မွေးဝမ်းကျောင်း ပြုနေကြသော ကျေးလက်ဒေသ လူ့အသိုင်းအဝိုင်းများကို ပြန်လည်ထိတွေ့ ခံစားလာရသည်။ မိမိ၏ အမိမြေကို ပြန်လည်ရောက်ရှိလာပြီး တောတောင်ရေမြေ သဘာဝ ရှုခင်းများကို တွေ့မြင်ရသည်မှာ သူ့အတွက် အင်မတန် စိတ်ကြည်နူးစရာပင်။ တချိန်တည်းမှာပင် သူ ရှေ့ဆက် လုပ်ဆောင်သွားရမည့် လှုပ်ရှားမှုများနှင့် ပတ်သက်၍ တွေးနေမိသည်။

ကြားဘူတာတစ်ခုတွင် ရထား ခဏရပ်နားသောအခါ ခရီးသည်များ တက်သူကတက်၊ ဆင်းသူကဆင်းဖြင့် ရှုပ်ရှက်ခတ်နေကြသည်။ ရထား ပြတင်းပေါက်များတွင်လည်း ခေါင်းရွက်ဈေးသည် ကလေးသူငယ်များက ခရီးသည်များကို ဝယ်ပါ ဝယ်ပါ တစာစာ လုပ်နေကြသည်။ ဈေးရောင်းနေသူများမှာ အများအားဖြင့် အသက် (၁၀)နှစ် ဝန်းကျင်သာ ရှိကြသေးသည်။ ထိုကလေးများကို မြင်ရသောအခါ ကိုတင်မောင်ဦးသည် ရန်ကုန်အိမ်တွင် ကျန်ရစ်ခဲ့သူ ညီငယ်၊ ညီမငယ်များကို ပြန်လည်အမှတ်ရလာမိသည်။ ညီငယ်၊ ညီမငယ်များကို သူက အလွန်အမင်း လွမ်းဆွတ်တမ်းတနေခဲ့သည် မဟုတ်လော။

ဈေးသည် ကလေးမလေး တစ်ယောက်ကို သူက အထူးသတိပြုမိနေခဲ့သည်။ ထိုကလေးမလေးသည် သူ၏ အငယ်ဆုံး ညီမလေးနှင့် သက်တူရွယ်တူလောက် ရှိမည် ဖြစ်သောကြောင့်ပင်။ ဈေးသည်မလေးသည် အသက် (၈)နှစ်၊ (၉)နှစ် ဝန်းကျင် ရှိမည်ဖြစ်ပြီး သူမ၏ ခေါင်းပေါ်တွင် ရေတပုံးကို ရွက်ကာ ခရီးသည်များအား ရေရောင်းပေးနေသည်။ ကိုတင်မောင်ဦးက ထိုကလေးမလေးကို သူ့ပြတင်းပေါက်နား လာရန် ခေါ်လိုက်သည်။ ကလေးမလေး သူ့ ရထားပြတင်းပေါက်နား ကပ်လာသောအခါ သူက “ညီမလေး အစ်ကိုကြီးကို ရေတစ်ခွက် ကမ်းပေးလို့ ရမလား”ဟု ပြောလိုက်သည်။ ဤတွင် ကလေးမလေးက သူမ၏ စဥ့်အိုးထဲက ရေတစ်ခွက် ခပ်လိုက်ပြီး ကိုတင်မောင်ဦးအား ခြေဖျားထောက်၍ မမှီတမှီ ကမ်းပေးရှာသည်။ သူကလည်း ရေခွက်ကို ယူ၍ သောက်လိုက်သည်။ တချိန်တည်းမှာပင် ထိုကလေးမလေးကို ကြည့်ရင်းက အလွန်အမင်း ဂရုဏာသက်မိသွားသည်။ ရန်ကုန်အိမ်ရှိ သူ့ညီမငယ် ကဲ့သို့ပင် ငယ်ရွယ်ပြီး ချစ်စရာကောင်းသူက ရေထမ်းရောင်းနေရသည့် အဖြစ်ကို စာနာမိသောကြောင့်ပင်။

ထိုအချိန်တွင် ရထားစက်ခေါင်း ရှိရာဘက်က ကျယ်လောင်သော ဥသြဆွဲသံ ထွက်ပေါ်လာသည်။ တအောင့်ကြာလျှင် ရထားထွက်တော့ပေမည်။ သူက ရေ မြန်မြန်ပြီးအောင် သောက်လိုက်သည်။ ထိုခေတ်က ရေတစ်ခွက်လျှင် (၁၀)ပြားပေးရ

သည်။ သို့သော်လည်း သူက ဈေးသည်မလေးအား (၂၅)ကျပ်တန် တစ်ရွက် ထုတ်ပေးလိုက်သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် (၂၅)ကျပ်တန်မှာ အမြင့်ဆုံး ပိုက်ဆံဖြစ်သည်။ ဤတွင် ကလေးမလေးက ‘အကြွေလေး ဘာလေးများ မရှိဘူးလားရှင်။ ဆယ်ပြားစေ့တို့ ဘာတို့ပေါ့နော်’ ဟု ပြောရင်း သူ့အား မော်ကြည့်လေသည်။ (၂၅)ကျပ်တန် အတွက် သူမထံတွင် အန်းစရာမရှိသောကြောင့်လည်း ဇဝေဇဝါ ဖြစ်နေဟန်တူသည်။ သာမန်အားဖြင့် ဆိုလျှင် တနေကုန် ရေရောင်းခါမှ ပိုက်ဆံ (၂)ကျပ်ပြည့်အောင်ရလျှင် အတော်ကံကောင်းနေပေပြီ။ ထိုကြောင့် (၂၅)ကျပ်တန် ဆိုသည်မှာ သူမအတွက် များလွန်းနေသည်။ သူမကလည်း ‘ငါ ဒီအစ်ကိုကြီးကို ပိုက်ဆံ ဘယ်လို ပြန်အန်းရမလဲ’ဟု တွေးနေဟန်တူသည်။

ထိုအချိန်တွင် ရထားဘီး စလိမ့်လေသည်။ ကိုတင်မောင်ဦးက နွေးထွေးကြင်နာသော အပြုံးဖြင့် သူမကို ကြည့်ကာ “အစ်ကိုကြီးကို ပြန်အန်းဖို့ မလိုဘူး။ ပိုက်ဆံ အကုန်လုံးကို ညီမလေးဘဲ ယူထားလိုက်။” ဟု ပြောလိုက်သည်။ ဤတွင် မျက်လုံးအဝိုင်းသားနှင့် ဈေးသည်မလေးမှာ သူ့ကို ဘာပြန်ပြောရမှန်း မသိ။ ရထားပြတင်းပေါက်ကနေ လက်ပြနှုတ်ဆက်နေသောသူ၏ ပုံရိပ်သည် တဖြည်းဖြည်း မှုန်ဝါးသွားပြီး သူမမှာမူ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့လေသည်။ ကိုတင်မောင်ဦးက ထိုကဲ့သို့သော ကလေးသူငယ်များကို တွေ့မြင်ရသောအခါ ရင်နင့်ခဲ့ရသည်။ အာဏာရှင် နေဝင်းက တိုင်းပြည်၏ သယံဇာတများကို ဖြုန်းတီးခြင်းကြောင့် ထိုကလေးငယ်များ၏ မိသားစုဝင်များကို ဆင်းရဲမွဲတေ ချွတ်ခြုံကျနေရသော အခြေအနေတွင် အသက်ရှင် ရပ်တည်ရေးအတွက် ကလေးငယ်များကပါ အလုပ်လုပ် နေရကြောင်းကို တွေးမိသောအခါ သူ့အတွက် မည်သို့မျှ ဖြေသာခြင်း မရှိနိုင်ခဲ့။ ကလေးဆိုသည်မှာ ဤအရွယ်တွင် ကျောင်းတက် ပညာသင်ကြားနေရမည်။ သာမန် ကလေးဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနေကြရမည်သာ ဖြစ်သည်။

နောက်ဆုံးတွင် မီးရထားသည် ဂိတ်ဆုံးဘူတာ ဖြစ်သော ရန်ကုန်ဘူတာကြီးဆီသို့ ချဉ်းကပ်လာသည်။ ဘူတာရုံတွင် သာမန် ခရီးသည်များနှင့် ပြည့်ကြပ်နေမည် ဖြစ်သော်လည်း ခရီးသည်များအားလုံးကို အယောက်တိုင်းစေ့ လိုက်လံကြည့်ရှုအကဲခတ်နေကြသော စစ်ထောက်လှမ်းရေးများလည်း ရှိနေနိုင်သည်ကို ကိုတင်မောင်ဦးက တွေးနေသည်။ ထို့ကြောင့် ဘူတာရုံသို့ ရထား မဆိုက်ရောက်မီတွင် ရထားပေါ်က ခုန်ဆင်း နေရစ်ခဲ့ရန် ဆုံးဖြတ်လိုက်သည်။ ရထားသည် ဘူတာရုံကို ချဉ်းကပ်လာသည်နှင့်အမျှ အရှိန်ကို လျှော့ချသွားသည်။ ရထား၏ အရှိန် တစ်နာရီလျှင် ၃၂ ကီလိုမီတာ (သို့မဟုတ်) ၂၀ မိုင် နှုန်းလောက်အထိ ကျဆင်းသွားချိန်တွင် အခွင့်ကောင်းကိုယူကာ သူ ရထားပေါ်က ခုန်ဆင်းလိုက်သည်။ မိမိ ဆယ်ကျော်သက် အရွယ်ကတည်းက စတင်ကာ ရွေ့လျားနေသော ရထားကို အဆင်းအတက် လုပ်လာခဲ့သည်နှင့်အညီ ယခုတစ်ကြိမ်တွင်လည်း သူ့အတွက် ဘာမှ ပြဿနာမရှိခဲ့။

## မိသားစုကို နောက်ဆုံးအကြိမ် တွေ့ဆုံခြင်း

ရန်ကုန်သို့ ပြန်ရောက်ပြီး (၂)လ (၃)လအတွင်း ထုံးစံအတိုင်း ကိုတင်မောင်ဦးသည် သူ ယုံကြည်ကိုးစားရသော သူငယ်ချင်း အိမ်များတွင် သိုသိုသိပ်သိပ် သွားနေခဲ့သည်။ ထိုအချိန်များတွင် သူ၏ မိသားစုဝင်များအား သွားတွေ့လိုသည့် စိတ်ကို မနဲထိန်းထားခဲ့ရသည်။ ဤသို့ဖြင့် တစ်နေ့ နံနက်ခင်း (၃)နာရီ အချိန်ခန့်တွင် အမှောင်ထုကို အကာအကွယ်ယူကာ ကိုတင်မောင်ဦးသည် အိမ်ကို တိတ်တဆိတ် ပြန်သွားခဲ့သည်။ သူသည် အိမ်တစ်အိမ်မှ တစ်အိမ်သို့ ပြောင်းရွှေ့ရာတွင်လည်းကောင်း၊ အခြားသော လှုပ်ရှားမှုများကို လုပ်ရာတွင် လည်းကောင်း နံနက်ပိုင်း (၃)နာရီ (၄)နာရီ အချိန်ခန့်တွင် ပြုလုပ်လေ့ရှိသည်။ များသောအားဖြင့် ထိုအချိန်၌ အိပ်မောကျနေတတ်သော လူ့သဘောသဘာဝကို သူက သိရှိထားခဲ့ခြင်းကြောင့်ပင်။ သူ အမှတ်မထင် အိမ်ကို ပြန်လာသည့်အခါတိုင်းတွင် မိသားစုဝင်များ အားလုံးထဲ၌ အပျော်ရွှင်ရဆုံးမှာ အမေဖြစ်သည်။ သားဖြစ်သူ၏ မျက်နှာကို ပြန်တွေ့ရသောအခါ သူမသည် ဘုရားသခင်ကို ပိုမို၍ ယုံကြည်ကိုးစားလာသည်။

ဘဝတလျှောက်လုံးတွင် မည်သူတစ်ဦးတစ်ယောက်အပေါ်ကိုမျှ မကောင်းမှု လုပ်ခဲ့ခြင်း မရှိခဲ့သော၊ လူဆိုးလူမိုက်တစ်ယောက် မဟုတ်သော သားတော်မောင်ကို ဘုရားသခင်က ကာကွယ်ပေးလိမ့်မည်ဟု အမေက ယုံကြည်ခဲ့သည်။ ကိုတင်မောင်ဦးသည် ငြိမ်းချမ်းသော နည်းလမ်းများကို ကျင့်သုံးကာ လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် တတ်နိုင်သမျှ အကောင်းဆုံး ကြိုးစားဆောင်ရွက်နေခြင်း ဖြစ်သည်ဟု အမေက ယုံကြည်ခဲ့သည်။

သူ၏ လုံခြုံရေးအတွက် စိုးရိမ်ကြောင့်ကြနေခဲ့ကြသော်လည်း မိသားစုဝင်များအားလုံး ဤကဲ့သို့ ပြန်လည်ဆုံစည်း ကြရသည်မှာ တန်ဖိုးမဖြတ်နိုင်သော၊ မေ့ရက်နိုင်စရာ မရှိသော ဖြစ်ရပ်တစ်ခုပင်။ ထိုအချိန်တွင် မိသားစုဝင်များအကြားရှိ ချစ်ခြင်းမေတ္တာများ လန်းဆန်းသစ်လွင်နေခဲ့ပြီး ယခင်က မကြုံဖူးခဲ့သော ပျော်ရွှင်ချမ်းမြေ့မှုများကို တွေ့ကြုံနေရသည်။ ဘုရားသခင်သည် ၎င်းတို့နှင့်အတူ ရှိနေသည်ဟု ခံစားရပြီး ၎င်းတို့၏ ဘဝများ ပြီးပြည့်စုံနေခဲ့ပေသည်။

သို့သော်လည်း ဤလူ့လောက၌ ကိုတင်မောင်ဦးအတွက် ဆက်လက်ရှင်သန်နေမည့် အချိန်များ လွန်မင်းစွာ နည်းပါးနေပြီဖြစ်ကြောင်းကိုသော်လည်းကောင်း၊ ဤကဲ့သို့ ပျော်ရွှင်စွာ အတူတကွ ရှိနေနိုင်သော အခွင့်အလမ်းမျိုးကို ထပ်မံရရှိတော့မည် မဟုတ်ကြောင်းကိုသော်လည်းကောင်း မည်သူကမျှ မသိရှိခဲ့ကြ။ ဤသို့ဖြင့် တနေ့တာ ကုန်ဆုံးသွားပြီး မိသားစုဝင်များ အားလုံး ညစာ အတူစားသောက်ကြသည်။ ညစာ စားပြီးသည့်နောက်တွင် ၎င်းတို့သည် ထမင်းစားပွဲ၌ ဝိုင်းထိုင်ကြရာ ကိုတင်မောင်ဦးက သူ၏ ရပ်ဝေးမြေခြား စွန့်စားမှုများနှင့် နိုင်ငံရေး အမြင်များကို ပြန်ပြောင်းပြောပြသည်။ စီးပွားရေး အခြေအနေအရကြည့်မည် ဆိုလျှင် ထိုင်းနိုင်ငံနှင့် နှိုင်းစာပါက မြန်မာနိုင်ငံသည် မည်၍မည်မျှ ခေတ်နောက်ကျ ကျန်ခဲ့ပြီ ဖြစ်ကြောင်းကို ပြောပြသည်။ အန္တရာယ်များ ဒုနှင့်ဒေး တွေ့ကြုံလာရနိုင်သည်ကို သိရှိထားခဲ့သော်လည်း သူက အဘယ်ကြောင့် မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်လာရကြောင်းနှင့် ပတ်သက်၍ မိသားစုဝင်များကို ရှင်းပြသည်။ မိသားစုနှင့်အတူ သုံးလေးရက် နေပြီးသည့်နောက်တွင် သူက အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားခဲ့သည်။

သတိကို ကိုယ်နှင့်မကွာ အမြဲထားရှိတတ်သူ ကိုတင်မောင်ဦးသည် သူငယ်ချင်းအိမ်၌ ပုန်းခိုနေသော ကာလများတွင် နေ့ခင်းကြောင်တောင် အချိန်များ၌ မကြာခဏ လိုအပ်လျှင်လိုအပ်သလို မြို့ထဲသို့ သွားလေ့ရှိသည်။ နောက်ပိုင်း သုံးလေးလအတွင်းတွင် တခါတရံ၌ ရန်ကုန်မြို့တခွင်ကို လှည့်လည်သွားလာခြင်း၊ သွားဆရာနှင့် သွားတွေ့ခြင်း (သို့မဟုတ်) အခြားသော တောက်တိုမယ်ရ ကိစ္စရပ်များအတွက် အပြင်သွားခြင်းများ ပြုလုပ်ခဲ့သည်။ တခါတရံတွင် ဆံသဆိုင်သို့လည်း သွားရောက်ခဲ့သည်။

## သခင်ကိုယ်တော်မှိုင်း အရေးအခင်းအတွက် ပြင်ဆင်ခြင်း

၁၈၇၆ခုနှစ် မတ်လ (၂၃)ရက်မှ ၁၉၆၄ခုနှစ် ဇူလိုင်လ (၂၃)ရက်နေ့အထိ အသက်ရှင် နေထိုင်ခဲ့သူ သခင် ကိုယ်တော်မှိုင်းသည် မြန်မာနိုင်ငံ၏ (၂၀)ရာစု သမိုင်းတွင် အလွန်ထင်ရှားကျော်ကြားသော ကဗျာဆရာ၊ စာရေးဆရာနှင့် နိုင်ငံရေးခေါင်းဆောင် တစ်ဦးဖြစ်ခဲ့သည်။ သူ့ကို မြန်မာအမျိုးသားတို့၏ ဖခင်တစ်ဦး အဖြစ်သော်လည်းကောင်း၊ ငြိမ်းချမ်းရေး လှုပ်ရှားမှုများမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ စာပေ ပါရမီရှင်တစ်ဦး အဖြစ်သော်လည်းကောင်း အသိအမှတ်ပြုခဲ့ကြသည်။ စစ်ပြီးခေတ်ကာလ မျိုးဆက်များတွင် သူ၏ အမွေအနှစ်များနှင့် လွှမ်းမိုးမှုများကို ခေတ်စာပေများ၌သာမကဘဲ မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသော နိုင်ငံရေးအခြေအနေများတွင်ပါ တွေ့မြင်နိုင်ပေသည်။

၁၉၇၆ခုနှစ် မတ်လ (၂၃)ရက်နေ့သည် သခင်ကိုယ်တော်မှိုင်း မွေးဖွားလာခဲ့ခြင်း၏ ရာပြည့် အထိမ်းအမှတ်နေ့ဖြစ် သည်။ ထိုနေ့မတိုင်မီတွင် ဆောင်ပါးနှင့် ကဗျာပေါင်း မြောက်များစွာတို့၌ သခင်ကိုယ်တော်မှိုင်းနှင့် ပတ်သက်၍ အသားပေး

ဖေါ်ပြသော စာပေများကို စတင်ရေးသား လာခဲ့ကြသည်။ မြန်မာနိုင်ငံ ပြည်သူလူထုသည် သူ၏ အမွေအနှစ်များကို ထိမ်းသိမ်းဂုဏ်ပြုသင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့ကြသည်။ ထို့ကြောင့် ၁၉၇၆ခုနှစ် မတ်လ အစောပိုင်းတွင် သခင်ကိုယ်တော်မှိုင်းကို ကြည်ညိုလေးစားသူများ၊ တပည့်တပန်းများနှင့် နောက်လိုက်နောက်ပါများတို့သည် သခင်ကိုယ်တော်မှိုင်း မွေးဖွားလာခဲ့သည့် ရာပြည့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရန်အတွက် စတင်စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

ရာပြည့်ပွဲ အခမ်းအနားကို အကောင်အထည် ဖေါ်နိုင်ရေးအတွက် ၄င်းတို့သည် ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အစိုးရဆန့်ကျင်ရေး စာပေများကို ရေးသားရာ၌ ထင်ပေါ်ကျော်ကြားသော ထိပ်တန်း စာရေးဆရာမနှင့် သတင်းစာ ဆရာမဖြစ်သူ လူထု ဒေါ်အမာ၊ လူသိများထင်ရှားသော တရားရုံးချုပ်ရှေ့နေကြီး ဦးထွန်းတင် နှင့် ဗြိတိသျှကိုလိုနီခေတ် နောင်းပိုင်းမှစ၍ ဝါရင့် နိုင်ငံရေးသမားကြီးအဖြစ် ထင်ရှားသူ သခင် ခင်အောင် အစရှိသဖြင့် အများက လေးစားကြည်ညိုရသည့် ထင်ရှားသော တသီးပုဂ္ဂလများ ထိုကော်မတီတွင် ပါဝင်ခဲ့ကြသည်။

ထို့အတူပင် ကျောင်းသူကျောင်းသားများ၊ နိုင်ငံရေး လှုပ်ရှားသူများနှင့် သာမန် ပြည်သူလူထုကလည်း သခင်ကိုယ်တော်မှိုင်း ရာပြည့်ပွဲကို စိတ်လှုပ်ရှားမှုကြီးစွာဖြင့် စောင့်မျှော်နေခဲ့ကြသည်။ သခင်ကိုယ်တော်မှိုင်း ရာပြည့်ပွဲ အခမ်းအနားကို ရွှေဒဂုံဘုရား ခြေရင်းရှိ သူ၏ ဂူဗိမာန်တွင် ကျင်းပပြုလုပ်ကာ သူ၏ စွမ်းဆောင်မှုများနှင့် ရပ်တည်ချက်များအတွက် အမှတ်တရ ဂုဏ်ပြုကြရန် အစီအစဉ်များ ဆွဲခဲ့ကြသည်။ ဗုဒ္ဓဘာသာ ဘုန်းကြီး တရားဟောခြင်း အစီအစဉ်ကိုလည်း ထည့်သွင်း ခဲ့သည်။ ၄င်းတို့၏ အစီအစဉ် နောက်တစ်ခုမှာ သူ၏ ဂူဗိမာန်ကို မွမ်းမံပြင်ဆင်ရန် ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ နောင် အနာဂတ် မျိုးဆက်သစ်များအတွက် ရည်ရွယ်ကာ သူ၏ ဂူဗိမာန်ကို ဆက်လက်၍ ပြင်ဆင်မွမ်းမံမှုများကို ပုံမှန်ပြုလုပ်ဆောင်ရွက်သွားမည်ဟု ၄င်းတို့က ထုတ်ပြန်ကြေငြာခဲ့သည်။

၁၉၇၆ခုနှစ် မြန်မာနိုင်ငံရှိ အခြေအနေများကို သုံးသပ်ကြည့်သောအခါတွင် လူထုဆင်းရဲမွဲတေ မှုများ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် စစ်အစိုးရ အကြားတွင် ဖြစ်ပွားနေသော ပြည်တွင်းစစ်ပွဲများ၊ ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖေါက်မှုများ၊ လမ်းမများပေါ်၌ ဆန္ဒပြတောင်းဆိုသော အပြစ်မဲ့ ပြည်သူပြည်သားတို့ အား ပစ်ခတ်နှိမ်နင်း ခံခဲ့ရမှုများ စသည်တို့ကို တွေ့ကြုံခံစားခဲ့ကြရသည်။ ထို့ကြောင့် သခင် ကိုယ်တော်မှိုင်း ရာပြည့်ပွဲ အခမ်းအနားသည် အဓိပ္ပါယ် ပြည့်ဝသော လုပ်ဆောင်ချက်တစ်ခု ဖြစ်လာနိုင်မည်ဟု လူအများက မျှော်လင့်ခဲ့ကြသည်။ သခင်ကိုယ်တော်မှိုင်း အသက်ထင်ရှားရှိစဉ် အချိန်ကာလများကို ပြန်လည်အောက်မေ့ အမှတ်ရခြင်းဖြင့် ပြည်သူလူထုအတွက် မျှော်လင့်ချက်များ ရှင်သန်လာနိုင်ပေမည်။ သခင်ကိုယ်တော်မှိုင်း၏ နောက်ဆုံးဆန္ဒများ အကောင်အထည် ပေါ်လာမည့်နေ့ရက်ကို ၄င်းတို့က မျှော်လင့်စောင့်စားနေခဲ့ကြခြင်း ဖြစ်သည်။

ရာပြည့်ပွဲ အခမ်းအနား နီးကပ်လာသည်နှင့်အမျှ မတ်လအတွင်းတွင် ရာပြည့်ပွဲ ကော်မတီ အဖွဲ့ဝင်အချို့တို့သည် ရုတ်တရက် ကောက်ကာငင်ကာ နုတ်ထွက်သွားကြသည်။ စစ်အစိုးရက ကော်မတီ အဖွဲ့ဝင်များ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဖိအားများ ပေးလာခဲ့သောကြောင့်ပင်။ ထိုနှစ်အတွင်းတွင် မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်ကျောင်းသားများ၏ စိတ်ထဲတွင်လည်း အခဲမကြေမှုများနှင့် စိတ်မကြည်မသာမှုများ ဖြစ်နေခဲ့သည်။

နှစ်ပတ်လည် အလုပ်သမား အရေးအခင်း ဖြစ်ပွားပြီးနောက်ပိုင်းတွင် တက္ကသိုလ်ကျောင်းများကို ပိတ်ထားခဲ့သည်မှာ (၆)လခန့် ကြာမြင့်ခဲ့ပြီး ၁၉၇၆ ခုနှစ် ဇန်နဝါရီလ (၆)ရက်နေ့ကစ၍ တက္ကသိုလ် ကျောင်းများ ပြန်ဖွင့်လာခဲ့သည်မှာ (၂)လ ကျော်သာ ရှိပေသေးသည်။ ကျောင်းသူကျောင်းသားများ စိတ်မကြည်မသာ ဖြစ်နေရခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ အစိုးရက ကျူရှင်စရိတ်နှင့် ဘော်ဒါဆောင် စရိတ်များကို နှစ်ဆမြှင့်တင်လိုက်ရာ ၄င်းတို့အတွက် ငွေကြေးအကြပ်အတည်း ပြဿနာကို ရင်ဆိုင်နေရခြင်းကြောင့် ဖြစ်သည်။ အခြား အကြောင်းရင်းတစ်ရပ်မှာ ကျောင်းသူကျောင်းသားများက စာသင်ခန်း

များထဲ ပြန်လည်ဝင်ရောက်လာကြသောအခါ ၄င်းတို့၏ သူငယ်ချင်းမိတ်ဆွေ များစွာတို့ကို ယခင်လို မတွေ့ရတော့သော ကြောင့် ဖြစ်သည်။ ၄င်းတို့သည် နှစ်ပတ်လည် အလုပ်သမများ အရေးအခင်းတွင် ပါဝင်ပတ်သက်ခဲ့မှုကြောင့် အချို့မှာ အသတ်ခံ ခဲ့ရပြီး အချို့မှာမူ ထောင်ကျခံ နေရဆဲဖြစ်သည်။

စာသင်ခန်းထဲသို့ ပြန်လည်ရောက်ရှိလာသော ကျောင်းသူကျောင်းသားများသည် မှိုင်တွေပူဆွေး နေခဲ့ကြသည်။ မိမိ၏ တိုင်းပြည်ကို ချစ်မြတ်နိုးသော စိတ်ဓါတ်နှင့် တိုင်းပြည်ကို အကောင်းဘက်သို့ ပြုပြင်ပြောင်းလဲ နိုင်စေရေး ရည်ရွယ်ချက် တို့ဖြင့် ၄င်းတို့၏ သူငယ်ချင်းများသည် နှစ်ပတ်လည် အလုပ်သမား အရေးအခင်းတွင် တက်ကြွစွာ ပါဝင်ပတ်သက်ခဲ့ကြ သော်လည်း ကြမ္မာဆိုးများကို ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွက်ကြောင့်လဲ ကျန်ရှိနေသော ကျောင်းသူကျောင်းသားများက ၄င်းတို့ကို ပူးဆွေးနေကြခြင်းပင်။ ၄င်းတို့သည် ထောင်ထဲ၌ ရှိနေကြရမည့်အစား တက္ကသိုလ်ကျောင်းတွင် အေးချမ်းစွာ ပညာသင်ကြားနေကြ သင့်ပေသည်။ တက္ကသိုလ်ကျောင်းများ ပြန်ဖွင့်ချိန်တွင် အစိုးရကို ဆန့်ကျင်သူ ကဗျာဆရာများသည် တက္ကသိုလ်ကျောင်း အသီးသီးတွင် ကဗျာများနှင့် ဆောင်းပါးများကို တိတ်တိတ်ပုန်း ရေးသားထုတ်ဝေ ဖြန့်ဖြူးလာခဲ့ကြသည်။ ထိုကဲ့သို့သော စာပေများကို ကျောင်းပြန်ဖွင့်ချိန် ဇန်နဝါရီလကစ၍ မတ်လအထိ ကြိုကြားကြိုကြား ထုတ်ဝေသွားခဲ့ကြသည်။

သို့သော် များမကြာမီတွင် သခင်ကိုယ်တော်မှိုင်း ရာပြည့်ပွဲ အခမ်းအနားကို ပြုလုပ်ကျင်းပခွင့် မပြုဟု စစ်အစိုးရက ထုတ်ပြန်ကြေငြာလိုက်လေသည်။ ဤလုပ်ရပ်သည် မြန်မာ ပြည်သူပြည်သားများကို နောက်တစ်ကြိမ် စော်ကားလိုက် သကဲ့သို့ပင်။ ကျောင်းသူကျောင်းသားများကလည်း အစိုးရက ခွင့်ပြုသည် ဖြစ်စေ၊ မပြုသည် ဖြစ်စေ ရာပြည့်ပွဲအခမ်းအနားကို စီစဉ်ထားသည့်အတိုင်း ပြုလုပ်ကျင်းပသွားမည်ဟု ဆုံးဖြတ်လိုက်ကြသည်။ ရာပြည့်ပွဲ အခမ်းအနားရက် နီးကပ်လာသည် နှင့်အမျှ ၄င်းတို့သည် ညပိုင်းအချိန်များတွင် ဘတ်စကားဂိတ်များ၊ စာတိုက်ပုံးများ၊ တက္ကသိုလ်ကျောင်းဝင်းများ၊ သစ်ပင်ကြီး များနှင့် အခြားသော နေရာ များစွာတို့တွင် ရာပြည့်ပွဲနှင့် ပတ်သက်၍ နှိုးဆော်စာများ ကပ်ခဲ့ကြသည်။

## မိသားစုဝင်များကို နှိပ်ကွပ်ခြင်း

တချိန်တည်း၌တွင် စစ်ထောက်လှမ်းရေးများသည် မတ်လ (၂၃)ရက်နေ့ ဆန္ဒပြပွဲ အစီအစဉ်များနှင့် ပတ်သက်၍ သိရှိသွားခဲ့ကြသည်။ ကိုတင်မောင်ဦး မြို့ထဲ ပြန်ရောက်နေပြီ ဟူသော သတင်းကိုလည်း ရရှိခဲ့ပြန်သည်။ ထို့ကြောင့် သူနှင့် ပတ်သက်သော လက်လှမ်းမှီသမျှ သတင်းအချက်အလက်များ စစ်ထောက်လှမ်းရေးများက အသည်းအသန် လိုက်လံ ရှာဖွေ စုံစမ်းကြလေသည်။ ဤတွင် ၄င်းတို့က ကိုတင်မောင်ဦးသည် သူ့မိသားစုကို တနည်းတဖုံ အဆက်အသွယ် လုပ်နေနိုင်သည် ဆိုသည့်အချက်ကို ရိပ်စားမိလိုက်သည်။ ထို့ကြောင့် ကိုတင်မောင်ဦးနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းရန်အတွက် မတ်လ (၁၉)ရက်နေ့တွင် သူ့မိသားစုအိမ်ကို ဝင်ရောက်စီးနင်းကာ မိသားစုဝင်များအား ဖမ်းဆီးခဲ့ကြသည်။ မိဘနှစ်ပါးနှင့် ကျောင်းသားအရွယ် ညီငယ်၊ ညီမငယ်များအပါအဝင် (၅)နှစ်သားအရွယ် ကလေးတစ်ဦးကိုပါ ဖမ်းဆီးခဲ့သည်။ မိသားစုဝင် စုစုပေါင်း (၉)ဦးကို ဖမ်းဆီးခဲ့ခြင်းပင်။

ဤသို့ဖြင့် မတ်လ (၁၉)ရက်နေ့တွင် စစ်ထောက်လှမ်းရေးများသည် ကိုတင်မောင်ဦး၏ မိသားစုဝင်များ အားလုံးကို လိုက်လံဖမ်းဆီးပြီး အချုပ်ခန်းတစ်ခန်းစီထဲတွင် ခွဲ၍ ချုပ်နှောင်ထားလိုက်သည်။ အစာရေစာများကိုလည်း ပေးကျွေးခြင်း မရှိ။ ကိုတင်မောင်ဦး မည်သည့်နေရာ၌ ရှိနေကြောင်း၊ မိသားစုဝင်များက သူ့အား မည်သို့မည်ပုံ အဆက်အသွယ်လုပ် နေကြောင်း စသည့် သတင်းအချက်အလက်များကို ရရှိနိုင်ရန်အတွက် ၄င်းတို့က တစ်နေကုန် စစ်ကြောမေးမြန်းသည်။ ခြိမ်းခြောက်ကြသည်။ အသက်ငယ်ရွယ်သူများအတွက် အလွန်အမင်း ခြောက်ခြားဖွယ်ရာကောင်းသော အတွေ့အကြုံများပင်။

အသက် (၅)နှစ်သားအရွယ် ကလေးကိုပင် ၎င်းတို့က ချမ်းသာမပေးခဲ့ကြ။ ဥပမာ ဆိုရလျှင် အသက် (၁၂)နှစ်သာရှိသေးသော သန့်ဇင်ကို ၎င်းတို့က လျှပ်စစ်ဖြင့် တို့မည် ဟူ၍ ထပ်ခါတလဲလဲ ခြိမ်းခြောက်ခဲ့ကြသည်။ စစ်ထောက်လှမ်းရေး တစ်ဦးက သန့်ဇင်၏ ဦးခေါင်းကို ရိုက်လိုက်ရာတွင် ရိုက်ချက်က ပြင်းလွန်းသဖြင့် သူသည် ကြမ်းပြင်ပေါ် ဘုန်းဘုန်းလဲကျသွားရသည်။ ထိုမျှနှင့် မလုံလောက်သေး။ ထောက်လှမ်းရေးက သူ၏ စစ်ဘွတ်ဖိနပ်ဖြင့် သန့်ဇင်၏ ဦးခေါင်းကို ကြမ်းပြင်ပေါ် ဖိနင်းထားရာ သန့်ဇင်မှာ မခံမရပ်နိုင်အောင် နာကျင်သောကြောင့် ငယ်သံပါအောင် အော်ဟစ်ခဲ့ရသည်။ တွေးဝံ့စရာ မကောင်းသော ဖြစ်ရပ်များပင်။ အထိတ်တလန့်ဖြင့် အော်ဟစ်ငိုယိုနေသည့် သန့်ဇင်၏ အသံများကို အခြားအချုပ်ခန်းများ ထဲတွင် ရှိနေသော မိဘများနှင့် အစ်ကိုများပါ ကြားခဲ့ရသည်။ မိဘဖြစ်သူများကလည်း ကလေးကို မနှိပ်စက်ကြပါရန် အတွက် စစ်ထောက်လှမ်းရေးများအား တောင်းပန်ကြသည်။ အသက် (၁၇)အရွယ် မောင်လှရွှေကလည်း စစ်ထောက်လှမ်းများက ညီလေးအပေါ် လုပ်ရက်လေအားဟု တွေးမိကာ အလွန်အမင်း ဒေါသဖြစ်ခဲ့သည်။ ထို့ကြောင့် သူက စစ်ထောက်လှမ်းရေး များအား “မင်းတို့ကောင်တွေ ရိုက်ချင်တယ် ဆိုရင် ငါ့ကို လာရိုက်ကြ။ ငါ့ညီလေးက အခုမှ ကလေးဘဲ ရှိသေးတယ်။ သူ့ကို မလုပ်ကြနဲ့။”ဟု အော်ဟစ်ပြောဆို လေသည်။ မိဘများနှင့် မောင်လှရွှေတို့က အပြင်းအထန် ဆက်လက်ကန့်ကွက်ကြ မှ သာလျှင် ထောက်လှမ်းရေး ခေါင်းဆောင်က ကလေးများကို မနှိပ်စက်ရန် အမိန့်ပေးလိုက်သည်။

ညနေစောင်းသော အခါ ထောက်လှမ်းရေးများက လူမမယ်ကလေးများကို လွှတ်ပေးကာ အိမ်ပြန်ပို့လိုက်ကြသည်။ သို့သော်လည်း မိဘနှစ်ပါးကိုမူ ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ ထို့နောက် ည (၁၀)နာရီ အချိန်ခန့်တွင် ဦးလှဒင်ကို အချုပ် ခန်းထဲက ခေါ်ထုတ်သွားကြသည်။ အချုပ်ခန်းမှ ကိုက် (၁၀၀)လောက် ရောက်သောအခါ သူ၏ အင်္ကျီ အဝတ်အစား များကို ချွတ်စေပြီး ကြမ်းပြင်ပေါ်တွင် လှဲအိပ်ခိုင်းလိုက်သည်။ ဤတွင် ၎င်းတို့က ဆေးသုတ်တံ တစ်ချောင်းဖြင့် သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ထောပတ်များ သုတ်လိမ်းလိုက်သည်။ ထို့နောက် အယ်(လ်)ဖေးရှင်း ခွေးကြီးတစ်ကောင် ခေါ်လာကာ သူ့ခန္ဓာ ကိုယ်ပေါ်က ထောပတ်များကို ခြေဆုံးခေါင်းဆုံး လျက်ခိုင်းလေသည်။ ကိုတင်မောင်ဦးအကြောင်း ဦးလှဒင်သိထားသည်များ အားလုံးကို မပြောပြလျှင် သူ့သမီးနှင့် ဇနီးဖြစ်သူတို့ကို သူ့ရှေ့မှောက်သို့ခေါ်ကာ ဤကဲ့သို့ပင် ခွေးဖြင့် လျက်ခိုင်းမည်ဟု ၎င်းတို့ကို ခြိမ်းခြောက်ခဲ့ကြသည်။ ထိုကဲ့သို့ ရက်စက်ယုတ်မာ လူမဆန်သော ညှဉ်းပန်းမှုကို ဦးလှဒင်၏ တသက်တာတွင် မည်သို့မျှ မေ့ဖျောက် မရနိုင်ခဲ့။ စစ်ထောက်လှမ်းရေးများက ကိုတင်မောင်ဦး၏ မိဘနှစ်ပါးကို ပြန်ပေးဆွဲထား သကဲ့သို့ပင် ဖြစ်သည်။ ကိုတင်မောင်ဦးသာ ရန်ကုန်မြို့ထဲတွင် ရှိနေသည် ဆိုပါက ထောက်လှမ်းရေးများက “မင်းရဲ့ မိဘတွေကို ငါတို့ ရထားတယ်”ဟူသော သတင်းကို လွှင့်လိုက်လိုသည့်သဘော ဖြစ်ဟန်တူသည်။

ဤကဲ့သို့ ဖြစ်ပျက် နေသည်များနှင့် ပတ်သက်၍ ကိုတင်မောင်ဦးအား ဆက်သွယ် အသိပေးသင့်ကြောင်း၊ ကိုတင်မောင်ဦး ရန်ကုန်မြို့တွင် ဆက်မနေတော့ဘဲ မြန်မာနိုင်ငံထဲက အပြီးအပိုင် ထွက်သွားသင့်သည်ဟု ပြောသင့်ကြောင်း တို့ကို ညီငယ်၊ ညီမငယ်များ အားလုံးက သဘောတူခဲ့ကြသည်။ အရင်တုန်းကဆိုလျှင် ကိုတင်မောင်ဦးသည် မိသားစုဝင်များကို အဆက်အသွယ် လုပ်လိုပါက ခရစ်ယာန် ဘုရားရှိခိုးကျောင်း လာတက်တတ်သော သူ၏ အသိမိတ်ဆွေများကတဆင့် မိသားစုထံ သတင်းပါးလိုက်လေ့ရှိသည်။ သို့သော်လည်း ယခုတလော ကိုတင်မောင်ဦးဆီက တစုံတရာ သတင်းမကြားခဲ့ရ သေးသောကြောင့် ကိုတင်မောင်ဦး ၎င်းတို့ဆီကို မကြာခင် ထပ်မံဆက်သွယ်လာပါစေဟု ဆုတောင်းခဲ့ကြသည်။ ဤသို့ဖြင့် သောကြာနေ့ညပိုင်းတွင် မလှမြိုင်က သူမ၏ မောင်နှမများအား “အခုလာမယ့် တနင်္ဂနွေနေ့ကျရင် ဘုရားရှိခိုး ကျောင်းကို ငါ သွားမယ်။ အဲဒီကနေ ကိုတင်မောင်ဦးဆီက အဆက်အသွယ် ရရင် ရနိုင်တယ်။”ဟု ပြောလေသည်။

တနင်္ဂနွေနေ့ ရောက်သောအခါ မလှမြိုင်သည် ဘုရားရှိခိုးကျောင်းကိုသွားရောက်ရန်အတွက် သတိကြီးစွာဖြင့် အိမ်က ထွက်လာခဲ့သည်။ ထိုနေ့သည် မတ်လ (၂၁)ရက်နေ့ဖြစ်ပြီး ၎င်းတို့၏ မိဘနှစ်ပါး အထိန်းသိမ်းခံထားရသည်မှာ (၂)ရက်ရှိ သွားပေပြီ။ ၎င်းတို့၏ နေအိမ်ကို အချိန်ပြည့် စောင့်ကြည့်နေကြကြောင်း သိရှိထားသောကြောင့် မလှမြိုင်သည် အလွန်

သတိထားနေရသည်။ ထင်ထားသည့် အတိုင်းပင်။ သူမ အိမ်က ထွက်လာပြီး သိပ်မကြာခင်မှာပင် သူမနောက်က လူနှစ်ယောက် လိုက်ပါလာသည်ကို သတိပြုမိသည်။ ဘုရားရှိခိုးကျောင်းကို ဘတ်စကား စီးသွားရမည် ဖြစ်သဖြင့် သူမသည် ဘတ်စကား မှတ်တိုင်ရှိရာသို့ လမ်းလျှောက်သွားလိုက်သည်။ ထိုလူနှစ်ဦးကလည်း သူမနှင့်အတူ ဘတ်စကား တစ်စီးထဲတွင် လိုက်ပါလာကြသည်။ ၄င်းတို့သည် သူမကို နောက်ယောင်ခံလိုက်နေကြသည်မှာ ငြင်းဖွယ်ရာမရှိ။ ဘုရားကျောင်းသို့ ရောက်သောအခါ သူမက ခုံတန်းလျားတစ်ခုပေါ် ဝင်ထိုင်လိုက်ရာ ၄င်းတို့ကလည်း သူမနှင့် မလှမ်းမကမ်း တစ်နေရာတွင် ထိုင်လိုက်ကြသည်။ သူမ၏ လှုပ်ရှားမှုများအားလုံးကို ကောင်းမွန်စွာ တွေ့မြင်နိုင်စေရန်အတွက် ၄င်းတို့က နေရာကောင်း တစ်ခုကို ရွေးထိုင် လိုက်ကြခြင်း ဖြစ်သည်။

ကိုတင်မောင်ဦး မိသားစုက ယုံကြည်လေးစားရသော မိသားစုသည်လည်း ဘုရားကျောင်း လာတက်ကြသည်။ ၄င်းတို့သည် ဘုရားရှိခိုးကျောင်းနှင့် မလှမ်းမကမ်းတွင် နေထိုင်သူများဖြစ်ပြီး ကိုတင်မောင်ဦးကိုလည်း သံယောဇဉ်ကြီး ကြသည်။ ကိုတင်မောင်ဦးက ၄င်းတို့ နေအိမ်ကို လာရောက်၍ မလှမြိုင်အတွက် စာရွက်ပိုင်းလေး တစ်ခုကို ပေးထားခဲ့ပြီး ဖြစ်သည်။ ၄င်းတို့၏ သမီးတစ်ယောက် နှင့် မလှမြိုင်သည် အလွန်ရင်းနှီး ခင်မင်သော သူငယ်ချင်းများ ဖြစ်ကြသည်။ ဤသို့ဖြင့် ဘုရားဝတ်ပြုနေချိန်တွင် ထိုကောင်မလေးသည် လှမြိုင်ဆီသို့ လာနှုတ်ဆက်စကား ပြောပြီး သူမ၏ နဘေးတွင် ဝင်ထိုင်နေ လိုက်သည်။ ထို့နောက် လူအလစ်တွင် သူမက မလှမြိုင်၏ လက်ထဲသို့ စာရွက်ပိုင်းလေးကို မသိမသာ ထည့်ပေးလိုက်သည်။ ကိုတင်မောင်ဦး ဘာရေးထားပါလိမ့်။ စစ်ထောက်လှမ်းရေးများက လှမြိုင်ကို မမြင်နိုင်ဟု ယူဆရသော အနေအထားတွင် စာရွက်ခေါက်ကလေးကို ဖြည်ပြီး ခိုးကြည့်လိုက်သည်။ စာရွက်ထဲတွင် အချိန်နှင့် လိပ်စာတစ်ခုကိုသာ ရေးထားသည်။ ကိုတင်မောင်ဦး၏ လက်ရေးပါ။ မလှမြိုင်က ကိုတင်မောင်ဦးကို ဤလိပ်စာ ရှိရာနေရာတွင် တတ်နိုင်သမျှ အမြန်ဆုံး သွားရောက် တွေ့ဆုံရမည်ကို ချက်ချင်း သဘောပေါက်လိုက်သည်။ ဘုရားရှိခိုးကျောင်းထဲက ထွက်သွားချင်လှပြီ ဖြစ်သော ကြောင့် သူမ၏ နှလုံးခုံသံများ မြန်လာသည်။ သို့သော် ထောက်လှမ်းရေးနှစ်ဦးက သူမကို မကြာမကြာ အကဲခတ်နေကြသဖြင့် အချိန် ကောင်းကို စောင့်နေရသည်။

ဤသို့ဖြင့် များမကြာမီတွင် ချောမောလှပသော အမျိုးသမီးငယ်နှစ်ဦး စင်မြင့်ပေါ်သို့တက်၍ သီချင်း စဆိုလေသည်။ ၄င်းတို့၏ လှပပုံနှင့် အသံနေအသံထားတို့ကြောင့် ဆွဲဆောင်မှုကောင်းလှသည်။ အမျိုးသမီးငယ်နှစ်ဦးက ပရိတ်သတ်၏ အာရုံကိုဖမ်းစားနိုင်ကြောင်းသတိပြုမိသောအခါ မလှမြိုင်က ထောက်လှမ်းရေးနှစ်ဦးကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။ ဗေဒင် သွားမေးစရာမလိုပါ။ ၄င်းတို့ကလည်း ထိုအမျိုးသမီးနှစ်ဦးကို ငေးစိုက်ကြည့်နေကြသည်။ ဤသည်ကို အခွင့်ကောင်း ယူကာ မလှမြိုင်သည် ဘုရားရှိခိုးကျောင်းထဲက အသာလေး လျှိုထွက်လာကာ ဘတ်စကားဂိတ် ရှိရာဆီသို့ ချက်ချင်း သွား လိုက် သည်။ စစ်ထောက်လှမ်းရေး နှစ်ဦး သတိပြန်လည်လာ၍ မလှမြိုင် မရှိတော့ကြောင်း သိလိုက်ရသောအခါ ဘုရားရှိခိုး ကျောင်း အတွင်း နေရာအနှံ့ လိုက်ရှာကြသည်။ သို့သော် မလှမြိုင်ကတော့ ၄င်းတို့နှင့် လွတ်ရာကျွတ်ရာကို ရောက်ရှိသွား ပေပြီ။

စာရွက် ဖြတ်ပိုင်းလေးထဲက လိပ်စာရှိရာ နေရာသို့ မသွားရောက်မီတွင် သူမနောက်က ထောက်လှမ်းရေးများ မလိုက်လာကြောင်း သေချာစေရန်အတွက် ဘတ်စကားကို နှစ်ခါ၊ သုံးခါ ပြောင်းစီးသည်။ မိမိနောက်က မည်သူမျှ လိုက်မလာ ကြောင်း သေချာသွားသောအခါ သူမသည် ကိုတင်မောင်ဦး ပေးထားသော လိပ်စာဆီသို့ သွားရန် ဆုံးဖြတ်လိုက်သည်။ ထိုလိပ်စာသည် တိုက်ခန်းတစ်ခု၏ လိပ်စာဖြစ်ပြီး ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှ ဘတ်စကားဖြင့် သွားမည်ဆိုလျှင် နာရီဝက်လောက် စီးရသည်။ ရာထူးကြီးသော အစိုးရ အရာရှိများ နေထိုင်ရာ ရပ်ကွက်ထဲတွင် ဖြစ်သည်။ ကိုတင်မောင်ဦး၏ မိတ်ဆွေတစ်ဦးသည် အစိုးရ အရာရှိကြီး တစ်ဦးထံတွင် အလုပ်လုပ်နေပြီး သူနေထိုင်ရာ တိုက်ခန်းလေး တစ်ခုတွင် ကိုတင်မောင်ဦးကို လာရောက်ပုန်းခိုခွင့် ပြုထားခြင်း ဖြစ်သည်။

မလှမြိုင်က သတိကြီးစွာဖြင့် အခန်းတံခါးရှိရာဆီသို့ ချဉ်းကပ်သွားကာ တံခါးကို ညှင်သာစွာ ခေါက်လိုက်သည်။ ကိုတင်မောင်ဦးက တံခါးကို ခပ်စေ့စေ့သာ ဖွင့်လိုက်ပြီး တံခါးကြားမှနေ၍ အပြင်သို့ ချောင်းကြည့်လေသည်။ လက်ထဲတွင်လည်း သေနတ်က အဆင်သင့်ပင်။ သူက မလှမြိုင် လာမည်ကို သိသော်လည်း သူမနောက်က ထောက်လှမ်းရေးများ လိုက်လာခြင်း ရှိမရှိ ဆန်းစစ်နေခြင်းဖြစ်သည်။ မလှမြိုင်ကို မြင်သည်နှင့် တပြိုင်နက် သူက ဝမ်းသာအားရ တံခါးကို ဖွင့်ပေးလိုက်ပြီး အိမ်ခန်းထဲသို့ အမြန်ဝင်စေသည်။ သူမ နောက်က တစ်စုံတစ်ဦး လိုက်ပါလာသလားဟု ကိုတင်မောင်ဦးက မေးသောအခါ သူမက မည်သူမျှ လိုက်ပါလာခြင်း မရှိကြောင်း ဖြေလိုက်သည်။ အိမ်ခန်းထဲရှိ စားပွဲပေါ်တွင် သခင်ကိုယ်တော်မှိုင်း ရာပြည့် ချီတက်ပွဲ အတွက် ရေးမှတ်ထားသော အစီအစဉ် စာရွက်စာတမ်းများကို မလှမြိုင်က သတိပြုမိ လိုက်သည်။ ဤတွင် ကိုတင်မောင်ဦးက မိသားစုဝင်များ အားလုံး၏ အခြေအနေ မည်သို့ရှိကြောင်း မေးမြန်းလေသည်။ မတ်လ (၁၉)ရက်နေ့၊ သောကြာနေ့တွင် မိသားစုဝင်များ အားလုံးကို စစ်ထောက်လှမ်းရေးများက ဖမ်းဆီးပြီး ၎င်းတို့၏ ရုံးချုပ်သို့ ခေါ်ဆောင်သွားကာ စစ်ဆေးမေးမြန်းခဲ့ကြောင်းနှင့် မိဘနှစ်ပါးမှာလည်း အဖမ်းခံထားရဆဲ ဖြစ်ကြောင်းတို့ကို မလှမြိုင်က ပြန်ပြောင်းပြောပြသည်။

မလှမြိုင်၏ ပြောစကားများကြောင့် သူ့မျက်နှာ ပျက်သွားသည်။ စိုးရိမ်ပူပန်သွားသည်။ ဤတွင် မလှမြိုင်က "အစ်ကိုကြီးက ဘာဆက်လုပ်ဖို့ အစီအစဉ် ရှိလဲ"ဟု မေးလေသည်။

"ဒီ အရေးအခင်းက အင်မတန် အရေးပါတယ်။ စစ်မှုထမ်း အရာရှိတွေနဲ့လဲ အစ်ကိုကြီး ပြောဆိုဆွေးနွေးလာခဲ့ ပြီးပြီ။ အခုလာမယ့် အရေးအခင်းဟာ ဒီစစ်အစိုးရကိုပါ ပြုတ်ကျသွားစေနိုင်လောက်တဲ့ အထိ ကိုင်လှုပ်နိုင်တဲ့ အနေအထားရှိတယ်။ ဒီအစိုးရ ပြုတ်ကျသွားပြီဆိုရင် လူထုလက်ထဲကို အာဏာပြန်လွှဲပေးနိုင်မှာပေါ့။ အစ်ကိုကြီးကတော့ ဒါကို ပြီးအောင်လုပ်မှ ဖြစ်မယ်။ ဒါပေမယ့် အခုလိုမျိုး မိသားစုအခြေအနေကို ကြားလိုက်ရတော့ အစ်ကိုကြီးက ညီမလေးရဲ့ လုံခြုံရေးအတွက် စိုးရိမ်မိတယ်။"

"အစ်ကိုကြီးက ဒီအရေးအခင်းကို မေ့ပစ်လိုက်လို့ မရဘူးလား။ အစ်ကိုကြီး ဒီနိုင်ငံက ထွက်သွား သင့်တယ်ထင်တယ်။ ဒီအရေးအခင်းကို ဆက်လုပ်မယ်ဆိုရင် အစ်ကိုကြီးအတွက်အန္တရာယ် သိပ်များတယ် မဟုတ်လား။"

"အဲဒီလိုမျိုးတော့ အစ်ကိုကြီး မလုပ်နိုင်ဘူး။ ဒါကြောင့်လဲ အစ်ကိုကြီး နယ်စပ်က ပြန်တက်လာတာပေါ့။ အဖေနဲ့ အမေအတွက် အရမ်းကြီးလဲ စိတ်မပူပါနဲ့။ ဒီ အရေးအခင်း ပြီးသွားတဲ့အခါကျရင် အစ်ကိုကြီးတို့ မိဘတွေနဲ့အတူ နိုင်ငံရေး အကျဉ်းသားတွေရော ကျောင်းသူကျောင်းသားတွေပါ ထောင်ထဲက ပြန်လွတ်လာကြမှာ။ ဒါကြောင့် သိပ်ပြီးတော့ စိုးရိမ်စရာ မလိုဘူး။"

သူတို့က လေးငါးဆယ်မိနစ်ခန့် စကားပြောဆိုပြီးသည့်နောက်တွင် ကိုတင်မောင်ဦးက သူ ဒီနေရာမှာ ကြာကြာဆက်နေမည်မဟုတ်ကြောင်းနှင့် မလှမြိုင်လဲအိမ်ပြန်သင့်ပြီဖြစ်ကြောင်း ပြောသည်။ သို့သော် အိမ်ကို တိုက်ရိုက် မပြန်သေးဘဲ သူမ၏ သူငယ်ချင်း တစ်ယောက်အိမ်သို့ ခဏ သွားလည်သင့်ကြောင်း ကိုလည်း သူက တိုက်တွန်းသည်။ ဤသို့မှသာလျှင် စစ်ထောက်လှမ်းရေးများက မေးမြန်းလာခဲ့ပါက သူမ မည်သည့်နေရာသို့ ရောက်ရှိနေရှိကြောင်းကို ပြန်ပြောပြနိုင်စေရန်အတွက် ဖြစ်သည်။ ဆန္ဒပြပွဲများ၏ အရေးပါပုံကို သူမက နားလည်ယုံကြည်ခဲ့သည်နှင့်အညီ ကိုတင်မောင်ဦးကို ပြောခဲ့သော သူမ၏နှုတ်ဆက်စကားများမှာ ကတိကဝတ်များ ဖြစ်လာခဲ့သည်။ အကယ်၍ ဆန္ဒပြပွဲများတွင် တစ်စုံတစ်ခု မှားယွင်းသွားပြီး ကိုတင်မောင်ဦး အဖမ်းခံခဲ့ရမည်ဆိုလျှင် သူမက ဤလှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ဤသည်နှင့် ပတ်သက်၍ ကိုတင်မောင်ဦးက ဘာမှ ပြန်မဖြေခဲ့။ သို့သော်လည်း 'ဒီကိစ္စအတွက် ဘာမှ မပူပါနဲ့'ဟူသော

အကြည့်မျိုးဖြင့်သာ ပြန်ကြည့်ပြီး သူမကို နှစ်သိမ့်ခဲ့သည်။ ကိုတင်မောင်ဦးက မိမိ၏ မဟာဗျူဟာနှင့် လုပ်ရပ်များ အားလုံး ဖြစ်မြောက်အောင်မြင်လာလိမ့်မည်ဟု ယုံကြည်နေခဲ့သောကြောင့်ပင်။

မလှမြိုင်နှင့်အတူ ဘုရားရှိခိုးကျောင်းသို့ လိုက်လာခဲ့သော စစ်ထောက်လှမ်းရေးနှစ်ဦး အပါအဝင် စစ်ထောက်လှမ်းရေး စုစုပေါင်း (၁၀)ဦးခန့်သည် ကိုတင်မောင်ဦး မိသားစုအိမ်တွင် မလှမြိုင် ပြန်အလာကို စောင့်နေခဲ့ကြသည်။ ၄င်းတို့က ကိုလှရွှေအား မလှမြိုင်နှင့်ပတ်သက်၍ မေးမြန်းသည်။ သူမ အဘယ်ကြောင့် အိမ်တွင် ရှိမနေသည်နှင့် ပတ်သက်၍ မေးမြန်းကြသည်။ ကိုလှရွှေက လည်း သူမ ဘုရားရှိခိုးကျောင်းသို့ သွားနေခြင်း ဖြစ်ပြီး တခါတရံ၌ ဘုရားရှိခိုးကျောင်းအပြန်တွင် သူငယ်ချင်းများထံ သွားလည် တတ်ကြောင်း ပြောသည်။ ၄င်းတို့ကလည်း ကိုလှရွှေအား မလှမြိုင် သူငယ်ချင်း အိမ်များသို့ ခေါ်သွားပြခိုင်းသည်။ မလှမြိုင် အိမ်ပြန် ရောက်လာသောအခါတွင် စစ်ထောက်လှမ်းရေးများ ဒေါပွနေကြပေပြီ။ ၄င်းတို့က သူမ ကို နံနက် (၁၀)နာရီ ကတည်းက ညနေ (၇)နာရီအထိ ထိုင်စောင့်နေခဲ့ကြရသည် မဟုတ်လော။ မလှမြိုင် အိမ်ပြန်ရောက် လာသည်နှင့် ချက်ချင်းပင် ၄င်းတို့က သူမကို ကားပေါ်တင်ကာ စစ်ထောက်လှမ်းရေး ဌာနချုပ်ရုံး အမှတ် (၇)သို့ ခေါ်ဆောင် သွားကြသည်။

ဌာနချုပ်ရုံးတွင် သူမကို ခြိမ်းခြောက်ကြသည်။ သူမ မည်သည့် သူငယ်ချင်းထံ သွားနေကြောင်း အတင်းအကြပ် အမေးကြသည်။ သူမဆီက အဖြေရသည်နှင့် တပြိုင်နက် စစ်ထောက်လှမ်းရေး အချို့က ထို သူငယ်ချင်းဖြစ်သူ၏ အိမ်သို့ ချက်ချင်းသွားကြလေသည်။ လှမြိုင်၏ သူငယ်ချင်းကလည်း လှမြိုင်သည် တနေ့လည်ခင်းလုံး သူမနှင့် အတူရှိနေကြောင်း ပြောပြသည်။ ထို့နောက် ၄င်းတို့သည် ဌာနချုပ်ရုံးကို ပြန်ရောက်လာပြီး နောက်ဆုံးတွင် လှမြိုင်ကို ပြန်လွှတ်ပေးလိုက်ကြသည်။ ဤတွင် မလှမြိုင်သည် ကိုတင်မောင်ဦး ပေးခဲ့သော အကြံအတွက် အလွန်အမင်း ကျေးဇူးတင်နေခဲ့သည်။ သူ့အကြံအစည် ကြောင့် သူမ လွတ်မြောက်လာခဲ့ရလေပြီ။ နေ့လည်ကတည်းက အိမ်ကိုသာ တန်းတန်းမတ်မတ် ပြန်သွားခဲ့မည် ဆိုလျှင် ကိုတင်မောင်ဦး ရှိရာနေရာကို ထုတ် မပြောမချင်း ထောက်လှမ်းရေးများက သူမကို နှိပ်စက်ညှဥ်းပန်းကြမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

### လူထုစွမ်းအား မဟာဗျူဟာ

သခင်ကိုယ်တော်မှိုင်း အရေးအခင်းတွင် ကိုတင်မောင်ဦး၏ မဟာဗျူဟာမှာ ကျောင်းသူကျောင်းသားများ၊ အလုပ် သမားများနှင့် စစ်မှုထမ်းများ စသည့် လူ့အလွှာ အစိတ်အပိုင်း (၃)ခုကို ညှိနှိုင်းချိတ်ဆက် ပေါင်းစည်းခြင်းဖြင့် လူထုစွမ်းအား တစ်ရပ် ဖြစ်တည်လာစေရန်ပင်။ ကိုတင်မောင်ဦးသည် အလုပ်သမားထု၏ ထိခိုက်နစ်နာ ခံစားနေရမှု များကို ကောင်းမွန်စွာ နားလည်သိရှိထားသည်နှင့်အညီ ၁၉၇၄ခုနှစ် ဇွန်လ အလုပ်သမား အရေးအခင်း ကတည်းကစတင်ကာ အလုပ်သမားများနှင့် အမြဲတစေ ဆက်စပ်မှု ရှိနေခဲ့သည်။ ထို့ပြင် အလုပ်သမားများနှင့် ကျောင်းသူကျောင်းသားများ အကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံကို သိရှိခဲ့ခြင်းကြောင့်လည်း ၁၉၇၄ခုနှစ် ဒီဇင်ဘာလ ဦးသန့် အရေးအခင်းတွင် သူက အလုပ်သမားများကိုပါ ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ကံမကောင်း အကြောင်းမလှသည်မှာ အလုပ်သမား များက နည်းလမ်းတကျ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ပြင်ဆင်နေကြစဥ်အချိန်အတွင်းမှာပင် ဦးသန့်အရေးအခင်း ဖြိုခွဲနှိမ်နင်းခြင်း ခံခဲ့ရသည်။ သို့သော်လည်း ဦးသန့် အရေးအခင်း ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း နှစ်ပတ်လည် အလုပ်သမား အရေးအခင်းတွင်မူ ကျောင်းသူကျောင်းသားများနှင့် အလုပ်သမားများကို ညှိနှိုင်းချိတ်ဆက် လုပ်ကိုင်ဆောင်ရွက်လိုခဲ့သော ကိုတင်မောင်ဦး၏ ရည်မှန်းချက်များ အောင်မြင်ခဲ့သည်။ သူသည် ဖြစ်ပြီးခဲ့သော အရေးအခင်းများက သင်ခန်းစာယူခဲ့သည်။ ဖြစ်နိုင်ခြေရှိသော အလားအလာများနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခဲ့သည်။ သခင်ကိုယ်တော်မှိုင်း အရေးအခင်းတွင် ကျောင်းသူ

ကျောင်းသားများနှင့် အလုပ်သမားများအပြင် စစ်မှုထမ်းများကိုပါ လက်တွဲပါဝင်လာအောင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့မည် ဆိုပါက ဤ အရေးအခင်းသည် ယခင်က ဖြစ်ခဲ့ပြီးသော အရေးအခင်းများထက် များစွာသာလွန် ထိရောက်မှု ရှိမည်ဖြစ်ကြောင်းကို သူက ရိပ်စားမိခဲ့သည်။

ဆန္ဒပြပွဲများကို အာဏာရှင်များက ရက်စက်စွာ ပစ်ခတ်နှိမ်နင်းခဲ့သည့်ဖြစ်ရပ်များအား ကိုတင်မောင်ဦးက ကိုယ်တွေ့ကြုံ ခဲ့ရသော်လည်း သူသည် အာဏာရှင်စနစ်ကို ဆန့်ကျင်သူနှင့် ထောက်ခံသူများအား ခွဲခြားသိမြင်ခဲ့သည်။ တိုင်းပြည်တွင် အင်အားအကောင်းဆုံး အဆောက်အအုံဖြစ်သော စစ်တပ်သည် အာဏာရှင် စနစ်ကို အကာအကွယ်ပေးနေသည့် အမိန့် တစ်ခုတည်းကိုသာ နာခံနေရပါက စစ်မှန်သော ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေး ဆိုသည်မှာ မည်သို့မျှ ဖြစ်လာနိုင်မည် မဟုတ်ကြောင်းကို သူက သိရှိနားလည်ခဲ့သည်။ ထို့ကြောင့် ဤဖြစ်ရပ်မျိုးကို ရှောင်ရှားနိုင်ရန်အတွက် တပ်မတော်အတွင်းမှာပင် အာဏာရှင် စနစ်ကို ဆန့်ကျင်လိုကြသည့် စစ်မှုထမ်းများကို ဆက်သွယ်ရမည်။ အသိအမှတ်ပြု ရမည်။ ထောက်ခံအားပေးရမည် ဟု သူက ခံယူခဲ့သည်။

ကိုတင်မောင်ဦး၏ မဟာဗျူဟာနှင့် ဆက်စပ်ကာ စစ်တပ်အတွင်း ဖြစ်ပျက်နေသည်များကိုလည်း စေ့စေ့စပ်စပ် လေ့လာအကဲခတ်သင့်သည်။ ၁၉၇၄ခုနှစ်တွင် နေဝင်းက ဗိုလ်ချုပ်ကြီး တင်ဦးကို ဖမ်းဆီးခဲ့သည်။ ထိုအချိန်က ဗိုလ်ချုပ်ကြီး တင်ဦးသည် စစ်သားများအကြားတွင် အလွန်ကျော်ကြား ရေပန်းစားနေခဲ့သူ ဖြစ်သည်။ အမျိုးမျိုးသော စစ်အုပ်စုတို့ကို စုစည်းညီညွတ်မှု ရှိလာစေရန် စွမ်းဆောင်နိုင်ခြင်း၊ ဆူပူမှုများကို ဖြေရှင်းနိုင်စွမ်းရှိခြင်း စသည့် အရည်အသွေးများကို ဗိုလ်ချုပ်ကြီး တင်ဦးက ပိုင်ဆိုင်ထားသည်နှင့်အညီ ၎င်းသည် မိမိ၏ အာဏာကို ထိပါးလာနိုင်သည်ဟု အာဏာရှင်နေဝင်းကယူဆကာ ဗိုလ်ချုပ်ကြီးတင်ဦးကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် ဗိုလ်ချုပ်ကြီး တင်ဦး ထံတွင် နာမကျန်းဖြစ်နေသော ရင်သွေးတစ်ဦး ရှိခဲ့သည်။ စစ်တပ်တွင် တာဝန်ထမ်းဆောင်နေသော သူ၏ ဇနီးသည် ဆရာဝန်မက ကလေးကို အထူးကုတစ်ယောက်ထံ သွားရောက်ပြသရန်အတွက် အင်္ဂလန်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့သည်။ ကလေး၏ အခြေအနေမှာ သက်သာကောင်းမွန် လာခဲ့သော်လည်း နေဝင်းက ဤသည်ကို အခွင့်ကောင်းယူကာ ဗိုလ်ချုပ်ကြီး တင်ဦးအား ၎င်းတို့မိသားစုသည် နိုင်ငံတော် ဘဏ္ဍာငွေများကို အင်္ဂလန်နိုင်ငံ သွားရောက်၍ အလွဲသုံးစား လုပ်နေခဲ့သည်ဟု စွပ်စွဲခဲ့သည်။ ဤသို့ဖြင့် နေဝင်းသည် ဗိုလ်ချုပ်ကြီးတင်ဦး၏ ရာထူးနှင့် အာဏာများကို ဖြုတ်ချကာ စစ်တပ်ထဲက ထုတ်ပယ်ခဲ့သည်။

ဗိုလ်ကြီးအုန်းကျော်မြင့် သည် ဗိုလ်ချုပ်ကြီးတင်ဦး ရာထူးက ဖယ်ရှားခြင်း ခံခဲ့ရသည့်အပေါ် အလွန် စိတ်နာခဲ့သည်။ ထို့ကြောင့် ၎င်းသည် အုပ်စုတစ်စုကို ဦးဆောင်ဖွဲ့စည်းကာ နေဝင်းကို လုပ်ကြံသတ်ဖြတ်ရန်အတွက် လျှို့ဝှက်ကြံစည်နေခဲ့သည်။ ဗိုလ်ချုပ်ကြီးတင်ဦးကိုလည်း သူ၏ အကြံအစည်များနှင့် ပတ်သက်၍ အသိပေးခဲ့သည်။ ဗိုလ်ချုပ်ကြီး တင်ဦးက ၎င်းကို သေချာစွာ စဉ်းစားချင့်ချိန် ခဲ့သော်လည်း တစုံတရာ အကြောင်းပြန်ခြင်း မရှိခဲ့။ တချိန်တည်းမှာပင် နေဝင်းကို လုပ်ကြံသတ်ဖြတ်ပြီး ဗိုလ်ချုပ်ကြီးတင်ဦး ကို အာဏာ ပြန်လည်ပေးအပ်မည့် ဗိုလ်ကြီး အုန်းကျော်မြင့်၏ အကြံအစည်များမှာ စစ်တပ်အတွင်းရှိ ဗိုလ်ကြီးတစ်ဦးကြောင့်နေဝင်းထံ ပေါက်ကြားသွားခဲ့ရသည်။ ဤတွင် နေဝင်းက ဗိုလ်ချုပ်ကြီး တင်ဦးကို အပြစ်ဖို့ကာ သူ၏အိမ်သို့ ဝင်ရောက်စီးနင်း ရှာဖွေရာတွင် လုပ်ကြံမှု အကြံအစည်များ ပါရှိသည့် စာရွက်စာတမ်းများကို တွေ့ရှိခဲ့သည်။ ဗိုလ်ချုပ်ကြီး တင်ဦးက ဤဇာတ်ကွက်တွင် မိမိ ပါဝင်ပတ်သက်မှု မရှိကြောင်း ငြင်းဆိုရာ၊ လုပ်ကြံမှု အကြံအစည် များကို သိရှိထားလျက်နှင့် ရေငုံနှုတ်ပိတ်နေခြင်းသည် ထိုအကြံအစည်တွင် ပါဝင်ပတ်သက်နေခြင်းဖြစ်သည်ဟု နေဝင်းက ပြန်လည်ချေပခဲ့သည်။ ထို ့နောက် ဗိုလ်ချုပ်ကြီး တင်ဦးကို ဖမ်းဆီး ထောင်ချခဲ့သည်။ ထို့ပြင် ဗိုလ်ကြီး အုန်းကျော်မြင့်ကိုလည်း ချက်ချင်းဖမ်းဆီးပြီး နောက်ပိုင်းတွင် ကြိုးပေးကွပ်မျက်ခဲ့သည်။

ဦးသန့် အရေးအခင်းတွင် မည်သည့်ကျောင်းသူကျောင်းသားများ ပါဝင်ပတ်သက်ခဲ့ကြသည်ကို စစ်တပ်အတွင်းရှိ ရာထူးကြီး စစ်မှုထမ်း များစွာတို့က သိရှိခဲ့ကြသည်။ မြန်မာနိုင်ငံရှိ ပြည်သူပြည်သားများ လွတ်မြောက်ရေးနှင့် ဒီမိုကရေစီ စနစ် ပြန်အသက်သွင်းရေးတို့အတွက် ကျောင်းသူကျောင်းသားများက ရိုးသားဖြောင့်မှန်သော စစ်မှုထမ်းများ၏ ထောက်ခံမှုရယူရန် ကြိုးပမ်းနေခဲ့ခြင်းများနှင့် ပတ်သက်၍လည်း ၄င်းတို့က သိရှိခဲ့ကြသည်။

အချို့သော ရာထူးကြီး စစ်မှုထမ်းများသည် ကိုတင်မောင်ဦးကို ဆက်သွယ်ကာ ကိုတင်မောင်ဦး အပါအဝင် အခြားသော ကျောင်းသားခေါင်းဆောင်များနှင့်အတူ လျှို့ဝှက်ဆွေးနွေးပွဲ ပြုလုပ်ရန်အတွက် ၄င်းတို့၏ ကိုယ်စားလှယ်တစ်ဦးကို စေလွှတ်လိုက်သည်။ သခင်ကိုယ်တော်မှိုင်း ရာပြည့်ပွဲ အခမ်းအနား နေ့ရက်တွင် ချီတက်ဆန္ဒပြခြင်းသည် အရေးအခင်း နောက်တစ်ကြိမ် ဖြစ်လာနိုင်ရန်အတွက် အသင့်တော်ဆုံး အခွင့်အလမ်းဖြစ်သည်ဟု ထိုကိုယ်စားလှယ်က ကျောင်းသားများကို အကြံပြုခဲ့သည်။ ဗိုလ်ချုပ်ကြီးတင်ဦးအပေါ်သစ္စာရှိသော စစ်မှုထမ်းများစွာတို့ကနေဝင်း၏ လုပ်ရပ်အပေါ် အလွန်အမင်း စိတ်နာခဲ့ကြခြင်း ဖြစ်သည်။

စစ်တပ်ကိုယ်စားလှယ်က အဆိုပြုသော အစီအစဉ်မှာ ဆန္ဒပြပွဲဖြစ်လာသောအခါ ကျောင်းသားများက ဦးဆောင်ပြီး ဗိုလ်ချုပ်ကြီးတင်ဦးအား ပြန်လည်ခန့်ထားရေးအတွက် ကြွေးကြော်တောင်းဆိုကြရန်ဖြစ်သည်။ ထိုအခါ အဆင့်မြင့် စစ်အရာရှိကြီးများသည် စုပေါင်းပြီး တပ်မတော်အတွင်း၌ စစ်ရေးအရ အရေးယူဆောင်ရွက်သွားမည်။ ဤလုပ်ရပ်သည် စစ်တပ်ကို ထက်ခြမ်းကွဲသွားစေမည် ဖြစ်ပြီး ၄င်းတို့က ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကူအညီဖြင့် စစ်တပ် အတွင်းကို ထိန်းချုပ်ထားကာ နေဝင်း၏ ဘက်တော်သားများကို ခြေမှုန်း၍ ဗိုလ်ချုပ်ကြီးတင်ဦးကို ရာထူး ပြန်လည် ခန့်အပ်ထားမည်ဖြစ်ကြောင်း ကိုယ်စားလှယ်က ပြောသည်။ အကယ်၍သာ ထို၍ ထိုမျှ တိုတောင်းသော အချိန်ကာလ အတွင်းတွင် ဗိုလ်ကြီး အုန်းကျော်မြင့်၏ အကြံအစည်များ အောင်မြင်မည်ဆိုခဲ့ပါက ကိုတင်မောင်ဦး၏ အသက်ကို ကယ်တင်နိုင်ခဲ့မည် ဖြစ်ပြီး မြန်မာနိုင်ငံ သမိုင်းတစ်ခုလုံးပါ ပြောင်းလဲသွားခဲ့ပေမည်။ သို့သော်လည်း ထိုကဲ့သို့ ဖြစ်မလာခဲ့။ ဤသည်မှာ ကိုတင်မောင်ဦး၏ မဟာဗျူဟာ မှားယွင်းမှုကြောင့် မဟုတ်ဘဲ အာဏာရှင် စစ်အစိုးရ၏ စစ်ထောက်လှမ်းရေးက လက်ဦးမှု ရရှိသွားခဲ့ခြင်းကြောင့်သာ ဖြစ်သည်။

ဗိုလ်ချုပ်နေဝင်းဦးဆောင်သော စစ်အာဏာရှင်များသည် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တညီတညွတ်ထဲ လက်ခံအတည်ပြုကာ စစ်ဝတ်စုံများ ချွတ်ပြီး အရပ်သားဝတ်စုံများဖြင့် ကိုယ်ယောင်ဖျောက်နေခဲ့ကြသော်လည်း မြန်မာနိုင်ငံ တွင် အာဏာရှင် အုပ်ချုပ်ရေးစနစ် ဆက်လက် တည်မြဲနေသေးကြောင်းနှင့် အာဏာရှင်များကို ဖုံးကွယ်ထောက်မ ပေးနေသော နိုင်ငံရေးစနစ်အောက်တွင် စစ်မှန်သော ဒီမိုကရေစီကို မည်သည့်အခါမျှ ရရှိနိုင်မည် မဟုတ်ကြောင်းတို့ကို ကိုတင်မောင်ဦးက နားလည်သဘောပေါက်ခဲ့သည်။ ကိုတင်မောင်ဦး၏ ရပ်တည်ချက်များသည် ရှင်းလင်းပြတ်သားလှသည်။ အာဏာရှင်အုပ်ချုပ်မှု စနစ်ကို တနည်းတဖုံ သက်ဆိုးရှည်စေရန် ကူညီပံ့ပိုးပေးနေသူများဖြစ်ပါက စစ်တပ်အတွင်းရှိ အရာရှိများ အပါအဝင် မည်သည့် လူပုဂ္ဂိုလ်နှင့်မျှ ကိုတင်မောင်ဦးက ညှိနှိုင်းဆွေးနွေးခဲ့ခြင်း မရှိချေ။

ကိုတင်မောင်ဦးသည် အာဏာရှင်စနစ်ကို ဖြိုချရန်သဘောထားရှိသူများ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ် ရှိခဲ့သည်။ ထို့ကြောင့်လည်းသူက အဆိုပါသဘောထားရှိသော စစ်တပ်၏ ကိုယ်စားလှယ်များနှင့်ပင် ဆက်ဆံဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၌ စစ်မှန်သော ဒီမိုကရေစီ စနစ် ထွန်းကားနေမည်ဆိုလျှင် စစ်တပ်သည် ၄င်း လုပ်သင့်လုပ်ထိုက်သော တာဝန်ကို ထမ်းဆောင်နေရသည်။ ဆိုလိုသည်မှာ စစ်တပ်သည် ပြည်ပရန်များကို ကာကွယ်ရမည်။ သို့မှသာလျှင် စစ်တပ်အတွင်းရှိ စည်းလုံးညီညွတ်မှု ခိုင်မြဲလာပေမည်။ သို့သော်လည်း တိုင်းပြည် တည်ငြိမ်မှု ရရှိရေးအတွက် ဟူသောအကြောင်းပြချက်ဖြင့် မည်သည့် အခြေအနေ တွင် မဆို စစ်တပ်အတွင်း စည်းလုံးညီညွတ်မှု ရှိနေသင့်သည် ဟူသော အယူအဆကို ကိုတင်မောင်ဦးက လက်မခံခဲ့ချေ။ ပြည်သူလူထု၏ အခြေခံ လွတ်လပ်ခွင့်များ ကင်းမဲ့နေသော အခြေအနေတွင်

တိုင်းပြည်အတွင်းတွင် အပေါ်ယံ၌သာ တည်ငြိမ်မှု ရှိနေပေမည်။ ဤကဲ့သို့သော အခြေအနေတွင် စစ်တပ်အတွင်း စည်းလုံးညီညွတ်မှု ဆိုသည်မှာ အာဏာရှင်အုပ်ချုပ်ရေးစနစ် အမြစ်တွယ်စေရန်အတွက်သာ ဖြစ်လာပေလိမ့်မည်။ စစ်တပ်အတွင်း စည်းလုံးညီညွတ်မှု ရရှိနိုင်ရေးအတွက် ပြည်သူလူထု၏ လွတ်လပ်မှုများ စတေးရမည့် အဖြစ်မျိုးကို ကိုတင်မောင်ဦးက လုံးဝ သဘောမတူခဲ့။ ကိုတင်မောင်ဦး၏ မဟာဗျူဟာမှာ စစ်တပ်အတွင်းရှိ အမြင်မှန်ရနေသူများကို စည်းရုံးသိမ်းသွင်းပြီး ၎င်းတို့အနေဖြင့် ကျောင်းသူကျောင်းသားများ၊ အလုပ်သမားများနှင့် လက်တွဲစေနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကာ အာဏာရှင်စနစ်ကို အပြီးပိုင် ဖြုတ်ချခြင်းဖြင့် ဒီမိုကရေစီနိုင်ငံတော်တစ်ခု တည်ထောင်ရန် ဖြစ်သည်။

ကိုတင်မောင်ဦး၏ မဟာဗျူဟာသည် ယနေ့အချိန်ထိတိုင် အသုံးချရန် သင့်တော်နေဆဲဖြစ်သည်။ ဤမဟာဗျူဟာကို အသုံးချခြင်းဖြင့် တိုင်းပြည်ကို လမ်းမှန်ပေါ်ရောက်လာအောင် ပြုလုပ်နိုင်ပေမည်။ သမိုင်း တကြော့ပြန်လာသည့် အဖြစ်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော စစ်အာဏာရှင်များသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအကြပ် အတည်ပြုပြဋ္ဌာန်းလိုက်ပြီး စစ်ဝတ်စုံများကို ချွတ်ကာ အရပ်သားဝတ်စုံများဖြင့် ကိုယ်ယောင်ဖျောက် နေကြပြန်ခြင်း ဖြစ်သည်။ အာဏာရှင်စနစ်မှာလည်း ပို၍ပင် ခိုင်မာစွာ ဆက်လက် တည်မြဲနေသေးသည်။ အာဏာရှင်စနစ်ကို ဖုံးဖိထားသော (သို့မဟုတ်) အာဏာရှင်စနစ်ကို ပို၍ တရားဝင်ဖြစ်လာအောင် လုပ်ထားသော ယခုလက်ရှိ အခြေအနေမျိုးတွင် စစ်မှန်သော ဒီမိုကရေစီ ရရှိနိုင်ရန် လမ်းမမြင်ချေ။

လက်ရှိ မြန်မာနိုင်ငံတွင် သန်းရွှေ ဦးဆောင်သော အာဏာရှင်များသည် ၁၉၇၄ခုနှစ် ကာလများ၌ နေဝင်း ဖေါ်ဆောင်ခဲ့သော ပရိယာယ်မျိုးကိုပင် ပြန်လည်ကျင့်သုံးနေကြသည်။ ကိုတင်မောင်ဦးက ကြိုမြင်ထားခဲ့ သကဲ့သို့ပင် စစ်တပ်အတွင်း၌ အခြေအနေများ ပိုမိုဆိုးရွားလာနေသည်။ ထိပ်သီး စစ်အရာရှိကြီးများနှင့် အောက်ခြေ စစ်သားများ အကြား စီးပွားရေးဆိုင်ရာ ရပိုင်ခွင့် အခွင့်အလမ်းများ၏ ကွာဟမှုမှာ ပို၍ပင် သိသာထင်ရှားလာသည်။ စစ်အုပ်စုထိပ်သီးများက တိုင်းပြည် သယံဇာတ များ၏ အကျိုးအမြတ်များကို အများဆုံးရရှိခံစားနေကြသည့်အချိန်တွင် အောက်ခြေစစ်သားများမှာမူကား သာမန်အလုပ်သမား များကဲ့သို့ပင် ချွတ်ခြုံကျနေကြရသည်။ ၎င်း၏ အကျိုးရလာဒ်ကြောင့် စစ်တပ်အတွင်းတွင် အောက်ခြေစစ်သား များ၏ ဆန္ဒပြမှုများ များပြားလာပြီး အလယ်အလတ်အဆင့် စစ်အရာရှိ များစွာတို့ကလည်း စစ်သားများဘက်ကို ပါလာကြသည်။

ကိုတင်မောင်ဦး၏ ခေတ်ကာလကို ပြန်ကြည့်မည်ဆိုလျှင် စစ်မှုထမ်း အရာရှိများက မကျေမနပ် ဖြစ်ရသည့်အကြောင်း ရင်းမှာ ၎င်းတို့လေးစားရသော စစ်တပ် အကြီးအကဲ ဗိုလ်ချုပ်ကြီးတင်ဦး ရာထူးက ထုတ်ပယ်ခံခဲ့ရခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤအခြေအနေကို ပုဂ္ဂိုလ်ရေးနှင့် ပတ်သက်သည့် မကျေနပ်ချက်ဟု ပြော၍ရနိုင်ပေသည်။ ကိုတင်မောင်ဦး ကလည်း ဤသည်ကို အခွင့်ကောင်းယူကာ မကျေမနပ် ဖြစ်နေကြသော စစ်မှုထမ်း အရာရှိများနှင့် ပူးပေါင်း၍ အာဏာရှင် စနစ်ကို ဖြုတ်ချရန် ကြိုးပမ်းအားထုတ်ခဲ့ပေသည်။ ယနေ့ခေတ်ကာလတွင် အလယ်အလတ်အဆင့် စစ် အရာရှိကြီးများ အပါအဝင် အောက်ခြေ စစ်သားများ၏ မကျေနပ်ချက်များသည် ပုဂ္ဂိုလ်ရေးကြောင့် မဟုတ်ဘဲ တိုင်းပြည်၏ မူဝါဒများ၊ နိုင်ငံရေးခံယူချက် များနှင့် ပိုမို ဆက်နွယ်နေပေသည်။ ၂၀၁၁ခုနှစ် ဧပြီလတွင် ခြေမြန်တပ်ရင်း အမှတ် (၇၀၉)နှင့် (၇၁၀)တို့သည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စစ်မှုမထမ်းမနေရ ဥပဒေတို့ကို ပြင်ဆင်ရန် ၊ ၎င်းတို့၏ လူနေမှု အဆင့်အတန်းများ အားတိုးမြှင့်ပေးရန်၊ မြန်မာနိုင်ငံရှိ အခြေခံ ကျသော နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်၊ ပြည်သူလူထု၏ စစ်မှန်သော ထောက်ခံမှုကို ရယူကာ အစိုးရ ပြန်လည် ဖွဲ့စည်းပေးရန် စသည်တို့ အတွက် လက်ရှိအုပ်စိုးနေသော အာဏာရှင် အစိုးရထံ တောင်းဆိုခဲ့သည်။

၂၀၁၀ခုနှစ် အတုအယောင် ရွေးကောက်ပွဲများ အပြီးတွင် သမ္မတသိန်းစိန် ဦးဆောင်သော အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းလိုက်ပြီး ဖြစ်စေကာမူ စစ်တပ်အတွင်းတွင် အဆိုပါကဲ့သို့သော မကျေနပ်ချက်များ ထွက်ပေါ်လာရခြင်း၏ လက္ခဏာမှာ

အာဏာရှင်စနစ်အပေါ်တွင် စစ်မှုထမ်းများ၏ မကျေနပ်ချက်များ တိုးပွားလာနေသည် ဟူသောသဘောပင် ဖြစ်သည်။ ၄င်းမှာ စစ်တပ်အတွင်းရှိ စစ်သား မြောက်များစွာတို့သည် အာဏာရှင်အုပ်ချုပ်မှုကို သည်းမခံနိုင်တော့ဘဲ ပေါက်ထွက်တော့မည့် အနေအထားကို ပြဆိုနေသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ကိုတင်မောင်ဦး ကျဆုံးသွားခဲ့ပြီဖြစ်သည်။ ဤတွင် မည်သူက ကိုတင်မောင်ဦး၏ နည်းဗျူဟာကို ထိထိရောက်ရောက် လက်ခံကျင့်သုံးမည်နည်း ဆိုသည်က မေးစရာဖြစ်လာသည်။ အာရပ် နိုင်ငံများစွာတို့တွင် အာဏာရှင်အုပ်ချုပ်မှုစနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများ တဖြည်းဖြည်း အားကောင်းလာကြပြီဖြစ် သော်လည်း မြန်မာနိုင်ငံတွင် ယခုအချိန်၌ ဘာသံမှ ထွက်မလာသေးသည်မှာ ဝမ်းနည်းစရာပင်။ ကိုတင်မောင်ဦးကဲ့သို့ပင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံကြရန်နှင့် အများပြည်သူတို့၏ကောင်းကျိုးအတွက် အာဏာရှင် စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဖေါ်ဆောင် ကြရန် ကျောင်းသူကျောင်းသားများ၊ လူငယ်များကို ဦးဇော်ဝင်းက တိုက်တွန်းနှိုးဆော်သည်။

ကိုတင်မောင်ဦး၏ မဟာဗျူဟာကို လိုက်ပါဖေါ်ဆောင်ရန်အတွက် ရဲစွမ်းသတ္တိသာမကဘဲ ရှင်းလင်းပြတ်သားသော သဘောထား အမြင်နှင့် အစီအမံများ လိုအပ်ပေသည်။ ယခုလက်ရှိ မြန်မာနိုင်ငံတွင် သဘောထားအမြင် မပြတ်သားမှုများ ဖြစ်ပေါ်လျှက်ရှိသည်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးဟူသည့် အပေါ်တွင် အလေးထားလွန်းနေကြခြင်းကြောင့် ထိုကဲ့သို့ သဘောထားအမြင်များ မပြတ်သားကြခြင်းဖြစ်သည်။ အမျိုးသားပြန်လည် သင့်မြတ်ရေးကို ထပ်ခါတလဲလဲ ရွတ် ဆိုနေကြ သော်လည်း ထိုဝေါဟာရကို မည်သည့်နိုင်ငံရေးပါတီကမျှ ရှင်းလင်းပြတ်သားစွာ အဓိပ္ပါယ်ဖွင့်ဆိုခြင်း မရှိသေးချေ။ ပထမဆုံး အနေနှင့် ပြောရမည်ဆိုလျှင် အာဏာရှင် အုပ်ချုပ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဟူသော အရာနှစ်ခုသည် အတူ တကွ ယှဉ်တွဲနေနိုင်ခြင်း မရှိဟူသောအချက်ဖြစ်သည်။ ၄င်းတို့နှစ်ခုအနက်က တစ်ခုကို ကျင့်သုံးမည်ဆိုလျှင် အခြားတစ်ခုကို ပယ်ဖျက်ရပေမည်။ အာဏာရှင်စနစ် တည်မြဲနေသမျှကာလပတ်လုံး စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆိုသည် မှာ ဒဏ္ဍာရီ တစ်ပုဒ်ပင် ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် အာဏာရှင်စနစ်ကို ဦးစွာ ဖျက်သိမ်းရမည်။ သို့မှသာလျှင် အမျိုးသား ပြန်လည်သင့်မြတ်ရေး အပါအဝင် အခြားသော နိုင်ငံရေးရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို လျှောလျှောရှုရှု အကောင် အထည်ဖေါ်နိုင်မည် ဖြစ်သည်။ ဤသည်မှာ ကိုတင်မောင်ဦး၏ ရှင်းလင်းပြတ်သားသော လမ်းကြောင်းပင် ဖြစ်သည်။

ဒုတိယအချက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရွတ်ဆိုနေသော်လည်း ကြီးမားလှသော ပြစ်မှုကြီးပေါင်း များစွာ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးကို လျစ်လျူရှုထားပြီး ကျူးလွန်ရာ၌ တာဝန်ရှိသော အုပ်စိုးသူ စစ်အုပ်စုများနှင့် ဆက်ဆန်ဆွေးနွေးရေးကိုသာ အဓိက အာရုံထားနေသမျှကာလပတ်လုံး အပေါ်ယံ ဟန်ပြ အမျိုးသား သင့်မြတ်ရေးသာ ရနိုင်ပါမည်။ ပိုဆိုးသည်မှာကား ရာဇဝတ်ကောင်များသည် အကြွင်းမဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိခံစားနေ ကြကာ ပြစ်မှုများကိုလည်း ဆက်လက်၍ ထပ်ခါထပ်ခါ ကျူးလွန်နေကြဦးမည် ဆိုသည့်သဘောကို သက်ရောက် သွားခြင်းပင် ဖြစ်သည်။

ကိုတင်မောင်ဦးသည် သူ၏နောက်ဆုံးအချိန်အထိ ပြစ်မှုကျူးလွန် ခံရသူများဘက်က ရပ်တည်ကာ တရားမျှတမှု အတွက် တိုက်ပွဲဝင်ခဲ့သည်။ တတိယအချက်မှာ ၂၀ဝ၈ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ တရားဝင် အတည်ပြုထားသော အာဏာရှင် အုပ်ချုပ်မှုစနစ်ကို ပယ်ဖျက်ခြင်း မပြုလျှင် သော်လည်ကောင်း၊ လုံခြုံရေးတပ်ဖွဲ့များ အပါအဝင် ဖိနှိပ်တတ်သည့် သဘောရှိသော တိုင်းပြည် အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း မရှိလျှင် သော်လည်းကောင်း စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေးမှာ လက်တွေ့တွင် ဖြစ်လာမည် မဟုတ်ချေ။ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်၏ နောက်ကွယ်တွင် ကိုယ်ယောင်ဖျောက်နေသော စစ်အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို တရားဝင်ဖြစ်စေသည့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုတင်မောင်ဦးက လုံးဝ လက်မခံခဲ့သည့်အပြင် စစ်တပ်ကိုလည်း ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ကျောင်းသူကျောင်းသားများ၊ လူငယ်များ၊ အလုပ်သမားများနှင့် စစ်မှုထမ်းများ စသည့် အဓိကကျသော လူ့အလွှာများကို ပေါင်းစည်းစေခြင်းဖြင့် လူထုစွမ်းအား တစ်ရပ် ဖြစ်တည်လာစေသည့် ကိုတင်မောင်ဦး၏ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ မဟာဗျူ

ဟာ မှန်ကန်ကြောင်းကို အာရပ်နိုင်ငံများတွင် လက်ရှိဖြစ်ပွားနေသော လူထုတိုက်ပွဲများက ပြဆိုနေ ပေသည်။ ကိုတင်မောင်ဦးသည် အာဏာရှင်စနစ်ကို ဆန့်ကျင်ရာတွင် အာရပ်နိုင်ငံများရှိ လူငယ်များထက် (၃၅)နှစ် စောခဲ့သည်။ ကျောင်းသူကျောင်းသားများ၊ အလုပ်သမားများနှင့် ဂုဏ်သိက္ခာရှိသော စစ်မှုထမ်းများသည် ကိုတင်မောင်ဦး၏ လုပ်ရပ်များမှ သင်ခန်းစာယူနိုင်ကြပေသည်။ ၄င်းတို့ စုပေါင်းကာ စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြတ်သား သောသဘောထား အမြင်ကို ဖေါ်ထုတ်နိုင်မည်ဖြစ်ပြီး ကိုတင်မောင်ဦးကဲ့သို့သော ရဲရင့်သတ္တိနှင့် ပြည့်စုံသည့် ခေါင်းဆောင်များ ပေါ်ထွန်းလာရေး အတွက် အားပေးတိုက်တွန်းနိုင်ကြမည် ဖြစ်သည်။

## (၁၆)

## ငြိမ်းချမ်းမှုနှင့် တရားမျှတမှုအတွက် အဆက်မပြတ် တိုက်ပွဲဝင်ခြင်း

## အမျိုးသမီးငယ်တဦး၏ လှုံ့ဆော်နိုင်စွမ်းရည်

မှိုင်းရာပြည့် ဆန္ဒပြပွဲအတွက် ပြင်ဆင်မှု အမြင့်ဆုံးသို့ ရောက်နေချိန်တွင် ဆန္ဒပြချီတက်ပွဲ မစတင်မီ တရက်အလို ၁၉၇၆ ခုနှစ် မတ်လ (၂၂) ရက်နေ့နံက် ရှစ်နာရီ၌ မြန်မာ့အသံရေဒီယိုမှနေ၍ စိတ်မချမ်းမြေ့ဘွယ် သတင်းတခုကို ကြေငြာသွားခဲ့သည်။

"အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြားချက်အရ ကာကွယ်ရေးဌာနထောက်လှမ်းရေးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ အထူးသတင်းတပ်ဖွဲ့တို့ ပူးပေါင်းကာ ယနေ့နံက် ကိုးနာရီခွဲတွင် ကျောင်းသားခေါင်းဆောင် တင်မောင်ဦးကို ဖမ်းဆီးရမိခဲ့သည်။"

ကျောင်းသားများဦးဆောင်ရန် စီစဉ်ထားသည့် မှိုင်းရာပြည့် ချီတက်ပွဲ မတိုင်မီ ဖြစ်သည့် မတ်လ ၂၂ ရက် တနင်္လာနေ့နံက်ခင်းတွင် ဆလိုင်းတင်မောင်ဦးသည် စည်းရုံးခြင်း၊ ဆက်သွယ်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းများဖြင့် အလုပ်များလျှက်ရှိခဲ့သည်။ အခြားသော ကျောင်းသားခေါင်းဆောင်များနှင့် ဆက်သွယ်တိုင် ပင်ကာ အပြီးသတ် စီမံချက် အသေးစိပ်များ ချမှတ်နေခဲ့သည်။ သူနှင့် အခြားကျောင်းသားခေါင်းဆောင် အချို့ သည် သမိုင်းချည်မျှင် နှင့် အထည်စက်ရုံ အလုပ်သမားရိပ်သာ ဒုတိယထပ်ရှိ အခန်းတခန်းထဲတွင် ရှိနေခဲ့ကြ သည်။ သူကိုယ်တိုင်သည် ကြမ်းပြင်ပေါ်တွင် ထိုင်လျှက် အစီအစဉ်များ ရေးနေခဲ့သည်။ သူနှင့် မလှမ်းမကမ်း စက္ကူ အိတ်ထဲ၌ ကျည်ဆန် ခုနှစ်တောင့် နှင့် ကိုးမီလီမီတာ ပစ္စတို သေနတ် ရှိနေသည်။ ဦးသန့်အရေးအခင်းတွင် ပါဝင်ခဲ့ဘူးသော ကျောင်းသားတဦးသည် စစ်ထောက်လှမ်းရေး၏ သတင်းပေးဖြစ်နေခဲ့သည်။ သူသည် ကျောင်းသား ဆန္ဒပြသမား တဦးအနေဖြင့် ကျောင်းသားခေါင်းဆောင်များ၏ ယုံကြည်မှုကို ရခဲ့သည်။ ဆလိုင်း တင်မောင်ဦး နှင့်လည်း ပို၍ ရင်းနှီးလာခဲ့သည်။ မှိုင်းရာပြည့် ချီတက်ပွဲ စီမံချက်များနှင့် ဆလိုင်းတင်မောင်ဦး မည်သည့်နေရာ တတိုက်တွင် ရှိနေသည်ကို သူက စစ်ထောက်လှမ်းရေးအား သတင်းပေးခဲ့ပြီး ဖြစ်သည်။

နောက်ဆုံးတွင် စစ်ထောက်လှမ်းရေးသည် ဆလိုင်းတင်မောင်ဦးရှိနေသည့် နေရာ အတိအကျကို သတင်းရသွားခဲ့သည်။ ထိုနေရာတတိုက်ကို လျှို့ဝှက်စွာ ဝိုင်းရံထားခဲ့ပြီး ဖြစ်သည်။ သတင်းပေးကျောင်းသားက အခန်းထဲတွင် ရှိနေသော ဆလိုင်းတင်မောင်ဦး နှင့် အခြားသူများအား ပြောလိုက်သည်။

"သူငယ်ချင်း တို့။ ကျွန်တော်အပြင်ခဏထွက်မယ်။ စားစရာ သောက်စရာကလေးတွေ ဝယ်ပြီး ပြန်လာခဲ့မယ်။"

ထို့နောက် သူ တံခါးဖွင့်ပြီးအပြင်ထွက်သွားခဲ့သည်။ အပြင်ရောက်ရောက်ခြင်းမှာပင် ကြိုတင်သတ်မှတ် ထားသည့် သင်္ကေတ တခုကို ပြလိုက်ပြီး လှမ်းခေါ်လိုက်သည်။ စစ်ထောက်လှမ်းရေးများ ချက်ခြင်းရောက်လာပြီး သူ့နောက်မှ ကပ်ကာ အခန်းရှိရာသို့ဦးတည်သွားကြသည်။ ဆလိုင်းတင်မောင်ဦး အပါအဝင် ကျောင်းသားများ သည် အခန်းထဲရှိကြမ်းပြင်ပေါ်တွင် ထိုင်နေကြဆဲ ဖြစ်သော်လည်း သတိရှိကြသည်။ တဦးက ဂရုတစိုက်နှင့် တံခါး ကို ဖွင့်ကြည့်ရာ သူတို့မိတ်ဆွေကျောင်းသား ကိုသာ တွေ့ရ သဖြင့် စိတ်သက်သာသွားကြပြီး သူတို့အလုပ်ကို ဆက်လုပ်နေကြသည်။ သတင်းပေးကျောင်းသားက တံခါးကို ဖြတ်ကျော်၍ အခန်းတွင် ပြန်ဝင်လာခဲ့သည်။ သို့ ရာတွင် သတင်းပေးကျောင်းသားက အခန်းတံခါးကို ဂျက်မချဘဲ ထားခဲ့ကြောင်း မည်သူမျှ သတိမပြုခဲ့မိ။ စက္ကန့် ပိုင်းအတွင်းမှာပင် စစ်ထောက်လှမ်းရေးများ အခန်းတွင်း သို့တဟုန်ထိုး ဝင်ရောက်လာခဲ့ကြပြီး ချက်ခြင်းပင် ကို တင်မောင်ဦးကို ဝိုင်းရံကာ သေနတ်နှင့် ချိန်ထားလိုက်ကြ သည်။ ဆလိုင်းတင်မောင်ဦးသည် သူ၏

သေနတ်ရှိရာ သို့ လက်ရောက်ရန် အချိန်ပင် မရခဲ့ပါ။ စစ်ထောက်လှမ်းရေးများက သူ၏ သေနတ်ကို သိမ်းယူပြီးနောက် သူ့ကို ဖမ်းခဲ့ကြသည်။ စစ်ထောက်လှမ်းရေး များက သူ့ကိုဖမ်းရန် အခန်းအပြင်တွင် စောင့်နေကြောင်းသာ သိခဲ့မည် ဆိုလျှင် အဖမ်းမခံဘဲ သူ အသက်ဆုံးသည် အထိ ပြန်လည်တိုက်ခိုက်သွားမည်မှာ သေချာသည်။

မတ်လ ၂၂ ရက် တနင်္လာနေ့တွင် နေအိမ်၌ ဆလိုင်းတင်မောင်ဦး၏ ညီငယ် ညီမငယ်များသာ ရှိနေခဲ့ ကြသည်။ မိဘနှစ်ပါးအား ထောက်လှမ်းရေးများက ထိမ်းသိမ်းထားဆဲ ဖြစ်သောကြောင့်ပင်။ ၁၉၇၆ မတ်လ ၂၃ အင်္ဂါနေ့တွင် ဖေါ်ဆောင်ရန် စီစဉ်ထားသည့် မှိုင်းရာပြည့် ဆန္ဒပြပွဲတွင် ၄င်းဦးဆောင်မည်ဟူ၍ ကိုတင်မောင်ဦးက ပြောလိုက်ကြောင်း ပြီးခဲ့သည့်နေ့ ညနေခင်းတွင် စစ်ထောက်လှမ်းရေး၏ စစ်ဆေးမေးမြန်းခြင်းကို ခံပြီးနောက် ပြန်လာခဲ့သော မလှမြိုင်က သူမ၏ မောင်များနှင့် ညီမအား ပြောကြားထားခဲ့ပြီး ဖြစ်သည်။ ၄င်းတို့အားလုံး သည် မှိုင်းရာပြည့်နှင့် စပ်လျဉ်း၍ မည်သည့်သတင်းများ ထွက်ပေါ် လာဦးမည်နည်းဟု တွေးတောကာ ရေဒီယိုမှ သတင်းကို တနေ့လုံးစောင့်၍နားထောင်နေခဲ့ကြသည်။ ထိုနေ့၏ အချိန်များ ကုန်လာလေလေ စိုးရိမ်ပူပန်စိတ် တွေ များလာလေလေ ဖြစ်သည်။ ဆန္ဒပြပွဲ ဖြစ်ရန် နီးကပ်လာပြီ ဖြစ်ကြောင်း သိထား၍ပင်။ ဆန္ဒပြပွဲ မဖြစ်ခင် အစိုးရက လူထုတွေ အပေါ် ဖိနှိပ်ဖြိုခွဲမှာလား။ ကျောင်းသားတွေကို ကြိုတင်ပြီး ဖမ်းဆီးမှာလား။ မည်သူမျှ မပြောနိုင်ကြပါ။ ယင်းသို့ စောင်းဆိုင်းနေကြစဉ် သတင်းဆိုးထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သတင်းကြေငြာသူက ဆလိုင်းတင်မောင်ဦးအား ဖမ်းဆီးမိသည့် အချိန် နေရာ နှင့် မှိုင်းရာပြည့် အတွက် ကြိုတင်ပြင်ဆင်ထားသည့် စီမံချက်များ ရေးဆွဲထားသည့် စာရွက်စာတမ်းများကို သိမ်းဆည်းရမိခဲ့ ကြောင်း ဖြင့် ကြေငြာသွားခဲ့သည်။ သတင်းကို နားထောင်ပြီးနောက် ညီအစ်ကို မောင်နှမ များ အားလုံး သဲသန်စွာ ဝမ်းနည်း ပူဆွေးကြသည်။ ဖမ်းဆီးရမိပြီးနောက် သူတို့ ချစ်ခင်လေးစားလှစွာသော အကိုကြီးအား စစ်ဆေးမေးမြန်းစဉ် နှိပ်စက်ညှင်းပမ်းခံရလိမ့်မည် ဟူသော အတွေးက သူတို့နှလုံးသားကို နာကျင်စေခဲ့သည်။ အတူတကွ ထိုင်ပြီး ဖြစ်နိုင်ခြေများကို ပြောကြ၊ တိုင်ပင်ကြရင်း မျက်ရည်များ ကျကြသည်။

သူတို့ဘာလုပ်သင့်သနည်း။ မိဘနှစ်ပါးရော အကိုကြီးပါဖမ်းဆီးထိမ်းသိမ်းခံနေကြစဉ်တွင် အိမ်တွင်ကျန် ရစ်သူ ညီအစ်ကို မောင်နှမများ အားလုံး သူတို့ ဘာဆက်လုပ်သင့်သည်ကို စုပေါင်း တိုင်ပင်ခဲ့ကြသည်။ ဆုံးဖြတ်ချက် တခုခုချမှတ်ရန် အရေးအကြီးဆုံး အချိန်ပင်။ သူတို့ကိုယ်တိုင် ဘာတခုမှ အရေးယူ ဆောင်ရွက်ခြင်း မရှိဘဲ တခုခု အကောင်းဘက်သို့ ပြောင်းလဲသွားနိုင်သည့် အနေအထားကိုထိုင်စောင့်နေကြမည်လား။ ဤလမ်းကြောင်းကို ရွေးချယ်လျှင် အိမ်တွင် ကျန်ခဲ့သူ ညီအစ်ကို မောင်နှမများအားလုံး လုံခြုံမှုရှိကြမည်။ ဆက်လက် ဖမ်းဆီးခံရမည် မဟုတ်။ ဘေးအန္တရာယ်နှင့် ကြုံတွေ့မည် မဟုတ်။ ဖမ်းဆီးချုပ်နှောင်ခံနေရသူ မိဘနှစ်ပါးနှင့် အကိုကြီးတို့အတွက် အပြင်မှနေ၍ပင် ကူညီပံ့ပိုးပေး နိုင်မည်။ အကယ်၍သာ အကိုကြီး၏ ကြိုးပမ်းအားထုတ်ခဲ့မှုကို ပံ့ပိုးသည့် အနေဖြင့်သူတို့ ကိုယ်တိုင် တခုခုအရေးယူ ဆောင်ရွက်မှုပြုပါက စစ်အာဏာရှင်များသည် သူတို့ကိုလည်းဖမ်းဆီး၊ နှိပ်စက် ညှင်းပမ်းမည် မုချဖြစ်သည်။ ယင်းသို့သော အန္တရာယ်ကို သူတို့ ကောင်းစွာ ကြိုတင်သိမြင်ထားကြသည်။

သို့ရာတွင် မလှမြိုင်အနေဖြင့် မတူကွဲပြားစွာ တွေးမြင်သုံးသပ်ခဲ့သည်။ မှိုင်းရာပြည့်ဆန္ဒပြပွဲကြီးအတွင်း စီစဉ်ထားသည့်အတိုင်း တပ်မတော်သားများသည်လည်း ကျောင်းသားများ၊ အလုပ်သမားများ၊အခြေခံလူထုများ နှင့် ပူးပေါင်းလာမည် ဆိုပါက အာဏာရှင် အုပ်ချုပ်မှုကို ဖြိုချနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်သွား နိုင်ကြောင်း အကိုကြီး ဆလိုင်းတင်မောင်ဦး၏ ရှင်းပြထားချက်အပေါ် သူမက ယုံကြည်မှုရှိသည်။ အကယ်၍ ဤသို့ သာ အာဏာရှင် အုပ်ချုပ်မှုကို ဖြိုချနိုင်ပါက မိဘနှစ်ပါးနှင့် သူမ၏ အကိုကြီး အပါအဝင် နိုင်ငံရေး အကျဉ်းသား များအားလုံး လွတ်မြောက်လာစေရန် အတွက် အထောက်အပံ့ဖြစ်စေလိမ့်မည်ဟု သူမမျှော်လင့်သည်။ အကိုကြီး စတင်လျှောက်လှမ်းခဲ့ပြီး မပြီးဆုံးသေးသည့် လုပ်ငန်း

တာဝန်ကို ဆက်လက်ထမ်းဆောင်သွားရန် သူမက ဆုံးဖြတ်ချက် ချခဲ့သည်။ ဤမြော်မှန်းချက်ဖြင့် သူမသည် နိုးကြား တက်ကြွလာခဲ့သည်။ စစ်အာဏာရှင်များက သူမအပေါ် ခြိမ်းခြောက် အန္တရာယ် ပြုနိုင်မည့် အနေအထားအားလုံးကို ရင်ဆိုင် သွားရန် အသင့် ဖြစ်လာခဲ့သည်။

ညီအစ်ကို မောင်နှမများအားလုံး မျက်ရည်များကို သုတ်ကြပြီးနောက် မလှမြိုင်က စကား စတင်ပြောဆိုသည်။

"မနက်ဖြန် ဆန္ဒပြပွဲ က သိတ်ကို အရေးကြီးတယ်ရှင့်။ အကိုကြီး အဖမ်းခံရတဲ့ အတွက် ဆန္ဒပြပွဲ မဖြစ်မှာကို ကျမတော့ အရမ်း စိုးရိမ်တာဘဲ။ ဆန္ဒပြပွဲသာ အောင်မြင်လို့ စစ်အစိုးရပြုတ်ကျသွားခဲ့ရင် အဖမ်းခံ နေရတဲ့ ကျောင်းသားတွေနဲ့ အတူ ငါတို့ မိဘ နှစ်ပါးရော ကိုတင်မောင်ဦးပါ လွတ်လာမှာ သေချာတယ်"

သူမ၏ ဒုတိယ အကို ကိုမြဒင် နှင့် အခြားညီမငယ် မောင်ငယ်များအားလုံး အံ့အားသင့်သွားကြသည်။ ခိုင်မာသော ဆုံးဖြတ်ချက်ချပြီး ဖြစ်သည့် သူမ၏မျက်နှာကို ကြည့်ကြသည်။ အားလုံး ခဏတော့ ငြိမ်သက် သွား ကြပြီး သူမပြောသည့် အကြောင်းပြချက်ကို လိုက်စဉ်းစားနေခဲ့ကြသည်။ သူတို့ ၏ လုံခြုံမှု အတွက် စိုးရိမ်မှုရှိ ကြ မည့်အပေါ်သံသယ ရှိစရာမလိုပါ။ သို့ရာတွင် အကယ်၍ သူတို့ စွန့်စားပါက အကျိုးရှိနိုင်မည် ဆိုသည်ကိုလည်း နားလည် လက်ခံကြသည်။ မလှမြိုင်၏ ပိုင်းဖြတ်ချက်နှင့် စိတ်ထက်သန် ပြင်းပြမှုသည် တဖြေးဖြေးနှင့် အကိုနှင့် မောင်ငယ် ညီမငယ်များကို ကူးစက်သွားခဲ့သည်။ မလှမြိုင်၏ သုံးသပ်တင်ပြချက်ကို ပထမဆုံး ထောက်ခံသူမှာ မောင်ငယ် မောင်လှရွှေဖြစ်သည်။ သူက ဆရာကြီး သခင် ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေးလှုပ်ရှားမှုကို များစွာတန်ဘိုးထားသူ ဖြစ်သည်။ စီစဉ်ထားသော မှိုင်းရာပြည့်ဆန္ဒပြပွဲသည် သမိုင်းဝင်တခု ဖြစ်လိမ့်မည်ဟု သူယုံကြည်သည်။ ထို့နောက် မောင်လှရွှေက တုန့်ပြန်ပြောဆိုသည်။

"စီစဉ်ထားတဲ့မှိုင်းရာပြည့်ဆန္ဒပြပွဲဟာ အရေးကြီးတယ်လို့ ကျွန်တော်လဲသဘောတူတယ်။ နောက်ပြီးတော့ အကိုကြီး ကိုတင်မောင်ဦးရဲ့ ကြိုးပမ်းအားထုတ်မှုကို ကျွန်တော်တို့ထောက်ခံဘို့ လိုတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘာလုပ်ကြရင် ကောင်းမလဲ။"

သူ့ မေးခွန်းအပေါ် မလှမြိုင်က ခဏမျှ စဉ်းစားပြီးနောက်

"ငါတို့ အတူတူ နံက်ဖြန် မနက်စောစော တက္ကသိုလ်ကို သွားကြရင် မကောင်းဘူးလား။ အဲဒီ ရောက်သွားပြီးရင် ဆန္ဒပြပွဲကို စဘို့ ကျောင်းသားတွေကို ငါလှုံ့ဆော်ကြည့်မယ်။ "

ဒုတိယ အကို ကိုမြဒင်က မလှမြိုင်ကို မေးသည်။

"ပိုပိုရဲ့ ကျောင်းကို ဘယ်လိုလုပ်မလဲ။ စာမေးပွဲကြီးကလဲ နီးကပ်နေပြီ။"

ကိုမြဒင် ထိုကဲ့သို့ မေးရခြင်းမှာ ထိုစဉ်က မလှမြိုင်သည် အထက်တန်းကျောင်းတွင် ဆယ်တန်းတက်နေဆဲ ဖြစ်ပြီး စာမေးပွဲကြီး ဖြေရတော့မည့် ဆဲဆဲ ဖြစ်နေသောကြောင့်ပင်။ မလှမြိုင်က ပြန်ဖြေသည်။

"ကျမတော့ စာမေးပွဲကို ဂရုမစိုက်တော့ဘူး။ မနက်ဖြန် ကျမ သွားမယ်။ "

မလှမြိုင်၏ ယုံကြည်ချက် အပြည့်ဖြင့် ဖြေကြားသံကို ကြားရသောအခါ မောင်ဖြစ်သူ မောင်လှရွှေက

" ကျွန်တော် အမနဲ့ အတူ လိုက်သွားမယ်။ သူ့ ကို ဝိုင်းကူပြီး အကာအကွယ်လဲ ပေးရမယ်" ဟုပြောသည်။

ထိုအချိန်၌ မောင်သန့်ဇင်သည် ၁၃နှစ်သားသာရှိသေးသော်လည်း ထောက်လှမ်းရေးက စုံစမ်းစစ်ဆေးရန် ထိမ်းသိမ်းခဲ့စဉ်က နှိပ်စက်ညှင်းပမ်းမှုကို ခံခဲ့ရပြီး ဖြစ်သည်။ သူက သူ၏အမကြီး နှင့် အကိုများ၏ ဆွေးနွေးမှုများကို ငြိမ်သက်စွာ နားထောင်နေခဲ့သည်။ နိုင်ငံရေးကို တလုံးတပါဒမျှ သူနားမလည်သော်လည်း မိဘနှစ်ပါးနှင့် အကိုကြီးအား ဖမ်းဆီးထားသည်မှာ မတရားဟုသူသိသည်။ ထို့နောက် မလှမြိုင်၏ လှုံ့ဆော်မှုဖြင့် အခြားမောင် နှမသုံးဦး တို့သည်လည်း သဘောတူညီချက် ချနိုင်ခဲ့ကြသည်။ တဦး နှင့် တဦး ပို၍စည်းလုံးလာကြသည်။ သူတို့ အကိုကြီး၏ ဆန္ဒကိုထမြောက်အောင် ဖေါ်ဆောင်မည့် မလှမြိုင်နှင့် မောင်လှရွှေတို့၏ လုပ်ငန်းစဉ်အောင်မြင်စေရန် ပံ့ပိုးပေးသွားနိုင်ရေးအတွက် လက်တွဲခဲ့ကြသည်။ သူတို့ မိသားစု၏ သမိုင်းတွင် ဤအချိန်ကာလကလေးမှာ မှတ်တမ်းတင်ရမည့် သမယဖြစ်သည်။

သူတို့အိမ်အနီးတဝိုက်၌ ထောက်လှမ်းရေး၏စောင့်ကြည့်မှုမှာ အားကောင်းနေဆဲပင်။ မောင်လှရွှေမှာ ထိုစဉ်က ကိုးတန်း တက်နေဆဲ ဖြစ်သည်။ မလှမြိုင်နှင့် မောင်လှရွှေတို့ နောက်တနေ့ နံက် စောစောတွင် တက္ကသိုလ်သို့သွားရောက်ရန် ဆုံးဖြတ်ခဲ့သည်။ မောင်တဦးက မလှမြိုင်ကို ပြောသည်။

"တက္ကသိုလ်ဝင်းထဲရောက်ရင် မလှမြိုင်ရဲ့အသံကို ကျောင်းသားတွေကောင်းကောင်း မကြားမှာ စိုးရတယ်။ ဒါကို ယူသွားပြီး သုံးရင်ကောင်းမယ် ထင်တယ်။ "

သူက မလှမြိုင်ကို ဝီစီကလေး တခုပေးသည်။

မလှမြိုင်က ဝီစီကို သုံးရန် သဘောတူသည်။

"ကျမ ဒါကို သေသေချာချာ သုံးမယ်။ လူတွေရဲ့အာရုံစူးစိုက်မှုကို လိုတဲ့အခါ ဒီ ဝီစီကလေးကို အကျယ်ကြီး မှုတ်လိုက်မယ်။ ပြီးတော့ မှိုင်းရာပြည့် အထိမ်းအမှတ် ချီတက်ကြဘို့ လူတွေကို အားပေးမယ်။ လှုံ့ဆော် တိုက်တွန်းမယ်။ "

သူမ၏ မျက်နှာကလေးသည် တက်ကြွမှုဖြင့် နီရဲလျှက်ရှိသည်။

## မှိုင်းရာပြည့် ချီတက်ပွဲ

နောက်တနေ့ မတ်လ ၂၃ ရက် အင်္ဂါနေ့နံက် သုံးနာရီ ခွဲတွင် မောင်နှမ နှစ်ဦး အိပ်ယာက ထကြသည်။ တိတ်တိတ်ဆိတ်ဆိတ်နှင့် မြန်မြန်ဆန်ဆန် အိမ်မှထွက်ခဲ့ကြသည်။ ကိုတင်မောင်ဦးပေးပို့ခဲ့သည့်သတင်းကိုဘုရား ရှိခိုးကျောင်းသို့ယူလာကာ လျှို့ဝှက်စွာကမ်းပေးပြီး ကူညီခဲ့သည့် မိသားစု၏နေအိမ်သို့သူတို့ အတူသွားခဲ့ ကြသည်။ အဆိုပါ မိသားစုတွင်းရှိ သမီးနှစ်ဦးမှာတက္ကသိုလ်ကျောင်းတက်နေကြ ဆဲ။ သို့ဖြစ်၍ ဆလိုင်းတင်မောင်ဦး ကို ကောင်းမွန်စွာသိရှိထားကြပြီး သူနှင့်လည်းသူငယ်ချင်းများဖြစ်ကြသည်။ သူ အဖမ်းခံရသည့် သတင်းကို ကြား သိရသောအခါ သူတို့မိသားတစုလုံးမှာ လွန်စွာ စိတ်မကောင်း ဖြစ်ကြသည်။ ဆလိုင်းတင်မောင်ဦး၏ အိမ်တွင် ကျန်ရစ်သူ မောင်နှမများကို သူတို့က များစွာ ဂရုဏာသက်ကြသည်။ သို့ဖြင့် ထိုမိသားစုတွင်းရှိ တက္ကသိုလ် ကျောင်းသူ မိန်းခလေးနှစ်ဦးက တက္ကစီတစီးငှားကာ မလှမြိုင်တို့ မောင်နှမနှစ်ဦးကို တက္ကသိုလ်သို့ အရောက် လိုက်လံပို့ဆောင်ချပေးခဲ့ကြပြီး သူတို့ ကျောင်းတက်ရမည့် စာသင်ခန်းရှိရာသို့ဆက်လက် ထွက်ခွာသွားကြသည်။

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် မန္တလေးဆောင် အနီးသို့ နံက်ရှစ်နာရီခွဲခန့်တွင် သူတို့ ရောက်သွား ခဲ့ကြသည်။ ထိုနေရာအရောက်တွင် မောင်နှမနှစ်ဦး တဦးမျက်နှာတဦးကြည့်မိကြသည်။ အလွန်အရေးကြီး သော လုပ်ငန်းတာဝန်ကို

ထမ်းဆောင်ရတော့မည် ဖြစ်ကြောင်း သူတို့သိ သည်။ သူတို့နှစ်ဦး စိတ်တက်ကြွစွာဖြင့် ဒဂုံ ဆောင်ရှိရာသို့ချီတက်သွားကြသည်။ ယင်းမှာ ယောက်ျား ကလေးများ နေထိုင်ရာ အဆောင်။ မလှမြိုင် သည် အထက်တန်းကျောင်းသူကလေး မျှသာ ရှိသေးသဖြင့် နိုင်ငံရေးဆန္ဒပြပွဲတခုကို အစပြုဦးဆောင်ဘူးသည့် အတွေ့ အကြုံမရှိခဲ့။ သို့ရာတွင် သူမကိုယ်သူမ အားမာန်တင်းလိုက်သည်။ သူတို့နှစ်ဦး ဒဂုံဆောင် ဧည့်ခန်းသို့ဦးတည် သွားကြသည်။ ဧည့်ခန်းတွင် ဒါဇင်အချို့မျှသော ကျောင်းသားတို့ရှိနေကြသည်။ အများစုမှာ ၄င်း တို့၏ အခန်း များထဲ မှ ထွက်မလာကြသေး။ ကျောင်းသားများသည် ပုံမှန်ကျောင်းတက်ရန် အတွက် အသင့်ပြင် နေကြဆဲ။ မလှမြိုင်က သူမ၏ ဝီစီကလေးကို ထုတ်ပြီး ကျယ်လောင်စွာ မှုတ်လိုက်သည်။ စူးရှသော ဝီစီကလေး၏ အသံမှာ ဧည့်ခန်းထဲရှိ ကျောင်းသားတိုင်း၏ အာရုံကို ဆွဲယူလိုက်သည်။ ၄င်းတို့၏ အခန်းငယ်များ ထဲတွင် သာရှိနေသေး သော ကျောင်းသားအတော်များများသည်လည်း အခန်းထဲမှ ခေါင်းပြူထွက်၍ ကြည့်ကြသည်။ ဤတွင် မလှမြိုင်က စတင်ဟောပြောပါတော့သည်။

> " ဒီကနေ့ဟာ ကျမတို့အားလုံးအတွက် သိတ်ကို အရေးကြီးတဲ့ နေ့ဖြစ်ပါတယ်။ ဒီကနေ့ ဟာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ နှစ်တရာပြည့် မွေးနေ့ပါ။ သူဟာ ငြိမ်းချမ်းရေး နဲ့လွတ်လပ်မှု အတွက် ရပ်တည် စွမ်းဆောင်ခဲ့သူဖြစ်တယ်။ ဒီ နေ့ထူးနေ့မြတ်ပွဲကို ကျမတို့ကျင်းပတို့လိုပါတယ်။ ကျောင်းသားခေါင်းဆောင်တချို့မနေ့က အဖမ်းခံခဲ့ရပေမယ့် ဒီပွဲကို ဖြစ်အောင် ကျမတို့ အားလုံးဆက် လုပ်ကြဘို့ လိုပါတယ်။ ကျမတို့ ကျောင်းသားတွေဟာ တရားမျှတမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှုအတွက် တိုက်ပွဲဝင်ခဲ့တဲ့ အစဉ်အလာရှိတယ် ဆိုတာ အားလုံး အသိပါဘဲ။ ဒီ အစဉ်အလာကို ဆက်လက် ထိမ်း သိမ်းကြရပါမယ်။ "

တခါမျှ မမြင်ဘူးသော ကျောင်းသူကလေးတဦးက သူတို့ အဆောင်ရှိရာသို့ လာရောက်ပြီး နိုင်ငံရေး တရားစတင်ဟောလိုက်သောအခါ ဒဂုံဆောင်ရှိကျောင်းသားများသည် ပထမတော့ အံ့သြ မှင်သက်မိသွားခဲ့ကြ သလိုပင်။ ထို့နောက် အနီး တဝိုက် ရှိ ကျောင်းသားများသည် စိတ်အားတက်ကြွပျော်ရွှင်စွာဖြင့် လက်ခုပ်တီးပြီး ဩဘာပေးလိုက်ကြသည်။ ထိုခဏတွင် မလှမြိုင်သည် အကိုကြီး၏ခြေရာကို လုံးဝပင်နင်းခဲ့လိုက်ပြီ။ အမဖြစ်သူ၏ အစပြုမှုကို ထောက်ကူသည့် အနေဖြင့် မောင်လှရွှေက ငြိမ်းချမ်းရေးဖခင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် လူထုများ နှင့် ကျောင်းသားများ၏ ဂုဏ်ပြုမှုကို အဘယ်ကြောင့် ခံယူသင့်ကြောင်း၊ မှိုင်းရာပြည့် ချီတက်ပွဲသည် အဘယ်ကြောင့် အရေးကြီးကြောင်း ဖြည့်ဆောင်း ပြောကြားသည်။

ကျောင်းသားအတော်များများက စတင် အော်ဟစ်ထောက်ခံပြောဆိုလာကြပြီ။

"ဟေး ။ ဒီကနေ့တခုခုဖြစ်မယ်လို့ငါတို့ ကြားထားခဲ့ပြီးပြီ။ စ လုပ်ကြစို့လား။"

အချို့သော ကျောင်းသားများက စိတ်လှုပ်ရှားစွာဖြင့် မလှမြိုင်ကို အကြံပေးသည်။

"တောင်ငူဆောင်ကို သွားကြရအောင်။ အဲဒီမှာ ကျောင်းသားတွေ ပိုများတယ်။"

ကျောင်းသားများ၏ လိုလိုလားလား တုန့်ပြန်မှုများကို တွေ့မြင်ရသောအခါ မလှမြိုင်နှင့် မောင်လှရွှေ တို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရုံသာမက ငြိမ်းချမ်းမှုနှင့် တရားမျှတမှုအတွက် တိုက်ပွဲဝင်ရန် အသင့်ဖြစ် နေကြသော ၄င်းတို့ကို များစွာလေးစားမိသည်။ ဤသည်မှာ အိပ်မက်မဟုတ်။ အမှန်တကယ်ကို ဖြစ်ပွားနေပြီ ဟူသော အသိနှင့် အတူ မောင်နမ နှစ်ဦး၏ စိတ်ဓါတ်မှာ တိမ်ယံကြားသို့ရောက်သွားသည့်အလားပင်။ သို့နှင့် မောင်နမ နှစ်ဦးသည် ငါးဆယ်ခန့်မျှအရေအတွက်ရှိသည့် ကျောင်းသားများကိုဦးဆောင်ကာ တောင်ငူဆောင်သို့သွား ကြ သည်။ တောင်ငူဆောင်သို့ဦးတည်သွားရင်း လမ်းတွင် သူတို့အားလုံးက "လက်တွဲကြစို့။" "ချီတက်ကြစို့။" ဟူ၍ အော်ဟစ်သွားကြသည်။

တောင်ငူဆောင်သို့ နီးကပ်လာသောအခါ အဆောင်တံခါးဝတွင် လူလေးငါး ဦးခန့် ရပ်နေကြသည် ကို တွေ့ ရသည်။ သူတို့ သည် ကျောင်းသားများကဲ့သို့ ဝတ်ဆင် ထားသော်လည်း စစ်ထောက်လှမ်းရေးများ ဖြစ် ကြောင်း သိသာသည်။ ၄င်းတို့က မလှမြိုင်နားသို့ ချဉ်းကပ်လာပြီး "ဒီလောက်ဆို တော်လောက်ပြီ။ မင်း ပြန်ဘို့ သင့်ပြီ။" ဟု ပြောကြသည်။ ချက်ခြင်းပင် တက္ကသိုလ်ကျောင်းသားများသည် မလှမြိုင်ကို ဝန်းရံရပ်လိုက်ကြပြီး "မင်းတို့ ဘယ်ကကောင်တွေလဲ။ ဒီ မိန်းခလေးကို ထိရဲ ထိကြည့်စမ်း။ ပြဿနာတွေ့ သွားမယ်။" ဟု ကြိမ်းဝါးကြသည်။

ထို့နောက် စစ်ထောက်လှမ်းရေးများ နောက်ဆုတ်သွားကြပြီး တက္ကသိုလ်ဝင်း အတွင်း ဝင်ရောက်ကာ ပျောက်ကွယ် သွားကြသည်။ တောင်ငူဆောင်မှ ကျောင်းသားများသည်လည်း မလှမြိုင် နှင့် မောင်လှရွှေတို့ ဦးဆောင် ခေါ်လာသော ဒဂုံဆောင်မှ ကျောင်းသားများနှင့် ပေါင်းလိုက်ကြသည်။ ကျောင်းသားအုပ်ကြီးမှာ ဒါဇင် တချို့မှ ရာဂဏန်းတချို့ အထိ ကြီးထွားသွားသည်။ ၄င်းတို့ သည် မိန်းခလေးကျောင်းသူ အများစု နေထိုင်ရာ စီးပွားရေး တက္ကသိုလ် အဆောင်များရှိရာသို့ ချီတက်ကြသည်။

မလှမြိုင်သည် ထိုအချိန်က ကြက်သွေးရောင် ထမိန်ကလေးကို ဝတ်ဆင်ထားပြီး ကျောင်းသားအုပ်ကြီး၏ ထိပ်တွင် ရှိနေခဲ့သည်။ တဖြေးဖြေး လာရောက်ပေါင်းစည်းကြသော ကျောင်းသားများ၏ အရေအတွက် များ လာ သဖြင့် လူအုပ်မှာ ကြီးမားလာသည်။ သို့ရာတွင် ကျောင်းသား အမြောက်အများသည် အဆောင် များမှာပင် ရှိနေသေးပြီး အပေါ်ထပ် ၄င်းတို့၏ အခန်းပြူတင်းပေါက်များအနီးမတ်တပ်ရပ်ကာ အောက်တွင် ချီတက်လျှက် ရှိသော ကျောင်းသားထုကို လက်ခုပ်ဩဘာများ ပေးကာ အားပေးကြသည်။ လူအုပ်ထဲတွင် ရှိသော အချို့သော ကျောင်းသားများက မလှမြိုင်၏ နီရဲနေသော ထမိန်ကို လက်ညှိုးထိုးလျှက် အဆောင်တွင် ရှိနေဆဲ ဖြစ်သော ကျောင်းသားများအား အော်ဟစ်ပြောဆိုသည်။

"ဟေ့ကောင်တွေ။ ဒီကို ဆင်းလာပြီး ငါတို့နဲ့ လာပူးပေါင်းကြ။ ဘာလုပ်ဖို့ အဲဒီမှာ ဆက်ပြီး နေနေကြ တာလဲ။ ငါတို့နဲ့ အတူ ချီတက်ဖို့ သတ္တိမရှိတဲ့ ကျောင်းသားတွေ ဒီမိန်းခလေးရဲ့ ထမိန်ကို ဝတ်ထားသင့်တယ်။"

စီးပွားရေး အဆောင်ရှိရာသို့ ရောက်သွားသောအခါ သူတို့ ကျောင်းသား အုပ်ကြီးမှာ အရေအတွက် သုံးရာခန့်မျှ ရှိလာပေပြီ။ ထိုအချိန်မှာပင် ၄င်းတို့ အားလုံး အံ့ဩသွားလောက်သည့် ရှုခင်းကို တွေ့မြင်လိုက်ရသည်။ ယင်းမှာ ကျောင်းသား များကိုသယ်ဆောင်လာသော ဘတ်စ်ကားကြီးဆယ်စီးခန့် သည် စီးပွားရေး ဆောင် သို့ မောင်းဝင်လာခြင်းဖြစ်သည်။ ဤ ကျောင်းသားများသည် ရန်ကုန်စက်မှုတက္ကသိုလ်နှင့် သမိုင်းကျောင်း ဆောင် များမှ ဖြစ်ကြသည်။ ၄င်းတို့အား ကိုတင်အေးကြူ ကိုသန်းလင်း နှင့် ကိုဝင်းမြင့်တို့က ဦးဆောင်လာကြသည်။ ဘတ်စ်ကားများနှင့် ရောက်လာသောကျောင်းသားများကလည်း ရန်ကုန်ဝိဇ္ဇာ နှင့် သိပ္ပံတက္ကသိုလ်၌ ဆန္ဒပြနေသော ကျောင်းသားအုပ်ကြီးနှင့်အတူ မလှမြိုင်နှင့် မောင်လှရွှေတို့ အားတွေ့ မြင်လိုက်ရသောအခါ အံ့အားသင့် သွား ခဲ့ကြသည်။ ၄င်းတို့ ဤနေရာသို့ ရောက်လာခြင်းမှာ ရန်ကုန်ဝိဇ္ဇာ နှင့် သိပ္ပံတက္ကသိုလ် ကျောင်းသားများ အား မှိုင်းရာပြည့် အထိမ်းအမှတ်ဆန္ဒပြရန် လာရောက်စည်းရုံးကြခြင်းဖြစ်သည်။ သို့ရာတွင် ၄င်းတို့ ရောက် မလာမီ မှာပင် ဆန္ဒပြပွဲမှာ စတင်ဖြစ်ပွားနေခဲ့ပြီ။

ဘတ်စ်ကားရပ်ရပ်ခြင်းမှာပင် ကိုတင်အေးကြူ ကိုသန်းလင်းနှင့် ကိုဝင်းမြင့်တို့ ဆင်းလာကြပြီး မလှမြိုင် ထံသို့ တိုက်ရိုက်ဦးတည်ကာ လာရောက်မေးမြန်းကြသည်။

"ဒီမှာ ဘာဖြစ်နေကြတာလဲ။ မင်းတို့ အစီအစဉ်က ဘာလဲ။"

"သခင်ကိုယ်တော်မှိုင်း နှစ်တရာပြည့် အထိမ်းအမှတ်ချီတက်ကြဘို့၊ စစ်အာဏာရှင်အုပ်ချုပ်မှုကို ဆန့်ကျင်ဆန္ဒပြဘို့ ကျမတို့ ဒီနေရာမှာ လူစုနေကြ တာ။" ဟု မလှမြိုင်က ပြန်ဖြေသည်။

ကိုတင်အေးကြူက သူမကို လှိုက်လှိုက်လှဲလှဲ  လက်ဆွဲ နှုတ်ဆက်ရင်း "ငါတို့က စက်မှုတက္ကသိုလ် နဲ့ သမိုင်းဆောင်က ကျောင်းသားတွေဘဲ။ ငါတို့ ရည်မှန်းချက်ကလဲ မင်းတို့နဲ့ အတူတူဘဲ။ ဒီတော့ အတူတကွ ပေါင်းစည်းပြီး ချီတက်ကြရအောင်။" ဟု ပြောသည်။

ကိုတင်အေးကြူ ကိုသန်းလင်းနှင့် ကိုဝင်းမြင့်တို့ဦးဆောင်လာကြသည့် ကျောင်းသားအုပ်ကြီးမှာ ပိုမို ကောင်းမွန်စွာ ပြင်ဆင်လာကြသည်။ သူတို့ထံတွင် အလံများ၊ လက်ကိုင်စာတမ်းများ နှင့် သခင်ကိုယ်တော်မှိုင်း ပုံကို ရေးဆွဲထားသော ကားချပ်ကြီးတို့ပါရှိသည်။ ဤသို့ဖြင့် ကျောင်းသားအုပ်ကြီးနှစ်ခု တပေါင်းတစည်းထဲပေါင်း လိုက်ကြသည်။ အရေအတွက် အားဖြင့် တထောင်နီးပါးခန့်မျှ ရှိသွားခဲ့ပေပြီ။ ကိုတင်အေးကြူ အကြံပေးသည့်အတိုင်း ကျောင်းသားများသည် ငါးယောက် တတွဲ တန်းစီလိုက်ကြသည်။ အဓိပတိလမ်းမကြီး၏ တောင် ဘက်မှ နေ၍ ရန်ကုန်ဝိဇ္ဇာ နှင့် သိပ္ပံတက္ကသိုလ် ဝင်းကြီးကို ဖြတ်သန်းကာ ဝင်းထဲတွင်ရှိနေကြသော ကျောင်း သားများ အား ဆန္ဒပြပွဲတွင် ၄င်းတို့နှင့်အတူ ပူးပေါင်းကြရန် တိုက်တွန်းကြသည်။ "ငြိမ်းချမ်းရေး ရရှိရေး ဒို့ အရေး၊ ဒို့ အရေး။ ငြိမ်းချမ်းရေး ဖျက်ဆီးသူ ဒို့ရန်သူ ဒို့ရန်သူ။" ဟူ၍ ကြွေးကြော်သွားခဲ့ကြသည်။

တက္ကသိုလ်ဝင်း၏ အဓိက ဝင်ပေါက်ကြီးသို့ရောက်သောအခါ ညာဘက်သို့ကွေ့လိုက်ကြသည်။ တက္ကသိုလ်ရိပ်သာလမ်း၏ အနောက်ဘက်သို့ဦးတည်လျှက်ဆက်လက်ချီတက်ကြသည်။ ကြွေးကြော်သံများ ကိုလည်း ဆက်တိုင်သွားကြသည်။ တက္ကသိုလ် ရိပ်သာလမ်း ၏ ဘလော့ခ် တခုစာခန့်ကို ဖြတ်ကျော်လျှောက်သွားကြပြီး နောက် လှည်းတန်းလမ်းလေးခွဆုံသို့ ရောက်သွားခဲ့ကြသည်။ ဤနေရာတွင် တက္ကသိုလ်ရိပ်သာလမ်းနှင့် အဝေး ပြေးလမ်းမကြီးဖြစ်သောပြည်လမ်းတို့ဆုံကြသည်။ လှည်းတန်းလမ်းဆုံတဝိုက်တွင် ဈေးဆိုင်တန်းများနှင့်ဈေးသည် ဈေးဝယ်များ၊ လမ်းသွားလမ်းလာများ ရှိနေကာလူ စည်ကား လှသော နေရာဖြစ်သည်။

ဆန္ဒပြကျောင်းသား အုပ်ကြီးသည် လှည်းတန်းလမ်းဆုံ အရောက်တွင် ဘယ်ဘက်သို့ ချိုးကွေ့ လိုက်ကြသည်။ ပြည်လမ်း၏ တောင်ဘက်သို့ဦးတည်ကာ လျှောက်သွားကြသည်။ ပြည်လမ်းပေါ်သို့အရောက်တွင် ယဉ် သွားယဉ်လာများ ရပ်ဆိုင်းသွားခဲ့ပြီ။ ထောင်ပေါင်းများစွာသော လူထုကြီးသည် ပြေလမ်းဘေးသို့ထွက်လာကြပြီး ချီတက်နေသော ကျောင်းသားများကို လက်ခုပ်လက်ဝါးများ တီး၊ အော်ဟစ်၍ အားပေးကြသည်။ ကျောင်းသား များသည် ယခင်ဖိနှိပ်ဖြိုခွဲခံခဲ့ရမှုများအတွင်းမှ ယခုကဲ့သို့အားကောင်းကောင်းနှင့်ထွက်လာကြပြီး အာဏာရှင် နေဝင်းနှင့် သူ၏ စစ်အစိုးရကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ဆန္ဒပြမှုအား နောက်တဖန်တွေ့ရပြန်ခြင်းမှာ လူထုအတွက် ကြက်သီးမွေးညင်း ထစေခဲ့သည်။

ဆန္ဒပြချီတက်နေစဉ်အတွင်း မလှမြိုင်ကကျောင်းသားခေါင်းဆောင်များကို အကြံပေးခဲ့သည်။ "ကျမတို့ ကြွေးကြော်သံတွေ ထဲမှာ ဗိုလ်ချုပ်ကြီးတင်ဦး နဲ့ပတ်သက်ပြီးတော့ ထည့်ရင်ကောင်းမယ် ထင်တယ်ရှင့်။ ဗိုလ်ချုပ် ကြီးတင်ဦး၊ ဗိုလ်ချုပ်ကြီး တင်ဦးလို့တိုင်လိုက်ရင် ရာထူးပြန်ခန့်၊ ရာထူးပြန်ခန့် ဆိုတာရယ် နောက်တခါ ဗိုလ်ချုပ် ကြီးတင်ဦး လို့တိုင်လိုက်ရင် အသက် ရှည်ပါစေ ဆိုပြီးတော့ရယ်၊ ကြွေးကြော်ပေးကြဘို့ ပေါ့လေ။"

သူမက ဆက်လက်ရှင်းပြသည်။ "ဗိုလ်ချုပ်ကြီးတင်ဦး ကို နေဝင်းက တာဝန်ကနေ မတရားဖြုတ်လိုက်တာ အားလုံး အသိဘဲလေ။ အဲဒါကြောင့် တပ်မတော်သားထုတွေ အတွင်းမှာ မကြေမနပ်ဖြစ်နေကြတာ အများ ကြီးဘဲရှင့်။ ကျမတို့က ဒါကို အခွင့်ကောင်းယူသင့်တာပေါ့နော်။ ကျမတို့ အဲသလို ကြွေးကြော်ပြီး တောင်းဆို ပေးမယ်ဆိုရင် စစ်တပ်ရဲ့ထောက်ခံမှုကို ရကောင်းရနိုင်တယ်။ ကျမတို့နဲ့ ပူးပေါင်းခြင် ပူးပေါင်းလာနိုင်တယ်။"

ဤသည်မှာ အကိုကြီးဖြစ်သူ ဆလိုင်းတင်မောင်ဦးနှင့် နောက်ဆုံးတွေ့ခဲ့စဉ်က ၄င်း ရှင်းပြ ထားခဲ့သော တပ်တွင်း အခြေအနေများကိုရည်ညွှန်းလျှက် အကိုကြီး၏ လိုလားချက်အတိုင်း ပံ့ပိုးဖေါ်ဆောင်နိုင်ရန် မလှမြိုင်က ဆန္ဒပြကျောင်းသား များအား ယခုကဲ့သို့တိုက်တွန်းခြင်း ဖြစ်သည်။ သို့ဖြင့် ဆက်လက်ချီတက်ကြသောအခါ သူမ က "ဗိုလ်ချုပ် ကြီးတင်ဦး၊ ဗိုလ်ချုပ်ကြီး တင်ဦး" ဟူ၍ တိုင်လိုက်ရာတွင် အချို့ ထောက်ခံကြွေးကြော်ကြသော ကျောင်းသားများ ရှိသော်လည်း အများစုကျောင်းသားခေါင်းဆောင်များက သဘောမတူကြ။ ကိုတင်မောင်ဦး နှင့် သူမ ဆွေးနွေးထားချက်များကိုလည်း မသိရှိကြ။ စစ်တပ်ရေးရာကိစ္စများနှင့် စပ်လျှဉ်း၍ လုံးဝမပတ်သက်ခြင်သည့် သဘောထားများ ရှိကြသည်။ ၄င်းတို့တွင် စစ်အာဏာရှင် အုပ်စု တခုလုံးကို ဆန့်ကျင်လိုသည့် သဘောထား များ ရှိခဲ့ကြသည်။ သို့ဖြစ်၍ ဗိုလ်ချုပ်ကြီးတင်ဦး နှင့် ဆက်စပ်သော ကြွေးကြော်သံများမှာ တဖြေးဖြေး အားနည်း ပြီး နောက်ဆုံးတွင် ပျောက်ကွယ်သွားခဲ့သည်။

နှစ်မိုင်ခန့်မျှ ဆက်လက်ချီတက်သွားကြသောအခါ ဆန္ဒပြကျောင်းသားများသည် ပြည်လမ်းအနောက် ဘက်ခြမ်းတွင် ရှိနေသော မြန်မာ့အသံ ရေဒီယို အသံလွှင့်ရုံရှေ့သို့ရောက်သွားကြသည်။ ဤ အသံလွှင့်ရုံသည် အစိုးရ၏ ထိမ်းချုပ်မှု အောက်တွင် လုံးဝရှိနေသည်။ အဓိကအားဖြင့် နားဆင်များအကြားတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ဆိုင်ရာ သဘောတရား များ၊ ဆိုရှယ်လစ်အရောင်အသွေးလွှမ်းခြုံထားသော စစ်အစိုးရ၏ လုပ်ဆောင်ချက် များ တို့ကို ဝါဒဖြန့်ချီဂျန်ဖြစ်သည်။ လက်နက်များကို ကိုင်စွဲထားကြသည့် ရာနှင့်ချီသောစစ်သားများသည်အသံ လွှင့်ရုံအား ဝိုင်းရံစောင့်ကြပ်နေကြသည်။ ဆန္ဒပြ ကျောင်းသားများအား တမုဟုတ်ခြင်း ပစ်ခတ်ရန် အသင့်ဖြစ်နေ ကြသည်။ အသံလွှင့်ရုံဝင်းအတွင်းတွင်လည်း စစ်ထရပ်ကား များနှင့် စက်သေနတ်များတင်ထားသည့် စစ်ဂျစ်ကားများ ရှိနေကြသည်။ စစ်ပွဲကြီး တပွဲဆင်နွှဲရန် အသင့် နေရာယူထားကြ သကဲ့သို့ပင်။ စစ်ထောက်လှမ်းရေးများက အသံလွှင့်ရုံအပေါ်ထပ်မှနေ၍ ဆန္ဒပြ ကျောင်းသားများအား ဓါတ်ပုံများ ရိုက်ယူ နေကြသည်။

မလှမြိုင်နှင့် မောင်လှရွှေတို့သည် ဆန္ဒပြချီတက်နေသော လူအုပ်ကြီး၏ ထိပ် ရှေ့ဆုံးတန်းတွင် ရှိနေခဲ့ ကြသည်။ ထိုစဉ်က အခြေအနေကို ကိုလှရွှေက ပြန်ပြောင်းသတိရသည်။

"ကျွန်တော်က သခင်ကိုယ်တော်မှိုင်းရဲ့ဓါတ်ပုံကြီးကို ကိုင်ပြီးချီတက်နေတုံးမှာ အရှိန်က တကယ့်ကို တက်လာ နေခဲ့တယ်။ စစ်သားတွေကလည်း အသံလွှင့်ရုံဝင်းထဲကနေ တင်းတင်းမာမာ နဲ့ကြည့်နေကြတယ်။ကျွန် တော်တို့တွေ အားလုံး အချိန်မရွေးပစ်ခတ်ခံသွားရနိုင်တယ် ဗျ။"

စစ်သားများ၏ သေနတ်တွင် ချိတ်ထားသော လှံစွပ်များသည် တောက်ပသော နေရောင်ကို တုန့်ပြန်၍ တဖျတ်ဖျတ်လက်နေခဲ့သည်ကို မလှမြိုင်က သတိရဆဲဖြစ်သည်။ အဆိုပါ လှံစွပ်များ အထိုးခံရပြီးနောက် ကျဆုံးသွားခဲ့သော ကျောင်းသားများကို သတိရပြီး ချီတက်နေစဉ်အတွင်းမှာပင် ကိုလှရွှေစိတ်ထဲ၌ အေးကနဲ ဖြစ်သွားခဲ့သည်။ စစ်သားများသည် လှံစွပ်များအား ဆန္ဒပြကျောင်းသားများရှိရာဘက်ကို ဦးတည်ထားပြီးကျောက်ရုပ်မျက် နှာထားများဖြင့် ချီတက်နေကြသော ကျောင်းသားများကို ကြည့်နေကြသည်။

"တကယ်လို့သူတို့စပြီး ပစ်ခတ်လာရင် မမနဲ့ကျွန်တော်တို့ လမ်းမကြီးဘယ်ဘက်ခြမ်းမှာ ရှိတဲ့ ရေမြောင်းကြီးထဲကို ခုန်ဆင်းကြမယ်။" ဟု မောင်လှရွှေက သူ့အမအား ကြိုတင်ပြောထားခဲ့သည်။

မောင်လှရွှေရည်ညွှန်းသော ရေမြောင်းကြီးမှာ အဝေးပြေးလမ်းမကြီး၏ အရှေ့ဘက်ခြမ်း လမ်းဘေးကပ် ရက်တွင်ရှိပြီး လေးပေ ငါးပေခန့်အနက်ရှိသည်။

"အဲဒီတုံးက ကျွန်တော်က ကိုးတန်းကျောင်းသားလေးဘဲ ရှိသေးတယ်ဗျ။ ဆန္ဒပြတက္ကသိုလ် ကျောင်း သား တထောင်ကျော်လောက်ရဲ့ ရှေ့ဆုံးတန်းကနေ ဦးဆောင်ချီတက်ခဲ့ရတာ ဘယ်လို ဝမ်းမြောက်ကြေနပ်မိမှန်း ပြောမပြနိုင်အောင် ပါဘဲဗျာ။ အဲသည်တုံးက တက္ကသိုလ်ကျောင်းသားတွေက ကျွန်တော့် အမနဲ့ ကျွန်တော်တို့ နှစ်ဦးလုံးဟာ ဆလိုင်း တင်မောင်ဦးရဲ့ ညီမနဲ့ ညီတွေ ဖြစ်ကြတယ်ဆိုတာကို မသိခဲ့ကြဘူးလေ။ ကျွန်တော်တို့လဲ သူတို့လိုဘဲ တက္ကသိုလ် ကျောင်းသားတွေလို့ ထင်ထားခဲ့ကြတာကိုးဗျ။ အဲသည်တုံးက သတ္တိရှိရှိနဲ့ချီတက် သွားခဲ့ကြတဲ့ တက္ကသိုလ်ကျောင်းသားတွေကို ကျွန်တော်သိတ်ကို လေးစား တန်ဘိုးထားမိပါရဲ့ဗျာ။ စစ်သားတွေ နဲ့ ပြဿနာမဖြစ်အောင် ရှောင်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ဘဲ ချီတက်သွားနိုင်ခဲ့ကြတယ်လေ။"

အသံလွှင့်ရုံကို ဖြတ်ကျော်ပြီးနောက်တွင် ကျောင်းသားများသည် ဟံသာဝတီ အဝိုင်းရှိရာသို့ရောက် သွားခဲ့ကြသည်။ ထိုနေရာအရောက်တွင် ပြည်လမ်းမကြီးအတိုင်း ဆက်မသွားနိုင်တော့ပါ။ တင့်ကားများနှင့် စစ် သားများသည် လမ်းကိုပိတ်ဆို့ ၍ရပ်နေကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့်ကျောင်းသားများသည် ဦးဝိစာရ လမ်းကို ပြောင်းလဲလျှောက်လှမ်းကြသည်။ ထောင်ပေါင်းများစွာလူထုများသည် လမ်းဘေး တွင် တန်းစီရပ်နေကြ ပြီး အော်ဟစ် လက်ခုပ်များတီးကာ ကျောင်းသားများကို အားပေးကြသည်။ ဆန္ဒပြကျောင်း သားများသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား သတိရကြရန်၊ ဂုဏ်ပြုကြရန် နှင့် ငြိမ်းချမ်းရေးအတွက် ပံ့ပိုးကြရန် ကြွေး ကြော်သံများ တိုင်ရင်း ဆက်လက်ချီတက်ကြသည်။

စုစုပေါင်း သုံးမိုင်ခွဲခန့် လျှောက်သွားကြပြီးနောက် နောက်ဆုံးတွင် ဦးဝိစာရလမ်းနှင့် ဦးထောင်ဘို လမ်းဆုံသို့ ရောက်သွားခဲ့ကြသည်။ သခင်ကိုယ်တော်မှိုင်းနှင့် ဦးသန့်တို့အား မြှုပ်နှံထားရာ ကန်တော်မင်ပန်းခြံသည် ယင်း လမ်းဆုံ၏ အခြားဘက်တွင် ရှိနေသည်။ ဆန္ဒပြ ကျောင်းသားများသည် လမ်းဆုံကို ဖြတ်၍ ပန်းခြံအတွင်း ဝင်ရောက်လာခဲ့ကြသည်။ သခင် ကိုယ်တော်မှိုင်းဂူဗိမာန် သို့ ရောက်သောအခါ ရပ်တန့်ကြပြီး ဆရာကြီးအား ဂါရဝ ပြုကြသည်။ ထုတ်ပြန်ကြေငြာချက် အမြောက်အများနှင့် ၄င်းအား ဂုဏ်ပြုစပ်ဆိုထားသော ကဗျာအချို့အား ဖတ်ကြားကာ ဂုဏ်ပြုကြသည်။ ပန်းခြံကြီး တခုလုံးမှာ ကျောင်းသားများနှင့် ပြည့်လျှမ်းနေပြီး အချို့တို့မှာ အပြင်ဘက်လမ်းမပေါ်တွင်ရပ်ကြရသည်။ အစီအစဉ်အရဆိုလျှင် ဆန္ဒပြကျောင်းသားများသည်သခင်ကိုယ်တော် မှိုင်းအား ငြိမ်းချမ်းစွာဂါရဝ ပြုကြပြီးနောက် ရန်ကုန်ဝိဇ္ဇာ နှင့် သိပ္ပံတက္ကသိုလ် သို့ပြန်ကာ ၄င်းတို့၏ ဆန္ဒ ပြမှုကို အဆုံးသတ်ရန် ဖြစ်သည်။

## လွတ်လပ်မှုအတွက် ချီတက်ရန် လူစုကြခြင်း

မလှမြိုင်မိန့်ခွန်းပြောနေစဉ် စစ်ဂျစ်ကားတစီးသည် လမ်းပေါ်တွင်ရပ်နေသောကျောင်းသားများရှိရာသို့ ဦးတည်ပြီး ခပ်ကြမ်းကြမ်းမောင်းနှင်လာခဲ့သည်။ ကျောင်းသားများ အနီးသို့ ရောက်သောအခါ ရုတ်တရက်လမ်းကြောင်းကို ပြောင်းလိုက် သည်။ ဘရိတ်ကို အသံတကျိုကျို မြည်သည်အထိ အုပ်၊ ဟွန်းကို လည်း ကျယ်လောင် စွာတီးသည်။ ကားပေါ်တွင် ပါလာသော စစ်သားများက ကျောင်းသားများအား ဆဲဆိုအော်ဟစ်ကာ မောင်းထွက် သွားကြသည်။ ကျောင်းသားများအား တိုက်မိခါနီးဆဲဆဲပင်။ ကံကောင်းထောက်မ၍ မည်သူတဦးတယောက်မျှ ထိခိုက်ဒဏ်ရာရခဲ့ခြင်း မရှိပါ။ ကျောင်းသားအားလုံး သည် စစ်သားများ၏ စော်ကားမော်ကား အပြုအမူကြောင့် များစွာ စိတ်မကောင်းဖြစ်ခဲ့ကြသည်။ ဤသည်နှင့် ဆက်စပ်၍ စစ်အစိုးရသည် ကျောင်းသားသမဂ္ဂ ဖွဲ့စည်းခွင့်ကို ငြင်းပယ်ခြင်း အပါအဝင် ကျောင်းသားများ၏အခွင့်အရေးကို မည်သို့ အလေးထားမှုကင်းမဲ့ကြောင်းကျောင်းသား များ အတွင်း စတင် ပြောဆိုလာကြသည်။ ကျောင်းသားများ၏ အခွင့်အရေးကို ကာကွယ်တောင်းဆိုနိုင်ရန် ကျောင်းသားသမဂ္ဂတရပ် ဖွဲ့စည်းတည်ရှိဘို့ လိုအပ်ကြောင်း ကျောင်းသားများ သဘောတူညီ ကြသည်။ ဤသို့ဖြင့် ကျောင်းသားသမဂ္ဂ ဖွဲ့စည်းနိုင်ရေးကို ဆန္ဒပြတောင်းဆိုကြရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက်တွင် ကြွေးကြော်သံများ စတင် တိုင်ကြပြန်သည်။ သည်တကြိမ်တွင်မူ ကြွေးကြော်သံ ၏ တောင်းဆိုချက် ပြောင်းသွားခဲ့ပြီ။ "ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး၊ ဒို့အရေး ဒို့အရေး" "ဖမ်းဆီးခံ ကျောင်းသားများ၊ လွှတ် လွှတ်" "ကျောင်းသား နှင့် အလုပ်သမားများ၊ သွေးစည်းကြ သွေးစည်းကြ" "အရေးတော်ပုံ အောင်ရမည်" စသည်တို့ဖြစ်သည်။

ကျောင်းသားများသည် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ဂါရဝ ပြုကြပြီးနောက် အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးလိုက်ကြသည်။ သို့ရာတွင် ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့် နှင့် ကျောင်းသားအခွင့်အရေး များ ရသည်အထိ ဆန္ဒပြမှုကို ဆက်လက် ဖေါ်ဆောင်သွားဂုန် နှင့် နိုင်ငံရေး အကျဉ်းသားများအားလွှတ်ပေးရေး အတွက် အစိုးရကို တောင်းဆိုသွားရန် ပိုင်းဖြတ်ချက် ချကြသည်။ တက္ကသိုလ်ဝင်းသို့အပြန်လမ်းတွင် ကျောင်း သားများအား ထောက်ခံအားပေးကြသော လူထုဦးရေမှာ ပို၍များလာသည်။ နောက်ဆုံးတွင် မွန်းလွဲပိုင်း၌ တက္က သိုလ်ကျောင်းဝင်းသို့ပြန်လည်ဆိုက်ရောက်ခဲ့ကြပြီး ဘွဲ့နှင်းသဘင်ခန်းမ သို့ဦးတည်သွားခဲ့ကြသည်။ ခန်းမ သို့ အဝင် တံခါးကြီးများကို သော့ခတ်ပိတ်ထားပြီး ဆရာများက တံခါးကို ပိတ်ဆို့လျှက်ရပ်နေခဲ့ကြသည်။ ကျောင်းသားများအား ခန်းမထဲသို့ဝင်ခွင့်မပေးဘို့အစိုးရက ၄င်းတို့အား အမိန့် ပေးထားကြောင်း နှင့် ဆန္ဒပြပွဲကို ရပ် ဆိုင်းလိုက်ရန် ဆရာများက တိုက်တွန်းသည်။ ဆရာများနှင့် ကျောင်းသားများ၏ အပြန်အလှန် ဆွေးနွေးမှုမှာ အချိန်အတော်ကြာသွားသော်လည်း မအောင်မြင်ခဲ့ပါ။ နောက်ဆုံးတွင် ကျောင်းသားများက အောက်ပါအတိုင်း ပြောဆိုခဲ့ကြသည်။

"ဒါဟာ ကျွန်တော်တို့ ကျောင်းသားတွေနဲ့ ဆရာတို့ အကြားက ပြဿနာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကို သင်ကြား ပြသပေးတဲ့အတွက်ရော ဂရုစိုက်မှုပြုကြတဲ့ အတွက်ပါ ဆရာတို့ကျေးဇူးကို မမေ့ပါဘူး။ ဘွဲ့နှင်းသဘင်ခန်းမနဲ့ကျွန်တော်တို့ အကြားမှာ ဝင်ရပ်ပေးထားကြဘို့ အစိုးရက ဆရာတို့ကို အတင်းအကြပ်ပြုထား တယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ သည်တော့ လေးလေးစားစား နဲ့ ကျွန်တော်တို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့ ဆရာတို့ကို အချိန် ၁၅ မိနစ်ပေးပါမယ်။ ၁၅ မိနစ်ပြည့်ပြီးတဲ့နောက်မှာ ဆရာတို့ဘာဖြစ်မယ် ဆိုတာကို ကျွန်တော်တို့ တာဝန်မယူနိုင်တော့ပါဘူး။"

ထို့နောက်တွင် ဆရာတွေ ဖယ်ရှားသွားကြသည်။ ကျောင်းသားများ သမိုင်းဝင် ဘွဲ့နှင်းသဘင် ခန်းမကြီး အတွင်းသို့ ဝင်ရောက်ပြီး ဆန္ဒပြ ဗဟိုဌာနအဖြစ် အသုံးပြုကြသည်။ ကိုလိုနီခေတ်ကထဲက စတင်ကာ ကျောင်းသားများ ရှေ့တန်းထွက် တိုက်ပွဲဝင်ကြသည့် အခါတိုင်း ဘွဲ့နှင်းသဘင်ခန်းမကို ဆန္ဒပြဗဟိုဌာန အဖြစ် အသုံးပြုခဲ့ကြသည်။ မကြာသေးခင်က ဖြစ်ပွားခဲ့သည့် ဦးသန့်အရေးအခင်းမှာ သာဓကပင်။ ဘွဲ့နှင်းသဘင်ခန်းမ ကို သိမ်းပိုက်ပြီးပြီးခြင်းမှာပင် ကျောင်းသားများသည် လျှင်လျှင်မြန်မြန် စတင်လှုပ်ရှားကြသည်။ လက်ကမ်းကြော် ငြာများ ရိုက်နှိပ်ထုတ်ဝေကြသည်။ ဘွဲ့နှင်းသဘင်ခန်းမ အဝင်ဝတွင် စုဝေးရောက်ရှိနေကြပြီဖြစ်သော လူထုကြီးအား မိန့်ခွန်းများစတင်ပြောကြားသည်။ အရေးအတွက်အားဖြင့် တထောင်ကျော်ခန့် မျှရှိသော လူထုကြီးသည် ကျောင်းသားများ၏ မိန့်ခွန်းများကို နားထောင်ရန် ထိုင်နေကြပြီ ဖြစ်သည်။ ကျောင်းသား အတော်များများက သူတို့၏ မိသားစုများအတွင်း ဘာတွေ ဖြစ်ပျက်နေ သည်ကို ရင်ဖွင့်ပြောကြားကြသည်။

အိမ်တွင်မူ ပိုလီယိုကြောင့် လမ်းဝေးဝေး မလျှောက်နိုင်သည့် ဒုတိယ အကိုအကြီးဆုံးဖြစ်သူ ကိုမြဒင် သည် မလှမြိုင်နှင့် ကိုလှရွှေတို့ထွက်သွားပြီးနောက် ဘာတွေဖြစ်ပျက်နေသည်ကို မသိသဖြင့် များစွာ စိုးရိမ်ပူပန် လျှက်ရှိသည်။ သူက မောင်သန့်ဇင်အား စက်ဘီးတစီးနှင့် တက္ကသိုလ်သို့ သွားပြီး ကြည့်ရှုရန် ခိုင်းလိုက်သည်။ မောင်သန့်ဇင် တက္ကသိုလ်သို့အချိန်မီရောက်သွားခဲ့သည်။ ထိုအချိန်တွင် မလှမြိုင်က လူထုကြီး နိုးကြားလာစေ မည့်မိန့်ခွန်းများအား တက်ကြွစွာပြောကြားလျှက်ရှိနေသည်။ မောင်သန့်ဇင်သည် စိတ်လှုပ်ရှားစွာဖြင့် ကိုမြဒင် ဆီသို့ ပြန်သတင်းပို့ရာ ကိုမြဒင် ကိုယ်တိုင် တက္ကသိုလ်ဝင်းထဲသို့ လိုက်လာပြီးကြည့်ရှုလေ့လာသည်။ကျောင်းသားများ အသံဝင်မသွားကြစေရေး အတွက် မိုက်ကရိုဖုန်းနှင့်အသံချဲ့စက်များ သုံးကြဘို့ သူကကျောင်းသားများအား အကြံပေးသည်။

ပြီးခဲ့သည့် ရက်သတ္တပတ် တပတ်ခန့် ကာလအတွင်းမှစ၍ မိဘနှစ်ပါး အဖမ်းခံရ၊ ထို့နောက် အကိုကြီး ဆလိုင်း တင်မောင်ဦး အဖမ်းခံရ စသည်တို့ကြောင့် မလှမြိုင်သည် စိတ်ဖိစီးပြီး အိပ်ရေးများ ပျက်ခဲ့ရသည်။ ယခု သူမကိုယ်တိုင် မှာလည်း အရေးအခင်း၌ ပါဝင်လှုပ်ရှားလာရသဖြင့် စိတ်ရောလူပါ များစွာပင်ပန်းနွမ်းနယ်လျက် ရှိနေခဲ့ပြီ။ သို့ရာတွင် အားတင်းပြီး လူထု စိတ်ဓါတ်တက်ကြွလာစေမည့် မိန့်ခွန်းများ ဆက်လက်ပြောကြားခဲ့သည်။

မိန့်ခွန်းပြောနေစဉ်အတွင်း တွေ့ကြုံခဲ့သည့် ဖြစ်ရပ်ကလေးတခုကို သူမ မည်သည့်အခါမျှ မေ့နိုင်မည် မဟုတ်ပါ။ သူမ မိန့်ခွန်းပြောကြား အပြီးတွင် မိခင်အိုတဦး သူမထံ ချဉ်းကပ်လာခဲ့သည်။ အဆိုပါ အမျိုးသမီးကြီးမှာ များစွာပူပန် သောက ရောက်နေပုံရသည်။ သူမကမလှမြိုင်အား "သမီးရယ်၊ ကျောင်းသားတွေက အစိုးရကို ဆန့်ကျင်ပြီး ဆန္ဒပြနေကြတယ် ဆိုတာကို ကြားရလို့ အမေ ဒီကိုရောက်လာတာပါ။ အမေ့သားဟာ ပြီးခဲ့တဲ့ ကျောင်းသားဆန္ဒပြပွဲမှာ ပါဝင်ခဲ့သူပါ။ သူ့ကို စစ်သားတွေက သေနတ်နဲ့ ပစ်ခဲ့ကြတယ် လို့ အမေ သတင်းရခဲ့ တယ်လေ။ သူ အိမ်ကို ပြန်မလာတော့ဘူး ကွဲ့။ အမေ့ သား ဘယ်မှာ ရောက်နေပြီလဲ ဆိုတာ အမေမသိရပါ ဘူးကွယ်။ အစိုးရဌာနတွေကို သွားပြီး အမေ မေးမြန်းစုံစမ်းပါသေးရဲ့။ ဘယ်သူကမှ အမေ့ကို အရေးလုပ်ပြီး မဖြေကြပါဘူး သမီးလေးရယ်။ သမီးတို့ကျောင်းသားတွေက တဆိတ်လောက် ကျေးဇူးပြုပြီး အမေ့ကိုယ်စား အစိုးရကို မေတ္တာရပ်ခံပေးပါနော်။ အမေ့သား ဘယ်မှာ ရှိနေတယ် ဆိုတဲ့ သတင်းလေးရရင် ကြေနပ်ပါပြီကွယ်။"

မလှမြိုင်က သူမတတ်နိုင်သလောက် မိခင်အိုကြီးအား နှစ်သိမ့်မှုပေးခဲ့သည်။ "ကျမတို့အမေ့အတွက် သေသေချာချာကို တောင်းဆိုပေးမယ် အမေ။ တကယ်တော့ ထိမ်းသိမ်းခံထားရတဲ့ ကျောင်းသားတွေနဲ့ နိုင်ငံရေး အကျဉ်းသားတွေ အားလုံးကိုလွှတ်ပေးဘို့ကျမတို့က အစိုးရကိုတောင်းဆိုနေကြတာဘဲရှင့်။" သူမ၏ ရှင်းပြချက်ကို ကြား လိုက်ရသောအခါ မိခင်အိုကြီး၏ မျက်နှာတွင် သောက တစုံတရာ လျော့ပါးသွားပုံရသည်။

ကျောင်းသားများသည် ဘွဲ့နှင်းသဘင်ခန်းမအတွင်းတွင် လက်ကမ်း ကြော်ငြာများဖြန့်ဝေနိုင်ရန် လက်နှိပ်စက် ရိုက်ကြ၊ ကူးကြနှင့် အင်တိုက်အားတိုက် လုပ်ဆောင်လျှက်ရှိကြသည်။ လိုအပ်သော လက်ကမ်းကြော်ငြာ များနှင့် အခြားပြင်ဆင်မှုများလုပ်ဆောင်ပြီးနောက် ကျောင်းသားများသည် ဒုတိယအကြိမ်ချီတက်ရန် စုစည်းခဲ့ကြ ပြန်သည်။ အဓိပတိလမ်းမကြီးကို ဖြတ်၍ လှည်းတန်းလမ်းဆုံကို ချီတက်ကြသည်။ လှည်းတန်းလမ်းဆုံသို့ရောက် သောအခါ ရန်ကုန်မြို့ တွင်းကို ဝင်ရောက်သွားနိုင်သည့် တောင်ဘက်သို့ဦးမတည်တော့ဘဲ ရန်ကုန်အင်းစိန်လမ်းမ ကြီး အတိုင်း အင်းစိန်မြို့ရှိရာ မြောက်ဘက်သို့ ဦးတည်လျှောက်လှမ်းကြသည်။ ယင်းသို့ဦးတည်ချက်ပြောင်းလဲရခြင်းမှာ အင်းစိန်သို့ မရောက်ခင် လမ်းမကြီးဖြတ်သန်းသွားသော မြို့နယ်များတွင် ချည်မျှင်နှင့် အထည်စက် အပါအဝင် အစိုးရစက်ရုံများနှင့် သာမန် အလုပ်သမားများ အမြောက်အများရှိသောကြောင့်ဖြစ်သည်။

အဆိုပါမြို့နယ်များရှိ သာမန်အလုပ်သမားများ၏ တုန့်ပြန်ချက်မှာ အားရစရာ ကောင်းလွန်းလှသည်။ သူတို့၏ နေအိမ်များ စက်ရုံများမှ ထွက်လာကြပြီး ချီတက်ပွဲတွင် တက်တက်ကြွကြွ ပေါင်းစည်းကြသည်။ကျောင်း သားများအပါအဝင် ဆန္ဒပြလူထုကြီး၏ အင်အားမှာ ထောင်ပေါင်းများစွာရှိနေခဲ့ပြီ။ ဆန္ဒပြလူထုသည် ချီတက်ကြ ရင်း လမ်းမကြီးတလျှောက်တွင် မကြာခဏ ရပ်နားကြသည်။ လက်ကမ်းကြော်ငြာများ ဝေကြသည်။ ထောက်ခံ အားပေးနေသော လမ်းဘေးရှိပြည်သူများအား မိန့်ခွန်းများပြောကြသည်။ မြောက်များလှစွာသော ပြည်သူများ သည်လည်း လမ်းပေါ်ထွက်လာကြသည်။ လမ်းမကြီးပေါ်တွင် ကားများသွားစရာနေရာလုံးဝမရှိတော့။ယာဉ်သွား ယာဉ်လာ လုံးဝရပ်ဆိုင်းသွားခဲ့ပြီ။ ယခုအချိန်တွင်ပေါ်ထွက်လာခဲ့သည်မှာ စစ်အစိုးရနှင့် မဆလပါတီကိုဆန့်ကျင်သည့် ကြွေးကြော်သံများ ဖြစ်သည်။ အသက်အရွယ်မရွေး လူတန်းစားမရွေး လူထု

များသည် ဆန္ဒပြလူအုပ်ကြီး အတွင်းသို ့ ပေါင်းစည်းဝင်ရောက်လျှက်ရှိကြသည်။ ထောက်ခံမှုကို ပြသည့်အနေဖြင့် လမ်းဘေး တလျှောက်ရှိလူထု များသည် ဆန္ဒပြချီတက်နေကြသူများအား အစားအစာနှင့် ရေများ လှူဒါန်းကြသည်။

ညနေ ၆ နာရီခန့်၌ ဆန္ဒပြလူအုပ်ကြီးသည် မလှမြိုင်တို့ မိသားစုများ နေထိုင်ရာ ကမာရွတ်မြို့နယ်သို့ ရောက်ရှိလာကြသည်။ သူမတို့ အိမ်နီးနားခြင်းများနှင့် သူငယ်ချင်းများ အတော်များများ ထွက်လာကြပြီးနောက် ဆန္ဒပြနေကြသော ကျောင်းသားများနှင့် အလုပ်သမားများကို ကြည့်ရှုကြသည်။ သူတို့ ၏ သူငယ်ချင်း မိန်းခလေး တဦးမျှသာ ဖြစ်သူ မလှမြိုင်က ဤမျှကြီးမားသော ဆန္ဒပြလူအုပ်ကြီးကို ဦးဆောင်၍ ဆန္ဒပြနေကြောင်းတွေ ့ရသောအခါ လွန်စွာ အံ့သြကြသည်။ လာကြည့်ကြသူများ အထဲတွင် မောင်သန့် ဇင် နှင့် အခြားသော မောင်ငယ် ညီမငယ်များလည်း ပါကြသည်။ မောင်သန့်ဇင်မှာ ထိုစဉ်က ၁၃ နှစ်သားမျှသာ ရှိသေးသည်။ လမ်းမကြီးတခုလုံး ပြည့်ဖုံးသည်အထိ ကြီးမားလှသော ဆန္ဒပြလူအုပ်ကို ယခုတိုင် သူ မြင်ယောင်နေဆဲဖြစ်သည်။ ကျောင်းသားများ က လမ်းမပေါ်တွင် ထိုင်လိုက်ရန် မေတ္တာရပ်ခံသည်။ မလှမြိုင်သည် လူအုပ်ကြီး၏ ရှေ့တွင် မတ်တပ်ရပ်ပြီး လူထု၏ စိတ်ကို လှုပ်ရှားတက်ကြွစေသည့် မိန့် ခွန်း များ ပြောနေခဲ့သည့် မြင်ကွင်းကို ကိုသန့် ဇင်က ပြန်ပြောင်းပြောပြသည်။

"ဦးကြီးတို့ အဒေါ်တို့ ဈေးဝယ်ထွက်ကြတဲ့အခါမှာ ကုန်ဈေးနှုန်းအခြေအနေ ဘယ်လို ရှိပါသလဲရှင်။"

လူထုကြီးက နှလုံးသားမှ ထွက်လာသော နာကြင်မှုများဖြင့် တုန့်ပြန်ဖြေကြားကြသည်။

"သိတ်ကို ကြီးမြင့်နေပြီ။" "ဝယ်ဘို့ ခြမ်းဘို့ မတတ်နိုင်ကြတော့ဘူး။"

မလှမြိုင်က ဆက်ပြောသည်။ "ဒါဟာ စစ်အစိုးရနဲ့ မဆလ ပါတီကြောင့်ပါဘဲ။ စစ်ခေါင်းဆောင်တွေ၊ သူတို့ မိသားစုတွေနဲ ့ အပေါင်းပါ လက်တဆုပ်စာ လူတွေဟာ တိုင်းပြည်ရဲ ့ နေကြေးငွေနဲ ့ သဘာဝသယံဇာတ တွေကို ထင်သလို ချယ်လှယ် သုံးဖြုန်းနေကြတယ်။ ချစားနေကြတယ်။ သူတို့ ရဲ ့ မရိုးမဖြောင့်တဲ့ စီမံခန့် ခွဲမှု နဲ့ လာဘ်စား ချစားမှုတွေကြောင့် ကျမတို ့ အားလုံးအတွက် အရာရာဟာ ဈေးနှုန်းတွေ ကြီးမြင့်နေရတယ်။ ဒါ ကြောင့် ဒီကနေ ့ ကျောင်းသားတွေဟာ မြန်မာနိုင်ငံလူထုကြီးအတွက် တိုက်ပွဲဝင်နေကြပါပြီ။ ဒီ တိုက်ပွဲမှာ ကျမတို့နဲ့အတူ လက်တွဲပူးပေါင်းပါဝင်ကြပါ။ အောင်ပွဲရ တဲ့အထိ အဆုံးတိုင် တိုက်သွားကြပါမယ်ရှင်။"

ဆက်တိုက်ဟောပြောမှုများ လုပ်ခဲ့ရသော်လည်း သူမ၏ အသံမှာ အားကောင်းပြီး ဆွဲဆောင်မှုရှိနေဆဲ။ မျက်နှာလေးမှာ တက်ကြွမှုဖြင့် လန်းဆန်းနေဆဲ။ ပရိသတ်က သောင်းသောင်းဖျဖျ သြဘာပေးကြသည်။ ဤမျှ ငယ်ရွယ်သော ဆယ်တန်းကျောင်းသူကလေးတဦးအနေဖြင့် လူထုကို လှုံ ့ဆော်နိုင်မှုမှာ အံ့သြဘွယ်ရာပင်။ သူမက လူထု တွေ့ကြုံခံစားနေရသော မတရားသည့် နိုင်ငံရေးစနစ်နှင့် မမျှတသည့် လူမှုရေးဘဝတို ့ ကို ဖေါ်ထုတ်ဖွင့် ချခဲ့သည်။ လုံးဝပင် ပင်ပမ်းနွမ်းနယ်နေပြီဖြစ်သော်လည်း သူမ ဝမ်းမြောက်ပီတိ ဂွမ်းဆီထိပမာ ခံစားရသည်။ အဖိ နှိပ်ခံနေရဆဲဖြစ်သော လူထုကြီးနှင့်အတူ အာဏာရှင်စနစ် ဆန့် ကျင်ရေးတိုက်ပွဲသမိုင်းတွင် ကဏ္ဍငယ်ကလေး တရပ်၌ ပါဝင်ကပြနေရပြီဖြစ်ကြောင်း သူမ သဘောပေါက်သည်။

မိန် ့ခွန်းပြောနေစဉ်မှာပင် မလှမြိုင်သည် လွတ်လပ်မှု၏ အရသာနှင့် လွတ်လပ်မှု၏ အလှအပကိုခံစားခဲ့ ရသည်။ ဤသည်မှာသူမအတွက် တကယ့်ကိုအံ့ချီးဘွယ်ရာ ဖြစ်သည်။ လူထုကြီး၏ တခဲနက်သော လက်ခုတ်သံများအတွင်း သူမအနေဖြင့် ခေါင်းကလေးကို မော့၍ ခိုင်ခိုင်မာမာရပ်နိုင်ခဲ့ပြီ။ ငြိမ်းချမ်းမှုနှင့် တရားမျှတမှု အတွက် တိုက်ပွဲဝင်ဘို့ လူထု၏ဆန္ဒကို တစုံတရာ နိုးကြားစေနိုင်ခဲ့ပြီ။ ဤသည်ထက် ပို၍တန်ဘိုးရှိသောအရာ အဘယ်မှာ ရှိပါ သနည်း။ သူမ၏ အကိုကြီး ဆလိုင်းတင်မောင်ဦးကဲ့သို ့ပင် သူမ၏ လှုပ်ရှားမှုများသည် လုပ်ရပ် သက်သက် မျှသာမဟုတ်။ ဒဏ္ဍ ခံစား

နေကြရသော လူထုကြီးအပေါ် ထားရှိသည့် စာနာစိတ်၊ ချစ်ခြင်းမေတ္တာ၊ နှင့် ယုံကြည် ချက် တို့အပေါ်အခြေခံလျှက် ကောင်းမှုပြုချက်ဖြစ်သည်။ ကြီးမားသော မေတ္တာတရားကြောင့် သူမ၏ ရင်တွင်းတွင် လူထုအတွက် တိုက်ပွဲဝင်လိုစိတ် ထက်သန်တက်ကြွလာခဲ့ခြင်းဖြစ်သည်။ ဤအချိန်ပိုင်းငယ်အား ပန်းကလေး များနှင့် နှိုင်းယှဉ်ရလျှင် သူမ၏ ဘဝတွင် ဝေဆာဖူးပွင့်မှုအရှိဆုံးကာလဟု ပြောနိုင်သည်။

မလှမြိုင်က သူမ၏ မိန့်ခွန်းကို အဆုံးသတ်လိုက်သောအခါ အခြားကျောင်းသားများ တဦးပြီးတဦးထ၍ ဆက်လက် ဟောပြောကြပြန်သည်။ အားလုံးပြီးဆုံးသောအခါ အင်းစိန် လမ်းမကြီးအတိုင်း မြောက်ဘက်သို့ ဆက်လက် ချီတက်ကြသည်။ မလှမြိုင်သည် လွှန်စွာပင်ပန်းနေပါပြီ။ သူမတွင် အနားယူဘို့အချိန်မရခဲ့ပါ။ မိန့်ခွန်းများ ဆက်လက်ပြောကြားပေးရန် ကျောင်းသားများက မေတ္တာရပ်ခံကြသောကြောင့် ဖြစ်သည်။ "မလှမြိုင်။ မိန့်ခွန်းတွေ တခုပြီးတခုပြောနေရလို့ ပင်ပန်းလှပြီဆိုတာ ကျွန်တော်တို့သိပါတယ်။ ဒါပေမယ့် ဆက်ပြောပေးပါဦး။ ကျောင်းသူငယ်လေး မိန့်ခွန်းပြောတာကို လူထုကပိုပြီး အားကောင်းကောင်းနဲ့ တုန့်ပြန်လို့ပေါ့ဗျာ" သို့ဖြစ်၍ လွှန်စွာနွမ်းနယ်နေပြီ ဖြစ်သော်လည်း အခြားကျောင်းသား ခေါင်းဆောင်များနှင့် အတူ မိန့်ခွန်းများ ဆက်လက် ပြောကြားပေးခဲ့သည်။

ဆန္ဒပြလူအုပ်ကြီးသည် ရန်ကုန်စက်မှု တက္ကသိုလ်သို့ ရောက်သွားခဲ့ကြသည်။ ညကိုးနာရီခန့်ရှိနေပြီ ဖြစ်သဖြင့် အပြင်တွင် လုံးဝ မှောင်မိုက်နေပါပြီ။ ထိုစဉ်တွင် ယခုဆန္ဒပြပွဲအား တင်မောင်ဦး၏ ညီမနှင့် ညီတို့က ဦးဆောင်လျှက်ရှိကြောင်း မြန်မာ့အသံ ညရှစ်နာရီ ရေဒီယိုသတင်းတွင် ကြေငြာသွားခဲ့သည်။ စစ်အုပ်ချုပ်ရေး ကြေငြာလိုက်ပြီ ဖြစ်ကြောင်း၊ ညဘက်တွင် မည်သူ့ကိုမှုလမ်းပေါ်ထွက်ရန် ခွင့်မပြုကြောင်း၊ နေ့အချိန်တွင် လမ်း များပေါ်၌ လူငါးဦးထက် ပို၍ စုဝေးခွင့်ပြုမည် မဟုတ်ကြောင်းတို့ကိုလည်း ထည့်သွင်းကြေငြာသွားခဲ့သည်။ တင်မောင်ဦးကို ယမန်နေ့က ဖမ်းဆီးရမိခဲ့ပြီး ဖြစ်ကြောင်းလည်း ထပ်မံအတည်ပြုသွားသည်။ တင်မောင်ဦး၏ ညီမနှင့် ညီတို့၏ အမည်မှာ မလှမြိုင်နှင့် လှရွှေတို့ဖြစ်ကြောင်း၊ ၄င်းတို့မှာ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ မဟုတ်ဘဲ အထက်တန်းကျောင်းသားများမျှသာ ဖြစ်ကြောင်းလည်း ဖေါ်ပြသွား ခဲ့သည်။

ဤသတင်းသည် တခဏခြင်းအတွင်းမှာပင် ဆန္ဒပြနေသော တက္ကသိုလ်ကျောင်းသားများ အကြားသို့ ပျံ့နှံ့ သွားခဲ့သည်။ ၄င်းတို့သည် မလှမြိုင်နှင့် မောင်လှရွှေတို့အား အံ့ဩတကြီး ကြည့်ကြသည်။ မလှမြိုင်နှင့် မောင်လှရွှေတို့အား အထက်တန်းကျောင်းသားများအနေနှင့် အထင်သေးကာ ဘေးဖယ်ထားကြမည့်အစား တက္ကသိုလ်ကျောင်းသားများသည် ၄င်းတို့နှစ်ဦးအား လှိုက်လှိုက်လှဲလှဲ ပွေ့ဖက်ကြသည်။

"တချိန်လုံးငါတို့နဲ့ အတူရှိနေပေမယ့် မင်းတို့ဟာ ကိုတင်မောင်ဦးရဲ့ညီမတွေ ညီတွေဖြစ်တယ် ဆိုတာကို မသိကြ ဘူးကွ။ ချီးကျူး ပါရဲ့ကွာ။"

ဟု ဝမ်းပန်းတသာ ပြောကြသည်။

"မင်းတို့နှစ်ယောက်အတွက် ငါတို့ဂုဏ်ယူတယ်ကွာ။ မင်းတို့ဟာ တကယ် သတ္တိရှိကြတာဘဲ။

ငါတို့က ကိုတင်မောင်ဦးကို သိတ်ကို လေးစားတယ်။ သူ အဖမ်းခံလိုက်ရတဲ့ အတွက်လည်း စိတ်မကောင်းကြဘူး။"

ညရောက်လာသဖြင့် ညမထွက်ရအမိန့်အတွင်း အကြုံးဝင်လာသည်။ လှုပ်ရှားတက်ကြွသောကျောင်း သားများသည် ညလုံးပေါက် မိန့်ခွန်းများဆက်ပြောကြသည်။ နောက်တနေ့အတွက် အဆင့်သင့်ဖြစ်စေရန်လက် ကမ်းကြော်ငြာများကိုလည်း ရေးသားရိုက်နိုပ်အဆင်သင့်လုပ်ထားခဲ့ကြသည်။

နံက်လင်းအားကြီး ခြောက်နာရီ ရောက်လာခဲ့ပါပြီ။ လူမပါသော ဘတ်စ်ကား အလွတ်ကြီးများ မောင်းဝင်လာခဲ့သည်။ ကျောင်းသားများ ဘတ်စ်ကားပေါ်တက်ရန် အာဏာပိုင်များက အမိန့်ပေးကြသည်။ တက္ကသိုလ်ကို ပိတ်လိုက်ပြီ ဖြစ်ကြောင်းနှင့် နံက် ၁၁ နာရီကျော်သည်အထိ ကျောင်းဝင်းထဲတွင်ရှိနေသူ မည်သည့်ကျောင်းသားကို မဆို ပစ်ခတ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်သည်။ နံက် ၁၁ နာရီရောက်သည့် အချိန်တွင် မှိုင်းရာပြည့် ဆန္ဒပြပွဲများ စစ်အစိုးရက အကြမ်းဖက်ဖြိုခွဲလိုက်သည်။ မလှမြိုင်နှင့် မောင်လှရွှေတို့အပါအဝင် ကျောင်းသား အမြောက်အများ ဖမ်းဆီးချုပ်နှောင်ခံခဲ့ကြရသည်။ စစ်ထောက်လှမ်းရေးများက ကိုတင်မောင်ဦး၏ အိမ်ကိုလည်း ထပ်မံစီးနင်းပြီး ကိုမြဒင်ကိုဖမ်းခဲ့သည်။ ထိုစဉ်က ၄င်းတို့တွင် အသုံးပြုရန် ယာဉ်မရှိသေးသဖြင့် စစ်ထောက်လှမ်း ရေးရုံးသို့ကိုမြဒင်အား ခေါ်ရမည့်အစား တနေ့လုံးနေအိမ်မှာပင် ချုပ်နှောင်ထားခဲ့သည်။ ၄င်းတို့၏ မော်တော် ယာဉ် များအားလုံးမှာ ကျောင်းသားများအား လိုက်လံဖမ်းဆီးနေသောကြောင့်ဖြစ်သည်။ ကိုမြဒင် အား တနေ့ လုံး အစားအသောက်စားခွင့် မပြု။ ကုလားထိုင်မှပင် ရွှေ့လျားခွင့် မပြုခဲ့။ နောက်ဆုံးတွင် ကိုမြဒင် အားထောင် သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။

(၁၇)

## ဖိနှိပ်မှုအထွင့်အထိပ်ကို ဆန့်ကျင်ရဲသည့် ဆလိုင်းတင်မောင်ဦး၏ တိုက်ပွဲဝင်စိတ်ဓါတ်

မှိုင်းရာပြည့်အတွင်းတွင် အာဏာရှင်အစိုးရကို ဖြိုချနိုင်ခဲ့ခြင်းမရှိသော်လည်း တစုံတရာသော အတိုင်း အတာအထိ အောင်မြင်မှုရရှိခဲ့သည်။ ထောင်ပေါင်းများစွာသော ကျောင်းသားများနှင့် လူထုများသည် ၎င်းတို့၏ ဘဝနစ်နာမှု များ၊ အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် နိုင်ငံရေးဆန္ဒများ တို့ကို ထုတ်ဖော်နိုင်ခဲ့သည်။ ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ နှင့် တရားမျှတမှု၊ တိုအတွက် တိုက်ပွဲဝင်လိုစိတ်များ လူငယ်ထုအတွင်း၌ တစုံတရာ ထက်သန်လာ စေခဲ့သည်။ အာဏာရှင်အစိုးရ၏ ဖိနှိပ်မှုကို ရဲဝံ့စွာရင်ဆိုင်ရင်း လွတ်လပ်စွာစုဝေးခွင့် နှင့် ထုတ်ဖော်ပြောဆိုခွင့် စသည့် အခွင့်အရေးတို့ကို ကျင့်သုံးနိုင်ခဲ့သည်။ ကျောင်းနှင့်တက္ကသိုလ်များကို ပိတ်ခဲ့ရပြီး သတ်မှတ်ချိန်အတွင်း အပြင်မ ထွက်ရ အမိန့်များထုတ်ပြန်ခဲ့ရသည်။ အာဏာရှင် အုပ်ချုပ်မှုကို အတိုင်းအတာတခုအထိ ခြိမ်း ခြောက်နိုင်ခဲ့သည်။

၁၉၇၄ ခုနစ်ဇွန်တွင်ဖြစ်ပွားခဲ့သည့် အထွေထွေအလုပ်သမားသပိတ်ကြီးနောက်ပိုင်း ခြောက်လမှ ရှစ်လမျှ ကာလ အထိသာ အချိန်ခြား၍ လူတုဆန္ဒပြပွဲကြီးသုံးခု ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ၎င်းတို့မှာ ဦးသန့် အရေးအခင်း၊ အလုပ်သမား နှစ်ပတ်လည်ဆန္ဒပြပွဲ၊ မှိုင်းရာပြည့် လူထုလှုပ်ရှားမှု တို့ဖြစ်ကြသည်။ အဆိုပါ သုံးခုစလုံးကို ကိုတင်မောင်ဦးကအဓိက ဦးဆောင် စီစဉ်ခဲ့သည်။ လူထုလှုပ်ရှားမှုများအား တစ်ဆင့်မှ နောက်တစ်ဆင့်သို့ အရှိန်မြှင့်ခဲ့သည်။ လူထုစွမ်းအား တိုးမြင့်စေရေးအတွက် အထွေထွေသော မဟာဗြူဟာများကိုလည်း သူ ရှာဖွေခဲ့သည်။ ယင်းတို့အနက် လက်နက်ကိုင်တိုက်ပွဲလည်းပါဝင်ခဲ့သည်။ အကယ်၍သာ မှိုင်းရာပြည့်မတိုင်မီ ဖမ်းဆီးမခံခဲ့ရ၊ စီစဉ်ထားသည့်အတိုင်း တပ်မတော်အတွင်း လှုပ်ရှားမှုများ ပေါ်ပေါက်လာပြီး မှိုင်းရာပြည့် လူထု ဆန္ဒပြပွဲ များနှင့် ပေါင်းစည်းမိခဲ့မည်ဆိုပါက ကိုတင်မောင်ဦးအနေဖြင့် လူထုတိုက်ပွဲများကို တဆင့်တိုးပြီး စစ်အာဏာရှင် စနစ်ကျဆုံးသည်အထိ မြို့ပြဒေသများအတွင်းမှာပင် လက်နက်ကိုင်တိုက်ပွဲများ ဖော်ဆောင်သည့် မဟာဗြူဟာ ကို တစ်ဆင့်တိုးကျင့်သုံးနိုင်ဘွယ်ရှိပေသည်။ သူသည် စစ်အာဏာရှင် စနစ်ကို ရှိသမျှနည်းလမ်းပေါင်းစုံသုံး၍ အပြတ်သားဆုံး တိုက်ပွဲဝင်သွားလိုသည့် ကျောင်းသားခေါင်းဆောင်ဖြစ်သည်။

ကိုအောင်သန်းဦး ခေါ် ဆန်နီအောင်သန်းဦးသည် ၁၉၇၅ ခုနစ် ဇွန်လတွင် ဖြစ်ပွားခဲ့သည့် အလုပ်သမား နှစ်ပတ်လည် ၌ ပါဝင်ခဲ့သော ကျောင်းသားတဦးဖြစ်သည်။ ထိုစဉ်က ထိမ်းသိမ်းခံခဲ့ရသောကျောင်းသားအ မြောက်အများထဲတွင် တစ်ဦး အပါအဝင်ဖြစ်ခဲ့ပြီး အင်းစိန်ထောင်အတွင်း ကိုတင်မောင်ဦးအား ထိမ်းသိမ်းထားသော ပြစ်ဒဏ်တိုက်တန်းလျားများအနက် အခြားကျောင်းသားများနှင့်အတူ အခန်းငယ်တခုအတွင်း ရှိနေခဲ့ သည်။ ထိမ်းသိမ်းခံကျောင်းသားများအားလုံးကို ရိုးရိုး ရာဇဝတ်မှုအရ ထောင်ကျများနှင့်ခွဲခြားထားခဲ့သည်။ အဆိုပါထောင်ကျများအား ကြီးမားသောဘားတိုက်များတွင် ထားရှိ သည်။ ကျောင်းသားများအပါအဝင် နိုင်ငံ ရေး အကျဉ်းသားများကိုမူ ပြစ်ဒဏ်တိုက်များတွင် ချုပ်နှောင်ထားရှိသည်။

ပြစ်ဒဏ်တိုက်များရှိ အချုပ်ခန်းငယ်တစ်ခုခြင်းစီမှာ ၁၂ ပေ ၈ ပေ ပတ်လည်ခန့်ရှိသည်။ အဆိုပါအခန်း ငယ်တွင် လေးဦး ငါးဦး ထည့်သွင်း ချုပ်နှောင်ထားလေ့ရှိသည်။ ရိုးရိုးထောင်ကျများအား ထားရှိသော ဘားတိုက်ကြီးများတွင် အခွင့်သာမှုများ အမြောက်အများရှိသည်။ ကျယ်ကျယ်ပြန့်ပြန့် သွားလာနေထိုင်ခွင့်ရခြင်း၊ အပိုအလျှံ အစားအသောက် ကလေးများ ကြံဖန် ရှာဖွေစားသောက်နိုင်ခြင်း၊ စသည်တို့ဖြစ်သည်။ ယင်းသို့ ဘား တိုက်ကြီးများတွင်နေထိုင်စဉ်အတွင်း နောက်ထပ်ပြစ်မှုတခုခု ထပ်မံကျူးလွန်သောအခါမှသာ ၎င်းထောင်ကျများ အား တိုက်အမှတ် (၁) မှ (၆) ပြစ်ဒဏ်တိုက်များသို့ ရွှေ့ပြောင်းချုပ်နှောင်ပြီး ထပ် ဆင့်ပြစ်ဒဏ်များ ပေးလေ့ရှိသည်။ အဆိုပါပြစ်ဒဏ်တိုက်များအား ထောင်တွင်းငရဲခန်းများ အဖြစ် မှတ်ယူကြသည်။

စစ်အာဏာရှင်များသည် ကျောင်းသားများအပါအဝင် နိုင်ငံရေးအရ လှုပ်ရှားတက်ကြွသူများအား အဆိုပါ ပြစ်ဒဏ်တိုက် များတွင် ချုပ်နှောင်ပြီး စစ်ကြောမေးမြန်းခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ စသည်တို့ ပြုလုပ်လာ ခဲ့ကြသည်မှာ ယနေ့တိုင် ဖြစ်သည်။ ကိုအောင်သန်းဦးနှင့် ကျောင်းသားအချို့ ပြစ်ဒဏ်တိုက်အမှတ် (၄) ရှိ အခန်းငယ်တစ်ခုတွင် ချုပ်နှောင် ထားခဲ့သည်။ ယင်းအခန်းငယ်မှာ ကိုတင်မောင်ဦးအား ချုပ်နှောင်ထားရာ အခန်း၏ ရှေ့တွင်ဖြစ်သည်။

ကိုအောင်သန်းဦးနှင့် ကျောင်းသားများသည် ၄င်းတို့အခန်းငယ်၏ရှေ့တွင် ကိုတင်မောင်ဦးအား ချုပ်နှောင် ထားကြောင်းကို ထောင်ဝါဒါများထံမှတဆင့် သိခဲ့ရသည်။ ထောင်ဝါဒါများအလစ်တွင် ကိုအောင်သန်းဦးနှင့် ကျောင်းသား များသည် တစ်ယောက်ပခုန်းပေါ်တစ်ယောက်ဆင့်တက်ကာ နှစ်ပေခန့်ရှိသံဘားတန်းများ တပ်ဆင် ထားသော ပြူတင်းပေါက်မှ တစ်ဆင့် ကိုတင်မောင်ဦးအား ချောင်းမြောင်းကြည့်ရှုကြရာ ၄င်း၏တကိုယ်လုံးအား တွေ့မြင်နိုင်ခဲ့ကြသည်။ ထောင်အတွင်း တွင်ရှိနေသော်လည်း ကိုတင်မောင်ဦးမှာ ရုပ်ရည် အသွင်အပြင် သန့်ပြန့် ကောင်းမွန်နေပြီး ကာယဗလ တောင့်တောင့် တင်းတင်းဖြင့် လွန်စွာ ကြည့်ကောင်းလှသည်။ ထောင်ထဲတွင် နောက်ဆုံး အချိန်အထိ နေ့စဉ်အားကစား မှန်မှန်လုပ်သွား ကြောင်းသိရှိရသည်။ ကိုတင်မောင်ဦးအနေဖြင့်မူ ကိုအောင်သန်းဦးနှင့်အခန်းဖော်ကျောင်းသားများအား တွေ့မြင်နိုင်သည့် အနေအထား မရှိခဲ့ပါ။

တနေ့တွင် ကိုတင်မောင်ဦးနှင့်စကားပြောခွင့်ရကြရာ ကိုတင်မောင်ဦးက ၄င်းတို့အားလုံးအားလှမ်း၍ ပြောလိုက် သည်ကို အမှတ်ရနေကြဆဲဖြစ်သည်။

“ရဲဘော်တို့ ဒို့တွေ ဒီအထဲမှာရောက်နေပေမဲ့ စိတ်ဓါတ်လုံးဝမကျပါနဲ့။ စိတ်ဓါတ်ကိုဆက်မွေးပြီးနေ့စဉ် ကျန်းမာရေး ကောင်းအောင် လုပ်ထား။ ရှေ့မှာ ကျွန်တော်တို့ ဆက်လုပ်ရမှာတွေ အများကြီး ကျန်သေးတယ်။ တကယ်လို့ ကျွန်တော် မရှိခဲ့ရင်လည်း ကျန်ရဲဘော်တွေ အားလုံး ဆက်ပြီး လုပ်သွားရမယ်။”

ကိုတင်မောင်ဦးသည် တ ကယ့်ကိုရဲရင့်ပြတ်သားပြီး ဘယ်အရာမဆို လွယ်လွယ်နှင့်အလျှော့ပေးတတ် သူမဟုတ်၊ ဘယ်လိုဖိနှိပ်မှုမျိုးကိုမှ ငြိမ်ခံသွားမည့် လူစားမဟုတ်ကြောင်း ကိုအောင်သန်းဦးက မှတ်ချက်ပြုသည်။

ကိုတင်မောင်ဦး၏ထောင်တွင်းတိုက်ပွဲများအနက် ကိုအောင်သန်းဦး သတိရဆဲဖြစ်ရပ်တစ်ခုမှာ ကိုတင်မောင်ဦးကို သေဒဏ်မစီရင်မီ ၁၉၇၆ ခုနှစ် ဧပြီလကုန် မေလဆန်းလောက်တွင်ဖြစ်မည်ဟု ခန့်မှန်းရပါသည်။ အာ ဏာရှင်များ၏ အုပ်ချုပ်မှုအောက်တွင် စစ်ထောက်လှမ်းရေးမှာ ထောင်တွင်း၌ ဩဇာအာဏာကြီးမားလှသည်။ မည်သည့်အဆင့်ရှိသော ထောင်အာဏာပိုင်များဖြစ်စေ၊ စစ်ထောက်လှမ်းရေးအား တလေးတစား ဆက်ဆန် ကြ ရသည်။ တနေ့တွင် စစ်ထောက်လှန်းရေးတို့က ကိုတင်မောင်ဦးအား စစ်ကြောရေးစခန်းတခု၏ ကွင်းပြင်လေးရှိ ရာသို့ ခေါ်ထုတ်သွားသည်။ ထိုနေရာလေးမှာ မကြာခနဆိုသလို ကျောင်းသားများအား ခေါ်ထုတ်ရိုက်နှက်စစ် ဆေးရာ၊ ညှင်းပမ်းနှိပ်စက်ရာ နေရာလေးတစ်ခုဖြစ်သည်။ ထိုစဉ်က စစ်ထောက်လှမ်းရေးအဖွဲ့မှဦးစီးကာ ကို တင်မောင်ဦးကို ပုဂ္ဂိုလ်ရေးအရ အနိုင်ကျင့်မှုတစ်ခု ပြုလုပ်ဖန်တီးခဲ့သည်။ ထိုနေ့တွင် (ဃ၈၅၅၈) မှုဒုရဲအုပ်အဆင့်ရှိ စစ်ပုလိပ်တစ်ဦးကို စစ်ထောက်လှမ်းရေးအဖွဲ့ က ကြိုတင်ခေါ်ယူထားခဲ့သည်။ ထိုသူမှာ ကိုယ်လုံးကိုယ်ဖန်နှင့် အရပ်အမောင်းထောင်မောင်းပြီး မြန်မာ့လက်ဝှေ့ ချန်ပီယံအဆင့်ရရှိကာ မြန်မာ့လက်ဝှေ့ကိုကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကြွမ်းထားသူဖြစ်သည်။

၄င်းကစတင်၍ “ဟေ့ကောင် တင်မောင်ဦး မင်းနဲ့ငါ ပညာစမ်းတဲ့သဘောနဲ့အညောင်းပြေအညာပြေ ကစားရ အောင်” ဟုပြောကာ ထိုးသတ်ရန် စိန်ခေါ်လိုက်သည်။ ကိုတင်မောင်ဦးက ကြိုတင်ရိပ်မိနေနှင့်ပြီ။ ဖြတ်ထိုးဉာဏ်ကောင်း၊

အတွေးအခေါ်ကောင်းသော တက္ကသိုလ်ကျောင်းသားတယောက်ဖြစ်သဖြင့် ထိုလူမိုက် လက်ကိုင်တုတ် စစ်ခွေးတို ့ဖြင့် ဖက်၍မကိုက်ချင်ပေ။ ကိုတင်မောင်ဦးအနေဖြင့် လုံးဝမကြောက်သော်လည်း လိမ္မာပါးနပ်စွာဖြင့် ငြင်းဆိုလိုက်သည်။

"ကျွန်တော်တတ်တဲ့ပညာက ဘာမှမဟုတ်ပါဘူးဗျာ။ ကျန်းမာရေး ကောင်းရုံလောက်သာ ကစားတာပါ"

ဟုပြန်ပြောလိုက်ပါသည်။

သို ့သော် တား၍မရပါချေ။ နောက်ဆုံးတွင် ကိုတင်မောင်ဦးကို အတင်းအဓမ္မဆွဲခေါ်ပြီး ၄င်းကစတင် ထိုးသတ်ပါတော့သည်။ တဖက်မှရုတ်တရက် ထိုးသတ်လာသော လက်သီးများကို ခံစစ်အနေထားဖြင့် လျှင်မြန်စွာရှောင်တိမ်း ပေးသည်။ တကယ်တော့ တဘက်မှ ထိုးသတ်နေသူမှာ အညောင်းပြေ အညာပြေ ကစားနေခြင်း မဟုတ်။ တကယ်ကိုယ်ထိ လက်ရောက် နာကျင်စွာ ထိုးသတ်နေခြင်းသာ ဖြစ်ကြောင်း ထင်ရှားသည်ထက် ထင်ရှားလာသည်။ နောက်ဆုံးတွင် ကိုတင်မောင်ဦးထံ၌ သီးခံနိုင်မှု ကုန်ဆုံးသွားခဲ့ပြီ။ ထို့ နောက် ထိုးသတ်နေသူအား ကိုတင်မောင်ဦးက ရုတ်တရက်လူခြင်းပူးကာ ကိုင်ပေါက်လိုက်သည်။ ထိုသူ မြေပေါ်သို့ပြုတ်ကျကာ နံရိုး နှစ်ချောင်းကျိုးသွားတော့သည်။ လက်ဝှေ့ပွဲကို ဝိုင်းကြည့်နေကြသော စစ်ထောက်လှမ်းရေးများသည် ၄င်းတို့လူ နာကြင် သွားသောအခါ ကိုတင်မောင်ဦးကို ဝိုင်းဝန်းထိုးကြိတ်ကြပြီး တိုက်ခန်းထဲသို့ ပြန်ဆွဲသွင်းထားလိုက်တော့သည်။ သို ့သော် ကိုတင်မောင်ဦးကား အပြုံးမပျက်ခဲ့ချေ။ တခန်းထဲ နေ သူငယ် ချင်းဖြစ်သူက ကိုတင်မောင်ဦး၏ ဒဏ်ရာများကို ကြင်နာစွာ ကြပ်ပူထိုးပေးသောအခါ "ဒီမှာသူငယ်ချင်း ငါဘာမှမဖြစ်ဘူး။ ဒီကောင်တွေ ငါ့ကိုမတရား သက်သက်အကွက်ဆင်ပြီး ဝိုင်းအနိုင်ကျင့်ချင်လို့ ငါ ဒီလို လုပ်လိုက် တာကွ။ ငါ့အတွက် ဘာမှမပူပါနဲ့ ဟုသာ ပြန်ပြောခဲ့သည်၊" (ကိုအောင်သန်းဦး၏ ထောင်တွင်း အတွေ့အကြုံ မှတ်တမ်းများမှ ကောက်နုတ်ချက်)။

ကိုမောင်မောင်တိတ်သည် ကိုတင်မောင်ဦးရှိနေသောပြစ်ဒဏ်တိုက်များတွင် အခြားကျောင်းသားများ နှင့်အတူ ချုပ်နှောင်ခံခဲ့ရသည့် တက္ကသိုလ်ကျောင်းသားတဦးဖြစ်သည်။ ၄င်း၏အခန်းဖော်များမှာ ကိုထွန်းထွန်း၊ ကိုမြင့်ဟန်၊ စောလှငွေ၊ ကိုသောင်းအေး၊ ဂိုရှယ် ခေါ် ကိုလှအောင် တို့ဖြစ်ကြသည်။ ၄င်းတို့၏အခန်းမှာ ကိုတင် မောင်ဦးရှိရာကြိုးတိုက်နှင့် နီးကပ်သည်။ ကိုတင်မောင်ဦးအပါအဝင် ကြိုးဒဏ်ပြစ်ဒဏ် ချမှတ်ခံထားရသူများသည် အထူးအခွင့်အရေးများရရှိကြသည်။ ကျန်မာရေး အရ သေချာစွာစောင့်လျှောက်မှုခံရခြင်း၊ အခန်းအပြင်ထွက်၍ ရေချိုးခွင့် လေ့ကျင့်ခန်းလုပ်ခွင့်ရခြင်း၊ အစားအသောက် ကောင်းမွန်စွာစားသောက်ရခြင်း၊ စသည်တို ့ဖြစ်သည်။ အခြားသော ရိုးရိုးထောင်ကျများ၊ အကျဉ်းသား များသည် ဆန်လုံးညိုနှင့် ညှံ့ဖျင်းလှသော ငပိဖုတ်၊ ဟင်းရွက်ပြုတ်၊ ပဲဟင်း စသည်တို့ကိုသာ များသောအားဖြင့် စားသောက်ရသည်။ အသားဟင်းကို ရံဖန်ရံခါမျှသာ စားသောက်ခွင့်ရသည်။ ဟင်းရွက်ပြုတ်များတွင် မြက်များနှင့် တီကောင် များပင် ပါတတ်သည်။

တနေ့တွင်ကျောင်းသားငယ်တစ်ဦးဖျားနာရာ ညှံ့ဖျင်းလှသော ထောင်အစားအသောက်များကို စားနိုင်ခြင်းမရှိတော့ပါ။ ထိုသတင်းကို ကိုတင်မောင်ဦး ကြားသိသောအခါ ၄င်းနေ ့စဉ်ရနေသော ဆန်ဖြူထမင်း၊ ကြက် သားဟင်း၊ ကြက်သားကြော် စသည်များကို အဆိုပါကျောင်းသားငယ်ထံပုံမှန် ပေးပို ့ခဲ့သည်။ ၄င်း၏အစားအစာ အတွက်ကိုမူ ပြစ်ဒဏ်တိုက်များရှိအကျဉ်းသားများအား အစားအစာပေးဝေရသည့် ရိုးရိုးထောင်ကျ နှစ်ကြီးသ မားများအားစည်းရုံးကာ ညှံ့ဖျင်းသော အစားအသောက်များကို တောင်းယူစားသောက်ခဲ့သည်။ ဖျားနာသော ကျောင်းသားငယ် ပြန်ကောင်းလာသည် အထိ ဖြစ်သည်။

## အစာငတ်ခံတိုက်ပွဲဝင်ရန် ပြင်ဆင်ခြင်း

ဆလိုင်းတင်မောင်ဦးသည် ကျန်းမာရေးအတွက် အခန်းအပြင်သို့ထွက်၍ လေ့ကျင့်ခန်းလုပ်ခွင့်ရသည့်အခါတိုင်း အပြေးလေ့ကျင့်လေ့ရှိသည်။ ယင်းအခြေအနေကိုအခွင့်ကောင်းယူကာ ထောင်ဝါဒါများအလစ်တွင် ကျောင်းသားရဲဘော်များကို ဆက်သွယ်သည်။ ထောင်တွင်းတိုက်ပွဲသတင်းများ၊ အာဏာပိုင်များ၏ဖိနှိပ်မှု အခြေ အနေများကို တခန်းမှ အခြားတခန်းသို့ ဖြန့်ဝေပေးသည်။

"တိုက်သုံးမှာ အစာငတ်ခံတိုက်ပွဲ ဖြစ်လိမ့်မယ်။ ရဲဘော်တို့ပါမှရမယ်။ ငါ့ကိုတော့ သူတို့သေဒဏ်စီရင် တော့မလား၊ တခြားတနေရာရာကို ရွှေ့မလား မသိဘူးကွ။"

ထိုအချိန်တွင် ထိမ်းသိမ်းခံကျောင်းသားများသည် ထောင်စည်းကမ်းကိုဆန့်ကျင်ဆန္ဒပြလျှက်ရှိသည်။ ထောင်ပုံစံ မထိုင်လိုကြသောကြောင့် ဖြစ်သည်။ ထောင်ပုံစံထိုင်ခြင်းမှာ ရာဇဝတ်မှုဖြင့်ပြစ်ဒဏ်ကျခံနေရသူ များ အတွက်သာဖြစ်သင့်သည်၊ ကျောင်းသားများသည် ရာဇဝတ်မှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများမဟုတ်၊ ထို့ကြောင့် ထောင်ပုံစံထိုင်ခြင်းမှာ ကျောင်းသားများ၏အလုပ်မဟုတ်ဟု မှတ်ယူခဲ့ကြသည်။ သို့ဖြစ်၍ အချို့သော ကျောင်းသားများက ထောင်အာဏာပိုင်များ၏ အမိန့်ကိုဆန့်ကျင်ပြီး ထောင်ပုံစံမထိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ယင်းသို့ ထောင်တွင်းတိုက်ပွဲ စတင်သောအခါ ထောင်အာဏာပိုင်များက တိုက်ပွဲဝင် ကျောင်းသားများအား ပြင်းထန်စွာရိုက်နှက်ခဲ့ကြသည်။ ဆန္ဒပြကျောင်းသားများအတွက် ပြင်ပဧည့်သည်များ မိသားစုများနှင့် တွေ့ဆုံခွင့်၊ ထောင်ဝင်စာ လက်ခံရယူ ခွင့်၊ ပြင်ပနှင့်ဆက်သွယ်ခွင့်အစရှိသော အခွင့်အရေးများကို ပိတ်ပင်ခဲ့ကြသည်။ ထောင်တွင်းတိုက်ပွဲများ တဆင့်ပြီးတဆင့် မည်သို့ဆင်နွှဲသင့်ကြောင်းကို ကိုတင်မောင်ဦးကလည်း ညွှန်ကြားချက် များပေးသည်။ အစာငတ်ခံတိုက်ပွဲ ဆက်လက်ဆင်နွှဲသွားရန် အားလုံးသဘောတူညီခဲ့ကြသည်။

ဆလိုင်းတင်မောင်ဦးသည် ၄င်းကိုကြိုးပေးမခံရခင် နောက်ဆုံးချိန်အထိ စစ်အာဏာရှင်စနစ်ကို အဆက်မပြတ် တိုက်ပွဲဝင် သွားခဲ့သည်။ ၄င်းအပေါ် သေဒဏ်ပြစ်ဒဏ် ချမှတ်ခဲ့သော်လည်း မျက်နှာအမူအရာ ပျက်ယွင်းသွားခဲ့ခြင်း ကြောက်ရွံ့ခြင်း အလျှင်းမရှိ၊ ပုံမှန်အတိုင်း တက်ကြွဖြတ်လတ်ဆဲသာဖြင့်ကြောင်း ကျောင်းသားများကတွေ့ မြင်ခဲ့ရသည်။ ကိုမောင်မောင်တိတ်၏အဆိုအရ ကိုတင်မောင်ဦးကိုကြည့်ရသည်မှာ ပုံပြင်ထဲကမင်းသားတဦး ကဲ့သို့ဖြစ်သည်။

ကိုမောင်မောင်တိတ်၊ ကိုထွန်းထွန်းတို့အပါအဝင် ထိန်းသိမ်းခံကျောင်းသားများသည် အစာငတ်ခံ တိုက်ပွဲနှင့် စပ်လျဉ်း၍ ကိုတင်မောင်ဦးထံမှ အသေးစိတ်ညွှန်ကြားချက်များ စောင့်နေခဲ့ကြသည်။ တနေ့တွင် မြောက်ဥက္ကလာပ အလယ်တန်းကျောင်းတွင် တက်ရောက်ခဲ့သော ကျောင်းသားငယ်အုန်းမြင့်လေးက စာတစောင်ကို ဂန်ဖလားကြီးတစ်ခု၏ အောက်တွင်ဝှက်၍ ၄င်းတို့ထံ သယ်ဆောင်လာခဲ့သည်။ ဖတ်ပြီးရင်မြန်မြန်ဖျက် ဆီးလိုက်ရန် ပြောရင်း အုန်းမြင့်လေးက စာကိုသံတိုင်ကြားမှနေ၍ လှမ်းပေးလိုက်သည်။

"ဟေ့ တင်မောင်ဦးဆီက ဒိတ်ရလာပြီ ဒို့စတော့မယ်" ထွန်းထွန်းကအားရဝမ်းသာစာရွက်ကလေးကို သံတိုင်ကြား ထဲက လှမ်းယူလိုက် သည်။ စာဖတ်ဖို့ စာခေါက်ကလေးကိုဖြေတုန်းဖြန်းကနဲ ဝါဒါ၏လက်တဖက်က စာရွက်ကိုဆွဲလိုက်သည်။ အုန်းမြင့်လေးကိုလည်းကြည့်ကာ "ဘယ်သူပေးတာတုန်း" ဟုပြောပြီး ပါးတချက်လှမ်း ရိုက်လိုက်သည်။ အုန်းမြင့်လေးခေါင်း လည်ထွက်သွားသည်။ ဂန်ဖလားကိုတော့မလွှတ် ကိုင်ထားဆဲ။ ဝါဒါက စာဖတ်ရင်း "ပြော ပြောစမ်း ဒါ မင်းကိုဘယ်သူ ပေးတာလဲ" ဟု မေးသည်။ ဝါဒါ၏ အသံက ဟိန်းသွားသည်။ ကြိုးတိုက် တခုလုံးငြိမ်သွားသည်။

ဝါဒါစာဖတ်နေတုန်း ဖြန်းကနဲ တစုံတဦး၏ လက်တဖက် ပေါ်လာကာ စာရွက်ကို ဆွဲလု လိုက်သည်။ ပြီးတော့ ပါးစပ်ထဲဝါးစား လိုက်သည်။ ဝါဒါလည်း အံ့အားသင့်သွားသည်။ ဝါးစားပြီး ချက်ချင်းမျိုချလိုက်ပြီးမှ ထိုသူက အသင့်အနေအထား နှင့် "ကဲ မင်းဘာလုပ်မတုန်း။ ငါနဲ့ ချမလား။ ငါ့ကိုသတ်ပစ်မလား။ ကြိုက်သလို လုပ်စမ်း။" တဲ့ သူ့ မျက်နှာက စိမ်းစိမ်းဝါးဝါး။ ဝါဒါတချက်လှုပ်တာနဲ့ အပြတ်ချေမှုန်းမယ့်ပုံစံမျိုး။ ဝါဒါက သူ့ထက်အရပ်မြင့်ပေမယ့် သူက မှုပုံမပေါ်။ သူသည် ကိုတင်မောင်ဦး ဖြစ်သည်။ (ကိုမောင်မောင်တိတ်၏ ထောင်တွင်း အတွေ့အကြုံမှတ်တမ်းများမှ ကောက်နုတ်ချက်။)

မြန်မာနိုင်ငံ၌ အကျဉ်းထောင်များသည် ဖိနှိပ်မှုကိရိယာများဖြစ်ကြသည်။ ကိုတင်မောင်ဦးနှင့် အခြား ကျောင်းသားများကိုချုပ်နှောင်ထားရာ အင်းစိန်ထောင်ရှိ ပြစ်ဒဏ်တိုက်များသည် ဖိနှိပ်မှု၏ ဗဟိုချက်မနေရာဖြစ်သည်။ ထိုနေရာတွင် ချုပ်နှောင်ခံထားရသော အကျဉ်းသားများသည် ထောင်ဝါဒါများနှင့် ပြသနာမဖြစ်လိုကြ။ ထောင်ဝါဒါများက ပြစ်ဒဏ်တိုက်များကိုထိမ်းချုပ်ထားသော စစ်ထောက်လှမ်းရေးများကို တိုင်တန်းခြင်းကြောင့် အကျဉ်းချခံထားရသူများ အနေဖြင့် အဖြစ်ဆိုးများ၊ နှိပ်စက်ညှင်းပမ်းမှုများ ကြုံတွေ့နိုင်သောကြောင့်ဖြစ်သည်။ ကိုယ်ထိလက်ရောက်ရိုက်နှက်ခံရပြီး နောက် ခြောက်တိုက်သို့ အပို့ ခံရတတ်သည်။ ခြောက်တိုက်ရှိအခန်း ငယ်ကလေးများမှာ ကျဉ်းမြောင်းလွန်းလှသဖြင့် တဦးတည်းကိုပင် ချုပ်နှောင်ထားသော်လည်း အကျဉ်းသားသည် ညအိပ်လျှင် ခြေထောက်ကွေးထားမှသာ နေရာဆန့်သည်။ နောက်ဖေးသွားရန်အတွက် ဂန်ဖလားချပေး ထားလေ့မရှိ။ အခန်းငယ်၏ထောင့်တွင် သဲပုံပေးထားလေ့ ရှိသည်။ နောက်ဖေးသွားပြီးနောက် ကိုယ့်ပစ္စည်းကို သဲနှင့် ပြန်ဖုံးရသည်။ ရက်ကြာလာသောအခါ မစင်များမှ လောက်များထွက်လာပြီး ညအိပ်ရာတွင်ခန္ဓာကိုယ်ပေါ်သို့ တက်လာကြသည်။ အထူးသဖြင့် နားရွက်များနှင့်နှာခေါင်းပေါက်များအတွင်းသို့ မဝင်အောင် သတိပြုဖယ်ရှားပြီး အိပ်နိုင် ဘို့ ကြိုးစားကြရသည်။ ထိုကဲ့သို့သော နှိပ်စက်ညှင်းပမ်းမှုများ နှင့်မကြုံတွေ့စေရန် အကျဉ်းသား အများစုကြီးသည် ထောင် အာဏာပိုင်များ၏ဖိနှိပ်မှုများ ကို တတ်နိုင်သမျှ ခေါင်းငုံ့ခံကြရသည်။ ကိုတင်မောင်ဦး မှာမူ ထိုကဲ့သို့မဟုတ်။ ဖိနှိပ်ညှင်းပမ်းမှု၏ ဗဟိုချက်မနေရာတွင် ရှိနေသော်လည်း မတရားဖိနှိပ်မှု မှန်သမျှကို ပြတ်သားစွာ လက်တုန့်ပြန်ခဲ့သူဖြစ်သည်။

ဝါဒါကို စိန်ခေါ်နေသော ကိုတင်မောင်ဦးကို ကြည့်ရင်း ကိုမောင်မောင်တိတ်နှင့် ကျောင်းသားများ လည်း သံတိုင်ကြားက ထရပ်လိုက်ကြသည်။ ဝါဒါက ချာကနဲလှည့်ထွက်ပြီး ပြေးထွက်သွားသည်။ သိလိုက်ပြီ။ ထောင်မှူးနဲ့ တပ်ကြပ်ကြီးသိန်းမြင့်ကို သွားတိုင်တော့မည်။ နာရီဝက်လောက်အကြာမှာတော့ ကိုတင်မောင်ဦး အခန်းကို တံခါးဖွင့်သံ၊ ဆူဆူညံညံ အသံများကြားရသည်။ စစ်ဖိနပ်သံကခပ်များများ။ "ရဲဘော်တို့ ငါသွားပြီ ဆက်တိုက်ကြ။ ငါ့ ကိုခေါ်သွားပြီ ဆက်တိုက်ကြ။" ဟူ၍ ဟိန်းထွက်လာသော အသံကို ကိုမောင်မောင်တိတ်နှင့် ကျောင်းသားများ ကြားလိုက်ကြရသည်။ ဘာဆက်ဖြစ်သည်ကိုမူ ၄င်းတို့ မသိနိုင်ကြတော့။

## ထောင်တွင်း၌ ရှိနေစဉ်အတွေးများ

ထောင်တွင်း အထူးသဖြင့် ပြစ်ဒဏ်တိုက်များ၌ ချုပ်နှောင်ခံထားရစဉ် ကာလများမှာ လွန်စွာငြီးငွေ့ဘွယ် ကောင်းလှသည်။ စားအိပ်နေထိုင်မှု ပင်ပမ်းဆင်းရဲရုံသာမက ရိုးရိုးထောင်အာဏာပိုင်များအပြင် အထူးသဖြင့်စစ်ထောက်လှမ်းရေးများ၏ နှိပ်စက်ညှင်းပမ်းမှုအမျိုးမျိုးကို ခံကြရသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် အကျဉ်းသားများသည် မိမိတို့အိမ် သို့မဟုတ် ချစ်ခင်မြတ်နိုးသူများကို ပြန်လည်သတိရ တမ်းတကြမြဲဖြစ်သည်။ သို့ရာတွင် ထိုသို့တမ်းတမှုများလွန်းလျှင်လည်း စိတ်ဓါတ်ကျဆင်းမှုများဖြစ်တတ်သည်။ ဆလိုင်းတင်မောင်ဦးမှာ မည် သို့ရှိသနည်း။ သူသည် မည်သူ့အကြောင်းကို စဉ်းစားနေခဲ့ပါသနည်း။ သူသည်လည်း သာမန်လူတဦးမျှသာဖြစ် သဖြင့် သူချစ်ခင်မြတ်နိုးသူများ အကြောင်းကို စဉ်းစားမည်ဖြစ်သည်။ မည်သူတို့ အကြောင်း ဖြစ်နိုင်ပါသနည်း။

ဆလိုင်းတင်မောင်ဦးတွင် အထူးတလည်ရင်းနှီးသော မိန်းကလေးမိတ်ဆွေလေးဦးရှိခဲ့သည်။ နှစ်ဦးမှာ ချင်း၊ တစ်ဦးမှာကရင်၊ ကျန်တစ်ဦးမှာတရုတ်မြန်မာကပြား အမျိုးသမီးတို့ ဖြစ်ကြသည်။ ပထမနှစ်တက္ကသိုလ် ကျောင်းသားတစ်ဦး အနေနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ တက်ရောက်စဉ် အဆိုပါမိန်းကလေးများအား တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ တရုတ်မြန်မာ ကပြား မိန်းကလေးမှာ တရပ်ကွက်ထဲနေအိမ်နားနီးခြင်းဖြစ်သည်။ ၄င်းမိန်းကလေး လေးဦးစလုံးမှာ လှပချောမောကြသည်။ ဆလိုင်းတင်မောင်ဦး၏ ရုပ်ရည်၊ ပြောဆိုနေထိုင်ဆက်ဆန်ပုံများကိုလည်း လေးစားအထင်ကြီးမှု ရှိခဲ့ကြသည်။ အဆိုပါ မိန်းကလေးများကို ဆလိုင်းတင်မောင်ဦးကင်း၏မိဘများနှင့် မိတ်ဆက်ပေးခဲ့သလို သူကိုယ်တိုင်လည်း မိန်းကလေးများ၏ မိသားစုများအိမ်သို့ သွားရောက်လည်ပတ်ခဲ့ဘူးသည်။ နောက်ပိုင်းတွင် ကျောင်းသားလှုပ်ရှားမှုများ၊ လူတုဆန္ဒပြပွဲများ၌ သူ၏ခေါင်းဆောင်မှုနှင့် အမည်ထင်ရှားစွာ ထွက်ပေါ်လာသောအခါ အထူးသဖြင့် သတင်းစာတွင် သူ၏ဓါတ်ပုံနှင့်တကွ ဖေါ်ပြပါရှိလာသောအခါ ၄င်းတို့၏ ဆက်ဆန်ရေးမှာ တမျိုးတဖုံပြောင်းလဲသွားခဲ့သည်။ သို့ရာတွင် ချင်းမိန်းကလေးနှစ်ဦး၏ မိသားစုမှာမူ ဆလိုင်း တင်မောင်ဦးအား ပွင့်လင်းစွာကြိုဆိုဆဲဖြစ်သည်။ ဆလိုင်းတင်မောင်ဦးတိမ်းရှောင်နေစဉ် ကာလအတွင်း ၄င်း ပေးပို့လိုသောသတင်းများကို ချင်း မိန်းကလေးတဦး၏မိသားစုသည် ဘုရားရှိခိုးကျောင်းမှတဆင့် ၄င်း၏မိသားစု ထံသို့ ပို့ဆောင်ပေးခဲ့သည်။

တရက်တွင် ပြုံးစနဲ့နဲ့ဖြင့် သူကညီမဖြစ်သူ မလှမြိုင်ကိုမေးသည်။ မလှမြိုင်၏ ချင်းအမျိုးသားအမည်မှာ မိုင်ပိုပို ဖြစ်သည်။ "ဟေ့ ပိုပို။ အစ်ကိုကြီးက မိန်းကလေးတယောက်ကိုရွေးမယ်ဆိုရင် ဘယ်တယောက်ကို ပိုပိုက ထောက်ခံချက် ပေးမလဲကွ။"

မလှမြိုင်ကခဏစဉ်းစားပြီး ပြန်ကြားခဲ့သည်။

"တရုတ်မြန်မာ ကပြားမလေးဆိုရင် ဘယ်လိုနေမလဲ။ ကျမထင်တာကတော့ အဲဒီမိန်းကလေးဆိုရင် အကိုကြီး အတွက် အသင့်တော်ဆုံးဖြစ်လိမ့်မယ်။"

အဆိုပါ တရုတ်မြန်မာကပြားမလေးသည် မလှမြိုင်နှင့်အတူ ကြီးပြင်းလာခဲ့သူ ဖြစ်သည်။ သူမသည် ဆလိုင်း တင်မောင်ဦး၏ ညီငယ်ညီမငယ်များနှင့်အတူကစားခြင်းကို နှစ်သက်သူဖြစ်သည်။ မိသားစုအပေါ်တွင်လည်း ကြင်နာသူဖြစ် သည်။ သူကသာကမ်းလှမ်းမည်ဆိုပါက သူမအနေဖြင့်ခေါင်းငြိမ့်လက်ခံရန် နှောင့်နှေးမည် မဟုတ်။ မလှမြိုင်၏အကြံပေးချက်ကို ကြားရသောအခါ တဟားဟားရယ်မောလျှက်

"ကောင်းပါပြီကွာ။ ဒါပေမယ့် အခုတော့မဟုတ်သေးဘူးပိုပိုရေ။ အကိုကြီးမှာ ချစ်ရေးကိစ္စအတွက် အချိန်မရှိသေးဘူး။ ငါတို့လှုပ်ရှားမှုကြီးအတွက်လုပ်စရာတွေအများကြီး ရှိသေးတယ်ကွ။"

ဆလိုင်းတင်မောင်ဦးသည် ထိုကဲ့သို့သော လူစားမျိုးဖြစ်သည်။ ဘဝတသက်တာလုံးတွင် ထောင်အတွင်း ၌ရှိနေ သည်ဖြစ်စေ၊ ထောင်အပြင်၌ရှိနေသည်ဖြစ်စေ သူ၏စိတ်ဝင်စားမှုသည် ပုဂ္ဂလိက ချစ်ရေးချစ်ရာများ အပေါ် သက်ရောက်ခဲ့ ကြောင်း မည်သည့်ညွှန်ပြချက်မျှမရှိခဲ့ပါ။

ကိုအောင်စောဦးသည် စစ်ခုံရုံးအမှတ်(၁)မှနေ၍ ထောင်ဒဏ် (၇)နှစ် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရသော သွားဘက်ဆိုင်ရာ တက္ကသိုလ် ကျောင်းသားတဦးဖြစ်ခဲ့သည်။ ၁၉၇၆ ဇွန်လ၂၇ ရက်နေ့တွင်၄င်းအားအထူးတိုက် အခန်းအမှတ်တစ်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ ယင်းတွင် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ စက်မှုတက္ကသိုလ် ဆေး တက္ကသိုလ်တို့မှ ကျောင်းသား များနှင့်အတူ စုစုပေါင်း ၁၄ ဦး နေခဲ့ကြရသည်။ အဆိုပါအခန်းမှာ ဇွန်လ ၂၆ ရက် ကြိုးပေးသည့်နေ့ အထိ ဆလိုင်း တင်မောင်ဦးအား ချုပ်နှောင်ထားခဲ့ရာ အခန်းဖြစ်သည်။

အဆိုပါအခန်းအတွင်းရှိနံရံပေါ်တွင် ဆလိုင်းတင်မောင်ဦး ခဲတန်ဖြင့်ရေးသွားခဲ့သော အောက်ပါစာတို ကလေးကို ကိုအောင်စောဦးတွေ့မြင်ခဲ့ရသည်။

**ညီမလေးမလှမြိုင်**

**ညီမလေးအတွက် အကိုကြီးဂုဏ်ယူပါတယ်။**

**တင်မောင်ဦး**

ဆလိုင်းတင်မောင်ဦး၏စာမှာ တိုတောင်းလွန်းလှသည်။ သို့ရာတွင် အဓိပ္ပါယ်မှာမူ လွန်မင်းစွာ ကျယ် ဝန်းသည်။ ၄င်းစာကလေးသည် ကြိုးပေးမခံရခင်အချိန်အထိ သူ၏အာရုံစူးစိုက်မှု မည်သည့်နေရာတွင်ရှိနေ ကြောင်း ပြညွှန်းသည်။ သူ့တွင် ညီငယ်ညီမငယ်မြောက်အများရှိသည့်အနက် မလှမြိုင်တဦးတည်းကိုသာ ရည် ညွှန်းထားသည်။ ဤသည်မှာ သူသည် အခြားညီ၊ ညီမများထက်ပို၍ မလှမြိုင်ကို ချစ်ခင်သည်ဟု ထင်မှတ် မမှားစေလိုပါ။ မှိုင်းရာပြည့် အရေးအခင်းတွင် ကျောင်းသားဆန္ဒပြမှုကို စတင်ဦးဆောင်ခဲ့သော ညီမဖြစ်သူ၏ သတင်းကောင်းကို ဆလိုင်းတင်မောင်ဦးက ဖမ်းဆီးခံရပြီး ထောင်တွင်းရောက်လာသော ကျောင်းသားများထံမှ ကြားသိခဲ့ရပြီးဖြစ်သည်။ သို့ဖြစ်၍ ဆလိုင်းတင်မောင်ဦးသည် ညီမဖြစ်သူ အပေါ် လေးစားမှုပြခဲ့ခြင်း ဂုဏ်ပြုခဲ့ခြင်း သာဖြစ်သည်။

ဘယ်လောက်များ အံ့သြစရာကောင်းပါသနည်း ဟု သူတွေးမိခဲ့မည် ကေန်ဖြစ်သည်။ သူ့ကိုဖမ်းဆီးခဲ့ သော်လည်း ညီမှဖြစ်သူက သူ၏ခြေရာကိုလိုက်နင်းပြီး စစ်အာဏာရှင်စနစ်အား ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည်။ အကယ်၍သူမကို ထပ်မံဖမ်းဆီးခဲ့ပြန်လျှင် အခြားသော ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့်ကျောင်းသားများသည် တဦး ပြီးတဦး သူမကဲ့သို့ပင် ဆက်လက်ဦးဆောင်ကာ စစ်အာဏာရှင်စနစ် ကျဆုံးသည်အထိ တိုက်ပွဲဝင်သွားနိုင်ပါ မည်။ ဤသည်ကို ကြေနပ်စွာတွေး၍ ဆလိုင်းတင်မောင်ဦးသည် ညီမဖြစ်သူထံစာရေးနေစဉ်မှာပင် ပြုံးကောင်းပြုံး နေနိုင်ပါသည်။ ကံမကောင်းစွာပင် ဆလိုင်း တင်မောင်ဦးသည် သူ၏ပုဂ္ဂိုလ်ရေးမြော်မှန်းချက်နှင့် အကျိုးစီးပွားများအား လုံးဝဂရုမထားဘဲ ကြိုးပမ်းစွမ်းဆောင်ခဲ့ သော်လည်း မြန်မာနိုင်ငံတွင်းရှိ အဖိနှိပ်ခံလူထုလွတ်မြောက်မှုကို တွေ့မြင်မသွားခဲ့ရပါ။

ဤကမ္ဘာမြေပြင်အပေါ်၌ ဆက်လက်အသက်ရှင်ရန် ရက်ပိုင်းမျှသာကျန်ရှိတော့သော်လည်း သူ၏စိတ် ဓါတ်ခွန်အား သည် မြင့်မားဆဲ၊ သူ၏ယုံကြည်ချက်သည် ပြင်းထန်ဆဲ၊ အာဏာရှင်စနစ်ကိုအနိုင်ရရှိမည်ဟူသော သူ၏မြော်မှန်းချက်သည် အားကောင်းဆဲဖြစ်ကြောင်းကို ဤစာကလေးက သက်သေပြလျှက်ရှိသည်။ အာဏာ ရှင်စနစ်ကို ဆက်လက်တိုက်ပွဲဝင်ရင်း သူကဲ့သို့အလားတူ ကြမ္မာမျိုးနှင့် ကြုံတွေ့နိုင်သည့် တော်လှန်ရေးသမား များနှင့် ဒီမိုကရေစီရေးလှုပ်ရှားတက်ကြွသူများ အားလုံးအတွက် တိုက်ပွဲဝင်စိတ်ဓါတ်အမွေကို သူချန်ထားရစ်ခဲ့ သည်။ တနေ့သောအခါတွင် လူထု၏လွတ်လပ်မှုကို ဖိနှိပ်သော အာဏာရှင်စနစ်နှင့် အာဏာရှင်များအား လုံးဝ ဉသုံ အောင်မြင်မည်ဖြစ်သည်။ ဤသည်မှာ ဆလိုင်းတင်မောင်ဦး၏ ပြတ်သားခိုင်မာသော စိတ်ဓါတ်ဖြစ်သည်။ ဤစိတ်ဓါတ်သည် အင်းစိန်ထောင်အုတ်နံရံများကို ဖြတ်ကျော်ကာ နောင်အနာဂါတ် ကျောင်းသားမျိုးဆက်များထံ ပျံ့နှံ့သွားခဲ့သည်။

## ကြိုးပေးသတ်ဖြတ်ရန် စီစဉ်ခြင်း

၁၉၇၆ ခုနှစ် ဇွန်လ၂၅ ရက်နေ့တွင် ဆလိုင်းတင်မောင်ဦး၏ဖခင် ဦးလှဒင်သည် သူ့သားနှင့်တွေ့ဆုံရန် အခွင့်အလမ်းရခဲ့သည်။ သားရောဖခင်ပါ နှစ်ဦးလုံး ပြစ်ဒဏ်တိုက် များအတွင်း ရှိနေခဲ့စဉ်ဖြစ်သည်။ စစ်ထောက် လှမ်းရေးသည်

တိုက်၃ ရှိဦးလှဒင်၏အခန်းရှိရာသို ့ရောက်လာပြီး အခန်းအပြင်ထွက်ရန် အမိန် ့ပေးခဲ့သည်။ ဦးလှဒင်ကို လွှတ်တော့မည်ဟုလည်း ၄င်းကပြောသည်။ စင်စစ်အားဖြင့်မူ ယင်းပြောဆိုချက်မှာ မှန်ကန်ခြင်းမရှိပါ။

ဦးလှဒင်၏ဦးခေါင်းကို စောင်တထည်နှင့်အုပ်၍ အခြားအခန်းတစ်ခုသို ့ခေါ်သွားသည်။ အဆိုပါအခန်းသို ့ရောက်သောအခါ စါးပွဲတလုံး၏နောက်တွင် ဆလိုင်းတင်မောင်ဦး ထိုင်နေသည်ကို အံ့ဩဘွယ်ရာတွေ ့ရသည်။ ဦးလှဒင်က ဆလိုင်းတင်မောင်ဦး၏ရှေ့တွင်ထိုင်လိုက်သည်။ ဖခင်ဦးလှဒင်၏ အသွင်အပြင်ကိုတွေ့လိုက်ရသော အခါ သူဝမ်းနည်းသွားပုံပေါ်သည်။ ဦးလှဒင်သည် အစဉ်အမြဲပင် သန့်သန့်ရှင်းရှင်းသပ်သပ်ရပ်ရပ် နေတတ်ခဲ့သူ ဖြစ်သည်။ ယခုထောင်ထဲတွင်မူ ၄င်း၏မုတ်ဆိတ်မွေးများ၊ ပါးသိုင်းမွေးများမှာ လွှန်မင်းစွာရှည်လျှားနေပြီ ဖြစ်ကြောင်း သားဖြစ်သူက သတိပြုမိခဲ့သည်။ ဆလိုင်းတင်မောင်ဦး၏လက်နှစ်ဖက်မှာ စားပွဲအောက်သို့ရောက်နေ သဖြင့် ဖခင်က တွေ ့မြင်ခဲ့ရခြင်းမရှိ။ လက်ထိပ်ခတ်ထားကောင်းထားမည်ဟုထင်ခဲ့ရသည်။ ဗိုလ်မှူးကြီးအဆင့်ရှိ စစ်အရာရှိတဦးသည် ၄င်းတို ့သားအဖနှစ်ဦးအားကြည့်ပြီး အခန်းဒေါင့်တွင် ထိုင်လျှက်ရှိသည်။ ဆလိုင်းတင် မောင်ဦးက ဖခင်အား “အဖေ။ သူတို့ကျွန်တော့ကို သေဒဏ်ပေးလိုက်ပြီ။” ဟုပြောသည်။

ဖခင်က သားကို အကဲခတ်ကြည့်ရှုလိုက်သည်။ မျက်နှာတချက်ပျက်ယွင်းခဲ့ခြင်းမရှိ။ သူသေဒဏ်ကျခံ သည့်အကြောင်းကို ထောင်ထဲ၌ ပြောပြနေသည်မှာ သာမန်အခြေအနေတွင် အိမ်၌မိသားစုတဦးနှင့် တဦးစကား စမြီပြောနေသည့် ပုံမျိုးသာပေါ်သည်။ ထူးခြားတုန်လှုပ်မှုမရှိ။ သူ ့အမူအရာမှာအေးဆေးတည်ငြိမ်ဆဲဖြစ်သည်။ ဖခင်က သက်ပြင်းချရင်းညည်းတွားပြောဆိုသည်။ “ဘာကြောင့်မင်းကိုသေဒဏ်ပေးရမှာလဲ။ မင်းကကျောင်းသား တယောက်ဘဲ။ ဆန္ဒပြပွဲတွေကို ဦးဆောင်တာရာဇဝတ်မှု ကျူးလွှန်တာမှမဟုတ်တာ။ အမှုကိုအယူခံတက်ရမယ်။”

ဆလိုင်းတင်မောင်ဦးက ဖခင်ကိုပြန်ပြောခဲ့သည်။ “ကျောင်းသားကိုသေဒဏ်ပေးတာကမ္ဘာပေါ်မှာ ဘယ် တိုင်းပြည်မှမရှိဘူးအဖေ။ သူတို့လုပ်ရဲရင်လုပ်ကြပါစေ။” ဖခင်နှင့်သားဖြစ်သူတို့ တွေ့ဆုံခွင့်ရချိန်မှာ ၅ မိနစ်ခန့် မျှသာကြာသည်။ ထိုနေ့တွင် စစ်ထောက်လှမ်းရေးက ဆလိုင်းတင်မောင်ဦး၏ညီမငယ်မလှမြိုင်ကို သူမအား ချုပ်နှောင် ထားရာအခန်းမှခေါ်ထုတ်လာခဲ့သည်။ ထို့နောက် လက်ထိတ်ခတ်၊ မျက်နှာကိုအဝတ်စည်းကာ စစ်ဂျစ်ကားထဲ သို့ခေါ်လာခဲ့သည်။ မိနစ်အနည်းငယ်ခန့်ကြာသောအခါ ထောင်အာဏာပိုင်များသည် သူမ၏မိခင် ဒေါ်နှင်းမြိုင် ကိုပါ ဂျစ်ကားထဲသို ့ထပ်မံခေါ်လာပြီး ၄င်းတို့နှစ်ဦးလုံးအား သာယာဝတီထောင်သို့ပို့ ဆောင်ခဲ့သည်။ ကား မောင်းနေစဉ် မိခင်ကသူမအား ပြောပြခဲ့သည်။ စစ်ဂျစ်ကားပေါ်မတက်ခင် သားဖြစ်သူ ဆလိုင်းတင်မောင်ဦးအား တွေ ့ခဲ့ရသည်ဟူ၍ဖြစ်သည်။ မလှမြိုင်၏ မောင်ငယ်နှစ်ဦးဖြစ်သူကိုလှရွှေနှင့်ကိုမြဒင်တို့ကိုလည်း လက်ထိတ် ခတ်၊ မျက်နှာကိုအဝတ်စည်းကာ အခြားစစ်ဂျစ်ကားတစီးထဲ သို့ခေါ်လာခဲ့သည်ကို တွေ ့မြင်ခဲ့ရသည်။ မလှမြိုင် တို ့မိသားစုတစုလုံးမှာအပြစ်ကင်းမဲ့သူများဖြစ်ကြသော်လည်း ထိုစဉ်ကစစ်ထောက်လှမ်းရေးများနှင့် ထောင် အာဏာပိုင်များက ၄င်းတို့အပေါ် ပြုမူဆောင်ရွက်နေကြပုံမှာ လက်နက်ကိုင်အကြမ်းဖက်သမား အုပ်စုတစုကို အရေးယူကိုင်တွယ်နေကြသကဲ့သို့ဖြစ်သည်။ ပထမတွင် ကိုတင်မောင်ဦး၏မိသားစုတစုလုံးမှာ ထိုနေ့က မည် သည့်အရာများဖြစ်ပျက်နေကြကြောင်း မသိရှိခဲ့ကြ။ စင်စစ်အားဖြင့်မူ အာဏာပိုင်များသည် နောက်တနေ ့တွင် ကိုတင်မောင်ဦးအားကြိုးပေးသတ်ဖြတ်ရန်အတွက် ကြိုတင်စီစဉ် လုပ်ဆောင်နေခဲ့ကြခြင်းဖြစ်သည်။ ကြိုးပေး သတ် ဖြတ်နေစဉ်အတွင်း ထောင်တွင်းဆူပူမှုများ မဖြစ်ပွားစေရန် ရှောင်ရှားလို၍ဖြစ်သည်။ သို ့ဖြစ်၍ဆလိုင်းတင် မောင်ဦး နှင့် မိသားစုဝင်များအားလုံး အင်းစိန်ထောင်အတွင်းအတူတကွ ရှိနေကြရာမှ ကိုတင်မောင်ဦးမှလွဲ၍ ကျန်သူများအားလုံးကို အခြားထောင်အသီးသီးသို ့ ခွဲပြီးပို့ဆောင်ကာ ဆက်လက်ချုပ်နှောင်ထားခဲ့ကြသည်။

ကိုလှရွှေနှင့် ကိုမြဒင်အား မျက်လုံးကို အဝတ်စည်းထားပြီး ထောင်အပြင်တွင် စောင့်ဆိုင်းထားခိုင်းစဉ် စစ်ထောက်လှန်းရေးသည် ဖခင်ဦးလှဒင်အား ထောင်အပြင်သို့ ထုတ်လာပြီး ဂျစ်ကားရှိရာသို ့ခေါ်ဆောင်လာခဲ့ကြသည်။

ထို့နောက် သားအဖသုံးဦးစလုံးကို တောင်ငူထောင်သို့ ပို့ဆောင်ခဲ့ကြသည်။ နံက်ပိုင်းတွင် စတင်ထွက်ခွါ လာခဲ့ကြပြီး လမ်းငယ်များတလျှောက် တနေ့လုံးမောင်းလာခဲ့ကြသည်။ တောင်ငူထောင်သို့ညကိုးနာရီခန့်တွင် ရောက်ရှိပြီး အိပ်ရာဝင် ခဲ့ကြသည်။ နောက်တနေ့နံက်တွင်ဖခင်က သားနှစ်ဦးလုံးအား ခေါ်နိူးထပြီး ၄င်းတို့အကို ကြီး ဆလိုင်းတင်မောင်ဦးအတွက် စုပေါင်းဆုတောင်းကြဘို့ပြောသည်။ ဆုတောင်းနေစဉ်အတွင်း ဖခင်သည်သူ့ ကိုယ်သူထိမ်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ ဝမ်းနည်း စွာ ငိုကြွေးခဲ့သည်။ ငိုကြွေးနေသောဖခင်ကိုကြည့်၍ သားနှစ်ဦးလုံး မှာ အံ့သြစွာမှင်သက်မိနေခဲ့ကြသည်။ သူတို့ဖခင် ငိုကြွေးသည်ကို တွေ့မြင်ရသည်မှာ သူတို့ဘဝတလျှောက်လုံး တွင် ပထမဦးဆုံးအကြိမ်ဖြစ်သည်။ ဖခင်ဦးလှဒင်သည် သား တင်မောင်ဦးနှင့်တွေ့ဆုံခဲ့စဉ် သားဖြစ်သူက ၄င်းအား သေဒဏ်ပေးလိုက်ပြီဖြစ်ကြောင်း ပြောသည်ကို ကြားသိခဲ့ရသော်လည်း သူ့ကိုယ်သူ ထိမ်းနိုင်ခဲ့သည်။ သားတင် မောင်ဦး၏ စိတ်ဓါတ်ကို မြှင့်တင်ပေးလို၍ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မျက်ရည် တစက်မကျခဲ့ပါ။ သို့ရာတွင် ဆလိုင်းတင်မောင်ဦးမျက်ကွယ်သို့ရောက်ရှိပြီး အခြားသားနှစ်ဦးနှင့်အတူ ရှိနေသောအခါတွင်မူ သူ့ကိုယ်သူထိမ်း နိုင်ခြင်းမရှိခဲ့တော့ပါ။ သူ၏သားကြီးအပေါ် ချစ်ခင်သောမေတ္တာစိတ်သည် ပြင်းထန်စွာနိုးကြားလာခဲ့သည်။ ဖခင်၏ နှလုံးသည် ပေါက်ကွဲသွားခဲ့ပါပြီ။

ခရမ်းမြို့နယ်မှ ကိုကျော်သွင်သည် ကိုမောင်မောင်တိတ်၊ စေါလှဌေး၊ ဇော်ငြိမ်းလတ်ခေါ် ကိုငြိမ်း၊ ကိုသိန်းလွင် တို့ အပါအဝင် အခြားကျောင်းသားများနှင့်အတူ ပြစ်ဒဏ်တိုက်ခန်းများထဲတွင် ချုပ်နှောင်ခြင်းခံခဲ့ရ သူဖြစ်သည်။ ဆလိုင်း တင်မောင်ဦးကိုကြိုးပေးကွပ်မျက်ခြင်း မပြုမီ တရက်အလို၌ အကျဉ်းထောင် အာဏာပိုင် များသည် ကိုတင်မောင်ဦးအား ချုပ်နှောင်ထားရာ အခန်းအနီးတဝိုက်ရှိ အခြားအခန်းများမှ ကျောင်းသားများ အားလုံးအားနေရာရွှေ့ပြောင်းခဲ့ကြောင်း သူအမှတ်ရသည်။ ဤနည်းဖြင့် ထောင်အာဏာပိုင်များသည် ဆလိုင်း တင်မောင်ဦးအား တဦးတည်း အထီးကျန်ထားခဲ့သည်။ ကိုကျော်သွင်သည် မူလကတိုက်အမှတ် (၄) အပေါ် ထပ် ရှိ အခန်း (၄) တွင်ရှိနေခဲ့သည်။

အဆိုပါ အပေါ်ထပ်အခန်းမှ နေ၍ကြည့်လျှင် ကြိုးစင်ကို ကောင်းမွန်စွာ မြင်နိုင်ပါသည်။ သို့ရာတွင် ကိုကျော်သွင် အပါဝင် အပေါ်ထပ်အခန်းထဲရှိကျောင်းသားများအား ထောင်အာဏာပိုင်များက အောက်ထပ်သို့ ရွှေ့ ပြောင်းခဲ့ကြသည်။

ကိုတင်မောင်ဦး၏အဒေါ်သည် ၄င်းအားလွန်စွာချစ်ခင်သည်။ ကိုတင်မောင်ဦးအားကြိုးပေးခဲ့ချိန်က တာ ဝန်ကျနေခဲ့ သော ထောင်အမှုထမ်းတဦးနှင့် သူမက အဆက်အသွယ်ရခဲ့သည်။ ထိုထောင်အမှုထမ်းမှာချင်းအမျိုး သားဖြစ်သည်။ ထိုသူက အဒေါ်အား ကြိုးပေးချိန်က ဖြစ်ရပ်များကို ပြန်ပြောပြခဲ့သည်။

ထိုညက စစ်အရာရှိများနှင့် ထောင်အာဏာပိုင်များသည် ကိုတင်မောင်ဦးအားကြိုးစင်ပေါ်သို့ ခေါ်ယူ သွားရန် ၄င်း၏အခန်းရှိရာသို့ရောက်လာခဲ့ကြသည်။ မိုးအနည်းငယ်ရွာလျှက်ရှိပြီး မိုးကောင်းကင်မှာ လွန်မင်းစွာ အုံ့မှိုင်းနေခဲ့သည်။ မကောင်းသည့်အရာတခုခု ဖြစ်ပွားတော့မည်ကို သဘာဝကြီးက သိထားနေ သည့်ပုံမျိုးပင်။ ၄င်းတို့၏အစီအစဉ်မှာ ကိုတင်မောင်ဦးအား လျှို့ဝှက်စွာ ကွပ်မျက်ရန်ဖြစ်သည်။ ကိုတင်မောင်ဦး ကိုချုပ်နှောင် ထားရာ အခန်း၏တံခါးကို ဖွင့်လိုက်ပြီး နောက် အပြင်ထွက်လာရန် အာဏာပိုင်များက ၄င်းအား အမိန့်ပေးခဲ့သည်။ ၄င်း၏လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်လျှက် "ရဲတဲ့လူ အခန်းထဲဝင်လာခဲ့။" ဟု ကိုတင် မောင်ဦးက စိမ်ခေါ်လိုက်သည်။ ကိုတင်မောင်ဦးကိုအခန်းထဲမှ ဆွဲခေါ်ထုတ်ရန် အသန်မာဆုံးလူသုံးလေးဦး အခန်းထဲသို့ဝင်လာခဲ့ကြသည်။ ကိုတင်မောင်ဦးက ပြန်လည်ခုခံတိုက်ခိုက်ရာ အားလုံးမှောက်သွားခဲ့ကြသည်။ ကျန်သူများမှာ ကိုတင်မောင်ဦးအခန်းထဲးသို့ဆက်လက်ဝင်ရောက်ရန် မဝန့်ရဲကြတော့။ ဤတွင် ၄င်းတို့သည် ငါးမျှားချိတ်ကြီးများ တပ်ထားသော ကြိုးကြီးများကို ဝှေ့ရမ်းပြသပြီး "ဟေ့ တင်မောင်ဦး။ မင်း အေးအေးဆေး ဆေး အပြင်ကိုထွက်လာ။ မထွက်လာရင် ဒီငါးမျှားချိတ်တွေကိုသုံးပြီး မင်းကိုအပြင်ခေါ်ထုတ်ရလိမ့်မယ်။"

ထိုအခါတွင် ကိုတင်မောင်ဦးသည် ဦးခေါင်းကိုမော့လျှက် အခန်းအပြင်သို့ တလှမ်းခြင်းလှမ်းထွက်လာခဲ့ သည်။ ထောင်အာဏာပိုင်များက ၄င်း၏လက်နှစ်ဖက်ကို နောက်ပြန်ထား၍ ကြိုးနှင့်ချည်နှောင်လိုက်သည်။ ခေါင်းစွပ်အဝတ်အမဲကြီးနှင့် ကိုတင်မောင်ဦး၏ဦးခေါင်းအား စွပ်ရန်ကြိုးစားသည်ကို ၄င်းကလက်မခံ ငြင်းဆန်ခဲ့သည်။

ထို့နောက် စစ်အရာရှိများနှင့်ထောင်အာဏာပိုင်များသည် ကိုတင်မောင်ဦးအား ကြိုးစင်ရှိရာသို့ဆွဲ ခေါ်သွားကြသည်။ ကိုတင်မောင်ဦးက လျှောက်လှမ်းရင်း "ရဲဘော်တို့။ သူတို့ငါ့ကို ခိုးသတ်နေကြပြီ။" ဟု ထပ် ခါတလဲလဲ အော်ဟစ်ခဲ့သည်။ ကြိုးပေးသည့်အချိန်၌ ထောင်ထဲတွင်ရှိနေဆဲဖြစ်သော ကျောင်းသားများကို ဦးတည် ၍ ကိုတင်မောင်ဦးက ထိုကဲ့သို့ အော်ဟစ်လိုက်သည့်အခါတိုင်း ၄င်း၏အော်သံကို အခြားအကျဉ်းသားများ မကြားစေရန် ထောင်အာဏာပိုင်များ နှင့် ဝါဒါများက လက်ခုပ်တီးခြင်း၊ အော်ဟစ်ခြင်းများအပါအဝင် အသံ ဆူဆူညံညံများထွက်အောင် လုပ်ခဲ့ကြသည်။ ကိုတင်မောင်ဦးအားကြိုးပေးနေသည့်အချိန်၌ ယင်းကဲ့သို့ထွက် ပေါ်နေ သည့်အသံကြီးများကို ထိုစဉ်က ပြစ်ဒဏ်တိုက်များတွင်ရှိနေခဲ့သော အကျဉ်းသားများ ကျောင်းသားများ ကြားခဲ့ကြပြီး တခုခုတော့ ဖြစ်နေပြီဟု ခန့်မှန်းနိုင်ခဲ့ကြသည်။

## ကြိုးပေးခြင်း

ဆလိုင်းတင်မောင်ဦး၏လည်ပင်းကို ကြိုးကွင်းစွပ်ပြီးနောက် တာဝန်ကျစစ်အရာရှိက နောက်ဆုံးစကား အ နေနဲ့ ဘာပြောကြားခဲ့ခြင်သလဲ ဟု ၄င်းအားမေးသည်။

**"မင်းတို့ ငါ့ ခန္ဓာကိုယ် ကိုသာ သတ်လို့ရမယ်။ ငါ့ရဲ့ ယုံကြည်ချက်နဲ့ ရပ်တည်ချက်တွေကို တော့ ဘယ်တော့မှသတ်လို့ရမှာ မဟုတ်ဘူး။ မင်းတို့ စစ်ဘိနပ်အောက်မှာ ငါ ဘယ်တော့မှ ဒူးထောက်မှာ မဟုတ်ဘူးကွ။"** ဟူ၍ ဆလိုင်းတင်မောင်ဦး က ဟစ်ကြွေးခဲ့သည်။

ထို့နောက် ကြိုးစင်၏ ဒေါက်ကိုဖြုတ်ကာ ၄င်းအား ကွပ်မျက်ခဲ့ကြသည်။ ကိုတင်မောင်ဦး၏ ခန္ဓာကိုယ်သည် မိနစ်အနည်းငယ်ကြာမျှ ကြိုးတွဲလောင်းနှင့် လှုပ်ရှားရုန်းကန်နေခဲ့ပြီး ငြိမ်သက်သွားခဲ့သည်။ အာဏာပိုင်များက သူ၏အလောင်းကိုသချိုင်းကုန်းသို့ သယ်သွားပြီး ချက်ချင်းပင်မီးသင်္ဂြိုဟ် ခဲ့ကြသည်။ ဤအကြောင်းကို လျှို့ဝှက် အဖြစ်ထားရန်၊ မည်သူ့ကိုမျှ ပြန်လည်ပြောကြားခြင်းမပြုရန် ထောင်ဝန်ထမ်းက အဒေါ်ထံမှ က တိ တောင်းသည်။ အဒေါ်ကလည်း ကိုတင်မောင်ဦး၏ မိသားစု အရင်းများမှလွဲ၍ ပြောကြားခဲ့ခြင်းမရှိ။ ယခုအချိန်အထိ မြန်မာနိုင်ငံအတွင်းမှာပင် ရှိနေနိုင်သေးသော ထောင်ဝန်ထမ်းနှင့် အဒေါ်တို့၏လုံခြုံရေးကိုထောက်ရှု၍ ၄င်းတို့၏အမည်များအား ထုတ်ဖေါ်နိုင်ခြင်းမရှိသေးပါ။

သူရသတ္တိနှင့် ပြည့်စုံသော ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးအားကြိုးပေးခဲ့သည့် ၁၉၇၆ ခုနှစ် ဇွန် ၂၆ ရက်နေ့သည် သမိုင်းဝင်သည့်နေ့ ဖြစ်သွားခဲ့ပါပြီ။ မြန်မာနိုင်ငံအား ဗြိတိသျှက စတင်နယ်ချဲ့အုပ် ချုပ်ခဲ့သည့် ၁၈၂၄ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ်အထိကာလ နှစ်ပေါင်း ၁၈၇ နှစ် အတွင်း မည်သည့်ကျောင်းသားခေါင်း ဆောင် တဦးတလေကိုမျှ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်ဖြင့် နည်းလမ်းတကျ သေဒဏ်ပြစ်ဒဏ်စီရင်ခဲ့ဘူးခြင်း မရှိပါ။ ကြိုးဒဏ်စီရင်ခြင်းခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားများအနက် ဆလိုင်းတင်မောင်ဦး တဦးတည်းသာလျှင် အာဏာရှင်စနစ်အား ၄င်း၏နောက်ဆုံးထွက်သက် ထုတ်လွှတ်ရမည့် ကြိုးစင်ပေါ်ရောက်သည်အထိတိုက်ပွဲဝင် သွားခဲ့သည်။ တော်လှန်ရေးဆက်လက်ဆင်နွှဲကြမည့် ကျောင်းသားလူငယ်မျိုးဆက် သစ်များအတွက် တိုက်ပွဲဝင် စိတ်ဓါတ် အမွေကို ကြိုးစင်ပေါ်မှနေ၍ ချန်ထားခဲ့သည်။ ယင်းသို့ရပ်တည်ချက်ကောင်းမွန်လှသော ဆလိုင်းတင်မောင်ဦးအား သမိုင်းတွင်မှတ်တမ်းတင်သင့်သည်ကို အငြင်းပွားဘွယ်မရှိပါ။

၄င်းအားကြိုးပေးကွပ်မျက်ပြီးသည့်နောက်တွင် ၄င်း၏မိသားစုဝင်အားလုံး၏အခြေအနေမှာ မည်သို့ရှိပါ သနည်း။ အကောင်းဘက် အဆိုးဘက် နှစ်ဘက်လုံးမည်သို့ ခံစားခဲ့ကြရပါသနည်း။ ဆလိုင်းတင်မောင်ဦးနှင့် ၄င်း ၏မိသားစုများ၏ဘဝကို ခွဲခြား၍မရပါ။ သို့ဖြစ်၍ အထက်ပါမေးခွန်းများ၏အဖြေကိုရရှိနိုင်ရန် မိသားစုများ၏ဘဝ အခြေအနေကို လေ့လာထိုက်ပါသည်။

နေ့စဉ်ပင် အကျဉ်းထောင်အတွင်း၌ ကိုလှရွှေသည် တောင်ငူထောင်၏ ဆိုးဝါးသောအခြေအနေများ အောက်တွင် ရုပ်ပိုင်းအရရော စိတ်ပိုင်းအရပါ တဖြေးဖြေးအားနည်းလာနေသော ဖခင်အား ကြည့်ရှုစောင့်ရှောက် ခဲ့ရသည်။ တနေ့တွင် ရင်ကြပ်ရောဂါရနေသော ဘုန်းကြီးတစ်ပါးထောင်တွင်း၌ ပျံလွန်တော်မူသွားခဲ့သည်။ ထိုအကျဉ်းချခံနေရသော ဘုန်းကြီးသည် အကယ်၍သာ အဟာရရှိသော အစားအစာနှင့် ဆေးဝါးအနည်းငယ် သာ ရရှိခဲ့မည်ဆိုပါက အသက်ဆုံးရှုံးမည်မဟုတ်ပါ။

ပျံလွန်တော်မူသွားခဲ့သည့် ရဟန်းတော်နှင့် အလားတူသော ရောဂါလက္ခဏာများ ရှိလာပြီးနောက် ဦးလှဒင်၏ ကျန်းမာရေးသည် လျှင်မြန်စွာဆိုးဝါးလာခဲ့သည်။ အသက်ရှူရခက်ခဲလာသည်။ ဝမ်းကိုက်ရောဂါရလာသည်။ သွေးသွန်လာ ခဲ့သည်။ အလွန်အားနည်းလာခဲ့သဖြင့် သတိလစ်သွားခဲ့ရသည်။ ကိုလှရွှေသည် ထောင်အ စောင့်များထံသို့ အပြေးအလွှား သွားရောက်ခဲ့ပြီး ဆေးဝါးကုသမှုအတွက် အကူအညီတောင်းခံခဲ့သည်။ ဆေးရုံမှ ပြန်လည်ထွက်ခွာတော့မည့်ဆဲဆဲ ဖြစ်သော ဆရာဝန်သည် ကိုလှရွှေနှင့်အတူပြန်လည်လိုက်ပါလာပြီး ဦးလှဒင် အား စစ်ဆေးကြည့်ရှုသည်။ ထိုမျှလောက်အထိ ဆိုးဝါးသောအခြေအနေရောက်သည်အထိ ဦးလှဒင်အား ပစ်ထားခဲ့သော ထောင်အမှုထမ်းများအား ဆရာဝန်က စိတ်ဆိုး သည်။

ဦးလှဒင်မှာ ခန္ဓာကိုယ်အတွင်း သွေးရည်များ ခြောက်ခန်းလာနေပြီ ဖြစ်သဖြင့် သွေးသွင်းပိုက် ကိရိယာနှင့် ဆက်ထားသည့် ဆေးထိုးအပ်သွင်းရန် သွေးပြန်ကြောကိုပင် ရှာဖွေ၍မတွေ့ခဲ့ပါ။ သွေးပြန်ကြောကို ရှာဖွေရန် ဦးလှဒင်၏ လက်တွင် အရေပြားကို ဖြတ်ခဲ့ရသည်။ အကယ်၍ နောက်ထပ် ၁၀ မိနစ်မှ ၁၅ မိနစ်ခန့်အတွင်း ဆေးဝါးကုသမှု မရရှိပါက ဦးလှဒင် အသက်ဆုံးရှုံးမည်ဖြစ်ကြောင်း ဆရာဝန်က ကိုလှရွှေအားပြောသည်။ ဦးလှဒင်သည် နှစ်ရက်တာခန့် သတိလုံးဝ မရဘဲ မေ့မြောနေခဲ့သည်။

## ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများ၏ ချစ်ခြင်းမေတ္တာ

သတိကင်းလွတ်နေသောဖခင်ကိုကြည့်ရှုရင်း ကိုလှရွှေသည် ရှုံးသွပ်တော့မည် ကဲ့သို့ပင်ခံစားခဲ့ရသည်။ ငါတို့မိသားစု ဘာတွေဖြစ်ကုန်ပြီလဲ ဟု စိတ်ထဲတွင် မေးမိသည်။ အကိုကြီးဖြစ်သူ သေဒဏ်စီရင်ခံခဲ့ရပြီ။ မိခင်နှင့် အမကြီးမှာလည်း အခြားထောင်တစ်ခုတွင် ဒုက္ခခံစားနေကြရသည်။ အရွယ်မရောက်သေးသော ညီငယ် ညီမ ငယ်များသည်လည်း ရန်ကုန်ရှိ နေအိမ်တွင် အားကိုးရာမဲ့ဖြစ်လျှက်ရှိသည်။ တဖန် ယခု ဖခင်ဖြစ်သူမှာလည်း သေ တော့မည့်ဆဲဆဲ။ ကိုလှရွှေ၏စိတ်အစဉ်တွင် အလိုမကျခြင်း၊ ဒေါသထွက်ခြင်းနှင့် ဝမ်းနည်းခြင်း တို့ရောပြွမ်းလျှက် ရှိခဲ့သည်။ ကံကောင်းစွာပင် နှစ်ရက်ကြာပြီးနောက် ဦးလှဒင်၏ အသက်ရှူမှုမှာ ပို၍ တည်ငြိမ်လာသည်။ သို့ရာ တွင် နောက်ထပ်အခက်အခဲတစ်ခုကို ရင်ဆိုင်ကြရပြန်သည်။ ဦးလှဒင်အားသွင်းပေးရန် အိုင်ဗွီ အရည်များမရှိ တော့ကြောင်း၊ မှောင်ခိုဈေးကွက်တွင်ဝယ်ရန် ငွေလိုအပ်ကြောင်း ဆရာဝန်က ကိုလှရွှေအားပြောသည်။ ဆလိုင်းတင်မောင်ဦး၏ဖခင် အသေအသန်ဖြစ်နေကြောင်းနှင့် အရေးပေါ်ဆေးဝါးကုသမှုအတွက် ငွေလိုအပ်နေ ကြောင်း သတင်းမှာ ထောင်အတွင်း လျှင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။

ထို့နောက် နှစ်ကြီးသမား အကျဉ်းသားများသည် ထောင်တွင်း၌ ပစ္စည်းလဲလှယ်ရာတွင် ငွေကြေးကဲ့သို့အသုံးပြု လျှက်ရှိသော ဆေးပေါ့လိပ်များအား စုဆောင်းကြသည်။ ထိုအချိန်က ထောင်ထဲတွင် အကျဉ်းသား သုံးထောင်ခန့်ရှိသည့်

အနက် အားလုံးနီးပါးက ဆေးပေါ့လိပ်များ လှူဒါန်း ခဲ့ကြသည်။ အဆိုပါဆေးပေါ့လိပ် များအား ထောင်ဝါဒါတဦး၏ အကူအညီကိုရယူ၍ ထောင်အပြင်တွင် ရောင်းစေခဲ့သည်။ ရရှိလာသောငွေဖြင့် ဦးလှဒင် ဆေးဝါးကုသမှုအတွက် လိုအပ်လာမည့် ကုန်ကျငွေကို သုံးစွဲသွားရန် ဖြစ်သည်။

ဦးလှဒင်သည် ထောင်ဆေးရုံတွင် သုံးလလောက်တက်ခဲ့ရသည်။ ထိုကာလအတွင်းတွင် အကျဉ်းသား များသည် ဆေးပေါ့လိပ်များဆက်လက်စုဆောင်းကောက်ယူခဲ့ပြီး ဦးလှဒင်ကိုလည်း ဝိုင်းဝန်းစောင့်ရှောက်ခဲ့ကြ သည်။ မြန်မာနိုင်ငံလူထု လွတ်မြောက်ရေးအတွက် စဉ်ဆက်မပြတ် တိုက်ပွဲဝင်လျှက်ရှိသော ကျောင်းသားခေါင်း ဆောင်ဆလိုင်းတင်မောင်ဦးကို သူတို့ ကောင်းမွန်စွာသိရှိပြီး များစွာလေးစားမှုရှိကြသည်။ ဦးလှဒင်အား ဆလိုင်း တင်မောင်ဦး၏ ဖခင်မှန်းသိရှိသဖြင့် ယင်းကဲ့သို့ အထူးတလည် ကူညီပံ့ပိုးကြခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ဦးလှဒင်၏ ကျန်းမာရေးမှာ တစတစ တိုးတက်လာခဲ့သည်။ အကျဉ်းသားများ၏ ကြင်နာသောစောင့်ရှောက်မှုနှင့် ကောင်းမှုပြုချက်ကြောင့် ဦးလှဒင်မှာ ယနေ့အချိန်အထိ အသက်ရှင်နေရခြင်းဖြစ်သည်။

သူ၏ကိုယ်ပိုင်အတွေ့အကြုံအရ ဦးလှဒင်သည် သားကြီး ဆလိုင်းတင်မောင်ဦးအနေဖြင့် သူ့အပေါ် သွယ်ဝိုက်၍ ကောင်းကျိုးပြုခဲ့သည့်အပေါ် အသိအမှတ်ပြု၍ တန်ဘိုးလည်းထားရှိသည်။ ထောင်ထဲတွင် ထိမ်း သိမ်းခံထားရစဉ်အတွင်း ဒုက္ခဆင်းရဲများ ကြုံတွေ့ခဲ့ရသော်လည်း ဆလိုင်းတင်မောင်ဦး၏ဖခင် ဖြစ်ရခြင်းအတွက် သူ ဂုဏ်ယူသည်။ လူ့အဖွဲ့အစည်း အကျိုးအတွက် သားဖြစ်သူ၏ ကောင်းမှုပြုချက်ကြောင့် ဖခင်သည် ထောင်တွင်းတွင် ဖြစ်သော်ငြားလည်း ကြင်နာမှုများ ကိုသာမက ဂုဏ်သိက္ခာကိုပါ ရရှိခဲ့သည်။ သူ၏ ကောင်းမြတ်သော သားကြီးအပေါ် ဖခင်ကထားရှိသည့် ကြီးမားသော မေတ္တာမှာလည်း ဤကမ္ဘာဆုံးသည့်တိုင် ကုန်နိုင်ဘွယ်မရှိ။ သူတို့တမိသားစုလုံး ယနေ့အချိန်အထိ ရပ်တည်ရှင်သန်ရာတွင် ချစ်ခြင်းမေတ္တာသည် အဓိကကျသော အခန်း ကဏ္ဍမှ ပါဝင်ကြောင်းကို ဆလိုင်းတင်မောင်ဦး၏ မိဘနှစ်ပါးလုံးသည် ကောင်းမွန်စွာသိရှိကြသည်။

၁၉၈၀ ခုနှစ်တွင် မဆလစစ်အစိုးရသည် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကြေငြာ၍ နိုင်ငံရေး အကျဉ်းသားများ အားလုံးကို လွှတ်ပေးခဲ့သည်။ သခင်စိုးအပါအဝင် နိုင်ငံရေးအကျဉ်းသား အမြောက်အများလွတ်လာကြ သည်။ သခင်စိုးသည် အလံနီကွန်မြူနစ်ပါတီ တည်ထောင်၍ လက်နက်ကိုင်စွဲကာ စစ်အစိုးရကို တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ ၄င်းအပြင် ဦးထွေးမြင့် နှင့် လောစစ်ဟန် တို့လည်းလွတ်လာကြသည်။ ၄င်းတို့သုံးဦးလုံးမှာ သေဒဏ် ပြစ်ဒဏ် ချခံထားကြရပြီးမှ အသတ်မခံရဘဲ လွတ်လာကြသူများဖြစ်သည်။ ထိုအချိန်၌ ဆလိုင်းတင်မောင်ဦး၏ မိဘ နှစ်ပါးသည် ၅ နှစ်ပြစ်ဒဏ်ကို ခံစားပြီးနောက် အိမ်ပြန်ရောက်နေပေပြီ။ မလှမြိုင်နှင့် ကိုလှရွှေတို့မှာမူ လွတ်ငြိမ်းချမ်းသာခွင့် ကာလအတွင်း လွတ်မြောက်လာကြခြင်း ဖြစ်သည်။

အစိုးရအာဏာပိုင်များသည် ဆလိုင်းတင်မောင်ဦးအားနည်းလမ်းတကျ ကွပ်မျက်ခဲ့ခြင်းနှင့် စပ်လျှဉ်း၍ မိသားစုဝင်များအား မည်သည့်အခါကမျှ တရားဝင်အကြောင်းကြားခဲ့ခြင်း မရှိပါ။ ယင်းနှင့်စပ်လျှဉ်း၍ ဦးလှဒင်က ရှေ့နေတဦး နှင့် တွေ့ဆုံပြီးဥပဒေရေးရာအကြံဥာဏ်တောင်းခံသည်။ ဆလိုင်းတင်မောင်ဦးအား ချမှတ်ထားခဲ့သော သေဒဏ်ပြစ်ဒဏ်ကို လက်တွေ့ပေါ်ဆောင် စီရင်ပြီးခြင်း ရှိမရှိ၊ ၄င်း၏ မိသားစု၏ ဘာသာရေးယုံကြည်မှု များနှင့်အညီ လုပ်ဆောင်ဘွယ်ရာများကို လုပ်ဆောင်ပြီးခြင်းရှိမရှိ မေးမြန်းသည့် အသနားခံလွှာတခုကို အာဏာပိုင်များထံ တင်သွင်းပြီး တရားဝင်မေးမြန်းရန် အဆိုပါ ရှေ့နေက အကြံပြုခဲ့သည်။

ရှေ့နေက ပြင်ဆင်ရေးသားပေးလိုက်သော အဆိုပါအသနားခံလွှာကို ကိုင်၍ မိဘနှစ်ပါးဖြစ်သော ဦးလှဒင် နှင့် ဒေါ်နှင်းမြိုင်တို့သည် ရန်ကုန်မြို့ကုက္ကိုင်းရှိ ဦးနေဝင်း နေအိမ်သို့သွားကြသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဥက္ကဌ

ဦးနေဝင်းသည် အသနားခံလွှာကို အရေးယူဆောင်ရွက်ရန် အခွင့်အာဏာရှိကြောင်း၊ အောက်မေ့ဘွယ် အခန်းအနားကျင်းပခွင့် ပြုနိုင်ကြောင်း အဆိုပါ ရှေ့နေက အကြံပေးလိုက်သောကြောင့် ဖြစ် သည်။ ဦးနေဝင်းအိမ်ခြံတံခါးဝသို့ ရောက်သောအခါ လုံခြုံရေးအရာရှိများက ၄င်းတို့အားရပ်တန့်စေ၍ မည် သည့် ကိစ္စအတွက် လာရောက်ကြောင်းမေးမြန်းသည်။ သူတို့က အသင့်ယူလာသော အသနားခံလွှာကို ပြလိုက်သည်။ ၄င်းတို့က အသနားခံလွှာကိုဖတ်ပြီးနောက် ဦးလှဒင်နှင့် ဒေါ်နှင်းမြိုင်တို့အား သေနတ်များဖြင့် ထုတ်ချိန်ကာ ကျောက်သားပမာခက်ထန်သော မျက်နှာများဖြင့် "ခင်ဗျားတို့အခုချက်ခြင်း သေသွားချင်သလား" ဟု ခြိမ်းခြောက်သည်။ ချိန်ထားသော သေနတ်များကို ကြည့်ရင်း နေရာတွင်ပင် ပွဲခြင်းပြီးသေနတ်ဖြင့် ပစ်သတ်ခံရမည်ကို ကြောက်လန့်ကြသဖြင့် ဦးလှဒင်နှင့် ဒေါ်နှင်းမြိုင်တို့သည် ဖိနပ်များကိုပင် မစီးနိုင်တော့ဘဲ အဆိုပါ လုံခြုံရေးဂိတ်နေရာမှ ခြေကုန်နှင်ကာ ထွက်ပြေးလာခဲ့ကြရသည်။ အာဏာပိုင်များက မိဘနှစ်ပါးအား ထို ကဲ့သို့ လူမဆန်စွာ ပြုမူခဲ့သည့် အပေါ် မိသားစုတစုလုံးက ခံပြင်း၊ အရှက်ရ၊ ဒေါသထွက်၊ ဝမ်းနည်းခဲ့ကြရသည်။ ဆလိုင်းတင်မောင်ဦး၏ မိသားစုအတွက် ဆယ်စုနှစ်ပေါင်းများစွာ အမှောင်ထုကြီးဖုံးလွှမ်းလျှက်ရှိဆဲ၊ တရားမျှတမှုကို ငြင်းဆိုခံထားကြရဆဲဖြစ်သည်။

မိသားစုဝင်များသည် ဆလိုင်းတင်မောင်ဦးအား လွမ်းဆွတ်သတိရကြသည့်အခါတိုင်း ၄င်း အသက် ၂၃ သားအရွယ်က ရိုက်ကူးထားခဲ့သော ဓါတ်ပုံကလေးကို ကြည့်လေ့ရှိကြသည်။ ဓါတ်ပုံ၏ ကြောဘက်တွင် ရေးသား ထားသော ၄င်း၏ စာကလေးသည် မေတ္တာတရားနှင့် ပြည့်ဝသော ကျောင်းသားလူငယ်တဦး၏ စစ်မှန်သော ရည်ရွယ်ချက်ကို ဖေါ်ညွှန်းသည်။

**လူအဖြစ် အသက်ရှင်ရာ ဤလောကကြီးတွင် အချစ်ဆုံးဖြစ်ကြသော**

**အပါး၊ အမေ၊ အန်တီနှင့် ညီငယ် ညီမငယ်များ၊**

**အကိုကြီးရဲ့ ဒီဓါတ်ပုံကို ကြည့်တိုင်းကြည့်တိုင်း အားငယ်စိတ်တွေ၊ ဝမ်းနဲစိတ်တွေ**

**မမွေးမြူကြပါနဲ့။ တရားမျှတမှု၊ လွတ်လပ်မှုနဲ့ လူသားပီသစွာ အသက်ရှင်နေနိုင်မှုတို့အတွက်**

**လျှောက်လှမ်းနေတဲ့ အကိုကြီးဟာ ဘယ်တော့မှ ဒုက္ခမရောက် သက်မပျောက်ဘဲ**

**သာယာလှပတဲ့ နေ့တနေ့မှာ ပျော်ရွှင်စွာ ပြန်လည်ဆုံစည်းရမှာပါ။**

**တင်မောင်ဦး**

# (၁၈)

## ကြာပန်းတပွင့်၏ နိဂုံး

### ချစ်ခြင်းမေတ္တာ နှင့် ဥပဒေစိုးမိုးရေးမှသည် ကမ္ဘာ့ငြိမ်းချမ်းရေး သို့

တရားမျှတမှု၊ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာတို့အားရှာဖွေရာတွင် သတ္တိကို အရင်းပြုရမည် ဖြစ်ကြောင်း ပြောကြားပြသရန်လောကလူ့ရွာသို့ ဆလိုင်းတင်မောင်ဦး ရောက်ရှိလာခဲ့ခြင်းဟု ဆိုနိုင်သည်။ သတ္တိကို ကြီးမားသော မေတ္တာဖြင့် ထောက်ကူပံ့ပိုး ရပါမည်။ သို့မဟုတ်ပါက လူတဦးတွင် သတ္တိရှိရုံမျှဖြင့် အများ ကောင်းကျိုး အတွက် အသက်ကို စွန့်လွှတ်စွမ်းဆောင်လိမ့်မည် မဟုတ်ပါ။ ကြီးမားသော မေတ္တာနှင့် အများအတွက်အသက် ကို စွန့် လွှတ်စွမ်း ဆောင်ခြင်းတို့ သည်လည်း သာမန်လူတဦးတွင် အစဉ်အမြဲ ဒွန်တွဲနေခြင်း မရှိပါ။ ခရစ်တော်တွင် ကြီးမားသောမေတ္တာရှိသဖြင့် အများ အတွက် အသက်ကို စွန့်လွှတ်ခဲ့သော်လည်း သာမန်လူများ တွင် ကြီး မားသော မေတ္တာရှိရုံမျှဖြင့် အများအတွက် အသက်ကို စွန့်လွှတ်စွမ်းဆောင်လိမ့်မည်ဟု ပုံသေကားချ တွက်၍ မရနိုင်ပါ။ ဤနေရာတွင် သတ္တိကိုယုံကြည်ချက်ဖြင့်ထောက်ပံ့မှုပြုရန် လွန်စွာအရေးကြီးပါသည်။ ကိုတင်မောင်ဦး၏ မဆုတ်မနစ်သော ယုံကြည်ချက်မှာ အာဏာရှင်စနစ်ကို အမြစ်ဖြုတ် သုတ်သင်နိုင်မှသာ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးစီးပွားကို ဆောင်ကျဉ်းနိုင်လိမ့်မည် ဟူသောအချက်ဖြစ်သည်။

တစုံတဦးတွင် ကြီးမားသော မေတ္တာရှိရုံမျှသာ ဆိုလျှင် အဆိုပါပုဂ္ဂိုလ်သည် ဘာသာရေးခေါင်းဆောင် ဖြစ်လာနိုင်ပါမည်။ သူရဲကောင်းတော့ ဖြစ်နိုင်ဘွယ် မရှိပါ။ တစုံတဦးတွင် ကြီးမားသော မေတ္တာရှိရုံမျှသာမက ယုံကြည်ချက်ဖြင့် ထောက်ပံ့မှုပြုထားသော သတ္တိလည်း ရှိပါမှ အများအတွက်အသက် ကို စွန့်လွှတ်စွမ်းဆောင် လေ့ရှိပါသည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးကို သူရဲကောင်းဟု ခေါ်ပါသည်။ သံသယဖြစ်ဘွယ်မရှိပါ။ ကိုတင်မောင်ဦး သည် သူရဲကောင်းတဦးဖြစ်ပါသည်။ **"မင်းတို့စစ်ဖိနပ်အောက်မှာ ငါ့ဘယ်တော့မှ ဒူးထောက်မှာမဟုတ်ဘူးကွ"**ဟု ကြွေးကြော်ရင်း ကိုတင်မောင်ဦးသည် အမှန်တရား ကို ပြသွားခဲ့ပါသည်။ ဤသည်မှာ ကာလမရွေး မှန်ကန်နေ မည့် အမှန်တရားပင်။ ကိုတင်မောင်ဦးသည် ရိုးသားသန့်စင်မှု၊ ဂုဏ်သိက္ခာ၊ တရားမျှတမှု၊ လွတ်လပ်မှု နှင့် မေတ္တာ တို့၏ သင်္ကေတ ဖြစ်သည်။ ယင်းတို့မှာ ယဉ်ကျေးသော လူ့အဖွဲ့အစည်းတွင် မရှိမဖြစ်လိုအပ်သော အသွင်လက္ခဏာများ၏ အစိပ်အပိုင်းများ ဖြစ်သည်။ ဤသည်တို့ မှာ စစ်ဖိနပ်အောက်တွင် ရှိမနေသင့်ပါ။

သို့ဖြစ်၍ကိုတင်မောင်ဦးသည် ၄င်းအပေါ်ချမှတ်ထားသော သေဒဏ်ပြစ်ဒဏ်မှလျှော့ပေါ့စေရေးအတွက် စစ် အာဏာပိုင် များထံ အသနားခံစာ တင်သွင်းခြင်း မပြုဂုန် ပြတ်ပြတ်သားသား ငြင်းဆိုခဲ့သည်။ ယင်းသို့အသ နားခံစာ တင်သွင်းလိုက်ပါက အာဏာရှင်စနစ်ကို ဒူးထောက်လိုက်ရာ ရောက်သွားပါမည်။ သူ ဒူးထောက်လိုက် ခြင်းသည် ယဉ်ကျေးသောလူ့အဖွဲ့အစည်းက အာဏာရှင်စနစ်အောက်ကိုငုံ့လျှိုးလိုက်ခြင်းပင်။ ယင်းသို့ဖြစ်ပါက လူ့အဖွဲ့အစည်း အတွက် ဆိုးကျိုးကိုသာ ဆောင်ကျဉ်းပါမည်။ ဤသည်ကို ကိုတင်မောင်ဦး အနေဖြင့် စိုးစဉ်း မျှ လက်မခံနိုင်ပါ။ ယဉ်ကျေးသော လူ့အဖွဲ့အစည်းသည် စစ်ဖိနပ်၏ အထက်တွင်သာ ရှိနေရပါမည်။ ဤသည်မှာ အမှန်တရားဖြစ်သည်။ ဤ အမှန်တရားကို သူ ကောင်းမွန်စွာ ခံယူသည်။ သူ၏ အသက်ကို စွန့်လွှတ်၍ ဤအမှန်တရားကို ပြတ်ပြတ်သားသား ပြသသွားခဲ့သည်။

**အပြင်ပိုင်းလှုပ်ရှားစွမ်းဆောင်မှုများ နှင့် အတွင်းပိုင်း ဗဟိုချက်ကို သဟဇာတပြုခြင်း**

ဆလိုင်းတင်မောင်ဦး၏ ဘဝတလျှောက်လုံးတွင် မိမိ၏ အတွက်အတွက် စဉ်းငယ်မျှ လိုက်စားခဲ့ခြင်းကို မတွေ့ရပါ။ သူသည် အမျိုးသား၊ တိုင်းရင်းသား၊ လူမျိုး၊ ဘာသာ တို့အရ ခွဲခြားကျင့်သုံးမှုကို ဆန့်ကျင်ခဲ့သူ ဖြစ်သည်။ သူသည် ဘယ်တုံးကမျှ အမျိုးသားတမျိုး၊ တိုင်းရင်းသားတခု၊ လူမျိုးတနွယ်၊ လိင်တရပ်၊ ဘာသာ ရေးတခု တည်း အပေါ်တွင်သာ အဓိကထားခဲ့သူ မဟုတ်ပါ။ မျိုးချစ်ပုဂ္ဂိုလ်တဦး ဖြစ်နေသည့် တချိန်ထဲမှာပင် သူသည် လူအဓိက ပြုဝါဒီ တဦး ဖြစ်၍ လူလူချင်း စာနာမှုကို လိုက်နာကျင့်သုံးသူဖြစ်သည်။ အာဏာရှင် အုပ် ချုပ်မှုကို တိုက်ဖျက်ဘို့ မဟာပြုဟာ ရှာဖွေရာတွင် သူသည် ကျောင်းသားများ၊ လူငယ်များ၊ အလုပ်သမား များ နှင့် တပ်မတော်သားများ ၏ စွမ်းအားကို အဓိက ထားခဲ့သူ ဖြစ်သည်။

ဤသည်မှာ ကျောင်းသားများသည် ဆရာများကို၊ အလုပ်သမားများသည် အလုပ်ရှင်များကို၊ အောက်ခြေ တပ်မတော်သားများသည် အထက်အရာရှိများကို ဆန့်ကျင်ရန်ဟု ဆိုလိုရင်း မဟုတ်ပါ။ ဤသို့ဖြစ်ပါက လူ့အဖွဲ့အစည်း သည် အကျိုးယုတ်ရုံသာ ရှိပါမည်။ ဆရာများ မရှိဘဲ ကျောင်းသားများ မရှိနိုင်၊ အလုပ်ရှင် မရှိဘဲ အလုပ်သမား မရှိနိုင်၊ အထက်တာဝန်ရှိသူများ မရှိဘဲ အောက်ခြေတပ်မတော်သားများချည်း မရှိနိုင်။ လူ့အဖွဲ့အစည်း လူ့အလွှာတွင် ကျောင်းသား များနှင့်ဆရာများပေါင်းမှ တခုဖြစ်ပါသည်။ အလုပ်ရှင်များနှင့် အလုပ်သမား များပေါင်းမှ တခုဖြစ်ပါသည်။ အထက် တာဝန်ရှိသူများ နှင့် အောက်ခြေတပ်မတော်သားများ ပေါင်းမှ တခုဖြစ်ပါ သည်။ ယင်းတို့၏ လူ့အလွှာအလိုက် ပေါင်းစည်း တည်ရှိမှုကို အသိအမှတ်ပြုရပါမည်။ ယင်းတို့ကို တခုနှင့် အခြားတခုအကြား ခွဲခြားခြင်းမပြုသင့်ပါ။ နစ်နာမှုများရှိပါက ငြိမ်းချမ်းသောနည်းလမ်းများဖြင့် အပြန်အလှန် ညှိနိုင်းဖြေရှင်းနိုင်လျှင် အကျိုးများပါမည်။

အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးများကိုလည်း ဤနည်းနှင်နှင်သဘောထားရန် လိုပါမည်။ တိုင်းရင်း သားလူမျိုး တမျိုးခြင်းစီ၏ထူးခြားမှုများကို အသိအမှတ်ပြုရန်၊ တန်ဘိုးထားရန်၊ တရားဝင်ရပ်တည်ခွင့် ရအောင် လုပ်ဆောင် ပေးရန် မှာ လွန်စွာအရေးကြီးလှပါသည်။ ပို၍ အရေးကြီးသည်မှာ လူမျိုးတမျိုးနှင့် အခြား တမျိုး အကြားတွင် ပေါင်းစည်းမှုရှိစေရန် အားပေးခြင်း ဖြည့်ဆည်းပေးခြင်း တို့ဖြစ်သည်။ မတူသော လူ့အလွှာနှင့် ကွဲ ပြားသော လူမျိုးများသည် လူ့အဖွဲ့အစည်းတွင် ပေါင်းစည်း စုဆုံကြရာ အားလုံးပေါင်းလျှင် လူ့အဖွဲ့အစည်း တခုလုံး ဖြစ်သည်။ ပေါင်းစည်းမှု အပေါ် အခြေခံသည့် လူ့အဖွဲ့ အစည်းတခုလုံး၏ ဖြစ်တည်မှုကို ကောင်းမွန်စွာ သဘောပေါက်မှသာလျှင် စစ်မှန်သော ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု နှင့် တရားမျှတမှု တို့ရရှိနိုင်ပါမည်။

ဆလိုင်းတင်မောင်ဦးသည် ၎င်း၏ ဘဝအတွက် တိုးတက်ထူးချွန်လိုမှု နှင့် စိတ်စွမ်းအားကို စနစ်တကျ ပေါင်းစပ်နိုင် ခဲ့သည်။ စိတ်ပိုင်းအရရော ရုပ်ပိုင်းအရပါ သူ့ကိုယ်သူ လေ့ကျင့်ခဲ့သည်။ ထို့နောက် သူသည် စည်းရုံး၊ လှုပ်ရှား၊ တိုက်ပွဲဝင် ခဲ့သည်။ ဤသည်မှာ ၎င်း၏အဝန်းအဝိုင်းအနားစွန်းတွင် စွမ်းဆောင် ခဲ့သည့် သဘောဆောင် သည်။ အနားစွန်းသည် လူတဦး တယောက်၏လှုပ်ရှားမှုကို ကိုယ်စားပြုသည်။ ထိုသူ၏ အပြင်ပိုင်းကြိုးပမ်းမှုများသည် မြင်နိုင်သော အနားစွန်းဖြစ်သည်။ အာဏာရှင်စနစ်ကို အမြစ်ဖြုတ်ရေးအတွက် ဆလိုင်းတင်မောင်ဦးသည် အထွေထွေသော မဟာဗျူဟာများ၊ နည်းလမ်းများဖြင့် အားထုတ်ခဲ့သည်။ ဤသည်မှာ သူ၏ အနားစွန်းပိုင်း လှုပ်ရှားမှုများဟု ပြောနိုင်သည်။

အပြင်ပိုင်းဖြစ်သော အနားစွန်းတွင် လှုပ်ရှားစွမ်းဆောင် ပြီးသည့်နောက် သူသည် ထက်မြက်သော သိမြင်မှု ရရှိလာ ခဲ့သည်။ ထို့နောက်သူသည် သူ၏ ဗဟိုချက်ရှိရာသို့ ပြန်လည် ဆုတ်ခွာ သုံးသပ် နိုင်ခဲ့သည်။ လူတဦးတယောက်၏ ဗဟိုချက် သည် ၎င်း၏ အတွင်းပိုင်းဖြစ်သည်။ ဗဟိုချက်သည် ထိုသူ၏ စစ်မှန်သော တန်ဘိုး ဖြစ်သည်။ ဘဝရည်မှန်းချက် ဟုလည်း ပြောနိုင်သည်။ ဗဟိုချက်တွင် ထိုသူ၏ ဆန္ဒစစ် ဆန္ဒမှန်၊ ထိုသူရရှိအောင် မြင်လိုသည့်အရာ နှင့် နောက်မျိုးဆက် အတွက်

ချန်ထားလိုသည့်အမွေအနှစ်တို့ ရှိကြသည်။ အပြင်ပိုင်း အနား စွန်းနှင့် အတွင်းပိုင်း ဗဟိုချက်တို့သည် တခုတည်း ဖြစ်ရမည် ဖြစ်ကြောင်းနှင့် တခုနှင့်တခု သဟဇာတ ဖြစ်ရန် လို ကြောင်းတို့ကို ဆလိုင်းတင်မောင်ဦး သိမြင်ခဲ့သည်။

သူသည် သူ၏အတွင်းပိုင်း ဗဟိုချက်ရှိရာသို့ ပြန်လည်ဆုတ်ခွာခဲ့သည်။ ထို့နောက် မည်သည့်အရာတွင် အောင်မြင်မှု ရလိုကြောင်းကို သူလေးနက်စွာ စဉ်းစားခဲ့သည်။ သူ၏ လှုပ်ရှားမှုများသည် သူ့ရည်မှန်းချက်များအား အောင်မြင်အောင် ဖေါ်ဆောင်နိုင်ခဲ့ခြင်း ရှိမရှိကို သုံးသပ်ခဲ့သည်။ အမွေအနှစ် အဖြစ် သူဘာကို ချန်ထားခဲ့ လိုသည် ဆိုသည်ကို သူ့ကိုယ်သူ သေချာစွာ စစ်ကြောခဲ့သည်။ ထို့နောက် သူ၏ လှုပ်ရှားမှုများကို ပြန်လည် ပြုပြင်သည်။ သူ့ဘဝ၏ နောက်ဆုံးအချိန်၌ အဆိုပါ လှုပ်ရှားမှုများဖြင့် နောက်မျိုးဆက်များအတွက် သူဘာ ချန်ထားခဲ့လိုသည် ဟူသည်ကို သေချာစေရန် ကြိုးပမ်း ခဲ့သည်။

မြောက်များလှစွာသော သူရဲကောင်းများသည် သူတို့ဘဝ၏ အပြင်ပိုင်း အနားစွန်းတွင် လှုပ်ရှားစွမ်း ဆောင်ရင်း ကျဆုံးခဲ့ကြသူများဖြစ်သည်။ သူတို့၏ အတွင်းပိုင်း ဗဟိုချက်နှင့် စစ်မှန်စွာ ပြန်လည်ထိတွေ့နိုင်ခဲ့ခြင်း မရှိကြ။ အပြင်ပိုင်း လှုပ်ရှားမှုများနှင့် အတွင်းပိုင်း ဗဟိုချက်သည် တခုတည်းဖြစ်သည်၊ တခုတည်းဖြစ်ရမည် ဟူ သည်ကို မသိရှိခဲ့ကြ။ ဆလိုင်း တင်မောင်ဦးသည် အပြင်ပိုင်းအနားစွန်းတွင် လှုပ်ရှားခဲ့နိုင်ရုံသာမက အတွင်းပိုင်း ဗဟိုချက်သို့ ပြန်လည် ဆုတ်ခွာ နိုင်ခဲ့သူ ဖြစ်သည်။ အပြင်ပိုင်းအနားစွန်းလှုပ်ရှားခဲ့မှုများကို အတွင်းပိုင်း ဗဟိုချက် နှင့် တသားတည်းကျအောင် ပြန်လည် ပေါင်းဆုံစေ နိုင်ခဲ့သူ ဖြစ်သည်။ သူ၏ နောက်ဆုံးထွက်သက်ကို ထုတ် လိုက်သည့် အချိန်တွင် ကြီးမားသော မေတ္တာ၊ သူရသတ္တိ နှင့် အများ ကောင်းကျိုးအတွက် စွန့်လွှတ်မှုတို့ကို အမွေအဖြစ် ချန်ထားရစ်ခဲ့သည်။ သူ့ဘဝတသက်တာလုံးကို အာဏာရှင် စနစ်အား ချေမှုန်းရန်အတွက်သာ ပြင်ဆင်၊ လှုပ်ရှား၊ တိုက်ပွဲဝင်၊ အသုံးချ သွားခဲ့သည်။ မည်သည့်အရာတွင် အောင်မြင်မှု ရလိုကြောင်း သူသိသည်။ ဤသည်မှာ သူ့အတွင်းပိုင်း ဗဟိုချက်ကို သူကိုယ်တိုင် လေ့လာသုံးသပ်နိုင်သောကြောင့် ဖြစ်သည်။

မည်သည့် သမိုင်းကာလ၊ မည်သည့် လူ့အဖွဲ့အစည်း၊ မည်သည့် နိုင်ငံရေး စနစ် အောက်တွင် ဖြစ်စေ အာဏာရှင်များ နှင့် အာဏာရှင်အုပ်ချုပ်မှုသည် လူ့အဖွဲ့အစည်းအတွက် ဆိုးကျိုးကိုသာ ဆောင်ကျဉ်းလေ့ ရှိသည်။ ၄င်းတို့သည် လူ့အဖွဲ့ အစည်း၏ အနာရောဂါများဖြစ်သည်။ အာဏာရှင်အုပ်ချုပ်မှု တည်ရှိနေပါက လူတဦးချင်းစီ၏ လွတ်လပ်မှုကို ရုပ်သိမ်းသည်။ တိုင်းရင်းသားလူမျိုးတမျိုး နှင့် အခြားတမျိုးအကြား၊ လူ့အလွှာ တခုနှင့် အခြားတခုအကြား စုစည်းညီညွတ် မှုကို ပြိုကွဲစေ သည်။ လူ့အဖွဲ့ အစည်း၏ တန်ဘိုးများကို ဖျက်ဆီး သည်။ အကျိုးဆက်အနေနှင့် အားလုံး၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းရမြဲ ဖြစ်သည်။

ကျောင်းသားဖြစ်စေ၊ ဆရာဖြစ်စေ၊ လူငယ်ဖြစ်စေ၊ လူကြီးဖြစ်စေ၊ အလုပ်ရှင်ဖြစ်စေ၊ အလုပ်သမား ဖြစ် စေ၊ အထက်တာဝန်ရှိသူဖြစ်စေ၊ အောက်ခြေတပ်မတော်သား ဖြစ်စေ၊ နိုင်ငံရေးသမားဖြစ်စေ လူထုဖြစ်စေ၊ အစိုးရ အမှုထမ်းဖြစ်စေ နိုင်ငံသားဖြစ်စေ၊ မခွဲခြားဘဲ အာဏာရှင်အုပ်ချုပ်မှုအား တနည်းနည်းဖြင့် ထောက်ပံ့သူ၊ ခုခံ ကာကွယ်သူ၊ မြေတောင်မြှောက် ပေးသူတို့အား ဝေဖန်၊ ဖွင့်ချ၊ ထိုးနှက် သင့်သည်။ ၄င်းတို့၏ စဉ်းစားမှုနှင့် ရပ်တည်မှု ပြင်ဆင်ပြောင်းလဲ သွားအောင် စွမ်းဆောင်သင့်သည်။ သို့ရာတွင်ဤသည်မှာ အပြောလွယ်သလောက်အလုပ် ခက်ပါသည်။ အဘယ်ကြောင့်ဆိုသော် အာဏာရှင်များနှင့် အာဏာရှင်အုပ်ချုပ်မှု တို့သည် အမျိုးသားရေး နှင့် ဒေသဆိုင်ရာအရေး အမြင်အခြေခံများမှ တခုမဟုတ် အခြားတခုဖြစ်သော နိုင်ငံရေး၊ လူမျိုးရေး နှင့် ဘာသာရေး အကြောင်းပြချက်များကို ရည်ညွှန်းလျှက် လည်းကောင်း၊ ဆွဲဆောင်မှုရှိသော နိုင်ငံရေးကြွေးကြော်သံများကို ဟစ် ကြွေး၍လည်းကောင်း၊ ၄င်းတို့ကိုယ်ကို အပေါ်ယံ နိုင်ငံရေးဖွဲ့စည်းမှု များနှင့် ပုံဖျက် ဖုံးလွှမ်းထားကြသောကြောင့် ဖြစ်သည်။

အာဏာရှင် အုပ်ချုပ်မှု ဆိုသည်မှာ အဘယ်နည်း။ ၎င်း၏ အသွင်လက္ခဏာ များမှာ အဘယ်နည်း။ တိုင်းပြည် အာဏာပိုင် အဖွဲ့အစည်းများ၏ အပြန်အလှန် ကြီးကြပ်ထိမ်းကျောင်းမှုမရှိဘဲ ဟန်ပြမျှသာ ဖြစ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ ကို ကိုင်စွဲလျှက် လူတဦး သို့မဟုတ် လူတစုက အစိုးရအနေဖြင့် အကြွင်းမဲ့ အာဏာ ကို သုံးစွဲကာ ၎င်းတို့၏ သဘောအတိုင်း ထင်သလိုချယ်လှယ်ပြီး ပြည်သူလူထုအပေါ် အကြောက်တရား ဖန်တည်း၍ အုပ်ချုပ်ကြခြင်း ကို အာဏာရှင် အုပ်ချုပ်မှု ဟု ခေါ်ပါသည်။ အာဏာရှင်အုပ်ချုပ်မှုအောက်တွင် လွတ်လပ်သော တရားစီရင်ရေး၊ လူထု အသင်းအဖွဲ့များနှင့် လူထုသတင်း မီဒီယာများ၏ စစ်ဆေးမှု၊ ဟန်ချက်ညီထိန်း ကျောင်းမှု ကင်းမဲ့နေလေ့ရှိသည်။ အာဏာရှင်များသည် လူထုကို ခြိမ်း ခြောက်ကာ တိုင်းပြည်ကို အုပ်စိုးလေ့ ရှိကြသည်။ အာဏာရှင်အုပ်ချုပ်မှုကြီးစိုးသော နိုင်ငံများ တွင် အစိုးရအာဏာပိုင် များက ပြစ်မှုများကျူးလွန်ပြီး နောက် လွတ်ငြိမ်းခွင့်ရသည့် အခြေအနေ လွှမ်းမိုးလျှက် ရှိသည်။ စစ်မှန်သည့် ဥပဒေစိုးမိုးမှု ပျက်သုဉ်း လျှက် ရှိသည်။ အစိုးရအာဏာပိုင်များက ဥပဒေ၏ အထက်တွင်ရှိမှု အပေါ် အခြေခံကာ "ဥပဒေကို ကိုင်စွဲ၍ ဖိနှိပ်မှု" ကို ကျင့်သုံးသည်။ အကျိုးဆက်အနေဖြင့် အဆိုပါ တိုင်းပြည်များတွင် တာဝန်ခံမှု နှင့် ရှင်းရှင်းလင်းလင်း ရှိမှုတို့ ဆိတ်သုဉ်း လျှက်ရှိသည်။ အဆိုပါ လူ့အဖွဲ့အစည်းများ တွင် အမှောင်ထုကြီး ဖုံးလွှမ်းလျှက်ရှိသည်။

## ဥပဒေစိုးမိုးမှု ဆိုင်ရာ ပြဿနာများ

လူ့အဖွဲ့အစည်းတွင် ဥပဒေစိုးမိုးမှု လွှမ်းခြုံသောအခါ အာဏာအလွဲသုံးစားမှုများ၊ ဆိုးသွမ်းသော ခေါင်းဆောင်များ၏ မတရားပြုမှုများမှ လူထုအား အကာ အကွယ်ပေးသည်။ ပြောင်းပြန်အားဖြင့်ဆိုရလျှင် မိမိ တို့စိတ်ကြိုက်ပြဋ္ဌာန်းထားသည့် ဥပဒေများကို အသုံးပြုလျှက် အာဏာရှင်များ လွှမ်းမိုးသောအခါ လူထုသည် အာဏာရှင်များ၏ လက်ခုပ်အတွင်းသို့ သက်ဆင်းသွားရသည်။ ဤသည်မှာ ဥပဒေစိုးမိုးမှု အခြေခံများနှင့် လုံးဝ ပင် ဆန့်ကျင်ဖီလာဖြစ်သည်။ ဥပဒေစိုးမိုးမှုသည် ဟန်ချက်ကိုထိမ်းကျောင်း၍ သဟဇာတဖြစ်မှုကို ဖေါ်ဆောင် သည်။ ခွဲခြားမှုကို ဆန့်ကျင်၍ ညီညွတ်မှုကို အားပေးသည်။ အခွင့်ထူးယူမှုကို တိုက်ဖျက်ပြီး ဥပဒေရှေ့မှောက် တွင် တန်းတူညီမျှမှုကို အာမခံသည်။ ဥပဒေစိုးမိုးမှုသည် နှိမ့်ချမှုကို ပံ့ပိုးသည်။ မည်သည့် ပုဂ္ဂိုလ် လူသားတဦး ကိုမျှ အားလုံး၏ အထက်တွင် ရှိမနေစေရပါ။

ဆလိုင်းတင်မောင်ဦးအား ရုံးတင် စစ်ဆေးရာတွင် တရားမျှတသော တရားခွင် နှင့် စစ်ဆေးပိုင်ခွင့် အပါ အဝင် ဥပဒေစိုးမိုးမှု အခြေခံများ လုံးဝငြင်းပယ်ခြင်း ခံခဲ့ရသည်။ တရားစီရင်ရေးသည် စစ်အာဏာရှင်များကို ခယ ဝပ်တွားနေရသဖြင့် လွတ်လပ်သောတရားသူကြီးများနှင့် ဘက်မလိုက်ဘဲ မျှတစွာစစ်ဆေးသည့် စီရင်မှု မရရှိခဲ့ပါ။ မိမိကိုယ်တိုင် ခုခံကာကွယ်ခြင်း သို့မဟုတ် ဥပဒေအကျိုးဆောင် ရှေ့နေတဦးဦး၏ အကူအညီကိုရယူ၍ ခုခံကာ ကွယ်ခြင်းမှာ ဥပဒေစိုးမိုးရေး အခြေခံအရ လူတိုင်း၏ အခွင့်အရေး ဖြစ်သော်လည်း တင်မောင်ဦး အတွက် လုံးဝ ဆုံးရှုံးခဲ့ရသည်။ ၎င်းအတွက် လိုက်ပါဆောင်ရွက်ပေးမည့် ရှေ့နေရှေ့ရပ် တဦးမျှမပါရှိဘဲ သေဒဏ် ပြစ်ဒဏ် စီရင် ခြင်း ခံခဲ့ရသည်။

အများပြည်သူရှေ့မှောက်တွင် တရားစီရင်ခြင်းသည် တဦးချင်း အခွင့်အရေး နှင့် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို ဖေါ်ဆောင်ရန်အတွက် အရေးကြီးသော အကာအကွယ်တရပ်ဖြစ်သည်။ သတင်းဌာနများ အပါ အဝင် အများပြည်သူရှေ့ မှောက်တွင် အမှုကိုစစ်ဆေးစီရင်ရမည် ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တချို့အတွက် ကို သာ ကန့်သတ်တက်ရောက်စေခြင်း မဖြစ်သင့်ကြောင်း၊ အချို့ သော မှုခင်းများတွင် အများပြည်သူတက်ရောက်ခွင့် ကို ကန့်သတ်မှုမျိုးများ ရှိနိုင်သော်လည်း စီရင်ချက်ချမှတ်ရာတွင်မူ အနိမ့်ဆုံးအားဖြင့် အများပြည်သူ တက်ရောက်စေသင့်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မတီ က ဖေါ်ပြသည်။ ဆလိုင်းတင်မောင်ဦး ကို စီရင် သော မှုခင်းတွင်မူ အများ ပြည်သူရှေ့မှောက်တွင် စစ်ဆေးစီရင်

ခံပိုင်ခွင့်ကို လုံးဝငြင်းပယ်ခံခဲ့ရသည်။ ၄င်း၏ အနီးစပ်ဆုံး မိသားစုဝင်များ ထောင်ထဲတွင် အတူတကွ ရှိနေခဲ့ကြသော်လည်း ၄င်းတို့အား စီရင်ချက်ချမှတ် ရာတွင်ပင် တက်ရောက်နားထောင်ခွင့် မပြုခဲ့ပါ။

အပြစ်ကင်းမဲ့သူအဖြစ် မှတ်ယူခံပိုင်ခွင့် ဟူသောမူသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများအရ ရော ပြည်တွင်းတရားစီရင်ရေးအစဉ်အလာများအရပါ လက်ခံ ထားသော အရေးကြီးသည့် မူတရပ်ဖြစ်သည်။ ဤမူကို အခြေခံ၍ ရုံးမတင်မီ စုံစမ်းစစ်ဆေးနေဆဲကာလတွင်ဖြစ်စေ၊ တရားရုံးတွင်၍ မှုခင်းကို ကြားနာစစ်ဆေး နေသော ကာလတွင် ဖြစ်စေ၊ ရဲအရာရှိများကသော်လည်းကောင်း၊ တရားစွဲအရာရှိများ က သော်လည်းကောင်း၊ သံသယဖြင့် စွပ်စွဲခံရသူများကို ဆက်ဆံရမြဲဖြစ်သည်။ ဤမူနှင့် ဆက်စပ်ကာ မြန်မာနိုင်ငံဥပဒေနယ်ပယ်တွင် ကျင့်သုံးသော ဆောင်ပုဒ် တခုရှိသည်။ ယင်းမှာ "အပြစ်ရှိသူ ကိုးဦး လွတ်သွားခြင်းထက် အပြစ်ကင်းမဲ့သူတစ်ဦး ပြစ်ဒဏ်ကျခံခြင်း မရှိစေရန် သတိပြုရမည်" ဟူ၍ဖြစ်သည်။ ဤဆောင်ပုဒ်ကို ကိုင်စွဲကျင့်သုံးခြင်းဖြင့် တရားမျှတ မှုကို ရှာဖွေရာတွင် တရားလိုအဖြစ်တိုင်တန်းသော ပြစ်မှုကျူးလွန်ခံရသူ အတွက်သာမက တရားခံအဖြစ် စွပ်စွဲ ခံရသူအတွက်ပါ ဘက်နှစ်ဘက်လုံးကို ထည့်သွင်းစဉ်းစား ဖေါ်ဆောင်ရမည့် သဘောကို ဆိုလိုသည်။

အပြစ်ကင်းမဲ့သူအဖြစ် မှတ်ယူခံပိုင်ခွင့် ဟူသောမူကို မှုခင်းစစ်ဆေးရာ၌ အောင်မြင်စွာဖေါ်ဆောင်နိုင်ရန် မှာ တရားရုံးအနေဖြင့် နတ်ထွက်ဆိုချက်များရော၊ စာတမ်းအမှတ်အသားများ အပေါ်မှာပါ အခြေခံလျှက် အပြီး သတ် သက်သေခံချက်များ ရဘို့ လိုအပ်ပေသည်။ ယင်းသို့ဖြစ်စေရန် သက်သေတဦး၏ အခြေအနေနှင့် စပ်လျှဉ်း ၍ သူ သို့မဟုတ် သူမသည် အငြင်းထွက်အကြောင်းခြင်းရာ ကို ကိုယ်တိုင် တွေ့ကြုံသူဟုတ်မဟုတ်၊ သူ သို့ မဟုတ် သူမ၏ ထွက်ဆိုချက်သည် အငြင်းပွားသောပြဿနာနှင့် စပ်လျှဉ်း၍ စပ်ဆိုင်ခြင်း ရှိမရှိ အကဲဖြတ် ရန် လို အပ်သည်။ အငြင်းပွားသောပြဿနာအပေါ် တရားလို ဘက်ကဖြစ်စေ၊ တရားခံဘက်က ဖြစ်စေ တင်သွင်းသော သက်သေခံချက်များသည် အမှုနှင့် စပ်ဆိုင်ခြင်း ရှိမရှိ တရားရုံးက သုံးသပ်ရန် လိုအပ်သည်။ အကယ်၍ စပ်ဆိုင် ပါက ယင်းသက်သေခံချက်သည် မူလ သက်သေခံချက်လား၊ ဒုတိယ အဆင့် သက်သေခံချက်လား ဆိုသည်ကို စစ်ကြောရသည်။ ဤသည်တို့ကို လုပ်ဆောင်နိုင်ရန် တရားရုံးသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်သော သက်သေခံ ဥပဒေကို တိတိကျကျ လိုက်နာရပါမည်။ ဆလိုင်းတင်မောင်ဦး၏ မှုခင်းတွင် အပြစ်ကင်းမဲ့သူအဖြစ် မှတ်ယူခံပိုင်ခွင့် ဟူသောမူကို ကျင့်သုံးခဲ့ခြင်းမရှိပါ။ သက်ဆိုင်သော သက်သေများအား ခေါ်ယူ၍ တရားရုံးတွင် တင်သွင်းခွင့် ကိုပင် ငြင်းဆိုခဲ့သည်။ တရားရုံးသည် မတရားရုံးသက်သက် ဖြစ်ခဲ့သည်။

ဥပဒေ သဘောအယူ အမြင်ရှုဒေါင့်မှ ကြည့်မည်ဆိုလျှင် တရားမျှတမှုကို ရှာဖွေရာ၌ နှစ်ပိုင်းရှိပါသည်။ တပိုင်းမှာ **အခြေခံသဘောအရ စီရင်ခြင်း** ဖြစ်ပြီး၊ နောက်တပိုင်းမှာ **လုပ်ထုံးလုပ်နည်းအရ စီရင်ခြင်း** ဖြစ်သည်။ အခြေခံသဘောအရ စီရင်ခြင်း ဟူသည်မှာ အပြစ်ကျူးလွန်သူကို အပြစ်ဒဏ် စီရင်ရမည် ဟူသည့် ဥပဒေစိုးမိုးရေး အယူအဆမှ ဆင်းသက်လာသည်။ လုပ်ထုံးလုပ်နည်းအရ စီရင်ခြင်း ဟူသည်မှာ ပြစ်မှုကျူးလွန်ခံရကြောင်းဖြင့် တိုင်တန်းစွဲဆိုသူနှင့် ပြစ်မှုကျူးလွန်သူ ဟူ၍ သံသယဖြစ်ခံရသူ နှစ်ဘက်လုံးအတွက် တရားခွင် မရောက်မီ စုံစမ်း စစ်ဆေးသည့်အဆင့်တွင် သော်လည်းကောင်း၊ တရားရုံးတင် ကြားနာသည့်အခါတွင်သော်လည်းကောင်း၊ တရား ရုံးမှ ဆုံးဖြတ်ချက် ချမှတ်ပြီးနောက်ပိုင်း အယူခံ၊ ပြင်ဆင်မှုများတင်သွင်းသည့် နောက်ဆက်တွဲ အဆင့်ဆင့် များ တွင် သော်လည်းကောင်း၊ ပြည့်စုံမျှတသော လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးသွားရန် ဥပဒေစနစ်အရ တာဝန်ရှိ ခြင်း ကို ရည်ညွှန်းသည်။

အရေးကြီးသည်မှာ **အခြေခံသဘောအရ စီရင်ခြင်း** ကို အထောက်အပံ့ဖြစ်စေရန် အတွက် **လုပ်ထုံးလုပ် နည်း အရစီရင်ခြင်း**ကို ကျင့်သုံးရန်လိုအပ်သည်။ တချိန်ထဲတွင် **အခြေခံသဘောအရစီရင်ခြင်း**ကိုသာ အဓိက ထား ပြီး **လုပ်ထုံး လုပ်နည်းအရစီရင်**သည့် အခန်းကဏ္ဍကို ဥပက္ခာမပြုမိဘို့ လွန်စွာ အရေးကြီးလှပါသည်။ ဥပဒေ စနစ် တရပ် သင့်မြတ်

လျော့ကန်စွာ လည်ပတ်စေလိုလျှင် **လုပ်ထုံးလုပ်နည်းအရ စီရင်** သည့် အခန်းကဏ္ဍကို အဆက် မပြတ်မြှင့်တင် ထိမ်းသိမ်း ထားရပါမည်။ ဆလိုင်းတင်မောင်ဦး၏ မှုခင်းတွင် **လုပ်ထုံး လုပ်နည်းအရစီရင်မှု**ကို လုံး၀ ကျင့်သုံးခြင်း မပြုခဲ့ပါ။ စစ်အာဏာပိုင် များက တင်မောင်ဦးအပေါ် ရန်ငြိုးနှင့် အာဃာတများ ထားလျှက် **အခြေခံ သဘောအရစီရင်ခြင်း** မှုနှင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယင်းသို့ဖြင့် ၁၉၇၆ ခုနှစ် ဧပြီလ (၃) ရက် စနေနေ့တွင် ၄င်း အပေါ် သေဒဏ်ပြစ်ဒဏ် စီရင်ခဲ့သည်။

သေဒဏ် ပြစ်ဒဏ် စီရင်ခံရပြီးနောက် လက်တွေ့ ကွပ်မျက်ခြင်းမပြုမီထောင်အတွင်း၌ ဖမ်းဆီးချုပ်နှောင် ခံထားရ သော ကာလတွင်လည်း ကိုတင်မောင်ဦး သည် မတရားပြုမှုများ နှင့် ရင်ဆိုင်ခဲ့ရသည်။ အကျဉ်းထောင် အာဏာပိုင်များ အနေဖြင့် ထောင်ကိုအုပ်ချုပ်ရာ၌ ထောင်စည်းမျဉ်းစည်းကမ်းကိုချိုးဖေါက်သော ထောင်သားများ အား ထောင်လက်စွဲနှင့်အညီ အရေးယူရသည်။ စစ်အစိုးရသည် ထောင်လက်စွဲကို သိရှိပါလျှက် ထောင်အတွင်း၌ လက်တွေ့လိုက်နာကျင့်သုံးရေးကို ဥပက္ခာပြုထားလေ့ရှိသည်။ ၄င်းအစား နိုင်ငံရေး အကျဉ်းသားများကို ဖိနှိပ်ရန် ဥပဒေနှင့် ဆန့်ကျင်၊ အခြေခံလူ့အခွင့်အရေး များကို ချိုးဖေါက်သော ပြုကျင့်မှုများ လုပ်ဆောင် နိုင်ရေးအတွက် ၄င်းတို့လိုသလို စည်းမျဉ်းများချမှတ်ကျင့်သုံးလေ့ရှိသည်။ သာဓကအားဖြင့် ဆိုရလျှင် ဆလိုင်းတင်မောင်ဦးအား စစ်အစိုးရ၏ လက်ကိုင်တုတ် စစ်ပုလိပ်တဦးနှင့် လက်ဝှေ့ ပွဲ တခုထိုးသတ်ရန် အတင်းအကြပ် ဖန်တည်းစေခိုင်း သည့် လုပ်ရပ်မျိုးဖြစ်သည်။ ဤသည်မှာ အကျဉ်းထောင်လက်စွဲ နှင့် ကိုက်ညီခြင်း မရှိပါ။

၁၉၅၅ ခုနှစ်တွင် ကုလသမဂ္ဂ က အတည်ပြုခဲ့သည့် အကျဉ်းသားများကို ဆက်ဆန်ရန် အနိမ့်ဆုံးစံထား ချက် စည်းမျဉ်းအရ ပြင်ပကမ္ဘာနှင့် ဆက်သွယ်ခွင့်သည် အကျဉ်းသားများ၏ အခွင့်အရေးတရပ်ဖြစ်သည်။ ယင်း ပုဒ်မ ၃၉ အရ "စာပေးစာယူဖြင့်ဖြစ်စေ၊ အလည် အပတ်လာရောက်မှုကို လက်ခံခြင်းဖြင့်ဖြစ်စေ၊ ပုံမှန်ကာလ အပိုင်းအခြားသတ်မှတ်ပြီး လိုအပ်သော ကြီးကြပ်မှုအောက်တွင် အကျဉ်းသားများအား၄င်းတို့၏ မိသားစုများ၊ မိတ်ဆွေများ နှင့် ဆက်သွယ်ရန် ခွင့်ပြုရမည်။" ဟု ပြဌာန်းပါရှိသည်။ ဆလိုင်းတင်မောင်ဦးကို ကြိုးမပေးမီ မိဘ နှစ်ဦးနှင့် တဦးလျှင် ငါးမိနစ် ခန့် မျှစီသာ တွေ့ဆုံ ခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးမှုခင်းများ၌ စစ်ထောက်လှမ်းရေးများသည် တရားခွင်များ၌ တက်ရောက်နေ လေ့ရှိကြသည်။ တရားရုံး၏လုပ်ငန်းစဉ်များ၊ တရားသူကြီးများ၊ ရှေ့နေများ၊ တရားရုံးအမှုထမ်းများ၏ အပြု အမူ များကို လေ့လာနေ တတ်ကြသည်။ ဖမ်းဆီးချုပ်နှောင် သင်ကြားပေးထားပြီးမှ ထုတ်ယူလာသော သက်သေများ ကို တရားရုံးရှေ့မှောက်သို့ခေါ် ဆောင် လာတတ်ကြသည်။ အသင့်ရေးထားပြီးသော စီရင်ချက်များကို ပေးပို့ပြီး တရားသူကြီးများကို ဖတ်ရုံသာဖတ်ခိုင်းသည့် မှုခင်းများလည်း ရှိသည်။ တရားခံရှေ့နေနှင့် ၄င်း၏ အမှုသည်တို့ တိုင်ပင်ဆွေးနွေးမှုများကို ကြားဖြတ်နားထောင်မှု များလည်းရှိသည်။ အင်းစိန်ထောင်ဝင်းအတွင်း မှုခင်းများကို စစ်ဆေးစီရင်ခြင်းဖြင့် မှုခင်းနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်မှန်သမျှကို သွယ်ဝိုက်လျှက် ခြိမ်းခြောက်သည်။ ထိုသို့ သော ပတ်ဝန်းကျင်အခြေအနေများအောက်တွင် တရားသူကြီးများ၊ ရှေ့နေများ၊ သက်သေများ၊ တရားစီရင်ရေး ပိုင်းဆိုင်ရာဝန်ထမ်းများ အပါအဝင် လူထုများအားလုံးတွင် အကြောက်တရားများ ဖုံးလွှမ်းစေလျှက်ရှိသည်။ သို့ ဖြစ်၍ တရားမျှတသော တရားခွင် မတည်ရှိ။ နိုင်ငံရေး အကျဉ်းသားများကို စစ်ဆေးသည့် မတရားသော တရား ခွင်များ အားလုံးအနက် ဆလိုင်းတင်မောင်ဦးအား စစ်ဆေးခဲ့သော တရားခွင်သည် အဆိုးဝါး ဆုံးဖြစ်ခဲ့သည်။

တင်မောင်ဦးမှုခင်း၌ အရေးအကြီးဆုံး ဥပဒေရေးရာပြသနာမှာ ၄င်းအား တရားစွဲဆိုသည့် အစိုးရ သည် တရားဝင် အစိုးရ ဟုတ်မဟုတ်ဟူ၍ ဖြစ်သည်။ ၄င်းအပေါ် နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုဖြင့် တရားစွဲဆိုခဲ့သည်။ မည်သူသည် နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ပါသနည်း။ ကျောင်းသားခေါင်း ဆောင် ဆလိုင်းတင်မောင်ဦးလား။

ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သည့် စစ်အစိုးရလား။ နိုင်ငံတော် သစ္စာဖေါက် ဖျက်ပုန်ကန်မှု၏ အင်္ဂါရပ်များ နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ တွင် အောက်ပါအတိုင်းလေ့လာ နိုင်သည်။

## နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်ခြင်း

ပြည်ထောင်စု နိုင်ငံကိုသော်လည်းကောင်း၊ ------ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ တည်ထောင်ခန့် အပ်သော ပြည်ထောင်စု နိုင်ငံ၏ လုပ်ငန်းအဖွဲ့ကို သော်လည်းကောင်း၊ ပြည်ထောင်စု အဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ ကို သော်လည်းကောင်း ------လက်နက်ဖြင့်ဖြစ်စေ အခြားသောင်းကျန်းသော နည်းလမ်းဖြင့် ဖြစ်စေ၊ ------ စစ်မက်ပြိုင်ဆိုင်လျှင်၊ ------ ဖြိုဖျက်ရန်အားထုတ်လျှင်၊ လှုံ့ဆော်လျှင်၊ ပြင်ဆင်လျှင်၊ ပူးပေါင်းကြံစည်လျှင် ------ ထိုသူသည် နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်သည်။

၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းသည် စစ်အာဏာသိမ်း၍ လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်တွင် တရားဝင် တည်ရှိနေသော ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဖျက်သိမ်းခဲ့သည်။ ဤလုပ်ရပ်နှစ်ခုလုံးသည် ဥပဒေနှင့် အညီဖြစ်ပါသည် ဟူ၍ မည်သူကမျှ စောဒကတက် လျှောက်လှဲနိုင်ခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ နိုင်ငံတော် သစ္စာဖေါက်ဖျက် ပုန်ကန်မှုကို ကျူးလွန်သူမှာ ကျောင်းသားခေါင်းဆောင် တင်မောင်ဦး မဟုတ် ဗိုလ်ချုပ်နေဝင်း ဖြစ်သည်။ ဆလိုင်းတင်မောင်ဦးသည် တရားဝင်အစိုးရမဟုတ်သော အာဏာသိမ်းစစ်အစိုးရကို ဆန့်ကျင် လှုပ် ရှားခဲ့ခြင်းသာ ဖြစ်သည်။ ဗိုလ်ချုပ်နေဝင်းသည် သူ၏အုပ်ချုပ်မှု တရားဝင်ကြောင်း ပြသရန်အတွက် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအကြပ်အတည်ပြုကာ ရွေးကောက်ပွဲကျင်းပခဲ့သည်။ သို့ရာတွင် အဆိုပါ ဟန် ပြ တရားဝင်မှုကို ၁၉၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံကြီးအတွင်း လူထုကြီးက တခဲနက် ပယ်ဖျက်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ယင်းအပေါ် အခြေခံပြီးဖွဲ့စည်းတည်ရှိခဲ့သော ဦးနေဝင်း အစိုးရ၏ ဟန်ပြတရားဝင်မှုမှာ လုံးဝချုပ်ငြိမ်းသွားခဲ့ရသည်။ သို့ဖြစ်၍ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် အတွင်း ဗိုလ်ချုပ်နေဝင်းအစိုးရ၏ အုပ်ချုပ်မှုသည် တရားမဝင်၊ ၎င်း၏ အစိုးရသည် တရားမဝင်သော အစိုးရသာ ဖြစ်ကြောင်း ရှင်းလင်းစွာတွေ့နိုင်သည်။

ဆလိုင်းတင်မောင်ဦး၏ လှုပ်ရှားဆောင်ရွက်မှုများသည် နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုမြောက် စေသည့် ပြစ်မှုကျူးလွန်ခြင်း မဟုတ်ပါ။ **မြန်မာနိုင်ငံသမိုင်းတွင် ၁၉၆၂ ခုနှစ်မှ ၁၉၈၇ ခုနှစ် အတွင်း နှစ်ပေါင်း ၂၅ နှစ်တာ သက်တမ်း ကာလအတွင်း သူသည် လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့် ဟူသော အခြေခံလွတ်လပ်မှု အခွင့်အရေး သုံးရပ်ကို ကျင့်သုံးခဲ့သူ တဦးမျှသာ ဖြစ်သည်။ စစ်အာဏာရှင်စနစ် အုပ်ချုပ်မှု အောက်မှာပင် အဆိုပါ အခွင့်အရေး သုံးရပ်ကို ထိုကာလအတွင်း အကျင့်သုံးနိုင်ဆုံးသူ တဦးလည်း ဖြစ်ခဲ့သည်။**

စင်စစ်အားဖြင့်မူ တင်မောင်ဦးသည် တတိုင်းပြည်လုံးကိုယ်စား ဗိုလ်ချုပ်နေဝင်းနှင့် ၎င်း၏ တရားမဝင် အစိုးရအပေါ် နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုဖြင့် အရေးယူ တရားစွဲဆိုရပါမည်။ ဗိုလ်ချုပ်နေဝင်းနှင့် ၎င်း၏ တရားမဝင် အစိုးရကကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးအပေါ် ယင်းသို့တရားစွဲနိုင်ခွင့် လုံးဝမရှိပါ။ ကံမကောင်းစွာပင် တရားမဝင် စွဲဆိုခြင်း ခံခဲ့ရပြီး တရားခွင်အတုအယောင်တခုက တရားမျှတမှု ကင်းမဲ့စွာ ၎င်း အပေါ် သေဒဏ် ပြစ်ဒဏ် စီရင်ခြင်းခံခဲ့ရသည်။ ဤသည်မှာ စစ်အာဏာရှင်များက ကြီးမားပြင်းထန်သော ပြစ်မှု ကြီးတရပ်ကို ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကြီး နောက်ပိုင်း အာဏာသိမ်း၍ တက်လာသော ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တို့သည်လည်းကောင်း၊ လက်ရှိ သမတ၊ ဒုသမတ နေရာများတွင် အာဏာရယူ အုပ်ချုပ်နေသော

ဦးသိန်းစိန်နှင့် ဦးတင်အောင်မြင့်ဦး တို့သည်လည်းကောင်း၊ ကြီးမားပြင်းထန်သော ပြစ်မှုကြီးများကိုကျူးလွန်ပြီး လွတ်ငြိမ်းခွင့် ရနေကြသူများ ဖြစ်သည်။ ၎င်းတို့ကျူးလွန်ခဲ့ သော ပြစ်မှုကြီးများ အနက် ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးကဲ့သို့သော နိုင်ငံရေး အတိုက်အခံများအား တရားစီရင်ရေးစနစ်ကို ပုံစံတကျ လက်ကိုင်ပြုလျှက် နစ်ရှည်ထောင်ဒဏ်များ ချမှတ်သည့် ကျူးလွန်မှုများလည်း ပါဝင်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စ၍ အာရပ်ကမ္ဘာ၌ လူထုဆန္ဒပြပွဲကြီးများ ဖြစ်ပွားပြီး နောက်ပိုင်း ၎င်းနိုင်ငံ များတွင် ပြစ်မှုကြီးများ ကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေများမှာ ယခင်ကာလများမှာ ထက် များစွာပို၍ ပေါ်လွင်ထင်ရှားလာခဲ့သည်။ ၁၉၉ဖ ခုနှစ်တွင် လစ်ဗျားနိုင်ငံ ထရစ်ပိုလီမြို့ အဘူဆာလင်း အကျဉ်းထောင် ရှိ နိုင်ငံရေး အကျဉ်းသား ၁၂၀၀ ကျော်ကို အာဏာရှင် ကဒါဖီ က သတ်ဖြတ်ခဲ့မှုကို မီးမောင်း ထိုးလာခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ၌ ဆွန်နီ ၂၅၀၀၀ အား အစိုးရက သတ်ဖြတ်ခဲ့မှုကို ဖေါ်ထုတ် လာခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လတွင် သမတဟောင်း ဟူစနီ မူဘားရက်လက်ထက်၌ လူ့အခွင့်အရေး ချိုး ဖေါက်မှုများ ပြင်းထန်စွာ ကျူးလွန်ပြီး အကန့်အသတ်မဲ့ လွတ်ငြိမ်းခွင့် ရနေခဲ့သော အက်စ်အက်စ် အိုင်အက်စ် ထောက်လှမ်းရေး ဌာနချုပ်ရုံးများအား ပြည်သူလူထုက ဝင်ရောက်စီးနင်းခဲ့ကြသည်။ ထိုအခါမှသာလျှင် အက်စ် အက်စ် အိုင်အက်စ် အကြီးအကဲ နှင့် တာဝန်ရှိ ပုဂ္ဂိုလ် ၄၇ ဦးအား ဖမ်းဆီးပြီး အစိုးရဆန့်ကျင်သည့် ဆန္ဒပြ သမားများအား သတ်ဖြတ်မှု၊ သက်သေခံပစ္စည်းများအား ဖျောက်ဖျက်မှု စသည့် စွပ်စွဲချက်များဖြင့် စုံစမ်းစစ်ဆေးခြင်း ခံလာကြရသည်။ ဤသည်တို့မှာ အာဏာရှင်စနစ်အောက်တွင် ရှိနေခဲ့သော အာရပ်နိုင်ငံ အချို့တွင် ပြစ်မှုကြီးများ ကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေကို စတင် အရေးယူကိုင်တွယ် လာပြီ ဖြစ် ကြောင်း ပြညွှန်းချက်များ ဖြစ်သည်။ အာဏာရှင်စနစ် နှင့် ပြစ်မှုကြီးများ ကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရ နေ သည့် အခြေအနေတို့သည် အတူတကွ ယှဉ်တွဲတည်ရှိမြဲ ဖြစ်သည်။ ပြစ်မှုကြီးများ ကျူးလွန်ပြီးနောက်လွတ်ငြိမ်း ခွင့်ရနေသည့် အခြေအနေရှိနေသမျှ ဥပဒေစိုးမိုးရေး ချုပ်ငြိမ်းနေမည်။ အာဏာရှင်စနစ် ကြီးစိုး နေမည် ဖြစ်သည်။

၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အုပ်စိုးခဲ့သည့် စစ်အစိုးရအဆက်ဆက်သည် ပြစ်မှုကြီးများ ကျူးလွန်ပြီးနောက်လွတ်ငြိမ်း ခွင့်ရနေသည့် အခြေအနေကို နည်းလမ်းမျိုးစုံဖြင့် ခံစားနေလျှက်ရှိသည်။ နည်းလမ်းတမျိုးမှာ တရားစီရင်ရေးစနစ်ကို ၎င်းတို့၏အကြွင်းမဲ့ထိမ်းချုပ်မှုအောက်တွင် ထားရှိလျှက် နိုင်ငံရေးမှုခင်းများကို စစ်ဆေး စီရင် ပြစ်ဒဏ်များ ချမှတ်နေခြင်း ဖြစ်သည်။ တရားစီရင်ရေးစနစ်ကို ၎င်းတို့၏အကြွင်းမဲ့ထိမ်းချုပ်မှုအောက်တွင် ထားရှိခြင်းမှာ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာသာမက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါ ထင်ရှား ပေါ်လွင်လျှက်ရှိသည်။ အကျိုးဆက်အနေဖြင့် ပြစ်မှုကျူးလွန်သူများက တရားရုံးတွင် တိုင်တန်းသူများ ဖြစ်လာပြီး ပြစ်မှုကျူးလွန်ခံရသူများမှာ စွပ်စွဲခံရသူ တရားခံများဖြစ်လာကြရသည်။

တရားစီရင်ရေးယန္တယားလွတ်လပ်မှုရှိ၊ ဘက်လိုက်မှုကင်းမဲ့ပြီး၊ ထိရောက်ထက်မြက်မှသာလျှင် အခြေခံ လူထုကြီး ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးမည့် ယန္တယားအနေဖြင့် တည်ရှိလာစေရန် မျှော်မှန်းနိုင် မည် ဖြစ်ပေသည်။ တရားစီရင်ရေးလွတ်လပ်မှု ရှုဒေါင့်မှ ကြည့်မည်ဆိုလျှင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေထက် များစွာ ဆိုးဝါးသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ  အရပ်ဘက်ဆိုင်ရာ တရားစီရင်ရေး၏ ကြီးကြပ်ကွပ်ကဲမှုအောက်မှ ကင်းလွတ်သော စစ်ဘက်ဆိုင်ရာ တရားရုံး များကို သီးခြားဖွဲ့စည်း တည်ထောင်ထားသော ကြောင့် ဖြစ်သည်။ စစ်ဘက် တရားစီရင်ရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။ ၎င်းအရ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေ၏ အထက်တွင်ရောက်လျှက်ရှိသည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင်ကဖြစ်စေ၊ ၎င်း၏ ညွှန်ကြားချက်အရ လက်အောက်တပ်မတော်အရာရှိများက ဖြစ်စေ တပ်မတော်သားထု နှင့် အရပ်သား လူထုအပေါ်တွင် ကျူးလွန်သည့် ကြီးမားပြင်းထန်သော ပြစ်မှုကြီးများနှင့် စပ်လျဉ်း၍

တရားမျှတမှုကို မည်သည့် အခါတွင်မျှ ရှာဖွေရရှိနိုင်တော့မည် မဟုတ်သောကြောင့် ဖြစ်သည်။ သို့ ဖြစ်၍ တရားစီရင်ရေးသည် အရပ်သား အသွင်ဆောင်ထားသော စစ်အာဏာရှင်များနှင့် စစ်ဘက်ဆိုင်ရာ တို့၏ ထိမ်းချုပ်မှုအောက်သို့ လုံးဝပင် ကျရောက်လျှက်ရှိကြောင်း ပေါ်လွင်လျှက်ရှိသည်။ အကျိုးဆက်အနေဖြင့် ပြစ်မှုကြီးများကျူးလွန် ပြီးနောက် လွတ်ငြိမ်းခွင့် ရနေသည့် အခြေအနေ ဆက်လက်တည်ရှိနေမည်၊ လူသားဖြစ်မှု ကို ဆန့်ကျင်သည့်ပြစ်မှု နှင့် စစ် ရာဇဝတ်မှုများ အပါအဝင် ဂျီနိုဗာ သဘောတူစာချုပ်ကို ချိုးဖေါက်ကျူးလွန်မှု များကဲ့သို့ပြင်းထန်ဆိုးဝါးသော ရာဇဝတ်မှုကြီးများ ဆက်လက်ဖြစ်ပွားနေဦးမည် ဖြစ်သည်။

ကမ္ဘာ့ ငြိမ်းချမ်းရေးရရှိရန်မှာ တိုင်းပြည်တွင်ဖြစ်စေ၊ ဒေသကြီးတွင်ဖြစ်စေ၊ နိုင်ငံတကာတွင် ဖြစ်စေ ပုံသဏ္ဍာန်တမျိုးမျိုးဖြင့် တည်ရှိနေသော အာဏာရှင်အုပ်ချုပ်မှု၊ လွှမ်းမိုးမှုမှန်သမျှကို ဖယ်ရှားပစ်ရန် လိုအပ်သည်။ ယင်းသို့ဖြစ်စေရန်မှာ အနိမ့်ဆုံးအားဖြင့် ပြစ်မှုကြီးများ ကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေကို ထိရောက်စွာ အရေးယူဆောင်ရွက်ရပါမည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅ အရ ပြစ်မှုကြီးများ ကျူးလွန် ပြီးနောက် လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေကို အဆုံးသတ်ရန် နှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့်ပြစ်မှု၊ လူမျိုးတုံး သတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှု ကျူးလွန်သူများ အား တရားစွဲဆို အရေးယူရန် နိုင်ငံများတွင် တာဝန်ရှိသည်။ ကုလသမဂ္ဂကကြီးမှူး၍ ကမ္ဘာ့ထိပ်သီးညီလာခံ ကျင်းပပြီး ၂၀၀၅ ခုနှစ် စက်တင်ဘာ ထုတ်ပြန်ချက်အရ အကယ်၍ ငြိမ်းချမ်းသော နည်းလမ်းများသည် မလုံလောက်၊ သက်ဆိုင်ရာ တိုင်းပြည်အစိုးရ များသည် ၎င်းတို့၏လူထုအားကာကွယ်စောင့်ရှောက်ရန် တာဝန်ပျက်ကွက်နေမည် ဆိုပါက ကုလသမဂ္ဂ ပဋိညာဉ် စာတမ်း အခန်း (၇) နှင့် အညီ နိုင်ငံတကာတွင် ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။ သို့ရာတွင် မြန်မာ နိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံ လူထုကြီးသည် အဆိုပါ ကာကွယ်စောင့်ရှောက်မှုကို နိုင်ငံတကာထံမှ ရရှိရန် မှာ အလှမ်းဝေးလျှက် ရှိနေသေးသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ သောမတ်စ် အိုဂျေ ကင်တားနားက အုပ်ချုပ်နေဆဲဖြစ်သော စစ်အစိုးရကျူးလွန်နိုင်ဘွယ်ရှိသည့် ပြင်းထန်ဆိုးဝါးလှသော ပြစ်မှုကြီးများနှင့်စပ်လျှဉ်း၍ စစ်ဆေးနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရန်ကိုပင် ကုလသမဂ္ဂအဖွဲ့အစည်းများသည် ဖေါ်ဆောင်ခြင်း မရှိကြသေးပါ။ ဤသည်တို့နှင့်ဆက်စပ်ကာ ဥပဒေစိုးမိုးရေးနောက်ခံဖြင့် လူ့ အခွင့်အရေးကို ကာကွယ် မြှင့်တင်နိုင်ရေး အတွက် အိမ်နီးခြင်းနိုင်ငံများ၏ အခန်းကဏ္ဍကို လျှော့မတွက်သင့်ပါ။

၁၉၈၀ ခုနှစ်များ တဝိုက်မှစ၍ တရုပ်ပြည်သည် တဦးချင်း အခွင့်အရေးများကို တစုံတရာ တိုးမြှင့် လာ သည်နှင့် တပြိုင်နက် ဥပဒေစိုးမိုးရေးနှင့် စပ်လျှဉ်း၍ ထုံးတမ်းတကျ အသွင် လက္ခဏာများကို ကျင့်သုံးလာ ခဲ့ သည်။ ဤအပြုသဘော ဖေါ်ဆောင်မှုများသည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အခွင့်သာစေသည့် ပတ် ဝန်းကျင်အနေအထားများအား ဖန်တည်းဖြစ်ပေါ်စေခဲ့သည်။ ပိုမို၍ အရေးကြီးသောအချက်ကို တွေ့ရသည်မှာ လက်တွေ့ကျင့်သုံးမှု၌ အငြင်းပွားစရာများ ရှိနေဆဲ ဖြစ်သော်လည်း တရုပ်ပြည်သည် ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်၍ "နိုင်ငံတော်သည် လူ့အခွင့်အရေးကို လေးစား ထိမ်းသိမ်းစောင့်ရှောက်သည်။" ဟူသော ပြဋ္ဌာန်းချက်ကို ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတကာ နယ်ပယ်သို့ပိုမိုတိုးချဲ့ ဝင်ရောက်လာသည့် အနေအထားကို ထောက်ထားလျှက် တရုတ်ပြည်အနေဖြင့် နိုင်ငံတကာ ရာဇဝတ်ပြစ်မှုကြီးများအား ကျူးလွန် နေသူများကို အားပေးအားမြှောက်မပြုသင့်ပါ။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်ရှိ တိုင်းပြည်အမြောက်အများတွင် ပြစ်မှုကြီးများကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရနေသည့် အခြေအနေဆိုးများ အဆုံးသတ် စေရန် ပြည်သူ လူထု၏ ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံခြင်း၊ ဥပဒေစိုးမိုးမှု အခြေခံတွင် လူ့အခွင့်အရေးအား ဥပဒေ အရ ရသင့်ရထိုက်သော အခွင့်အရေး အနေဖြင့် ကျင့်သုံးလာစေရေးအတွက် လူ့အဖွဲ့အစည်းများ အသွင်ကူး ပြောင်းလာမှုကို ပံ့ပိုးခြင်း စသည်တို့ဖြင့် တရုပ်ပြည်သည် မိမိ၏ ဂုဏ်သိက္ခာကို ထိမ်းသိမ်းသင့်ပါသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် ၂၀၁၀ ခုနှစ် မတ်လတွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေကို လက်မှတ်ရေးထိုး အတည်ပြုခဲ့သည်။ ဤသည်မှာ ပြစ်မှုကြီးများကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရနေမှုအား ၎င်းအနေဖြင့် ဥပဒေစိုးမိုးမှုအခြေခံပေါ်တွင် ရပ်တည်တိုက်ပွဲဝင်နိုင်ရန် တိုးတက်မှု ခြေလှမ်းလှမ်းလိုက်သည့် သင်္ကေတ အမှတ်အသားပင် ဖြစ်သည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် မြန်မာနိုင်ငံအတွက် စုံစမ်းစစ် ဆေးရေးကော်မရှင်ဖွဲ့စည်းရန် ပြည်တွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ကြိုးပမ်းအား ထုတ်မှုများကို ကန့်ကွက်နေဆဲ ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ဒီမိုကရေစီ နိုင်ငံကြီးအနေဖြင့် ဂုဏ်ယူသင့်ပေသည်။ ယင်းနိုင်ငံ၌ ဥပဒေစိုးမိုးမှုအား လိုက်နာကျင့်သုံးဖေါ်ဆောင်မှုများ သည် ထင်ရှားလှပါသည်။ အိန္ဒိယနိုင်ငံရှိ လွတ်လပ်သောတရားစီရင်ရေးစံနစ်သည် အထူးသဖြင့် အရေးပေါ်အခြေအနေ ကြေငြာထား သည့် ၁၉၇၅ မှ ၁၉၇၇ ခုနှစ်များအတွင်းတွင် ဝန်ကြီးချုပ်ဟောင်း မစ္စစ် အင်ဒီရာဂန်ဒီ၏ အာဏာ ရှင်ဆန်ဆန် ပြုမူမှုများကို စောင့်ကြည့်၊ ကြပ်မတ်၊ ထိမ်းကျောင်း ပေးနိုင်ခဲ့သည်။

စီးပွားရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရခဲ့သူ ပါမောက္ခ အမာတာဆင်းသည် အိန္ဒိယ၏ ရတနာ တပါးဖြစ်သည်။ တိုးတက်ဖွံ့ဖြိုးမှုကို လွတ်လပ်မှု အနေဖြင့် ရှုမြင်ခြင်း ခေါင်းစဉ်ဖြင့် ပါမောက္ခ အမာတာဆင်း၏ ကျော်ကြားသော သုတေသနပြုတွေ့ရှိချက်အရ လွတ်လပ်မှုမရှိဘဲ ပြည်သူလူထုအတွက် စစ်မှန်သော တိုးတက် ဖွံ့ဖြိုးမှု မရှိနိုင်ဟူသည်ကို အိန္ဒိယ အစိုးရသည် ကောင်းမွန်စွာနားလည်ပြီး ဖြစ်သည်။ သို့ရာတွင် ကံမကောင်း စွာပင် ၁၉၉၁ ခုနှစ်၌ ဝန်ကြီးချုပ်ရာဂျစ်ဂန္ဒီ ကွယ်လွန်ခဲ့ပြီးနောက်ပိုင်းမှစကာ တက်လာသမျှသော အိန္ဒိယ အစိုးရ အဆက်ဆက်သည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ လူထု၏ လွတ်လပ်မှု၊ လွတ်လပ်သောတရားစီရင်ရေး၊ ဥပဒေ စိုးမိုးရေး စသည့်အကြောင်းရပ်များကို လူသိရှင်ကြား၊ ထိထိရောက်ရောက် မီးမောင်းထိုး၊ ထောက်ပြ၊ လှုံ့ဆော် ခဲ့ခြင်း အလျှဉ်းမရှိခဲ့ပါ။ မြန်မာနိုင်ငံနှင့် ဆက်ဆန်ရာတွင် လူ့အခွင့်အရေးပြဿနာများကို လျစ်လျူရှုထားခဲ့ပြီး တရုတ်ပြည်နှင့် နိုင်ငံရေးအရချိန်ခွင်ရှာညှိရန်၊ စီးပွားရေးအကျိုးအမြတ်ရရှိရန် ဟူသည်တို့ကိုသာ ပို၍ပို၍အာရုံ စူးစိုက်လာခဲ့သည်။ ဝမ်းနည်းစရာကောင်းလှသည်မှာ အိန္ဒိယ နိုင်ငံသည် ၂၀၁၀ ခုနှစ် ဇူလိုင် ၂၅ မှ ၂၉ အတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာရောက်လည်ပတ်ရာတွင် ကော်ဇောနီဖြင့် ဂုဏ်ပြုကြိုဆို ညှော်ခံခဲ့ခြင်းဖြစ်သည်။ ၎င်း သည် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံတကာရာဇဝတ်မှုကြီးများကျူးလွန်ရာတွင် အဓိက တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ် သည်။ ဒေသကြီးအတွင်း တည်ရှိနေသည့် ထိုကဲ့သို့သော အခွင့်မသာသည့် နိုင်ငံရေး အခြေအနေနောက်ခံများ ကြောင့် မြန်မာနိုင်ငံအတွင်း ပြစ်မှုကြီးများကျူးလွန်ပြီးနောက် လွတ်ငြိမ်းခွင့်ရသည့်အခြေအနေကို အရေးယူ ဆောင်ရွက်နိုင်ရန်မှာ အလှမ်းဝေးနေဆဲ ဖြစ်သည်။

## ဥပဒေစိုးမိုးရေးကို ပံ့ပိုးရာ၌ ချစ်ခြင်းမေတ္တာ၏ အခန်းကဏ္ဍ

ဥပဒေစိုးမိုးရေးသည် လူ့အဖွဲ့အစည်းအတွက် ငြိမ်းချမ်းမှု၊ လွတ်လပ်မှု နှင့် တရားမျှတမှုများအား ရှာဖွေရာတွင် အုတ်မြစ်ဖြစ်သော်လည်း ဤအရာတခုတည်းမျှဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ရနိုင်ရန် မလွယ်ကူပါ။ ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် အထောက်အပံ့ကို ရှာဖွေရာ၌ ဥပဒေစိုးမိုးရေး နှင့် ဆက်စပ်၍ ချစ်ခြင်းမေတ္တာ၏ အခန်းကဏ္ဍကို လျှော့မတွက် သင့်။ ဥပဒေစိုးမိုးရေး သည် မိသားစုနေထိုင်လျှက်ရှိသော အိမ်တလုံးတွင် စည်း ကမ်းနှင့် တူညီပါသည်။ အိမ်တွင် စည်းကမ်းမရှိပါက ဖရိုဖရဲ ဗရမ်းဗတာ ဖြစ်နေပါမည်။ အိမ်၌ စည်း ကမ်းရှိခြင်း ကြောင့် စနစ်တကျ သပ်သပ်ရပ်ရပ် ရှိနေမည်ဖြစ်သော်လည်း ချစ်ခြင်းမေတ္တာ မရှိ၊ မကျင့်သုံးကြပါက အတူတကွ နေထိုင်လျှက်ရှိကြသော မိသားစုဝင်များ အတွင်း၊ ရှိသမျှလေးများကို အချင်းချင်းအကြားဝေမျှမှု၊ နွေးထွေးမှု နှင့် ပျော်ရွှင်မှု ခံစားနိုင်ကြမည် မဟုတ်ပါ။ သို့ဖြစ်လျှင် အဆိုပါ နေအိမ်သည်

နေခြင့်စဘွယ်ကောင်း မည် မဟုတ်ပါ။ ထို့ကြောင့် အိမ်ဟူသည်မှာ စနစ်တကျ သပ်သပ်ရပ်ရပ် ရှိသင့်သည်သာမက အဆိုပါ အိမ် အတွင်း၌ မေတ္တာ တရားလည်း လွှမ်းမိုးနေဘို့ လိုပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးရရန်မှာ ဥပဒေစိုးမိုးရေးနှင့်မေတ္တာတရား အတူတကွ တပြိုင်တည်း အားကောင်းကောင်း ထားရှိကျင့်သုံးသော လူ့အဖွဲ့အစည်းများ ဖြစ်တည်လာစေရန် စွမ်းဆောင်ဘို့လိုပါမည်။ သို့မှသာ လူမျိုးအသီးသီးဖြစ်ကြသော လူတိုင်းအနေဖြင့် ခွဲခြားဖိနှိပ်ခြင်းမရှိတော့ဘဲ မိမိတို့တဦးချင်း သို့မဟုတ် စုပေါင်း အခွင့်အရေးကျင့်သုံးခြင်းနှင့်ဆိုင်သော ရည်မှန်းချက်များအောင်မြင်စေရန် တရားမျှတစွာ၊ ငြိမ်းချမ်းစွာ၊ ပျော်ရွှင် စွာ ဖေါ်ဆောင်ခွင့်ရမည့် နေခြင့်စဖွယ်နေရာ ဖြစ်လာနိုင်ပါသည်။

## ကိုယ်ကျိုးစီးပွားကို မမြော်မှန်းသည့် ဖြူစင်သော မေတ္တာ

ကိုယ်ကျိုးစီးပွားကို မမြော်မှန်းသည့် ဖြူစင်သော မေတ္တာသည် လူသားချင်းစာမှုအပေါ်တွင် အခြေခံ ပါသည်။ ယင်းမေတ္တာမျိုးသည် လူပုဂ္ဂိုလ်တဦးတည်းအား စိတ်ခံစားမှုအပေါ်အကြောင်းပြု၍စွဲလမ်းမှု မျိုးမဟုတ်၊ သမုဒယ နှင့် ယှက်နွယ်ခြင်း မရှိ၊ လူသားတဦးက အခြားလူသားတဦးအပေါ် ယေဘုယျအားဖြင့် ထားရှိကျင့်သုံး သော မေတ္တာမျိုးကို ဆိုလိုပါသည်။ မိမိ၏ အတ္တကို သင့်လျော်စွာ ထိမ်းချုပ်နိုင်လျှင်၊ လူမျိုးရေး သို့မဟုတ် အမျိုးသားရေးကို မျှတစွာ ကျင့်သုံးနိုင်လျှင်၊ အကောင်းမြင်သဘောတရားကို လျှောက်ပတ်စွာ ထားရှိနိုင်လျှင် လူသားချင်း စာနာမှု အပေါ် အခြေခံပြီး ကိုယ်ကျိုးစီးပွားကို မမြော်မှန်းသည့် ဖြူစင်သော မေတ္တာ ပေါ်ပေါက် လာနိုင်ပါသည်။ ထိုမှတဆင့် အမှန်တရားကို ရှာဖွေလာနိုင်လျှင် အသိနှင့်ယှဉ်သော မေတ္တာ ပေါက်ဖွားလာနိုင်ပါမည်။ ယင်းသို့ဖြစ်လာလျှင် လူသားတိုင်းသည် လည်းကောင်း၊ လူ့အဖွဲ့အစည်းတိုင်းသည် လည်းကောင်း ကောင်းကျိုးစီးပွားဖြစ်ထွန်းပါမည်။

ကြိမ်ဖန်များစွာပင် လူတို့သည် မျက်မြင်ဒိဋ္ဌနှင့် အမှန်တရားကို ရောထွေးရှုမြင်ကြသည်။ ရှင်းလင်းစွာ ခွဲခြားနားလည်နိုင်ခြင်း မရှိကြပါ။ မျက်မြင်ဒိဋ္ဌသက်သက်ကို အမှန်တရား ဟု ရှုမြင်ကြသူများ ရှိသည်။ မျက်မြင် ဒိဋ္ဌသည် အပြင်ဘန်း အသွင်အပြင်ကို ဖေါ်ညွှန်းပါသည်။ လူသည် မိမိတွင်ရှိသော အာရုံ သိဖြင့် မျက်မြင်ဒိဋ္ဌကို တွေ့မြင်သိရှိနိုင်ပါသည်။ အမှန်တရား သည် အတွင်းပိုင်း အနေအထားကို ဖေါ်ညွှန်း ပါသည်။ လူသည် မိမိတွင် ရှိသော ဆင်ခြင်သိဖြင့်ဖြစ်စေ၊ အဆင့်အမြင့်ဆုံး အနေဖြင့် ထိုးထွင်းသိဖြင့်ဖြစ်စေ၊ အမှန် တရားကို သိရှိနိုင်ပါ သည်။ အကယ်၍ မျက်မြင်ဒိဋ္ဌ ပေါ်တွင်သာ အကြောင်းပြုပြီး ယူဆချက် တရပ် ကို ဖေါ်ထုတ် ပါက ယုံမှားခြင်း နယ်ပယ်တွင် အဆုံးသတ် သွားနိုင်ပါသည်။ သို့ရာတွင် မျက်မြင်ဒိဋ္ဌကို လုံးဝ လက်မခံ၊ ငြင်းဆန်ရမည်ဟု မဆိုလို ပါ။ မျက်မြင်ဒိဋ္ဌကို ကြောထောက်နောက်ခံပြုလျှက်သို့မဟုတ်မျက်မြင်ဒိဋ္ဌနှင့်ဆက်စပ်လျှက်၊ သို့မဟုတ်မျက်မြင် ဒိဋ္ဌကို လွှမ်းမိုးချယ်လှယ်လျှက်ရှိသော အကြောင်းများကို သုံးသပ်ကာ အမှန်တရားကို ရှာဖွေရန် ဖြစ်သည်။ ထို့ပြင် မျက်မြင်ဒိဋ္ဌက ဖုံးအုပ်ထားသော အချက်အလက်များကို ဖေါ်ထုတ်စူးစမ်း၍လည်း အမှန်တရားကို ရှာဖွေရန် လိုအပ်ပါသည်။ အမှန်တရားအပေါ် အခြေခံ၍ နိဂုံးချုပ်ချက်ကိုပြုမှသာလျှင် စိတ်၏ စင်ကြယ်မှုကို ရရှိနိုင်ပြီး ကိုယ်ကျိုးစီးပွား ကို မမြော်မှန်း၊ အကန့်အသတ်မဲ့သည့် မေတ္တာ ပျံ့ပွားနိုင်ပါသည်။

မျက်မြင်ဒိဋ္ဌ သက်သက် အပေါ်တွင်သာ အခြေပြု၍ ပေါ်ပေါက်လာသည့် မေတ္တာသည် အပေါ်ယံ သဘောဆောင် သဖြင့် မျက်ကန်းအချစ်သို့ကူးပြောင်းသွားနိုင်ပါသည်။ လောက၌ မျက်ကန်းအချစ်များသာ လွှမ်းမိုးနေမည်ဆိုပါလျှင် မတရားမှုများ ဆက်လက်တည်ရှိနေပါမည်။ အမှန်တရားအပေါ်တွင် အခြေပြု၍ ပေါ် ပေါက်လာသည့် မေတ္တာသည် နက်ရှိုင်း သည်။ အသိနှင့်ယှဉ်သော မေတ္တာအဆင့်သို့ ကူးပြောင်းသွားနိုင်သည်။ လောက၌ အသိနှင့်ယှဉ်သော မေတ္တာ လွှမ်းမိုးနေမည်

ဆိုပါက နားလည်မှု အထင်အမြင်လွဲမှားခြင်း၊ လိုရာဆွဲ၍ မမှန်မကန်ပြောခြင်း၊ တရားမျှတမှုကင်းစွာ ပြုမူ ဆောင်ရွက်ခြင်းများ ပျောက်ကွယ်သွားနိုင်ပါမည်။

မိခင်သည် သားဖြစ်သူအပေါ်၌ မျက်ကန်းအချစ်နှင့် ချစ်သောအခါ သား၏ပြုမူမှုများသည် သင့် တော် သည် မသင့်တော်သည်၊ မှန်သည် မှားသည်၊ တရားသည် မတရားသည် ပိုင်းခြားခြင်း မရှိတော့ပါ။ သား ဖြစ်ခြင်း မျှနှင့် မည်သည့်အခြေအနေတွင်မဆို မိခင်သည် သားကို အကာအကွယ်ပေးသွားလိမ့်မည်ဖြစ်သည်။ မိခင်သည် သားဖြစ်သူအပေါ်၌ အသိနှင့်ယှဉ်သော မေတ္တာကိုထားရှိကျင့်သုံးသောအခါမှသာလျှင် သားနှင့်စပ်လျဉ်း၍ အမှန် တရားကို ရှာဖွေရန်၊ သား၏ မသင့်တော်သော၊ မှားယွင်းသော၊ မတရား သော လုပ်ဆောင်မှုများကို ပြုပြင်ရန် ကြိုးပမ်း ပါလိမ့်မည်။

အခြားသောလူမှုဘဝများတွင်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်သည်။ အမှန်တရားကို ရှာဖွေခြင်း မပြုလျှင် လူသည် ပုံပန်းသဏ္ဍာန်၊ မူရင်း၊ နိုင်ငံ၊ ဘာသာတရား၊ ဖွဲ့စည်းတည်ဆောက်မှု စသည်တို့ကဲ့သို့သော အပြင် အပ မျက်မြင်ဒိဋ္ဌပေါ်တွင်သာ ဝဲလည်ကပ်ငြိနေလေ့ရှိသည်။ ထိုအခါ အထက်၌ဖေါ်ပြခဲ့သည့် မိခင်၏ ဥပမာကဲ့သို့ အဆိုပါလူပုဂ္ဂိုလ်၏ စိတ်အစဉ်တွင် မျက်ကန်းအချစ် ပေါ်ပေါက်တတ်သည်။ ယင်းသို့ဖြစ်ပါက လူ့အဖွဲ့အစည်း၌ ကြုံတွေ့ရသည့် အကြောင်းရပ် ပြဿနာများကို မျက်ကန်းအချစ် အခြေခံဖြင့်သာ ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်း ပါလိမ့်မည်။ ဤသည်မှာ ဆိုးကျိုးကိုသာ ဆောင်ကြဉ်းပါမည်။ ယင်းသို့မဟုတ်ဘဲ အသိနှင့်ယှဉ်သော မေတ္တာ ပေါ်ပေါက်၊ ထွန်းကား၊ ပွံ့ပွားမှသာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေး ရရန် မြော်မှန်းနိုင်ပါမည်။

ယနေ့ကမ္ဘာကြီးတွင် ရုပ်ပိုင်းဘဝ တိုးတက်မှု နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု နှစ်ခု၏ သဟဇာတဖြစ်မှု ကို မတွေ့ရပါ။ Globalization ဟု ခေါ်သည့် ကမ္ဘာတခွင်ဆက်သွယ်ဆောင်ရွက်သည့် ခေတ်ကာလကြီး အတွင်း တဦးခြင်း ပြည်သူလူထု များသည်လည်းကောင်း၊ တိုင်းပြည်များသည်လည်းကောင်း၊ တဦးနှင့် အခြားတဦး၊ တနိုင်ငံ နှင့် အခြားတနိုင်ငံ ယှဉ်ပြိုင်လျှက် ရုပ်ပိုင်းဘဝ တိုးတက်မှုကိုသာ ပို၍အဓိက ထားလာကြသည်။ ၎င်းတို့သည် လူ့ကျင့်ဝတ်ပိုင်း၊ ကိုယ်ကျင့် တရားပိုင်း နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအပေါ်အာရုံထားမှု နည်းပါးလာကြသည်။ ထိုအခါတွင် အပြုဖြစ်တည်မှုနှင့် ပျက်သုဉ်းချုပ်ငြိမ်းမှု ကို အတွင်းကျကျ နားလည်အောင် မကြိုးပမ်းကြတော့။ အကျိုးဆက်အနေဖြင့် အပြုဖြစ်တည်မှု အမြင်ကို လေ့လာ၊ ခံယူ၊ ကျင့်သုံးခြင်းမပြုနိုင်သဖြင့် အနုတ်လက္ခဏာ ဆောင်သည့် သုံးသပ်ရပ်တည်၊ လုပ်ဆောင်မှုများ နှင့် နိဂုံးချုပ်သွားလေ့ ရှိကြ သည်။ ကိုယ့်တိုးတက်ကြီးပွားလို စိတ်ကို မွေးမြူခြင်းနှင့် အတ္တကိုလိုက်စားခြင်းတို့အကြား ခွဲခြားနိုင်စွမ်း မရှိတော့။ အကျိုးဆက်အနေဖြင့် ကိုယ့် တိုးတက်ကြီးပွားလိုစိတ်ကို မွေးမြူသည့် အဆင့်တွင်သာ မရပ်တန့်နိုင်တော့ဘဲ အတ္တကို အဆုံးအစ မရှိ လိုက် စားခြင်းနှင့် နိဂုံးချုပ် သွားလေ့ရှိကြ သည်။ အချစ်ကိုရှာဖွေခြင်းနှင့် မေတ္တာကို ပေးအပ်ခြင်းတို့အကြား ခြားနား မှုကို မသိမြင်ကြတော့။ အကျိုးဆက် အနေဖြင့် မေတ္တာကို ပေးအပ်ပြီး လောကကို တည်ဆောက်ဘို့ အဓိက ထားရမည့်အစား ကိုယ့်သာယာမှုကို ပဓါနပြုကာ အချစ်ကိုအတိုင်းအဆမရှိရှာဖွေခြင်းနှင့် နိဂုံးချုပ်သွား လေ့ရှိ ကြသည်။

၎င်းတို့သည် လူ၏အပြင်ပိုင်းရော အတွင်းစိတ်ကိုပါ အဓိက အားဖြစ်စေသည့် လမ်းကြောင်းကို လျှောက်ရမည် ဆိုသည်ကိုလည်းကောင်း၊ စိတ်၏စင်ကြယ်မှုနှင့် စင်ကြယ်အောင်ပြုနိုင်သည့် ဖြစ်စဉ်တို့ကို လည်းကောင်း၊ အခွင့်အရေး နှင့် တရားမျှတမှုတို့ကိုလည်းကောင်း၊ အကျိုးခံစားမှု နှင့် တာဝန်တို့ကိုလည်းကောင်း၊ လူ့အဖွဲ့ အစည်း၏တန်ဘိုးနှင့် လူတဦးခြင်းစီက လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုးပြုမှုတို့ကို လည်းကောင်း၊ ပြေလည်မှု နှင့် သဟဇာတ တို့ကို လည်းကောင်း၊ ယုံကြည်ချက် နှင့် စွန့်လွှတ်ခြင်း တို့ကိုလည်းကောင်း၊ သတ္တိ နှင့် သစ္စာ ရှိမှုတို့ကိုလည်းကောင်း၊ အလေးထား လေ့လာ သုံးသပ် တန်ဘိုးမြှင့် အသစ်ရှာဖွေမှုများမပြုကြ တော့။ အကျိုး ဆက်အနေဖြင့် ဆလိုင်းတင်မောင်ဦး အပါအဝင်

ကမ္ဘာပေါ်၌ လူ့အဖွဲ့အစည်းကို အသက်စွန့်လွှတ် ကောင်းကျိုးပြုခဲ့သည့် သူရဲကောင်းများအား မသိကျိုးကျွင်ပြုမှုများ ရှိလာခဲ့ကြသည်။

လူ့ကျင့်ဝတ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်း နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအပေါ် ပြန်လည်အာရုံထားလာနိုင် မှသာလျှင် လောက၏ တန်ဘိုးများကို ရှာဖွေမှုသည် ကျယ်ပြန့်သော အကျိုးစီးပွားနယ်ပယ် အသီးသီးသို့ ပျံ့နှံ့ သွားနိုင်ပါမည်။ ယင်းသို့ဖြစ်စေရန်မှာ လေ့လာသင်ကြား သိရှိထားပြီးသား အကြောင်းအရာများကိုသာ ထပ် တလဲလဲ ပြန်ပြောင်းရွတ်ဖတ်နေခြင်းများအား လျှော့ချဘို့လိုပါမည်။ မသိသေးသောအရာများအား ရှာဖွေဘို့လို ပါမည်။ လောက၏တန်ဘိုးများအနက် ချစ်ခြင်းမေတ္တာသည် အရာအားလုံး၏ ထိပ်ဆုံးတွင် ရှိပါသည်။ မေတ္တာ တရား ကင်းမဲ့နေပါလျှင် လူ့ဘဝသည် အဓိပ္ပါယ်မရှိ၊ တန်ဘိုး ဆိတ်သုဉ်းနေပါမည်။ တချိန်ထဲ၌ မေတ္တာတရား သက်သက် တခုတည်းနှင့်လည်း လူ့အဖွဲ့အစည်း၏ အရင်းခံပြဿနာများကို ဖြေရှင်းရန်၊ လူသားများ မတရား ပြုကျင့်ခံရမှုမှ ကာကွယ်ရန်စွမ်းဆောင်နိုင်ခြင်း မရှိကြောင်းလည်း သတိပြုဘို့လိုပါသည်။ သို့ဖြစ်၍ ဥပဒေစိုးမိုးမှုကို ကျင့်သုံးရန် မရှိမဖြစ် လိုအပ်ပါသည်။ လူ့အဖွဲ့အစည်း၌ ဥပဒေစိုးမိုးမှု နှင့် မေတ္တာတရားကို အတူယှဉ်တွဲ ကျင့်သုံးရန် အရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ဥပဒေကို အတည်ပြုကျင့်သုံးရန် တာဝန် ရှိသော အာဏာပိုင်များကိုယ်တိုင်က မေတ္တာတရားကို လက်ကိုင်ထားခြင်းမပြုပါက ၄င်းတို့သည် စက်ရုပ်ကဲ့သို့ ဖြစ်လာကြပြီး ဥပဒေကို အတည်ပြုသည့် စနစ်အတွင်းမှာပင် မတရားမှုများ ကျူးလွန်ဘွယ် ရှိပါသည်။ သို့ဖြစ်၍ လူ့အဖွဲ့အစည်း၌ မေတ္တာတရား၏ အခန်းကဏ္ဍကို ပေါ့ပေါ့မထားသင့်ပါ။

လူတိုင်း ချစ်ခြင်းမေတ္တာ အကြောင်းကို ပြောဆိုနေသော်လည်း မည်သူတဦးတယောက်မျှ မေတ္တာ ဆို သည်မှာ မည်သည့်အရာ ဖြစ်ကြောင်း သိရှိခြင်း မရှိဟု ပညာရှင်တဦးက ထောက်ပြသည်။ ယင်းအချက်မှာ မှန် ကောင်းမှ မှန်နိုင်ပါမည်။ အချို့သော တိရစ္ဆာန်များသည်ပင် သဘာဝအလျှောက် ချစ်ခြင်းမေတ္တာ ကို သိရှိကြပါ သည်။ ခွေးကလေးတကောင်၏ ဥပမာကို လေ့လာသင့်သည်။ ရွာတရွာရှိ အိမ်တလုံး၌ ခွေးကလေး တကောင် သည် ၄င်း၏သခင်နှင့်အတူတကွ အသက်ရှင်နေထိုင်ခဲ့ကြသည်။ သခင်ဖြစ်သူသည် နေ့တိုင်းရွာပြင်ထွက် အလုပ် လုပ်လေ့ရှိပြီး ညနေမှသာ အိမ်ပြန်လာတတ်သည်။ ခွေးကလေးသည် သခင်ပြန်လာတတ်သည့် ညနေချိန်ရောက် သည့်အခါတိုင်း ရွာထိပ်သို့ထွက်ကြိုလေ့ရှိပြီး သူ့သခင်နှင့်အတူ နှစ်ဦးသား ပျော်ရွှင်စွာ အိမ်သို့ပြန်လာလေ့ရှိခဲ့ သည်။ တနေ့တွင် ၄င်း၏ သခင်ကို ဓါးပြက သတ်ဖြတ်လိုက်သဖြင့် အိမ်သို့ ပြန်လာနိုင်ခြင်း မရှိတော့ပါ။ ခွေးက လေးသည် သူ့သခင်ပြန်မလာသည့် နေ့မှစ၍ အစာစားခြင်း မရှိတော့ဘဲ တနေ့ပြန်လာနိုးနှင့် ရွာထိပ်သို့ ထွက်ကာ စောင့်မြဲတိုင်း စောင့်မျှော်နေခဲ့သည်။ နေ့များစွာကြာလာခဲ့သော်လည်း ကံမကောင်းစွာပင် သူ့သခင် သည် ပြန်မလာနိုင်တော့ပါ။ ဝမ်းနည်းစွာ စောင့်မျှော်ရင်းပင် ခွေးကလေး သေဆုံးသွားခဲ့သည်။ ဤသစ္စာရှိသော ခွေးကလေး ဇာတ်လမ်းသည် အချစ်ဇာတ်လမ်း ဖြစ်သည်။ ခွေးကလေးသည် အချစ်အကြောင်းကို တလုံးမှ ပြောမသွားခဲ့ပါ။ သို့သော် သူသည် အချစ်ဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်းကို သိပါသည်။ ထိုနည်းတူစွာ လူ တိုင်းပင် သဘာဝအလျှောက် ချစ်ခြင်းမေတ္တာကို သိသည်။ ခံစားတတ်သည်။ လိုခြင်တမ်းတသည်။ သို့ရာတွင် မည်သူတဦးတယောက်ကမျှ ချစ်ခြင်းမေတ္တာဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း ရှင်းလင်းစွာပြောပြနိုင်ခြင်း မရှိပါ။

## ချစ်ခြင်းမေတ္တာဖြင့် နိုဂိုးကမ္ပတ် အဆုံးသတ်ခဲ့သော ကြာပန်းတပွင့်

မြန်မာနိုင်ငံ၌ လူပေါင်းမြောက်များစွာပင် ဆလိုင်းတင်မောင်ဦးအား ကြောက်ရွံ့ခြင်း ကင်းမဲ့သော ကျောင်းသား ခေါင်းဆောင် တဦးအနေဖြင့် သိရှိကြသည်။ သို့ရာတွင် ၄င်းအားလူအနည်းငယ်မျှသာ ချစ်ခြင်း မေတ္တာနှင့် ဆက်စပ် စဉ်းစားဖြစ်ကြသည်။ စင်စစ်အားဖြင့်မူ ဆလိုင်းတင်မောင်ဦး၏ အတ္ထုပ္ပတိသည် မေတ္တာ နှင့် စတင်ပြီး မေတ္တာနှင့် အဆုံးသတ်ပါသည်။

တင်မောင်ဦးသည် ချစ်ခြင်းမေတ္တာနှင့် စပ်လျဉ်း၍ တခွန်းတပါဒမျှ မြွက်ဟသွားခဲ့ခြင်း မရှိသော်လည်း ကလေးငယ် ဘဝကထဲက သူ၏ မေတ္တာကို ပြသခဲ့သည်။ ပြည်သူအများအပေါ် မေတ္တာတရားထားရှိခြင်းကြောင့်သာ သူချစ်ခင်လှသော သဘာဝမိသားစု အတွက် ပေးရမည့် အချိန်များအား များစွာလျှော့ချကာ သူ ့ဘဝ၏ အချိန်အများဆုံးကို လူ ့အဖွဲ ့အစည်းအတွက် မြှုပ်နှံခဲ့သည်။ သူ့ သက်တမ်းမှာ မရှည်ကြာခဲ့သော်လည်း သူ့ ကိုယ်ပိုင်မိသားစု တည်ထောင်ကာ ဘဝခရီးကို ရှေ့ဆက်သွားရန်ပင် စိုးစဉ်းမျှ မစဉ်းစားခဲ့။ သူ၏ အချစ်သည် မျက်ကန်း အချစ်မဟုတ် အသိနှင့်ယှဉ်သော မေတ္တာဖြစ်သည်။ သူသည် လူ့အဖွဲ့အစည်းတွင် အပြင်အပ မျက်မြင်ဒိဋ္ဌ ကို ဖြတ်ကျော်ပြီး အတွင်းအနှစ်သာရ အမှန်တရားကို ရှာဖွေနိုင်ခဲ့သောကြောင့် ဖြစ်သည်။

သို့ဖြစ်၍ အာဏာရှင် အုပ်ချုပ်မှု တနည်းတဖုံဖြင့် တည်ရှိနေသမျှကာလပတ်လုံး လူ့အဖွဲ့အစည်း၏ အရေးအပါဆုံး အစိပ်အပိုင်းဖြစ်သည့် မိသားစုများ၏ ဘဝနစ်နာပျက်စီးမှု၊ ထိခိုက်မှုများရှိနေမည် ဖြစ်ကြောင်း၊ မိသားစုများ၏အတွင်းတွင် လည်းကောင်း အပြင်တွင်လည်းကောင်း ချစ်ခြင်းမေတ္တာသည် ပြည့်စုံစွာပူးပွင့်ဝေဆာခွင့် ရလိမ့်မည် မဟုတ်ကြောင်း သူ ကောင်းမွန်စွာ သိမြင်လာခဲ့သည်။ ထိုမှစ၍ သူသည် သူ၏သဘာဝမိသားစု အပေါ်ထားရှိခဲ့သည့် မေတ္တာထက် မြောက်များလှစွာပိုမိုကာ လူ့အဖွဲ့အစည်းတရပ်လုံးအပေါ် မေတ္တာထားခဲ့ သည်။ လူ့အဖွဲ့အစည်းအတွက် သူ့အသက်ကို စွန့်လွှတ်သွားခဲ့သည်။ သူ၏ လှုပ်ရှားဆောင်ရွက်မှုများသည် ဒေသန္တရနယ်ပယ် အဝန်းအဝိုင်း အတွင်းမှာသာ ရှိခဲ့သော်လည်း သူရှာဖွေခဲ့သည့် ဘဝတည်ဆောက်မှု တန်ဘိုး သည် ကမ္ဘာတခွင်လွှမ်းခြုံလောက်သည်အထိ ကျယ်ပြန့်နက်ရှိုင်းသည်။

ချစ်ခြင်းမေတ္တာသည် ဘုရားရှင်နှင့် အတူရှိပါသည်။ ချစ်ခြင်းမေတ္တာကင်းမဲ့ပါက ဘုရားရှင်၏ ဥပက္ခာပြု ထားမှုကို ခံရမည် မုချဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာ၏ အသွင်လက္ခဏာများကို လိုက်နာ ကျင့်သုံးခြင်း မပြုလျှင် ဘုရားရှင် မဖြစ်နိုင်ပါ။ ဘုရားရှင်ကို ဦးထိပ်ထားလျှက် မေတ္တာတရားကို ပွ ေ့ဖက်၊ ပိုက်ထွေး၊ ဖြန် ့ကျက်ရပါမည်။ ဘုရားရှင်၏ နာမတော်ကို ရွတ်ဆို၍ဖြစ်စေ၊ ဘုရားရှင်ကို တမ်းတ၍ဖြစ်စေ မေတ္တာတရားကို ပယ်ရှား၊ ငြင်းဆို၊ လျှစ်လျူရှုသော လုပ်ရပ်မျိုး မလုပ်ရပါ။ ချစ်ခြင်းမေတ္တာ သည် ကမ္ဘာမြေပြင်၊ မိုးကောင်းကင်၊ သစ်ပင် တိရစ္ဆာန် လူသတ္တဝါများ အားလုံး အပါအဝင် နေရာတကာ တွင် ကိန်းအောင်း တည်ရှိနိုင်သည်။ ချစ်ခြင်းမေတ္တာ သည် ဆိုက်ရောက်ခြင်း နှင့် ထွက် ခွာခြင်း၊ ရယူခြင်း နှင့် ဆုံးရှုံးခြင်း၊ ပေါ်လာခြင်း နှင့် ပျောက်ကွယ်သွားခြင်း အပါအဝင် ဖြစ်ရပ် ခဏတိုင်း ၌ တည်ရှိ နိုင်ပါသည်။ ကမ္ဘာမြေပြင်ပေါ်၌ အာဏာရှင် အုပ်ချုပ်မှု လွှမ်းမိုးပါက ချစ်ခြင်း မေတ္တာသည် ခြိမ်းခြောက်ခြင်း ခံရသည်။ အာဏာရှင်ကျင့်စဉ်ကို ကျင့်သုံးလိုသူများကြောင့် ခရစ်တော် ကားစင် တင်ခြင်းခံခဲ့ရသည်။ ဂျူးလူမျိုး (၆) သန်းကျော် သတ်ဖြတ်ခံခဲ့ရသည်။ ကမ္ဘာ့ကုန်သွယ်ရေးဌာနကြီး တိုက်ခိုက်ခံခဲ့ ရသည်။ ယင်းသို့သော ကျူးလွန်မှု များအောက်တွင် ချစ်ခြင်းမေတ္တာသည် ငြင်းပယ်ခံခဲ့ရသည်။ ဘုရားရှင်သည် ယင်းသို ့ကျူးလွန်သူများနှင့် အတူ မရှိ။ ချစ်ခြင်းမေတ္တာကို ရှာဖွေသူ၊ ပိုက်ထွေးသူ၊ ကျင့်သုံးသူတို ့နှင့်သာ အတူ ရှိစမြဲဖြစ်သည်။ လူ ့အဖွဲ ့အစည်းတွင် ချစ်ခြင်းမေတ္တာတရား ထားရှိပါသော်လည်း အာဏာရှင်ကျင့်စဉ်ကို ကျင့် သုံးသူများ ရှိနေပါလျှင် ဥပဒေစိုးမိုးရေးကို ကိုင်စွဲရပါမည်။ ချစ်ခြင်းမေတ္တာ နှင့် ဥပဒေစိုးမိုးရေးသည် အရာဝတ္ထု တခု၏ ဘက်နှစ်ဘက် ဖြစ်သည်။ တခုမရှိလျှင် အခြားတခုသည် အားနည်းသွားပါမည်။ ယင်းနှစ်ခုကို အတူ တကွ ကျယ်ပြန့်၊ နက်ရှိုင်း၊ ထိရောက်စွာ ဖေါ်ဆောင်လျှင် ကမ္ဘာ့ငြိမ်းချမ်းရေး ရနိုင်ပါမည်။

ကြိုးဒဏ်မစီရင်မီ တရက်အလို၌ မိခင်ဖြစ်သူအား တွေ့ဆုံခွင့်ရသောအခါ ဆလိုင်းတင်မောင်ဦး မျက်ရည် ဖြိုင်ဖြိုင် ကျခဲ့သည်။ အပြစ်ကင်းမဲ့သော မိခင်ကို အချုပ်အနှောင်နှင့်တွေ ့လိုက်ရသဖြင့် ဂရုဏာ သက်ခဲ့သောကြောင့် ဖြစ်ရုံသာမက အာဏာရှင်စနစ် အောက်မှ လွတ်မြောက်အောင် လုပ်သွားမည်ဟု မိခင်အား ပေးထားခဲ့သည့် ကတိကို ပြီးဆုံးအောင် လုပ်ခွင့်မရနိုင်တော့သောကြောင့် ဖြစ်နိုင်ပါသည်။ အကျဉ်းထောင်ဧရိခန်း ငယ် တခု အတွင်း မိခင်နှင့် သားဖြစ်သူတို့တဦးနှင့် တဦးတွေ ့ဆုံကြသောအခါ နှစ်ဦးလုံးမိမိတို ့ကိုယ်ကို ထိမ်း ချုပ်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ မျက်ရည်ကျကြရသည်မှာ

နှစ်ဦးအကြားတည်ရှိနေသည့် ကြီးမားသော ချစ်ခြင်းမေတ္တာကြောင့် ဖြစ်သည်။ သားသည် အလွန်တိုတောင်းလှသော အချိန်အတွင်း ကြိုးပေးခံရပါတော့မည်။ သားကို လာရောက် တွေ့ဆုံသည့် မိခင်ကိုယ်တိုင်သည်လည်း အချုပ်အနှောင်ခံထားရသည်။ ကမ္ဘာကြီးတွင် မျှတမှုမရှိတော့ပါ။တရား မှုသည်လည်း ပျောက်ကွယ်သွားခဲ့ပါပြီ။ ချစ်ခြင်းမေတ္တာတခုတည်းသာလျှင် ကျန်ရှိပါတော့သည်။

ထိုခဏ၌ မိသားစု နှင့် လူ့အဖွဲ့အစည်းအပေါ် ထားရှိသည့် ကိုတင်မောင်ဦး၏ အချစ်သည် ပြည့်လျှမ်း နေမည် မှချဖြစ်သည်။ နှလုံးသားသည် ပျော်ဆင်းသွားခဲ့ရပါပြီ။ ထို့ကြောင့် မျက်ရည်သွယ်သွယ် ယိုစီးလာခဲ့ခြင်း ဖြစ်သည်။ ဤမျှ အားမာန်ပါတက်ကြွ၊ အကြောက်တရား ကင်းမဲ့ကာ ခိုင်မာပြတ်သားလှသော ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး အား မျက်ရည်သွယ်သွယ် ကျစေသည့် အရာသည် အဘယ်နည်း။ ချစ်ခြင်း မေတ္တာ ဖြစ်ပါသည်။ သူ၏ မျက်ရည်များသည် ချစ်ခြင်းမေတ္တာ၏ အမှတ်အသားများ ဖြစ်သည်။ ချစ်ခြင်းမေတ္တာ သည် လောက၏ တန်ဘိုး ဖြစ်သလို လောက၏ ဘာသာ စကားလည်း ဖြစ်သည်။

ထိုအချိန်က သူ၏ မိခင်ကို ပြောကြားလိုက်နိုင်သော စကားလုံးမှာ မိခင်၏ကျမ္မာရေးကို ဂရုစိုက်ရန် ဟူ ၍သာ ဖြစ်ခဲ့သည်။ ထို့နောက် မိခင်သည်လည်း ပုံလဲကျသွားခဲ့သည်။ အရာရာတိုင်း ပြီးဆုံးသွားခဲ့ပါပြီ။ မိခင်၏ မျက်နှာကို ကြည့်ကာ တိုတောင်းလွန်းလှသော အချိန်ကိုသုံး၍မှ မဝခင် ထောင်အာဏာပိုင်များသည် မိခင်ကို ကိုတင်မောင်ဦး၏ ရှေ့ မှောက်မှ ဆွဲထုတ်သွားခဲ့ကြသည်။ မိခင်အား ခေါ်ဆောင်သွားကြသည့် မြင်ကွင်းကို မျက် ရည် ပြည့်သော မျက်လုံးများဖြင့် စိုးရိမ်ပူပန်စွာငေးစိုက်ကြည့်နေရင်း ငရဲခန်းငယ် အတွင်း၌ ကိုတင်မောင်ဦး တဦး တည်းကျန်ခဲ့သည်။ သူ့ဘဝတသက်တာ၏ နောက်ဆုံးအချိန်တွင် အလှပဆုံးသောအရာကို သူတွေ့မြင်ခဲ့ရသည် မှာ သူ့မိခင်၏ မျက်နှာ ဖြစ်သည်။ မချိတင်ကဲ ရင်တွင်း ဝေဒနာကို ခံစားနေရသည့် အချိန်တွင် နက်ရှိုင်းသော မေတ္တာသည် သူ့ရင်တွင်း၌ အသက်ရှင်သမျှ ထာဝစဉ် ကိန်းအောင်းနေပါသည်။ သားနှင့် မိခင်တို့အတူတကွ တွေ့ဆုံခဲ့ကြရသည်မှာ မိနစ်ပိုင်း စဉ်းငယ်မျှသာ ဖြစ်သော်လည်း ယင်းအချိန်ကလေးမှာ မည်သည့်အရာနှင့်မျှ မလဲနိုင်လောက်အောင် တန်ဘိုးကြီးမားလှပြီး လောကကို လွှမ်းခြုံသည့် အသွင်ဆောင်ပါသည်။ ဤသည်မှာ သားနှင့် မိခင်တို့၏ ချစ်ခြင်းမေတ္တာကြောင့် ဖြစ်သည်။

ဆလိုင်းတင်မောင်ဦးကိုအကြောင်းပြု၍ ၄င်း၏မိသားစုဝင်များသည် အသိနှင့်ယှဉ်သော ချစ်ခြင်းမေတ္တာ ကိုနားလည် ခံစားနိုင်ကြသည်။ မိသားစုဝင်များအားလုံးကသူ့ကိုချစ်ခင်၊ လေးစား၊ မြတ်နိုးကြသည်မှာ မိမိတို့၏ သား၊ မိမိတို့၏ အကိုကြီး ဖြစ်ရုံ သက်သက်မျှသာမဟုတ်၊ ၄င်းက လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုးပြုမှုကို တန်ဘိုး ထားကြသော ကြောင့်လည်း ဖြစ်သည်။ ကိုတင်မောင်ဦး၏ လှုပ်ရှား စွမ်းဆောင်မှုများနှင့် ဆက်စပ်၍ မိသားစုဝင်များ အားလုံး အာဏာရှင်များက ဖန်တည်းသည့် အခက်အခဲများ၊ ခြိမ်းခြောက်မှုများ၊ ဘေးအန္တရယ် များ နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ ကိုတင်မောင်ဦး အပြင် အခြားမိသားစုဝင်လေးဦးသည် ထောင်ဒဏ် ပြစ်ဒဏ် ၅ နှစ်မှ ၉ နှစ်အထိ ချမှတ်ခံခဲ့ကြရသည်။ အခြားတဦးမှာလည်း ရှစ်လကြာမျှ ချုပ်နှောင်ခံခဲ့ရသည်။ အဆိုပါ မိသားစုဝင် စုစုပေါင်း ၆ ဦးလုံးထောင်ထဲတွင် ရှိနေချိန်၌ အိမ်၌ကျန်ခဲ့သည်မှာ အသက် ၅ နှစ်မှ ၁၃ နှစ် အတွင်းသာ ရှိသေးသော လူမမယ်ကလေးငယ်များသာ ဖြစ်သည်။ မိသားစုဝင်များအားလုံးသည် ကြီးမားသော ဒုက္ခနှင့် ရင်ဆိုင်ခဲ့ကြရသည်မှာ အငြင်းပွားဘွယ် မရှိပါ။ သို့ရာတွင် ယနေ့အချိန်အထိ ၄င်းတို့အားလုံးရင်ဆိုင် ခဲ့ကြရသော ဒုက္ခကြီးများနှင့် ဆက်စပ်၍ ကိုတင်မောင်ဦးအပေါ် ဖြစ်စေ၊ ၄င်း၏ လှုပ်ရှားမှုများ အပေါ်ဖြစ်စေ အပြစ်ဖို့ရန် စိုးစဉ်း မျှ မစဉ်းစားခဲ့ကြ။ ဤသည်မှာ ဆလိုင်းတင်မောင်ဦးကိုသာမက လူ့အဖွဲ့အစည်းကိုပါ ချစ်ခင် သည့် ချစ်ခြင်းမေတ္တာ ကြောင့် ဖြစ်သည်။ ကိုတင်မောင်ဦးကဲ့သို့ပင် ၄င်းတို့အားလုံးသည် အာဏာရှင်၏ ဖိနှိပ်မှု အောက်မှ လူ့အဖွဲ့အစည်း၏ လွတ်မြောက်မှုကို မြင်လိုလှပါသည်။

ဤအဖြစ်ဆိုးများဖြစ်ပွားနေသည့် ကာလအတွင်း ကိုတင်မောင်ဦး၏ ညီ ကိုမြဒင်ကို ရှစ်လမျှ ချုပ်နှောင် ပြီးနောက် အာဏာပိုင်များက ပြန်လွှတ်ပေးခဲ့သည်။ ထိုစဉ်ကကိုမြဒင်သည် အသက်၂၂ နှစ်မျှ ရှိနေခဲ့ပါပြီ။ကိုတင် မောင်ဦးကို ကြိုးဒဏ်ပြစ်ဒဏ် စီရင်ပြီးနောက် မိဘနှစ်ပါး သည်လည်းကောင်း၊ သူ၏ ညီမ မလှမြိုင် ခေါ် မိုင်ပိုပို နှင့် သူ၏ညီ ကိုလှရွှေ တို့ သည်လည်းကောင်း ထောင်ထဲတွင် ပြစ်ဒဏ်ကျခံနေကြရဆဲ ဖြစ်သည်။ အိမ်တွင် ကျန် ခဲ့သူ လူမမယ် ကလေးငယ် လေးဦးကို ကြည့်ရှုစောင့်ရှောက်ရန်မှာ ကိုမြဒင် တဦးတည်းသာ ရှိပါတော့သည်။ ကံ မကောင်းစွာပင် ကိုမြဒင် ကိုယ်တိုင်ကလည်း ကိုယ်ခန္ဓာသန်စွမ်းသူမဟုတ်။ ငယ်စဉ်က ပိုလီယို ရောဂါ ခံစား ခဲ့ရသဖြင့် ခြေထောက်တဖက် သေးသိမ်နေသူ ဖြစ်သည်။ ကိုမြဒင် ကိုယ်တိုင် ကိုတင်မောင်ဦး၏ လှုပ်ရှားမှုများ၌ ပါဝင်ပတ်သက်ခဲ့ခြင်း မရှိသည့်အပြင် ဤကဲ့သို့ ဒုက္ခိတ ဖြစ်နေရခြင်းကြောင့်လည်း အာဏာပိုင်များက ကိုမြဒင် ကို ပြန်လွှတ်ပေးခဲ့ခြင်း ဖြစ်ပုံရသည်။ လွှတ်လာပြီးနောက် ကိုမြဒင်သည် ၎င်း၏ ညီငယ် ညီမငယ်ကလေးများကို ထောက်ပံ့ကျွေးမွေးနိုင်ရန် ဘန်းကလေးထဲ၌ သကြားလုံးနှင့် စီးကရက် ကလေးများထည့်ကာ ကြိုးနှင့်သိုင်းလွယ်၍ ရထားဘူတာရုံများ၊ ဘတ်စ်ကား ဂိတ်များ၊ လမ်းဘေး ပလက်ဖေါင်းများ အပေါ်တွင် ခြေထော့နင်း နှင့်တဖြေးဖြေး လျှောက်ရင်း ရောင်းချခဲ့သည်။ ရသော ဝင်ငွေကလေးများ အနက် အနည်းငယ်မျှစီကို တဖြေးဖြေးခွဲ၍ စုဆောင်းကာ တောင်ငူ နှင့် သာယာဝတီ ထောင်များ၌ ကျခံနေရဆဲဖြစ်သော မိဘနှစ်ပါး၊ အမ နှင့် ညီများအား ထောင်ဝင်စာ ကလေးများ ပို့ပေးနိုင်ရန် စီစဉ်ခဲ့သည်။ ပို့လည်း ပို့ပေးခဲ့သည်။

ထိုအချိန်တွင် ကိုတင်မောင်ဦး၏ မိခင် ဒေါ်နှင်းမြိုင်နှင့် ညီမ မလှမြိုင်တို့သည် သာယာဝတီထောင်တွင် ရှိနေခဲ့ကြသည်။ ကိုတင်မောင်ဦး၏ ညီငယ်တဦးဖြစ်သူ မောင်သန့်ဇင်မှာ ထိုစဉ်က ၁၄ နှစ်မျှသာ ရှိသေးသည်။ ကိုမြဒင် နှင့် မောင်သန့်ဇင်တို့သည် တနှစ်လျှင် တကြိမ် သို့မဟုတ် နှစ်ကြိမ်မျှ ထောင်ဝင်စာ သွားရောက်ပေး ပို့နိုင်ခဲ့သည်။ ၎င်းတို့ နေအိမ်ရှိရာ ရန်ကုန်မြို့မှ ကီလိုမီတာ ၂၅၀ ခန့် ဝေးကွာသော တောင်ငူ နှင့် သာယာဝတီ ထောင်များသို့ ခရီးစားရိတ် မတတ် နိုင်သောကြောင့် အကြိမ်များများ မသွားရောက်နိုင်ခဲ့ကြခြင်း ဖြစ်သည်။ သွားရောက်နိုင်သော အကြိမ်များမှာပင် ၎င်းတို့ နှစ်ဦးလုံးအတွက် ခရီးစရိတ် မတတ်နိုင်ခဲ့ပါ။ သို့ဖြစ်၍ညီအစ်ကို နှစ်ဦး ရှိသည့်အနက် တဦးတည်းအတွက်သာ ရထားလက်မှတ် ဝယ်နိုင်ခဲ့သည်။ ယင်းလက်မှတ်မှာ လမ်းကောင်း စွာ မလျှောက်နိုင်သော ဒုက္ခိတဖြစ်သူ ကိုမြဒင် အတွက်ပင်။ သူ့တွင် လက်မှတ်မရှိပါက မလွဲမသွေ လက်မှတ်စစ် ၏ ဖမ်းဆီးခြင်းခံရမည် ဖြစ်သည်။ မောင်သန့်ဇင်မှာ ငယ်ရွယ်သော်လည်း ဖျပ်လပ်သွက်လက်စွာ သွားလာနိုင် သဖြင့် လက်မှတ်စစ်ကို တိမ်းရှောင်နိုင်ဘွယ် ရှိပါသည်။ ထောင်ဝင်စာ သွားရောက် ပို့ဆောင်သည့် အခါတိုင်း ရထားစီးသည့်အခါတွင် မောင်သန့်ဇင်သည် လက်မှတ်စစ်ကို ရှောင်တိမ်းနိုင်ရန် ရထားခုတ်မောင်း နေစဉ် ရထားတွဲ တခုမှ အခြားတခုသို့ ပြောင်းရွှေ့စီးနင်းခဲ့ရမြဲဖြစ်သည်။ ၎င်းသည် အရွယ်မရောက်သေးသော်လည်း ထောင် ကျနေသော မိသားစုများအား ထောက်ပံ့နိုင်ရေးအတွက် ယင်းကဲ့သို့စွန့်စားရခြင်းပင်။

တကြိမ်တွင် ထောင်ဝင်စာ ပို့ရင်း ထောင်၏ ဧည့်သည်တွေ့ဆုံရာ အခန်းတွင် သူတို့နှစ်ဦးသည် မိခင်၊ အမ တို့နှင့် အချိန်တို စကားပြောခွင့်ရခဲ့ကြသည်။ ထိုစဉ်က မလှမြိုင်သည် မောင်နှစ်ဦးနှင့်တစုံတရာ အချိန်ကြာ ကြာ ဆက်လက်စကား ပြောလိုသောဆန္ဒဖြစ်ပေါ်ခဲ့သည်။ သူမသည် ထောင်အာဏာပိုင်များနှင့်ညှိနိုင်း၍ ထောင် ပြင်ထွက်ကာ တွေ့ဆုံစကားပြော ခွင့်ရရန် ကြိုးပမ်းခဲ့သည်။ ထိုအချိန်မှာ မိုးဦးကျ ကာလဖြစ်သည်။ထောင်ထဲတွင် ပြစ်ဒဏ်ကျခံနေရသော မိန်းမများသည် ထောင်ပြင်ရှိလယ်ကွက်များသို့ သွားရောက်ပြီး ကောက်စိုက် လုပ်အား ပေး ကြရသော အစီအစဉ် ရှိခဲ့သည်။ အကယ်၍ ထိုကောက်စိုက်မ လုပ်မည့် ထောင်ကျအမျိုးသမီးများနှင့်အတူ လိုက်သွား နိုင်ပါက သူမ အနေဖြင့် မောင်နှစ်ဦး နှင့် အချိန် ကြာကြာ စကားပြောခွင့် ရနိုင်မည်။ သာယာဝတီ ထောင်ထဲတွင် အချို့သော ထောင်အရာရှိများသည် ဆလိုင်းတင်မောင်ဦး အကြောင်းကို ကြားသိပြီး လေးစား ကြသည်။ ၎င်းတို့နှင့် ညှိနိုင်းသောအခါ ထောင်လုံခြုံရေးတာဝန်ကျများ၏ စောင့်ကြပ်မှု အောက်တွင် မလှမြိုင် အား ကောက်စိုက်သမများနှင့် အတူတွဲထည့်ပေးပြီး ၎င်းတို့ကောက်စိုက်နေစဉ် အတွင်း မောင်နှစ်ဦး

နှင့် စကား ပြောဆိုခွင့်ပြုရန်နားလည်မှုပေးခဲ့ကြသည်။ ဤအကြောင်းကို မောင်နှစ်ဦးအား အသိပေးပြီး ထောင်နံရံ၏ အပြင်ဘက်တွင် သူမအားစောင့်ဆိုင်းနေရန် ပြောကြားခဲ့သည်။ ကောင်းကင်တွင် တိမ်များ ညိုမဲနေပြီး မိုးရွာတော့မည့် ပုံ ရှိသည်။

မလှမြိုင်ထောင်ပြင်ထွက်ရန် အချိန်အတော်ကြာ ယူခဲ့ရသည်။ ထောင်လုပ်ထုံးလုပ်နည်းများကို ဖြည့် ဆည်း လုပ်ဆောင်နေရသောကြောင့်ပင်။ ထောင်ပြင်တွင် စောင့်ဆိုင်းနေခဲ့ကြသော မောင် နှစ်ဦးတွင် ဆက်စောင့်ရန် အချိန်မရှိကြတော့။ သာယာဝတီမှ ရန်ကုန်သို့ အပြန်ရထား မီအောင် စီးရမည်။ ကိုမြဒင်အတွက် အသွား အပြန် ရထားလက်မှတ်တစောင် ဝယ်ထားခဲ့ပြီးပြီ။ ဤလက်မှတ်ကို အဆုံးမခံနိုင်ကြ။ အဆိုပါ ရထားကို လွတ် သွားလျှင် နောက်ရထားအတွက် လက်မှတ်သစ်တစောင်ဝယ်ရန် သူတို့တွင် ငွေ မရှိ။ သို့ဖြစ်၍ သူတို့နှစ် ဦး စတင်ထွက်ခွာရန် ပြင်ဆင်ကြသည်။ ထိုအချိန်တွင် မလှမြိုင်က ထောင်အုတ်ရိုး အပြင်ဘက်သို့ရောက်လာခဲ့ပြီ။ ကောက်စိုက်သမ လုပ်မည့် အခြား အမျိုးသမီးထောင်ကျများနှင့် အတူ ထောင်နံရံကို ထပ်မံကာရံထားသော သံဆူးကြိုး စည်းရိုးကို ဖြတ်သန်းရန် တန်းစီစောင့်ဆိုင်းလျှက်ရှိသည်။ စတင်ထွက်ခွာစ ပြုနေသော မောင်နှစ်ဦးမှာ သူမနှင့် ကိုက်အနည်း ငယ်မျှသာဝေးပြီး လှမ်းမြင်နေခဲ့ရသည်။ ယခင်အခေါက်များက ၄င်းတို့လာရောက်ရာ၌ ထောင်တွင်းတွင်သာ တွေ့ဆုံခဲ့ကြရသဖြင့် သူမအနေဖြင့် ယခုမြင်ကွင်းကို တခါမျှ မြင်တွေ့ခဲ့ရဘူးခြင်းမရှိ။ ယင်းမှာ မောင်အကြီး ဒုက္ခိတဖြစ်သူ ကိုမြဒင်က ဆိုက်ကားစီးပြီး မောင်အငယ် မောင်သန့်ဇင်က ဆိုက်ကားနောက် ကနေ ပြေးလိုက်ရင်း ထောင်မှထွက်ခွာသွားခဲ့ကြသော မြင်ကွင်းဖြစ်သည်။

ချက်ခြင်းပင် သူမ သဘောပေါက်လိုက်ပါသည်။ သူမ၏ မောင်နှစ်ဦးလုံး ဆိုက်ကား စီးရန် ဆိုက်ကားခ မတတ်နိုင်သဖြင့် မောင်အငယ် မောင်သန့်ဇင်က သာယာဝတီ မြို့ပြင်တွင်ရှိနေသော ထောင်မှနေ၍ မြို့တွင်းရှိ ရထားဘူတာရုံ ရောက်သည် အထိ ဆိုက်ကားနောက်က ပြေးလိုက်ရခြင်းပင်။ ထောင်မှ ဘူတာရုံ အထိ ခရီးမှာ လေးကီလိုမီတာ ခန့်ဝေးပါသည်။ သူမ မောင်နှစ်ဦး၏ ကြေကွဲဘွယ် ရှုခင်းကို မြော်ငေးကြည့်ရင်း မလှမြိုင်၏ ရင် တွင် ဆို့ကာ မျက်လုံးများ ဝေသီလာပါသည်။ သူမ မောင်နှစ်ဦးက အခက်အခဲအမျိုးမျိုး အကြားမှ ဆင်းရဲပင်ပမ်း ခံကာ ထောင်ဝင်စာကလေးများလာရောက်ပို့ဆောင်ပေးကြခြင်းမှာ သူမနှင့်တကွ ထောင်ထဲတွင် ရှိနေကြသော မိသားစုဝင်များ အပေါ်ထားရှိသည့် နက်ရှိုင်းသော ချစ်ခြင်း မေတ္တာ ကြောင့်သာဖြစ်ကြောင်း ချက်ခြင်းပင် ခံစားမိ လိုက်သည်။ တန်ဘိုးလည်း လွန်စွာထားမိခဲ့သည်။ မောင်နှစ်ဦးအပေါ် သူမ၏ ချစ်ခြင်းမှာလည်း အဟုန်ပြင်းစွာ သူမ၏ နှလုံးသားကို ရိုက်ခတ်လာခဲ့သည်။

မောင်နှစ်ဦး ထွက်ခွာသွားခဲ့သည့် ရှုခင်းအား သာယာဝတီထောင်၏နံရံကို ကြောပေး၍ ကျောက်ရုပ်တု တခုကဲ့သို့ ရပ်ကာကြည့်ရှုရင်း မလှမြိုင်သည် ကမ္ဘာလောကကြီးမှ ထွက်ခွာသွားခဲ့ပြီ ဖြစ်သော အကိုကြီးဆလိုင်း တင်မောင်ဦးကို ချက်ခြင်းပင် လွမ်းဆွတ်တမ်းတ မိသည်။ တောင်ငူထောင်တွင် ရှိနေသည့် ဖခင်ဦးလှဒင်နှင့်အခြား မောင်တဦးဖြစ်သူ ကိုလှရွှေ တို့ကိုလည်း မြင်ယောင်မိ သည်။ ရန်ကုန်ရှိနေအိမ်တွင် မိဘများနှင့် အစ်ကိုအစ်မများ မရှိသဖြင့် အားငယ် ဝမ်းနည်းနေကြမည် ဖြစ်သော ညီမငယ် နှင့် မောင်ငယ်များ၊ လူမမယ် ကလေးများ ဖြစ်သည့် ယဉ်ယဉ်လှ၊ မင်းဝေနှင့် မင်းအောင်တို့ကိုလည်း သတိရမိသည်။ သူမ နောက်ကြောရှိ သာယာဝတီ ထောင် နံရံ အတွင်းရှိနေသည့် မိခင် ဒေါ်နှင်းမြိုင်သည် သူမအချစ်ဆုံး ဖြစ်သော သမီးအငယ် ရင်ရင်လှကို လွမ်းဆွတ် နေမည် ဖြစ်ကြောင်းလည်း စဉ်းစားမိသည်။ ထိုမျှတိုတောင်းလှသော အချိန်ကလေးအတွင်း မလှမြိုင်သည် ဒုက္ခသုက္ခ မျိုးစုံ ကြုံတွေ့ခံစားနေကြရရင်း တကွဲတပြားစီ ဖြစ်လျှက်ရှိသော မိသားစုဝင်များ အားလုံး၏ ပုံရိပ်ကို တွေ့မြင်မိခဲ့ သည်။

တကယ်တော့ သူမ၏ ရင်တွင်းတွင် ငိုကြွေးနေမိခဲ့ပြီဖြစ်သော်လည်း အပြင်တွင် မငိုမိအောင် ထိမ်းချုပ် ထားနိုင်ခဲ့သည်။ အားတင်းထားနိုင်ခဲ့သည်။ “ငါ မငိုဘူး။ ငါ မငိုရဘူး။ ငါတို့မှာ အားလုံးဆုံးရှုံးသွားခဲ့ပြီ ဖြစ်ပေမယ့် မဆုံးသေးတဲ့ တန်ဘိုးရှိတဲ့ အရာကျန်သေးတယ်။ အဲဒါကတော့ မေတ္တာဘဲ။ စစ်အာဏာရှင်နေဝင်းက တို့ အကိုကြီးကိုသတ်ပြီး မိသားစု

တွေအားလုံး တကွဲတပြားစီ ဖြစ်အောင်လုပ်နိုင်ခဲ့တယ်။ သူ့ကိုယ်သူ အား ကောင်း လှပြီလို့ထင်ကောင်းထင်မယ်။ ဒါပေမယ့် ငါတို့မိသားစုဝင်တွေ အားလုံးရဲ့နှလုံးသားထဲမှာ ရှိနေတဲ့ မေတ္တာ ကို တော့ သူ ဘယ်တော့မှ လုယူလို့ရမှာ မဟုတ်ဘူး။ အကိုကြီး ဆလိုင်းတင်မောင်ဦးလိုဘဲ။ ငါတို့ရဲ့မေတ္တာဟာ လောကမှာ ပျံ့နှံ့စေရမယ်။”

ထို့နောက်တွင် မလှမြိုင်သည် တဖြေးဖြေး လျှောက်လှမ်းရင်း ထောင်ကိုးနှစ် ပြစ်ဒဏ်ကို ဆက်လက် ကျခံစေရန် မိမိအား စောင့်ဆိုင်းနေ သည့် သာယာဝတီ ထောင်တွင်းသို့ ပြန်လည်ဝင်ရောက် သွားခဲ့သည်။ ဤ တကြိမ်တွင် သူမ၏ အတွေးအမြင်များ ရှင်းလင်းသွားခဲ့ပါပြီ။ ကောင်းကင်ကို မော့ကြည့်လိုက်တော့ တိုက်ဆိုင် စွာပင် တိမ်မဲညိုများ မရှိတော့ပါ။ သူမ တဦးတည်း မဟုတ်တော့ကြောင်း ခံစားခဲ့မိလိုက်သည်။ မေတ္တာတရား သည် သူမနှင့် အတူ ရှိနေခဲ့ပါပြီ။ မေတ္တာတရား သည် အာဏာရှင်များက မွေးဖွားလိုက်သည့် ဒေါသနှင့် အမုန်း တို့ထက် အသချေ ပို၍ စွမ်းအား ကြီးမားပါသည်။ ထောင်အာဏာပိုင် အချို့အပါအဝင် အာဏာရှင် စနစ်ကို ဆန့်ကျင်သည့် ပြည်သူများ နှင့် သူမ၏ မိသားစုဝင်များ အားလုံး၏ မေတ္တာကို သူမ ရရှိခဲ့ပြီး ဖြစ်သည်။ သူမ မိသားစုဝင်များ၏ အဝန်းအဝိုင်းကို ကျော်ကာ သူမ၏ မေတ္တာကိုလည်း ဖြန့်ဝေ ခဲ့ပြီး ဖြစ်သည်။ သူမ၏ ဘဝ တကွေ့တွင် ရဲတင်းစွာဖြင့် သူမအကိုကြီး တင်မောင်ဦး၏ ခြေရာကို တစုံတရာ လိုက်နင်းခဲ့ပြီး ဖြစ်သည်။ ယင်း အတွက် အကိုကြီးထံမှ အံ့သြဘွယ် အသိအမှတ်ပြုမှုကို ရရှိခဲ့ပြီးလည်း ဖြစ်သည်။ ဤခဏတွင် သူမသည် ဘဝ ၏ တန်ဘိုးကို နားလည်လိုက်ပါပြီ။ အကျဉ်းထောင် အတွင်းသို့ ပြန်လည်ဝင်ရောက် လှမ်းလျှောက်ရင်း သူမ၏ ချစ်စရာကောင်းသောမျက်နှာတွင် သူမ အကိုကြီးကဲ့သို့ မပွင့်တပွင့်အပြုံးကလေးတခု ချိတ်တွဲကောင်းချိတ်တွဲ နေပါမည်။

ထိုအခြေအနေများ နောက်ခံတွင် မိသားစုတခုလုံးသည် သူတို့၏သားကြီး၊ အကိုကြီးဖြစ်သူ ဆလိုင်း တင်မောင်ဦးကို အပြစ်တင်ကြမည့်အစား ဂုဏ်ယူခဲ့ကြ၊ ဂုဏ်ယူကြဆဲဖြစ်သည်။ အချိန်ကာလ ကြာမြင့်လာလေ လေ၊ သူ့အပေါ်တွင် ချစ်ခင်သည့် မေတ္တာ တိုးပွားလာလေလေ ဖြစ်သည်။ ဤအဖြစ်ဆိုးကြီးမှာ နှစ်ပေါင်း ၃၅ နှစ် တာ ကြာမြင့်လာခဲ့ပြီ ဖြစ်သော်လည်း မိသားစုအတွက်မူ မနေ့က ဖြစ်ရပ်များသဘွယ် မြင်ယောင် ကြားယောင် ကြဆဲ၊ သူတို့၏နေ့စဉ်ဘဝကို လွှမ်းမိုးနေဆဲ ဖြစ်သည်။ ဆလိုင်းတင်မောင်ဦး၏ ချောမောပြီး ကြက်သရေရှိသော မျက်နှာ၊ မိသားစုအပေါ် ချစ်ခင်ဘွယ် ပြုမူဆက်ဆန်မှုများနှင့် ကြောက်ရွံ့ခြင်း ကင်းမဲ့သော လှုပ်ရှားမှုများသည် သူတို့အားလုံး၏ စိတ်အစဉ်တွင် ထင်ဟပ်နေကြဆဲ ဖြစ်သည်။ ဆလိုင်းတင်မောင်ဦး၏ နိမိတ်ပုံသည် သူတို့ကို ခြောက်လှန့်ခြင်း မရှိပါ။ သူ့အကြောင်းကို စဉ်းစားလိုက်သည့် အခါတိုင်း မိသားစုဝင်များအားလုံးကို သူက ချစ် ခြင်းမေတ္တာကမ္ဘာဆီသို့ခေါ်ယူပို့ဆောင်သည့်နှယ် ခံစားမိကြသည်။ ကြည်နူးပီတိ ဖြစ်မိကြသည်။ မိသားစု ဝင် များ အားလုံးသည် သူ၏ အကြင်နာ၊ မေတ္တာ နှင့် ကောင်းမြတ်စင်ကြယ်မှုများကို လွှမ်းဆွတ်တသရင်း ဤလူ့ လောက ကမ္ဘာတွင် ၄င်းတို့၏ နောက်ဆုံးနေ့ရက်များကို ဖြတ်သန်းရန် အသင့်ရှိကြသည်။ ဆလိုင်းတင်မောင်ဦး သည် သူတို့ကို မည်သည့်အခါတွင်မျှ ခွဲခွာသွားမည် မဟုတ်ပါ။ ထိုနည်းနှင်နှင်ပင်။ သူတို့သည်လည်း အသက် ရှင်နေသမျှ ဆလိုင်းတင်မောင်ဦးကို သူတို့မည်သို့သောအခါတွင်မျှ မေ့လျော့လိမ့်မည် မဟုတ်ပါ။

မိသားစုဝင်များ အထူးသဖြင့် ယခုအချိန်၌ အသက်အရွယ် အိုမင်းလာပြီဖြစ်သော မိဘနှစ်ပါးတို့သည် အခြေအနေ အကြပ်အတည်း နှစ်ရပ်နှင့် ရင်ဆိုင်ရပါသည်။ ပထမတရပ်မှာ သူတို့မျက်စိနှစ်လုံး မပိတ်ခင် မြန်မာ နိုင်ငံကြီး အာဏာရှင် စနစ်အောက်မှ လွတ်မြောက်သွားသည်ကို တွေ့လိုမြင်လိုကြပါသည်။ သို့ဖြစ်၍ အာဏာ ရှင်စနစ်ကို အမြစ်ဖြုတ်သုတ်သင်ရန် ဆလိုင်းတင်မောင်ဦး ကဲ့သို့ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော ကျောင်းသားများ၊ လူငယ်များ အမြောက်အများ လိုအပ်ကြောင်း နားလည်ကြသည်။ ယင်းသို့လည်း ဆန္ဒရှိကြသည်။ ဒုတိယတရပ် မှာ မည်သည့် လူငယ်တဦးတလေမျှ ဆလိုင်းတင်မောင်ဦး ကဲ့သို့ကြိုးစင်ပေါ်တွင် ကွပ်မျက်ခံရသည့် အဖြစ်ဆိုး မျိုး နှင့် မကြုံတွေ့စေလိုတော့ပါ။ မည်သည့် မိသားစု တစုတလေမျှ သည်လည်း သူတို့မိသားစုခံစားခဲ့ရသည့် ကြမ္မာဆိုးမျိုးနှင့် မတိုးစေလိုတော့ပါ။ ဤသည်မှာ သူတို့၏ ဆန္ဒမွန် ဖြစ်ပါသည်။

အာဏာရှင်စနစ်အောက်တွင် မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားပေါင်းစုံပြည်သူအပေါင်း ခံစားခဲ့ကြရ၊ ခံစားနေကြရသည်မှာ လုံလောက်မှု၏ ဟိုမှာဘက်ကမ်းသို့ လှမ်းကျော်နေပါပြီ။ ဤတွင် နိဋ္ဌိတံ ဘို့ အချိန်ရောက် ပါပြီ။ စစ်အာဏာရှင်စနစ်နိဂုံးချုပ်သင့်ပါပြီ။ စစ်အာဏာရှင်စနစ် ဖိနှိပ်မှုများနှင့် ဆက်စပ်၍ ဆလိုင်းတင်မောင်ဦး ၏ လှုပ်ရှားစွမ်းဆောင်မှုများကို သတိရမိသည့် အခါတိုင်း သူတို့၏ရင်တွင် ပြောစရာစကားများ လှိုင်းထလာ စမြဲဖြစ်သည်။ ဤစကားလုံးများသည် မျက်ရည်များ အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်မှာလည်း အကြိမ်မနည်း လှတော့ပါ။ ယင်းသို့ဖြစ်လာသည့်အခါတိုင်း သူတို့သည် တိတ်ဆိတ်စွာထိုင်မိကြသည်။ တဦးကိုတဦး ပွေ့ဖက် နှစ်သိမ့် မိကြသည်။ ရှင်တော်မြတ်ဘုရားထံတွင် အတူတကွ ဆုတောင်းပတ္ထနာ ပြုမိကြသည်။ ဘုရားသခင်၏ ကြီးမားသော ဂရုဏာတော်ဖြင့် သူတို့သည် ဘုရားသခင့်နိုင်ငံ၌သာ ဆလိုင်းတင်မောင်ဦးနှင့် ပြန်ဆုံဆည်းခွင့် ရကောင်းရနိုင်မည်ကို မြှော်လင့်ကြရုံမှတပါး အခြားမတတ်နိုင်ကြတော့ပါ။

ဤကမ္ဘာလောက၌ မည်သည့်အရာမျှ ထာဝရ မတည်ရှိနိုင်ပါ။ မုန်တိုင်းများ၊ မီးလောင်ကျွမ်းမှုများ၊ မြေငလျင်များသည် အရှည်သဖြင့် လွှမ်းမိုးမထားနိုင်ပါ။ အာဏာရှင် အုပ်ချုပ်မှုအပါအဝင် အရာရာတိုင်းသည် ပြောင်းလဲရပါမည်။ တနေ့တွင် မြန်မာနိုင်ငံအတွင်းရှိ အဖိနှိပ်ခံနေရသော တိုင်းရင်းသားပေါင်းစုံလူထုများသည် လွတ်လပ်မှု၊ တရားမျှတမှု နှင့် ငြိမ်းချမ်းမှုများကို ခံစားကြရမည် မုချဖြစ်ပါသည်။ အမှောင်ထုကြီး ရွှေ့ လျော ပျောက်ကွယ်၍၊ အမှန်တရား ထွန်းကားပြီး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ပံ့ပိုးနိုင်မည့် အနေအထား ပေါက်ဖွားလာရပါမည်။ ဤသို့ အပြုဖြစ်တည်မှု ရှိမည့် အနာဂါတ်ကို မဆုတ်မနစ်သော ယုံကြည်မှုဖြင့် လှမ်းမြှော် ကြည့်ရင်း ဆလိုင်းတင်မောင်ဦး၏ မိသားစုဝင်များ အားလုံးသည် မျက်ရည်များကို သုတ်လိုက်ကြသည်။ အတူတကွ ထရပ်လိုက်ကြသည်။ သူတို့၏ မချိတင်ကဲ ခံစားခဲ့ရမှုများကို တကမ္ဘာလုံးသိစေရန် ဖွင့်ဟဖေါ်ထုတ်လိုက်ကြသည်။

"As Burma's struggle for democracy continues, this book is a timely reminder of a forgotten hero in this struggle. Tin Maung Oo was a student who was executed simply for standing up and demanding freedom for his people. His courage is an inspiration."

*The Right Honorable Gordon Brown, MP*
*Former British Prime Minster of the United Kingdom*

"Prisoners of conscience should not be prisoners at all. In the name of justice, we demand their release."

*A dedication to the noble sacrifice of Salai Tin Maung Oo and political prisoners in Burma from Kraisak Choonhavan, Deputy chair of the ASEAN Inter-Parliamentary Caucus (AIPMC)*

"This is a new and different kind of book that Aung Htoo has written. Yes, it is a biography of a genuine hero of Burma who, I am sure, is all but unknown in his homeland today and positively unknown to serious readers around the world. Readers will learn what justice, freedom and love meant to Tin Maung Oo and may be, just may be will begin to question why he sacrificed his life to get them to think."

*Joseph Silverstein, Expert in History of Burma*
*Professor Emeritus, Political Science*
*Rutgers University, U.S.A.*

"Through the recounting of small, everyday moments of goodness, Aung Htoo poignantly captures the deep courage and dignity of his friend and fellow student activist, Tin Maung Oo, who was brutally executed for his activism thirty-five years ago. This young man's love for his family and country eloquently speaks to all the countless young Burmese men and women who sacrificed their lives for justice and freedom."

*David Kramer*
*Former Assistant Secretary of State, U.S.A.*
*Executive Director of Freedom House*